NDSP

လင်းဓါး

စမ်းရေကြည်နု

WHISPER OF WORDS

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Marketဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ် ပြုသင့်တယ်" လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များ ကို အရင်က ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

https://t.me/TheBookR

လင်းခါး

Whisper Of Words

NDSP

စာမူပိုင်©လင်းခါး

All right reserved

ငါတို့စာပေ မှ ပထမအကြိမ် အဖြစ် ၂၀၂၀၊ ဇွန်လတွင် ပုံနှိပ် ထုတ်ဝေသည်။

ရန်ကုန်မြို့ရှိ ငါတို့စာပေ ပုံနှိပ်တိုက် (၀၀၇၀၇)တွင် အုပ်ရေ ၂၀၀၀ ပုံနှိပ်ထုတ်ဝေသည်။

မျက်နှာဖုံး ဒီဇိုင်း ကိုဝဏ္ဏအောင် ကပြုလုပ်သည်။

ယခု စာအုပ်တွင်ဖော်ပြထားသည်များမှ တပ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း အခန်းလိုက် ကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ပြန်လည် ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု။ မူပိုင်ခွင့် ရရှိထားသူ သို့မဟုတ် ထုတ်ဝေသူထံမှ ခွင့်ပြုချက် ရမှသာ တစ်ဆင့်ဖော်ပြရန် အသိပေးအပ်သည်။

(စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန် မလိုပါ။)

တန်ဖိုး- ၃၅၀၀ ကျပ်

Ebook Creator - Whisper Of Words

အခန်း (၁)

သူဟာ လမ်းဆုံရဲ့ထောင့် ပလက်ဖောင်းမှာထိုင်နေရင်း မီးပွိုင့်ကို ငေးနေတယ်။ မီးနီပြလိုက်တိုင်း မီးနီဟာ ဘယ်လောက်ကြာတတ်တယ်၊ မီးစိမ်းဆိုရင်ရော ဘယ်လောက်ကြာတတ်တယ် စသဖြင့် တစ် နှစ် သုံး လေး စက္ကန့်တွေ ရေတွက်နေမိတယ်။ ဒါပေမဲ့ တစက္ကန့်ရဲ့ ကြာချိန်ဟာ ဘယ်လောက် ရှိတယ် သူ မခန့်မှန်းတတ်၊ တကယ်မှန်းဆကြည့်မှ အဲဒီအချိန်ကလေးကို မတွက်တတ်ဘူး ဖြစ်နေတယ်။ သူ့ရဲ့ ရေတွက်မှုကြာချိန်ဟာ နှေးသွားလိုက် မြန်သွားလိုက်။ ပထမတကြိမ်မှာ ဆယ့်ခုနစ်စက္ကန့်ကြာတဲ့ မီးနီဟာ နောက်တစ်ကြိမ် ထပ်ရေတော့ နှစ်ဆယ့်ခြောက်စက္ကန့်တောင် ဖြစ်သွားတယ်။ တတိယအကြိမ်မှာ ကျတော့ ဆယ့်တစ်စက္ကန့်ပဲ ကြာတော့တယ်။ “ငါကလဲ ညံ့ကို ညံ့လွန်းတယ်” လို့ တွေးရင်း လွယ်အိတ်ထဲကို လက်နှိုက်ပြီး ဆေးပေါ့လိပ်ရှာတာ တော်တော်နဲ့ မတွေ့ဘူး။ လွယ်အိတ်ထဲမှာတော့ ငွေစက္ကူတွေ တော်တော်များနေပြီ။ ဒါပေမဲ့ သူသိတယ်။ ဒီနေ့ရတာ ငါးဆယ်တန်တွေချည့် များတယ်။ “သောက် ငါးဆယ် တန်တွေ ဘယ်တော့မှမကုန်ဘူး” လို့ ငါးဆယ်တန်တွေကို မုန်းတီးစွာနဲ့ လွယ်အိတ်ထဲက လက်ကို ပြန်ရုပ်လိုက်တယ်။

လမ်းဆုံဟာ တကယ်တော့ စိတ်ညစ်စရာချည့် များလိုက်တဲ့လူတွေ၊ များလိုက်တဲ့ကားတွေ။ ကတ္တရာလမ်းပေမယ့်လည်း ကားတစ်စီး ဖြတ်မောင်းသွားလိုက်တိုင်း နေပြင်းပြင်းအောက်မှာ ဖုန်လုံးတွေထလာပြီး ရှုးချင်စရာကြီး၊ တကယ့်ကို ရှုးချင်စရာကြီး။ ဒါတောင် မိုးအကုန်ဆောင်းအကူးလိုရာသီကြီးမှာမို့၊ နွေတုန်းကဆိုရင် ပူလွန်းတော့ လူတွေက စိတ်ရောကိုယ်ပါ တဖျစ်ဖျစ်လောင်း စိတ်တွေမရှည်ကြတော့ဘဲ သူ့လည်းပဲ မဆီမဆိုင် ငေါက်ငမ်းမောင်းထုတ်ဖို့လောက် ကြိုးစားနေကြတယ်။ နေပူအောင် သူပဲ လုပ်ထားခဲ့မိသလိုလိုပေါ့။

“ဆိုင်ကယ်တွေကလည်း ငါ့တိုက်မိပါဦးမယ်ဟ” လို့ သူ့အနားက ဖြတ်သွားတိုင်း ခပ်တိုးတိုး ရေရွတ်လိုက်မိတယ်။ အဝေးကနေ ဆူဆူညံညံ၊ ခြောက်ခြောက်သွေ့သွေ့နဲ့ ကားတန်းတစ်တန်း လာနေတယ်။ အသံက ဆူညံလွန်းလို့ သူ့စိတ်ထဲ ဂယောက်ဂယက်တောင် ဖြစ်လာတယ်။ ကားတန်းနီးလာလေလေ ကားတွေပေါ်က သိပ်ကိုကြီးတဲ့ ဆောင်းဘောက်တွေဆီကလာတဲ့ ဘိတ်တွေဟာ သူ့နှလုံးခုန်သံကို အကြီးအကျယ် အနှောင့်အယှက်ပြုလာလေလေ ဖြစ်နေတယ်။ ရင်ထဲ တလှပ်လှပ်နဲ့ပဲ တစ်သက်လုံး အောက်ခြေမရှိတဲ့ ချောက်ထဲကို ကျနေရ သလို ခံစားနေရတယ်။ ကားတန်းပေါ်က လူတွေဟာ အပေါ်အဖြူ အောက်အစိမ်း

ဝတ်စုံတွေ ဝတ်ထားတယ်။ စက္ကူနဲ့လုပ်ထားတဲ့ အလံအစိမ်းရောင်လေးတွေကို ကိုင်လို့။ မျက်နှာတွေက မရယ်မပြုံးနဲ့မို့ ကျောက်ရုပ်တွေတင်လာတဲ့အလားပဲ။ ဘယ်လိုသောက်ရှူးတွေလဲဟလို့ နားမလည်နိုင်ဖြစ်နေမိတယ်။ လမ်းဘေးဆိုင်တွေထဲက လူတွေလည်း ဆူဆူညံညံနဲ့မို့ တစ်ချက်ထွက်ကြည့်ကြသေးတယ်။ တချို့ကလည်း ဘာဆိုတာကို သိသွားတာနဲ့ ပြန်ဝင်သွားကြပြီး တချို့ကျတော့ ပိုပိုသာသာလေး "ထဝီ" ခနဲမြည်အောင် တံထွေးကို ဟန်ပါပါ ထွေးထုတ်လိုက်ကြတယ်။

"မြန်မြန်မောင်းသွားကြစမ်းကွာ အဝီစိကိုရောက်အောင်"

လူတစ်ယောက်ရဲ့ ပြောသံကိုကြားလိုက်ရလို့ သူလည်းပဲ အဲဒီအသံကို သံယောင်လိုက် ခပ်ကျယ်ကျယ် ထအော်လိုက်တယ်။ "အဝီစိကို မောင်းကြစမ်း ကွာ သောက်ပေါတွေ" ဒါပေမဲ့ စပီကာကြီးတွေရဲ့ အသံက အုပ်မိုးနေတော့ သူ့အသံကို ဘယ်သူမှမကြားလိုက်ဘူး။ ကြားလိုက်လည်း ဘယ်သူကမှ ဂရုစိုက်နေမှာ မဟုတ်ပါဘူး။ ကားတန်း ဖြည်းဖြည်းနဲ့မှန်မှန် တဖြည်းဖြည်း ဝေးသွားတာနဲ့ အမျှ အသံလည်း တိုးသွားတယ်။ သူလည်း စိမ်းနေတဲ့ မီးပွိုင့်ကိုပြန်ကြည့်ရင်း အချိန် ပြန်မှတ်နေလိုက်တော့တယ်။

"တစ် နှစ် သုံး လေး...ငါး...ခြောက် ခုနစ်"

မီးပွိုင့်မီးတွေဟာ နီချင်သလို နီ၊ စိမ်းချင်သလို စိမ်းနေတာပဲ။ ဘာစည်းစနစ်မှ မရှိဘူး ထင်တယ်လို့ ခပ်တည်တည်ပဲ သူ ကောက်ချက်ချလိုက်တယ်။ တစ်ခါရေတွက် တစ်ခါ ပြောင်းလဲနေတဲ့နောက်တော့ ဒါ့အပြင် ဘာဖြစ်နိုင်ဦးမှာလဲ။ အင်း . . ငါကိုက သောက်သုံးမကျတာလည်း ဖြစ်ချင်ဖြစ်မှာပါလေလို့ ဘယ်နှကြိမ်မြောက်မှန်းမသိနိုင်အောင် သူ့ကိုယ်သူ ပြန်ရှုံ့ချရင်းနဲ့ပဲ မီးပွိုင့်အချိန်မှတ်ခြင်းကိစ္စကို နိဂုံးချုပ်လိုက်တော့တယ်။ အဝေးကနေ စပီကာသံ ခပ်သဲ့သဲ့ ပြန်ကြားလာရပြန်လို့ သူ့စိတ်ထဲ အဖုအထစ် ဖြစ်လာပြန်တယ်။

"လာပြန်ပြီ ဒီကားတွေကတော့ကွာ..."

နောက်ထပ် ကားတန်းရှည်တတန်း အနီရောင်အလံတွေ တဝဲဝဲ၊ သီချင်းသံတွေ တအုန်းအုန်းနဲ့ ဖြည်းဖြည်းချင်း မောင်းလာကြပြန်တယ်။ ဒီကားတန်းပေါ်က လူတွေကကျတော့ ခုနကကားတွေလို မဟုတ်ဘူး။ လက်သီးလက်မောင်း တန်းသူကတန်း၊ ကတဲ့သူတွေကလည်းကလို့။ လမ်းဘေး နှစ်ဖက်ဆိုင်ခန်းထဲကလူတွေရဲ့ တုံ့ပြန်မှုကလည်း ရှေ့ကထွက်သွားတဲ့ ကားတန်း လို "ထွီ" ခနဲ မဟုတ်တော့ဘဲ အုံနဲ့ကျင်းနဲ့ကို လမ်းပေါ်ထွက်ကြည့်ကြပြီး သူတို့ကပါ လက်ခုပ်လက်ဝါးတွေ တီးလို့နေကြတယ်။ တချို့က ကားပေါ်ကလူ တွေကို "ဟေး ဟား" နဲ့ တက်ထောင်မောင်းနင်းတွေလုပ်ပြီး အားပေးနေကြ တယ်။

မိန်းမကြီးတစ်ယောက်ကဆိုရင် တီးလုံးအလိုက်နဲ့ လိုက်ဒွန့်လို့တောင် နေတယ်။ သူနံဘေးက လူတွေကလည်း အဲဒီမိန်းမကြီးကနေတာကို ကြည့်ပြီး တဝါးဝါးရယ်ရင်း "ကြိုတ်လိုက်စမ်းဟ" တဲ့ အော်ဟစ်နေလိုက်သေး။

"ဘယ်လိုဟာတွေလဲကွာ.... ကျွတ်"

စိတ်ထဲနေဂိုကမှ မကြည်လင်ပါဘူးဆိုမှ ပိုပြီး နောက်ကျိလို့ လာတယ်။ သူက အဲဒီလို ဆူဆူညံညံ အုတ်အုတ်ကျက်ကျက်ဆိုရင် ရင်တထိတ်ထိတ်ဖြစ်လာတတ်တယ်။ ဆောက်တည်ရာမရချင်ဘူး။ ဆံသားကနေ ခြေသည်းအဖျားအထိ ကြောက်စိတ်လွှမ်းမိုး လာရော။ သူ့အသက်နှစ်ဆယ်ကျော်လောက်က နဖူးစည်းတွေ၊ လက်ပတ်တွေနဲ့ လူတွေလမ်းပေါ်ထွက်လာ "ဒို့အရေး ဒို့အရေး" အော်ကြတာ ကြုံဖူးတယ်။ ကမ္ဘာပေါ်က ရှိရှိသမျှ လူတွေအကုန်လုံး လမ်းတွေ ပေါ် ရောက်နေကြတယ်လို့ အောက်မေ့လို့ သူကိုယ်တိုင်တောင် အဲဒီလူအုပ်ကြီးထဲ ရောပါမိသွားတယ်။ ဒါပေမဲ့ သိပ်မကြာဘူး။ စစ်သားတွေရောက်လာပြီး သေနတ် တွေနဲ့ ပစ်တော့တာပဲ။ သူ့မွေးဇာတိမြို့ဟာ အဲဒီ လူထုအရေးတော်ပုံကြီး ဆိုတာမှာ လူအသေဆုံး မြို့တစ်မြို့ထဲ ပါတယ်တဲ့။ သူ သိပ်တော့ မမှတ်မိတော့ ဘူး။ သူက ဘာဆိုဘာမှ မသိတဲ့လူဆိုတော့ လူအုပ်ကြီးထဲမှာဆိုပေမယ့်လည်း အဲဒီလတွေကို ဘာသိဘာသာပဲ ကျော်ဖြတ်ခဲ့တယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ့်နှစ် နှစ်က ဒီမြို့မှာ ကြုံခဲ့တဲ့အဖြစ်အပျက်ကိုတော့ သူဘယ်တော့မှ မမေ့ဘူး။ အဲဒီတုန်းက သူ့သမီး သီသီမေကလေးတောင် ငယ်ငယ်ရှိသေးတယ်။ သူ ရေစည်လှည်း တိုက်စားနေတဲ့အချိန်တန်းက ဖြစ်ခဲ့တာ။

တညနေသား နောက်ဆုံးအခေါက် ရေတစည်တိုက်ဖို့ ရေမြောင်းကို အလာ အရှေ့ဘက်ကနေ လူအုပ်ကြီးတအုပ် ညာသံတွေပေး တုတ်ဓားတွေကိုင်လို့ ချီတက်လာတာကို မြင်လိုက်ရတယ်။ လူအုပ်ရဲ့ ထိပ်ဆုံးမှာတော့ ကိုယ်တော် တွေ။ အိမ်ကအထွက်တုန်းက ရေခဲချောင်းရောင်းတဲ့ ဦးတင်အောင်ကတောင် သူ့ကို သတိပေးလိုက်သေးတယ်။

"ကြည်နုရေ မြို့ထဲမှာ လှုပ်လှုပ်လှုပ်လှုပ်နဲ့ဟ။ မင်းရုပ်ကလည်း ကလရုပ်နဲ့ မသွားနဲ့တော့" တဲ့။

ဘာပြောမှန်း သူနားမလည်ဘူး။

"ဒီတစ်ခေါက်ပြီးရင် ပြီးပါပြီဗျ" ဆိုပြီး ရေစည်လှည်းကြီး တအိအိ တွန်းထွက်ခဲ့တာပဲ။

"ရွှေပြောင်ပြောင် တောင်ပေါ်ကဘုရား.." ဆိုတဲ့ သီချင်းအလိုက် ကိုတောင်

တရှိုရှိုနဲ့ လေချွန်နေလိုက်သေးတယ်။

အရှေ့ဘက်ကနေ သွေးကြွနေတဲ့ လူအုပ်ကြီး ပြုံဆင်းလာတော့လမ်းလယ်မှာ ခဏရပ်ပြီး ကြောင်ကြည့်နေမိလိုက်တယ်။ ဘာဖြစ်နေကြတာ ပါလိမ့်လို့တွေးရင်း မြောင်းနံဘေး ရေစည်လှည်းကိုဒေါက်ထောက်၊ ရေပုံးကိုင်ပြီး လှေကားကနေ ဆင်းတုန်းရှိသေး 'မအေရိုးကလား' လို့ အော်ပြီး မည်းမည်း အရိပ်တစ်ခု သူ့အနားပြေးလာ ခွက်ခနဲ ခွက်ခနဲနေအောင် သူ့ခေါင်းကို နှစ်ချက် ဆင့်ရိုက်ထည့်လိုက်တာ။ ဘေးကကြားရင်သာ အသံက ခွက်ခနဲ မြည်တာ။ သူ့နားထဲတော့ ထုံခနဲထုံခနဲဖြစ်ပြီး စက္ကန့်နှစ်ဆယ်လောက် မျက်လုံးကြီးပွင့်နေ လျက်နဲ့ အသိမဲ့သွားတယ်။ အဲဒီလိုအသိမဲ့နေတုန်း နောက်ထပ်နှစ်ယောက်က သူ့နံစောင်း တစ်ဖက်တစ်ချက်ဆီကို ပြေးကန်တယ်။ နောက်တစ်ယောက်က သူ့ခေါင်းကို ဘောလုံးလိုပစ်ကန်လိုက်တာ မြေကြီးပေါ် လှဲလျက်အနေအထားနဲ့ပဲ တစ်ပတ်လည်သွားသေးတယ်။ အသိပြန်ဝင်လာတော့ သူ့နံဘေးနား လူတွေက လည်း အုံခဲလို့။ သူ့ခေါင်းကလည်း သွေးတွေနဲ့ ရွှဲလို့ပဲ။

"ဟာ... ဒါ ကြည်နုဟ ငါသိတယ် ကုလားမဟုတ်ဘူး။ မအေဘေး လေးတွေ လုပ်လိုက်ရင် သောက်ရမ်းချည့်ပဲ”

သူ့ကို ဝိုင်းတွယ်လိုက်တယ်ထင်တဲ့ လူငယ်တွေကို လူတစ်ယောက်က ပြောနေတာ။ ဘယ်သူမှန်းတော့ သူလည်း မသိဘူး။ သူ့ကိုသိတဲ့လူ ထင်ပါရဲ့။ ခေါင်းကိုစမ်းကြည့်တော့ သူ့ခေါင်းကသွေးတွေဟာ န္တေးလို့နေတယ်။ နံကြားက လည်း အောင့်နေတော့ မလှုပ်ရှားနိုင်ဘူး။ အသက်ရှူလည်း ကျပ်နေတယ်။ ရေစိုနေတဲ့အင်္ကျီမှာတောင် သွေးကြောင့် ကပ်စီး ကပ်စီးလို ဖြစ်နေခဲ့ပြီ။ ခေါင်းက လည်း ရိပ်တိတ်ရိပ်တိတ် ဖြစ်နေတုန်း။ သူလည်း အူကြောင်ကြောင်နဲ့ ငုတ်တုတ်ကလေးထထိုင်ရင်း သူရှေ့ရပ်နေတဲ့ လူတွေရဲ့ပြောစကားကို လိုက်နားထောင်နေမိတယ်။ သူ့လည်း ဘာဖြစ်သွားသေးလဲ ဘာညာ တစ်ယောက်မှ မမေးဘူး။ ကဲ ကဲ သွားကြစို့ မြို့လယ်မှာ လူစုမယ်လို့ပြောပြီး ထွက်သွားကြတယ်။ သူ့ရှေ့ကနေ လူတွေ အကုန်ထွက်သွားပြီးမှ လူတစ်ယောက် ပြန်လှည့်လာတယ်။ ခုနက သူ့ကိုမရိုက်ဖို့ တားနေတဲ့ လူပဲ။ အဲဒီလူက ကိုယ်ပေါ်က စွပ်ကျယ်အင်္ကျီအဖြူကို ဆွဲချွတ်လိုက်ပြီး သူ့ခေါင်းကို ကျပ်သိပ်တင်းရင်းနေအောင် စည်းပေးတယ်။ ပြီးတော့ ပြောတယ်။"ဒဏ်ရာက သေးပါတယ် သွေးတောင် တိတ်နေပါပြီး သွား သွား ပေ့ကောင် ကြည်နု အိမ်ပြန်တော့။ မင်း ငါသာ မရောက်ရင် သေလိမ့်မည်။ လို့ ပြောရင်း ပြန်ထွက်သွားတယ်။ အဲဒီလူ ဘယ်သူလဲဆိုတာ သူစဉ်းစားလို့ကို မရဘူး။ သူလည်း ရေခပ်ဖို့ မကြိုးစားတော့ဘူး။ နံကြားက နည်းနည်းနားပေမယ့် နံရိုးတော့ ကျိုးမသွားဘူးထင်တယ်။ ခေါင်းကို

နည်းနည်းပွတ်ကြည့်ပြီး ကြည်ကြည်လင်လင်ဖြစ်သလိုရှိလာတော့ ခေါင်းက ပတ်တီးကြီးနဲ့ပဲ မြို့ထဲကနေ ပတ်ပြီး အိမ်ပြန်ဖို့လုပ်တယ်။ သူ့လှည်းကြီးကို တွန်းရင်းနဲ့ပေါ့လေ။ မြို့လယ်ခေါင် အဝေးပြေးလမ်းမကြီးတစ်လျှောက် သူ ဖြတ်လာခဲ့တယ်။ လူတွေ အထုပ်တွေ ကိုယ်စီနဲ့ မြို့လယ်လမ်းအတိုင်း ပြန်လာနေကြတာကို တွေ့နေရတယ်။ လူတစ်ယောက်ဆိုရင် ခရိုးခယိုင် စက်ဘီးစုတ်ကလေးပေါ် ပေါင်သုံးရာလောက် လေးမယ်ထင်ရတဲ့ အဝတ်ထုပ်ကြီးတစ်ထုပ် မနိုင်မနင်း တင်လာတယ်။ ခန်းဆီးစ လိုလို စောင်လိုလို အဝတ်စအကြီးကြီးနဲ့ စုချည်ထုပ်ထားတဲ့ အထုပ်ထဲကနေ လမ်းတစ်လျှောက်လုံး ပါကင်ထုပ်ထားတဲ့ ပုဆိုးထုပ်အသစ်၊ အင်္ကျီထုပ်အသစ်တွေ ပြုတ်ပြုတ်ကျလို့။ တစ်ခုပြုတ်ကျလိုက်တိုင်း အဲဒီတစ်ခုကိုပြန်ကောက်ဖို့ စက်ဘီးကို ဒေါက်ထောက် ခဏရပ်၊ ပြန်ကောက်၊ အထုပ်ကြီးထဲ ပြန်ထိုးထည့်၊ စက်ဘီးဒေါက်ကိုပြန်ဖြုတ်။ ဒီ့ပြင်အပေါက်ကနေ ထွက်ကျလာပြန်။ ကြာတော့ အဲဒီလူလည်း မကောက်နိုင်တော့ဘူး။

"ဘာတွေများ ဖြစ်နေကြတာလဲကွာ" လို့ သူမြင်နေရတဲ့ မြင်ကွင်း အဖြစ်အပျက်တွေကို စဉ်းစားကြည့်နေမိတယ်။ အကြာကြီးတော့ မဟုတ်ပါဘူး။ ခုနကလူ ကျခဲ့တဲ့ အထုပ်ကလေးတွေဟာ လမ်းပေါ်မှာ သုံးလေးပေခြား တစ်ထုပ်လောက် တန်းလို့။ မသိရင် အဲဒီလူဟာ အပြန်လမ်းကို မေ့သွားမစိုးလို့ သဲလွန်စကလေးတွေ ချန်ခဲ့သလိုမျိုးပဲ။ ဒါနဲ့ သူလည်း အဲဒီလူ ကျခဲ့တဲ့အလုပ် ကလေးတွေကိုသွားကောက်ပြီး ရေပုံးထဲ ထိုးထည့်ရင်း ဆက်ထွက်လာခဲ့တယ်။ ဟိုလူတော့ အပြန်လမ်းပျောက်ပြီပေါ့။

တကယ့်ပွဲတော်ကြီးတစ်ခုလိုပါပဲ။ ကြမ်းကြမ်းတမ်းတမ်းကစားကြတဲ့ ပွဲတော်ကြီးမျိုးပေါ့။ လူတွေ တစ်သုတ်ပြီး တစ်သုတ် ပစ္စည်းတွေသယ်ကြ၊ အိမ်ပြန်ကြ၊ ပြီးတော့ မြို့ထဲ ပြန်ထွက်လာကြ။ လမ်းမှာ သူနဲ့တွေ့သမျှလူတိုင်းဟာ သူတို့ ကိုယ်ခန္ဓာရဲ့ နှစ်ဆလောက်ရှိတဲ့ အထုပ်တွေကို ယ် စီ ထမ်းသွားကြတာချည့်ပဲ။ တချို့က တီဗွီလုံးကြီးတွေ သယ်မလာကြတယ်။ တချို့လည်း ပန်ကာတွေ၊ လက်နှိပ်ဓာတ်မီးထုပ်တွေ၊ အစားစားသော တရုတ်လုပ်ပစ္စည်းတွေ။

မြို့လယ်မှတ်တိုင်ကိုရောက်တော့ စတိုးဆိုင်ကြီးတွေ ဟောင်းလောင်း ဖြစ်နေတာ သူတွေ့လိုက်ရတယ်။ ဗီရိုတွေကိုလည်း ခုတ်ထစ်ထားကြတာ မွစာ ကြဲ၊ မှန်ချပ်တွေဆိုတာလည်း တစ်စစီ။ အဲဒီတော့မှ ဆိုင်တွေ ဖောက်နေကြ တာပါလားလို့ သူသိတယ်။ လူတွေကလည်း အများကြီးဆိုမှ တကယ့်အများကြီး ဆံရှည်တွေရော၊ ကတုံးပြောင်တွေရော၊ မိန်းမတွေတောင် လေးငါးဆယ်ယောက် မက သူတွေ့နေရတယ်။ လွှားလွှားလွှားလွှားနဲ့ပဲ။ တချို့က အဝတ်တွေ၊ ဖိနပ်တွေ၊

ပလတ်စတစ်ပစ္စည်းတွေအကုန် လမ်းလယ်ပုံပြီး မီးရှို့ဖို့ လုပ်ကြတယ်။ တချို့က မီးရှို့မယ့်အပုံထဲကနေ ကောင်းနိုးရာရာလေးတွေ ရွေးယူနေကြတယ်။

"ပော့ရောင်တွေ မယူကြနဲ့ ဒါတွေအကုန် မီးရှို့မှာကွ" လို့ လမ်းလယ် မှာပုံထားတဲ့ပစ္စည်းတွေကို ရွေးကောက်နေကြတဲ့လူတွေကို တစ်ယောက်က အော်တယ်။

"မီးရှို့လိုက်ရင် နှမြောစရာကြီးကွ ယူသာယူ…"တစ်ယောက်ကပြန်အော်တယ်။

စီးလာတဲ့ သူတို့ရဲ့ ကြက်ပေါင်ဖိနပ် တွေကို လမ်းလျှောက်နေရင်း ကန်ချွတ်လိုက်ကြပြီး ဟောင်းလောင်းပွင့်နေတဲ့ ဆိုင်တွေထဲက ဖိနပ်တန်းဆီ အလုအယက် တိုးသွားကြတာကို မြင်နေရတယ်။ တချို့ဆိုရင် သူတို့ရဲ့စုတ်ပြတ်နေတဲ့ စွပ်ကျယ်တွေ၊ ပုဆိုးဘောင်းဘီတွေကို ဆိုင်ထဲတင်ချွတ်၊ အင်္ကျီသစ် ဘောင်းဘီသစ် လဲဝတ်လိုက်ကြတယ်။

သူလည်း ဟိုလူကျန် ဒီလူကျန် ကျကျန်ခဲ့တာလေးတွေ လိုက်ကောက် ရင်း အိမ်ကို သုတ်သုတ်ပြန်ခဲ့တယ်။ အိမ်ရောက်တော့ သူကောက်လာတဲ့ အထုပ်တွေကို ရေပုံးထဲကထုတ်ပြီး ညီမဲ့လက် အပ်လိုက်တယ်။

"မြို့ထဲ ဘာတွေဖြစ်နေတယ်မသိဘူးကွ" လို့ ပြောလိုက်သေးတယ်။

ညီမကတော့ မြို့ထဲ ဘာတွေဖြစ်နေတယ်ဆိုတာကို ကောင်းကောင်း သိပုံရတယ်။ သူ့ ခေါင်းကဒဏ်ရာကို ဘယ်လိုဖြစ်တာလဲ၊ သက်သာရဲ့လားမေးဖို့နေနေသာသာတစ်ချက်လောက်သာကြည့်တယ်ဆိုရုံကြည့်လိုက်ပြီးမေ

"မြို့ထဲနောက်တစ်ခေါက် ထွက်ပါဦးလား" တဲ့။

အဲဒါနဲ့ သူလည်း မလွန်ဆန်နိုင်တော့ ပြန်ထွက်မယ်အလုပ် "ထိန်း ဒိန်း" နဲ့ မြို့ထဲဘက်ကနေ သေနတ်သံတွေကြားလို့ ပြန်မထွက်ဖြစ်တော့ဘူး၊ တကယ်ကတော့ သေနတ်သံမကြားလည်း သူမသွားရဲတော့ဘူး။ တစ်ခေါက် ထပ်ပြီး မှားအရိုက်မခံရဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူးလေ။ နောက်ပြီး ဒီတစ်ခါ ဆို ထပ်အရိုက်ခံရရင် သေသွားနိုင်တယ်လို့ သူထင်တယ်။ လူတွေပုံစံက ပျော်နေတယ်လို့ ထင်စရာရှိပေမယ့် မျက်လုံးတွေကတော့ တိရစ္ဆာန်ကောင်တွေ လိုပဲ။ လက်သည်းရှည်ကြီးတွေ အစွယ်တွေ ချိုတွေမပါတဲ့ တိရစ္ဆာန်တွေပေါ့။ ကံကောင်းလို့သာ ခေါင်းနည်းနည်းပေါက်ရုံနဲ့ ပြီးခဲ့တာ။ သူများအကျ ကောက် တာတောင် စုစုပေါင်း ပုဆိုးအကွင်းနှစ်ဆယ်လောက်နဲ့ ရှပ်အင်္ကျီဆယ့်ငါးထည် လောက် သူရခဲ့တယ်လေ။ တော်ပြီပေါ့။

သေနတ်သံတွေကြားရပြီး နောက်တရက်နေတော့ တစ်မြို့လုံး ညမထွက် ရ အမိန့်ထုတ်တယ်။ နောက်တစ်ပတ်လောက်နေတော့ ရွာတစ်ရွာကို သွားတဲ့ လမ်းမှာ ဘုန်းကြီးတပါးနဲ့ လူတစ်ယောက် ရက်ရက်စက်စက် အသတ်ခံရသတဲ့။ နောက်ပြီး အဲဒီရက်တွေမှာ ဆိုင်ဖောက်တဲ့လူတွေ၊ ပစ္စည်းသယ်ကြတဲ့လူတွေကို အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း လိုက်ဖမ်းနေတယ်ကြားတော့ ကိုကြည်နု ဟာ သူကိုယ်တိုင်လည်း အင်္ကျီထုပ်၊ ပုဆိုးထုပ်ကလေးတွေ ယူခဲ့မိသေးတော့ ကြောက်လန့်ပြီး အိမ်ထဲက အိမ်ပြင် မထွက်ရဲတော့ဘူး။ အဲဒီကြောက်စိတ်ကြောင့်ရော အရိုက်ခံရတဲ့ဒဏ်ကြောင့်ရော တစ်ပတ်လောက် ကောင်းကောင်းဖျားသွားခဲ့တယ်။ အိမ်ပြင်မထွက်ရဲတာနဲ့လည်း အံကိုက်ဖြစ်သွားတာပေါ့။ အဲဒါ နှစ်ထောင့်သုံးခုနှစ်က ဒီမြို့မှာ လူမျိုးရေးအထိကရုဏ်းဖြစ်တော့ ကိုကြည်နု ကြုံခဲ့ရတဲ့ မမေ့နိုင်စရာ၊ အသည်းထိတ်စရာ အဖြစ်အပျက်ပဲ။ အဲဒီတော့ လူစုစုဆိုရင် သူကမုန်းတယ်။ ကြောက်လည်း ကြောက်တယ်။ နောက်ပြီး မသိသားဆိုးဝါးတဲ့အတွင်းစိတ်ထဲမှာ တစ်ခုခုတော့ ရချင်ရနိုင်တယ်ဆိုတဲ့ စိတ်ကလည်း အကြောက် နဲ့ အမုန်းကြားမှာ တိတ်တိတ်ကလေး ရှိနေသေးတယ်။

အနီရောင်ကားတန်းလည်း တဖြည်းဖြည်းနဲ့ ဝေးသွားတယ်။ "သောက်ရူးတွေ ဝေးဝေးသာ သွားကြစမ်းကွာ" လို့ ဝေးသွားတဲ့ ကားတန်းကို ကြည့်ရင်း တစ်ချက် ဆဲလိုက်သေးတယ်။ သူက ဘယ်အရာကိုမဆို ဆဲရင် ဘယ်သူမှမကြားအောင် ခပ်တိုးတိုးပဲ ဆဲတယ်။ ကြားသွားရင် သူ့ကို ရန်လုပ်မှာလည်း သူက ကြောက်တတ်သေး။ အဲဒီတော့ သူ့ဘာသာပြန်ကြားရုံပဲ။ ကြာတော့ မကျေနပ်မှုကို ဆဲတာလား သူ့ကိုယ်သူ ပြန်ဆဲတာလား ဆိုတာတောင် မသည်းကွဲတော့ဘူး။ မီးပွိုင့်က မီးတခါ နီသွားပြန်တော့ အချိန်ပြန်ရေကြည့်ဖို့ လုပ်ပြန်တယ်။

"ဦးလေး ပျော်ရွှင်ခြင်းတောင်သွားတဲ့လမ်းက တော်တော်လိုသေးလား ဗျ"

မီးပွိုင့်မိလို့ ရပ်လိုက်တဲ့ ကားဖြူဖြူပြောင်ပြောင်လေးတစ်စီး မှန်ပွင့်လာပြီး ကောင်လေးတယောက် သူ့ကို လှမ်းမေးတယ်။ ယုံတောင် မယုံနိုင်ဘူး။ အံ့သြလွန်းလို့ သူ့တစ်ယောက်တည်းအတွက်တင် ကွက်ပြီး အချိန်တွေ ရပ်သွားတယ်။ အဲဒီနောက် ဝမ်းသာပျော်ရွှင်သလို ဖြစ်သွားတယ်။

"နေပါဦး ဘာ" လို့ သူပြန်မေးတယ်။

"ပျော်ရွှင်ခြင်းတောင် ခင်ဗျ" လို့ ကောင်လေးက ယဉ်ယဉ်ကျေးကျေး ပဲ ဆိုရှာတယ်။

အဲဒီနာမည် သူသိပါတယ်လို့ ကိုကြည်နု အပြင်းအထန် စဉ်းစားတယ်။ သူဟာ သူ့ကို မေးနေတဲ့ ကောင်လေး စိတ်မရှည်ဖြစ်သွားမှာကို စိုးရိမ်နေတယ်။ ဒါ

လွယ်လွယ်လေးပါ ငါသိပါတယ်လို့ ပါးစပ်ကလည်း ထုတ်ညည်းသေး တယ်။ ဒါပေမဲ့ သူ စဉ်းစားလို့မရဘူး။ ဘယ်လိုမှစဉ်းစားမရနိုင်တော့ ကြမ်းထော် နေတဲ့ သူ့လက်ဖဝါးနှစ်ဖက်ကို ဘာရယ်မဟုတ် ဖြန့်ကြည့်နေရင်း သွားပြီ ငါ့ မှတ်ဉာဏ်တွေဟာ ပျက်စီးကုန်ပြီလို့ တွေးမိတယ်။ ပြီးတော့ ကားပေါ်က ကောင်လေးရဲ့မျက်နှာကို အလွန်အမင်းအားတောင့် အားနာဖြစ်စွာ၊ မျှော်လင့်ချက်မဲ့စွာ ငေးကြည့်ရင်း ဝမ်းနည်းနေမိတယ်။

"ညီလေး ဒီမိန်းလမ်းအတိုင်းသာ တည့်တည့်သွား၊ သိပ်မလိုတော့ဘူး"

ဖြစ်စဉ်အစအဆုံးကို လက်ဖက်ရည်ဆိုင်ပေါ်ကနေ လှမ်းမြင်နေရတဲ့ လူတယောက်က ဝင်ဖြေသွားလို့ ကိုကြည်နု ကသိကအောက် ဖြစ်သွားတယ်။ အဲဒီလူဖြေလိုက်မှ ဟုတ်သားပဲ ဒီလမ်းအတိုင်း တည့်တည့်သွားရင် ရောက်တော့ မှာပဲဟာ၊ ငါ ဘာလို့ အဲ့လောက်မေ့နေတာလဲလို့ စိတ်ညစ်ညစ်နဲ့ ပလက်ဖောင်း ပေါ်ပဲ ပြန်ထိုင်လိုက်ရင်း ပြင်းပြင်းထန်ထန် ချောင်းဆိုးချင်လာလို့ ခေါင်းကို ဝပ်ချရင်း ရင်ဘတ်ကိုဖိ ဖြည်းဖြည်းသာသာ ဆိုးနိုင်ဖို့ အားထုတ်လိုက်ရသေး တယ်။ ကားဖြူကလေးဟာလည်း မီးစိမ်းသွားလို့ မှန်ပြန်ပိတ် ထွက်ခွာသွားပြီ။ "အဟွတ်...အဟွတ် ... အဟွတ် .. အဟွတ် ..." ချောင်းဆိုးလို့ လည်ပင်း ကြောတွေနာ၊ မိုက်အောင့်သွားတဲ့ကြားက ကားဖြူကလေးကို သူ သံယောဇဉ် မပြတ်နိုင်စွာပဲ လှမ်းငေးနေလိုက်မိတယ်။

"ဟိုကောင်လေးက ဘယ်သိမလဲဗျ ဟား ဟား ဟား အရူးကိုမှ လမ်းသွားမေးနေတာ"

လက်ဖက်ရည်ဆိုင်ပေါ်ကနေ ခုနက လမ်းပြလိုက်သူရဲ့ အသံကို ကြားလိုက်ရတယ်။ ရယ်သံကိုက ညောင်နာနာနဲ့လို့ ရွံ့ရှာမုန်းတီးစွာပဲ တွေးလိုက် မိတယ်။ "ငါမရူးဘူးကွ မင်းထက်တောင် ကောင်းသေးတယ်" လို့ အော်ဟစ် ပြောဆိုလိုက်ချင်ပေမယ့် စိတ်ထဲကသက်သက်ပဲ ပြောလိုက်တာမျိုးနဲ့ ပါးစပ်လှုပ်ရုံ ကလေး ပြောလိုက်တယ်ဆိုတဲ့ ကြားအနေအထားနဲ့ ကြုံးဝါးလိုက်တယ်။ ဒါပေမဲ့လည်း အဲဒီလိုတွေးလိုက်တော့ သူ အားငယ်မိသွားတယ်။ အဲဒီအနားမှာ လည်း ထိုင်ချင်စိတ်မရှိတော့တာနဲ့ မတ်တတ်ထ ပုဆိုးဖင်နေရာမှာပေနေတဲ့ ဖုန်တွေကို ဖုန်းဖုန်းဖန်းဖန်းခါလိုက်ရင်း ပလက်ဖောင်းပေါ် စောင်းငန်း စောင်းငန်း၊ ငိုက်စိုက် ငိုက်စိုက်နဲ့ လမ်းလျှောက်ထွက်လာခဲ့တယ်။

စိတ်ပျက်အားငယ်မှုမှာ ခဏလေးနစ်မွန်းနေမိတော့ သတိမေ့ပြီး ပုံမှန် လမ်းလျှောက်သလို လျှောက်နေမိတယ်။ သို့သော်လည်း ချက်ချင်းသတိရသွားပြီးပုံမှန်မဟုတ်တဲ့ လမ်းလျှောက်နည်းနဲ့ ခရီးပြန်ဆက်လိုက်တယ်။ရှေ့နှစ်လှမ်း လျှောက်၊ တစ်နေရာရာကို

ပြုတ်ကျတော့မလို၊ ကားဘရိတ် အုပ်လိုက်သလိုရပ်၊ ရှေ့ကို နည်းနည်းဟပ်ထိုးသွား၊ နောက်တစ်လှမ်း ပြန်ဆုတ်။ "ဟုတ်တယ် ဟုတ်တယ်" လို့ ပါးစပ်က ရွတ်လိုက်ရင်း လက်ညှိုးထောင်၊ ပြီးတော့ ဆက်လျှောက်၊ နောက်က တစ်ယောက်ယောက်များ လှမ်းခေါ်နေသလားဆိုတဲ့ ဟန်မျိုးနဲ့ ဟိုး အနောက်ဘက်အဝေးကို လည်ပြန်ကြည့်။ ဆက်လျှောက်။ တချို့လူတွေအတွက်ဆိုရင်တော့ အဲဒီလျှောက်နည်းက အရမ်းခက်မှာ။ ကင်မရာရှေ့ လမ်းလျှောက်နေရသလိုပဲ။ သူကတော့ အသားကျသွားခဲ့တာကြာပြီ။ ဝါရင့်သရုပ်ဆောင်တယောက်ကို သာမန်အင်တာဗျူးလုပ်လို့ ကင်မရာအသေထား ရိုက်နေသလောက်ပဲရှိမယ်။

အဲဒီလိုလျှောက်နေရင်းနဲ့ပဲ လမ်းဘေးကဆိုင်တွေကို သူငေးလာခဲ့တယ်။ နောက်ထပ် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှေ့ရောက်တော့ ဆိုင်ထဲဝင်ပြီး သူ့အလုပ် သူလုပ်ဖို့ ဝင်လိုက်တယ်။ ဒါပေမဲ့ လက်ဖက်ရည်ဆိုင်နံရံပေါ်က နာရီကို အမှတ်တမဲ့ လှမ်းကြည့်လိုက်တော့ အချိန်က သူ့ကို ထိတ်လန့်သွားစေတယ်။ "ဟာ-- ကိုးနာရီတောင် ထိုးတော့မှာပဲ အဲဒါမှ သောက်ပြဿနာ" လို့ တွေးရင်း ဆိုင်ထဲကနေပြန်ထွက် "အိမ်ကလေး" လက်ဖက်ရည်ဆိုင်ကို ပြေးတယ်။ ပြေးရင်း နဲ့လည်း "ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ" ရယ်လို့ လက္ခဏာရေးသုံးပါးကို အနိစ္စနဲ့ အနတ္တ ဖယ်ပြီး ရှုပွားတယ်။ ဆိုင်ရှေ့ရောက်တော့ သူ့ကိုမြင်လိုက်တာနဲ့ တင်တင်က အော်လိုက်တယ်။

"ဦးကြည်နု ပါဆယ်"

တင်တင်က အဲဒီလောက်နဲ့မရပ် သူ့အခြေအနေကို တန်းသဘောပေါက်သွားဟန် ခပ်ပြုံးပြုံးလုပ်ရင်း . . .

"ဘယ်လိုလဲ ဦးကြည်နု အိမ်ရောက်ရင် အဆော်ခံထိတော့မယ်မို့ လား. . . တုတ်ကောက်သွား"

"ငါ့ စ,မနေစမ်းနဲ့ တင်တင် သွား ပါဆယ်ထုပ်သွားယူတော့"

ပါဆယ်ထုပ်ရပြီးတာနဲ့ အိမ်ဆီ ခပ်သုတ်သုတ် ပြန်တော့တယ်။

ဘယ်လမ်းလျှောက်ပုံမှလည်း ဂရုမစိုက်အားတော့ဘူး။ "ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ" အိမ်ကို အနည်းဆုံး မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်ရဦးမှာ ညိုမာကတော့ ငါ့ လုပ်တော့မှာပဲလို့ တွေးရင်း ထိတ်ထိတ်ပျာပျာကိုဖြစ်လို့။ ဘောလုံးကွင်းအနား က လက်ဖက်ရည်ဆိုင်ကနေ ကြောက်စရာကောင်းအောင် ထွားကျိုင်းလှတဲ့ အီကြာကွေးကြီးတွေကို တွေ့လို့ ဝင်ဝယ်လိုက်သေးတယ်။ တချို့သောကလေးတွေ အမှားလုပ်ပြီးတဲ့အခါ အမေရိုက်ခံရမစိုးလို့ လုပ်မိလုပ်ရာ ဘောင်းဘီကြား မြက်ထည့်ပြီး ခေတ်ရိုက်ခေတ်ဆင်လုပ်သလိုမျိုးပါပဲ။ သို့သော်လည်း စိုးရိမ်

ထိတ်လန့်မှုက နည်းနည်းမှ လျော့မသွားဘူး။ “ငါကိုက မေ့တတ်နေတာ၊ ငါ့လည်း ပြဿနာပဲ” တစ်ယောက်တည်း ရေရွတ်နေရင်း၊ ဘတ်ငွေခါးလိမ်လုပ်ဖို့ သတိရသွားလို့ တစ်ချက်ဝမ်းသာသွားသေးတယ်။ ငါ့မှတ်ဉာဏ်က ဒါလောက် လည်း မဆိုးသေးပါဘူးလို့ သူ့ဘာသာသူ တစ်ယောက်တည်းပြော၊ တစ်ယောက် တည်းပြုံးရင်း လွယ်အိတ်ထဲက ပိုက်ဆံတချို့ နှိုက်ပြီး ခါးပုံစံနံဘေး ပုဆိုးစထဲ လိပ်ထည့်လိုက်တယ်။ နေ့လယ် နှစ်လုံးထိုးရဦးမှာ။ အကုန်အပ်လိုက်လို့ကတော့ အချိန်မမီပဲနေမှာပေါ့။ တစ်မြို့လုံးဆီက သူ တောင်းလို့ရပေမယ့် ညိုမြာ့ဆီက ပြန်တောင်းဖို့ဆိုတာကတော့ ကျောက်ခဲဖျော်ရည်သောက်ဖို့ ကြိုးစားတာကမှ သေချာဦးမယ်လေ။

“ဟဲ့ကောင်မ .. ညည်း ငါ ဖမ်းတယ် လှန်စမ်း မျက်နှာကိုက ပြုံးစိစိနဲ့ သေတယ်မဟုတ်လား”

ညိုမြာ က သူ့မျက်နှာကို အတင်းမဲ့ရွဲ့ ပိုင်ပါတယ်ဆိုတဲ့ဟန်နဲ့ ဝင့်ဝါ ကို ဖဲလှန်ခိုင်းတယ်။

“ဟဲ ဟဲ ဆယ့်ကိုးရှိတယ် ကောင်မရဲ့” “ဟဲ့ကောင်မ ညည်းသုံးချပ် မဟုတ်ဘူးလား”

“အောင်မာ.. ငါမှ ဆက်မဆွဲဘဲ မေးကြည့်ဦး ဒေါ်ဗိုလ်မကို”

ကောင်မ ဆက်များဆွဲသေးတယ်မှတ်ပြီး ပိတ်ဖမ်းကြည့်လိုက်တာ နားကားတာပဲလို့ ညိုမြာ စိတ်ညစ်သွားတယ်။ သူ့ဖဲက ဆယ့်ခြောက်တည်း ရှိတာ။ စိတ်ထဲက သိပ်တော့လည်း မသက်ာဘူး။ ကောင်မ ငါ့များ ဖဲလိမ်ရိုက်နေ သလားမသိဘူးလို့ ဝင့်ဝါမျက်ခွက်ကို တစ်ချက်စွေကြည့်လိုက်သေးတယ်။ ဝင့်ဝါကတော့ သူ့အောက်က ပိုက်ဆံအကြွေတွေကို လက်တစ်ဖက်နဲ့ အုပ်ထား ရင်း၊ လက်တစ်ဖက်က ပေါင်အတွင်းသားကို တဗျင်းဗျင်းမြည်အောင် ကုတ်နေ တယ်။ မျက်နှာအနေအထား မာန်ဝင့်ပုံက ထက်လွန်းလို့ သစ်ရွက်များ သူ့မျက်နှာ ပေါ် ကြွေကျမိရင် တိခနဲနေမှာ။

“ဟဲ့ ဖြေးဖြေးကုပ်ပါ နင့် ပွေးဖတ်တွေ ငါ့ပုံးထဲ ပျံဝင်လာပါဦးမယ်" လို့ ဖဲဝိုင်းကို လာငေးနေတဲ့ ရေခဲချောင်းသည်ကြီး ဦးတင်အောင်က နောက်တယ်။ ဝင့်ဝါက ဘယ့်နှယ့်မှမဆိုဘူး။ စပ်ဖြဲဖြဲမျက်နှာပေးလုပ်ထားတဲ့ ဦးတင်အောင်ကိုမျက်လုံးတစ်ချက်လှန်ကြည့်ရင်း မယားတော့ပါဘဲနဲ့ ရွဲ့ပြီး ဆက်ကုတ်တယ်။

“ဖတ် ဖတ်” မြည်အောင် ထမိန်ကိုတောင် နှစ်ချက်လောက် ခါထုတ်လိုက်သေး တယ်။ အဘိုးကြီး ကိုယ့်ဟာကိုယ်ရေခဲချောင်းသွားမရောင်းဘဲ

ဘာလာရှုပ်နေသလဲ ဆိုတဲ့သဘောပဲ။ စိတ်ထဲကလည်း ဘွားကြည် သွားခေါ်လိုက်လို့ အဘိုးကြီး ထွက်ပြေးနေရဦးမယ်လို့ တွေးလိုက်သေးတယ်။ ဘွားကြည်ဆိုတာက အဘိုးကြီးဦးတင်အောင်ရဲ့ မိန်းမလေ။

ညိုမှာကတော့ ဇဝေဇဝါဖြစ်နေတုန်းပဲ။ ကောင်မ တကယ်ဆက်မဆွဲဘူးနဲ့တူတယ် လို့တွေးရင်း ဖဲတင်ထားတဲ့ ပန်းကန်ပြားကို မ, ကြည့်နေလိုက်သေး တယ်။ မမှတ်မိတော့ဘူး။ အောင့်သက်သက်နဲ့ ငါးရာ လျှော်လိုက်ရတယ်။ စိတ်ထဲလည်း ဝမ်းနည်းသွားမိတယ်။ ဝင့်ဝါအိမ်က ကြေးအကြီးဆုံးရယ်၊ သူ့အိမ်စားလိုက်ရရင် ကျန်တဲ့ ဒေါ်ဗိုလ်မ နှစ်ရာ၊ ဇော်မောင် နှစ်ရာလောက်တော့ အသာလေးပဲ ရှုံးရှုံးနိုင်နိုင် ဘာမှုစရာရှိတော့မလဲ။ ဟိုနှစ်အိမ်နိုင်ဖို့ကလည်း ခုအတိုင်းဆို သိပ်မလွယ်တော့ဘူး။ ဆယ့်ခြောက်နဲ့ဆိုတော့ ဆက်ဆွဲရအခက်၊ နေရအခက်ကြီး။

ဒေါ်ဗိုလ်မရော၊ ဇော်မောင်ရောက သိပ်မင်သေတာ။ ဘာဖဲပဲဖြစ်ဖြစ် မရယ်မပြုံး ဘုရားက ကျောက်တုံးပဲ။ တစ်ချက်စီ ဆွဲထားကြပေမယ့် ပုံစံကြည့်ရ တာတော့ သေမယ့်ပုံတွေ မဟုတ်ဘူး။ ဆက်ဆွဲသင့်မသင့် စဉ်းစားနေရတာ ညိုမှာ စိတ်အိုက်လာတယ်။ ဖဲနှစ်ချပ်ကို တစ်ဖက်ကကိုင်၊ ကျန်တဲ့လက်တစ်ဖက်နဲ့ လည်ပင်းက ချေးကိုတွန်းနေရင်းက ဟိုခွေးသူတောင်းစား ကြည်နုကလည်း ခုထိ မလာသေးပါလားလို့ အိမ်ကြိုအိမ်ကြားကနေ လမ်းဘက်ကို လှမ်းကြည့်လိုက်ရင်း ဒေါသထွက်သွားတယ်။ ခေါင်းရင်းက ကျိုးပဲ့လို့နေတဲ့ နာရီရုပ်မပေါ်တော့တဲ့ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ ဆယ်နာရီတောင် ထိုးတော့မယ်။ ကြည်နုဆိုတဲ့ကောင်ဟာ ဘယ်လောက် ပြောပြော ဘယ်လောက်ထုထု စောက်မှတ်မရှိတဲ့ကောင်လို့ ပါးစပ်ကတောင် ထုတ်ညည်း လိုက်မိတယ်။ ပြီးတော့ ကွမ်းဗန်းကို လှမ်းယူလိုက်ပြီး ကွမ်းရွက်အပေါ် ထုံးကိုလက်နဲ့ စိမ်ပြေနပြေနှံ့အောင် လိုက်သုတ်ရင်း ဖဲဝိုင်းထဲကမှောက်ထားတဲ့ ဖဲချပ်တွေကို နတ်မျက်စိရှိလို့ မြင်နေရတဲ့အလား စူးစိုက်ကြည့်လိုက်သေးတယ်။ ထို့နောက် ကွမ်းသီးထည့် ဗမာဆေးပါးပါးလေး ဖြူးထည့်လိုက်ပြီး ပါးစောင်ထဲကို ဟန်ပါပါ ပစ်ထည့်လိုက်တော့တယ်။ သူ့ဖဲကို ဖမ်းနှိုးနဲ့ တစ်ချိန်လုံးငြိမ်ပြီး ညိုမဲ့ကို ငေးကြည့်နေတဲ့ ဒေါ်ဗိုလ်မက သည်းမခံနိုင် တော့ဘူး။

“ဟဲ့ကောင်မရေ ဖမ်းမှာဖြင့်ရင်လည်းဖမ်း၊ ဆွဲမှာဖြင့်ရင်လည်း ဆက်ဆွဲ၊ ဆယ့်ခြောက်လောက်နဲ့ မှုမနေနဲ့” တဲ့။ သေချင်းဆိုးမကြီး ဖဲကောင်းတာနဲ့ လေသံကပြောင်းလာတယ်လို့ စိတ်ထဲကနေ ကျိန်ဆဲလိုက်ရင်း ဒေါ်ဗိုလ်မမျက်နှာ ကို အကဲခတ်တဲ့သဘောနဲ့ စေ့စေ့ကြည့်လိုက်တယ်။ ဒေါ်ဗိုလ်မကလည်း ညိုမှာ သူ့ကို အကဲခတ်နေမှန်း သိလို့ ကပျာကယာပဲ မျက်နှာကို ပြဲနေအောင် အသေအချာကြီး ဖြီးပြလိုက်တယ်။ ဇော်မောင် တစ်ကောင်ကတော့ အေးဆေးပဲ။ ဆေးပေါ့လိပ်

မီးညှိရင်း ဖွာတယ်။ ပြီးတော့ ပါးစပ်က ဆေးလိပ်ကိုမချွတ်ဘဲ လက်နှစ်ဖက်ကို နောက်ပစ်ထောက်ရင်း စိတ်မပါတဲ့ပုံနဲ့ အိမ်သာဘက်ကို လှမ်းငေးလို့နေတယ်။ အိမ်သာကိုကြည့်လိုက်ရုံနဲ့တင် အိမ်သာစော်က နံလာလို့ ချက်ချင်း မျက်နှာလွှဲလိုက်ရသေးတယ်။ တော်တော်ညစ်ပတ်တာပဲလို့ မှတ်ချက် ပြုရင်း ဒေါ်ဗိုလ်မနဲ့ ညိုမြာတို့ရဲ့ ပူးတွဲအိမ်သာမို့ နှစ်ယောက်စလုံးကို မသတီသလို တစ်ချက်ကြည့်လိုက်သေးတယ်။ ဒါပေမဲ့လည်း ဇော်မောင်ဟာ သူ့အိမ်က အိမ်သာကို မေ့နေလို့သာပါ။ သိပ်ထူးလှတယ် မဟုတ်ပါဘူး။ အဖြူရောင် အိမ်သာခွက်ဟာ ဝါညစ်ညစ်အကွက်တွေ အစင်းတွေနဲ့ သိပ်ကြည့်ရဆိုးတယ်။ ပန်းချီကားပေါ် ဆေးဝါကျဲကျဲတင်လိုက်မိလို့ အောက်ကိုစီးကျလာပုံမျိုးနေမှာ။

"တော့် ဖမ်းတယ် သေရင်တင်"

ညိုမြာက ရှေ့ကိုခါးကုန်း ဒေါ်ဗိုလ်မ မျက်နှာနားအထိ သူ့မျက်နှာကြီး အတင်းထိုးကပ်ကြည့် မျက်နှာချင်းဆိုင်ရင်း ပြောလိုက်တယ်။

"တကယ်လား ဆယ့်ခြောက်နဲ့ ရဲလှချည်လား"

ဒေါ်ဗိုလ်မက မထီလေးစားဟန်နဲ့ တစ်ချက်တော့ ပြောလိုက်သေး တယ်။ ဒါပေမဲ့လည်း အားပါလှတယ် မဟုတ်တော့ဘူး။ သူက ညိုမြာဆက်ဆွဲပါစေလို့ မျှော်လင့်နေခဲ့တာ။

"လှန်စမ်းပါ ကဲ"

"ဟဲ ဟဲ သေတယ်"

ညိုမြာ့ရဲ့မျက်နှာက ဘယ့်နှယ့်ရှိစဆိုတဲ့ပုံနဲ့ နှုတ်ခမ်းကို တစ်ချက် တွန့်လိုက်ရင်း ဒေါ်ဗိုလ်မရှေ့က နှစ်ရာတန်ကို ဖျတ်ခနဲ ကောက်သိမ်းလိုက်တာ၊ ယင်ကောင်ကို မြွေပွေးပေါက်လိုက်တဲ့အတိုင်းပဲ။

"ကောင်မ စားရင်ကျ မြန်တယ်နော် လျော်ရင် သိပ်လက်နှေးတာ"

ဒေါ်ဗိုလ်မက မဲ့ကာရွဲ့ကာနဲ့ ပြောတယ်။ သူလည်း စိတ်ထဲကတော့ မချိလှဘူး။ နေကလည်း ပူတယ်။ ဒီတစ်လှည့်များရလိုက်ရင် ကိုတင်အောင့်ဆီက ရေခဲထုပ်တစ်ထုပ်လောက်တော့ ဝယ်စုပ်လိုက်ဦးမယ်စိတ်ကူးတာ ပါတောင်သွား သေးတယ်။ နောက်လှည့်ကြည့်လိုက်တော့ ကိုတင်အောင်က သူ့နောက်မှာ စက်ဘီးဟန်ဒယ်ကြီး ကိုင်ထားရင်း ဖဲချပ်တွေကို လှမ်းငေးကြည့်နေတယ်။

"တော်က ဟိုဘက်သွားရပ်စမ်းပါ၊ ကျုပ်နောက်မှာ လာရပ်နေလို့ ကျုပ် ဘူပိတ်နေတာ သွားစမ်းပါ" လို့ မဆီမဆိုင် ရန်လုပ်လိုက်သေးတယ်။

ဦးတင်အောင်ကတော့ ခပ်ပြုံးပြုံးနဲ့ပဲ ဘာမှတော့ ပြန်မပြောဘူး။ ဒေါ်ဗိုလ်မကျေနပ်အောင် စက်ဘီးကို နှစ်လက်မလောက် ရှေ့တိုးဟန် ပြလိုက်တယ်။

“ဇော်မောင် နင်လည်းလှန် ငါ ဆက်ဆွဲမယ်၊ ဒီမှာနော် ဆယ့်ခြောက်နဲ့ဆွဲတာ” လို့ပြောရင်း ညိုမြာက ဖဲထုပ်ထဲက ဖဲတစ်ချပ် ဆွဲယူလိုက်တယ်။ ဇော်မောင်လည်း နောက်ဖက်လက်ထောက်နေရာက ရှေ့ကိုပြန်ကိုင်း ပါးစပ်ကဆေးပေါ့လိပ်ချွတ်ပြီး သူ့ဖဲကို လှန်ပြလိုက်တယ်။ တစ်ဆယ်တစ်ချပ်၊ သုံးတစ်ချပ်၊ ကုလားတစ်ကောင်။

"ဟယ် သေပါရော ငါ့နှယ် ဖမ်းလိုက်ရမှာ"

ညိုမြာ တော်တော်ကြီးကို ယူကျုံးမရဖြစ်သွားပြီး ဇော်မောင့်ကို မျက်စောင်းပစ်ထိုးလိုက်တယ်။

“သေနာကောင် မှင်က ကောင်းလိုက်တာ"

"လုပ်စမ်းပါဗျာ... ခင်ဗျားဖဲ ခင်ဗျားကြည့်စမ်းပါ"

ညိုမြာက အထပ်ထပ်ကိုင်လွန်းလို့ ညစ်ထေးပေပွနေတဲ့ ဖဲချပ်ကို ရှူးခနဲ တစ်ချက်ဖိနမ်းလိုက်တယ်။ အပြင်ကို ပြူထွက်စပြုနေတဲ့ နှာခေါင်းမွေး နှစ်ပင်တောင် လွင့်ကျလာတော့မတတ်၊ စပါးခင်းကို လေပြင်းဖြတ်တိုက်လိုက် သလို ယိမ်းနွဲ့သွားတယ်။

“ဘေးကွက်၊ ဒေါင့်ချွန်းနဲ့ တစ်ဖဲတွေပဲ လာစမ်း”

ညိုမြာ ဒီနေ့ ဖဲကံ သိပ်မကောင်းဘူး။ စ,ပွတ်လိုက်ရုံရှိသေး ဘောင်ကြီး က တန်းလာတယ်။ ဒီတစ်ပွဲတင် သုံးရာ ရှုံးသွားတာပေါ့။

“မျှော်ရှာပြီ ထင်ပါလေရဲ့ ပြန်လာမယ့် အဟွတ်. . .အဟွတ်....ရက်ကို ရက်ကို တွက်ခါဆို လက်ရေချိုး အဟွတ် အဟွတ် အာ ဒီချောင်းကလည်း ဘယ်လိုဖြစ်”

ကိုကြည်နုရဲ့ ကြောက်စိတ်ကို တွန်းထုတ်ပြီး ဟန်ကိုယ့်ဖို့လုပ်ဆိုလာတဲ့ လမ်းပေါ်က အသံဟာ ညစ်စုတ်စုတ် အိမ်တန်းတွေကို ဖြတ်လို့ ဖဲဝိုင်းဆီထိ တုန်ခါပြီး ရောက်လာတယ်။ လူကို မမြင်ရသေးပေမယ့် ဖဲရှုံးလို့ ညစ်ကန်ကန် ဖြစ်နေတဲ့ ညိုမြာဟာ သူ့လင်တော်မောင်ရဲ့အသံကို ကြားလိုက်တာနဲ့ ပိုပြီး ဒေါသထွက်သွားတယ်။

“ဟဲ့ သေချင်းဆိုး သီချင်းတအေးအေးလုပ်မနေနဲ့ အမြန်လာ၊ ဘာလို့ ဒီလောက်နောက်ကျနေတာလဲ စောက်ကောင်ရဲ့ ငါ့မှာ ဗိုက်ထဲ တဂွီဂွီ ဖြစ်နေပြီ”

အိမ်ရဲ့ တံစက်မြိတ်အောက်ဆီထိ တစောင်းကြီး ရွဲ့ကျနေတဲ့ သက်ငယ်မိုး တစ်ချပ်ကို သတိနဲ့ ခေါင်းငုံ့ရှောင်လိုက်ရင်း ဝင်လာတဲ့ ကိုကြည်နုဟာ အိမ်အနောက် ဖဲဝိုင်းအလယ်မှာ တောခွေးအတစ်ကောင် ဆောင့်ကြောင့်ထိုင်သလို ထိုင်နေတဲ့ ညိုမာ့ကို စေ့စေ့မကြည့်ရဲသေးဘူး။ လွယ်အိတ်ကို အိမ်တိုင်က သံငုတ်မှာ ချိတ်လိုက်ရင်း သူ့မိန်းမကို မျက်လုံးစောင်းပြီး တစ်ချက်အကဲခတ်လိုက် သေးတယ်။ ပြီးတော့မှ မဝံ့မရဲလေလေးနဲ့ စကားပြန်တယ်။

"ပိုက်ဆံလိုနေသေးလို့ပေါ့ဟာ နင်ကလဲ..."

သီချင်းဆိုလိုက်တိုင်း ချောင်းဆိုးနေလို့ စကားတောင် စိတ်ဖြောင့်အောင် မပြောရဲတော့ဘူး။

“နင့်ပြောလိုက်ရင် ဒီလိုပဲ စောက်ကောင် မနက်ဆို အသေကောင်လိုပဲ မထချင်ဘူး၊ ဒါကြောင့် နင့်ကို စောစောသွားပါလို့ ငါ မပြောခဲ့ဘူးလား ဟင်...”

ညိုမာကလည်း ဖိဟောက်တယ်။ ကိုကြည်နုကတော့ ခွန်းတုံ့ပြန်မနေ တော့ဘဲ ပန်းကန်စင်ဆီသွား ဝယ်လာတဲ့ လက်ဖက်ရည် ပါဆယ်ကို သံမတ်ခွက် ထဲ ငှဲ့ထည့်လိုက်တယ်။ ပြီးတော့ ညိုမာ့နား ကပ်ထိုင်လိုက်ရင်း ဘယ့်နှယ်လဲ နိုင်ရဲ့လားလို့ မျက်နှာချိုသွေးပြီး မေးလိုက်သေးတယ်။ လက်ဖက်ရည်ခွက်ကို ညိုမာ့ရှေ့ ချပေးပြီးကာမှ လွယ်အိတ်ထဲ ကျွတ်ကျွတ်အိတ်နဲ့ ထည့်လာတဲ့ အီကြာကွေးကို သတိရသွားပြီး တိုင်မှာချိတ်ထားတဲ့ လွယ်အိတ်ထဲကနေ အီကြာကွေးထုပ်ကို သွားယူတယ်။

“အသစ်ဖွင့်တဲ့ ဘောလုံးကွင်းနားက ဆိုင်က ဝယ်လာတာ၊ အီကြာကွေးကြီးတွေ အကြီးကြီးတွေပဲဟ”

“စောက်ပိုတွေလုပ်မနေနဲ့ ကြည်နု၊ ငါ ဒေါသထွက်နေတာနော်၊ ရင်ထဲမှာလသာနေတာ မဟုတ်ဘူး။ ဗိုက်က ဆာနေတာ ကြာလှပြီ အဆာလွန်ပြီး သေတော့မယ်”

ရင်ထဲမှာလသာနေတာမဟုတ်ဘူးဆိုတဲ့ ဇာတ်ဟန်ပါပါအသုံးကြောင့် ဒေါ်ဗိုလ်မနဲ့ဝင့်ဝါတို့ရဲ့ မျက်နှာဟာ “စောက်ပိုတွေဟယ်” လို့ မပြောလဲ “စောက်ပိုတွေဟယ်” လို့ ပြောနေပုံ မျက်နှာရှုံ့သွားကြတယ်။

ညိုမာဟာ ပါးစပ်က ပွစိပွစိပြောရင်း ကိုကြည်နုလက်ထဲက အီကြာကွေးကို စွတ်ခနဲ ဆွဲစောင့်ကူလိုက်ပြီး လက်ဖက်ရည်နဲ့ အငမ်းမရ တမြုံ့မြုံ့ တို့စားနေတယ်။ အောက်ကဖဲချပ်တွေမှာ လက်ဖက်ရည်စက် တစ်စက်နှစ်စက် ကျသွားလို့ လက်ညှိုးနဲ့ သပ်ယူပြီး လျှာပေါ် သုတ်ချလိုက်သေးတယ်။ သုံးလေး လုတ်

ဆက်တိုက်မြို့ချပြီးတော့မှ အာသာပြေသွားပုံနဲ့ တစ်ဝိုင်းလုံးကိုခြုံလှည့်ကြည့်လိုက်ပြီး...

"ရှမ်းကိုးမြီး ကစားရအောင် ဘယ်လိုလဲ၊ ဆ အကုန်ဖွင့်ပြီး အလှည့် ကျ ဒိုင်ကိုင်မယ်လေ" လို့ ပြောလိုက်တယ်။

ဝင့်ဝါက ဖဲကောင်းနေတော့.

"ချလေ လုပ်လိုက်ရအောင်" လို့ ထောက်ခံတာနဲ့ တွမ်တီဝမ်းကနေ ရှမ်းကိုးမြီးဝိုင်းအဖြစ် ပြောင်းလိုက်ကြတယ်။

"ကြည်နု ဘယ်လောက်ပါသေးလဲ ငါ့ပေးခဲ့ဦး"

"ဟေ အေး... တစ်ထောင့်ငါးရာလောက်တော့ ပါသေးတယ်၊ ငါ့ နှစ်လုံးထိုးဖို့ နည်းနည်းချန်ထားဦးလေ"

တကယ်တော့ ကိုကြည်နုမှာက ခါးလိမ်ဘတ်ငွေ ရှိပြီးသားပါ။ ဒါပေမဲ့ ရလည်းအမြတ်ပဲဆိုတဲ့သဘောနဲ့ ပြောကြည့်တယ်။ သို့သော် မရပါဘူး။

"ဟင် နင် ဒီအပတ်ပါသွားတာ ဘယ်လောက်ရှိနေပြီလဲ၊ ကြည်နုနော် ပိုက်ဆံ တော်တော်ဖြုန်းတတ်နေတယ် ဟုတ်လား၊ ကြည့်ကျက်လည်း လုပ်ဦးနော် ငါ ဖာခံထွက်နေရမယ်"

"သုံးတစ်လုံး အပိုင်ရထားလို့ဟ"

"တော်စမ်း... ပိုက်ဆံထုတ်တော့၊ စောက်စကားကို ရှည်တယ်"

သူတို့လင်မယားနှစ်ယောက်ရဲ့ အကြည်ဆိုက်ခန်းကို ကျန်တဲ့လူတွေဟာ ပျင်းရိငြီးငွေ့နေကြဟန်နဲ့ စိတ်မရှည်လက်မရှည် အမူအယာတွေပြလာတာကို သတိထားမိလို့ ညိုမြလည်း ပြင်းထန်အားပါတဲ့အမိန့်သံနဲ့ စကားစကို သိမ်းလိုက်တယ်။ ကိုကြည်နုလည်း သူ့မိန်းမလေသံကြောင့် ဘယ့်နှယ်မှ ဆက်အထွန့် မတက်ရဲတော့ဘဲ အိတ်ထဲက ငါးဆယ်တန်၊ တစ်ရာတန် အကြွေကလေးတွေ အကုန်ထုတ်ချပေးလိုက်ပြီး ကွပ်ပျစ်ပေါ် တက်လှဲနေလိုက်တော့တယ်။

ဖဲဝိုင်းနား သွားထိုင်နေမိရင် အလကားနေ အငေါက်ခံနေရမှာ သူ သိတယ်။ သူ့ဟာသူ ဖဲရှုံးတာနဲ့ ငါနဲ့ ဘာဆိုင်လဲလို့ နှာခေါင်းတစ်ချက်ရှုံ့လိုက်မိသေးတယ်။ ညိုမြာ ဖဲဝိုင်းထဲ စိတ်ရောက်သွားပြီး သူ့ဆီ စိတ်လည်း မလာလောက်တော့ဘူးလို့ ထင်ရလောက်တော့မှ ပုဆိုးခါးပုံစံထဲ ခေါက်ထည့်ထား တဲ့ နှစ်လုံးချိုင်းစာရွက်ကလေးကို အသံမထွက်အောင် မရဲတရဲ ဖြန့်ကြည့်ရင်း ဖဲဝိုင်းဘက် တစ်ချက်ကြည့်လိုက်တော့ အဘိုးကြီးဦးတင်အောင်က သူ့ကို

ပြုံးကြည့်နေလို့ သူလည်း ဇက်ကလေးပု သွားကလေးဖြဲ နှုတ်ခမ်းပေါ် လက်ညှိုး ကလေးတင်ပြီး "ရှူးတိုးတိုး" ဆိုတဲ့ဟန်လုပ် ပြန်ပြုံးလိုက်ရတယ်။ အင်း ရေခဲချောင်းလေး တစ်ချောင်းလောက် စားလိုက်ရရင် ကောင်းမှာပဲလို့တောင် ကိုကြည်နု အာသီသ ဖြစ်မိသွားတယ်။ ရာသီဥတုကလည်း ထာဝရလိုလို ပူနေတာကိုး။ ဒါပေမဲ့လည်း သူက ချောင်းနည်းနည်းဆိုးချင်နေတော့ စားလို့ မဖြစ်သေးပါဘူးလေလို့ တကယ်လည်း ဝယ်စားမှာမဟုတ်ဘဲ ဖြေသိမ့်နေလိုက် သေးတယ်။ ခဏပါပဲ အဲဒီနောက် သုံးနဲ့ကပ်ရမယ့် ဘိုင်သေတစ်လုံးကို ခပ်တိုးတိုးကလေး သီချင်းညည်းလို့ ရှာနေလိုက်တော့တယ်။

"မင်း မျှော်မှန်းတာက စိန်ခဲ မြခဲ အဟွတ် အဟွတ် ကိုယ့်မှာတော့ လမ်းခင်းတဲ့ ကျောက်ခဲ အဟွတ် အဟွတ် ဗွိ ... ထွီ"

မနက်ရှစ်နာရီလောက်ကတည်းကစတဲ့ ဖဲဝိုင်းဟာ ရှမ်းကိုးမြီးဖြစ်လိုက်၊ တွမ်တီဝမ်းဝိုင်း ပြန်ဖြစ်လိုက်နဲ့ ညနေ ခြောက်နာရီရောက်မှ ဘယ်သူရှုံ့လိုက် တယ်မသိဘဲ ရပ်ကွက်ဥက္ကဋ္ဌ၊ ဆယ်အိမ်ခေါင်းနဲ့ ရဲပြုတ်တစ်ယောက် ရောက်လာ လို့ ဝိုင်းသိမ်းလိုက်ရတယ်။ ဘေးအိမ်ကလူတွေ တိုင်ရင်လည်း တိုင်ချင်စရာ။ ကြေးကြီးလှတယ် မဟုတ်ပေမယ့် ဖဲကောင်းချိန်ဆိုရင် စမ်းရေလမ်းထိပ်က ကြားရအောင် ထထအော်ပြီး၊ ဖဲညံ့လို့ ဆဲပြန်ရင်လည်း လမ်းထိပ်က ကြားရတာပဲ။ ညိုမာနဲ့ ဝင့်ဝါကတော့ အသံအကျယ်ဆုံးပေါ့။ အပတ်စဉ် ဘုံဆွမ်းလောင်း အသင်းလား အောက်မေ့ရအောင် ကျယ်တာ။ ကိုကြည်နုကတော့ နေ့လယ် ဆယ့်တစ်နာရီလောက်ကတည်းက သူ့ရဲ့ စံတင်လောက်တဲ့ အလုပ်ကို ထွက်သွား ခဲ့ပြီးပြီမို့၊ နို့ဆို သူပါ ကိုးလို့ကန့်လန့်နဲ့ ပါနေဦးမှာ။ ညိုမာ အပါအဝင် လေးယောက် ရပ်ကွက်ရုံးကို ကုပ်ကုပ်ကုပ်ကုပ်နဲ့ ပါသွားကြတယ်။

ဥက္ကဋ္ဌက သဘောကောင်းပါတယ်။ ရဲစခန်းကို တန်းခေါ်သွားရင်ရ ပေမယ့် ရပ်ကွက်ရုံးကိုပဲ ခေါ်သွားတယ်။ လက်ထိပ်တွေဘာတွေလည်း မခတ်ရှာ ဘူး။ ရုံးရောက်တော့မှ ဆုံးမစကားလေး တောင်တစ်ခွန်း မြောက်တစ်ခွန်း ပြောပြီးတဲ့နောက် တစ်ယောက်သုံးထောင်ဆီ ဒဏ်တပ်လိုက်တယ်။ ရပ်ကွက် အလှူငွေ သဘောထားပေါ့တဲ့။ မဆောင်နိုင်ရင်တော့ ရဲဆီပို့ရမှာပဲလို့ ထပ်လောင်း ပြောပြသေးတယ်။ လေးယောက်စလုံး ငိုမဲ့မဲ့တွေ ဖြစ်ကုန်ကြတယ်။ ဝင်ဖမ်းတုန်း က ဝိုင်းထဲက ပိုက်ဆံတွေလည်း အကုန်သိမ်းလိုက်သေးတာဆိုတော့ ဒါတော့နည်းနည်းများတယ်လို့ လေးယောက်စလုံး စိတ်ထဲရှိပေမယ့် မပြောသာဘူး။ ဇော်မောင်ကတော့ အစောပိုင်းနိုင်ထားတာလေးတွေ ခါးပုံစထဲ အမြော်အမြင် ကြီးစွာ ခေါက်ထည့်ထားနိုင်ခဲ့လို့ သိပ်မျက်နှာမပျက်ဘူး။ ဒါပေမဲ့ ခါးပုံစထဲက ပိုက်ဆံကို ခုထုတ်ပြလို့တော့ မရဘူး။ သိမ်းသွားနိုင်တယ်။

"ပိုက်ဆံမပါရင် ခင်ဗျားတို့ အိမ်ကလူတွေကို ဆယ်အိမ်မှူး သွားခေါ်

ပေးလိမ့်မယ်၊ ပိုက်ဆံ ယူလာခဲ့ခိုင်းပေါ့။ ဒဏ်မဆောင်ဘဲနဲ့တော့ ပြန်လို့မရဘူး နော်”

ဒေါ်ဗိုလ်မက မကြာသေးခင်ကမှ ဝယ်ထားတဲ့ သူ့ကီးပက်ဖုန်းကလေး ကို ရင်ဘတ်ထဲကနေ ဟန်ပါပါ နှိုက်ထုတ်လိုက်ရင်း အော်ကြီးဟစ်ကျယ်နဲ့ “ယောကျ်ားကို လှမ်းခေါ်လိုက်မယ်” လို့ ပြောပြီးကာမှ၊ သူ့အိမ်မှာ စုစုပေါင်းမှ ဖုန်းက ဒီတစ်လုံးပဲရှိတာကို သတိရသွားတယ်။ ဆယ်အိမ်ခေါင်းကပဲ အားလုံးရဲ့ အိမ်တွေကို သွားအကြောင်းကြားပေးတယ်။ ဒေါ်ဗိုလ်မ ယောကျ်ားကြီးလည်း ပွတ်တွတ်ပွတ်တွတ် ပွစိပွစိနဲ့ရောက်လာပြီး သူ့မိန်းမ သူ ပြန်ရွေးသွားတယ်။ ဝင့်ဝါ ကို သူ့သမီးအကြီးဆုံးမလေးဖြစ်တဲ့ “မဲကြီး” က လာခေါ်တယ်။ ဇော်မောင် ကတော့ သူ့မိန်းမကို ခေါ်ခိုင်းတာပေါ့။ အသီးသီး ကိုယ့်လူကိုယ် ငွေသုံးထောင်နဲ့ လာရွေးယူကြရတယ်။ မသိရင် ပြန်အပေးဆွဲခံရသလိုပဲ။ ညိုမြာကတော့ ဘယ်သူလာရွေးခိုင်းရမယ် ရုတ်တရက် ဆုံးဖြတ်လို့မရဘူး။ ကြည်နုကိုတော့ ခေါ်လို့မရဘူး။ သူ့သမီးအကြီးမ ဇင်မာဦးကိုလည်း ခေါ်လို့ရမှာ မဟုတ်ဘူး။ အဲ့ကောင်မက ရှိလည်း ပေးမှာမဟုတ်ဘူး။ မအေတောင် မသဒ္ဓါတဲ့ ဟာမ။ အလတ်ကောင် အေးကိုလေးကိုပဲ ခေါ်ရတော့မှာ။ ဆယ်အိမ်မှူးကို …

“ဒူးရှည်ဆိုင်ကယ်ဆိုင်က အေးကိုလေးကို ခေါ်ပေးပါဦး” လို့ ပြောလိုက်တယ်။

ရပ်ကွက်ရုံးကနေ တခြားသူတွေ အလျှိုလျှို ပြန်သွားကြပြီး၊ သူ တစ်ယောက်သာ ငုတ်တုတ်ထိုင်စောင့်နေရတော့ စိတ်ကလည်း ရှုပ်နေတယ်။ တစ်ထောင့်ငါးရာတန် ဆင်းကတ်ကလေး ဝယ်ထားတာတောင် ဟန်းဆက် မကိုင်နိုင်လို့ ဖုန်းဆက်ခေါ်မရတဲ့ သူ့အဖြစ်ကိုသူ တွေးရင်း ကြည်နုကို ဒေါသထွက်မိသွားသေးတယ်။ နို့ဆို ဖုန်းဆက်လိုက်ရုံပဲလေ။ မိနစ်နှစ်ဆယ်လောက် နေတော့ အေးကိုလေး ရောက်လာတယ်။ ရပ်ကွက်ရုံးထဲက တန်းလျားမှာ ထိုင်နေတဲ့ သူ့ကို စိတ်ပျက်လက်ပျက် အမူအယာနဲ့ကြည့်လို့ သက်ပြင်းတချချနဲ့ပဲ။ ဒင်း ကလည်း သိပ်ဆရာလုပ်ချင်တဲ့ကောင်၊ ဒဏ်တော့ဆောင်ပေးပါရဲ့ ဂေါပက လေသံနဲ့ ပြောလို့ဆိုလို့ကို မပြီးတော့ဘူး။ ညိုမြာလည်း ကိုယ့်အပြစ်နဲ့ကိုယ်မို့ ငြိမ်နေလိုက်ပေမယ့် ဒင်းကို နရင်းပြင်းပြင်းအုပ်လိုက်ချင်စိတ်နဲ့ တော်တော်ကြီးကို ယားယံလို့နေတယ်။ အဲ့သလို ဆိုင်ရာဆိုင်ရာ မိသားစုတွေ ရောက်လာ၊ သုံးထောင်စီ ဒဏ်ဆောင်ပြီး အိမ်ပြန်လာခဲ့ကြရတဲ့ လမ်းတစ်လျှောက် အကုန်လုံး ဟာ တောက်တခေါက်ခေါက်၊ အံတကြိတ်ကြိတ်နဲ့ပေါ့။

“ဘယ်မိမဆုံးမ ဖမဆုံးမကောင်၊ ကောင်မတွေကို ညှော်င့်လိုက်တယ် မသိဘူး၊ စောက်ကောင်မတွေ သိလို့ကတော့ မျက်ခွက်ကို ဟိုဟာနဲ့ တက်ပွတ်ပြ မယ်” လို့ ညိုမြာက ကြိမ်းတယ်။

"ဖေတစ်ရာမသားတွေက အလကားနေရင်း မနာလိုနေကြတာ၊ မစ္ဆရိယစိတ်များတဲ့ တစ်လုံးချင့် အောက်တန်းစားတွေ သိမယ် ဝင့်ဝါ အကြောင်း သိစေမယ် ဟင်း...."

ဝင့်ဝါကဆို လမ်းထဲပြန်ရောက်ရောက်ချင်း ဆယ့်ငါးမိနစ်လောက် အဲ့သလို အော်နေသေးတာ။ ဒေါ်ဗိုလ်မကတော့ ညိုမြာနဲ့ ဝင့်ဝါ ဆဲဆိုနေကြတာကို သဘောတူပေမယ့် ပါးစပ်ကတော့ ထုတ်မပြောဘူး။ စိတ်ထဲကနေပဲ ကြိတ်ပြီး ကျိန်ဆဲနေလိုက်တယ်။ သူက ပန်းသည်၊ တစ်လမ်းလုံးကလူတွေအကုန်လုံး သူ့ဆီကပဲ ဘုရားပန်းဝယ်ကြတာ။ ဈေးသည်ဆိုတော့ လူမုန်းများလို့တော့ သိပ်မဖြစ်ဘူးဆိုတာ သူက နားလည်တယ်။ တကယ်တော့ ညိုမြာတို့ ဝင့်ဝါတို့ ဟာ ဘယ်သူဘယ်ဝါ တိုင်မှန်း မသိသလိုလုပ်ပြီး နာမည်မတပ်ဘဲ ဆဲဆိုနေကြ တယ် ဆိုပေမယ့် ဘယ်သူတို့လိုက်တယ်ဆိုတာ သူတို့တွေ သိကြပါတယ်။

ဒီလမ်းထဲမှာ ထစ်ခနဲဆို ဆယ်အိမ်မှူးပြော၊ ဒက်ခနဲဆို၊ ရာအိမ်မှူး သတင်းပို့ လုပ်တတ်တာ အပျိုကြီးဒေါ်မီမီတင် တစ်ယောက်ပဲ ရှိတယ်။ လမ်းထဲ အပျော်ဆော့တဲ့ ဖဲဝိုင်း ဒိုးဆက်ဝိုင်းလေးဆိုရင်သာ သူက ဟိုရှို့ ဒီရှို့လုပ်နေတာ၊ တကယ်တော့ သူကမှ လက်ကြီးသမား။ နှစ်လုံး သုံးလုံး ဒိုင်ကိုင် တာလေ။ သူ့ကိုတော့ ဘယ်သူကမှ အတို့အထောင် မလုပ်ကြပါဘူး။ တစ်လမ်း လုံး နှစ်လုံး၊ သုံးလုံး မထိုးဘဲ နေနိုင်တဲ့လူရယ်လို့လည်း ရှိမှမရှိဘဲ။ တိုင်လည်း လိုင်းကြေး ကောင်းကောင်းပေးထားတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဆင့် လောက်က သူ့ကို ဘာဒုက္ခမှမပေးနိုင်ပါဘူး။ နောက်ပြီး ဒေါ်မီမီတင်ဆိုတာ ပျံကျသမားအများစုနေတဲ့ တစ်ဖက်ပိတ်စမ်းရေလမ်းထဲ သူ့ရဲ့ နေ့ပြန်တိုး၊ သူ့အကြွေးနဲ့ ကင်းတဲ့လူကလည်း မရှိသလောက်ပဲဆိုတော့ မကင်းနိုင်တော့ လည်း ပေါ်တင်တော့ မဆဲရဲဘူးပေါ့။

ဇော်မောင်ကတော့ အေးဆေးပဲ။ သူက စုစုပေါင်း ခြောက်ထောင် လောက်ကို နိုင်နေတာ သုံးထောင် ဒဏ်ဆောင်လိုက်တာတောင် နှစ်ထောင်ကျော် ကျော် ကျန်သေးတယ်။ သူ့အရင်းက တစ်ထောင်တည်းရယ်။ ဒါတောင် ဝိုင်းထဲက ပိုက်ဆံတွေ ဥက္ကဋ္ဌသိမ်းလိုက်လို့ နို့မို့ဆို အဲဒီခွင်မှာလည်း သူပဲရဦးမှာ။ ရတာမှ ဆနဲ့ကို ရမယ့်အလှည့်။ သူရမယ့်အလှည့်ဆိုတာတော့ ပြန်သတိရသွား တော့ ခပ်ပြင်းပြင်း တောက်တစ်ချက်ခေါက်လိုက်ရင်း ဒီ မီမီတင်ဆိုတဲ့ အပျိုကြီး တော့ တစ်ရက်မှ ငါ ဝင်အောင်းပစ်လိုက်ဦးမယ်လို့ စိတ်ပေါက်ပေါက်နဲ့ ကြိမ်းနေ လိုက်တယ်။ အရွှယ်ကောင်း၊ ဂျောတောင့်ရဲ့သားနဲ့ ခွေးစားသွားရင်တော့ နှမြောစရာလို့ ဆက်တွေးနေရင်း ပစ်မှားနေသေးရဲ့။

ညိုမြာနဲ့ သူ့သား အေးကိုလေးတို့ ရပ်ကွက်ရုံးကနေအိမ်ပြန်ရောက်တော့ အိမ်မှာ ကိုကြည်နုတောင် ပြန်ရောက်နှင့်နေပြီ။ ဒေါသဖောင်းဖောင်းနဲ့ ကော့ပက် ကော့ပက် ဝင်လာတဲ့ ညိုမြာ့ကို ကြည့်ပြီး ကိုကြည်နုဟာ ရယ်ချင်တာကို

အောင့်မထားနိုင်တော့ဘဲ တစ်ဖက်ကိုလှည့်လို့ ခွိခနဲ တစ်ချက် ရယ်လိုက်မိတယ်။ ကံဆိုးချင်တော့ အဲဒါကို ညိုမာက မြင်သွားတယ်။

"သူတောင်းစား နင်က ဘာရီတာလဲဟမ် မအေရိုး နင်သေချင်တာလားပြော" လို့ ပါးစပ်ကလည်းပြောရင်း လက်ကလည်း ပန်းကန်စင်ပေါ်က သံပန်းကန်ပြားတစ်ချပ် လှမ်းယူပြီး ပစ်ထည့်လိုက်တယ်။ ဆောင့်ကြောင့်ငုတ်တုတ်ထိုင်နေတဲ့ ကိုကြည်နုရဲ့ ဒူးခေါင်းကို ဂွက်ခနဲထိ၊ ပန်းကန်ပြားက ကွပ်ပျစ်ပေါ်မှာဂလွမ်ဂလွမ်နဲ့ လည်နေတာများ ရပ်နားဖို့ကြိုးစားနေတဲ့ ယူအက်ဖ်အိုအလားပဲ၊ ကိုကြည်နု တော်တော်နာသွားလို့ အသနားခံတဲ့ လေသံကလေးနဲ့ ဒူးခေါင်းကို ပွတ်ရင်း ပြောတယ်။

"ငါ ဘာလုပ်လို့လဲဟ နင်ကလဲ... အား ကျွတ်ကျွတ်နာလိုက်တာ ငါ့ဂုံညင်းခွက်တော့ ကွဲပါပြီ"

"ဟိုကောင်မ သီသီမေရော ဘယ်သွားတုန်း ခုချိန်ထိ ပြန်မလာသေးဘူးလား"

ညိုမာက ကိုကြည်နုကို ဘယ့်နှယ်မှ အရေးမထားတော့ပုံနဲ့ ကွပ်ပျစ်ပေါ်ဝင်ထိုင်လိုက်ရင်း သူတို့သမီး အငယ်ဆုံးမလေးကို မေးတယ်။

"နင်သောက်ဖို့ လက်ဖက်ရည်သွားဝယ်တယ်လေ၊ ငါ ဝယ်ခိုင်းလိုက် တာ"

ကိုကြည်နုက ညိုမာ့အနား တိုးကပ်သွားပြီး မျက်နှာလိုအားရနဲ့ ဖြေလိုက်တယ်။ ညိုမာလည်း ဘယ့်နှယ်မှ ပြန်မပြောတော့ဘူး။ နင်ပြန်ချင်ပြန်တော့လေလို့ အေးကိုလေးကို လှမ်းပြောလိုက်ရင်း ကွပ်ပျစ်ပေါ် လှဲအိပ်နေလိုက်တော့တယ်။ အေးကိုလေးကလည်း သူ့အမေကို တစ်လမ်းလုံးတရားချပြီးတဲ့နောက် "အမေတို့နဲ့စိတ်ညစ်ပါတယ်" ဆိုတဲ့ဆိုက်မျိုးချိုးပြီး လေးတိလေးကန် ထတယ်။ ပြီးတော့ ကိုကြည်နုကို မနှစ်မြို့တာလား ကရုဏာသက်တာလား မကွဲပြားတဲ့အကြည့်နဲ့ တစ်ချက်ကြည့်ပြီး သူ့ဆိုင်သူ ပြန်သွားတော့တယ်။

သီသီမေ သူ့အိမ်ကနေထွက်သွားတာကို လှမ်းမြင်လိုက်ကတည်းက ရေခဲဟာလမ်းထိပ်က ဗာဒံပင်အမှောင်ရိပ်အောက်မှာ ထိုင်ရင်း သီသီမေ ပြန်အလာကို စောင့်နေတယ်။ လက်ဖဝါးကနေ အလကားနေရင်း ချွေးစေးတွေထွက်နေလို့ သူ့အကျီဓါးနေရာတွေနဲ့ သုတ်ရင်း၊ ခြင်ရိုက်ရင်းနဲ့ပဲ အချိန်ကုန်အောင် အားထုတ်နေရတယ်။ ရေခဲက သီသီမေ့ကို ကြိုက်နေတာ။ သီသီမေကလည်း သူ့ကို စိတ်ဝင်စားပုံပေါ်ပါတယ်။ လူကြီးလစ်တဲ့အချိန် တစ်ခါ နှစ်ခါလောက် သီသီမေ့ ပါးကလေးကို လက်နဲ့ ဖျစ်ဖျစ်ကြည့်တယ်။ လက်မောင်းကလေးကို ပွတ်ပေး တယ်။ သီသီမေကလေးကလည်း ပြုံးပြုံးပဲ။ သူ့ကို အဲဒီလို မထိတထိကလေး တွေ

လုပ်နေတာကို သဘောကျပုံတော့ ရှိတယ်။ ဒါပေမဲ့ ကောင်မလေးက ငယ်သေးတော့ မရဲဘူး။ ရေခဲကတော့ တော့်တော့်ကို စွဲလန်းနေပြီ။ မနက်ခင်း အစော ရထားပေါ်တက်ဖို့ အိပ်ရာကနေ ထလိုက်တာနဲ့ သီသီမေတို့ အိမ်ဘက်ကို လှမ်းကြည့်လိုက်တယ်။ သူတို့အိမ်က ရေခဲတို့အိမ်နဲ့ မျက်နှာချင်းဆိုင်ပဲ။ ရေအိုးအနား မျက်နှာသစ်၊ သွားတိုက်နေရင်းနဲ့လည်း ကောင်မလေးများ သူတို့ အိမ်ထဲက ထွက်လာလေမလား။ အိမ်ရှေ့တံခါးကို ငေးလို့ပဲ။ ဒါပေမဲ့ မနက်ခင်း လေးငါးနာရီကြီး သူတို့လို ရထားဈေးသည်မို့သာ ထရတာ၊ တစ်လမ်းလုံး အိပ်ကောင်းတုန်းအချိန်ကြီး သီသီမေကလေးလဲ ပိုးလို့ပက်လက် အိပ်ကောင်းတုန်း ပေါ့။ ရေခဲကတော့ မနက်ခင်းထတိုင်း ချောင်းတာပါပဲ။ အနည်းဆုံး သေးပေါက် ကလေးများ ထွက်လာမလားပေါ့လေ။ ရထားပေါ် ဈေးရောင်းနေရင်းနဲ့လည်းဖော့ထမင်းဘူးကလေးပေါ်မှာ သီသီမေ့ မျက်နှာကလေးကို စိတ်မှန်းနဲ့ ပုံဖော်ကြည့် တယ်၊ ရထားပေါ် ယိမ်းခါနေအောင် လမ်းလျှောက်နေရင်းနဲ့ ရထားခေါင်မိုးက မီးလုံးကပ်ကပ်ကလေးမှာ သီသီမေ့မျက်နှာ ကလေးက ထင်နေတယ်။ နောက်ဆုံး ပြင်းထန်ပြီး စိတ်ရှုပ်ထွေးဖို့ကောင်းတဲ့ ရထားသံ ဂျုံးဂျုံးဂျက်ဂျက်ကတောင် သီသီမေလေး သီသီမေလေးလို့ အော်နေသလိုပဲလို့ ထင်နေမိတယ်။

ရေခဲအနေနဲ့ကတော့ ငယ်ကလည်းငယ်သေးတော့ ဖြစ်နိုင်တာ မဖြစ်နိုင် တာတွေ သိပ်မစဉ်းစားတတ်ပေမယ့် သီသီမေ့ကို ယူမယ်လို့ စိတ်ကူးယဉ်နေတာ။ ငယ်တုန်းဆိုတာကတော့ အိပ်ရာထဲအထိ ပါလာတတ်တဲ့ ကြော်ငြာမင်းသမီးနဲ့ လကမ္ဘာသွား ဒုံးပျံအထိ စိတ်ကူးယဉ်စရာချည့်ပဲ။ သီသီမေကလေး ငယ်ငယ် ကလေးနဲ့ အလုပ်လုပ်၊ သူ့အမေက ဆူပူအော်ဟစ်၊ ရိုက်မောင်းပုတ်မောင်း လုပ်နေတာတွေကို နည်းနည်းလေးမှ မကြည့်ရက်တော့ဘူး။ သူနဲ့သာ ယူလိုက်ရင် သီသီမေကလေးကို အိမ်မှာအကျအနထား ဘာအလုပ်မှ ထွက်မလုပ်စေရ။ ရွှေပေါ်မြတင်ကလေး ထားလိုက်မယ်လို့ အတူနေရမယ့် အချိန်ကလေးကိုတွေး ကျေနပ်လို့နေတာပဲ။ သူ့ဝင်ငွေက သူ့အမေကိုသာ ပိုက်ဆံပြန်မအပ်ရင် အိမ်ထောင် တစ်ခု ကောင်းကောင်းလည်ပတ်လို့ရတယ်လို့ တွေးတယ်။ ခုနောက်ပိုင်းဆို ဦးသိန်းမောင်ထက်တောင် သူက ပိုရောင်းရသေးတယ်။ ငယ်ကလည်းငယ်တော့ ရထားတွဲတွေပေါ် ရှေ့ကနေနောက်၊ နောက်ကနေရှေ့ လှစ်ခနဲ လှစ်ခနဲ ခုန်ကျော် လို့၊ ခွနင်းလို့ ထမင်းဗူး လေးငါးဆယ်ဟာ သူ့အတွက်တော့ ခဏပဲ။ ဟာကြူလီ ကို ခေါက်မုန့်သယ်ခိုင်းသလောက်ပဲ ရှိမယ်။ နောက်ပြီး သူက ဖွေနှစ်လုံး၊ ဈေးရောင်းသိပ်စွံတာ။

လက်ဖက်ရည်ထုပ်ကလေး ဆွဲပြီး သီသီမေ ဗာဒံပင်အောက်ရောက်တော့ အပင်နဲ့ကွယ်ပြီး မှောင်ရိပ်ခိုနေတဲ့ ရေခဲကို မမြင်သေးဘူး။ “ဟိတ်” လို့ ရေခဲက အသံပြုလိုက်တော့ လန့်ဖြန့်သွားပြီးမှ ရေခဲမှန်းသိလိုက်တော့ ပြုံးလိုက် တယ်။

အပျိုဝင်ဖော်စ မိန်းကလေး ဆိုတော့လည်း အားလုံးဟာ မခို့တရို့ ပြုံးချင်စရာချည့်ပဲ။ အိပ်တဲ့အချိန်နဲ့ ငရဲတမျှ ဆူလောင်နေတဲ့ သူ့အိမ်မှာက လွဲရင်ပေါ့လေ။ ပျော်တော့လည်း ပြုံး၊ လန့်တော့လည်း ပြုံး၊ ပြုံးနေလျက်ကပဲသီသီမေက ပြောတယ်။

"လန့်လိုက်တာ ကိုကြီးရေခဲရယ် ဒီမှာဘာ လုပ်နေတာလဲ"

ရေခဲက အမှောင်ထဲကနေ သီသီမေ့ကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်ရင်း အချစ်စိတ်က ပါးစပ်ဖျားနှုတ်ခမ်းနားမှာ တရှူတရှူဖြစ်လို့ တက်လာတယ်။ မခို့တရို့လေးလုပ်နေတဲ့ သီသီမေ့ကို ရုတ်တရက် ကုန်းဖက်လိုက်ပြီး ဖောင်းဖောင်းအိအိကလေးဖြစ်နေတဲ့ ပါးကို ရွှတ်ခနဲ တစ်ချက်နမ်းလိုက်တယ်။ “အဲ့…” ခနဲ အသံတစ်ချက်ပြုပြီး သီသီမေ မျက်လုံးပြူးသွားတယ်။ ကိုကြီးရေခဲက ရဲလိုက်တာ ဘေးလူတွေမြင်ပြီး အမေ့ကို တိုင်လိုက်မှဖြင့် အမေက ဝင်းထရံက ဝါးခြမ်းပြား ဆွဲပြီး ဆော်မှာလို့ စိုးရိမ်စိတ်ဝင်သွားတယ်။ “ချစ်တယ် ညီမလေးရာ.. ငါ့ကို ယူမလား… ဟမ်”

ရေခဲရဲ့ အဲဒီစကားကို ကြားပေမယ့် သီသီမေဟာ ဗာဒံပင်အောက်ကနေ အပြေးကလေး ထွက်လာခဲ့တယ်။ ပြေးနေရင်းနဲ့ ရင်ဖိုတာရော၊ အံ့ဩတာရော ကြောင့် ပြုံးမဲ့မဲ့ကလေး ဖြစ်လို့နေတယ်။ အဲ့သလို ရင်တဖိုဖို၊ ပြုံးတုံးတုံးမဲ့တဲ့တဲ့ လေးနဲ့ အပြေးကလေးထွက်လာတုန်း အိမ်ရှေ့မရောက်ခင်လေးတင် သူ့အစ်ကို လေး အိမ်ကထွက်လာတာကို မြင်လိုက်ရလို့ “အမယ်လေး တော်သေးတာပေါ့ ဆက်နေလိုက်မိရင်တော့ အသတ်ခံရမှာ” လို့ ရင်တမမ ဖြစ်မိသွားတယ်။ အေးကိုလေးက သူနဲ့ မအေတူဖအေကွဲ အစ်ကိုလေ။ သူ့ကိုတော့ ချစ်ပါတယ်။ အိမ်အပြင်ဘက်ထွက်လာတဲ့ အစ်ကိုလေးဆီ မုန့်ဖိုးတောင်းဦးမှလို့ ကပ်မလို့ရှိသေး သူ့ကိုလှမ်းမြင်လို့ထင်ပါရဲ့ အမေက ပြတင်းပေါက်ကနေ လှမ်းငေါက်လိုက် တယ်။

“ဟဲ့ သီသီမေ လက်ဖက်ရည်ဆိုင်သွားတာ တစ်နာရီလောက် ကြာတယ် ကောင်မ နင်ဘာလုပ်နေတာလဲ”

အေးကိုလေးက သဘောပေါက်ပါတယ်။

“သွား သွား နက်ဖြန် အလုပ်သွားရင်း ကိုလေးဆိုင်ကို လာခဲ့” လို့ပြောပြီး ပြန်သွားတယ်။

“ဘာမှမလုပ်ပါဘူး အမေရဲ့ ဆိုင်မှာ လူကျနေလို့ စောင့်နေရလို့ပါ”

"ကောင်မနော် ပြောလိုက်ရင် ဆင်ခြေတွေက တပုံကြီးနဲ့ တော်တော်စကားတတ်နေတယ်၊ နှင့်အသက် ဆယ့်လေးနှစ် ရှိသေးတယ်

လင်ထောင် ဖို့ စဉ်းစားမနေနဲ့”

သီသီမေကိုယ်တိုင်လည်း ရေခဲကို ချစ်နေပြီလို့တော့ သူ့ကိုယ်သူ ထင်တာပဲ။ သူက ငယ်သေးတယ်။ ဖအေနဲ့တူလို့ ကိုယ်လုံးကိုယ်ပေါက် အဆက် က ကြီးထွားနေပေမယ့် ရင်သားကလေးတွေမှ စူရုံရှိသေး။ အပျိုအရွယ် တစ်ယောက်ရဲ့ လှပတဲ့ ကောင်းကြောင်းမျိုး သိပ်မကြာခင် သေချာပေါက် ဖွံ့ဖြိုးလာမယ်ဆိုပေမယ့် တင်ပါးကလေးကိုက ကလေးတင်ပါးသာသာလေး ရှိသေးတယ်။ ရည်းစားထားရမယ့် အရွယ်၊ သူ့အမေပြောသလိုဆိုရရင် လင်ထောင်ရမယ့် အရွယ်မဟုတ်သေးဘူးလို့ ထင်တယ်။ ဒါပေမဲ့ ရေခဲမျက်လုံး တွေ၊ မပြောမဆို ဆတ်ကနဲ လက်ကိုကိုင်လိုက်တာ၊ ပါးကိုနမ်းလိုက်တာတွေကို ကြောက်ကြောက်လန့်လန့်နဲ့ပဲ တွေးပြီး ပီတိဖြစ်နေမိတယ်။ ရေခဲရဲ့ လက်ကြမ်းကြီး နဲ့ သူ့အသားကို ထိလိုက်တိုင်း သူ့ကိုယ်တွင်းက အကြောအချဉ်တွေအကုန်လုံးကို စိမ့်ထောင်သွားအောင် ကြက်သီးထမိတယ်။ နောက်ပြီး “ငါ့ကို ယူမလား” တဲ့။ အဲဒါကိုတော့ သီသီမေ မတွေးတတ်ဘူး။ ဒါပေမဲ့ ကိုကြီးရေခဲနဲ့ အတူနေရ ရင်ကောင်းမှာလို့ သူတွေးမိတယ်။

အိမ်မှာက အမေနဲ့အတူရှိနေရရင် အမြဲအငေါက်ခံနေရတာ၊ အငေါက်မခံ ရချိန်ဆိုလို့ အမေအိပ်နေတဲ့အချိန်နဲ့ သူ အလုပ်သွားနေတဲ့အချိန်ပဲရှိတယ်။ သူ ထိုင်နေရင်လည်း မိန်းကလေးဖြစ်ပြီး ဘယ်လိုထိုင်နေလို့ ငေါက်ပြန်ပြီ။ သူ ထနေလည်း ဘာလုပ်နေတာလဲ မိုးတိုးမတ်တတ်နဲ့ရယ်လို့ ကြိမ်းပြန်ရော။ အမေက ဆယ့်နှစ်ရာသီ ဒေါသထွက်နေတာ။ သူရှိရင် သူ့ငေါက်တယ်။ အဖေရှိရင် အဖေ့ကိုငေါက်တယ်။ ဘာသာတရားကိုင်းရှိုင်းတဲ့ အဘိုးကြီးအဘွားကြီးတွေ အားနေရင် ဘုရားဂုဏ်တော်ရွတ်နေသလိုမျိုးကို ငေါက်တာ။ ဒီကြားထဲ တစ်ခါတလေမှလာတတ်တဲ့ သူ့မအေတူဖအေကွဲအစ်မက ဝင်ဝင်ငေါက်သွား သေးတယ်။ အလုပ်လုပ်တဲ့ဆိုင်ကလည်း ငေါက်တာပဲ။ သူ့ကို မငေါက်မငမ်းတာ ဆိုလို့ သူ့အဖေနဲ့ သူ့ကိုလေးပဲ ရှိတယ်။ အဲသလို အိမ်နဲ့အလုပ် အပြိုင်သာငေါက်နေကြတာ။ သူအလုပ်လုပ်တဲ့ဆိုင်နာမည်က “အေးရိပ်” တဲ့။ သူတို့လမ်းရဲ့ နာမည်က “စမ်းရေ” လမ်းတဲ့။

သီသီမေ အိမ်မှာကို မနေချင်တော့တာ။ အိမ်မှာမနေချင်လို့ အလုပ်ကျ ပြန်တော့လည်း အရမ်းပင်ပန်းတယ်။ မနက်ကိုးနာရီကစ သူအလုပ်ဝင်တယ်။ သူ့အလုပ်က မြို့ထဲကထမင်းဆိုင် တစ်နေကုန် ညနေအလုပ်ဆင်း ခြောက်နာရီခုနစ်နာရီအထိ၊ ထိုင်နေရတယ်လို့ကို မရှိဘူး။ ရေနွေးအိုးတည်၊ ထမင်းချက်၊ ရေဆွဲ၊ ပြီးရင် ပန်းကန်တွေဆေး၊ သီသီမေ့လက်ကလေးတွေဆိုတာ အမြဲ ပဲကြီးရေတွေ တွန့်လို့။ ညနေခင်း အိမ်ပြန်ရောက်တဲ့အခါ အမှိုက်ခြင်းထဲက သုံးပြီးသားတစ်ရှူးစတွေလို မဲသဲနွမ်းဖတ်နေပြီ။ တစ်ခါတည်း တုံးလုံးလှဲလိုက်ချင် တော့အောင် ပင်ပန်းတာ။ ဒါပေမဲ့ မရဘူး။ အမေခိုင်းတာတွေက လုပ်ပေးရသေး

တယ်။ အဖေကတော့ သူ့ကို ချစ်ပါတယ်။ သူ့အမေအလုပ်ကလွဲရင် မခိုင်းဘူး။ ဒါပေမဲ့ သူအဖေကြောင့်လည်း သူစိတ်ညစ်ရတယ်။ သူ့အဖေဟာ သူ့အမေ မန္တန်တွေရွတ်ပြီး စီရင်မှုတ်သွင်းထားတဲ့ လေထိုးရုပ်ပဲ။

တခါတလေ ထမင်းဆိုင်အနား သူ့အဖေရောက်လာတာ လှမ်းမြင်လိုက်ရရင် သီသီမေဟာ နောက်ဖေးထဲ တန်းဝင်ပုန်းနေတော့တာပဲ။ ပန်းကန်ဆေးစရာ ရှိရှိ၊ မရှိရှိ၊ ရေဆွဲဖို့ လိုလိုမလိုလို။ ဒါတောင် အဖေက အလိုက်မသိ ဆိုင်ထဲဝင်လာပြီး ကြောင်တောင်တောင်လုပ်ချင်လုပ်နေသေးတာ။ ဆိုင်က မောင်းလွှတ်ချင် မောင်းလွှတ်ရော။ အဲဒီအချိန်မျိုးဆိုရင် သီသီမေ အရမ်းငိုချင်တာပဲ။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ အားလုံးဟာ အမေ့စနက်တွေနဲ့ချည့် သွားနေရတာ။ အဖေလည်း အမေခိုင်းလို့ လုပ်နေရတာပဲ။ ဒါပေမဲ့ အပျိုဖြစ်နေပြီဖြစ်တဲ့ သူကတော့ ရှက်တာပေါ့။

ဆိုင်မှာတနေကုန် တစ်နေခမ်းလုပ်လို့လည်း တစ်ခါမှ ပိုက်ဆံကိုင်သုံးရတယ်လို့ မရှိဖူးဘူး။ ဘာလေးညာလေး ဝယ်ချင်လို့ ပိုက်ဆံလေးနည်းနည်း ထုတ်ပေးဖို့ မေးလိုက်မိရင် ဆိုင်ရှင်က "နင့်အမေ သုံးလစာထုတ်သွားပြီ" ဆိုတာချည့်ပဲ။ ထမင်းဆိုင်မှာ သီသီမေအလုပ်လုပ်တာ ဆယ့်တနှစ်သမီးကတည်းက၊ ခုဆို သုံးနှစ်ကျော်လေးနှစ်ထဲ ဝင်နေပြီ။ တစ်ခါမှ ကိုယ့်လစာ ကိုယ်မထုတ်ဖူးဘူး။ အဲဒီတော့ သူ့မှာ အဝတ်အစားကောင်းကောင်းရယ်လို့လည်း တစ်စုံမှမရှိဘူး။ ရှိတဲ့ ဟာလေးတွေတောင် အေးကိုလေး ဝယ်ပေးထားလို့ သူ့အမေ အလိုသာဖြင့် တုံးလုံးနေရဖို့ပဲ ရှိတော့တယ်။ သူ့အမေက ငါ့အင်္ကျီ ထဘီတွေ ယူဝတ်ပေါ့ဟဲ့ လို့ ပြောသေးတယ်။ သူ့အမေအဝတ်အစားတွေဆိုတာ ကျပ်ခိုးနဲ့ ရက်လုပ်ထား အထည်စတွေလိုပဲ။ မည်းလို့ ညစ်လို့ နံတာက ပိုသေးတယ်။ နောက်ပြီး သူနဲ့ ဘယ်လိုလုပ်တော်မှာလဲ။ အဝတ်အစားအသစ်သာ ဝယ်မပေးတာ၊ သူ အပျိုဖော် စဝင်တဲ့နေ့ကတည်းက ကျပ်လိုက်တာလည်း သူ့အမေအပြင် နှစ်ယောက်မရှိဘူး။ ဟိုမသွားနဲ့ ဒီမသွားနဲ့ ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့၊ ဟိုလိုနေပြန်ပြီ ဒီလိုနေပြန်ပြီ။ ကောင်မ ပရောပရည်နဲ့ဘာညာ ကွပ်လို့သာ ကွပ်နေတာ ဂွမ်းထုပ်ကလေးတောင် ဝယ်ပေးတာ မဟုတ်ဘူး။ သူတို့ခေတ်က တော့ ဟုတ်တာပေါ့၊ ထမိန်စုတ်ကလေး အပိုင်းပိုင်းဖြတ်၊ ထိုင်ရင်း ညှပ်ထားရုံ။ သီသီမေမှာတော့ အတွင်းခံဘောင်းဘီတောင်မရှိလို့ ဒုက္ခအတော် ရောက်ရတယ်။ သူ့အစ်ကို အေးကိုလေးသာမရှိရင် အဲဒီရက်တွေ သူ အိမ်ထဲက အိမ်ပြင်တောင် ထွက်ရမှာမဟုတ်ဘူး။ အဲဒါတွေတွေးလေ သူဟာ အိမ်ကနေသာဝေးရင် ဘယ်နေရာကိုဖြစ်ဖြစ် ထွက်ပြေးလိုက်ချင်တယ်လို့ အမြဲစိတ်အားထက်သန်နေမိတော့တာပါပဲ။

သူ့မှာ ပျော်စရာ၊ ရင်ခုန်စရာဆိုလို့ ရေခဲနဲ့ တွေ့ရတဲ့ အချိန်ကလေးတွေ

လောက်ပဲ ရှိတယ်။ ဒီနေ့ဆိုရင် ရေခဲက "ချစ်တယ် ညီမလေးရယ်...ငါ့ကို ယူမလား" တဲ့။ သူ ရေခဲကို ချစ်ပါတယ်။ ဒါပေမဲ့ သူ့အသက် ဆယ့်လေးနှစ်ပဲ ရှိသေးတယ်။ ဘယ်လိုလုပ်ယူလို့ရမလဲ။ သူ့အမေက သဘောတူမတဲ့လား။ သူ့အမေ ဒေါ်ညိုမြာကတော့ သူကိုယ်တိုင်သာ နောက်လင်ယူချင်ယူလိုက်မယ်။ သီသီမေကို လင်ပေးစားဖို့ အစီအစဉ်မရှိ။ ဖြစ်နိုင်ရင် တစ်သက်လုံး အပျိုကြီး လုပ်ခိုင်းပြီး ခိုင်းစားမယ့် အပေါက်မျိုးပဲ။ ဒါပေမဲ့ လမ်းထဲရပ်ကွက်ထဲမှာ ထစ်ခနဲနေ ခိုးပြေးကြတာတွေ ခဏခဏကြားနေရတာ၊ လူတိုင်း ခိုးပြေးနေကြ တာပဲ။ ရေခဲကတော့ သူ့ကို ခိုးပြေးမယ်ထင်တယ်လို့ စဉ်းစားကြည့်ရင်း ကလေး စိတ် မပျောက်သေးတဲ့ သီသီမေကလေးဟာ ရင်တဖိုဖို ဖြစ်လို့နေပါတယ်။

ရေခဲ အသက်က ဆယ့်ကိုးနှစ် ရှိပြီ။ ဆယ်နှစ်သားကတည်းက ဦးသိန်းမောင်နဲ့အတူ ရထားပေါ် ဈေးရောင်းလာခဲ့တာ။ ဦးသိန်းမောင်က သူ့ပထွေး၊ သူ့အမေ ဒေါ်ဌေးရဲ့ ဒုတိယလင်ပေါ့။ ရေခဲအဖေက ရေခဲ မမွေးခင် ကတည်းကပဲ သေသလား၊ မွေးပြီး နှစ်နှစ်သုံးနှစ်ကပဲ သေသလား၊ သေတာ တော့ တော်တော်ကို ကြာပြီ။ ရေခဲရဲ့ မှတ်ဉာဏ်ထဲမှာ သူ့အဖေရဲ့ မျက်နှာမရှိဘူး။ မရှိဆို သူ့အဖေဟာ သေသာသွားတယ်။ ဓာတ်ပုံလည်း မရိုက်ဖူးခဲ့ဘူးနဲ့ တူတယ်။ ရေခဲကိုယ်တိုင်ကလည်း သူ့အဖေအကြောင်း သူ့အမေကို တစ်ခါမှ မမေးဖူးဘူး။ ရုပ်ရှင်တွေထဲမှာဆိုရင်တော့ ဘယ်ရမလဲ။ ကျနော်အဖေ့က ဘယ်သူလဲလို့ မေး၊ မျက်ရည်တွေဟာ ဖယောင်းအရည်ပျော်သလို သီးနေအောင် ကျလာပြီး "ကျွန်တော်ဟာ သားငတ်ခဲ့တဲ့ အဖေ့မေတ္တာတယောက်ပါ" ဘာညာ ရုပ်တည်ကြီးနဲ့ ဒိုင်ယာလော့ခ်တွေပြောင်းပြန်ရွတ်၊ ဖခင်မေတ္တာဘွဲ့ကို အားပြုတဲ့ ဇာတ်လမ်းမျိုးလုပ်လို့ သိပ်ကောင်းမှာ။

သို့သော် ရေခဲကတော့ အေးဆေးပဲ။ အဖေမရှိလို့ ပတ်ဝန်းကျင်မှာ အနှိမ်ခံရတာ၊ ကျောင်းမှာ အစနောက်ခံရတာ မဖြစ်ဖူးပါဘူး။ မဖြစ်ဖူးဆို ကျောင်းကို မတက်ခဲ့ဖူးတာ။ ပတ်ဝန်းကျင်ကျတော့လည်း သူလူမှန်းသိတတ်စ လောက်ကတည်းက နေလာတဲ့ ဟောဒီ စမ်းရေလမ်းထဲမှာတော့ သူဟာ ပထွေး အနည်းဆုံးနီးနီးပဲ။ ဒီလမ်းထဲက ကလေးအများစုဆိုတာ ပထွေးပေါ် ပထွေးဆင့်၊ ပထွေးနှစ်ထပ်ကွမ်း၊ ပထွေးသုံးထပ်ကွမ်း၊ ပထွေးတွေ တလှေကြီးနဲ့ ပထွေးကမ္ဘာ တောမှာ ကြီးပြင်းခဲ့ကြရတာချည့်ဆိုတော့ သူတို့အတွက် အဖေနဲ့ ပထွေးဆိုတာ ဘာမှသိပ်ထူးခြားလှတယ် မဟုတ်ဘူး။ အကုန်လုံးက အမေ့လင်တွေချည့်ပဲဟာ၊ ခွဲခြား ခွဲခြား လုပ်နေစရာမလိုပါဘူး။

ရေခဲရဲ့ ပထွေး ဦးသိန်းမောင်က သူ့အပေါ်ရော သူ့အမေအပေါ်ရော ကောင်းရှာပါတယ်။ သူ့အမေနဲ့ ဦးသိန်းမောင် ညားတော့ ဦးသိန်းမောင်က မယားပါသားလေးဖြစ်တဲ့ သူ့ကို ကျောင်းတက်ရမယ့်အရွယ်ကျော်နေတာတောင်

ကျောင်းမထားရကောင်းလားလို့ ဒေါ်ဌေးကို ငေါက်ငမ်းခဲ့သေးတာ။ သူ့ကိုလည်း ကျောင်းတက်ဖို့ တိုက်တွန်းတယ်။ သို့သော် ရေခဲကိုယ်တိုင်က ငယ်ကတည်းကလဲမတက်ဖူးတော့ တက်ချင်စိတ်မရှိဘူး။ ဦးသိန်းမောင်နဲ့ သူ့အမေ ညားကြတော့ကို ရေခဲအသက်က ခြောက်နှစ်ကျော်လို့ ခုနှနှစ်ထဲရောက်နေပြီ။ အဲဒီအရွယ်ကြီးကျခါမှ သူငယ်တန်းက ပြန်တက်ရမယ်ဆိုတော့ မတက်ချင်တော့ဘူး။ နောက်ပြီး သူတို့ ဒီလမ်းထဲရောက်ပါပြီဆိုကတည်းက သူနဲ့ရွယ်တူရှိသမျှတွေကလည်း ကျောင်းနေ ကြတာမရှိတော့ သူများတက်တာမြင်လို့ တက်ချင်စိတ်ဖြစ်ရအောင်လည်း မရှိခဲ့ဘူး။

သူ့အမေ ဒေါ်ဌေးကတော့ လူကသာမွဲတာ နှလုံး၊ ဆီးချို၊ ကျောက်ကပ် ရောဂါစုံ ရှိတယ်။ မျက်လုံးတစ်ဖက်ကလည်း အသက်လေးဆယ်ကျော်လောက် မှာ ဦးသိန်းမောင်နဲ့ ညားခါစလောက်ကတည်းက တိမ်ထူထပ်နေလို့ မမြင်ရတော့ သလောက်နီးနီးပဲ။ သူ့မျက်လုံးက နို့နှစ်ရောင်ပြေးကလေးပါတဲ့ ဖန်ဂေါ်လီလုံး လေးပမာ ဖြစ်နေတယ်။ (အဲဒါကိုများ သူ့ပထွေး ဦးသိန်းမောင်ဟာ သူ့အမေကို ဘာကြည့်ယူခဲ့တာလဲလို့ ရေခဲဟာ အမြဲစဉ်းစားပေမယ့် အဖြေမရခဲ့ဘူး)။ အဲဒီတော့ ဒေါ်ဌေးဟာ အိမ်မှာပဲ သူ့ယောကျ်ားနဲ့ သူ့သား ရထားပေါ်ရောင်းဖို့ ထမင်းဟင်း ချက်ပေးတာ၊ ကြက်သားအကျန်လေးတွေ ဆီနဲ့ ပြန်ကြော်တာ၊ မြေပဲဆံလေး လှော်တာနဲ့ ချက်ပြီးပြုတ်ပြီးတွေကို ဖော့ဘူးတွေထဲ ထည့်ပေးလောက်ကိုတောင် သက်ပြင်းတချချ စုပ်တသပ်သပ်နဲ့ နားနားနေနေ လုပ်နေရတာ။ များသောအားဖြင့် ဦးသိန်းမောင်ပဲ အဓိကလုပ်ရတာပါ။ သို့သော်လည်း ဦးသိန်းမောင်ဟာ တစ်ချက် မညည်းဘူး။ ငြိမ်းချမ်းရေးဆေးပေါ့လိပ် ဖင်စီခံကို သွားနဲ့ ပြားနေအောင်ကိုက် ပါးစပ်ထောင့်မှာ ညှပ်ထားရင်း တကုပ်ကုပ် လုပ်နေတာပဲ။ တစ်ဖက်ပိတ်လမ်းရဲ့ ထောင့်ဆုံးအိမ်ကလေးမှာ ဦးသိန်းမောင်ရယ်၊ ဒေါ်ဌေးရယ်၊ ရေခဲရယ် သုံးယောက် ပဲ။ ရေခဲရဲ့ အစ်မအရင်းနှစ်ယောက်တော့ ရှိသေးတယ်။ သူတို့နဲ့ကတော့ အဖေ အတူတူပဲ ထင်ပါတယ်။ ဒါပေမဲ့ သူတို့က ရန်ကုန်မှာနေကြတာ။ ငါးနှစ် ဆယ်နှစ်နေလို့ တစ်ခေါက်မရောက်ကြပေမယ့်၊ ဒေါ်ဌေး သုံးဖို့ ပိုက်ဆံကလေး တွေတော့ နှစ်လခြား၊ သုံးလခြား တစ်ခါ ရောက်လာတတ်ပါတယ်။ အဲဒီလို ငွေလွှဲ ကလေးရောက်လာတိုင်း ဒေါ်ဌေးဟာ ပိုက်ဆံအထပ်ကလေးကို ဆင်းတုတော်ပင့်သလို လက်ထဲ ရွရွကလေးကိုင်ရင်း မျက်ရည်စမ်းစမ်း ဖြစ်နေတတ်တယ်။ ပျော်လို့ပါ။ ပြီးတော့ ဒေါ်ဌေးဟာ လမ်းထဲမှာ လူတကာ ကြားအောင် အမြဲ ထုတ်ညည်းတတ်တယ်။

“သမီးမိန်းကလေးမွေးရတာ သိပ်သိတတ်တာ၊ လူမလာနိုင်တောင် မအေကို ဘယ်တော့မှ မမေ့ဘူး။ စောက်သုံးမကျတာဆိုလို့ အိမ်ကကောင်ပဲ ဝမ်းရေစပ်တယ်” တဲ့။

သို့သော်လည်း ယောကျ်ားလေး တစ်ယောက်တည်းပါတာ အငယ်ဆုံးလည်းဖြစ်၊ ပါးစပ်က ဘယ်သို့ဘယ်ချမ်းသာလုပ်နေနေ ဒေါ်ဌေးဟာ ရေခဲဆိုရင် အကုန်ပြီးတာပဲ။ ချစ်တယ်။ အလိုလိုက်တယ်။ ဆယ့်ခုနစ်နှစ်သားလောက်ကတည်းက တချို့ညတွေမှာ သောက်ပြီးပြန်လာတတ်လို့ ဦးသိန်းမောင်က မြည်တွန်တောက်တီးရင်တောင် သူက ကြက်ခေါင်းဆိတ်မခံ ပြန်ခွပ်တတ်တယ်။

"လူငယ်ပဲ ဒီလောက်တော့ရှိမပေါ့၊ တော်ကရော မသောက်လို့လား၊ လူရှေ့သူရှေ့ကျသာ ဘုရားလူကြီးလို၊ ဘုန်းကြီးလူထွက်လိုနဲ့ ရှင် ခွက်ပုန်းကြွက်တွင်းဆိုတာ တစ်တိုင်းပြည်လုံး သိတယ်တော့၊ ကျုပ်သားက တစ်ခါတစ်ရံ သောက်တာ ဘာဖြစ်လဲ"

ရေခဲကလည်း သိပ်ဆိုးလှတဲ့ ကောင်လေးတော့ မဟုတ်ပါဘူး။ အလုပ်အပေါ် အပျင်းကျတတ်တဲ့အမျိုးထဲက မဟုတ်ဘူး။ မနက်ခင်း သုံးလေးနာရီဆိုရင် ဒေါ်ဌေးနဲ့ ဦးသိန်းမောင်တို့က ရထားပေါ်ရောင်းဖို့ ချက်ကြပြုတ်ကြ ကြော်ကြပြီဆို သူလည်း တအောင့်လောက်နေ အိပ်ရာက ထတော့တာပဲ။ ရေမိုးချိုး၊ အကျအနထုပ်ပေးလိုက်တဲ့ ဖော့ထမင်းကြော်ဗူးတွေကို လက်ဆွဲခြင်းကြီးထည့် ဘူတာကို ပြေးတော့တာပဲ။ လင်းအားကြီးမှာဝင်တတ်တဲ့ အစုန်ရထားနဲ့ မိုင်ကိုးဆယ်အကွာလောက်က လမ်းဆုံဘူတာလောက်အထိ လိုက်သွားပြီး မနက်စာ ထမင်းကြော်ပူပူနွေးနွေးနဲ့ ရောင်းတယ်။ များသောအားဖြင့် သူ့ကိုယ်တာက လမ်းဆုံဘူတာ ကနေ အဆန်နဲ့ ပြန်လိုက်လာတဲ့အခါမှာ သုံးလေးဗူးကျန်တာ အလွန်ဆုံးပဲ။ တစ်ကြောင်းနဲ့တင် ပြတ်တာများတယ်။ အဲဒီတော့ ဦးသိန်းမောင်ဆီကကျန်တဲ့ ဗူးတွေ ယူရောင်းချင်ရောင်း သို့မဟုတ်လည်း လမ်းဆုံဘူတာ အသိဆိုင်ကနေ ရေသန့်ဗူး၊ ဆေးလိပ်၊ ကွမ်းယာ သယ်လာပြီး အပြန်တကြောင်းအတွက် အပိုရှာရုံပဲ။

သူ့အတွက် လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး၊ တစ်ခါတလေ အရက်ဖိုးလောက် ချန်ထားပြီး သူ့အမေကို အပ်တာအပြင် သူအုံးတဲ့ ခေါင်းအုံးရဲ့ ခေါင်းအုံးစွပ်ထဲ နေ့စဉ် ထည့်ထည့်ထားလို့ ခေါင်းအုံးတောင် မာမာကြပ်ခဲကြီးဖြစ်နေပြီ။ အဲဒါကတော့ စာတမ်းထိုးပြီး သိမ်းတာမဟုတ်ပေမယ့် မိန်းမယူရန်ဆိုတဲ့ မျှော်လင့်ချက်အတွက် ရန်ပုံငွေပဲ။ ဘာအတွက်နဲ့မှ အဲ့ပိုက်ဆံကို မထိဘူးလို့ ဆုံးဖြတ်ထားတယ်။ သီသီမေက အခု အသက်က ဆယ့်လေးနှစ်၊ ဆယ့်ရှစ်နှစ်ပြည့်တဲ့အထိ မစောင့်တောင် ဆယ့်ခုနစ်နှစ်လောက်ဆို ယူမယ်။ သူ့အမေသဘောမတူရင် ခိုးပြေးမယ်လို့ ရေခဲမှာ အနာဂတ်အစီအစဉ်က ရှိပြီးသား။ ဒါတွေကို သူ့ပထွေး၊ သူ့အမေတို့ မသိပါဘူး။ နောက်ဆုံး သီသီမေကလေး ကိုယ်တိုင်တောင် မသိသေးတဲ့ သူ့အတွေးသက်သက်တွေချည့်ပဲ။ ရေခဲက ဘယ်သူ့မှ မပြောဘူး။ နှုတ်လုံတယ်၊ ရထားပေါ်က သူနဲ့ ဈေးရောင်းဖက်ကောင် တွေကိုတောင် အလ္လာပသလ္လာပလုပ်ပြောပြမနေဘူး။

အခန်း (၂)

မနက်ခြောက်နာရီလောက်ဆိုရင် ကိုကြည်နုကို ညိုမြာက နှိုးပြီ။ "ဟဲ့ကောင် သေချင်းဆိုး ထတော့"

အွန်းအွန်းအဲအဲ မထချင်ထချင်နဲ့ပဲ ကိုကြည်နု အိပ်ရာက ထတယ်။ ဆေးပေါ့လိပ်နဲ့ မီးခြစ်ကို အိပ်မှုန်စုံမွှားနဲ့ လက်လှမ်းယူလိုက်ရင်း ဒယီးဒယိုင်နဲ့ပဲ အိမ်သာပေါ် တက်တော့တယ်။ အိမ်သာ ကမုတ်ခွက်နှုတ်ခမ်းနှစ်ခုပေါ်မှာ သံနဲ့ အဖြစ်ရိုက်ထားတဲ့ ခပ်ရွဲ့ရွဲ့သစ်သားတုံးနှစ်တုံးပေါ် ဆောင့်ကြောင့်ထိုင်ချလိုက်တော့ အိမ်သာတံခါးနဲ့ ဒူးဟာ ထိလုမတတ် ဖြစ်လို့နေတယ်။ အဲဒီလို ဆောင့်ကြောင့်ထိုင် ဆေးလိပ် တစ်ဖွာနှစ်ဖွာ ရှိုက်ဖွာပြီးတဲ့နောက် ဆေးပေါ့လိပ်နဲ့ မီးခြစ်ကို သစ်သားတန်းတစ်ခုပေါ် တင်ထားလိုက်ပြီး ရှေ့တံခါးဘောင်နှစ်ဖက်ကို လက်နဲ့ ထောက်မှီလို့ တရေးတမော သူ ဆက်အိပ်တယ်။ အနည်းဆုံး ဆယ့်ငါးမိနစ် တစ်ရေးလောက်အိပ်နေရင်း ဟောက်သံပါထွက်လာတဲ့အထိ ကြာသွားတော့မှ ညိုမြာက အိပ်ရာထဲကနေ နောက်တစ်ကြိမ် မင်္ဂလာစကားနဲ့ နှုတ်ခွန်းထပ်ဆက်တယ်။

"ဟဲ့ မသာ အိမ်သာတက်ရင်း သေများနေပလား၊ နေ့တိုင်း ဒီအတိုင်း ချည့်ပဲ၊ မခေါ်ရင် ဘယ်တော့မှ မထဘူး။ စောစောစီးစီး တော်တော် ကျက်သရေတုံးတဲ့အကောင်"

"ပြီးပါပြီဟ…နင်တို့နဲ့လည်း ခက်တယ်" လို့ အော်ရင်း ကိုကြည်နု အိမ်သာပေါ်ကဆင်းလာမယ်။ "ပြီးပါပြီဟ" ဆိုတဲ့စကားသံက ညိုမြာ ကြားလောက်မယ့် အသံပါဝါ၊ "နင်တို့နဲ့လည်း ခက်တယ်" ဆိုတဲ့ စကားသံ ကတော့ သူတစ်ယောက်တည်း သီးသန့်သာကြားနိုင်မယ့် အသံတိမ်တိမ်မျိုးနဲ့ပေါ့။ အဲဒီတော့မှပဲ သူ အိပ်ရာတကယ်နိုးတာ။ ပြီးတဲ့နောက် အိမ်ရှေ့က ရေစဉ့်အိုး ဆီသွားလို့ မျက်နှာကို ရေ နှစ်ချက်သုံးချက်ပက်၊ ချွဲသလိပ်ကလေး နည်းနည်းဟပ်၊ ပုဆိုးအပေါ်ပိုင်းနဲ့ မျက်နှာကိုသုတ်သင်လိုက်ပြီးတဲ့နောက်မှာတော့ အလုပ်သွားဖို့ သူ အဆင်သင့်ဖြစ်ပါပြီ။ ခေါင်းရင်းသံတိုင်က သူ့လွယ်အိတ် အစုတ်ကလေးကို ဖြုတ်၊ ဝါးခနဲ တစ်ချက်သမ်းလိုက်ရင်း အိမ်ကနေ ထွက်တယ်။ အိမ်ရှေ့ ခြေလေးငါးလှမ်းရောက်တာနဲ့

"မနက်စာ အချိန်မီပစေနော်" လို့ အော်လိုက်တဲ့ အိပ်ရာထဲကညိုမြာရဲ့ အသံက သူ့ကိုတစ်ချက်တော့ တွန့်သွားစေတယ်။ စမ်းရေလမ်းထိပ်အထိကတော့ သူ့ရဲ့ခြေလှမ်းတွေ၊ အမူအယာတွေက ပုံမှန်ပါပဲ။ လမ်းထိပ်ကို ကျော်လိုက်တာနဲ့

လုပ်ငန်းခွင်ဧရိယာထဲကို အလိုလို ရောက်သွားတော့တယ်။ ခြေလှမ်းတွေ မမှန်တော့၊ ပါးစပ်ကလည်း သူ့စိတ်ထင်ရာတွေကို တိုးတိုး တိတ်တိတ်နဲ့စပြောပြီ။ ဘာစကားမှ မပြောချင်လောက်အောင် စိတ်ညစ်ညူးသလိုဖြစ်နေတဲ့ နေ့တွေမှာတောင် လက်ဟန်ခြေဟန်တွေ၊ မျက်လုံးတွေက စကားလုံးအများကြီးနဲ့ ညီမျှနေတယ်။ အဲဒီအမူအယာတွေကို လမ်းထဲက ခွေးတွေကတော့ ထူးပြီး ဂရုစိုက်မနေကြတော့ပေမယ့်၊ တစ်မြို့လုံး ရှိရှိသမျှ ခွေးတွေအတွက်တော့ တကယ့် မျက်စိနောက်စရာပေါ့။ အရူးဟန်ဝင်စား သဏ္ဍာန်လုပ်နေရရင်း ခွေးမောင်းရတာကလည်း တစ်လုပ်။ နောင် နှစ်များကြာတော့ မြို့က ခွေးအတော်များများအတွက်တောင် စိတ်ဝင်စားစရာ မဖြစ်တော့ပါဘူး။ သို့သော်လည်း ခွေးဆိုတာမျိုးမျိုးဆက်စီးဆင်းမှုက အရမ်းမြန်တာ။ ခေတ်ဟောင်းခွေးတွေက မဟောင်တော့ပေမယ့် မျိုးဆက်သစ်ခွေးလေးတွေက ဆက်ဆက်ပေါက်ဖွားနေတော့ သူတို့အတွက်က အသစ်အဆန်းဖြစ်လို့ ဟောင်နေမြဲပဲ။

ကိုကြည်နုရဲ့အလုပ်ဟာ မနက်ခင်း ငါးနာရီ၊ ခြောက်နာရီလောက် စတင်ပြီး ကိုးနာရီ ကိုးနာရီခွဲမှာ တဖြတ်နားတယ်။ ရတဲ့ပိုက်ဆံနဲ့ သူလည်း မနက်စာစား၊ အဲဒီအချိန်ကျမှ အိပ်ရာက ထတော်မူပြီး မနက်ခင်းစာကို စောင့်တော်မူနေတဲ့ သူ့ရဲ့ဘဝကို ပိုင်စိုးသတော်မူသော ဘဝရှင်မင်းတရားမကြီး ညိုမြာအတွက်လည်း မနက်စာ လက်ဖက်ရည်နဲ့ မုန့်ပို့။ ပြီးရင် ဆယ်နာရီခွဲ ဆယ့်တစ်နာရီမှာပြန်ထွက်၊ အဲဒီကနေ ညနေခြောက်နာရီ ခုနစ်နာရီဆို အိမ်ပြန် ရောက်။ နေ့တွက်မကိုက်တဲ့ နေ့တွေမှာဆိုရင်တော့ ညိုမြာက ညအိုဗာတိုင် ဆက်ဆင်းခိုင်းလို့ ထွက်ရသေးတယ်။ ညဘက်တွေပြန်ထွက်ရပြီဆိုရင်တော့ ခွေးတွေရဲ့အဟောင်ကို ပိုပြီးခံရပြီပေါ့။ ခွေးတွေဆိုတာက နေ့ဘက်မှာထက် ညဘက်မှာ ပိုပြီး သတိကြီးကြီးထားလို့ မျက်စိနောက်ကြတာကိုး။ သိပ်ကို ကံဆိုးလှတဲ့ ရက်တွေမှာ သုံးလေးငါးထောင်လောက်နဲ့ ညမိုးချုပ်သွားတတ်တာတွေ ရှိတတ်ပေမယ့် ပုံမှန်အားဖြင့်တော့ ကိုကြည်နုရဲ့ တစ်ရက်နေ့တွက်ဟာ တစ်သောင်းနီးနီး ရှိပါတယ်။ ဒီခေတ်ကြီးထဲမှာ တစ်ရက် တစ်သောင်းဆိုတဲ့ဝင်ငွေဟာ နည်းမှမနည်းဘဲ။ ဘာအလုပ်များပါ လိမ့်ဆိုရင်တော့ ကိုကြည်နုဟာ သူတောင်းစားပါပဲ။

ညိုမြာ့ရဲ့ ပြင်းထန်တဲ့ အကြံပေးမှုအရ ဒီအလုပ်ကို စပြီး ပြောင်းလုပ်ခါစကတော့ တစ်နေ့ဝင်ငွေဟာ အရမ်းနည်းတယ်။ ဒါပေမဲ့ လုပ်သက် လေးနှစ်ကျော် ငါးနှစ်ထဲ ဝင်လာတော့ လုပ်ငန်းကျွမ်းကျင်မှုအပြင် ညိုမြာ့ရဲ့ အလွန်ကောင်းတဲ့ အကြံညဏ်ကြောင့်ပဲ ဝင်ငွေဟာ ကြောက်ခမန်းလိလိ တက်လာခဲ့တာပါပဲ။ ကိုကြည်နုဟာ အင်္ကျီအဝတ်အစား အင်မတန် စုတ်စုတ်ခြာခြာ၊ လူက ကြောင်တောင်တောင်ဆိုပေမယ့် အလုပ်ကြမ်းလုပ်ခဲ့သူဆိုတော့ လူက ခပ်တောင့် တောင့် ကျွဲလိုအဆက်အပေါက်မျိုးရယ်။ ဘုန်းကြီးကျောင်းကပ်နေရလို့ ဆူဖြိုးတုတ်ခိုင်လှတဲ့ လမ်းဘေးခွေးတစ်ကောင်လို ထွားကျိုင်းလှတဲ့ လူတစ်ယောက်ကို

မြို့မှာများလှတဲ့ သူတောင်းစားတွေကြား ဘယ်သူကထူးပြီး သနားကရုဏာစိတ် ဝင်နိုင်ပါ့မလဲ။ ဒီတော့ သူ့ဘဝတစ်ခုလုံးကို ပွဲကိုင်လာခဲ့တဲ့ သူ့မိန်းမ ညိုမှာ ကပဲ ဗျူဟာတစ်ခုကို ဖန်တီးတပ်ဆင်ပေးလိုက်တယ်။ ကျားကို ချို(ဂျို)တပ်၊ တောင်းတဲ့လက်ကို မော်တာတပ်ပေးလိုက်နိုင်တဲ့ ဗျူဟာမျိုး၊

ဒါပေမယ့် ပြောရင်း ဆိုရင်း လက်ခနဲ ရလာတဲ့ လူမစွမ်းနတ်မ အကြံဉာဏ်မျိုးပါ။

"ကြည်နု စောက်ရူးရဲ့၊ နင် ဒီလို ထုံပေပေမျက်ခွက်နဲ့ တောင်းမှ လို့ဘယ်ရမလဲ၊ သနားအောင်လည်း ပြောဦးဆိုဦးမှပေါ့ဟဲ့၊ ဒီစောက်ရူးဟယ် တကယ်ရူးသွားတာကမှ ကောင်းဦးမယ်"

ညိုမှာတစ်ယောက် ငေါက်ငမ်းနေရင်းက ရုတ်တရက် အသံ တိမ်ဝင် သွားပြီး ကိုကြည်နုကို နှစ်ကိုယ်ကြား ခပ်တိုးတိုး ပြောလိုက်တယ်။

"နင် ရူးချင်ယောင်ဆောင်ပစ်လိုက်စမ်း ကြည်နု၊ အဲဒါဆို ပိုက်ဆံ ပိုရနိုင်တယ်" တဲ့။

ကိုကြည်နုဟာ အညို့ကို ပြူးကြောင်ကြောင် မျက်လုံးနဲ့ ကြည့်ရင်း အံ့သြနေမိတယ်။ ပြီးတော့ ပြောတယ်။

"ညိုမှာကလဲဟာ ငါမှ မရူးတာကြီး"

"နင်မရူးမှန်း ငါသိတယ်ဟဲ့ စောက်ရူးရဲ့ ရူးချင်ယောင်ဆောင်ခိုင်းတာ၊ မဟုတ်လည်း နင့်ရုပ်က ကျပ်မပြည့်တဲ့ရုပ်ပဲဟာ"

"ငါ မလုပ်ချင်ဘူး ညိုမှာရာ..." လို့ တိုးတိတ်စွာ ပြန်ပြောပေမယ့် လည်း ကိုကြည်နုဟာ သူ့အာရုံထဲမှာတော့ မြို့ထဲလမ်းတွေပေါ်မှာ ယပ်တောင် တစ်ချောင်း ခေါင်းမှာထိုးလို့ ခုန်ပေါက်ပြေးလွှားနေတဲ့ သူ့ပုံရိပ်ကို သူ ပြန်မြင်နေ ရပြီ။ ညိုမှာ့ရဲ့ စကားတွေကို ငြင်းပယ်နိုင်လောက်အောင် သတ္တိလည်း သူ့ဆီမှာ မရှိ။ ရုတ်တရက်ကြီး နေဝင်မီးငြိမ်း အမိန့်ကျလာသလိုမျိုး အမှောင်ကြီးကျသွားပြီး ငြိမ်ဝပ်ပိပြားသွားတော့တယ်။

"မအေရိုးနော် ငါထပ်မပြောဘူး၊ နင် စောက်ဆံ တခြားနည်းနဲ့ ရှာတတ်ရင် သွားရှာ၊ မဟုတ်ရင် နင်သေမယ်"

အဲဒီ တစ်ချက်လွှတ်အမိန့်ကြီး ရောက်လာတဲ့နေ့ကတည်းက သူဟာ စိတ်တွေညစ်ပြီး တကယ်မရူးတောင် ပိုပြီး ကြောင်တောင်တောင် ဖြစ်လာခဲ့ တယ်။ ငယ်တုန်းကလိုလည်း သူ မလုပ်နိုင်တော့ဘူး။ ငယ်စဉ်က ကြိုးရှန်းလုပ်ခဲ့တဲ့

ဒဏ်တွေနဲ့ ကျောတွေ ပခုံးတွေဆိုတာ လေစိမ်းကလေး နည်းနည်းတိုက်ရင် တောင် နာနေတတ်တာ။ ခါးဆိုရင်လည်း မကောင်းတော့။ ခေါင်းဆိုရင်လည်း နှစ်ထောင့်သုံးခုနှစ်က မှားအရိုက်ခံရပြီးကတည်းက ဦးနှောက်ရဲ့ တချို့အခန်းတွေ ဟာ ဟာလာဟင်းလင်း ဖြစ်ကုန်တယ်လို့ သူထင်တယ်။ မှတ်ဉာဏ်ကလည်း မကောင်းချင်တော့ဘူးလေ။ သူ့အသက်လည်း မငယ်တော့ဘူး။ တစ်နေ့တစ်နေ့ လမ်းလျှောက်ရတာကလေးနဲ့တောင် ဆေးပေါ့လိပ်ဒဏ်တွေနဲ့ မောချင်သလို ဖြစ်နေခဲ့တာ။ ဘယ်မှာ ရေစည်လှည်း တွန်းနိုင်တော့မလဲ။ ဘယ်မှာ ကုန်ထမ်းနိုင် တော့မှာလဲ။ အလုပ်စုံအောင်လည်း သူလုပ်ခဲ့ပြီးပါပြီ။ ပူစီပေါင်း ရောင်းကျွေး ခဲ့တယ်။ ဦးတင်အောင်ကြီးအကူအညီနဲ့ ရေခဲချောင်း ရောင်းကျွေးခဲ့တယ်။ စားလောက်သောက်လောက်အောင် မဖြစ်ခဲ့တာတော့ သူလည်း မတတ်နိုင်ဘူး လေ။

အဲဒီနေ့က ကိုကြည်နု တစ်နေ့လုံး မြို့ထဲလမ်းလျှောက်ရင်း တွေဝေနေခဲ့ တယ်။ သူက ရှူးမှမရှူးဘဲ၊ ဘယ်လိုလုပ်ရှူးရပါ့မလဲလို့ တွေးရင်း စိတ်ရှုပ်ထွေးနေ ခဲ့တယ်။ ဒါပေမဲ့ သူဟာ ဘယ်အရာကိုမဆို ကြာကြာတွေးပူနေတတ်တဲ့လူ မဟုတ်ဘူး။ တစ်နေကုန် လမ်းတွေပတ်လျှောက်ရင်း၊ မြို့လယ်က တံတားပေါ်မှာ ထိုင်ရင်း၊ လူတွေ ဆိုင်ကယ်တွေကို လိုက်ကြည့်ရင်း ရှူးရမယ်ဆိုတဲ့ ကိစ္စကို မေ့နေခဲ့တယ်။ သူ့ရှေ့ကနေ ဗိုကောက်ကြီးဆိုတဲ့ အရှူးတစ်ယောက် စိုက်စိုက်နဲ့ ဖြတ်မသွားခင်အထိပေါ့။ အဲဒီအရှူးကို တွေ့လိုက်တော့မှ သူ သတိရသွားတယ်။ တခြားမြို့တွေမှာ အရူးတွေ တစ်မြို့ တစ်ယောက်မှ ရှိရဲ့လား သူမသိပေမယ့် သူနေတဲ့မြို့ဟာ အရူးအပေါဆုံး မြို့ပဲဆိုတာကို သူမေ့နေခဲ့တာ။ ဗိုကောက်ကြီး၊ ဂေါ်လီ၊ ဒေးဗစ်၊ ရွှာစား၊ ဆယ်လူလာ၊ တင်မောင်ကြီး၊ မြင့်ဦး စသဖြင့် တစ်မြို့လုံး အရူးစုစုပေါင်း တစ်ကျိပ်လောက်အထိကို ရှိတယ်။ အဲဒါတွေဟာ သူ့ဆရာတွေပဲလို့ သူသိသွားတယ်။ ဒီမြို့ဟာ အရူးမျိုးစေ့နဲ့ ပတ်သက်ရင် မြေဆီလွှာကောင်းတဲ့ မြေမျိုးပဲ။ မိုးကလေး တပြိုက်နှစ်ပြိုက်လောက်ကျလိုက်ရင် ကို အရူးတွေ ပေါင်းမြက်လို ရှင်သန်ထမြောက်လာကြတော့တာ။ ဘာအားငယ် နေစရာလိုလဲ။

ကိုကြည်နု စပြီး တောင်းစားတဲ့အချိန်တုန်းက ဖုန်းတွေ ခုလို မပေါသေး ဘူး။ နောက်ပိုင်း သူ ရူးချင်ယောင်ဆောင်ပြီး တောင်းစားတဲ့အချိန်ရောက်တဲ့ အထိကို မပေါသေးတာ။ ဘာကြောင့်လဲဆိုရင် အဲဒီတုန်းက သူ ရူးချင်ယောင် ဆောင်ဖို့ အရူးနည်းလမ်းတွေ ပညာသင်နေတဲ့ကာလမှာ သူ့ရဲ့ မြင်ဆရာ အရူးတစ်ယောက်ထဲမှာ ဖုန်းရူးတစ်ယောက် ရှိခဲ့တယ်။ အများကဝိုင်းပေးထားတဲ့ အမည်ခေါ်စရာနာမကတော့ ဆယ်လူလာတဲ့။ မြို့စွန် ကားကြီးကွင်းရှေ့က ဘတ်စ်ရပ်ဆိုတဲ့ မှတ်တိုင်မှာအိပ်၊ ဘတ်စ်ရပ်ဆိုတဲ့ မှတ်တိုင်မှာပဲစား၊ အဲဒီမှာပဲ အရူးရုံးခန်းဖွင့်ထားတဲ့ လူတစ်ယောက်ပေါ့။ လူကတော့ အသက်မှ ရှိလှ လေးဆယ်ပေါ့။ ဖုန်းအတွက်နဲ့ ရူးတယ်ဆိုတာမျိုးကတော့ အဲဒီခေတ် အဲဒီအခါ ကတော့ ရူးထိုက်တယ်ပဲ ဆိုရမှာပေါ့။ ဆယ်လ်လူလာဖုန်းတစ်လုံး သိန်းလေးငါး

ဆယ် ရှိတဲ့ခေတ်ကိုး။

"ဆယ်လူလာ" ဟာ အဲဒီမှတ်တိုင်မှာထိုင် တပေါင်းပွဲဈေးတန်းမှာ ကလေးတွေအတွက်ရောင်းတဲ့ ကစားစရာဖုန်း ငါးလုံးလောက်ကို လည်ပင်းမှာ ကြိုးနဲ့ချည်ဆွဲထားပြီး တလုံးမဟုတ်တလုံးနဲ့ စကားပြောနေတာပဲ။ ပြောတဲ့စကားတွေကလည်း အဲဒီခေတ်က မြန်မာကားတွေမှာ ဖုန်းပြောတိုင်း ပါတတ်တဲ့ စကားလုံးတွေပါပဲ။

"ဟယ်လို အင်း... ကုမ္ပဏီကိစ္စလား မင်းကို ငါ ဘယ်နှခါပြောရ မလဲ။ ငါ အနားယူနေတုန်း ကုမ္ပဏီကိစ္စတွေ လာလာမဆက်နဲ့၊ အဲဒါတွေလုပ်ဖို့ မင်းကို မန်နေဂျာ ခန့်ထားတာလေ"

"အင်း ကွန်တိန်နာတွေ ဆိပ်ကမ်းရောက်ပြီတဲ့လား၊ အေး နောက်အပတ် ငါ စလုံးသွားတော့မှ အဲဒီကိစ္စ ရှင်းမယ်။ မင်း သေချာလုပ်နော် ပော့ရောင်"။

တစ်ခါတလေဆိုရင် စမောဆွဲတဲ့ ဇာတ်လမ်းလေးတွေတောင် သူက ပြောနေတတ်သေးတယ်။

အေး ခလေးလား၊ အန်ခယ် ကုမ္ပဏီကိစ္စတွေနဲ့ ရှုပ်နေလို့ကွာ၊ အိမ်ကဟာကြီးအကြောင်းလည်း ခလေး သိသားနဲ့...အဲဒီလို စကားတွေပြောနေတဲ့အချိန်မှာဆိုရင် သူဟာ မှတ်တိုင်ရှေ့ကို ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်၊ လက်ဟန်ခြေဟန်၊ မျက်နှာ အမူအယာ စသဖြင့်ဟာ မြန်မာကားတွေထဲက သရုပ်ဆောင်တွေထက်တော့ တစ်ရွေးမှ မလျှော့ဘူး ဆိုတာ သေချာတယ်။ ကုမ္ပဏီ ကုမ္ပဏီဆိုတာတွေ မပါမဖြစ် တတွတ်တွတ်ပြောနေရင်းက "ဗျာ ဘကြီးမှုန် ရယ်လို့ အော်လိုက်ရင်း ရုတ်တရက် ကိုသစ္စာတွေ ဖြစ်ချင်ဖြစ်သွားတတ်သေးတာ။ အရူးဆိုတော့လည်း ရောက်ရာပေါက်ရာပေါ့။ တစ်နေ့ကို တစ်နာရီ နှစ်နာရီ လောက်တော့ ကိုကြည်နုဟာ အဲဒီဖုန်းရူးကို သွားသွားကြည့်လေ့ရှိတယ်။ ပညာရှာ ပမာ သူဖုန်းစား ဆိုတဲ့ ဆိုရိုးကလည်းရှိတာကိုး။ ဒါပေမဲ့လည်း ကြာတော့ အဲဒီဖုန်းသမားရဲ့ ဇာတ်လမ်းတွေကို နားထောင်ရင်း ရူးချင်ယောင်ဆောင် ဖို့ "လေ၊ သန္ဓေ၊ ဟန်" ရှာရင်းနဲ့ တကယ်ရူးချင်စိတ် ပေါက်ပေါက်လာခဲ့တယ်။

သာမန်လူတစ်ယောက်က အရူးတစ်ယောက်ကို စိတ်ဝင်စားလို့ ဘာရယ်မဟုတ် စောင့်ကြည့်ချင်ကြည့်မယ်။ အရူးအားလုံးကို စောင့်ကြည့်ပြီး လေ့လာမှတ်သားဖို့ဆိုတာကတော့ ကိုယ်တိုင်ရူးမသွားဖို့ကို အင်မတန် သတိကြီးကြီးထား လုပ်ရမယ့်အလုပ်မျိုး။ ကိုကြည်နုဟာ အဲဒီအရူးသင်တန်းကို ရက်တိုတိုနဲ့ ဒီပလိုမာရဖို့ ကြိုးစားခဲ့ရတာ ဘယ်လောက်ခက်မယ်ဆိုတာကို ခန့်မှန်းကြည့်ဖို့တောင်မလွယ်ဘူး။ အဲဒီရက်တွေမှာ အတောင်းနည်းနည်း ရပ်ထား

လိုက်တယ်။ ပထမဆုံးအနေနဲ့ ကားဂိတ်က ဖုန်းရှူးဆီ သွားတယ်။ မှတ်စုစာအုပ်၊ ဘောပင်မပါပေမယ့် စိတ်ရဲ့သင်ပုန်းကြီးပေါ် အကျအန မှတ်သားတယ်။ အဲဒီနောက် ဗိုကောက်ကြီး ဆိုတဲ့ အရူးနောက်ကို ပတ်လိုက်တယ်။

ဗိုကောက်ကြီးဆိုတာက မြို့လယ်လမ်းကနေ မြို့တောင်ဘက်ထိပ် မြောက်ဘက်ထိပ်ကို တစ်နေ့ နှစ်ကြောင်း သုံးကြောင်းလောက် အသွားအပြန် စကြံ့နိလျှောက်သွားနေတဲ့ အရူး။ အဲဒီလိုသွားရင်း လမ်းမှာတွေ့သမျှ သူ့စိတ်ကူး နဲ့ရရ တိုလီမုတ်စပစ္စည်းလေးတွေ လိုက်ကောက်၊ သူ့အင်္ကျီရင်ဘတ်ထဲ ပစ်ထည့် လိုက်တော့တာပဲ။ အင်္ကျီရင်ဘတ်ထဲ ကောက်လို့ရသမျှ ထည့်ထားတော့ သူ့ဗိုက်ကြီးကလည်း ဘာမှန်းမသိတဲ့ ပစ္စည်းပစ္စယတွေနဲ့ ဖောင်းကားလို့ပေါ့။

သူကောက်လို့ ရသမျှပစ္စည်းတွေ ပြုတ်ကျမသွားအောင်၊ အိတ်ပေါက်နဲ့ ဖားကောက်ဆိုတာမျိုး မဖြစ်ရအောင်တော့ စစ်ကြိုခေတ်က ပုဆိုးကို ခါးပတ် ပတ်ဝတ်သလိုမျိုး၊ သူ့ပုဆိုး ခါးပုံစအောက်ကနေ ပလတ်စတစ်ကြိုးနဲ့ ချည်ထား လိုက်တယ်။ တစ်ခါတော့ ကိုကြည်နုလည်း ဗိုကောက်ကြီးနောက် တကောက် ကောက် လိုက်ကြည့်ရင်း မနေနိုင်လို့ မေးကြည့်မိတယ်။

"ဗိုကောက်ကြီး ဗိုက်ထဲက ဘာတွေတုန်းဗျ"

"မင်းမေသက်ပက်တွေဟေ့" တဲ့။ တုံးတိပဲ ဖြေရင်းထွက်သွားတယ်။ ကိုကြည်နုလည်း "ဟီ ဟိ ခွိ ခွိ" နဲ့ ရယ်ရင်း အဲဒီနည်းလမ်းကို သဘောကျသွား တယ်။ ကိုကြည်နုရဲ့ နည်းလမ်းက အရူးတစ်ယောက်ဆီက ဟန်တစ်မျိုးမျိုးဆီ ယူ၊ သူ့ရဲ့ ရူးနည်းအသစ်ကို တီထွင်ဖို့လေ။ စပ်ထည်ပုံသဏ္ဌာန် ရူးနည်းအသစ် ပေါ့။ ဗိုကောက်ကြီးဆီက ယူတာကတော့ လမ်းပေါ်ကနေ တိုလီမိုလီ ကောက်ယူခြင်းပဲ။ ဒါပေမဲ့ သူက တွေ့သမျှတော့ မကောက်ဘူး။

ဂေါ်လီဆိုတဲ့ အရူးတစ်ယောက် ရှိတယ်။ ဘယ်လိုများ ပေါက်ပေါက် ရှာရှာ ကြံကြံဖန်ဖန် ရူးရတယ် မပြောတတ်ဘူး။ သူ့အထူးပြုဘာသာရပ်က ဂေါ်လီတွေ စုဆောင်းတာပဲ။ တံဆိပ်ခေါင်းစုသလို၊ စာအုပ်အဟောင်းစုသူတွေလို ပေါ့။ ကျောက်ဒိုး၊ ဖန်ဂေါ်လီ၊ အလုံးသဏ္ဌာန်ရှိတဲ့ မည်သည့်အရာမဆို အရွယ်စုံ ဆိုက်စုံ။ သူ့ ငွေးဥသူတောင် ပြန်ကောက်နေမိသလား မပြောတတ်ဘူး။ ပုံစံကတော့ သူ့ခြေထောက်အောက်က ကမ္ဘာကြီးနဲ့ သူ့ခေါင်းပေါ်က လမင်းကို တောင် အရွယ်အစားပြဿနာကြောင့် လက်လျှော့ထားရတဲ့ပုံမျိုး။

အဲဒီတော့ ကိုကြည်နုဟာ ဗိုကောက်ကြီးရဲ့ မြင်မြင်သမျှ ကောက်ထည့် ခြင်းနဲ့ ဂေါ်လီရဲ့ ဂေါ်လီလုံးကောက်ခြင်း နှစ်ခုကို ပေါင်းစပ်လိုက်ပြီး သံမူလီလေး တွေချည့်လိုက်ကောက်တဲ့ လမ်းကို ထွင်လိုက်တယ်။ ဘယ်မြို့ရဲ့ ဘယ်လမ်းတွေ မှာမဆို ဂရုတစိုက်သာ ရှာကြည့် မူလီတွေ၊ နပ်တွေ အများကြီး တွေ့နိုင်တယ်လေ။

ကောက်ရင်း နှစ်တွေကြာတော့ သူ့အိမ်ခြေရင်းမှာ သံမူလီ သံနပ်တွေကို ပုံလို့ပဲ။ ညီမာက ဘာသောက်ပေါက်ကရတွေလုပ်နေတာလဲလို့ ငြိုငြင်ပေမယ့် သံတွေဆိုတော့ တစ်နေ့ပိဿာချိန်နဲ့ ရောင်းစားလည်း ရတယ်လို့သိနေတော့ ဘာမှ မပြောဘူး။

သူဟာ အဲဒီလို နေ့စဉ် ပုံမှန်လျှောက်တောင်းနေရင်းနဲ့ အရူးတွေကို လိုက်လိုက်ရှာတယ်။ သူတို့ နေပုံထိုင်ပုံကို ကြည့်တယ်။ လမ်းလျှောက်ပုံကို နည်းယူတယ်။ နောက်ပြီး အရူးအတော်များများဟာ သူတို့ဘာသာသာ တစ်ယောက်တည်း ပါးစပ်ကဘာမှန်းမသိ တတွတ်တွတ်ပြောနေကြတာ တူတဲ့ အချက်ကိုလည်း သတိထားမိသွားတယ်။ ချက်ချင်းကြီး ကောက်ရူးလိုက်ဖို့ မလွယ်ဘူး ဆိုပေမယ့် စိတ်အားထက်သန်မှုအပြည့်နဲ့ဆိုတော့ တစ်နေ့ နည်းနည်း နည်းနည်း ရူးကြည့်ရင်း သူဟာ ရူးသွပ်ခြင်းမှာ အသားကျသလို ဖြစ်လာတယ်။ ခြေလှမ်းကို စိပ်စိပ်ကလေး လှမ်းကြည့်တယ်။ အမှိုက်စလေးတစ်စကို အဆိပ်ပြင်း မြွေတစ်ကောင်ကို တွေ့သလို ခုန်ရှောင်ကြည့်တယ်။ တစ်ခါတလေ ဘေး တစောင်း သွားတယ်။ တစ်ယောက်တည်း စကားပြောတဲ့အကျင့်ကိုတော့ သိပ်လုပ်ယူစရာတောင် မလိုအောင် သူကိုယ်တိုင်ဟာ တစ်ယောက်တည်း စကားပြောသမား ဖြစ်နေခဲ့တာ ကြာနေခဲ့ပြီးပြီ။ သူ့မှာ စကားပြောစရာ အဖော်မှ မရှိတာ။

တစ်လလောက်အတွင်းမှာပဲ ကြည်နုတော့ ရူးသွားပြီလို့ စမ်းရေလမ်း တစ်ခုလုံး အသိအမှတ်ပြု ပြောဆိုလာကြတယ်။

“ကိုကြည်နုကြီး ဘယ်လိုဖြစ်သွားတာလဲဟဲ့”

“ဩော်... နင်တို့ကလည်းဟယ် သူ့ခမျာ ဒီမိန်းမနဲ့မှ မရူး ဘယ်သူနဲ့ ရူးမလဲ"

“ဒီမိန်းမ သူ့ယောက်ျားသူ ပြုစားနေတာများလား”

သူ့ဒုက္ခကလည်း မသေးပါလားနော်”

“ဟဲ့ ဒါပေမဲ့ သူ့မိန်းမတော့ ရှာကျွေးနေတုန်းနော်”

နောက်တစ်လလောက်နေတော့ တစ်ရပ်ကွက်လုံးက ကိုကြည်နု တစ်ယောက်တော့ သွက်သွက်ခါအောင် ရူးသွားပြီလို့ ယုံကြည်သွားကြတယ်။ နောက်ထပ် တစ်လမှာတော့ တစ်မြို့လုံးရဲ့ အရူးစာရင်းထဲ နောက်တိုးတစ်ယောက်အနေနဲ့ သွတ်သွင်းလိုက်ကြတယ်။ အကြံတုံးဉာဏ်တုံး ကိုကြည်နုဟာ ရူးသွပ် ခြင်းမှာတော့ တတ်လွယ်လိုက်တာလို့ ညီမာက တိတ်တိတ်ကလေး ရင်ထဲကနေ ချီးကျူးနေရှာတယ်။ ဒါပေမဲ့ ကာယကံရှင် အင်း

မနောကံရှင်လို့ ပြောရမယ် ထင်တယ်။ မနောကံရှင် ကိုကြည်နုကိုယ်တိုင်မှာတော့ သူဟာ ရှုးချင်ယောင်ပဲ ဆောင်နေတာလား၊ ဒါမှမဟုတ် တကယ်ပဲ ငါ ရှုးသွားပြီလားလို့ သူ့ကိုယ်သူ တောင် မဝေခွဲနိုင် ဖြစ်လာခဲ့ပါတော့တယ်။

"ဗျိုး ဗျိုး ဘေးကို ဘေးကို" လို့ ခွေးတစ်ကောင်ကို လမ်းဖယ်ပေးဖို့ အော်ဟစ်တောင်းဆိုနေတတ်တဲ့ ကိုကြည်နု။ လမ်းလေးခွ လမ်းဆုံတွေမှာဆိုရင် "သယ် ဒီကောင်တော့..." လို့အော်ရင်း သူ့ကိုယ်သူ မဟော်သဓာပမာ ငှက်အရိပ်ထင်နေတဲ့ မြေကြီးကို ဖနောင့်နဲ့ ထထပေါက်နေတတ်တဲ့ ကိုကြည်နု။ လမ်းလျှောက်ရင် လက်နှစ်ဖက်ကို ဘယ်တော့မှ မလွှဲတော့ဘဲ စက်ရုပ်တစ်ရုပ် ပမာ ခြေလှမ်းခပ်စိပ်စိပ်ကလေးလျှောက်နေရာက ရုတ်တရက်ရပ် နောက်နှစ်လှမ်း ပြန်ဆုတ် မြေကြီးကို စူးစိုက်ကြည့် (ဘေးပတ်ဝန်းကျင်ကိုလည်း သူ့ကိုမှ ကြည့်နေရဲ့လားလို့ မျက်လုံးတစ်ချက် ဝှေ့အကဲခတ်လိုက်ရင်း) မိုးခြိမ်းသလို သက်ပြင်းအကျယ်ကြီးချ။ လူတကာအမြင်မှာ ကိုရှိ့ကားယားကြီးဖြစ်အောင် ဘာကိုမှန်းမသိ ခုန်ကျော်၊ သံမှုလီတွေကို တွေ့ရာသင်္ချိုင်း ခေါ်ဆိုင်းကောက်။ ကိုကြည်နုရဲ့ နည်းနာတွေ အားလုံးဟာ မြို့က တစ်ကျိပ်သော အရူးများဆီကနေ ဖြတ်ညှပ်ကတ်လုပ်ထားတာတွေချည့်။ ဒါပေမဲ့ ပင်ကိုပါရမီလေးနဲ့ ပေါင်းစပ်လိုက် တဲ့အခါကျ သူဟာ အထူးချွန်ဆုံး အရူးဖြစ်လာခဲ့တော့တယ်။ မြို့က ဘယ်အရူး ကမှ စီးပွားဖြစ် မရူးတတ်ကြဘဲကိုး။

ကိုကြည်နုဟာ ဒီမြို့ကို အရေးတော်ပုံတွေ အရေးအခင်းတွေပြီးကာစ ၁၉၉၀ ခုနှစ်တုန်းက ကုန်ကားတစီးရဲ့ အသစ်စက်စက် စပယ်ယာကလေးအဖြစ်နဲ့ ရောက်လာခဲ့တယ်။ ဒီမြို့ဟာ ဟိုးအထက်ဆီအထိတက်မယ့် ကုန်တင်ယာဉ်တွေ အတွက် တစ်ထောက်နားတဲ့ခရီးပဲ။ ဒီမှာတစ်ထောက်နား ရေဖြည့်ဆီထည့် လူထမင်းစား။ စပယ်ယာအသစ်ကလေး မောင်ကြည်နုအတွက် ပထမဆုံးခရီးစဉ် ပဲ။ အဲဒီတုန်းက သူ့အသက်က နှစ်ဆယ့်ငါးသုံးဆယ်လောက် သန်တုန်းမြန်တုန်း။ ဝက်သိုးလို အားမာန်အပြည့်နဲ့ဆိုပေမယ့် ဉာဏ်နည်းနည်းထိုင်းတဲ့ တက်ကြွတဲ့ လူငယ်လေးတစ်ယောက်ပဲ။ ရုပ်ကလေးကလည်း မဆိုးလှဘူးလို့ ဆိုရမယ်။ ကားလိုက်လာတဲ့ မြို့မှာ အရင်သူ့အလုပ်က ကုန်ထမ်းသမား၊ ဘူတာဖြင့် ဘူတာ ဈေးမှာဖြင့်ဈေး။ ပွဲရုံတွေမှာ ဆန်အိတ်၊ ဖွဲအိတ်ထမ်း။ နို့မဟုတ်လည်း ကုန်ရထားတွဲပေါ် တင်မယ့် သစ်တုံးတွေ၊ ကုန်စိမ်းတွေ ဘာဖြစ်ဖြစ် လေးတဲ့ဟာ ဆိုရင် ထမ်းလိုက်မယ်ဆိုတဲ့ အထမ်းသမားပဲ။

အဲဒီကနေ ကားသမားတစ်ယောက်နဲ့ရင်းနှီးတော့ မင်း ကားလိုက်မလား ခုထက်တော့ သက်သာမှာ ပိုက်ဆံလည်း ပိုရမယ်ကွဆိုတာနဲ့ ကောက်လိုက်လာခဲ့ တာ။ ကားသမားဟာ စပယ်ယာလိုလို့ အရေးတကြီးသာ ကောက်ခေါ်လာခဲ့တာ လမ်းတဝက်အထိသာ သုံးလိုက်ရတယ်။ ထမင်းစားအပြီး ထမင်းဆိုင်

နောက်ကျောမှာ နေ့လယ်နေ့ခင်း တစ်ရေးတမော အိပ်ရင်း ကြည်နု ကျန်ခဲ့တာကို ဘယ်နေရာရောက်မှသိမယ် မပြောတတ်တော့ပါဘူး။ ညနေစောင်းမှာ အိပ်ရာကနိုးတော့ ကားလည်းရှာမတွေ့၊ ကားဆရာလည်း ရှာမတွေ့။ တစ်သက်လုံး သူနေခဲ့တဲ့ မြို့ကနေ တစ်ဖဝါးမခွာခဲ့ဘူးတဲ့ ကိုကြည်နုဟာ မြို့နာမည်တောင် မသိသေးတဲ့ မြို့မှာ အိပ်ကပ်ထဲ ကုန်ထမ်းသမားဘဝတစ်ခုလုံးဆီက စုထားတဲ့ ငွေကလေး တစ်ရာလောက်နဲ့ ကတ္တရာလမ်းနံဘေး ဆေးပေါ့လိပ်ဖွာရင်း၊ ခေါင်းကုပ်ရင်း ကြောင်တောင်တောင် ဖြစ်လို့နေခဲ့တယ်။

ဒါပေမဲ့ သူက သိပ်ပူပန်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ သူ့မှာ ပိုက်ဆံရှိနေသေးတာလည်း ပါတာပေါ့။ ပိုက်ဆံရှိရင် လေယာဉ်ပျံကြီးစီးပြီး နိုင်ငံခြားတောင် သွားလို့ရသေးတာ၊ သူ့မြို့ သူတော့ ဘယ်အချိန်ပြန်ပြန် အေးဆေးပါလို့ တွေးတယ်။ သူ့မြို့သူပြန်ဖို့ဆိုတာကလည်း သိပ်အာသီသရှိလှတဲ့ အလုပ်လည်း မဟုတ်ပါဘူး။ သူက ဆွေမဲ့မျိုးမဲ့ အခြေအမြစ်မဲ့ဆိုတဲ့ လူ့အဖွဲ့ အစည်း အပြင်ဘက်ကလူမျိုး။

သူလူမှန်းသိတဲ့အရွယ်ကတည်းက သူ့မှာ အဖေရော အမေရော ရှိတယ်လို့ မကြားမိခဲ့ဖူးဘူး။ သူ့ကိုယ်သူ အခြားလူတကာနဲ့ နှိုင်းယှဉ်တတ်စပြုလို့ ငါဟာ ဘယ်သူပါလိမ့်လို့ စတွေးမိကတည်းက သူဟာ ဘုန်းကြီးကျောင်းတခုမှာ သူ့လိုပဲ အဖေအမေဆိုတာဘာလဲ၊ တို့ဘကြီးဘုန်းကြီးပဲလားလို့ တွေးထင်နေတဲ့ အခြားကလေးတွေနဲ့အတူ ကြီးပြင်းလာခဲ့ရတာ။ ဘုန်းကြီးကျောင်းက ရေးတတ်ဖတ်တတ်အောင် သင်ပေးခဲ့ဖူးတယ်လို့ ရေးရေးမှတ်မိသလိုရှိပေမယ့်လဲ သူဟာ သူ့ဟာသူ စာဖတ်တတ်သလား မဖတ်တတ်ဘူးလားလို့ တစ်ခါမှ အရေးလုပ်ဆန်းစစ်မကြည့်ခဲ့ဖူးဘူး။ အဲဒီလိုနဲ့ပဲ သူအရွယ်ရောက်လာတယ်။ အရွယ်ရောက်လာတော့ ဘုန်းကြီးကသူ့ကို သင်္ကန်းဝတ်ခိုင်းလို့ နှစ်နှစ်လောက် သင်္ကန်းဝတ်လိုက်တယ်ဆိုရုံ သာသနာ့ဘောင်မှာ နေခဲ့ဖူးတယ်။ ထို့နောက် သူ လူထွက်တယ်။ ထို့နောက် ရုတ်တရက်ကြီး သူမှတ်မိတာကတော့ သူဟာ ညဘက်ဆို သူကြီးပြင်းရာ ဘုန်းကြီးကျောင်းမှာ သွားသွားအိပ်တဲ့ ကုန်ထမ်းသမားတယောက်အဖြစ်နဲ့ပဲ။ သူဘယ်လိုကြီးပြင်းလာတယ်ဆိုတာကို တစ်ခါမှ ခရာစေ့တွင်းကျ နှိုက်နှိုက်ချွတ်ချွတ် ပြန်လည်တွေးတောသုံးသပ် ကောက်ချက်မချခဲ့ဖူးတော့ သူ့ဘဝနဲ့ပတ်သက်လို့ သူမှတ်မိသလောက်ကလဲအဲဒီလောက်ပဲ။ တနေ့ချင်း တနေ့ချင်းကို ဖြတ်သန်းရင်း အသက်ကတိုးလာခဲ့တာ၊ ငဲ့ကြည့်စရာ သံယောဇဉ်မဲ့၊ နှောင်ကြိုးမဲ့။

သူ့ဘဝတခုလုံးကို ချည်နှောင် (ထမ်းပိုးခဲ့တာဆို ပိုမှန်မယ်) ထားတာဆိုလို့ လေးပင်လှတဲ့အထုပ်ကြီးတွေပဲ ရှိတယ်။ အထုပ်ကြီးတွေ တင်လိုက်၊ ပြန်ချလိုက်၊ နောက်တခါ အထုပ်တွေတင်ပြန်၊ ချပြန်။ သူကတော့ သိမှာမဟုတ်ပေမယ့်

သိများသိခဲ့ရင် စီစီဖတ်ဒဏ္ဍာရီဟာ သူ့သမ္မာ ကျမ်းစာဖြစ်နေမှာ။ အခုလည်း ဒီမြို့မှာ ဘူတာရှိတယ် ဈေးရှိတယ်။ ဘူတာရှိရင် ဈေးရှိရင် ကုန်တင်ကုန်ချ ကူလီအလုပ်ဆိုတာ ထာဝရရှိတယ်။ သယ်စရာ လေးလေးပင်ပင် ပစ္စည်းတွေရှိနေသမျှ ကာလပတ်လုံး သူဘယ်တော့မှ ထမင်းမငတ်ဘူး။ ဒီတော့ အေးဆေး ပဲ။

ခုနေခါမှာသာ ဟိုတယ်တွေ၊ ဂက်စ်ဟောက်စ်တွေ မရေတွက်နိုင်အောင် များနေတဲ့ မြို့ကလေးဟာ အဲဒီကာလတုန်းက တည်းခိုခန်းဆိုတာတောင် စာလုံးမပေါင်းတတ်သေးတဲ့မြို့။ အသိ တစ်စုံတစ်ရာလည်း မရှိ၊ မှတ်ပုံတင်ဆိုတာ ဝေးလို့ သူ့နာမည် ကြည်နု ဆိုတာကလွဲ အဖေ အမေ နာမည်တောင်မသိတဲ့ ကြည်နုဟာ အနည်းဆုံး တစ်ညလောက် ဘယ်မှာအိပ်ရမယ်ဆိုတာကို ပထမ တော့ စဉ်းစားလိုက်သေးတယ်။ ပူပန်တာမဟုတ်ဘူးနော်၊ စဉ်းစားတာ။ စဉ်းစား နေတုန်းမှာပဲ မေ့သွားပြီး မြို့ထဲ လေကလေးတချွန်ချွန်နဲ့ လည်ပတ် လျှောက်ကြည့် နေနေလိုက်တယ်။ တိုင်းပြည်သာယာဝပြောရဲ့လား၊ ရုပ်ဖျက်တိုင်းခန်း လှည့်လည်လာတဲ့ ဘုရင်တပါးအလားပါပဲ။

ပြည်သူများအကြား ခိုးဝှက်သွားလာနေခဲ့တဲ့ ဘုရင်ဟာ ညနေ မိုးချုပ် တော့ ဗိုက်ဆာလာခဲ့တယ်။ သို့နဲ့ပဲ သူဟာ ဈေးပေါပေါနဲ့စားရမယ့် ထမင်းဆိုင် ရှာရင်း တောင်ခြေကျောက်တုံးကြီးတွေကို ခြေကန်ဖွင့်ထားတဲ့ ခပ်စုတ်စုတ် ထမင်းဆိုင်ကလေးတစ်ခုထဲဝင်၊ အမဲသားနှပ်နဲ့တစ်ပွဲမှာ၊ ထိုင်ခုံပေါ် ဆောင့်ကြောင့် ထိုင်ရင်း အပီအပြင် လွေးတော့တယ်။ အတိုင်းတိုင်းအပြည်ပြည်က ရှိရှိသမျှ ကာယလုပ်သားတွေနဲ့ထပ်တူ သူကလည်း သိပ်စားနိုင်တာ။ ဟင်းအနှစ်နည်းနည်း ထပ်တောင်းတာနဲ့ ငပိရည်တို့စရာနဲ့တင် ဆန်နို့ဆီဗူးနဲ့ တလုံးချက်လောက်ဝင်သွားတယ်။ ပြီးတဲ့နောက် စားပွဲဘေးမှာ ချထားတဲ့ ပက်လက်ကုလားထိုင် ကလေးမှာ ခြေပစ်လက်ပစ်ထိုင် ဆေးပေါ့လိပ်ကို အသံထွက်အောင် ပြင်းပြင်း ထန်ထန် ဖွာရှိုက်ပြီး ညအိပ်ဖို့အရေးကို စတင်စဉ်းစားတော့တယ်။ မိုးကလည်း ချုပ်နေပြီကိုး။ ဘုန်းကြီးကျောင်းတကျောင်းကျောင်း ရှာအိပ်ရမလား၊ ညနေက လမ်းလျှောက်ရင်း ဝင်စနည်းနာခဲ့တာမှာ ဘူတာစင်္ကြံမှာ ခုံတန်းလျားတွေမှ အများကြီးရယ်၊ အဲဒီပဲ သွားရမလား ဝေခွဲမရဖြစ်နေခဲ့တယ်။ ဆေးပေါ့လိပ်က ထွက်လာတဲ့ မီးခိုး ငွေ့တက်သွားတာကို ကြည့်ရင်း အဖြေကိုတော့ ရှာမရသေးဘူး ပေါ့လေ။

"အစ်ကို ဆိုင်ပိတ်တော့မှာမို့ ပိုက်ဆံလေး ရှင်းပေးပါဦး"

သူ့ရှေ့ တည့်တည့်ရပ်၊ သူ့ကို မိုးလို့ ကြည့်ရင်း ပိုက်ဆံရှင်းခိုင်းနေတဲ့ မိန်းကလေးကို ကြည့်ရင်း ကိုကြည်နု အတော်လေး မိန်းမောသွားတယ်။ ဝပ်ခြောက်ဆယ်မီးလုံးအလင်းရောင်အောက် ဆေးလိပ်မီးခိုးငွေ့အကြားက

လှမ်းမြင်လိုက်ရတာဆိုတော့ တိမ်ခိုးကြားမှာပေါ်လာတဲ့ နတ်သမီးတစ်ပါးအလား ပါပဲ။ စကားလုံးတွေလည်း ဆွံ့အကုန်တယ်။ ဒါပေမဲ့ စကားလုံးတွေ ပျောက်ဆုံးကုန်လို့တော့ ဘာမှမဖြစ်ပါဘူး။ ပိုက်ဆံရှင်းခိုင်းတာပဲဟာ။ အိတ်ကပ် ထဲက တစ်ဆယ်တန်ကလေးတစ်ရွက် ထုတ်ပေးလိုက်တယ်။ သူပေးလိုက်တဲ့ တစ်ဆယ်တန်ကို လှမ်းယူလိုက်တဲ့ မိန်းကလေးရဲ့လက်နဲ့ သူ့ရဲ့လက် တစ်စက္ကန့် ကလေး ထိမိသွားလို့ အကြောဆွဲသလို တစ်ချက် တွန့်ခနဲတောင် ဖြစ်သွားတယ်။ ကိုယ်ထဲ လျှပ်စစ်ခါတ် စီးဝင်သွားသလိုပဲ။

"ဆေး ဆေးပေါ့လိပ်ကလေး ပေးပါဦး" လို့ ခါတ်လိုက်သလို ဖြစ်နေတဲ့ကြားက သူ ပြောလိုက်တယ်။

မိန်းကလေးဟာလည်း သူပေးတဲ့ ပိုက်ဆံကို ပြုံးစစကလေးလုပ်ယူ။ "ဟုတ်" ရယ်လို့ တစ်ခွန်းထူးရင်း ဇာတ်ဟန်ပါပါနဲ့ ဆိုင်အတွင်းဘက်ကိုချာခနဲ ပြေးလှည့်ထွက်သွားတယ်။ ထမိန်အနားစကလေးခတ်သွားတဲ့ အသံက အစ ကြည်နူးအဖို့ အသည်းခိုက်စရာ။ အဲဒါဟာ အချစ်ပါပဲ သေချာတာပေါ့ တကယ့်အချစ်။ အဲဒီအချစ်ကလေးဖြစ်တဲ့ ညိုမာနဲ့ သူတို့ရဲ့ ရှေ့ဆက်ရမယ့် အသံကဘဝခရီးလမ်းတစ်ခုလုံးအတွက် တာထွက်ရမယ့် မှတ်တိုင်ဟာ အဲဒီအဖြစ်အပျက် ကလေးပါပဲ။

ကိုကြည်နူးဟာ ဉာဏ်တော့ အလွန်ထိုင်းတဲ့ ပုဂ္ဂိုလ်ပါ။ ဒါပေမဲ့ သူ့အသက် ငါးဆယ်ကျော်လာတဲ့အထိ အခုဆိုရင် မရှိတော့ပြီဖြစ်တဲ့ အဲဒီ ထမင်းဆိုင်ကလေးရဲ့ ပက်လက်ကုလားထိုင်မှာထိုင်ရင်း မြင်ခဲ့ရတဲ့မြင်ကွင်း၊ ကြုံခဲ့ရတဲ့ အဲဒီအဖြစ်အပျက်ကို ဘယ်တော့မှ မမေ့ဘူး။ သူ့ဘဝအတွက် အရမ်းကို အရေးကြီးလှတဲ့ ဇာတ်ကွက်ကလေး တစ်ကွက်။ အဲဒီ ဇာတ်ကွက်ကလေးရဲ့ မောင်းနှင်အား၊ ထိန်းချုပ်မှုများနဲ့သာ ယနေ့ သူ့ဘဝ အလျင်ဟာ ရှေ့သို့ အဆက်မပြတ်သွားနေခဲ့တာ။ ညိုမာနဲ့ ဆုံခဲ့ကြရတဲ့ နေ့ကလေး လေ။ ဘယ်မှာ မေ့နိုင်အားမလဲ။

ညိုမာဟာ နောင် နှစ်ဆယ့်ငါးနှစ်ရဲ့ တစ်နေ့မှာ သူ့သမီးငယ်လေး သီသီမေ့ကို ..

"နင့်အသက် ဆယ့်လေးနှစ် ရှိသေးတယ်၊ လင်ထောင်ရမယ့်အရွယ် မဟုတ်ဘူး" လို့ ဆုံးမသြဝါဒစကား ပြောကြားငေါက်ငမ်းနေခဲ့ပေမယ့်၊ ကိုကြည်နူးနဲ့ ထမင်းဆိုင်မှာ ပထမဦးဆုံး ဖူးစာဆုံတွေ့တဲ့အချိန်၊ သူ့အသက် နှစ်ဆယ့်တစ်နှစ်အရွယ်မှာ လင်နှစ်ယောက် ဆုံးပါးပြီး၊ ကလေးနှစ်ယောက်နဲ့ မုဆိုးမကလေးအဖြစ် ရှိနေခဲ့ပြီးပြီ။ ပထမဦးဆုံး လင်ကိုတော့ အသက် ဆယ့်လေး နှစ်သာသာလေးမှာပဲ ရခဲ့တာလေ။ ဒီတော့ လင်ကံမကောင်းခဲ့ဘူးလို့ ဆိုနိုင်ပေ မယ့်

အတွေ့အကြုံအရတော့ ယောကျ်ားတွေအကြောင်းများ နောတင်မကကျေစရာရှိတာ အကုန်ကျေနေခဲ့ပြီလို့ ဆိုရမယ်။ ဒီတော့ ထမင်းဆိုင်ရှေ့မှာ အဝတ်အစားက ခပ်နွမ်းနွမ်းဆိုပေမယ့် မျက်ခုံးမွေးထူထူ၊ မျက်တွင်းနက်နက်ထဲက တောက်ပနေတဲ့ မျက်ဆံနက်နက်တွေ၊ အစိမ်းရောင်ကလေးတောင် သမ်းချင်နေတဲ့ ပါးမြိုင်းမွေးပါးပါး၊ နှုတ်ခမ်းမွှေး ရေးရေးနဲ့ ကုလားမင်းသားကလေးလို ကိုကြည်နု ကို ကြည့်ရင်း ရင်ဖိုမိတယ်ဆိုတာ အချစ်စိတ်တစ်ခုတည်းကြောင့်လို့တော့ ပြောမရနိုင်ဘူးလို့ ထင်တယ်။ အကြီးမ ဇင်မာဦးက ငါးနှစ်၊ အငယ်ကောင် အေးကိုလေးက နှစ်နှစ်သာသာကလေးနဲ့ လင်ကံမကောင်းခဲ့တဲ့ မုဆိုးမကလေးမှာအားကိုးရှာဖို့ လိုနေတာကလည်းတစ်ကြောင်း ဖြစ်နေခဲ့တာကိုး။

မိုးချုပ်ဆိုင်ပိတ်ခါနီးမို့ ရှိရှိသမျှ အိုးခွက်ပန်းကန်တွေ ဆေးအပြီး အိမ်ပြန်မယ်လို့ ပင်ပင်ပန်းပန်းနဲ့ ဆိုင်ရှေ့ကို ထွက်လာတော့ “ရှေ့ကလူကို ပိုက်ဆံရှင်းခိုင်းဦး” တဲ့။ ဆိုင်ရှင်အဘွားကြီးက ခိုင်းတယ်။ သူ့စိတ်ထဲ “အလုပ်တွေက မပြီးတော့ဘူးလား” လို့ ငြူစူစူနဲ့ ကိုယ်တော်ချောရှေ့ ထွက်လာခဲ့ရတာ။ ပက်လက်ကုလားထိုင်မှာထိုင်ရင်း ဆေးပေါ့လိပ်မီးခိုးတွေကြောင့် မျက်ရည်ကလေး တောင်ရှိ့ပြီး ရီဝေဟန်ပေါက်နေတဲ့ ကိုကြည်နုကို မြင်လိုက်တာနဲ့ အချစ်ဆိုတာကြီးဟာ တတိယအကြိမ်မြောက် သက်ဝင်လှုပ်ရှား ရင်ဖိုလာမိခဲ့ပြန်တယ်။ ကိုကြည်နုဟာလည်း သူ့ရှေ့မှာ ရပ်ရင်း သူ့ကို ကြည့်နေတဲ့ ညိုစိမ့်စိမ့်နဲ့ မိန်းကလေးရဲ့ မျက်လုံးတွေကိုကြည့်ရင်း ရင်တုန်ပန်းတုန်ကြီး ဖြစ်နေခဲ့တာပဲလေ။

ကိုကြည်နုဟာ ညိုမာနဲ့ စတင်ဆုံရတဲ့ အဲဒီနေ့အထိ လူပျိုစစ်စစ်ဆိုတဲ့ဂုဏ်ကို ထိန်းသိမ်းချင်စိတ်မရှိပါဘဲ ထိန်းသိမ်းထားရတုန်း။ ချစ်သူရည်းစားထားဖူးဖို့ ဆိုတာဝေးလို့၊ သူ့ဘဝမှာ ဆန့်ကျင်ဘက်လိင် မိန်းမနဲ့ ပတ်သက်ဖူးတာ ဆိုလို့ သဘာဝအလျောက်ဖြစ်တဲ့ အိပ်မက်တွေထဲက အတွေ့အကြုံကြောင့် သူ့လုံချည်ပုဆိုးတွေ ညှီစော်နံနေတဲ့ ကိစ္စပဲရှိခဲ့တယ်။ သူ့ဘဝမှာ မလုပ်ရရင် မနေနိုင်အောင် စွဲလမ်းစရာဆိုလို့ ကုန်ထမ်းတာရယ်၊ ထမင်းစားတာရယ်၊ ထမင်းစားပြီးရင် သွားချီး မီးခိုးရိုက်တဲ့ ဆေးလိပ်သောက်ခြင်းပဲ ရှိခဲ့တယ်။ တိုတိုပြောရရင် ညိုမာ့ရဲ့ ထမင်းဆိုင်ရှေ့က ညို့အားပြင်းတဲ့ အကြည့်နဲ့ လက်ဖျားကလေးချင်းအထိ လျှပ်စီးဝင်သွားတဲ့အခိုက်အတံ့မှာ ကိုကြည်နု ကျဆုံးခဲ့တယ်ဆိုပါစို့။ သူ့ဘဝတစ်လျှောက်လုံး သေတဲ့အထိ ဒီမြို့က မခွာတော့ဖို့ အဲဒီမျက်လုံးတစ်စုံက သူ့ကို ခြေကျင်းခတ်ထားနိုင်ခဲ့တယ်။

အဲဒီကနေ “နောက်ရက်တွေမှာ သူဟာ ထုံးစံအတိုင်း ဘူတာထဲ ဝင်တယ်။ ကုန်ထမ်းတယ်၊ ဈေးထဲဝင်တယ်၊ တွန်းလှည်းငှားပြီး အလုပ် လုပ်တယ်။ ထမင်းစားရင် တောင်ခြေက ညို့နတ်သမီးရှိတဲ့ ဆိုင်သွားတယ်။ အိမ်ပြန်ဖို့အတွေးဆိုတာ ဝေးလို့ တစ်သက်လုံးကြီးပြင်းခဲ့ရတဲ့ မြို့မှာထက်တောင်

ပျော်သလို ဖြစ်လာခဲ့တယ်။ နှောင်များနှစ်အတွင်းမှာ ရှိလာခဲ့တဲ့ ဆက်ဆံရေးအခြေအနေကို မေ့ထားလို့ အဲဒီလွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်တုန်းကတော့ ညိုမြာ ကိုယ်တိုင်လည်း ကိုကြည်နုကို ချစ်တယ်လို့ပဲ ပြောရမယ်ထင်ပါတယ်။ ကိုကြည်နု လာရင် ဆိုင်ရှင်မသိအောင် အသားတုံး ပိုထည့်တယ်။ ဟင်းအနှစ် ပိုဆမ်းတယ်။ တို့စရာအရွက်တွေဆိုတာ ရေစက်လက်နဲ့ စိမ်းစိုလို့။ ထမင်းစားပြီးလို့ ဆေးပေါ့လိပ် ဝယ်ရင် အလိပ်ပို ထည့်ပေးတာက ပိုသေးတယ်။

ဒီလို တစ်ဦးကလည်း စိုက်စိုက်လာ၊ တစ်ဦးကလည်း မြောင်း တသွင်သွင်ပေးတဲ့နောက် ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက် တောင်ပံကျိုး၊ ခုံဖိနပ်ပြတ်နဲ့ ခွေးငတ်ဆိုတာမျိုး အဖိုအမ ခတ်ပြုကုန်ကြပြီး တလအကြာ တညနေမှာပဲ ကြည်နုဟာ တခါမှပြောဖူးဆိုဖူးတဲ့ စကားမျိုးမဟုတ်တော့ ပြောရဲဆိုရဲဖို့ သေရည်လေးတပိုင်းလောက် ရဲဆေးတင်ပြီး အချစ်နတ်ဘုရားမလေး ညိုမြာ့ကို စကားဆိုတယ်။

"ကျုပ်လေ ခင်ဗျားလေးကို မြင်လိုက်ရတဲ့ ညကစပြီး ရင်ဘတ်ထဲမှာ ကလုတ် ကလွက် ကလုတ် ကလွတ်နဲ့ ဘာသံတွေမှန်းမသိမြည်ပြီး .. ။ အဲဒါ ငါ့ကိုလေ နင် ချစ်နိုင်မလားဟယ်...ငါတို့ ယူကြရအောင်ဟာ.. မဟုတ်ရင်လေ ကျုပ်... ကျုပ်တော့ ဒုက္ခဖြစ်လိမ့်မယ်ထင်တယ်ဟာ......"

ညိုမြာက ပြုံးရုံပဲ ပြုံးတော်မူတယ်။ အဲဒါကတရက်။ ထို့နောက်တရက် မှာတော့ ဘာရဲဆေးမှမတင်ဘဲ အရင်ရက်ကစကားအတိုင်း သံတူကြောင်းကွဲ သဒ္ဒါအထားအသိုမှန်မှန်နဲ့ ချစ်စကားဆိုပြန်ပါတယ်။ ထိုကဲ့သို့ အစဉ်အတိုင်း တရက်ကနှစ်ရက်၊ နှစ်ရက်က သုံးရက်ဖြစ်လာတော့ မရိုင်းတရိုင်းမလေး ညိုမြာဟာ "ကြင်နာတာရယ် ရင်မှာအမြဲတွယ် သူဒါပဲ ပြောပြော နေတယ်...တကယ်ပဲ သူကြောင့်သာလျှင် ခက်တယ်ခက်တယ်..." စသဖြင့် အတွေးထဲမှာ သီချင်းညည်းရင်း ကိုကြည်နုရဲ့ အချစ်ကိုလက်ခံတော် မူလိုက်ပါတော့တယ်။ သူ့ခမျာလည်း မူရစူရတာ ပင်ပန်းလှပြီလေ။

ထို့နောက်မှာတော့ ဘယ်ရုံးဘယ်လူကြီးရှေ့မှာမှ လက်မှတ်တချက် မထိုးရပါဘဲ ကိုကြည်နုဟာ ညိုမြာ့ရဲ့ တရားဝင်လင်ယောကျ်ား ဖြစ်သွားပါ တော့တယ်။ ဘာအခမ်းအနား ဘာဆွမ်းကျွေး ဘာလက်ဖွဲ့နဲ့ ဘယ်လူထုပရိသတ်မှ မပါ။ ဒါပေမဲ့ မြို့မြောက်ဘက် တစ်မိုင်အကွာက တန်ခိုးကြီး ဘုရားမှာတော့ အုန်း၊ ငှက်ပျော၊ အမွှေးတိုင် ဖယောင်းတိုင်တို့ စုံလင်စွာနဲ့ ပွဲတစ်ပွဲတော့ ထိုးရတာပေါ့။ အဲဒီကို နှစ်ဦးသား မြင်းလှည်းကလေးငှားလို့ သွားတာကပဲ ပျားရည်ဆမ်းခရီးလို့ပဲ ဆိုရတော့မယ်။

ဒီလောက် ဒီလောက်လွယ်လွန်းလို့ ညိုမြာ့ကို အသရေမဲ့အောင်

အခြေမဲ့အနေမဲ့ ပေါပေါပဲပဲလို့လည်း မတွက်စေချင်ဘူး။ နည်းနည်းရှုပ်ရှုပ်ထွေး ထွေး ရှိပေမယ့်လို့ ညိုမြာဟာ အိမ်ပိုင်ဝိုင်းပိုင်တော့ ရှိတယ်။ နည်းနည်း ရှုပ်ရှုပ်ထွေးထွေး ဆိုတာကလည်း တကယ့်နည်းနည်းပါးပါးပါ။ သူနေတဲ့ ပေလေးဆယ်ခြောက်ဆယ် ဝိုင်းမြေဟာ မိသားစုသုံးစု စုပေါင်းပိုင်ကြတာလို့ ပြောရမယ်။ ပိုင်တယ်ဆိုပေမယ့်လည်း ရောင်းဖို့ပြုဖို့ကြတော့လည်း မဖြစ်နိုင်သေး တဲ့သဘောမှာ ရှိတယ်။

ညိုမြာ့ရဲ့ အမေရယ်၊ ဒေါ်ဗိုလ်မတို့ကို အိမ်ငှားထားထားတဲ့ လူရဲ့ အမေရယ်ဟာ အဘိုးကြီးတစ်ယောက်ရဲ့ မယားငယ် အတူတူဖြစ်ခဲ့ကြတာ။ အဘိုးကြီးမသေခင်က ဒီဝိုင်းမြေကို သူ့မယားငယ်နှစ်ယောက် ခွဲယူစေလို့ နှုတ်မိန့် ပေးခဲ့ပေမယ့် အဘိုးကြီးရဲ့ တရားဝင်မယားကြီးရဲ့ သားသမီးတွေက အဲဒါကို လက်မခံတော့ ဇာတ်လမ်းတွေက ရှုပ်ကုန်တာပေါ့။ အစကတော့ သူတို့ကို အဘိုးကြီးသေတာနဲ့ မောင်းထုတ်ဖို့ လုပ်ကြသေးတယ်။ ဒါပေမဲ့လည်း ညိုမြာ့ရဲ့ အမေက...

ငါ့သမီး ဒီမြေဟာ နင့်အဖေပေးခဲ့တဲ့မြေ၊ အမေလည်း ဒီမှာ သေမယ်၊ ငါသမီးလည်း နင့်မျိုးဆက်တွေရှိလာတဲ့အထိ ဒီမှာသာနေ၊ ဘယ်ကိုမှ ပြောင်းရွှေ့ဖို့ စိတ်မကူးနဲ့၊ ဒါ တို့တစ်ဝက်ပိုင်တဲ့ မြေပဲ" လို့ ပြောရင်း တကယ်လည်း အဲဒီ မြေမှာတင် သေသွားရှာခဲ့တယ်။

အဲ့သလိုပဲ ညိုမြာရဲ့ အမေလို နောက်မယားငယ်ရဲ့ မိသားစုကလည်း မထွက်ဘူး။ (အခုတော့ ဒေါ်ဗိုလ်မတို့ မိသားစုကိုတောင် အိမ်ငှားထားထား သေးတယ်) ဒါပေမဲ့ မယားငယ်မိသားစုအချင်းချင်း ရှိုင်းပင်းလို့ ဒီမြေဟာ ညိုမြာနဲ့ သူတို့ တစ်ဝက်စီ ပိုင်တယ်ဆိုတာကိုတော့ သဘောတူလက်ခံတယ်။

သူတို့အဖေဖြစ်တဲ့ အဘိုးကြီးရဲ့ တစ်ဖက်မိသားစုကိုတော့ လုံးဝကို လက်မခံ။ တရားမမှုဆိုတာမျိုးကလည်း မဆလ၊ နအဖ၊ နဝတ၊ စစ်တပိုင်းဒီမိုကရေစီစသဖြင့် ခေတ်တွေမျိုးဆက်တွေ အဆက်ဆက်သာ စီးဆင်းသွားတယ်။ ဘယ်တော့မှ ပြီးပြတ်တဲ့ အမှုမျိုးမဟုတ်။ ဒီတော့ ပိုနေမြဲ ကျားနေမြဲ ညိုမြာလည်း ဒီအိမ်မှာပဲ သူ့သားသမီးတွေ ပွားစီးတယ်။

ကိုကြည်နုနဲ့ သူနဲ့ လင်မယားဖြစ် ညားတဲ့နေ့ကစလို့ ကိုကြည်နုဟာ လည်း အညို့အိမ်ပေါ်မှာပဲ ပုဆိုးကိုတန်းတင်လို့ တက်နေရတော့တာကိုး။ အရင် လင်တွေလည်း ဒီလိုပဲ ညိုမြာ့ရဲ့ ဒီအိမ်ပေါ်မှာပဲ အသီးသီး ခေါင်းချသွားခဲ့ကြ တာ။ ဆိုတော့ ညိုမြာဟာ အလုပ်အကိုင်မဲ့ချိန်မှာ စားစရာသာ မရှိချင်နေမယ်။ အိပ်စရာ တစ်နေရာအတွက်တော့ ဘယ်တုန်းကမှ မပူခဲ့ရတဲ့ အိုးပိုင်အိမ်ပိုင် တစ်ယောက်ပဲလေ။ အိမ်က ဆယ့်ငါးပေပတ်လည် အကျယ်လောက်သာရှိပေမယ့်

စုစုပေါင်းမှ တစ်ခန်းပဲရှိတဲ့ တဲသာသာ မြေစိုက်အိမ်ကလေး ဆိုပေမယ့်လည်း ဒီခေတ်ကြီးထဲ အိမ်တစ်လုံးပိုင်ဖို့များ လွယ်တာမှတ်လို့။ နတ်ပြည်က နတ်သမီး ထွက်ကျတဲ့ သေးတစ်စက်နဲ့ ကောင်းကင်ကိုကြည့် တံတွေးထွေးလိုက်တဲ့ ငမွဲ တစ်ကောင်ရဲ့ တံတွေးတစ်စက် ပေါင်းဖက်လို့သွားတယ် ဆိုတာမျိုးကမှ လွယ်နေ သေးတယ်။

ရေခဲက ဘူတာကဆင်းတဲ့ နေ့လယ်ခင်းအချိန်တွေဆိုရင် သူ့လုပ်စရာက ကုန်ပြီ။ အဲဒီကနေ တစ်ညနေလုံး အားနေတော့တာ။ အရင်တုန်းကတော့ ရထားပေါ်ကဆင်းတာနဲ့ အိမ်တန်းပြန်၊ မနက်ခင်းက အိပ်ရေးပျက်ထားတော့ ညနေစောင်းတဲ့အထိ ပြန်အိပ်။ ညနေနိုးလာတော့ အပေါင်းအသင်းတွေနဲ့အတူ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင် အချိန်ဖြုန်းရုံပဲ။ ချက်တဲ့ပြုတ်တဲ့အလုပ်တွေက လည်း သူ့အလုပ်မှမဟုတ်ဘဲ။ သီသီမေကလေး မျက်စိရှေ့တင် အရွယ်ရောက် လာ၊ အပျိုဖြန်းကလေးဖြစ်လာနေတာကို မြင်ရရင်း မေတ္တာသက်ဝင် ချစ်စိတ် ဝင်သွားတဲ့နေ့ကစလို့ သူ့ခေါင်းထဲမှာ အခြားအတွေးရယ်လို့ မရှိတော့ဘူး။ အစစအရာရာဟာ သီသီမေဆီမှာ ဗဟိုပြုပြီး တွေးရတာတွေချည့် ဖြစ်ကုန်တယ်။

ဒါပေမဲ့ သီသီမေကလေးကို တွေ့ရချိန်က နည်းလှတယ်။ မနက်ဆိုရင် သူ အလုပ်သွားတော့ သီသီမေကလေးက မနိုးသေးဘူး။ သူအိမ်ပြန်ရောက် ချိန်ကျ သီသီမေကလေးက အလုပ်မှာ။ အဲဒီကနေ ညမိုးချုပ်မှပြန်လာ။ ဘယ်မှာ ချစ်စကားပြောဖို့ ချိန်းတွေ့ဖို့ အချိန်ရှိတော့မှာလဲ။ ဒီကြားထဲ သီသီမေရဲ့ အမေ ကလည်း သီသီမေ့ကို အမြဲငေါက်ငမ်းနေတာ၊ ရေခဲ သူ့အိမ်ထဲမှာ လှဲနေရင်းနဲ့ တောင် ကြားကြားနေရတယ်။ သနားစရာ ကလေးမလေးရယ်...။ အဲဒီလို ငေါက်ငမ်းခံနေရတဲ့ အသံတွေကို ကြားနေရလေ ကောင်မလေးကို သနားလေ ပိုပိုချစ်လာရလေ။ သီသီမေကလေးနဲ့ နှစ်ကိုယ်ကြားတွေ့ရဖို့ ပိုကြိုးစားရလေပဲ။ ပုံမှန်အတိုင်းဆိုရင် အခွင့်အလမ်း မရှိသလောက်ပဲ။ ဒါပေမဲ့ နည်းလမ်းဆိုတာအမြဲရှိပါတယ်။

တကယ်ဆိုရင် ရေခဲဟာ ရထားပေါ်မှာထမင်းရောင်းတာ။ သူရောင်းတဲ့ အထဲက တစ်ဗူးလောက်ဖွင့်စားလိုက်ရုံပဲ။ အရင်လည်း ဦးသိန်းမောင်နဲ့သူ ဒီလိုပဲ စားလာခဲ့တာပဲ။ ဒါပေမဲ့ နောက်တော့ သူ မစားတော့ဘူး။ နေ့လယ် ရထားပေါ်က ဆင်းတာနဲ့ သီသီမေအလုပ်လုပ်တဲ့ ထမင်းဆိုင်ကို သွားတယ်။ ဆိုင်နာမည်က “အေးရိပ်” တဲ့။ တကယ့်အေးရိပ်ကလေး ဖြစ်လာအောင် သူ့မှာ ကြံဆောင်ရတယ်။ အဲဒီမှာပဲ ထမင်းစားတယ်။ ဆိုင်ရှင်မိန်းမကြီးကို ပိုင်အောင် ပေါင်းတယ်။ ဒါက လွယ်ပါတယ်။ ဘာခက်တာမှတ်လို့။ အဲဒီအကြံကိုရလို့ ပထမဆုံးသွားတဲ့နေ့ကဆိုရင် ထမင်းဆိုင်ထဲ သူဝင်သွားပြီး သီသီမေကလေး မြင်ရမလား ဟိုဟိုဒီဒီကြည့်ရင်း၊ ဆိုင်ရှင်မိန်းမကြီးရောက်လာလို့ သူ ထမင်း မှာတယ်။

"အန်တီ ငါးကြော်ချက်လေးနဲ့ ထမင်းတစ်ပွဲလောက်ဗျာ" မိန်းမကြီးက သူ့ကြည့်ရင်း ဟင်းပွဲသွားပြင်မှာဖြင့် မပြင်ဘဲနဲ့

"ဟော့ကောင်လေး နင် ဒေါ်ဌေးသား မဟုတ်လား၊ အောင်မာ နင်က ထမင်းတွေဘာတွေ လာဝယ်စားလို့၊ နင်က ရထားပေါ် ထမင်းရောင်းတာပဲ မဟုတ်လား ထူးထူးဆန်းဆန်း"

မိန်းမကြီးက သူ့တင်မကဘဲ သူ့အမေရော၊ သူ့အလုပ်အကိုင်ပါ သိနေပြီး အဆန်းတကြယ် လုပ်နေသေးတယ်။

"ကြာတော့ အမေချက်တာကြီးစားရတာ ရိုးလာလို့ အန်တီရာ၊ လုပ်ပါ ဗိုက်ဆာနေပြီ ဟီး ဟီး"

ရယ်စရာလည်း တစ်စက်မှမပါဘဲ မလုံမလဲစိတ်ကြောင့် ရေခဲဟာ သွားဖြီးကြီးနဲ့ ရယ်ချင်ဟန်ဆောင်နေရသေးတယ်။ အဲဒီနောက် မိန်းမကြီးက အထဲဝင်သွားတယ်။ ခဏနေတော့ သူ့အာရုံမှာ အမြဲစိုးမိုးနေတဲ့ နတ်သမီးလေး ဟာ ကိုယ်ထင်ပြဖို့ ထမင်းပွဲကလေး ယူပြီး အရှေ့ကို ထွက်လာခဲ့တယ်။

"ဟင်ကိုကြီးရေခဲပါလား ဘာလာလုပ်တာတုံး"

သိပ်ကိုဖြူစင်တဲ့ မျက်နှာကလေးနဲ့ သီသီမေ မေးရှာတယ်။

"ထမင်းစားမလို့ပေါ့ဟ နင်ကလဲ"

ရေခဲ ခပ်တည်တည်နဲ့ ဖြေတယ်။

ဟင် .. ထမင်းရောင်းနေပြီး ထမင်းဝယ်စားရတယ်ပေါ့ ဟုတ်လား"

ဒီကောင်မလေးနဲ့တော့ ခက်ပြီလို့တွေးရင်း သီသီမေအနား ခေါင်း နည်းနည်းတိုးပြီး ဘွင်းဘွင်းပဲ ဖြေလိုက်တော့တယ်။

"နင့် တွေ့ချင်လို့ လာစားတာ"

အယ်

သီသီမေက ကြောင်တက်တက်ကလေး ဖြစ်သွားသေးတယ်။ ပြီးမှ နားလည်သွားပုံရပြီး ရှက်ပြုံးကလေးပြုံး၊ ရှက်ကိုးရှက်ကန်းတွေဖြစ်၊ တရှက်ရှက်နဲ့ ရှက်လွန်းလာတော့ ဆိုင်အတွင်း မီးဖိုချောင်ထဲ ပြန်ပြေးဝင်ဖို့ လုပ်တယ်။

"ဟဲ့ ထမင်းပွဲ ချခဲ့ဦးလေ" လို့ ရေခဲ လှမ်းပြောမှ...

"ဟိ" ခနဲ တစ်ချက်ရယ်ပြီး ထမင်းပန်းကန်ချ၊ ဟင်းပွဲတွေယူဖို့ အထဲဝင်သွားတော့တယ်။

သီသီမေဟာ မနက်ခင်းနေရောင်အောက်က စာကလေးငှက်ကလေး တွေလို တက်ကြွလန်းဆန်းလို့သွားတယ်။ တစ်နေကုန် တစ်နေခမ်း ဒီဆိုင်ထဲမှာ နေရင်း ပင်ပင်ပန်းပန်း ပျင်းပျင်းရိရိ အချိန်ကုန်နေရတာ။ သူ့မှာ ပျော်စရာဆိုလို့ ဒီအချိန်ကလေးတွေပဲရှိတော့မယ်လို့ ထထစ်ချ မှတ်ယူလိုက်တော့တယ်။ ရေခဲနဲ့ တွေ့နေရတဲ့ အချိန်တိုင်းဟာ သူ့ဘဝတစ်ခုလုံးမှာ အပျော်ရဆုံးအချိန်တွေချည့်ပဲလို့ တကယ် ကျိန်တွယ်ပြောရဲပါရဲ့။

အဲဒီနေ့ကစလို့ ရေခဲဟာ နေ့လယ်တိုင်း ထမင်းကို သီသီမေ့ဆိုင်မှာပဲ သွားစားတယ်။ နေ့လယ်ပိုင်း ထမင်းစားချိန်ဆို လူသိပ်မရှင်းလို့ နောက်ပိုင်း နေ့လယ် တစ်နာရီ၊ နှစ်နာရီမှ သွားတယ်။ ထမင်းစားချိန်ကျော်တော့ ဆိုင်ကို လူရှင်းလို့၊ တစ်ခါတလေ ဆိုင်ရှင်မိန်းမကြီး တစ်ရေးတမောအိပ်နေချိန်ဆိုရင်ဆိုင်ထဲတင် ချစ်ဗိမာန်ကလေး တည်ဆောက်နေကြတယ်။ နဂိုကတည်းက ငါ့ကိုချစ်ရဲ့လား ပြန်ချစ်ပါ စသဖြင့် အဖြေတောင်းတာတွေ ခွင့်ပန်တာတွေမရှိခဲ့ဘဲ လက်မောင်းကလေးသွားဖျစ်၊ ပါးကလေးသွားညှစ် လုပ်နေခဲ့ပေမယ့် အဲဒီဆိုင်ထဲ မှာ တရားဝင် အဖြေတောင်းတယ်။

"ကိုကြီးကို ချစ်ရဲ့လားဟင်"

အဖြေမပေးခင်ကတည်းက လက်ရဲဇက်ရဲ လုပ်နေခဲ့ပြီဆိုပေမယ့်လည်း အဖြေတောင်းတော့ သူ့ ပြန်မချစ်မှာစိုးရိမ်ပြီး ထစ်ထစ်အအနဲ့ သူမေးတယ်။

"ဟင်.. မသိပါဘူး"

သီသီမေကလေးရဲ့ မသိပါဘူးဆိုတဲ့အဖြေက မှုတာဆိုပေမယ့် "အင်း... ကိုကြီးကို ချစ်ပါတယ်" လို့ သူ့ နှုတ်ကထွက်ပြီး မပြောရဲ ဖြစ်နေတာ လည်း ပါတယ်။ အရဲစွန့်ပြီးပြောမိရင်တောင် သူ့အသံကို သူ့နားက ပြန်ကြားရ တဲ့အခါ ရှက်နေမိဦးမှာလို့ သိနေတော့ လွယ်လွယ်နဲ့တော့ ပြောမထွက်ဘူးပေါ့။

"ဘာ..မသိပါဘူးလဲ... ချစ်ရင် ချစ်တယ်၊ မချစ်ရင် မချစ်ဘူးပေါ့ - အဲ အဲ ငါ့ မချစ်လို့တော့ မရဘူးနော်. . .ငါ့ ပြန်မချစ်လို့ကတော့ ကိုင်ပေါက်မှာဗျ"

"ဟီး..ဟိ"

ကိုင်ပေါက်မယ်ဆိုလို့ သီသီမေကလေးက ရယ်တယ်။

"ကဲပါ ပြောစမ်း ငါ့ကို ချစ်တယ်...လို့ "

“ငါ့ကို ချစ်တယ်”

“အယ် ပြောတဲ့အတိုင်း ပြန်မပြောနဲ့လေ ဒီကောင်မလေးကတော့ နာတော့မယ်နော်.. အဟင်း ဟင်း”

“ကိုကြီးကို ချစ်တယ်… ဒါပဲ သွားတော့ ဘာမှန်းလဲမသိဘူး..”

အဖြေရတော့ ရေခဲဟာ ဝမ်းသာလွန်းလို့ ပြုံးလိုက်တာ အားအရမ်းပါသွားပြီး မေးကြောတွေတောင် ညပ်သွားတယ်။ ပြီးတော့ သီသီမေကလေးကို အတင်းသိမ်းကျုံးဖက်ထည့်လိုက်တာ၊ နှစ်ယောက်စလုံး ထမင်းဆိုင်ထိုင်ခုံတွေပေါ်ကနေ အတွဲလိုက် အောက်ပြုတ်ကျတဲ့အထိပဲ။ အဲဒီက နောက်ရက်တွေမှာတော့ ရေခဲဟာ မပြောမဖြစ်ပြောရတဲ့ စကားအနည်းငယ်ကလွဲရင် ဘာစကားမှ မပြော တော့ဘူး။ သီသီမေကလေးရဲ့ လက်ဖဝါးကလေးကို သူ့လက်ထဲမှာ အတင်း ဆုပ်ကိုင်ထားတယ်။ ဝိုင်းစက်နေတဲ့ မျက်ဆံနက်မည်းမည်းကလေးတွေကို ငေးကြည့်နေရင်း မျက်ခုံးမွေးကလေးတွေကို လက်နဲ့ ပွတ်ကြည့်တယ်။ တချို့ နေ့တွေဆိုရင် ထမင်းဆိုင်ထဲမို့ သူ့ကိုယ်သူ ထိန်းချုပ် အံကြိတ်ထားရာကနေ လွတ်ထွက်သွားပြီး ပါးကို ကုန်းနမ်းချင် နမ်းလိုက်သေးတာ။ သီသီမေကလေး ဟာ သူပိုင်တဲ့ အရုပ်ကလေးတစ်ရုပ်အလား ခေါင်းကိုပွတ်လိုက် ကျောကလေး ပွတ်လိုက်။ ရေခဲဟာ သီသီမေကလေးကို ယောကျ်ားရင့်မာကြီးတွေလုပ်သလို အသားယူနေတာမျိုးတော့ မဟုတ်ပါဘူး၊ သူ အသည်းယားနေတာ။ သို့သော် အထိအတွေ့ များလာတော့လည်း ရမ္မက်ဇောကလေးပါ ပါလာတော့တာပေါ့။

ညနေ သီသီမေ အလုပ်ပြန်တဲ့ အချိန်ကျတော့ ဆိုင်အကွယ် ကွမ်းယာ ဆိုင် တစ်ဆိုင်ဆိုင်ကနေ သူသွားစောင့်တယ်။ ပြီးရင် နှစ်ယောက်သား မြို့ထဲ လမ်းတွေကနေ မပြန်ဘဲ မြစ်ပတ်လမ်းကနေ ခရီးရှည်ကြီး ပတ်ပြန်ကြတယ်။ မြစ်ပတ်လမ်းဟာ နေ့လယ်ဆိုရင်တောင် လူရှင်းနေတာ။ ညဘက်အမှောင်ထဲ ဆိုတော့ လမ်းလျှောက်ရင်း သီသီမေ့ပုခုံးလေးကို ကုပ်မထားရုံတမယ် ဖက်ထား ရင်းနဲ့ မရိုးမရွဖြစ်လာရင် သီသီမေလေးရဲ့ ခါးကိုအတင်းဖက်၊ သစ်ပင်ရိပ် တစ်ရိပ်အောက် ဝင်ပြီး မျက်နှာတစ်ပြင်လုံးကို အငမ်းမရ နမ်းရှုံ့နေတော့တာပဲ။ ပြီးတော့ တကယ့်ကို မောလာပြီး ရမ္မက်ဇောကို အတင်းချိုးနှိမ်နေရတဲ့ လေသံနဲ့ သူပြောမြဲ။

“ညီမလေးရယ် ချစ်တယ်ကွာ၊ အတူနေချင်လှပြီ”

သီသီမေကတော့ ဘာမှမပြောဘူး။ သူလုပ်သမျှကို မျက်လုံးကလေး မှိတ်ပြီး ငြိမ်ခံနေတယ်။ တစ်ခါတလေ သူ့လက်တွေ မရောက်သင့်တဲ့နေရာကို ရောက်သလို ဖြစ်လာရင်သာ “ဟင့်အင်း ဟင့်အင်း” လို့ ဆိုရင်း ခေါင်းယမ်းလို့ ငြင်းတယ်။

"သိပ်ချစ်တာပဲကွာ" လို့ သူပြောရင် မျက်ဆံနက်ကလေးတွေ တောက်ပလို့ သူ့ကို ပြုံးပြီး ကြည့်နေတတ်တယ်။။ နည်းနည်းကြာသွားရင်"ပြန်ရအောင် ကိုကြီးရေခဲရယ်၊ နောက်ကျနေရင် အမေ သိသွားလိမ့် မယ်..."လို့ တိုးတိုးကလေး ပြောရှာတယ်။ အဲဒီတော့မှ ရေခဲဟာ သီသီမေ့ကို အုပ်မိုးကြည့်နေရင်းက သူ့တံထွေးတွေ သူပြန်မျိုချ၊ စိုနေတဲ့ သီသီမေ့နှုတ်ခမ်း ကလေးကို လက်မကလေးနဲ့ ဖွဖွလေး သုတ်ပေးလိုက်ရင်း

"ပြန်စို့ ညီမလေး" လို့ ပြောလိုက်တယ်။ သူတို့နှစ်ယောက်စလုံး အတွက် မြစ်ပတ်လမ်းဟာ ချစ်သူလမ်းကြားကလေးပဲ။ အဲဒီချစ်သူ့လမ်းကြား ကလေးကနေ တစ်ရက်မပျက် သူတို့ လျှောက်လှမ်းကြတယ်။

နေ့လယ်ဘက်ဆို ရေခဲဟာ ဆိုင်ကိုရောက်လာ၊ နှစ်ယောက်သား တတွတ်တွတ်လုပ် ထမင်းစားကြချိန်က တစ်နာရီ၊ တစ်နာရီခွဲလောက် နေ့များ ရက်များစွာ ကြာတော့လည်း ဆိုင်ရှင်မိန်းမကြီးကလည်း သိလာတာပေါ့။ ပြဿနာတော့ မရှိပါဘူး။ သီသီမေ့အမေနား ပြန်မပေါက်အောင် ရွှေလမ်း ငွေလမ်းတော့ ခင်းရတာပေါ့။ ရေခဲက ပိုက်ဆံ ပိုပိုရှင်းတယ်။ ပြန်အမ်းမနေနဲ့ အန်တီဘာညာ မိန်းမကြီးကို စကားရောဖောရော လုပ်တယ်။

"အန်တီ ဝယ်စရာခြမ်းစရာရှိရင် ကျွန်တော့်ခိုင်းနော်" လို့ ဆိုင်ကို လာစားတဲ့ဖောက်သည်သဘောထက် ပိုအောင် လုပ်ယူတယ်။ ရေခဲက မျက်နှာ ရွှင်တဲ့ ကလေးမျိုးပါ။ ဆိုင်ရှင်မိန်မကြီးကလည်း သီသီမေကလေးက ခိုင်းကောင်း လို့သာ အလုပ်ခန့်ထားတာ။ သူ့အမေညြမ့ာကိုတော့ သိပ်မေတ္တာရှိလှတာမျိုး မဟုတ်ဘူးလေ။ ဒီတော့ အေးဆေးပေါ့။ ကိုယ့်ဆိုင်ထဲ လွန်လွန်ကျူးကျူးမဖြစ် ပြီးတာပဲ ဆိုပြီး မျက်လုံးမှိတ်နေလိုက်တာပဲ။

အခန်း (၃)

ညိုမြာတို့နေတဲ့လမ်းကလေးဟာ လမ်းရဲ့ ဘယ်ဘက်မှာ ခုနစ်အိမ်၊ ညာဘက်မှာ ခုနစ်အိမ် စုစုပေါင်း ဆယ့်လေးအိမ်ရှိတဲ့ ခပ်ကျဉ်းကျဉ်း လမ်းသွယ်လေး။ အိမ်ဝိုင်းကွက်ကလေးတွေ ဆိုရင်လည်း ခပ်ကျဉ်းကျဉ်းကလေးတွေ။ ဟိုဘက်ဒီဘက် ခုနစ်အိမ်တန်း အပြိုင်နှစ်တန်းနဲ့ လမ်းကလေးပေါ့။ လမ်းနာမည် ကို စမ်းရေလမ်းလို့ ခေါ်ကြတယ်။ ဒီလမ်းသွယ်သေးသေးလေးကို တရားဝင် ပေးထားတဲ့ လမ်းနာမည်တော့ မဟုတ်ဘူးပေါ့။ လမ်းထဲမှာ စမ်းရေဆိုတဲ့ ကုန်စုံဆိုင်ကလေးတစ်ခု ရှိတယ်။ တစ်လမ်းလုံးရဲ့ ရိက္ခာဂိုဒေါင်ကလေးပဲ။ အဲဒီကပဲ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် ဝယ်တယ်။ မီးသွေး ဝယ်တယ်။ ကြက်ဥ ဝယ်တယ်။ ကျော်တယ် ချက်တယ် ပြုတ်စားတယ်။ အဲဒီဆိုင်ကပဲ တစ်လမ်းလုံး ရှိရှိသမျှ ကလေးတွေရဲ့ မုန့်ဆိုင်။ ဆိုင်ရှင် ဦးကျီးညိုက ပေပါခွံ တစ်ခုရဲ့ အဖုံးအဝိုင်းကို သေချာဖြတ်၊ "စမ်းရေ" အိမ်ဆိုင်ရယ်လို့ ပင်နီတူးပမာ ခပ်သွယ်သွယ်ရှည်ရှည် စာလုံးဒီဇိုင်းကို သဘော်ဆေးနဲ့ရေး၊ ကန္တာရသား တုတ်တုတ်တစ်ချောင်းကို တိုင်စိုက်ပြီး သံနဲ့ရိုက် ဆိုင်းဘုတ်ထောင်ထားလို့ လမ်းကိုညွှန်းတဲ့အခါ ဘယ်လိုညွှန်းဆိုရမယ် ဘာသာစကားပါးရှားနေတဲ့ တစ်လမ်းလုံးအဖို့ စမ်းရေအိမ်ဆိုင်ရှိတဲ့လမ်း၊ အဲဒီကနေ စမ်းရေလမ်းလို့ပဲခေါ်တွင်ရင်းနဲ့ပဲ အမည်နာမ တွင်သွားတယ်။

စမ်းရေလမ်းထဲကို ဝင်သွားလိုက်ရင် အိမ်တန်းတွေရဲ့အဆုံးမှာ အုတ်တံတိုင်းကြီးတစ်ခုက ပိတ်ကာထားတယ်။ တစ်ဖက်ပိတ်နေမှန်းမသိတဲ့ တချို့လူတွေဟာ တစ်ခါတစ်ရံ လမ်းဆုံးအထိ ဆိုင်ကယ်နဲ့ ဝင်လာတတ်ကြ တယ်။ ။ အဆုံးကိုရောက်မှ "ဟာ လမ်းပိတ်ကြီးပဲ" လို့ ရေရွတ်ရင်း လမ်းထဲကထွက်နေတဲ့ အနံ့အသက်ပေါင်းစုံကို ရွံရှာစွာ နှာခေါင်းရှုံ့ရင်း ပြန်ထွက် သွားတတ်ကြတယ်။ လမ်းထိပ်ကကြည့်တဲ့အခါမှာလည်း လမ်းပိတ်ကြီးမှန်းသိဖို့ ခဲယဉ်းအောင် လမ်းကျဉ်းကလေးကိုပဲ စဥ့်အိုးကျူး၊ တိုင်ကီကျူး၊ ပက်လက် ကုလားထိုင်ကျူး၊ တိရစ္ဆာန်ကျူး အစစအရာရာ ကျူးထားကြတော့ လမ်းအဆုံးက အုတ်တံတိုင်းကြီးကို ရှင်းရှင်းလင်းလင်း မြင်ရဖို့ မဖြစ်နိုင်ဘူးပေါ့။

အဲဒီလမ်းဆုံးက အုတ်တံတိုင်းကြီးပေါ်မှာတော့..

"သေးမပေါက်ရ၊ လူဆိုးရင် လူလိုးသိပါ"

"ကလေးအသားခါးသီ ခွေးသားချိုးသီ"

“ပန်းစုံရသ့်”

“ညယ်မလေကို ချစ်တရ်”

“နေ့အထွက်မှာ ရွှေခွက်နဲ ရေအပြွေ ခက်ခဲပါ”

စတဲ့ သတ်ပုံအဆန်းတွေနဲ့ ကြေညာစာတမ်းတွေ၊ ဖွင့်ဟာဝန်ခံချက်တွေ၊ ဝှက်စာတွေ၊ ဘာရုပ်တွေမှန်း ဖော်ရခက်တဲ့ ရုပ်ပုံတွေ။ နောက်ပြီး နှစ်လုံးသုံးလုံး ဂဏန်းတွက်ထားတဲ့ တစ်ပတ်စာ တစ်လစာ ကလင်ဒါတွေ အစုံစုံအပြားပြား မှတ်တမ်းတင်ထားတယ်။ ကမ္ဘာဦးလူသားတစ်ယောက်ရဲ့ ကျောက်ဂူတံခါးမှာ လက်ဖဝါးရာ ရိုက်နှိပ်ခဲ့ပုံမျိုး။ ကမ္ဘာပျက်သွားရင်တောင် အဲဒီအုတ်တံတိုင်းကြီး ကတော့ ကျန်ခဲ့မှာပဲလို့ ယုံကြည်ကြပုံမျိုးပေါ့။ အုတ်တံတိုင်းကြီးရဲ့ဟိုဘက်မှာတော့ ဆန်ပွဲရုံကြီးတစ်ခု ရှိတယ်။ ခြံဝင်းအကျယ်ကြီးထဲမှာ အပင်တွေ အုပ်အုပ် ဆိုင်းဆိုင်းကြား မှောင်မည်းနေတဲ့ ဂိုဒေါင်ကြီးတစ်လုံး ရှိတယ်။ ပွဲရုံရဲ့ ဟိုဘက်မှာ ဆိုရင် မြစ်။ ပွဲရုံကမြစ်ဘက်ကို မျက်နှာပြုထားလို့ စမ်းရေလမ်းဟာ ပွဲရုံရဲဂိုဒေါင်ကြီးရဲ့ နောက်ကျောပဲ။ အုတ်တံတိုင်းကလည်း စမ်းရေလမ်းအတွက် မျက်နှာစာဆိုပေမယ့် နောက်ကျောအုတ်တံတိုင်းကြီးပဲပေါ့။

အဲဒီအုတ်တံတိုင်းနဲ့ ကပ်လျက်ဆုံးအိမ်မှာ ညိုမြာနဲ့ ဒေါ်မိုလ်မတို့ရဲ့အိမ်။ တစ်ဝိုင်းတည်းမှာ အိမ်နှစ်အိမ် ဖြစ်နေတာပေါ့။ ဝိုင်းခပ်ကျဉ်းကျဉ်းကလေးကို နှစ်အိမ်ဖြစ်နေတဲ့အပြင် ဒေါ်မိုလ်မတို့လင်မယားအပြင် သူ့သမီးနဲ့ သမက် လင်မယား၊ ကလေးပေါက်စိကလေးတွေကလည်း နှစ်ယောက်နဲ့ ဆိုတော့ ရှုပ်နေတာပဲ။ ညိုမြာတို့ကတော့ ကိုကြည်နုရယ်၊ သီသီမေရယ်ရောမှ သုံးယောက် ပေါ့။ အကြီးမ ဇင်မာဦးကလည်း လင်ရပြီးနောက် သူ့လင်နဲ့အတူ ရပ်ကွက်ထဲက အခြားလမ်းတစ်လမ်းမှာ ငှားနေကြတယ်။ အေးကိုလေးကတော့ ဆိုင်ကယ်ဝပ်ရှော့ မှာနေ၊ အဲဒီမှာအိပ်ဆိုတော့ ညိုမြာတို့အိမ်မှာ ဘာအလုပ်ဘာအကိုင်မှမရှိဘဲ အိမ်ကနေ စီမံခန့်ခွဲနေတဲ့ ညိုမြာတစ်ယောက်ပဲ နေ့လယ်ဘက် အိမ်မှာရှိတယ်။ သို့သော်လည်း တိတ်တိတ်ဆိတ်ဆိတ်လို့တော့ မမျှော်လင့်နဲ့ပေါ့။ တစ်ချိန်လုံး အမ်ပီသရီးဆောင်းဘောက် အသေးစားကလေးနဲ့ ဇာတ်သီချင်းတွေဖွင့်၊ သံသေး သံကြောင်နဲ့ လိုက်ဆို။ ဆိုနေရင်းတန်းလန်းက အိမ်သာပေါ် မသွားဘဲ သူ့အိမ် ခေါင်းရင်းက မြက်ဖုတ်ထဲ အီးလာပါတဲ့ ဒေါ်မိုလ်မမြေးကောင်တွေကို လှမ်းဆဲဆို၊ အဲဒီကနေ အကြောင်းသင့်ရင် ဒေါ်မိုလ်မသမီးနဲ့ ရန်ဆက်ဖြစ်ချင်လည်းဖြစ်။ သူ့ပါးစပ်ဟာ ဘယ်တော့မှ အအားမနေဘူး။ သီချင်းအော်ဆိုတာနဲ့ အော်ဟစ် ရန်ဖြစ်တာတွေ လုပ်မနေရလည်း အိမ်တိုင်အခြေကို ကွမ်းတဗျစ်ဗျစ်ထွေးဖို့ ကွမ်းကို ညက်အောင် ဝါးနေရတာပဲ။

ဒေါ်မိုလ်မအိမ်က အတွင်းဘက်၊ ညိုမြာတို့ကတော့ လမ်းဘေးတင်။

ညိုမာတို့အိမ်နဲ့ မျက်နှာချင်းဆိုင်၊ အုတ်တံတိုင်းနဲ့ ကပ်လျက်ဆုံးအိမ်ပဲဖြစ်တဲ့ အိမ်ကတော့ ဦးသိန်းမောင်နဲ့ ဒေါ်ဌေးတို့ နေတယ်။ သူတို့သား ရေခဲရောပေါ့။ သူတို့ကတော့ ငှားနေတာပါ။ ဒီလမ်းထဲမှာ အိမ်ပိုင်ဝိုင်းပိုင်ဆိုတာက ခပ်ရှားရှား။ များသောအားဖြင့်ကတော့ အငှားသမားတွေချည့်ရယ်။ ရေခဲတို့အိမ်နဲ့ကပ်လျက်က ဝင့်ဝါတို့အိမ်။ ဒီလမ်းထဲမှာ ကလေးအများဆုံးအိမ်ပဲ သူ့တစ်အိမ်တည်းတင် ကလေး ခုနစ်ယောက် ရှိတယ်။ အကြီးဆုံးမလေးက တစ်ဆယ့်သုံးနှစ်၊ အငယ်ဆုံးကောင်က နှစ်နှစ်။ ကြားထဲမှာ တစ်ယောက်နဲ့တစ်ယောက်နဲ့ဟာ တစ်နှစ်ခြား နှစ်နှစ်ခြားကလေးတွေပဲ ကွာမယ်။ ကလေးခုနစ်ယောက်နဲ့မို့ ဝင့်ဝါဆိုတာ အဘွားကြီးတစ်ယောက်လို့တော့ မတွေးနဲ့။ သူ့အသက်က အလွန်ဆုံးရှိလှမှ လေးဆယ်ပဲ။ အပျိုဖြစ်ပြီးနောက် သူ့ဘဝတစ်ခုလုံးရဲ့ အချိန်တစ်ဝက်လောက်ကို ဗိုက်ကြီးရင်း၊ ကလေးမွေးရင်းနဲ့သာ ကျော်ဖြတ်ခဲ့ရတဲ့ပုံပေါ့။ ကလေးခုနစ်ယောက်လုံး တစ်မအေတည်းဆိုပေမယ့် အဖေတွေကတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ ဒါကြောင့် အသားဖြူဖြူ မျက်နှာသွယ်သွယ်၊ ခပ်ချောချော ဝင့်ဝါရဲ့ ကလေးတွေဆိုပေမယ့် တစ်ယောက်က မဲတုံးလို့၊ တစ်ယောက်ကတော့ ဝါဖြူဖြူ၊ နောက်တစ်ယောက်ကျတော့ အသားလတ်၊ ခုနစ်ယောက်ကို အသား အရောင် ခုနစ်ရောင်၊ တန်းစီထားလိုက်ရင် မိုးရွာပြီးစ မြင်ရတဲ့ သက်တံလို့တောင် တင်စားချင် တင်စားနိုင်တာပေါ့။

ခုလက်ရှိ နောက်ဆုံး ဝင့်ဝါရဲ့ယောကျ်ားက ဘီအိုစီမှာ ဆီပန့်ကိုင်တယ်။ သူ့မှာလည်း မိန်းမနဲ့ ကလေးတော့ ရှိပြီးသား၊ ဒီမြို့မှာတော့ မဟုတ်ဘူးပေါ့။ ဝင့်ဝါက မယားငယ်ပဲ။ ဘယ်နှယောက်မြောက်မှန်းတော့ မသိဘူး။ ဝင့်ဝါ ကိုယ်တိုင်လည်း ဒီယောကျ်ားရှေ့မှာ ယောကျ်ား ဘယ်နှယောက် ရှိတယ်။ သူ့ဟာသူတောင် မှတ်မိချင်မှ မှတ်မိမယ်။ ကလေးတွေကို ပြန်စစ်မှ ဟိုတစ်ယောက်ကတော့ ကျော်တင့်နဲ့ရတာ၊ ဒီတစ်ယောက်ကတော့ လိပ်ပုရဲ့သား၊ အဲ အလတ်မက ဘယ်သူနဲ့ပါလိမ့် စသဖြင့်။ ဘယ်သူက ဘယ်သူနဲ့ရတယ် လို့ စာရင်းစစ်ဝင်တာမျိုးမရှိတော့ ကြာတော့ သူလည်းရောကုန်ရော။ ဘယ်သူနဲ့ရရ သူ့ဗိုက်ထဲက ထွက်သမျှ သူ့သားသမီးချည့်မို့ ကိစ္စတော့မရှိပါဘူး။

လက်ရှိယောကျ်ားက ပိုက်ဆံတော့ အတော်ဝင်တယ်။ ဆီဆိုင်မှာ ပန့်ကိုင်လို့ ဆီထည့်ပေးနေရင်း ဘယ်လိုများ ပိုက်ဆံတွေ ဆည့်ကျိုးသလို ဒလဟောဝင်နေသလဲတော့ သူ့အတွေ့အကြုံအရ စဉ်းစားကြည့်လို့မရဘူး။ မေးလည်း မေးမကြည့်ဖူးပါဘူး။ တစ်လတစ်လ ဝင့်ဝါကို အိမ်လခနဲ့ အသုံးစရိတ်အတွက် ပေးတာတင် အနည်းဆုံး တစ်သိန်းခွဲ နှစ်သိန်း ပုံမှန်ရှိတယ်။ သူနဲ့ရတဲ့ အငယ်ဆုံးသားလေး “တရုတ်ကြီး” အတွက်ဆိုပြီး သက်သက် ပေးတာရှိသေးတယ်။ နောက်ပိုင်းမှာ “ငါ့အလုပ်က အရင်ကလို မဟုတ်တော့ဘူးဟ” ပြောပြီး တစ်နှစ်ထက်တစ်နှစ် ပိုက်ဆံပေးတာ နည်းနည်းလာတယ်ဆိုပေမာ ဒါဟာ

ဝင့်ဝါယူခဲ့သမျှ လင်တွေထဲမှာဆိုရင် အကောင်းဆုံးစံချိန်ပဲ။ ဒီလင်လက်ထက်မှသာ သူဟာ ဘာအလုပ်အကိုင်မှ မယ်မယ်ရရ မရှိဘဲ အေးအေး သက်သက် နေနိုင်ခဲ့တာ။ ဒါပေမဲ့လည်း သူ့လင် ဘယ်လောက်ထောက်ပံ့ပံ့ ဝင့်ဝါဆိုသည်မှာ ဘယ်တုန်းကမှ လောက်တယ်ရယ်လည်း မရှိဘူး။ ကလေး တွေကလည်း သိပ်များတာကိုး။ အကြွေးရှင်တကာနဲ့ ရန်ဖြစ်လိုက်၊ လမ်းထဲ ညိုမြာတို့အိမ်အနောက်ထဲ ကျင်းပတဲ့ ဖဲဝိုင်း ဒိုးဆက်ဝိုင်းတွေမှာ ရန်ဖြစ်လိုက်၊ ကြွေးတပူပူ လူတဆူဆူနဲ့ပဲ။ ရန်ကလည်း ဖြစ်စရာမရှိရင် သူ့ကလေးတွေနဲ့ သူပြန်ဖြစ်နေတာမျိုး။

ညိုမြာတို့နဲ့ ကပ်လျက်၊ ဝင့်ဝါတို့နဲ့ မျက်နှာချင်းဆိုင်အိမ်က ဇော်မောင်တို့ လင်မယား ငှားနေတယ်။ ဇော်မောင်က ဆိုက်ကားသမား။ လူပုံက ထောင်ထောင်မောင်းမောင်း ညစ်ညစ်ပတ်ပတ်ဆိုပေမယ့် ရုပ်ဖြောင့်ဖြောင့်ထဲကပဲ။ အဲဒီတော့ မိန်းမလည်း အလွန်ပွေချင်တယ်။ သူ့မိန်းမလေးကတော့ လှလည်းလှ၊ အေးလည်း အေးရှာတယ်။ လမ်းထဲပြောင်းလာပြီး တစ်လလောက်အထိ ဘာသံမှ မကြားရလို့ ဇော်မောင့်မိန်းမက အ,အလေးနဲ့ တူတယ်လို့တောင် ထင်ခဲ့ကြသေး တာ။ တစ်နေကုန် တစ်နေခမ်း စက်ချုပ်ရင်း အိမ်ထဲမှာပဲ။ အပြင်ထွက်တယ်လို့ကို သိပ်မရှိဘူး။ လမ်းထဲက ရန်ပွဲတွေထဲမှာ ဘယ်တော့မှ ပါဝင်ပတ်သက်ခြင်းမရှိတဲ့ လူတွေထဲက တစ်ယောက်ပဲ။ သူတို့မှာ သားကလေးတစ်ယောက် ရှိတယ်၊ မူကြိုတက်နေပြီ။ စကားကလည်း သိပ်တတ်တာ။ ညနေခင်း ဇော်မောင် ဆိုက်ကားနင်းပြန်လာ၊ "မိန်းမရေ အချစ်ရေ ဘာဟင်းချက်တုန်းကွာ" လို့ အော်ပြီးဝင်လာတဲ့အခါ သူ့သားလေးက မပီတပီစကားနဲ့ "ငါရိုးမအဖေ ပြန်လာ တိုင်း မိန်းမရေ အချစ်ရေချည့်ပဲ, ငါ့သားလေးရောလို့ တစ်ခါမှ မမေးဘူး" လို့ ပဋိသန္ဓာရ ပြုတတ်နေပြီ။

သူတို့နဲ့ကပ်လျက်မှာတော့ စမ်းရေအိမ်ဆိုင်။ စမ်းရေအိမ်ဆိုင် အိမ်က တော့ လမ်းအတွင်းဘက်ထဲမှာ အတိတ်ဆိတ်ဆုံးအိမ်လို့ ပြောလို့ရတယ်။ ဒီလမ်းမှာက လမ်းထိပ်ပိုင်းကလူတွေက ခပ်အေးအေး၊ ခပ်မှန်မှန်နေကြပြီး လမ်းအတွင်း ထဲ ရောက်လာလေလေ စရိုက်ကျလာလေလေ၊ ဆူညံပွက်လောရိုက်လာလေလေ ဆိုတော့ လမ်းထိပ်ပိုင်းကလူတွေက အတွင်းထဲကလူတွေနဲ့ သိပ်မဆက်ဆံလိုကြ ဘူး။ ပုံကျသမားတွေ၊ ဈေးသည်တွေများပြီး ဇာတ်ကလည်း အလွန်ရှုပ်တဲ့လူတွေ ကိုး။ ဒါပေမဲ့ စမ်းရေအိမ်ဆိုင်ကိုတော့ တစ်လမ်းလုံးက ဝယ်ကြခြမ်းကြပါတယ်။ ဦးကျီးညိုနဲ့ ဒေါ်စန်းတို့ လင်မယားက ဖွင့်ထားတာ။ သူတို့လည်း လမ်းထဲက ဆဲဆိုအော်ဟစ် ဆူညံပွက်လောရိုက်မှုတွေမှာ ဘယ်တော့မှ မပါတတ်ဘဲ၊ အဲသလို ရန်သတ် ဆဲဆိုကြပြီဆိုရင် အိမ်ထဲမှာတင် ငြိမ်ငြိမ်ကလေးထိုင် လက်ဖဝါးချင်းပွတ်နေတတ်တဲ့ လူမျိုးတွေ။ ဦးကျီးညိုက အရင်တုန်းက ဇာတ်ထဲ မှာ ဆိုင်းနောက်ထ လူရွှင်တော် လုပ်ခဲ့တယ်။ အသက်ကလည်းရလာတာရော၊ နောက်ပိုင်း သူလိုက်တဲ့ဇာတ်တွေကလည်း ပွဲချီပွဲငှားနည်းလေတော့ တချို့နှစ်တွေ

မှာ စပေါ်ငွေ ထေမိအောင်တောင် မကရတဲ့နှစ်တွေ ရှိလာခဲ့တယ်။ အဲဒီတော့ ရတဲ့ညကြေးနဲ့ အိပ်ရေးပျက် လူပင်ပန်းတာနဲ့ မကိုက်ဖြစ်လာတော့ နားလိုက်တာ ကို လေးငါးနှစ်မက ရှိခဲ့ပါပြီ။

အိမ်မှာပဲ ဒေါ်စန်းကို ဈေးကူရောင်း၊ ဇာတ်စာ၊ ဇာတ်စကား၊ ဆိုင်းဆင့်၊ ခွန်းထောက် စသဖြင့် စာအုပ်ကလေးတွေ ရှာဖတ်။ အိမ်အနောက်မှာ ဗူးစင် ဖရုံစင်ကလေးထောင်၊ စင်အောက်မှာ ဘောင်ကလေးလုပ်၊ ချဉ်ပေါင်ပင် ကန်စွန်းပင်လေးစိုက်။ တစ်ခါတစ်ရံလည်း သူ့အိမ် ထင်းမီးအတွက် မြစ်စပ်က ချုံတွေထဲတိုးပြီး ကန္တာရသားတွေခုတ်၊ တိတ်တိတ်ဆိတ်ဆိတ်သမားပါပဲ။ လူ့ရှင်တော်မို့ ဟီးဟီးဟားဟား အသံကြားရခဲလှတယ်။ ဒေါ်စန်းကလည်း အဲသလိုပဲ၊ ဆိုင်အတွက် ဈေးသွားဈေးလာဝယ်ခြမ်း၊ ရောင်းဖို့ ငါးဆယ်ဖိုး တစ်ရာဖိုးအိတ်ကလေးတွေထုပ်၊ မီးသွေးကိုအိတ်လိုက်ဝယ်၊ နှစ်ရာတန်အထုပ် ကလေးတွေ ပြန်ထုပ်။ ခဲတံတိုကို တံထွေးလေး ဆွတ်ဆွတ်ပြီး အကြွေးစာရင်း ကလေး ထိုင်ထိုင်တို့။ ညနေညချမ်းတွေမှာ ထာဝရမပြီးတော့ဘူးထင်ရတဲ့ မုဆိုးမလေး မိဂဏ်ီ"၊ "အသောက" စသဖြင့် အိန္ဒိယ၊ ကိုရီးယား ဇာတ်လမ်းတွဲ လေးတွေ ကြည့်ရင်း မျက်ရည်စလေးတွေ လူမမြင်အောင် ခိုးခိုးသုတ်၊ သူတို့အိမ်က အသံကျယ်ကျယ် စကားကျယ်ကျယ် ထွက်စရာဆိုလို့ အညှော်ကြော်ခါနီး "ညှော်မယ်ဗျို့" လို့ လမ်းလုံးကြားအောင် အော်တာလောက်ပဲ ရှိတယ်။ သူတို့လင်မယားကတော့ တစ်လမ်းလုံးနဲ့ ပလဲနံပသင့်တယ်။ သဗ္ဗါရ မျှတယ်လို့ ဆိုရမယ်။ စမ်းရေဆိုတဲ့ နာမည်ကိုက ဦးကျီညိုက သူ့မိန်းမ ဒေါ်စန်းကို ခေါ်တဲ့ "စန်းရေ စန်းရေ" ကနေ "စမ်းရေ" အိမ်ဆိုင် ဖြစ်သွားတာပဲ။

စမ်းရေအိမ်ဆိုင်နဲ့ မျက်နှာချင်းဆိုင်အိမ်ကတော့ အပျိုကြီး ဒေါ်မီမီတင် တစ်ယောက်တည်းနေတယ်။ လမ်းထဲမှာက သူ့ဆိုရင် အမုန်းများကျတော့ "အပျိုကြီး ဘာအပျိုကြီးလဲ ဒီအရွယ်အထိ အမြီးမပေါက် ဘာမျောက်မို့လ ခိုးတော့စားဖူးမှာပေါ့"လို့ ကွယ်ရာမှာ အမနာပဆိုကြလေရဲ့။ ရှေ့ဆိုရင်တော့ လေးစားသမှုလိုလို ဘာလိုလိုနဲ့ ဒေါ်မီမီတင်လို့ "ဒေါ်" တပ်ခေါ်ကြရပေမယ့် တကယ်တမ်း သူ့အသက်က လေးဆယ့်ငါးကျော်ရုံလေးသာ ရှိသေးတာပါ။ ရုပ်အရဆိုရင် အဲဒီထက်တောင် နုဦးမယ်။ သို့သော်လည်း အပျိုကြီးဆိုတဲ့ အတိုင်း ပစိပစပ်ကလည်း အလွန်များ အလွန်ကပ်စေးနည်း။ လမ်းထဲက လူတွေရဲ့ အပြောတိုင်းပြန်ပြောရရင် "အပျိုကြီး တစ်ပြားကို နှစ်ပြားဖြစ်အောင် ခွာနေတာ၊ သူ့ဟာသူတောင် မချန်လောက်ဘူး၊ ညည မှန်ထောင်ပြီး ခွာကြည့်နေလောက် တယ်" တဲ့။ ကမ္ဘာပေါ်က ရှိရှိသမျှသော လူပျိုကြီး အပျိုကြီး တော်တော်များများ ဟာ ဘာနိယာမ ဘာသဘောတရားကြောင့်ရယ်တော့ မသိဘူး။ ကြောင်ချစ်တာ တော့ အတော်တူကြတယ်။

ဒေါ်မီမီတင်အိမ်မှာ ကြောင်တွေ မွေးထားလိုက်တာဆိုတာ အများကြီး။ သူ့အိမ်ထဲများဝင်လိုက်ရင် ကြောင်ချေးနဲ့ ကြောင်သေးနံ့ဆိုတာ ကြိုင်လှိုင်သင်းလို့။ နဂိုကမှ တစ်လမ်းလုံးနဲ့ မဆက်ဆံချင်ဘဲ ဆက်ဆံနေရ၊ အကြောမတည့်ကြရတဲ့ ကြားထဲ သူ့ကြောင်တွေက ဟိုအိမ်က ဟင်းခိုးစား။ ဒီအိမ်က ဟင်းခွက်ဝင်နှိုက် လို့ စကားများကြရတာ အကြိမ်ကြိမ်။ ဒါပေမဲ့ သူနဲ့ စကားများရန်ဖြစ်ဖို့ဆိုတာ ပြောသလောက်လွယ်တာမျိုးတော့လည်း မဟုတ်ဘူး။ လမ်းထဲမှာ စမ်းရေအိမ်ဆိုင်က တစ်လမ်းလုံးရဲ့ စားနပ်ရိက္ခာဂိုဒေါင် ဖြစ်သလိုပဲ။ ဒေါ်မီမီတင်ဆိုတာ တစ်လမ်းလုံးရဲ့ ငွေပဒေသာပင် ဘဏ်တိုက်ကြီး။ သူနဲ့ ကင်းကင်းနေဖို့ဆိုတာလမ်းထဲကလူတွေအဖို့တော့ မဖြစ်နိုင်သလောက်ပါပဲ။ အလွတ်ဆိုရင် တစ်ရာ နှစ်ဆယ်တိုး၊ ပစ္စည်းနဲ့ဆိုရင် ဆယ့်ငါးကျပ်တိုး၊ ရွှေဆိုရင်တော့ တစ်ဆယ်တိုး ပေါ့လေ။ နေ့ပြန်တိုး၊ မီတာတိုး ဘယ်စနစ်နဲ့ချေးချေး ရတယ်။ ပြီးတော့ သူက နှစ်လုံး၊ သုံးလုံးလည်း ဒိုင်ကိုင်တယ်။ ရေကန်အသင့် ကြာအသင့်ပေါ့။ သူ့ဆီ ပိုက်ဆံချေး သူ့ဆီပဲ နှစ်လုံးပြန်ထိုး။ စမ်းရေလမ်းကလေးရဲ့ ငွေကြေး လည်ပတ်မှုစနစ်ကတော့ တကယ့်ဖွံ့ဖြိုးဆဲနိုင်ငံငယ်ကလေးတစ်ခုအလားပါပဲ။

စမ်းရေအိမ်ဆိုင်နဲ့ ကပ်လျက်ကတော့ ရေခဲချောင်းသည်ကြီး ဦးတင်အောင်ရဲ့အိမ်။ သူလည်းပဲ ငှားနေတာပါ။

ဦးတင်အောင်ဆိုတဲ့ အဘိုးကြီးကလည်း လောင်းကစားဆို အင်မတန် ဝါသနာပါတာ။ တစ်ချိန်ကတော့ သူမရောက်ဖူးတဲ့ ဂျင်ဝိုင်း၊ ဖဲဝိုင်းရယ်လို့ မရှိဘူး။ ငါးမန်းခေတ်ကျတော့လည်း ငါးမန်း၊ ရွှေဘောလုံးခေတ်ကဆိုလည်း ရွှေဘောလုံး။ ကျူခုံတွေ ခေတ်စားခါစတုန်းကဆိုရင်လည်း ရေခဲပုံးနဲ့ စက်ဘီးကြီး ဘီးထောက်ပြီး နံပါတ်ဘော တစ်ပွဲနှစ်ပွဲတော့ ဝင်ထိုးလိုက်သေးတာပဲ။ အင်းနောက်ထိုးတာ သိပ်ကောင်းလို့ ရာရှင်ပူးကတော့ သူအပိုင်ဆုံး။ ဒါပေမဲ့လည်း ဘာတွေပိုင်ပိုင် ဖဲကိုင်ဘယ်လိုကျွမ်းကျွမ်း သူ့ကစားသမားဘဝမှာဖြင့် နိုင်တယ် ရယ်လို့ တစ်ခါမှ မကြားဖူးပါဘူး။ ရေခဲချောင်းရောင်းသက် နှစ်နှစ်ဆယ်အတွင်း မှာလည်း မနိုင်ဘူး။ အဲဒီအရင်က ဟန်ကျပန်ကျမဟုတ်တောင် သိပ်အဆိုးရွားကြီး မဟုတ်ခဲ့တဲ့ တောင်သူဘဝတုန်းကလည်း မနိုင်ဖူးဘူး။ သူ့အဖေဆီကရလိုက်တဲ့ လယ်ကလေးဆယ်ကေဆိုတာ လှည့်တဲ့ ဂျင်ကလေးထဲပါသွားလိုက်တာ ဘယ်နားမှန်းတောင် မမှတ်မိနိုင်တော့ဘူး။ အင်း နှစ်သုံးဆယ်ကျော် လေးဆယ် နီးနီးလောက်တော့ ရှိပြီပေါ့။ အဲဒီတုန်းကတော့ ငယ်ကလည်း ငယ်သေးတော့ လယ်တွေကုန်တာတောင် မမှုပါဘူး။ ပွဲစားလိုလို၊ သူရင်းငှားလိုလိုနဲ့ နောက်ဆုံး ရွာကအိမ်ပိုင်းရောင်းထုတ် အကြွေးဆပ်၊ မြို့ပေါ်ရောက်လာ အိမ်ငှားနေ။ နောင်တ လည်းမရ အိမ်အတွက်သာ မကျန်ရင်နေမယ် လောင်းကစားလုပ်ဖို့ကတော့ ဘယ်ကဘယ်လိုရှာရတယ်မသိ၊ အနည်းဆုံးမတော် လောင်းသာရေး ထိုးစရာပြုရာ

လေးကတော့ ရှိနေတာပဲ။

အဘိုးကြီးဦးတင်အောင်ဟာ ဒီတစ်ဖက်ပိတ်စမ်းရေးလမ်းကလေးထဲ ဖဲဝိုင်း၊ ဒိုးဆက်ဝိုင်း ရှိလို့ကတော့ ဈေးဦးမပေါက်သေးလို့ ဘေးမထိုးရတောင် ဖဲမီးကလေးကတော့ နာရီဝက် တစ်နာရီ လှုံလိုက်ရမှ။ အိမ်ပြန်ရောက်တော့ ရောင်းကြေးမပါ၊ ယူထားတဲ့ ရေခဲချောင်းတွေ အရည်ပျော် အရင်းပြုတ်လို့ သူ့မိန်းမ၊ ဘွားကြည်က ဘယ်လောက်ဆဲဆဲ၊ သူ့သမီးနှစ်ယောက်က ဖအေအရင်း ကို ဘယ်လိုပင်ရိုင်းပျပျ အိမ်ရှေ့ကွက်လပ်က ဝါးပက်လက်ကုလားထိုင်ကလေး မှာ ထိုင်ရင်း(မမေ့မလျော့) မဖြစ်မနေဝယ်လာတဲ့ ဘီအီးကလေး တစ်ပိုင်း၊ မြို့နယ်စာကြည့်တိုက်က ငှားလာတဲ့ မဂ္ဂဇင်းအဟောင်းကလေး တစ်အုပ်နဲ့ တိတ်ဆိတ်နေလိုက်တော့တာပဲ။ တစ်ခါတလေ သူ့သမီးအငယ်မယောက်ျားက ပါ သူနဲ့ ဝင်ဝင်သောက်တယ်။ သူတို့နှစ်ယောက်ကတော့ ယောက္ခမနဲ့ သမက် ဆိုပေမယ့် သားအဖအလားကို သဟဇာတ ဖြစ်ကြတယ်။ အသောက်သမား ညီညွတ်ရေးလို့ပဲ ဆိုရမယ်ထင်ပါရဲ့။

အဘိုးကြီးက စာတော့ နည်းနည်းဖတ်တယ်။ ဒါပေမဲ့ သူဖတ်တာ အများစုက မှဲ့အဟော၊ အိပ်မက်ကျမ်း၊ အသားလှုပ်နိမိတ်အဖွင့်၊ ဆေးမြီးတိုစသဖြင့် ဗေဒင်ယတြာတွေ ပါတဲ့ နက္ခတ္တရောင်ခြည်တို့၊ ရောင်ပြန်တို့ ဂမ္ဘီရတို့ပါပဲ။ ဒီတော့ လမ်းထဲ အခါတော်ပေးလိုလို၊ ဗေဒင်ပဲတတ်သလိုလို၊ လက္ခဏာပဲ ကြည့်တတ်သလိုလို ဟိုင်းဒီင်း လုပ်ချင်သေးတာပေါ့။ ညတိုင်ဆိုရင်တော့ ဘေးမှာ ကမ္ဘာပျက်နေတဲ့ကြားက မုန့်တိုင်းအလယ်က မျက်စိလို စာအုပ်တစ်အုပ်၊ ဘီအီးတစ်ပိုင်းနဲ့ အံ့သြစရာ ငြိမ်သက်နေတော့တာပဲ။ တစ်ဖက်ပိတ် စမ်းရေလမ်း ထဲက အိမ်တိုင်းအိမ်တိုင်းမှာက ပုံမှန်အသံလွှင့်ဇာတ်လမ်းတစ်ခုစီကတော့ ရှိကြ တာချည့်ပဲ။ တစ်အိမ်ကမလွှင့်လည်း တစ်အိမ်ကလွှင့်၊ မနက်ခင်း လေးငါးနာရီက စလို့ ညဆယ်နာရီ ဆယ့်တစ်နာရီအထိ အစီအစဉ် တစ်ခုမဟုတ်တစ်ခုကို ပွက်လောရိုက်အောင် နားသောတဆင်နေရတာပါပဲ။

ဦးတင်အောင် ရေခဲချောင်းရောင်းတယ်ဆိုတာက တကယ်တော့ သူ့ နှစ်လုံး သုံးလုံး ထိုးဖို့၊ ကလင်ဒါဝယ်ဖို့၊ အရက်သောက်ဖို့လောက်ပါပဲ။ “ဘီအီး ရေဆွတ်၊ နှစ်လုံးထိုင်ထိုး၊ ကလင်ဒါဖိုး” လို့တောင် သူ့ကိုယ်သူ စာပြန်ချိုးထားသေးတယ်။ သူ့အိမ်စားဝတ်နေရေးအတွက် တကယ့်အလုပ်အကိုင်က သူ့သမီး နှစ်ယောက် အသုပ်ရောင်းတာနဲ့ သူ့သမီးအငယ်မရဲ့ယောက်ျား သူ့သမက် ဆိုင်ကယ်ကယ်ရီဆွဲတာက အဓိကပဲ။ သူ့သမီးအကြီးမကတော့ အပျိုကြီးပါ။ ဒေါ်မီမီတင်လောက် မဟိုင်းသေးပေမယ့်လဲ သူ့အသက်က လေးဆယ်ကို တော်တော်နီးနေခဲ့ပြီ။

သူ့သမီးနှစ်ယောက်ဟာ ဈေးကြီး၊ ဈေးလေးနဲ့ ရထားဆိပ်၊ ကားဂိတ် တွေမှာ

မနက်ရှစ်နာရီ၊ ကိုးနာရီကနေ၊ ညနေ ခြောက်နာရီခုနစ်နာရီလောက်အထိ အသုပ်ငန်း ခေါင်းပေါ်တင်ပြီး လှည့်ပတ်ရောင်းတာ။ သဘော်သီးသုပ်၊ မုန်လာချဉ်သုတ်၊ ပဲသုပ် စသဖြင့် သဗ္ဗရန်အသုတ်ပလုတ်။ ဦးတင်အောင်မိန်းမ ဘွားကြည် က သူ့သမီးတွေ ရေချိုး၊ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်း၊ ခေါင်းပေါ် ခေါင်းဖု လေးတင် ဗန်းသယ်ပြီး ဈေးထွက်နိုင်ဖို့ လုပ်စရာရှိတဲ့ အလုပ်မှန်သမျှ ဒိုင်ခံ လုပ်တာပဲ။ ဘွားကြည်က ဦးတင်အောင်ထက်တောင် အသက်နည်းနည်းကြီးသေး တော့ အတော့်ကို အိုပြီ။ တစ်နှစ်ထက်တစ်နှစ် ဘွားကြည်ခါးဟာ ကုန်းကုန်း လိုက်လာတာမှာ ဒီနှစ်တွေအတွင်းမှာဆို လေးဆယ့်ငါးဒီဂရီလောက်အထိကို ကိုင်းနေပြီ။ သူလမ်းလျှောက်လာရင် လမ်းလျှောက်တာနဲ့ မတူတော့ဘဲ လေးဖက်ထောက်ကြီး လာနေသလိုတောင် ထင်ရတယ်။ တစ်လမ်းလုံးက ဘွားကြည်ကို အဲဒီလောက်အထိ ကုန်းရုန်းလုပ်နေရတော့ သနားတာရော၊ သူ့သမီးတွေပါ ဝင်နွဲတတ်တဲ့ လမ်းထဲက စကားလုံးတိုက်ပွဲတွေ၊ ရန်ပွဲတွေမှာတောင် ဝင်မပါတာ၊ ဘယ်သူ့အတင်းမှ မချတာ၊ လမ်းထဲကပြဿနာတိုင်း ဘယ်ဘက်ကမှ မရပ်တာ၊ စသဖြင့် အနေမှန်မှုတို့ရောကြောင့် လေးလည်းလေးစား၊ ချစ်လည်း ချစ်ကြတယ်။ ဦးတင်အောင်ကိုတော့ တစ်လမ်းလုံးက ဟာသလောက်သာ သဘောထားတာမျိုး လေ။

ဦးတင်အောင်တို့နဲ့ မျက်နှာချင်းဆိုင်၊ ဒေါ်မီမီတင်နဲ့ ကပ်လျက်ကတော့ ပေလေးဆယ်ခြောက်ဆယ်ရှိမယ့် ခြံဝိုင်းအလွတ်ကြီး။ မြက်တောတွေထလို့၊ ကန္တာရသားတွေနဲ့ ပွလို့။ ခြံဝိုင်းထဲတင် တမာပင် နှစ်ပင်နဲ့ ထနောင်းပင် တစ်ပင်လည်း ရှိနေသေးတော့ အဲဒီဝိုင်းအလွှာဟာ ဘယ်တော့ကြည့်ကြည့်မှောင်နဲ့မည်းမည်း။ လမ်းထဲက တချို့လူတွေဟာ နဂိုကမှ လမ်းပေါ် ရေဆိုးသွန်၊ အမှိုက်ပစ်လုပ်ကြတာ၊ လမ်းထဲ အဲသလို လူမနေသူမနေတဲ့ ဝိုင်းလွတ်တစ်ခု ရှိနေတော့ သူတို့အတွက် အမှိုက်ပုံလုပ်ပေးထားသလို ဖြစ်နေတော့တယ်။

ဦးတင်အောင်နဲ့ ကပ်လျက်ကဝိုင်းမှာတော့ ဦးပြုံးချိုနဲ့ ဒေါ်ဝိုင်းဆိုတဲ့ လင်မယားနှစ်ယောက် အေးအေးချမ်းချမ်းနဲ့ပဲ နေကြတယ်။ သူတို့ကတော့ ကိုယ့်အိမ်ကိုယ်ဝိုင်း အပိုင်သမားတွေပေါ့။ သူတို့မှာ “ကျော်ကျော်” လို့ အမည်ရ တဲ့ သားလေးတစ်ယောက် ရှိပေမယ့် ဆယ်တန်းကို တဖုန်းဖုန်းကျ၊ ဘယ်တော့ မှလည်း အောင်ဖို့ပုံမမြင်တော့တဲ့အပြင် အလုပ်ကလည်း လုပ်ချင်စိတ်မရှိ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အရည်ကလေးတမြမြ ဖြစ်ချင်နေလို့၊ သူတို့လင်မယား နှစ်ယောက်လည်း အဲဒီသားတစ်ယောက်တည်းအတွက်နဲ့ ပူပန်ရ၊ ဒေါသထွက်ရ၊ အားမလိုအားမရဖြစ်ရ ထာဝရငေါက်ငမ်း ရန်ဖြစ်နေခဲ့ရတာ။ အဲဒီကနေ နယ်စပ်မြို့တစ်မြို့မှာ အလုပ်လုပ်ချင်သလိုလို၊ တရုတ်ဆိုင်ကယ်တွေပဲ သွားချတော့ မလိုလိုဆိုပြီး အဘိုးကြီးအဘွားကြီးဆီကနေ ရှိသမျှပိုက်ဆံ အကုန်မပြီး ထွက်သွား

လိုက်တာ ဆယ်နှစ်ပြည့်တော့မယ်။ အဆက်အသွယ်လည်းမလုပ်၊ ပြန်လည်း ပေါ်မလာတော့ဘူး။ သေပြီပဲ တွက်ရမလိုလို ဖြစ်နေတာပေါ့။ ဒီတော့ အသက် ငါးဆယ်ကျော် ခြောက်ဆယ်နားနီးနေတဲ့ လင်မယားနှစ်ယောက်ကလေးပဲ လမ်းထိပ်မှာနေတဲ့ ကိုစိန်လွင်ဖွင့်ထားတဲ့ "အိမ်ကလေး" လက်ဖက်ရည်ဆိုင်ရှေ့ ပီစီအိုခေတ်က ပီစီအိုဖုန်းဆိုင်ကလေး ဖွင့်စားခဲ့ပြီး၊ ဖုန်းတွေပေါလာတဲ့ခေတ်မှာ ထီဆိုင်နဲ့ ကွမ်းယာဆိုင်ကလေး တွဲဖွင့်ထားတယ်။ မဆိုးပါဘူး။ ကျပ်ကျပ် တည်းတည်းတွေ မဟုတ်ကြပေမယ့် ဒေါ်မီမီတင်နဲ့ လွတ်ရလောက်အောင်လည်း မချောင်လည်ကြပြန်ပါဘူး။

သူတို့နဲ့ကပ်လျက်က လမ်းထိပ်ဘက်ရောက်လာတဲ့ နှစ်အိမ်ရယ်၊ အမှိုက် ပုံဖြစ်နေတဲ့ ခြံဝိုင်းအလွတ် ဘေးနှစ်အိမ်ရယ်ကတော့ ခပ်အေးအေးနေတတ်တဲ့ အိမ်ငှားတွေပါပဲ။ တစ်ခါတလေတော့ စမ်းရေလမ်းရဲ့ ဂယက်တွေမှာ ပါဝင် ပတ်သတ်ရတာမျိုးရှိတတ်ပေမယ့် လမ်းအတွင်းပိုင်းလောက်တော့ ပူစပ်ပူလောင် သိပ်မဖြစ်ကြတာ များတယ်။ နောက်ပြီး အဲဒီအိမ်တွေရဲ့ အိမ်ငှားတွေကျလမ်းအတွင်းပိုင်းက လူတွေလို မြဲမြဲမြံမြံ ကုပ်နဲ့ကော်တောင် မထွက်ဆိုသလိုမျိုး နှစ်ရှည်လများကြာအောင်နေတာမျိုး မရှိကြဘူး။ ခြောက်လ တစ်နှစ် နေသွားလိုက် ပြန်ထွက်သွားလိုက်။ တစ်ခါတလေ တစ်နှစ်လုံး အိမ်ငှားမရှိ တိတ်ဆိတ်လို့။ တချို့ အိမ်ငှားတွေဆိုရင် အငှားနေဖို့ အိမ်လာကြည့်ရင်း လမ်းအခြေအနေစရိုက်ကို မြင်တော့ စိတ်ရှုပ်သွားတတ်ကြတယ်။ အခြားနေရာရှာကြတော့တာပေါ့။ ဒါပေမဲ့ ဘယ်မှမရတဲ့အဆုံး ခဏတဖြုတ်တော့ ဖြစ်သလိုနေလိုက်ဦးမယ်ဆိုတဲ့ သဘောနဲ့ လူသစ်တွေ ရောက်လာလိုက် ပြန်ထွက်သွားလိုက်ကြပြန်။ ဘယ်သူ့ဘယ်သူတွေ မှန်း ခြေရာကောက်ခံဖို့တောင် မဖြစ်နိုင်တော့ဘူး။ အဲဒီတော့ ဘယ်သူနဲ့မှလည်း ရန်သိပ်မဖြစ်၊ စကားမများလိုက်ရဘဲ အေးအေးချမ်းချမ်း ထွက်သွားကြတာ များတယ်။ အိမ်ငှားဖြစ်ပြီး အေးအေးချမ်းချမ်း မနေတတ်ကြတဲ့ အိမ်တွေကျပြန် တော့လည်း လမ်းထဲ နှစ်ကာလရှည်ကြာ တည်မြဲလိုက်ကြတာ။ အထူးသဖြင့် ဝင့်ဝါတို့၊ ဒေါ်ဗိုလ်မတို့၊ ဦးတင်အောင်သမီးတွေလိုပေါ့လေ။

ဒေါ်မီမီတင်တို့အဘက်ခြမ်း လမ်းထိပ်ဆုံးမှာကတော့ ကိုစိန်လွင်တို့ လင်မယားရဲ့အိမ်ပဲ။ သူတို့ကတော့ ဒီပြင်လမ်းထိပ်အိမ် တစ်အိမ်နှစ်အိမ်လိုမျိုး တစ်လမ်းလုံးမှာရှိသမျှ ကိစ္စအဝဝနဲ့ သိပ်မပတ်သက်သလိုအိမ်မျိုးပါပဲ။ လမ်းထိပ် လည်း ဖြစ်နေတော့ ကင်းကင်းရှင်းရှင်းနေလို့ ပိုရတာပေါ့။ ပိုက်ဆံလည်းရှိတော့ လမ်းထဲက တခြားအိမ်တွေလို တစ်အိမ်နဲ့တစ်အိမ် ဆွေးမြည့်ပေါက်ပြဲနေတဲ့ ဝင်းထရံလောက်နဲ့ ကာထားတာမျိုးမဟုတ်။ ပတ်ပတ်လည်ကို ခြောက်ပေလောက် မြင့်တဲ့ အုတ်တံတိုင်းကြီး ခတ်ထားတာ။ အိမ်ကလည်း တစ်ထပ်လုံးချင်း အုတ်တိုက်ကလေး။ ကိုစိန်လွင်တို့ လင်မယားကိုကလည်း လမ်းထဲဆိုရင်

အနေအေးတဲ့အပြင် သူတို့အလုပ်နဲ့ သူတို့ အမြဲရှုပ်နေကြတာလည်း ပါတာပေါ့။ တစ်လမ်းလုံးမှာလည်း သူတို့က စီးပွားရေး အတောင့်တင်းဆုံးပဲ။ မြို့ထဲက မိန်းလမ်းပေါ်မှာ အတော်အတန်ကြီးတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖွင့်ထား တယ်။

ကိုစိန်လွင်ရဲ့ လက်ဖက်ရည်ဆိုင်နာမည်ကတော့ တော်တော့်ကို ချစ်စရာ ကောင်းတယ်။ နာမည်က "အိမ်ကလေး" တဲ့။ နှစ်ဆယ့်လေးနာရီ ညလုံးပေါက်ဖွင့်တာဆိုတော့ အလုပ်သမား နှစ်ဆိုင်း သုံးဆိုင်းနဲ့။ တစ်ဆိုင်းမှာ စားပွဲထိုးကလေး တွေ လေးငါးခြောက်ယောက်ပဲ။ ပုံမှန်တော့ မရှိဘူး။ ဝင်လိုက်ထွက်လိုက်ပဲ ဆိုတော့ တစ်ခါတလေလည်း သုံးလေးယောက်၊ တစ်ခါတလေကျပြန်တော့လည်း ခုနစ်ယောက် ရှစ်ယောက်လောက် ရှိချင်ရှိနေပြန်ရော။ လက်ဖက်ရည်ဆိုင် ကောင်တာကိုတော့ ကိုစိန်လွင်တို့ လင်မယားနဲ့ ကိုစိန်လွင့်အစ်မတို့ တစ်လှည့်စီ ထိုင်ကြတယ်။ နှစ်ဆယ့်လေးနာရီဆိုတော့ တစ်ယောက်ကို ရှစ်နာရီပေါ့။ ညဘက် တွေကတော့ ကိုစိန်လွင်ပဲ ထိုင်တာများတယ်။ ညဘက်ဆိုတော့ ကယ်ရီသမား၊ ဆိုက်ကားသမား လူစုံ၊ စရိုက်စုံကိုး။ ချန်ပီယံလိဂ်ဘောလုံးပွဲရှိတဲ့ညတွေဆို ပိုဆိုးသေးတယ်။ တစ်ဆိုင်လုံး လူအပြည့်၊ ခုံမလောက်လို့ ဆိုင်အနောက်မှာရှိတဲ့ အလုပ်သမားတွေ ညအိပ်တဲ့တန်းလျားကနေ ကုတင်တွေပါ ချခင်းချင် ခင်းရ သေးတာ။

ကိုစိန်လွင်ရဲ့ ဆိုင်ဟာ နေ့လယ် လူတွေ လက်ဖက်ရည်ဆိုင် သိပ်မထိုင် ကြတဲ့ အချိန်လောက်ကလွဲရင် အတန်အသင့် လူစည်ပါတယ်။ ပုံမှန်သောက်တဲ့ ဖောက်သည်တွေလည်း မနည်းရှိတယ်။ သူ့ရဲ့ ဘိုင်သေဖောက်သည်တွေကတော့ စမ်းရေလမ်းထဲက လူတွေပေါ့။ ကိုစိန်လွင်တို့လင်မယားဟာ ငွေရှိပေမယ့် သိပ်ဟန်လုပ်တတ်တဲ့လူစားမျိုးတွေလည်း မဟုတ်ကြတော့ စမ်းရေလမ်းထဲက ပျံကျသမားတွေဆိုရင် လူဆင်းရဲတွေချည့်ပေမယ့် သူ့လမ်းထဲကလူတွေမို့ ပစားပေးတယ်။ ဦးပြုံးချိုတို့ လင်မယားကိုဆိုရင် ဆိုင်ရှေ့ ပလက်ဖောင်းမှာ ကွမ်းယာဆိုင်ကလေး ဖွင့်ခွင့်ပေးထားတယ်။ ဦးတင်အောင်၊ ဖော်မောင်၊ ဦးသိန်းမောင်၊ စမ်းရေအိမ်ဆိုင်က ဦးကျီးညို စသဖြင့် အကြွေးစာရင်း ဖွင့်ပေးထားတယ်။ လကုန်ဆပ်ရယ်လည်း မဟုတ်ဘူး။ ပေးရင် ယူထားလိုက် တယ်။ မပေးလည်း တောင်းမနေဘူး။

ဒီအထဲကို ကြည်နုကတော့ စပယ်ရှယ်ဝမ်းပေါ့။ မရှူးခင် ဟိုအရင်ချိန် တွေတုန်းကတော့ သူလည်း ပိုက်ဆံပေးသောက်ပါတယ်။ ဒါပေမဲ့ ရှူးသွားပြီး နောက်ပိုင်းတော့ သူကပေးရင်တောင် ကိုစိန်လွင်က မယူတော့ဘူး။ တစ်ခါ တလေ ထမင်းပါ ကျွေးလွှတ်သေးတယ်။ စမ်းရေလမ်းထဲကအကြောင်းတွေသူသိပ်မသိပေမယ့် ညိုမှာ့အကြောင်းတော့ သူ ကောင်းကောင်းသိတယ်။ ဒီတော့ ကိုကြည်နုကို သူ ကရုဏာသက်မိတယ်။

ကိုကြည်နုဆိုရင် သောက်ချင်သောက်၊ ပါဆယ်ထုပ်ချင်ထုပ် ပိုက်ဆံမယူနဲ့လို့ သူ့မိန်းမရော အစ်မကိုပါ မှာထားတယ်။ ကိုကြည်နုနဲ့ သူတို့ရဲ့ ဆက်ဆံရေးကလည်း နှစ်ကာလများစွာ ရှည်ကြာခဲ့ပြီလေ။

ကိုကြည်နု ရေစည်လှည်းတွန်းနေတဲ့ နှစ်တွေတုန်းကဆိုရင် အိမ်ကလေး လက်ဖက်ရည်ဆိုင်ရဲ့ သုံးရေကို သူပဲ ဒိုင်ခံထည့်ရတာ။ နောက်ပြီး သူက ကိုစိန်လွင့်ဆိုင်မှာဆိုရင် မရှူးခင်ကရော ရှူးပြီးနောက်ပိုင်းမှာပါ ရွှင်ရွှင်ပျပျ ရှိတယ်။ စားပွဲထိုးလေးတွေကလည်း သူ့ဆိုရင် နောက်လားပြောင်လားလုပ်၊ သူကလည်း ပြုံးပြုံးပဲ။ ဘယ်တော့မဆို စကားကို မပွင့်တပွင့် မပီမသသာ ပြောတတ်တဲ့သူကတောင် ဟာသတွေ ပြန်လုပ်ချင်လုပ်နေသေးတာ။ ကိုကြည်နု ဟာ မိသားစုနဲ့ပဲဆိုပေမယ့် တကယ်တော့ ခြောက်ကပ်ပြီး ရုပ်ဆိုးလောက် အောင် အထီးကျန်နေတဲ့သူတစ်ယောက်ပါ။ သူ့ကိုဆိုရင် အဖက်လုပ် စကားပြော မယ့်သူ မရှိဘူး။ ဟိုးအရင်တုန်းကလည်း ဒီအတိုင်း၊ အခုလည်း ဒီအတိုင်းပဲ။ ဒီတော့ လက်ဖက်ရည်ဆိုင်ထဲ သူရောက်လာပြီလားဆိုရင် ဆိုင်ထဲ သူ့ရယ်သံဟာ အကျယ်ဆုံးပဲ။ အဲဒီလို သူနဲ့ စဟယ်နောက်ဟယ်လုပ်သမျှ စားပွဲထိုးကလေးတွေ ထဲ "တင်တင်" တစ်ယောက်ကတော့ သူနဲ့ အဖွဲ့အကျဆုံးပဲပေါ့။

ကိုကြည်နုနဲ့ ညိုမာတို့ လင်မယားရဲ့ ဆက်ဆံရေးကို နားလည်ဖို့ ကြိုးစားတာဟာ တကယ်တော့ မိုက်မဲတာပါပဲ။ အိမ်ထောင်သက် နှစ်ဆယ့် ငါးနှစ်အတွင်း သူတို့နှစ်ယောက်ကို တစ်ယောက်နဲ့တစ်ယောက် ချည်နှောင်ထားတဲ့ အရာဟာ အချစ်ပဲလို့ ပြောရတာလည်း အချစ်ဆိုတဲ့ စကားလုံးကို အားနာစရာ တော့ ကောင်းမယ်။ ဒါပေမဲ့ ကိုကြည်နုကတော့ ညိုမာ့ကို တကယ်ချစ်ခဲ့တာပါ။ သူတို့နှစ်ယောက် စတွေ့ တစ်ယောက်နဲ့တစ်ယောက် မေတ္တာသက်ဝင်ပြီးတဲ့ နောက် ညိုမာ့အိမ်ပေါ်တက်နေတော့မှ သူ့မိန်းမ ညိုမာဟာ ကလေးနှစ်ယောက် အမေ၊ ထပ်ဆင့်မုဆိုးမ ဖြစ်နေခဲ့မှန်း သူသိတာ။ ဒါပေမဲ့ ကိုကြည်နုက "ကိုယ့် အချစ်နဲ့ အရာရာကို အကောင်းအတိုင်းဖြစ်စေမယ်" ဆိုတဲ့ လူစားမျိုး။ ဘယ့်နှယ့်မှ စနိုးစနောင့်မဖြစ် အချစ်မပြယ်ဘူး။ ပါလာတဲ့ ကလေးနှစ်ယောက်ကိုပါ သားသမီးအရင်းလို လုပ်ကိုင်ကျွေးခဲ့တာ။ သူတို့တွေ အရွယ်ရောက် လင်တွေ ဘာတွေရ အခြေကျဖြစ်သွားသည်အထိပဲ။

ညိုမာနဲ့ ညားခါစမှာတော့ ညိုမာက ထမင်းဆိုင်မှာလုပ်၊ ကိုကြည်နုက တော့ ထုံးစံအတိုင်း ဈေးမှာ ကူလီထမ်းတယ်။ ဈေးလာကြတဲ့လူတွေရဲ့ ဆန်အိတ်၊ ဆီပုံး အစရှိသဖြင့်ကို မြင်းလှည်းဂိတ်ကို ထမ်းပို့ပေးရတဲ့အလုပ် လုပ်တယ်။" နောက်တော့ တွန်းလှည်းလေးတွေ ပေါ်လာတယ်။ တွန်းလှည်းဆိုပေမယ့် ပစ္စည်းမပါတဲ့အချိန်ပဲ တွန်းလို့ရတာပါ။ ပစ္စည်းပစ္စယအလေးအပင်တွေနဲ့ ဆိုရင်တော့ ရှေ့ကနေပြီး လက်ကိုင်တန်းကိုကိုင်၊ နွားလိုပဲဆွဲရတဲ့

နှစ်ဘီးတပ်ကုန်တင်လှည်းကလေးပေါ့။ လင်မယားနှစ်ယောက်စလုံး တက်ညီလက်ညီ အလုပ်လုပ်ကြတော့ ချောင်လည်တယ် မဟုတ်သော်ငြား ရရသုံးသုံး အဆင်တော့ပြေတယ်။ တုံးလုံးစာ မတ်တပ်စာတွေတော့ မပြောနဲ့ပေါ့။ သုံးလုံးစာ နှလုံးစာရင် ကို ပဲ ကျေနပ်ရမယ့် သဘောကိုး။ အဲဒီကနေ ညိုမြာက ထမင်းဆိုင်ရှင်နဲ့ရန်ဖြစ်ပြီး အလုပ်ထွက်ပစ်လိုက်တယ်။ ကိုကြည်နုနဲ့ညားပြီး နှစ်နှစ်လောက်အနေမှာ အဲဒီဆိုင်ကနေ အလုပ်ထွက်လိုက်တာဟာ ညိုမြာ့ အတွက်တော့ တစ်သက်တာထာဝရ ပင်စင်ယူလိုက်တာပဲ။ ဘယ်တော့မှကို အလုပ် ပြန်မလုပ်တော့တာ။ ကိုကြည်နုပဲ ဒိုင်ခံရှာပေါ့။

ကိုကြည်နုက အေးဆေးပါ။ သူ့မယားလေး သက်သောင့်သက်သာ နေရတာကိုကြည့်လို့ သူပင်ပန်းသမျှ အမောပြေသလိုကို သဘောထားတာ။ ဒါပေမဲ့ ဈေးမှာက တွန်းလှည်းသမားတွေ များလာတယ်။ ဈေးက ဒီလောက် ဒီလောက်ကနေ ကြီးမလာပေမယ့် တွန်းလှည်းသမားတွေ၊ ဆိုက်ကားသမားတွေ က များလာတော့ ဝင်ငွေက လျော့လာခဲ့တယ်။ အဲဒီမှာ ညိုမြာက အရင်သေသွား တဲ့ သူ့ယောကျ်ားလုပ်ခဲ့တဲ့အလုပ်ကို လုပ်ဖို့ တိုက်တွန်းတော့တယ်။ ပင်ပန်းမှုမှာ ပိုသက်သာလာဖို့ မရှိပေမယ့် ပိုက်ဆံတော့ ပိုရတဲ့အလုပ်ပဲ။ ရေစည်လှည်း တွန်းတာပေါ့ ။

ရေစည်လှည်းအသစ် မဆင်နိုင်လို့ လှည်းဘီးတွေတော့ ကောင်းသေးတဲ့ ကိုယ်ထည်အဟောင်းတစ်ခု ပြန်ဝယ်၊ ဒိုင်ကီတစ်လုံးဝယ်၊ သံဖြူဆိုင်မှာ အပေါက်ဖောက် လှည်းမှာဆင်လိုက်တဲ့အခါ ကိုကြည်နုတစ်ယောက် ရှန်းတိုင်း ပိုက်ဆံရမယ့် အလုပ်တစ်ခု ပြောင်းခွင့်ရသွားတာပေါ့။ အဲဒီတုန်းက ဒီမြို့မှာ စည်ပင်က ရေပေးဝေရေးလုပ်တယ်ဆိုတာ မရှိသေးဘူး။ လူတိုင်း ကိုယ့်ဘာသာကိုယ် မြောင်းတွေ၊ ရှားပါးလှတဲ့ ရေတွင်းတွေဆီကနေ ရေခပ်ချင်ခပ်၊ အဝီစိရေတွင်း တူးချင်တူး၊ မတူးနိုင် မခပ်နိုင်ရင် ရေစည်းလှည်းသမားဆီက မှာရတာပဲ။ ရေမသုံးတဲ့အိမ်ဆိုတာ ရှိမှမရှိဘဲ၊ ထမင်းချက်ဖို့၊ အဝတ်လျှော်ဖို့၊ ရေသောက်ဖို့၊ ဖင်ဆေးဖို့ လူတိုင်း ရေသုံးရတယ်။ ဒီတော့ ရေစည်းလှည်းသမားတွေ များပေမယ့်လည်း လူတွေဟာ လိုသလောက်မှာလို့က မရနိုင်ဘူး။ အလှည့်ကို စောင့်ရတယ်။ တစ်ခါတလေဆိုရင် ရေစည်းလှည်းတိုက်ခအပြင် ကိုယ့်အိမ်အရင် ထည့်ပေးပါမည့်အရေး လက်ဖက်ရည်၊ ဆေးလိပ် တည်ခင်းရတယ်။ ရေစည်လှည်းသမားတွေ အင်မတန်မျက်နှာပွင့်တဲ့ ခေတ်ကြီးတစ်ခုမှာ ကိုကြည်နုဟာ ရေစည်လှည်းသမား ကောင်းကောင်းတစ်ယောက် ဖြစ်ခဲ့ရတာပေါ့။

သံနဲ့ လုပ်ထားတဲ့ လေးထောင့်စပ်စပ်ဆီပုံးကို ထိပ်ဘက် အပြည့်ဖောက်ပြီး လက်ကိုင်သစ်သားတန်းတပ်ထားတဲ့ ရေပုံးနှစ်ပုံးနဲ့ အတူ ရေစည်လှည်းကြီးကိုတွန်းရင်း လယ်တွေ ရေပေးဝေရေးလုပ်ဖို့ဖောက်ထားတဲ့

ရေမြောင်းဆီကိုသွား။ ရေခပ်၊ လှည်းပေါ်က တိုင်ကီထဲကို ပြည့်အောင်ထည့်။ ရေပြည့်တဲ့နောက် ပို့ရမယ့်အိမ်တွေဆီ ရေစည်လှည်းကို ရှေ့ကနေ မြင်းလို နွားလိုဆွဲသွား၊ ပို့ရမယ့်နေရာရောက်တော့ တစ်ခါ သစ်သားဒေါက်ကိုထောက်၊ တိုင်ကီဖင်မှာ အစို့အဖြစ်ပိတ်ထားတဲ့ အဝတ်စပတ်သစ်သားချောင်းကို ဆွဲနုတ် ရေပုံးနှစ်ပုံးထဲ ပြန်ငှဲ့ထည့်၊ အဲဒီရေပုံးနှစ်ပုံးကိုမှ ရေဝယ်တဲ့အိမ်က စဉ့်အိုးထဲဖြင့် စဉ့်အိုး ကျောက်စည်ထဲဖြင့် ကျောက်စည်ထဲဖြည့်။ နေပူမရှောင် မိုးရွာမရှောင် ဖိနပ်မပါ ဘာမပါ ပုဆိုးရေတစိုစိုနဲ့ လုပ်ရတဲ့အလုပ်။ အဲဒီအတိုင်းနဲ့ပဲ ကိုကြည်နုရဲ့ ရေစည်လှည်းတွန်းသက်ဟာ ဆယ့်ငါးနှစ်နီးနီး ကြာခဲ့တယ်။ လုပ်သက်ကို ကြည့်လိုက်တာနဲ့ ရေစည်းလှည်းနဲ့ ပတ်သက်လို့ သူ့ရဲ့ ကျွမ်းကျင်မှုကို မှန်းဆ ကြည့်လို့ ရပါတယ်။

ခုနေခါမှာသာ လူတွေက သူ့ကိုမြင်ရင် ကိုယ်ကို ရို့သွားတာ၊ ရှောင်ကွင်းသွားတာ မျက်နှာရှုံ့လို့ မသတီဟန် လုပ်ကြတာ။ ကိုစိန်လွင်ရဲ့ လက်ဖက်ရည်ဆိုင်ကလွဲလို့ လက်ဖက်ရည်ဆိုင် တော်တော်များများကလည်း.

“ဟဲ့ အရူးသွားစမ်း”

“ဆိုင်ထဲဝင်မတောင်းနဲ့လို့ ဘယ်နှခါ ပြောရမလဲ”၊ စသဖြင့် မောင်းထုတ်ကြပေမယ့် သူ ရေစည်လှည်းတွန်းနေတဲ့ ကာလတွေတုန်းကတော့ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေဆိုတာ သူ့ကို အလုအယက်မျှော်နေရတာပဲ။ ဟိုဆိုင်က ကျွန်တော့်ဆီ လာပါဦး။ ဒီဆိုင်က ကျွန်တော့်အရင်ထည့်ပေးပါဗျာစသဖြင့်နဲ့ ကိုကြည်နုသာ မာနကြီးတတ်ရင် မျက်နှာကို ချီထားလို့ရတဲ့ အနေအထားပေါ့။ သို့သော်လည်း သူက လူ့အောက်ကျို့လို့တော့ လူမသေပါဘူး ဆိုတဲ့ စကားကို ထာဝစဉ်ကျင့်သုံးတဲ့လူမျိုး။ ပင်ပန်းတဲ့အလုပ်ဆိုပေမယ့် သူ့မျက်နှာဟာ အမြဲချိုနေတာ။ သူ့ဖောက်သည်တွေဟာ သူနဲ့အလုပ်လုပ်ရတာ သိပ်ကိုကျေနပ်ကြတယ်။ ဒါပေမဲ့ အဲဒီ ကိုကြည်နုရဲ့ ခေတ်ကြီးက ပြီးခဲ့ပါပြီ။

ရေစည်လှည်းတွန်းခဲ့တဲ့ ဆယ့်ငါးနှစ်တာကာလဟာ သူ့ဘဝမှာတော့ အပျော်ရဆုံးကာလပါပဲ။ လူတွေကြားမှာ လူလိုနေခဲ့ရတဲ့ နှစ်တွေကိုး။ နောက်ပြီး အဲဒီရေစည်လှည်းတွန်းတဲ့ ကာလတွေမှာပဲ သီသီမေကလေးကို မွေးတယ်။ ဘာကြောင့်မှန်းမသိ ညိုမာဟာ အရင်လင်နှစ်ယောက်ကို နှစ်နည်းနည်းကလေး ပေါင်းပြီး ကလေးနှစ်ယောက်ရခဲ့ပေမယ့် ကိုကြည်နုနဲ့တော့ ဘာတားဆေးမှမမီဝဲ မသုံးစွဲရပါဘဲ ကိုးနှစ်ကျော်ခါမှ ဗိုက်စကြီးတယ်။ ညိုမာ ဗိုက်ကြီးပြီလို့ စသိရတဲ့ နေ့ကများ ကိုကြည်နုဟာ သူတစ်ယောက်တည်းတင် ကွက်လျောင်လှုပ်နေသလို ပဲ။ တုန်တုန်ယင်ယင်တွေဖြစ် မျက်လုံးကလည်း မျက်ရည်တွေစို့လို့။

"ကြည်နု ငါတော့ ဗိုက်ကြီးနေပြီထင်တယ်" လို့ ပြောလိုက်တဲ့ ညိုမာ့ကို လက်မောင်းတွေ ပါးတွေ ဖျစ်ပြီး...

"ငါနဲ့ ရတာလား" လို့ နှုတ်ခမ်းတွေတုန်ပြီး မေးလိုက်မိတယ်။ တကယ်တော့ ညိုမာ့ကို ဟိုလိုဒီလိုစွပ်စွဲတာ၊ မသင်္ကာဖြစ်တာ မယုံကြည်စရာ ရှိနေတာမျိုးကြောင့် မဟုတ်ပါဘူး။ တစ်ခါမှ မကြုံဖူးတော့ မေးမိမေးရာ မေးလိုက်တဲ့သဘောပါ။ ဒါပေမဲ့ ညိုမာက သိပ်လျှင်တာ။ ဘေးက မီးမှုတ်တဲ့သံမီးပြောင်းနဲ့ ကောက်ဆော်လိုက်တာ ကံကောင်းလို့ လက် မကျိုးတယ်။ "နင်နဲ့ မရလို့ ငါက ဘယ်လင်ငယ်နဲ့ ရရမှာလဲ မသာရဲ့ လက်က တော်တော်နာသွားပေမယ့် သူမှားသွားမှန်းသိတဲ့ ကိုကြည်နု ဟာ စပ်ဖြီးဖြီးလုပ်ရင်း ပြန်ပြောတယ်။

"ငါက တကယ်လားလို့ မေးတာပါဟာ နင်ကလဲ.... ဒါနဲ့ ဘယ်နှလ ရှိပြီလဲဟင်"

"မသိသေးဘူး ဟိုဟာမလာတာ နှစ်လကျော်နေပြီမို့ ပြောတာ"

ညိုမာ ကိုယ်ဝန်ရှိပြီဆိုတာ သိလိုက်တဲ့နေ့ကစလို့ သူဟာ အလုပ်ကို သူများထက် နှစ်ဆလုပ်တယ်။ ရေတစ်စည်ထည့်ဖို့ မှာတဲ့ဖောက်သည်ကို နှစ်စည်ထည့်ဖို့ပြောတယ်။ ညဘက်အိပ်မက်မက်ရင် နှစ်ခုမက်တယ်။ သူ့ကိုပြုံးပြသူကို နှစ်ခါ ပြန်ပြုံးပြတယ်။ အရင်တုန်းကဆိုရင် ရေတစ်စည်ပို့လိုက် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ဝင် ဆေးပေါ့လိပ်ကလေ ဖွာလိုက်။ တစ်ခါ ရေတစ်စည်ပို့လိုက် လက်ဖက်ရည်ကလေး တစ်ခွက်လောက် မှာသောက်လိုက်။ ဖြည်းဖြည်းပေါ့ တစ်သက်လုံး လုပ်စားရမှာဆိုတဲ့အတွေးနဲ့ နေခဲ့တဲ့ ကိုကြည်နုဟာ နားတယ်လို့ကို မရှိတော့ဘူး။ မနက်ခင်းအစော လေးငါးနာရီမှာထ ပုံမှန် ရေဖြည့်ပေးရတဲ့ လက်ဖက်ရည်ဆိုင်တွေ ထည့်ပြီးတာနဲ့ တစ်ခေါက် အိမ်ပြန် လာအိပ်သေးတဲ့သူဟာ နေ့လယ်ဆယ်နာရီ ဆယ့်တစ်နာရီတောင် အိမ်ပြန်မရောက် တော့ဘူး။ အဲဒီတုန်းက ဗမာနှစ်လုံးထီတွေ ပေါ်နေပြီပေမယ့် နေ့စဉ်ပုံမှန်ထိုးကြေး တစ်ရာ နှစ်ရာ ရှိတဲ့သူဟာ ညိုမာဗိုက်ကြီးတဲ့နှစ်ကနေ နောက် သီသီမေကလေး မွေးပြီး နှစ်နှစ် သုံးနှစ်အထိ နှစ်လုံးထီကို ဝေရာမဏိသွားတယ်။ အပိုထွက်ငွေတွေ လျှော့မှ။

ညိုမာကလည်း နဂိုကမှ အစားသရဲကို ဗိုက်ကလေးပေါ်လာတဲ့နောက် သိပ်စားနိုင်တာ။ စူစကာပုဏ္ဏား ဝက်ဘဝရောက်စဉ်က ဆိုတာမျိုး ဟိုဟာစားချင်ပြန်ပြီ၊ ဒီဟာစားချင်ပြန်ပြီ။ ကိုကြည်နုမှာ အလုပ်လုပ်နေရာက၊ တစ်ယောက်ယောက်နဲ့ လူကြုံမှာလိုက်လို့ ခေါက်ဆွဲကြော် ပြေးဝယ်ပို့ရ၊ တို့ဟူးသုပ်ဆိုလည်း ပြေးဝယ်ပို့ရ မမောပါဘူး။ တစ်ကောင် ကြွက် တစ်ကိုယ်တော်ဘဝကလာတဲ့ ကိုကြည်နု.အဖေဖြစ်တော့မယ်ဆိုတော့ ပျော်နေတာ

လေ။ ဗိုက် လေးငါးခြောက်လဖြစ်လာတော့ ညိုမြာစားချင်တာရှိ ဝယ်ပေးမယ့်သူ မရှိမှာစိုးလို့ အဲဒီအချိန်မှာ အပျိုပေါက်ကလေးဖြစ်နေတဲ့ မယားပါသမီး ဇင်မာဦးကို သူများအိမ်မှာ အိမ်ဖော်လုပ်နေယာကနေ အတင်းနားခိုင်းနေတယ်။

"ဇင်မာဦးရယ် နင့်အမေ ဗိုက်ကြီးကြီးနဲ့ နင် အလုပ်က ခဏနားပြီး နင့်အမေနား နေပါလား"

ဇင်မာဦးက ပါးစပ်ကနေ ထုတ်မပြောပေမယ့် အမေဖြင့် ဘာအလုပ်မှလုပ်တာလည်းမဟုတ်။ ဗိုက်လည်း ကြီးဖူးပြီးသားပဲဟာ ဦးကြည်နုက သောက်ပို တွေ တအားလုပ်တာပဲလို့ စိတ်ထဲကနေ ပြောနေတယ်။ အလုပ်တော့ နားလိုက်ပါတယ်။ ဒါပေမဲ့ အလုပ်မလုပ်ရတော့ ပိုက်ဆံ မသုံးရမှာစိုးလို့ သိပ်မကျေနပ်ဘူး။ အဲဒီအတွက်လည်း ကိုကြည်နုက သူသုံးဖို့ဆိုပြီး ညိုမြာ မသိအောင် မုန့်ဖိုးပေးရ သေး။ အငယ်ကောင် အေးကိုလေးကတော့ ခုနစ်နှစ် ရှစ်နှစ်သားကတည်းက ဆိုင်ကယ်ပြင်ဆိုင်ကို ပညာသင်ပို့ထားတာ ဆိုတော့ သိပ်ခိုင်းလို့မရဘူးလေ၊

ကိုကြည်နုဟာ တနေ့တနေ့ပင်ပန်းတယ်လို့ကို မရှိတော့တဲ့ မဟာလူသား ပမာဖြစ်လာတယ်။ အလုပ်ကနေမိုးကြီးချုပ်မှ ချွေးလား၊ ရေချိုးလာတာလား မကွဲပြားအောင် ရေတစိုစိုနဲ့ ပြန်ရောက်လာလို့ သူ့မှာ မနားနိုင်သေး။ အိမ်ရှေ့ ရေစည်လှည်းဒေါက်ထောက်ပြီးတာနဲ့ ညိုမြာ့ဗိုက်ကို မနေ့ကနဲ့စာရင် ပိုများ ကြီးလာလေသလား၊ ဘာထူးခြားမှုများရှိလေမလဲလို့ တောင်ကကြည့်လိုက် မြောက်ကကြည့်လိုက်၊ အိမ်အောက်ကကြည့်လိုက် အိမ်ပေါ်တက်ကြည့်လိုက်။ "ဘယ့်နှယ့်တုန်း ကလေးကကန်သေးတယ် ဟုတ်လား…ဟီး ဟီး"စသဖြင့်နဲ့ မြင်းဟီးသလို ရယ်လို့မောလို့။ ညိုမြာကသာ ခွင့်ပြုမယ်ဆိုရင် ညိုမြာ့နံဘေး ဆောင့်ကြောင့်ထိုင် ဗိုက်ကလေးကို ပွတ်ကြည်စမ်းကြည့်နေချင်မိသေးတာ။

တကယ်တော့ ကိုကြည်နုက သားယောကျ်ားလေး လိုချင်တာပါ။ ဒါပေမဲ့လည်း အိမ်ရှေ့မှာ မီးခိုးတိုင်အလား ဆေးပေါ့လိပ်ဖွာလို့ လိုက်ကာ ကာထားတဲ့ အိမ်ထဲကအသံတွေကို လှမ်းနားစွင့်နေရင်း ရင်တထိတ်ထိတ် ဖြစ်နေတဲ့အချိန်။ ကလေးငိုသံကြားပြီးတဲ့နောက် လက်သည်မိန်းမကြီးက "မိန်းကလေးဟေ့ ဖြူဖြူလုံးလုံး ချောချောလေး" လို့ အော်လိုက်တဲ့ အသံ ကြားလိုက်တော့ ထခုန်လိုက်တာ လက်ထဲက ဆေးပေါ့လိပ်က ပုဆိုးကြား ဝင်သွားပြီး ပေါင်ရင်းမှာ မီးပေါက်သွားပေမယ့် ပူတဲ့အရသာကိုတောင် မသိလိုက် ပါဘူး။ တစ်ကိုယ်လုံး အကြောအခြင်တွေ တောင့်တင်းကုန်ပြီး နားသယ်မွေးတွေ တောင် ထောင်လို့ ပီတိမျက်ရည်ကျရင်း ပျော်ရွှင်နေခဲ့တယ်။

ကလေးနာမည် သီသီမေ ဆိုတာကိုတော့ ညိုမြာက ပေးတယ်။

သူကြည့်ခဲ့ဖူးတဲ့ ဇာတ်တစ်ခုထဲက မင်းသမီးနာမည်တဲ့။အဲဒီမင်းသမီးလေးလိုပဲ ငါ့သမီးက အရမ်းလှတာပဲ” တဲ့။

သူကတော့ ဘာနာမည်ဖြစ်ဖြစ် သိပ်စဉ်းစားမနေဘူး။ သီသီမေ ဆိုတော့လည်း သီသီမေပေါ့။ အနီးထုပ်ထဲက ကလေးကိုကြည့်ရင်း “ဘာဖြစ်ဖြစ် ဖေဖေက ချစ်ပြီးသား ဟုတ်တယ်နော် သမီးလေး ဟုတ်တယ်နော် အဲ နားလည် တယ်ဗျ ရီနေတာ ရီနေတာ ဟီ ဟိ” ဆိုပြီး ကလေးရယ်တာထက် သူရယ်တာ ကတောင် ချစ်ဖို့ကောင်းနေသေးတယ်။

အဲဒီကာလတွေကတော့ ကိုကြည်နုဘဝမှာ အပျော်ရဆုံးအချိန်တွေပဲလို့ ဆိုနိုင်မယ်။ ရေစည်းလှည်းတိုက်ရာက ပြန်လာတိုင်း ရေတရွှဲရွှဲပုဆိုးနဲ့ အင်္ကျီကိုလဲ၊ သမီးငယ်ကလေးကို ချီ၊ သီချင်းတအေးအေး စကားတတွတ်တွတ်နဲ့ လုပ်လွန်းလို့ မနက်ခင်းနိုးလာတဲ့အခါ ရေစည်လှည်းဆွဲရတဲ့ ဒဏ်တွေကမပေါ်ဘဲ အလုပ်က အပြန် ပြုံးဖြဲဖြဲလုပ်ရလွန်းလို့ ပါးရိုးတွေညောင်းတဲ့ဒဏ်ကို ပိုခံနေခဲ့ရတယ်။ သီသီမေကလေး ခြောက်နှစ်ကျော်လောက်ရှိလာတော့ ညိုမြာ နောက်တစ်ခါ ဗိုက်ကြီးပြန်တယ်။

မွေ့လောက်မှ ထထဗိုက်ကြီးတဲ့ ညိုမြာ့အကျင့်ဟာ ဘာပဲပြောပြော ကလေးတပြုံကြီးမွေးပြီး ဒုက္ခသုက္ခရောက်နေရတာထက်စာရင် အများကြီး ပိုကောင်းတယ်လို့ပဲ ပြောရမယ်။ အဲဒီ ဒုတိယဗိုက် မွေးခါနီးကာလတွေမှာပဲ စည်ပင်ရဲ့ ရေပေးဝေရေးလုပ်ငန်းတွေ စလာခဲ့တယ်။ ရေစည်လှည်းတွေကလည်း ဆိုက်ကားထက်တောင် ပိုများလာနေလို့ ကိုကြည်နုရဲ့ ဝင်ငွေဟာ တစ်လထက် တစ်လ ပိုနည်းလာခဲ့တယ်။ ဗိုက်ကြီးသည် ညိုမြာ့ရဲ့ စားစရိတ် မွေးလာမယ့် ကလေးအတွက် ကုန်ကျလာဦးမယ့် စရိတ်တို့ ရှိလာပြီး စားအိုးကြီးလာတော့မယ့် လတွေနေ့တွေကျမှပဲ ညိုမြာနဲ့ သူနဲ့ နှစ်ယောက်ပေါင်းရဲ့ နှစ်လုံးထီကံကလည်း ဆိုးဆိုးလိုက်လာခဲ့တယ်။ သူ့ရဲ့ဝင်ငွေဟာ ဆင့်ပါးစပ် နှမ်းပက် အခြေအနေ လောက်အထိ ဆုတ်ဆင်း မသွားခင်လေးမှာ ရေစည်လှည်းကို ရတဲ့ဈေးနဲ့ ရောင်းထုတ် အခြားစီးပွားရေးတစ်ခု ပြောင်းလုပ်ဖို့ ဖြစ်လာခဲ့တော့တာပဲ။

တကယ်တော့ အဲဒီလိုကာလမျိုးဟာ လင်မယားနှစ်ယောက်လုံး ကြိတ်ရုန်းမှသာ သက်သာမယ့် စီးပွားရေးကပ်ဆိုက်မှုမျိုးဆိုပေမယ့် ဗိုက်ထွက်လာပြန်တဲ့ ညိုမြာ့အနေနဲ့က အနေသာကြီး ဖြစ်သွားတယ်။ နဂိုကမှာလည်း သူက သောက်ပျင်းရယ်။ ကိုကြည်နု ရှိနေသမျှ ငါအလုပ်မလုပ်တော့ဆိုတဲ့ သန္နိဋ္ဌာန်ကလဲ မြဲမြံစွာချခဲ့ပြီးသား ဖြစ်နေတော့ ဘာလုပ်သင့်တယ်ဆိုတာကို အကြံဉာဏ်ပေးဖို့ကလွဲ သူ့အလုပ်မရှိဘူး။ ကိုကြည်နုကိုယ်တိုင်ကလည်း ဖြစ်နိုင်ရင်တော့ အလုပ်ကြမ်းကြမ်းတွေ မလုပ်ချင်တော့ဘူး။ သူ့အသက်က အဲဒီအချိန်မှာ လေးဆယ်ကျော်စပြုပြီမို့

အချိန်တွေကမြန်လာပြီး လူကတော့ နေးလိုက်လာတယ်။

“ပေါ့ပေါ့ပါးပါးအလုပ်ပဲ လုပ်ချင်တော့တယ် ညိုမာရယ်” လို့ သူ့မိန်းမကို ထုတ်ပြောတော့ ညိုမာလည်း ရှိရှိသမျှသော အလုပ်တွေကို စနည်း နာရင်း နောက်ဆုံးမှာတော့ ကိုကြည်နုရေ့က သေသွားနှင့်တဲ့ သူ့ယောက်ျား လုပ်ခဲ့ဖူးတဲ့ အလုပ်ကို လုပ်ဖို့ ဆုံးဖြတ်ချက်ချပေးလိုက်တယ်။

ဒီထက်ပေါ့ပါးတာတော့ မရှိတော့ဘူး ကြည်နုရေ။ ကြက်မွေး လုပ်ရောင်းတောင် ဝါးတုတ်တွေတော့ နင် သယ်နေရဦးမှာ... ပူစီဖောင်းသာ မှုတ်ရောင်းပေတော့” တဲ့။

ညိုမာက အဲဒီအလုပ်မှာ အနည်းငယ် အတွေ့အကြုံရှိတယ်။ အရင် သေသွားတဲ့ သူ့ဒုတိယလင်တုန်းကလည်း သူ့လင်နဲ့အတူ အိမ်ကနေကူကပ် မှုတ်ပေး၊ အရုပ်ချိုးပေးလုပ်ခဲ့ရလို့ အကျွမ်းကျင်ကြီး မဟုတ်တောင် အလုပ်သဘောတော့ သိနေခဲ့တယ်။ နောက်ပြီး အဲဒီတုန်းက သူ့လင်ကို ကူလုပ်ပေးခဲ့တဲ့ သူ့လင် သူငယ်ချင်း ဆေးရုံညစောင့်ကြီးကိုခေါ်ပြီး ကိုကြည်နုကို ပူစီဖောင်း အရုပ်ချိုးနည်း ရက်တိုတိုနဲ့သင်ကြားပြသပေးဖို့ အကူအညီ တောင်းတယ်။ အစောပိုင်းနေ့တွေမှာ အသားမကျသေးတော့ အိမ်ထဲ တရုတ်နှစ်သစ်ကူးလို တဖုန်းဖုန်း တဖောင်းဖောင်းနဲ့ အရုပ်ချိုးရင်း ပေါက်ကွဲနေခဲ့ပေမယ့် တစ်လလောက်နေတော့ ခြေကားယားလက်ကားယား လူရုပ်ကလေးတွေ၊ ထိပ်မှာ ပန်းပွင့်ပုံသဏ္ဍာန် ပူစီပေါင်း အသေးသုံးလေးလုံး ပြူးနေတဲ့ တောင်ဝှေးလိုလို၊ ရိုးတံရှည်ပန်းပွင့်လိုလို အရုပ်ကလေးတွေတောင် ချိုးတတ်လာကြတယ်။ ဘဲရုပ်၊ မျောက်ရုပ်တွေတော့ သုံးရုပ် တစ်ရုပ်တင်လောက်ထွက်အောင် ချိုးနိုင်လာခဲ့ကြတယ်။

ပူစီဖောင်းရောင်းစားခဲ့တဲ့ အချိန်ကာလဟာ နှစ်ပိုင်းကလေးပဲဆိုပေမယ့် အဲဒီနှစ်ပိုင်းကလေးမှာတော့ ကိုကြည်နုဟာ တစ်ဘဝလုံး ပူစီဖောင်းပဲ ရောင်းစား တော့မယ်ကွာလို့ တွေးရင်း ပျော်ရွှင်နေခဲ့တယ်။ ပူစီဖောင်းချိတ်တဲ့ ဝါးစင်ကလေး ရဲ့ အလေးချိန်ဆိုတာ သူ ရေခပ်ထည့်သယ်နေကျ သံဖြူရေပုံးတစ်ပုံးရဲ့ ရေမပါ အလေးချိန်လောက်တောင် စီးတာမဟုတ်ဘူး။ လက်တစ်ဖက်နဲ့ ပူစီဖောင်းတင်တဲ့ စင်ကလေးကိုင် လက်တစ်ဖက်ကနေ ညှစ်လိုက်ရင် “ပိကျိ ပိကျိ” အသံမြည်တဲ့ ပူဖောင်းလေးတစ်ခုကို ကိုင်ထားရင်း ရပ်ကွက်လမ်းကြားတွေထဲ လျှောက်လှမ်း ...

“ကလောင်လက်ဆေး . . . ကလေးလက်ဆောင် ကလေးလက်ဆောင် တွေရမယ်နော် ပိကျိ ပိကျိ”

မအော်ချင့်အော်ချင် အော်သလို မပီမသဖြစ်အောင် ရွတ်ဆိုအော်ဟစ်ရင်း ကလေးတွေရှိရာအရပ်တွေဆီ လှည့်ပတ်နေရတာဟာ နွားတစ်ကောင်လို လှည်းဆွဲ

နေခဲ့ရတာထက်စာရင် နတ်ပြည်နဲ့ ငရဲပြည်လောက်ကို ကွာခြားသွားခဲ့တာကိုး။

အဲဒီကာလတွေမှာ သူဟာ ပင်ပန်းတဲ့အလုပ်ကနေ အင်မတန် ပေါ့ပါးသက်သာတဲ့အလုပ်ကို ပြောင်းခါစမို့ ပျော်တာရော၊ သားသမီး နောက်တစ်ယောက် ရှိလာတော့မှာရောကြောင့် သူ အရုပ်ချိုးရောင်းတဲ့ ပူစီဖောင်း ကလေးတွေလို ပေါ့ပါးသွက်လက်ပြီး လွင့်နေခဲ့တယ်။ သားသမီးတွေ ရှိလာခြင်း အားဖြင့် သူနေထိုင်နေတဲ့အရပ်မှာ တစ်ယောက်တည်း မဟုတ်တော့ဘူး။ သူနဲ့ ပတ်သက်တဲ့ သွေးသားအစွယ်အပွားတွေရှိလာခြင်းက သူရဲ့ တည်ရှိမှုကို ပိုပြီး ခိုင်မာလာသယောင် ဖြစ်လာတော့ တစ်ဘဝလုံး ခံစားလာရတဲ့ လူအုပ်သင်းပင်း ကြား တစ်ကောင်တည်း ထီးတည်းဖြစ်ရခြင်းဝေဒနာဟာ လျော့ပါးသလို ခံစားလာခဲ့ရတယ်။

သီသီမေကလေးကို မွေးခဲ့သလို ဘယ်ဆေးရုံ ဘယ်ဆေးခန်းမှမသွားဘဲ သူ့အိမ်ရဲ့ ဝါးကြမ်းခင်းပေါ်မှာပဲ စောင်ထူထူခင်း၊ စောင်ထူထူပေါ်ကမှ ပုဆိုးစုတ် ထဘီစုတ်တွေထပ်ခင်းလို့ ရပ်ကွက်ထဲက လက်သည် အဘွားကြီးတစ်ယောက်ရယ်၊ ဘွားကြည်ရယ်နဲ့တင် သူ့ရဲ့သားလေးကို မွေးဖွား သန့်စင်နိုင်ခဲ့တယ်။ ယောကျ်ားလေးဖြစ်တာကလွဲရင် သီသီမေကလေးလိုပဲဖွေးဖွေးသန့်သန့်ကလေး၊ အနက်ရောင် မျက်ဆံတောက်တောက်ကလေးတွေနဲ့ လေးငယ်တစ်ယောက်ရဲ့ အသံနဲ့မလိုက်ဖက်အောင် အူဝဲ အူဝဲ ငိုသံကို ဘယ်သံသြသြကြီးနဲ့ ရွတ်ဆိုရင်း ညှိုမှော့ဗိုက်ထဲကနေ ထွက်လာခဲ့တယ်။

“ဟဲ့ . . ယောကျ်ားလေးတော့.. တစ်လုံးတစ်ခဲကြီး...” လို့ ဘွားကြည်က အော်ပြောတယ်။

ကိုကြည်နုဟာ စောင်ကာထားတဲ့ အိပ်ရာနေရာကနေထွက်လာတဲ့ အသံ တွေကို နားစွင့်ရင်း ပြုံးပြုံးကြီးလုပ်လို့ ကျေနပ်နေခဲ့တယ်။ ပြီးတော့ ပုဆိုးစ အနီးထုပ်ထဲက ကလေးကို လက်လွှဲယူ၊ ရင်ဘတ်ထဲမှာအပ်ထားရင်း သူ့ကိုယ်ကို ပုခက်ပမာ ငြိမ့်ငြိမ့်ကလေးလွှဲပေးနေရင်း ကလေးကို မြူနေတယ်။ ခုနစ်နှစ် ရှစ်နှစ်အရွယ်ရှိပြီဖြစ်တဲ့ သူ့သမီးအကြီးမ သီသီမေကလေးကိုလည်း ခေါ်တယ်။

“ဟေ့ ကောင်မလေး... ဒီမှာ ညည်းမောင်လေးကို လာကြည့်စမ်းပါ ဦး... ဒီမှာ ဒီမှာ ချစ်လား မောင်လေးကို”

သီသီမေကလေး မွေးပြီးတဲ့နောက် ဒုတိယအကြိမ် အပျော်ရဆုံး မဟာသမယပေါ့။ ပူစီဖောင်းပတ်ရောင်းရင်း၊ နွားမြီးရှာဝယ်ရင်း၊ ဒန့်ဒလွန်ရွက် လိုက်ခူးရင်း သီချင်းတအေးအေးနဲ့ အဲဒီလေးပတ်သော ကာလကလေးကို ဖြတ်သန်းတယ်။ ကလေးတွေ ငိုသံနဲ့ ပြည့်နှက်နေတဲ့ ကလေးဆေးခန်းတွေရှေ့ ပူစီပေါင်းချိတ်တဲ့တိုင်ကလေး ထောက်တဲ့ပြီး အပူရုပ်ဆင်နေတဲ့ သားသည်အမေ

သားသည်အဖေတွေကို ကြည့်ရင်း `ငါ့သားလေးကတော့ သိပ်ကျန်းမာတာကွ” ဆိုတဲ့ မျက်နှာပေါက်မျိုးနဲ့ ကြံဖန် မာန်တက်လို့နေတယ်။ “အိမ်ကလေး” လက်ဖက်ရည်ဆိုင်ကိုရောက်တိုင်း ပူစီပေါင်းစင်ကြီးဘေးချလို့ သူနဲ့သိသမျှ လူတိုင်းကို သူ့သားအကြောင်း ဟောင်ဖွာဖွာ လုပ်နေတတ်တယ်။

“ဟာ ဒီကောင်.. သိပ်ခေါင်းမာတဲ့ကောင်၊ ရက်သားရှိသေးတယ် စိတ်ကကြီးလိုက်တာလည်း လွန်ရော၊ လူကြီးလေးကျနေတာပဲ မောင်။ အဲဒီအပိုင်းကတော့ ညိုမှော့တူတာနေမှာပေါ့ ဟား ဟား…..

“အောင်မယ် အနှီးနဲ့ထုပ်ထားရင် မကြိုက်ဘူးဗျ၊ ငါ့လဲကန်တာ၊ သူ့အမေဆိုတချိန်လုံးအကန်ခံနေရတာ ဘောလုံးကျနေတာပဲ။ နို့သီးခေါင်းလ သွားဖုံးလေးနဲ့ကြိတ်တာ သိပ်နာတာပဲတဲ့ ဒါတော့ ငါ့တူတာထင်တယ် ဟီးဟီး။

“ဟော့ကောင်ရ ငါ့သားက ငွေးစိကြီးကလည်း အကြီးကြီးဟ--ဟီ

ကိုကြည်နုဟာ ဘဝတစ်လျှောက် ဘာကိစ္စဖြစ်ဖြစ် ဘယ်တော့ဖြစ်ဖြစ် သူရလိုက်တာထက် သူပြန်ပေးလိုက်ရတာက အဆမတန်ပိုများတတ်လို့ နောက်ပိုင်းမှာ လူတကာဆီက တောင်းပြီးစားသောက်ရတဲ့ သူတောင်းစားအဖြစ် ကို ရောက်ခဲ့သည့်တိုင်အောင် သူပေးဆပ်ရတာတွေက များခဲ့တုန်းပဲ။ အမည် သညာ ခေါ်စရာ နာမည်တောင်မပေးရသေးတဲ့ သူ့ရဲ့သား လူချောလူလှကလေး ဟာ မွေးပြီး လေးအပတ်အကြာ တစ်မနက်မှာ အသက်ရှူကျပ်တဲ့လက္ခဏာမျိုးနဲ့ မငိုမငြီးနိုင်ဖြစ်ပြီး မိနစ်ပိုင်းကလေးအတွင်း ဆေးရောင်ဆိုးလိုက်တဲ့အလား တစ်ကိုယ်လုံး ပြာနှမ်းသွားခဲ့တယ်။ အိပ်ရာထဲကနေ ကမန်းကတန်း ကြုံးထရင်း လင်မယားနှစ်ယောက်စလုံး ခြေမကိုင်မိလက်မကိုင်မိဖြစ် ဘာလုပ်လို့ ဘာကိုင်ရ မှန်းမသိဘဲ ပြာယာခတ်နေတာနဲ့တင် အချိန်တချို့ ကုန်ဆုံးသွားတယ်။

“အမလေး ကယ်ကြပါဦး ကယ်ကြပါဦး…” ဆိုတဲ့ ညိုမှော့ရဲ့ အော်သံကိုကြားလို့ ဒေါ်ဗိုလ်မနဲ့ သူ့ယောကျ်ားတို့ အိမ်ရှေ့ကို ပြေးလာကြတယ်။ လက်ထဲက ကလေးအခြေအနေကိုမြင်တော့ .

“ဟဲ့ ဟဲ့ ကလေးကို ဆေးရုံပို့ဖို့လုပ်လေ” ဆိုတဲ့ စကားသံမဆုံးခင် လေးမှာပဲ ကလေးဟာ သူတို့အားလုံးနဲ့ဝေးရာကို ထွက်ခွာသွားခဲ့ပြီးပြီ။

လမ်းထဲကလူတွေဟာ သူတို့ဘဝတစ်လျှောက်လုံးမှာ ပထမဆုံးအကြိမ် အဖြစ် ညိုမှော့အပေါ် သနားစိတ်ဝင်ကြရတယ်။ မျက်ရည်စို့တဲ့အထိ စိတ်မကောင်း ဖြစ်ကြရအောင် ညိုမှော့ရဲ့ အော်ငိုသံဟာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေခဲ့ပါ တယ်။ သူ့ရဲ့အော်သံဟာ အလွန်သေးသွယ်တဲ့ အပ်အစင်းပေါင်းများစွာကဲ့သို့သူ့ပါးစပ်က ထွက်လာပြီး ကြားရသူတိုင်းရဲ့

နှလုံးသားနေရာကို တစစ်စစ် ဖောက်ဝင်သွားကြတယ်။ ညိုမာဟာ သေဆုံးသွားတဲ့ သူ့သားငယ်လေးကို သူ့လက်ကနေ လွတ်ထွက်မသွားအောင် ညှစ်ဖက်ထားရင်း မြေကြီးပေါ်မှာ လူးလိမ့်နေခဲ့လို့ ဘေးကလူတွေက ညိုမာ အလိမ့်ရပ်အောင် ဝိုင်းချုပ်ထားကြပြီး မြဲမြံနေအောင် ကုပ်ထားတဲ့ သူ့လက်ထဲက ကလေးအလောင်းကိုလည်း အတော်ကြီး အားစိုက်လို့ ဆွဲဖြုတ်ယူကြရတယ်။ အဲဒီလို လူတွေ ဝိုင်းအုံပြီး ညိုမာ့ကို ထိန်းချုပ်ရင်း ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်မှာ၊ ကိုကြည်နုကတော့ အကြောင်သား မတ်တတ်ရပ်လို့ အသက်ရှူလျက် သေဆုံးလုနီးနီး ဖြစ်နေခဲ့ပါ တယ်။

လမ်းထဲကလူတွေဟာ ကလေးအလောင်းကို ညိုမာ့လက်ထဲက ဆွဲယူလိုက်ပြီးတဲ့နောက် အနီးကို သပ်သပ်ရပ်ရပ် ပြန်စီးလို့ အိမ်ပေါ် တင်ထားလိုက်ကြတယ်။ ဆံပင်ဖွားလျားချ ထမိန်ဖရိုဖရဲနဲ့ အရူးမတစ်ယောက်ပမာဖြစ်နေတဲ့ ညိုမာ့ကိုတော့ ဘွားကြည်အပါအဝင် မိန်းမတစ်အုပ်လုံးကြီးက ဘွားကြည်အိမ်ကို ဆွဲခေါ်သွားကြတယ်။ ကလေးကိုမြင်ရလေ သူ ပိုခံစားရလေ ဖြစ်နေမှာစိုးလို့ ခေါ်ထုတ်သွားကြတာပေါ့။

အိမ်မှာတော့ ဦးကျီးညို ဦးပြုံးချိုနဲ့ ဦးသိန်းမောင်တို့ဟာ ကလေးအလောင်းကိုတစ်လှည့် ကိုကြည်နုကိုတစ်လှည့် ကြည့်ရင်း ငြိမ်သက်နေကြတယ်။ ကိုကြည်နုဟာ သူ့သားငယ်လေးအနား မရဲတရဲ ကပ်သွားပြီး သူ့သားကလေးရဲ့ မျက်နှာကိုပဲ မမှိတ်မသုန်စိုက်ကြည့်ရင်း ထိုင်ချလိုက်တယ်။ အဲဒီအထိတော့ သူ မငိုသေးဘူး။ မငိုတတ်တာပဲလား၊ ငိုလိုက်တဲ့မျက်ရည်ဟာ ကြီးစွာသော အပူကြောင့် မျက်လုံးအပြင်ဘက်ကို မရောက်ခင်မှာပဲ အငွေ့ပျံ့သွားလေသလား မပြောတတ်။ အဲဒီအတိုင်းလေးပဲ သူ့သားလေးနံဘေး တင်ပျဉ်ခွေထိုင်ရင်း၊ သူ့သားလေးရဲ့ မျက်နှာကို ငေးစိုက်ကြည့်နေခဲ့တယ်။ အိပ်ပျော်နေတဲ့ သားငယ်အပေါ် ခြင်ယင်မှက် မနားရအောင် စောင့်ပေးနေတဲ့ အဖေတစ်ယောက် ပမာလောက်ပါပဲ။ ခဏနေတော့ သေဆုံးကွယ်လွန်ခြင်းဆိုတဲ့ လူတွေရဲ့ အန္တိမပန်းတိုင်နဲ့ပတ်သက်လို့ ဘာမှနားမလည်တတ်သေးတဲ့ သီသီမေကလေးဟာသူ့အဖေရဲ့ပေါင်ပေါ်မှာ ဝင်ထိုင်တယ်။ အဲဒီတော့မှ သူဟာ သူ့သမီးကလေးကို ငုံ့ကြည့်ရင်း ပြောတယ်။

"မောင်လေးက ထွက်သွားပြီ သမီးရဲ့ အဖေတို့နဲ့ မနေတော့ဘူးတဲ့.. သူ မပျော်လို့နေမှာပေါ့နော်"

သူ့သမီးလေးကို ရှင်းပြတာပဲလား မေးတာပဲလား မသေချာတဲ့ ကိုကြည်နုရဲ့စကားဟာ သူကိုယ်တိုင်ပြောတာမှ ဟုတ်ရဲ့လား ထင်ရအောင်ကို လေးနက်ရင့်ကျက်မှုတွေကလည်း ပါနေတယ်။ သို့သော်လည်း အဲဒီစကားကို ပြောနေရင်းမှ သူ့ရဲ့ အရောင်ဖျော့နေပြီဖြစ်တဲ့ မွဲခြောက်ခြောက်မျက်လုံးအိမ်ထဲကနေ မျက်ရည်တွေ ဒလဟော

စီးဆင်းလာခဲ့တယ်။ မအေကလည်း ကြားရသူအပေါင်း ဝမ်းနည်းတုန်လှုပ်ဖို့ကောင်းတဲ့ အော်သံနဲ့ ငိုယိုနေလို့ လူတွေက တွဲခေါ်သွား၊ ဖအေလုပ်သူကလည်း မလှုပ်မယှက်နဲ့ ငိုကြွေးနေတာကို ကြည့်ရင်း သီသီမေ ကလေးလည်း ဝမ်းနည်းပြီး လိုက်ငိုနေခဲ့တယ်။ အဲဒီမြင်ကွင်းကို မကြည့်ရက် မမြင်ရက်ဖြစ်လာလို့ ဦးကျီးညိုက သီသီမေကလေးကို ကိုကြည်နုပေါင်ပေါ်ကနေ မချီယူလိုက်ရင်း သူ့အိမ်ကိုခေါ်သွားပြီး မုန့်တွေ ဖြုတ်ကျွေးနေလေရဲ့။ သို့သော် ကိုကြည်နုကိုတော့ ကလေးအလောင်းနံဘေးကနေ ဘယ်သူကမှ ဘယ်ကိုမှ ခေါ်သွားဖို့ မကြိုးစားခဲ့ကြဘူး။

အဲဒါနဲ့ သူဟာ ကလေးအလောင်းကို ပွေ့ချီလိုက်ရင်း ချော့သိပ်နေသလို သူ့ရင်ဘတ်ထဲမှာ အပ်ထားတယ်။ ပြီးတော့ ဆေးပေါ့လိပ်နဲ့ မီးခြစ်ကို ကလေးကို ပွေ့ချီထားလျက်ကနေပဲ ထယူတယ်။ ပြီးတော့ အိမ်အောက်ကိုဆင်း မြေကြီးပေါ် မှာ ဆောင့်ကြောင့်ထိုင်ရင်း ဆေးပေါ့လိပ် ဖွာလိုက်၊ ကလေးကို လှုပ်သိပ်လိုက်၊ အဲဒီအတိုင်း တစ်နာရီကျော်ကြာအောင် သူ ထိုင်နေခဲ့တယ်။ အချိန်ဆိုတဲ့ အရာဟာ သူ့အတွက်တော့ တန့်ရပ်သွားခဲ့ပြီ။ ဖြစ်ချင်းပျက်ခြင်းမဲ့နေတဲ့ တည်နေခြင်း သက်သက် အခိုက်ကာလလေးအကြား အဲဒီသူနဲ့ သူ့ရဲ့သားလေးရဲ့ နှစ်ကိုယ်စာ အာကာသအလယ်မှာ အဆုံးစွန်သောနာကျင်မှုဟာ ဆောင့်ကြောင့်ငုတ်တုတ်ထိုင်လို့ နေလေရဲ့။ ထို့နောက် ဦးတင်အောင်၊ ဦးပြုံးချိုတို့လို လူကြီးတွေက ကလေးနာရေးပြုဖို့ ပြောကြတယ်။ ကိုကြည်နုကတော့ ဆေးပေါ့လိပ်ဖွာရင်းကလေးချော့သိပ်နေရင်းကနေ သူနဲ့ မဆိုင်တဲ့ ကိစ္စတစ်ခုကို ပြောနေကြသူတွေလို မထုံတက်တေးနဲ့ ငေးကြည့်လို့သာ နေတယ်။ ဇော်မောင်က ကိုကြည်နုဆီကနေ ကလေးအလောင်းကို လှမ်းတောင်း တယ်။

“ပေးတော့ ပေးတော့ ကိုကြည်နု”

“မပေးဘူးကွ...... ငါ့သားလေးကို...”

ကိုကြည်နုရဲ့အော်သံဟာ ကြက်သီးထလောက်အောင်ကို ကြောက်စရာ ကောင်းတယ်။ မျက်နှာအမူအရာကလည်း သူ့ဆီကသာ အတင်းလုယူရင် အသက်နဲ့လဲမယ်ဆိုတဲ့ပုံမျိုး မျက်ရည်တွဲလွဲ မျက်လုံးတွေဟာ ဝိုင်းစက် ပြူးကျယ်လို့။ ပါးစပ်ကို ခပ်စေ့စေ့လုပ်ထားရင်း အံကိုကြိတ်ထားပုံကိုက ဇာတ်တော်တွေ ထဲက အမျက်ကြီးတဲ့ ဘီလူးတွေလိုမျိုး။ သို့သော်လည်း အဲဒီပုံမျိုး အကြာကြီး တော့ မဟုတ်ပါဘူး။ သူ့အဖြစ်ကိုသူ သတိထားမိသလို မျက်လုံးလည်သွားပြီး တဲ့နောက် တအင့်အင့် ရှိုက်ငိုရင်း ဇော်မောင့်လက်ထဲ ကလေးကို ညင်သာစွာပဲ သူ လွှဲပေးလိုက်တယ်။ ဇော်မောင်က ကလေးအလောင်းကို အိတ်အမည်းကြီး တစ်လုံးထဲကို ထည့်တယ်။

"ကိုကြည်နု ခင်ဗျား လိုက်မှာလား၊ ကျွန်တော်ပဲ သွားလိုက်ရမလား"

ကိုကြည်နုဟာ ဖော်မောင့်လက်ထဲကကျွတ်ကျွတ်အိတ်အမဲကြီးကို ပါးစပ်အဟောင်းသား မျက်ရည်တွေတွေကျရင်း စိုက်ကြည့်တယ်။ ပြီးတော့ အင်မတန် လေးလံဖိစီးလှတဲ့ အထုပ်ကြီးတစ်ထုပ်ကို ပုခုံးပေါ် ထမ်းတင်ရသလောက် အားစိုက်မှုမျိုးနဲ့ မြေကြီးပေါ်ကနေ ကြုံးထတယ်။ အဲဒီနောက် သူနဲ့ ဖော်မောင်တို့ နှစ်ယောက်ဟာ ကလေးအလောင်းထည့်ထားတဲ့ အိတ်အမည်း ကြီးကို ပခုံးပေါ်တင်ပြီး လေးကန်နှေးကွေးတဲ့ ခြေလှမ်းတွေနဲ့ မြို့ပြင်ကို ထွက်ခွာသွားကြတယ်။ မွေးတုန်းကလည်း ဘာမွေးစာရင်းမှ မရှိခဲ့သလို သေတော့လည်း ဘယ်စည်ပင်၊ ဘယ်ရပ်ကွက်မှ အကြောင်းမကြား၊ မြို့ပြင်က ဟီးထနေတဲ့ အမှိုက်ပုံကြီးရဲ့နံဘေးမှာ ကျင်းနက်နက်တူးလို့ တိတ်တဆိတ်ပဲ မြေချလိုက်ကြတော့တယ်။

စမ်းရေလမ်းရဲ့ နေ့စဉ်ဘဝဟာ နာမ်ပိုင်းဆိုင်ရာအရ တစ်အိမ်စီမှာ မတူညီတဲ့ တူရိယာတစ်ခုစီရှိကြပြီး အဲဒီတူရိယာတွေကို စုဖွဲ့တီးတာမျိုးလည်း မဟုတ်ဘဲ တစ်ယောက်တစ်လှည့် မတီးတတ်တီးတတ် ကပေါက်တိကပေါက်ချာ တီးတာမျိုးပဲ။ တစ်အိမ်က ဒရမ်ကို ဒုခနဲ ထုချလိုက်လို့ မပြီးသေး၊ တစ်အိမ်က လျှပ်စစ်ဂစ်တာပေါ် ခွေးတက်သလိုမျိုး အသံထွက်လာမယ်။ အဲဒီနောက် နောက်တစ်အိမ်ရဲ့ စန္ဒရားပေါ်ကိုလည်း ကလေးတစ်ယောက်ယောက်ရဲ့ ဖင်နဲ့ ထိုင်ချလိုက်တဲ့ အသံမျိုး ဆက်ထွက်လာမယ်။ လမ်းရဲ့သရုပ်မှန်ကို လူတိုင်းသိတဲ့ စကားလုံးနဲ့ ပြောရမယ်ဆိုရင် အများပြောသလို ငရဲပါပဲ။ အသံဗလံကြောင့်လည်း ငရဲဖြစ်တယ်။ ဘဝတွေအရလည်း ငရဲဖြစ်တယ်။

ရုပ်ပိုင်းဆိုင်ရာအရဆိုရင်လည်း လမ်းဟာ နွေဆို ဖုန်တထောင်းထောင်း၊ မိုးဆို မုန့်လင်မယားဒယ်လို ဗွက်အိုင် အကွက်အကွက်တွေနဲ့ အရွယ်အစားကတော့ ဒယ်လို တစ်ဆိုဒ်တည်း မဟုတ်ဘူးပေါ့။ ရေနုတ်မြောင်း ရေဆိုးမြောင်း ဆိုတာလည်း မရှိလေတော့ အိမ်တော်တော်များများရဲ့ ရေချိုးတဲ့ရေ၊ ဟင်းခွက်အိုးပန်းကန်ဆေးတဲ့ ရေတွေကို လမ်းပေါ်ကို နည်းအမျိုးမျိုးနဲ့ ဖောက်ချကြတော့တာပဲ။ (တချို့ဆို လမ်းပေါ်တင် ရေထွက်ချိုးကြသေးတယ်) အနံ့အသက်ကလည်း ကြောက်စရာကောင်းတယ်။ ဒီကြားထဲ ရေခဲတို့အမေ ဒေါ်ဌေးက အိမ်နေရင်း ဝင်ငွေတိုးအောင် ဝက်မွေးထားသေးတယ်။ သူတို့အိမ် ဝါးကြမ်းခင်းနဲ့ မြေကြီး ကြား လွတ်နေတဲ့ နှစ်ပေလောက်ကို ဝါးကပ်နဲ့ပိတ်ကာ ခြံခတ်လိုက်ပြီးအိမ်အောက်မှာတင် ဝက်ခြံလုပ်ထားတော့ အဲဒီအနံ့အသက်နဲ့ သူတို့ ဘယ်လို ညအိပ်၊ ဘယ်လိုအစာစားကြသလဲဆိုတာကိုက လေ့လာသင့်တဲ့ဆန်းကြယ်မှု တစ်ရပ်။

အဲဒီလို အကောင်ဗလောင်တွေ သူတို့တင် မွေးထားသလားဆိုတော့ မဟုတ်သေးဘူး။ တချို့နှစ်တွေမှာ ဦးတင်အောင်ရဲ့သမီး အသုပ်သည်တွေက

နွားမွေးတတ်တယ်။ နွားကို သူတို့ဝိုင်းထဲမထားဘဲ လမ်းပေါ်က တမာပင်မှာ ချည်တိုင်လုပ်ထားတော့ တလမ်းလုံးလည်း နောက်ချေးချည့်ပဲ။ (မြို့ပေါ်ဆိုပေမယ့် ကျေးလက်အနံ့အသက်ကလေးရနေတယ်လို့ ကြံဖန်တွေးနိုင်သေးတာပေါ့) ဖော်မောင်တို့ လင်မယားကလည်း မန်ဒါလီလေးကောင်နဲ့ ကြက်တစ်အုပ် မွေးထားလိုက်သေး။ ဒေါ်မိမိတင့်အိမ်မှာ အကြီးအကျယ်တပ်စွဲထားတဲ့ ကြောင်တပ်ခွဲတစ်ခွဲကလည်း ရှိနေသေးတယ်။ ဒါ လမ်းထဲမှာ သူ့အလိုလို ရောက်လာတဲ့ ခွေးလေခွေးလွင့် ဆယ်ကောင်လောက်ကို ထည့်မရေရသေးဘူး။ ဆာဖာရီဥယျာဉ် အငယ်စားကလေးလို လမ်းကလေးပေါ့ ။

မနက်မိုးလင်းပြီဆိုတာနဲ့ ပုရွက်ဆိတ်အုံကို တံမြက်စည်းနဲ့ လှဲချလိုက် သလို လမ်းပေါ်ကို ကလေးတွေ ပြုကျလာတယ်။ ဝင့်ဝါအိမ်ကတော့ အများဆုံး ပေါ့။ ကိုယ်တုံးလုံးတွေ တချို့က အင်္ကျီဗလာ ဘောင်းဘီသီးသန့်နဲ့ တချို့ကလေး ကျပြန်တော့လည်း အင်္ကျီချည်းသက်သက် ဂျိုးတန်းလန်းနဲ့ အရွယ်စုံ ဆိုဒ်စုံ။ ဆံပင်တွေက သစ်ကိုင်းခြောက်တွေအလား မာတောင့်လို့၊ မျက်နှာမှာဆိုရင် မျက်ရည်ကျချိန်တုန်းက စီးကြောင်း၊ အိပ်တုန်းက အာပုတ်ရည်ကျထားတဲ့ စီးကြောင်းကလေးတွေဟာ ဖုန်နဲ့ မံလိုက်တဲ့နောက် မြစ်ကြောင်းမည်းမည်း ကလေးတွေဟာ ထင်ရှားလို့။ နှာခေါင်းဝက နှပ်ချေးဟာ လောကသဘာဝကို ဆင်းကြည့်လိုက်၊ ဂူထဲ ပြန်အောင်းလိုက် နာရီသံပတ်က ငှက်ကလေးတွေ အလားပဲ။ အဲဒီလို ကလေးတွေ လမ်းပေါ် ပြုဆင်းလာကြပြီး နာရီဝက် တစ်နာရီ ဆိုရင် ကလေးအချင်းချင်း ကုန်းကိုက်မိရာကနေ အိမ်မှာကျန်ခဲ့တဲ့ အမေတွေ၊ အဒေါ်တွေ၊ အဘွားတွေကပါ ဟိုဘက်ဒီဘက် အပြန်ပြန်အလှန်လှန် ဆဲကြဆိုကြ တယ်။ သူတို့အဆိုအရဆိုရင် ကလေးအကုန်လုံးဟာ မိမဆုံးမ ဖမဆုံးမ၊ ဝရမ်းပြေးနဲ့ ဖာသယ်မ စပ်ကျထားတယ် ဆိုတာချည့်ပဲ။ အဲဒီလောက်နဲ့ ရပ်ရင်လည်းရပ်၊ မရပ်ဘူးဆိုရင်တော့ အဲဒီထက် တုံးပိုမြင့်တဲ့ အဆဲကြမ်းကြမ်း စမ်းရေလမ်းရဲ့ ဂီတဟာ လမ်းထိပ်ကို ကျော်လွန်လို့ လမ်းအပြင်ဘက် ဖြတ်သွားဖြတ်လာတွေ ကပါ လမ်းထဲကို ငေးငိုင်ကြည့်ရတဲ့အထိ ယုတ်ကမ်းတဲ့ ပြဇာတ်တွေကို အထူးထူး တင်ဆက်ကပြကြပါတော့တယ်။

"ကောင်မ လင်တကာနဲ့ ခံပြီး ခွေးလေးတွေ တပွတ်ပွတ်မွေး၊ သူ့ခွေးတွေက လူတကာကိုက်၊ မပြောချင်လို့ ကြည့်နေတာ"

အဲဒါ ဝင့်ဝါကို ပြောတယ်ဆိုတာ အသိသာကြီး။ ဝင့်ဝါကတော့ အိမ်ထဲက ကွပ်ပျစ်မှာ ထိုင်လျက် ကွမ်းတံထွေးတစ်ချက် ပျစ်ခနဲ ထွေးလိုက်ရင်း ပြန်ပြောတယ်။

"ဟဲ့ ငါတို့က တရားဝင်လင်နဲ့ တရားဝင်ခံတာလေ၊ နင့်လို လင်ငယ် မနေဘူးနော်၊ ငါမသိဘူးများ မှတ်နေလား ဟင်း..."

အဲဒါကို ဒေါ်ဗိုလ်မသမီးကိုဖြစ်ဖြစ်၊ အညို့သမီး အကြီးမ ဇင်မာဦးနဲ့ ဖြစ်ဖြစ်၊ ဦးတင်အောင်သမီး အငယ်မနဲ့ဖြစ်ဖြစ် ရန်ဖြစ်ရင် ဝင့်ဝါ တုံ့ပြန်နေကျ စကားပဲ။ တကယ် လင်ငယ်နေမနေတော့ ဘယ်သူက သိနိုင်မှာလဲ။ လမ်းထဲမှာ တော့ ရန်ဖြစ်ရင် လင်ငယ်နေတယ်၊ တွေ့ကရာ လျှောက်ခံတယ်ရယ်လို့ ဆဲကြ တာချည့်ပဲ။ ဒါပေမဲ့ ဒီလောက်နဲ့ တစ်ဘက်က ငြိမ်နေမယ်လို့ ဘယ်မျှော်လင့်လို့ ရမလဲ။

"ဟဲ့ ကောင်မ... ငါ့ဟာနဲ့ ငါ ခံတာလေ၊ နင့်ဟာ ငှားခံလို့လား ကောင်မရဲ့"

"ငါ့ဟာ ငှားခံလို့ရောရမလားဟဲ့ ကောင်မရဲ့၊ ငါ့ဟာက အသန့် တစ်လက်ကိုင်ဟဲ့ တလက်ကိုင် . . "

"အောင်မာ... တစ်လက်ကိုင်တဲ့၊ ကြားကြရဲ့လား အရပ်ကတို့၊ ကိုယ်လင်ကိုယ် ဘယ်နှယောက်ရှိမယ်တောင် ပြန်မခန့်မှန်းနိုင်တဲ့ကောင်မကများ သူ့ဟာက တစ်လက်ကိုင်တဲ့ . . . ဟား ဟား ရယ်ရမှတောင် သနတယ်"

"ဟဲ့ အမျိုးယုတ်တွေရဲ့ ... အောက်တန်းစားတွေရဲ့ . . . စောက်ဆင့် မရှိတာတွေရဲ့..... စသဖြင့် စသဖြင့်။

တစ်ခါတလေ သုံးပွင့်ဆိုင်တောင် ဆုံဆဲကြပါသေးရဲ့။ လက်တော့ ပါခဲလှကြပါတယ်။ များသောအားဖြင့်တော့ အိမ်အရိပ်ထဲတင် ထိုင်ဆဲကြတယ်။ နေပူမရှောင် မိုးရွာမရှောင် ဆဲတယ်ဆိုနိုင်လောက်ရုံ၊ တစ်ခါတလေ အိမ်ရှေ့ တံစက်မြိတ် ထွက်တာလောက်ဟာ အများဆုံးပါပဲ။ လက်ပါလောက်တော့ အဆင့်မျိုးဆိုရင်လည်း တစ်ချိန်လုံး ရန်ပွဲအခြေအနေကို အိမ်ထဲကနေ နားစွင့် အကဲခတ်နေတဲ့ ဒေါ်မိမိတင်က ဆယ်အိမ်မှူးဆီ သတင်းပို့ပြီးနေပြီ။ နောက်ပိုင်း ဖုန်းတွေပေါတဲ့ခေတ်မှာတော့ ဥက္ကဋ္ဌဖုန်း ဆက်လိုက်တာပဲ။ သူ သတင်းမပို့ ဖြစ်လို့ တကယ်ရန်ဖြစ်ကြပြီး ဆံပင်ဆောင့်ဆွဲ နပန်းသတ်ကြအဆင့် ရောက်သွား လို့လည်း ပြဿနာမရှိ။ ညနေခင်းဖြစ်ဖြစ် နောက်တစ်နေ့ဖြစ်ဖြစ် ဖဲဝိုင်းကျပြန်တော့ တဟီးဟီးတဟားဟားနဲ့ ရန်သတ်ခဲ့ကြတာ သူတို့မဟုတ်တဲ့အတိုင်း။ အံ့သြဖို့ အကောင်းဆုံးအချက်ကတော့ မိန်းမတွေ တစ်ဖက်နဲ့တစ်ဖက် ဘယ်လောက်ပဲ ကျိန်ဆဲ စွပ်စွဲ ဟိုပေးစားဒီပေးစား လုပ်နေနေ လင်ယောကျ်ားတွေဟာ အဲဒီပွဲတွေမှာ ဘယ်တော့မှ ဝင်နွှဲလေ့ မရှိကြတာပါပဲ။ လူကြီးလူကောင်းဆန်တယ်ပဲ ဆိုကြပါစို့။

ယောကျ်ားချင်း ရန်ဖြစ်တာမျိုးကတော့ မရှိသလောက် ရှားတယ်။ လမ်းကနေခွာပြီး အလုပ်အကိုင်ရှိရာဆီကို နေ့စဉ်သွားလာနေရတာက ယောကျ်ား တွေဆိုတော့ သူတို့အလုပ်နဲ့ သူတို့ရှုပ်နေတာမျိုး။ အိမ်ပြန်ချိန်ကျတော့လည်း ကိုယ့်ဆိုင်ရာဆိုင်ရာ အိမ်ဝပ်ကျင်းကလေးထဲမှာ ဘီအီးကလေးတွေ၊ ရမ်ကလေး တွေနဲ့ ငြိမ်ငြိမ်ကုပ်ကုပ် ဇိမ်ခံနေကြတာ ဆိုတော့ ရန်မဖြစ်အားတော့ဘူး။ တစ်ခါတလေ ဇော်မောင်က ဒေါ်ဗိုလ်မယောကျ်ားကြီးကို ညသန်းခေါင်အချိန်ကြီး

တစ်လမ်းလုံးကြားအောင် အိပ်ရာကနေ ထထယောင်တဲ့ကိစ္စနဲ့ အပြန်အလှန် တစ်ခွန်းနှစ်ခွန်း စကားများကြတာလောက်ပဲ ရှိတယ်။ ဒေါ်ဗိုလ်မယောကျ်ားကြီးက ထောင်ထောင်မောင်းမောင်း တစ်ကိုယ်လုံး ဆေးမင်ကြောင်ရာတွေနဲ့ရယ်၊ အထူးသဖြင့် ကျောမှာထိုးထားတဲ့ အာဠဝကဘီလူးရုပ်ကြောင့်ဆိုလား ပြောကြတယ်။ အဲ့အရုပ်ကြီးကြောင့် ည ည သန်းခေါင်ချိန်ရောက်တိုင်းသူ့အလိုလို ထထ လက်ခမောင်းခတ်ပြီး အော်ဟစ်ကြိမ်းဝါးသတဲ့။ မသိရင် လူမိုက်ကြီးတစ်ယောက်လို အသွင်အပြင် ဆိုပေမယ့် ဒေါ်ဗိုလ်မကိုတော့ သူလည်းပဲ ကြောက်ရတာပဲ။ အဲဒီတော့ ရန်ဖြစ်တဲ့ အဆင့်အထိလည်း ရောက်ဖို့မရှိဘူးပေါ့။ စမ်းရေလမ်းက တကယ်ဆိုရင် လင်နိုင် လမ်းလို့တောင် နာမည်ပြောင်းသင့်တာ။ တစ်လမ်းလုံး ရှိရှိသမျှ ယောကျ်ားတွေဆိုတာ သူတို့မိန်းမတွေကို နှစ်ခွန်းကနေ သုံးခွန်း ပြန်လှန်မပြောရဲကြဘူး။ ကြောက်ရွံ့မှုက မလွတ်ကင်းမလွတ်မြောက်နိုင်ကြသူတွေပေါ့။ ချစ်တာလည်း ပါမှာပေါ့လေ။

မိန်းမတွေရဲ့ နေ့စဉ်နေ့စဉ် ရန်ပွဲတွေ ရန်ပွဲတွေ အလီလီ နွှံခဲ့သမျှတွေမှာ မီးကို ရေနဲ့သတ်လိုက်သလို ငြိမ်ကျစေတဲ့ အကြောင်းအရင်း ကောင်းကောင်းတွေ ကလည်း ရှိနေသေးတယ်။ လမ်းထဲကလူတွေဆိုတာ များသောအားဖြင့် အကြွေး ဗရပွနဲ့ နေကြတာမျိုး။ လမ်းထဲက အပျိုကြီး ဒေါ်မီမီတင်နဲ့တင် ဘယ်လုံလောက် မှာလဲ။ ဟိုကတောင်းရင် ဒီကချေးဆပ်။ ဒီကတောင်းတော့ ဟိုဘက်တစ်ခါ ပြန်ချေး၊ ဒီကရော ဟိုကပါ တောင်းပြန်တော့လည်း ဟိုကဒီကမဟုတ်တဲ့ တစ်နေရာ ရှာပြန်။ အဲဒီလို ငွေလွှဲငွေထုတ်စနစ်အတွက် အရန်ငွေကြေး တစ်နေရာ ကတော့ အမြဲရှိနေရတယ်။ အဲဒီအတွက်တော့ လမ်းထဲကမဟုတ်တဲ့ ဒေါ်ငွေကြည် ဆိုတဲ့ အဘွားကြီးတစ်ယောက် ရှိတယ်။

ဘယ်လောက်ပြင်းထန်ပြီး ဘယ်လောက်အရှိန်တက်နေတဲ့ ရန်ပွဲဖြစ်ဖြစ် တစ်ယောက်ယောက်ရဲ့ ဒေါ်ငွေကြည် လာနေပြီဆိုတဲ့ သတင်းစကား ကြားလိုက် တာနဲ့ လမ်းဟာ အော်တိုချက်ချင်းကြီး လူကြီးကင်းမဲ့ဇုန် ဖြစ်သွားတယ်။ ဒေါ်ငွေကြည်က ပိန်ပိန်ပါးပါးဆိုပေမယ့် အဲဒီပါးလျတဲ့ သူ့ခန္ဓာကိုယ်ကိုပဲ တစ်သက်လုံး မနိုင်ဝန်ထမ်းခဲ့ရတဲ့ဟန်မျိုးနဲ့ အိပ့် အိပ့်လုပ် လမ်းထဲကို ဝင်လာ မယ်။ ကလေးတွေက လူကြီးတွေ ပုန်းဖို့လျှိုဖို့ အချိန်ရအောင် ဒေါ်ငွေကြည် အနားသွား အမြဲတမ်း သူ့အရံနဲ့သူမဟုတ်ဘဲ ကျွဲတစ်ဖက် နွားတစ်ဖက်ဖြစ်နေတဲ့ ဖိနပ်နောက်မြီးကို တက်နင်းကြတယ်။

“ဟဲ့ စောက်ကလေးတွေ လူကြီးကိုလူကြီးမှန်းမသိ စောက်ကျင့်တန် လုချည်လား ဟင်... ပေါက်လွတ်ပဲစား ကလေးတွေ သွား ... ငါ့ အနားကသွားစမ်း”လို့ အော်ပြီး လိုက်မောင်းထုတ်နေရတာကိုက ငါးမိနစ်လောက်တော့ ကြာသွားတာပဲ။ သူ အကြွေးတောင်းရမယ့်

အိမ်တွေရှေ့ရောက်ပြီဆိုရင် ဘယ်သောအခါမှ ပိတ်ထားလေ့မရှိတဲ့ အိမ်တံခါးတွေဟာ သော့ခလောက် ပိန်ပိန်လေးတွေနဲ့ ပိတ်ပြီးသား ဖြစ်နေပြီ။ ဆန်းတော့ ဆန်းကြယ်တယ်။ ဒေါ်ငွေကြည်က အဲဒီသော့ခလောက်နဲ့ ပိတ်ထားတဲ့ တံခါးနောက်မှာ အသက် အောင့်ပြီး ထရံအပေါက်သေးသေးလေးတွေကြားကနေ သူ့ကိုချောင်းကြည့်နေတဲ့ ကောင်မတွေ ရှိတယ်ဆိုတာ ဘိုင်သေ သိကိုသိပြီးသား။ မွေးမွေးချင်း နို့ဆွဲဖို့သိတဲ့ ကလေးလိုပဲ သဘာဝအရကို သိနေတာ။ သို့သော် သူဘာတတ်နိုင်မှာလဲ။ နှစ်လုံးပေါက်ထားလို့ ဒါမှမဟုတ် ဒီပြင် ပွဲပေါက်တိုးထားလို့ လက်ထဲပြန်ဆပ်ဖို့၊ အတိုးသတ်ဖို့ ငွေတကယ်ရှိတဲ့လူတွေဆီက အသာတကြည် ယူပြီးပြန်ဖို့ပဲ။ ပိတ်ထားတဲ့ အိမ်တွေရဲ့ တံခါးဟာ ငရဲတံခါးပိတ်တာပဲလို့ ယူဆလိုက်တာအပြင် အာသာပြေ နည်းနည်းဆဲလိုက်နိုင်တာဟာ သူတတ်နိုင်သမျှ အကုန်ပါပဲ။

"ဖေတရာရိုးမ တုတ်ထိုးမတွေ ကြွေးယူပြုံးပြုံး တောင်းတော့ပုန်း။ နင်တို့စောက်ကျင့်တွေ ငါမသိဘူးများ မှတ်နေလား။ လုပ်ထား ပုန်းထားကြနော် ငွေကြည်တဲ့ဟဲ့ နောက်တစ်ခါလာရင် ရဲခေါ်လာခဲ့မယ်"

စသဖြင့် မောနေအောင်ဆဲ။ အသံနာလောက်ပြီဆိုတော့မှ လမ်းထဲ လာခဲ့တာတန်အောင် အနားရှိတဲ့ ကလေးတစ်ယောက်ရဲ့ ခေါင်းကို သူ့ လက်ဆစ် ကြမ်းကြမ်းကြီးတွေနဲ့ ဂေါက်ခနဲ တစ်ချက်ခေါက်ထည့်လိုက်ပြီးတဲ့နောက် လှည့်ပြန်သွားတော့တယ်။ အခေါက်ခံရတဲ့ ကလေးကတော့ တစာစာ အော်ငိုလို့ပေါ့။ အဲဒီငိုတဲ့ကလေး အငိုတိတ်ပြီဆိုမှ သော့ခလောက်နဲ့ အိမ်တွေရဲ့ ပြတင်းပေါက်တံခါးတွေဟာ ပွင့်လာကြတယ်။ ပြီးတော့ ပြတင်းပေါက်ကနေ ဖုတ်ခနဲ မြေပေါ်ခုန်ဆင်း ဘော်လီကြားကသော့ကို နုတ်ပြီး သော့ကိုဖွင့် "ခုနက ဘာလုပ်နေတာပါလိမ့်" လို့ ပြန်စဉ်းစား။ ရန်ဆက်ဖြစ်သင့်လည်းဖြစ်၊ နားချင် တော့လည်း နားကြပေါ့။

ဆင်းကတ်တွေကို တစ်ထောင့်ငါးရာနဲ့ ဈေးမချသေးခင် လူထုဆီက ရသလောက်တော့ ညှစ်လိုက်ဦးမယ် ဆိုတဲ့သဘောနဲ့ ငါးသိန်း၊ နှစ်သိန်း ဈေးနှုန်းတွေ လျှော့လျှော့လိုက်လာပြီး ရောင်းနေတဲ့အချိန်တုန်းက ဆင်းကတ်တွေကို ရပ်ကွက်မှာ မဲဖောက်ပေးခဲ့သေးတယ်။ အဲဒီတုန်းကဆိုရင် တစ်လ တစ်ခါ စမ်းရေလမ်းထဲက လူကုန် ရပ်ကွက်ရုံးရှေ့ မနက်ခင်း ငါးနာရီလောက်ကတည်း က သွားတန်းစီ မဲနှိုက်ခဲ့ကြသေးတာ။ ကိုကြည်နုလည်း ပါတာပေါ့။ တစ်အိမ်ထောင် တစ်ယောက်ပဲ နှိုက်ခွင့်ပေးတာဆိုတော့ မဲနှိုက်တော့ ညီမြာ ဆိုပေမယ့် စောစောထ တန်းစီတာကတော့ သူ့အလုပ်လေ။ ဒါပေမဲ့လည်း တစ်ခါမှ မပေါက်ပါဘူး။ တစ်လမှ ငါးကတ်လား ဆယ်ကတ်လား မဲဖောက်ပေး တာ။ နှိုက်တာက တစ်ရပ်ကွက်လုံး။ အဲဒီအပြင် ပိုဆိုးတာက ပထမဆုံး မဲတွေစနှိုက်ခွင့်ရတဲ့ လမှာ ပေါက်သွားတာက

ရပ်ကွက်ဥက္ကဋ္ဌရယ်၊ သူ့သားရယ်၊ ရာအိမ်မှူးမိန်းမရယ်၊ ဆယ်အိမ်မှူးကတော်ရယ်တဲ့။ ကံများ သိပ်ဆန်းကြယ်တာပဲ နော်လို့ တစ်ရပ်ကွက်လုံး ပြောမဆုံးဘူး။

ဒုတိယလမှာ တစ်ချီ တစ်ရပ်ကွက်လုံး အားခဲလို့ နှိုက်ကြပြန်တော့ လည်း ဒီတစ်ခါမှာ ပေါက်သွားတာတွေကတော့ ရပ်ကွက်ဥက္ကဋ္ဌရဲ့ တူလေးရယ်၊ ရပ်ကွက်ရဲ့ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌရယ်၊ တစ်ရပ်ကွက်လုံးမှာ အချမ်းသာဆုံး နို့ဆီရုံပိုင်ရှင်ရယ်တဲ့။ နောက်မှ စုံစမ်းလို့သိရတာက ရပ်ကွက်ရဲ့ နာရေးကူညီမှု အသင်း ဥက္ကဋ္ဌဆိုတာ ရပ်ကွက်ဥက္ကဋ္ဌပဲလေတဲ့။ နောက်လတွေမှာတော့ တကယ့် ပြည်သူတွေကို တစ်လ တစ်ကတ် နှစ်ကတ်နှုန်းလောက် တကယ်ပေါက်ခွင့်ပေး ပါတယ်။ ဒါပေမဲ့ စမ်းရေလမ်းက ဘယ်သူမှ မပေါက်ဘူး။ တစ်လ နှစ်လကနေ သုံးလေးလတိုင်လာတော့ စမ်းရေလမ်းပဲလေ ဘယ်ဒီအတိုင်းနေမလဲ။ ရပ်ကွက် ဥက္ကဋ္ဌကို ဝိုင်းအရေးဆိုကြတယ်။

ကျွန်တော် ကျွန်မတို့လမ်းဟာ တစ်ရပ်ကွက်လုံးမှာ အဆင်းရဲဆုံး အဆင်မပြေဆုံးလူတွေချည့်နေတဲ့လမ်းလေ။ ကျွန်မတို့လမ်းကို တစ်ကတ်လောက် တော့ ပေးသင့်ပါတယ် ဘာညာပေါ့။ ဒီနေရာမှာတော့ ဒေါ်မီမီတင်လည်း မနေဘူး၊ သူလည်း အဲဒီအဆိုကို ထောက်ခံတယ်။ သူ့ထောက်ခံမှုကလည်း အခရာတော့ အတော်ကျတယ်။ သုံးရက်ဆက်တိုက် ညဘက်လူရှင်းချိန် ရပ်ကွက်ရုံးကို အုပ်စုလိုက်ချီတက် တိတ်တိတ်ကလေး သွားသွားညှော်ကြတော့ဥက္ကဋ္ဌလည်း မခံနိုင်တော့ဘူး။ ရပ်ကွက်အတွင်းက အဆင်းရဲဆုံးလူတွေနေတဲ့ လမ်းကို ညှာတာ ထောက်ထားသောအားဖြင့် ဆင်းကတ်တစ်ကတ် မဲနှိုက်ခွင့် ပေးလိုက်တယ်ဆိုတဲ့လုပ်ရပ်က ဘာပဲပြောပြော သိက္ခာမရှိသလောက်ဖြစ်နေတဲ့ သူ့အခြေအနေကို သိက္ခာထပ်ပေးလိုက်နိုင်တဲ့ လုပ်ရပ်လည်း ဖြစ်နေတော့ သဘောတူပေးလိုက်တယ်။

“ကဲ ကဲ တော်ကြတော့ ဒီတစ်လကတ်တွေရရင် နင်တို့ တစ်လမ်းလုံး ကို တစ်ကတ်ပေးမယ်၊ နင်တို့ဘာသာ မဲပြန်နှိုက်ကြ” ဆိုတာနဲ့ အရေးတော်ပုံ အောင်သွားတယ်။ လူ့သမိုင်းမှာ မှတ်တမ်းတင်သင်တဲ့ ပစ္စည်းမဲ့တွေရဲ့ အောင်ပွဲများပါပဲ။ တကယ်လည်း လကုန်တော့ ဥက္ကဋ္ဌဟာ သူတို့လမ်းအတွက် တစ်ကတ်ပေးတယ်။ ကတ်ကိုတော့ ကိုစိန်လွင့်လက်ထဲ ထည့်ပေးလိုက်တယ်။ ခင်ဗျားပဲ ကြည့်ကျက်စီမံလိုက်ဆိုတဲ့သဘော။ ဖုန်းကတ် ကိုစိန်လွင့်ကို ပေးလိုက် တယ်ဆိုတော့ လမ်းထဲ ပွက်လောရိုက်သွားသေးတယ်။

“ဟဲ့ ဟဲ့ နင်တို့ကတ် ငါမယူပါဘူး။ ငါ့မှာ ဖုန်းတွေရှိပါတယ်။ မဲတွေ ငါလုပ်ပေးမယ် နင်တို့ နှိုက်ကြ၊ ငါလည်း မဲမနှိုက်ပါဘူးနော် နင့်တို့ပဲ နှိုက်ရမှာ မဲပေါက်တဲ့သူ ယူပေါ့ သဘောတူတယ်နော်…” ဆိုမှ ကိုစိန်လွင် မဲလိပ်နေတုန်း

ကိုယ့်အိမ်ကိုယ် ပြေးကြတယ်။ ဖုန်တက် ပင့်ကူအရှုပ်တွေခံနေရတဲ့ ဘုရားတွေ ဦးကုန်းချကြ။ ရတ်တရက်ကြီး နေ့လယ်ခင်းကြီး ဘုရားမီးတွေ၊ ဘုရားပန်းတွေ ထပူဇော်ကြ။ တကယ်တမ်း မဲနှိုက်ကြတော့လည်း ဘယ်သူအရင် စနှိုက်ရမလဲ ဆိုတာကို ငြင်းကြခုန်ကြပြန်လို့ ဘယ်သူအရင်စနှိုက်ရမယ်ဆိုတဲ့ နံပါတ်စဉ်ကိုပါ မဲထပ်နှိုက်ရသေးတယ်။ ဖုန်းကတ်လေး တစ်ကတ်အတွက်ဆိုပေ မယ့်လည်း ပြန်ရောင်းစားရင် ငွေကျပ် တစ်သိန်းကျော်လောက်ရတာဆိုတော့ နည်းတဲ့ပိုက်ဆံလား။ ရောင်းစားမှာပေါ့။ ဆင်းကတ်ရလို့ ကီးပက်ဟန်းဆက် ကလေးနောက်က ထပ်ဝယ်ပြီး ကိုင်မယ့်လူဆိုတာ လက်ချိုးရေလို့ရတယ်။

ဒေါ်ဗိုလ်မ မဲပေါက်သွားတယ်။ ပျော်လွန်းလို့ ထမိန်ကို ပုဆိုးလို မတဲ့ပြီး လမ်းထဲ ဟိုဘက်ထိပ် သာတယ်။ ပြေးနေသော ဒေါ်ဗိုလ်မကိုကြည့်ရင်း အကုန်လုံးရင်ထဲမှာ နာကျင်နေခဲ့ကြရတယ်။ စမ်းရေလမ်းရဲ့သမိုင်းမှာ အနာကျင်ရဆုံးအချိန်တွေထဲက အချိန်တစ်ခုပါပဲ။ ဘယ်တတ်နိုင်မှာလဲ ကံပေါ့။

“မသာမကြီး ကံကိုကောင်းနေတာ"

ညိုမြာက ပေါ်တင်ပဲ ဆဲတယ်။

"နေ့လယ်က မဲပေါက်ပါစေ ဆုတောင်းဖို့ ဘုရားတင်တဲ့ ဘုရားပန်း တွေ သူ့ဆီက ဝယ်တာလေ၊ ပန်းဖိုးတွေတော့ ပြန်ပေးသင့်တယ်” လို့ ဝင့်ဝါက ပြောနေသေးတယ်။ ဖွတ်မရ ခားမဆုံးပဲလေ။ ဖုန်းကတ်မရတဲ့အပြင် ဘုရားပန်းဖိုး ပါ ကုန်ခဲ့ရတာကိုး။ ဒေါ်ဗိုလ်မက ဝင့်ဝါ စကားထပ်များနေမစိုးလို့ အနားကပ် တိတ်တိတ်ကြိတ်ပြီး လက်ထဲ ငါးရာတန်တစ်ရွက် ထည့်ပေးလိုက်တယ်။ ဘယ်သူမှတောင် မသိလိုက်ဘူး။ ဝင့်ဝါလည်း ငြိမ်ကျသွားတယ်။ ဒေါ်ဗိုလ်မ ကတော့ ဒီဘဝမှာ ဖုန်းကလေးကိုင်ခွင့်ရရင် သေပျော်ပါပြီလို့ ဟိုးပဝေသဏီ ကတည်းက ပါးစပ်ကထုတ်ပြောတဲ့အထိ တောင့်တနေခဲ့တာ။ ဆင်းကတ် တကယ်ရတော့ သူ့ ချယ်နားကပ်လေး ဒေါ်မီမီတင်ဆီ ပြေးပေါင်ပြီး ဟန်းဆက် တစ်လုံး ပြေးဝယ်တော့တာပဲ။ ခါးမှာချိတ်ရတဲ့ ဖုန်းထည့်အိတ်ပါ ဝယ်ခဲ့သေး တယ်။ အဲဒါ လမ်းထဲ တစ်လကိုးသီတင်း ထမိန်အထက်ဆင်နားမယ် ဖုန်း ခါးချိတ်လျက်ကြီးနဲ့ အရှေ့ထိပ် အနောက်ထိပ် လမ်းလျှောက်နေတော့တာပဲ။ လွှားလွှား လွှားလွှားနဲ့တောင် နေတယ်။ သို့သော်လည်း သူ့ကို ဖုန်းဆက်မယ့်လူ ဆိုတာ ရှိကိုမရှိလို့ တစ်လခွဲလောက်အတွင်း အဝင်ကောနတ္ထိ၊ အထွက်ကော တသီကြီးနဲ့ ဖုန်းဘေ တော်တော်ကုန်သွားတယ်။

သူ့အထွက်ကော ဆိုတာကလည်း . . .

“ဖိုးထော် ထမင်းစားပြီးပြီလား၊ အေး ဒေါ်တင်မြင့် ဘာလုပ်နေလဲ သူ့ ဖုန်းပေးလိုက်စမ်း” စသဖြင့် ဈေးထဲက ပန်းဒိုင်ဆီ၊ သို့မဟုတ် သူနဲ့

ပန်းရောင်းဖော်ရောင်းဖက်ထဲက ရှားရှားပါးပါး ဖုန်းရှိတဲ့သူတွေဆီပေါ့ ။ သူယောက်ျားကြီးက ကြာတော့ စောက်မြင်ကတ်လာတယ်။

ဗိုလ်မရယ်... စောက်လုပ်မရှိ ဖုန်းလျှောက်ဆက်နေတယ် ဘာအကြောင်းမှလည်း ပြောစရာရှိတာ မဟုတ်ဘဲနဲ့"

"လူမှုရေးဆိုတာ ရှိသေးတယ်ဟဲ့ ၊ လူဆိုတာ တစ်ယောက်နဲ့တစ်ယောက် သာကြောင်းမာကြောင်း မေးရမြန်းရတယ်၊ လူတောထဲနေတာ တော့်လို ကန့်လန့်တိုက်နေလို့မရဘူး"

ညိုမြာ ဆိုတာလည်း တစ်နေ့ တစ်နေ့ တစ်အိမ်ထဲတင် အိမ်ရှေ့ အိမ်နောက်နေရင်း ဒေါ်ဗိုလ်မ ဖုန်းပြောသံကို ကြားရလေ ဒေါသက ဟိုကဒီက ရှိသမျှအပေါက်က အကုန်ထွက်လာလေပဲ။ ဘယ်လိုမှကို မုဒိတာပွားလို့မရဘူး ဖြစ်နေခဲ့တယ်။ ဒေါ်ဗိုလ်မဆိုသည်မှာကလည်း ဖုန်းပြောမနေလည်းပဲ ရင်းတုန်း အသံတွေ လိုက်ကလိနေတော့ အသံပေါင်းစုံ ကြားနေရတာ အတော်မြင်ပြင်း ကတ်နေပြီ။ ဒီတော့ သူ့ဒေါသတွေအားလုံးဟာ ညနေဆိုရင် သီချင်းတအေးအေး ရှူးကြောင်ကြောင်နဲ့ ပြန်လာတတ်တဲ့ ကိုကြည်နုအပေါ် ချည့် စုပြုံကျကုန်တော့ တာပေါ့။ အရင်က ကြည့်ကောင်းကောင်းနဲ့ တစ်ချိန်လုံးထိုင်ကြည့်နေခဲ့တဲ့ ကိစ္စလေးတွေကို အပြစ်လုပ်ပြီး အော်တော့ ငေါက်တော့ ကြိမ်းတော့တာပဲ။

"အိမ်သာထဲလဲ နင့် ဆေးလိပ်တိုတွေချည့်ပဲ ဟင် စောက်ကောင် စောက်စည်းကမ်းလေးတော့ ရှိဦးမှပေါ့"

"ဒီမှာကြည့်စမ်း နင်ဆေးထားတဲ့ ဇလုံ၊ အပေါ်ကတော့ ဟုတ်ပါရဲ့ ဇလုံဖင်တစ်ခုလုံး ဟင်းအဆီတွေချည့်ပဲ. . . ဒါ ပန်းကန်ဆေးတာပေါ့ ဟုတ်လား ဟင်...မသာ"

အကြောင်းကရှာစရာမရှိရင် ဟိုးလွန်ခဲ့တဲ့တနှစ်လောက်က ဘတ်ငွေခါးလိမ်လုပ်တဲ့ ကိစ္စအထိ ပလေးဘတ်ပြန်သွားတယ်။ ကိုကြည်နုခမျာ သူ့ဟာသူတောင် ပြန်မမှတ်မိတော့တဲ့ အပြစ်တွေ။ သူ့မှာ ဘုမသိဘမသိနဲ့ ဘလိုင်းကြီး အဆော်ခံချည့် ထိနေတော့တာပေါ့။ ညိုမြာပြောသမျှ မျက်လုံးပြူးနဲ့ လိုက်ကြည့်ရင်း ညိုမြာက တစ်ခုခုနဲ့ ထပေါက်လိုက်တာ၊ အနားကရှိတဲ့ သစ်သားချောင်းနဲ့ ကောက်ရိုက်လိုက်တာမျိုးဆိုရင် ခေါင်းကလေး ဝပ်ဝပ်သွားရှာတယ်။

"ညိုမြာ နင်လွန်မယ်နော် ညိုမြာ... ဟဲ့ မလုပ်ပါနဲ့၊ စမ်းရေလမ်းထဲ အဲဒီဆင်းကတ်တစ်ကတ် ရောက်ရှိလာတဲ့နေ့ကစလို့နောင်သိပ်မကြာလိုက်တဲ့ နှစ်အနည်းငယ်လေးအတွင်း ချစ်စဖွယ်ကြည်ညိုစဖွယ် နိုင်ငံတော်ကြီးရဲ့ လူတွေကို ဂျင်းထည့်လို့ မရတော့တဲ့အဆုံး ဆင်းကတ်တွေ တစ်ထောင့်ငါးရာ ဖြစ်သွားတဲ့နေ့အထိ ဒေါ်ဗိုလ်မရဲ့ ပန်းတွေလည်း လမ်းထဲမှာ မရောင်းရတော့ဘူး။ သူ့ဟာသူ ဈေးထဲမှာ ကုန်အောင်ရောင်းချင်ရောင်း၊ ဒါမှမဟုတ် ကျန်တဲ့ပန်းတွေကို

သူ့ယောက်ျားကြီးရပ်ကွက်ထဲအနှံ့ ခြေတိုအောင် လျှောက်လည် ရောင်းချင်ရောင်း၊ ရောင်းချင်တဲ့နေရာ သွားရောင်း၊ လမ်းထဲတော့ လာမရောင်းနဲ့ ဆိုတဲ့အပေါက် ဖြစ်သွားတယ်။ ဖဲဝိုင်း၊ ဒိုးဆက်ဝိုင်းဆိုရင်လည်း အိမ်မပြည့်လို့သာ ပါဝင်ခွင့်ပေးရတယ်။ သိပ်ကံကောင်းလွန်းတဲ့နေ့မဟုတ်ရင် ဒေါ်ဗိုလ်မ မနိုင်တော့သလောက်ပဲ။ ဝိုင်းညစ်ကြတာပေါ့။ ညိုမာကဆိုရင် ဒေါ်ဗိုလ်မတို့ကို အိမ်ငှားထားထားတဲ့ သူနဲ့ စပ်ဟပ်ပိုင် အိမ်ရှင်တွေအထိ ဒေါ်ဗိုလ်မတို့ကို ဆက်မထားဖို့ လှမ်းလှမ်းတို့တယ်။ အဲဒီ ဖုန်းစစ်အေးခေတ်ကြီးကို ဒေါ်ဗိုလ်မ ခမျာလည်း အတော်ကြီးကို ခက်ခက်ခဲခဲ ရုန်းကန်ဖြတ်သန်း လိုက်ရတယ်။

ဖုန်းတွေ တစ်ထောင့်ငါးရာဖြစ်တဲ့နေ့မှာတော့ တစ်လမ်းလုံးက ဆင်းကတ်တွေ သူ့ထက်ငါ အပြေးဝယ်ကြတယ်။ အိမ်တိုင်းအိမ်တိုင်းဟာလေးထောင့်ပြားပြားကတ်ကလေးတွေကိုင်လို့တစ်ယောက်နဲ့တစ်ယေ ဖုန်းနံပါတ်တွေ ပေးကြတယ်။ နံပါတ်အလှ ပြိုင်ကြတယ်။ ကတ်ရပြီးပြီးချင်း ဟန်းဆက် တန်းဝယ်နိုင်တဲ့လူက ခပ်ရှားရှားရယ်။ ကီးပက်ကလေးတွေတောင် သုံးလေးသောင်းတော့ ပေးရတာကိုး။ ဝင့်ဝါဆိုရင် သုံးကတ်တောင် ဝယ်တယ်။ ဦးတင်အောင်ဆိုရင် အိမ်မှာ လူငါးယောက်ရှိတော့ ငါးကတ်။ တစ်အိမ်မှာ လူဘယ်နှယောက်ရှိသလဲ၊ ရှိသလောက်အရေအတွက်နဲ့ တိုင်းဝယ်ကြတာပဲ။ သို့သော်လည်း အားလုံး ဟန်းဆက်တွေ ကိုင်နိုင်ကြတဲ့အထိကို အဝင်ကောဆိုတာ ဟိုဘက်အိမ် ဒီဘက်အိမ် ခေါ်တာမျိုးပဲရှိတာပါ။ ရှုပ်ထွေးတယ်၊ နက်ရှိုင်းတယ်၊ ပွေလီတယ် သို့သော် စမ်းရေလမ်းထဲမှာတော့ ဘဝဟာ နေတတ်ရင် ပျော်စရာကောင်းပါတယ်။

ရေခဲ အသက်နှစ်ဆယ်ပြည့်ပြီးတော့ သီသီမေလေးရဲ့အသက်ကလည်း ဆယ့်ငါးနှစ်ကျော်လို့ ဆယ့်ခြောက်ထဲ ရောက်ပြီ။ သူတို့နှစ်ယောက်ရဲ့ သမီးရည်းစားသက်ကိုက တစ်နှစ်ကို တော်တော်ကျော်လာခဲ့ပြီ။ သမီးရည်းစား သက်ကလေး ရလာတာနဲ့အမျှ ရေခဲရဲ့ အချစ်ကလည်း ဒီဂရီတက်လာနေပြီ။ ရုပ်ပိုင်းဆိုင်ရာသဘောအရလည်း ပိုးတုံးလုံးကနေ လိပ်ပြာ ဖြစ်ချင်လာနေခဲ့ပြီ။ သီသီမေကလေးကလည်း ဆယ့်ခြောက်နှစ်မဆိုပေမယ့် ညိုမာငယ်တုန်းက ကိုယ်လုံးကိုယ်ပေါက်၊ ခုနေခါမှာ တစ်ချိန်ကတော့ သူဟာ အသားကဖြူ လူကချောပါလို့ ကျိန်ပြောရင်တောင် ယုံဖို့ရာမရှိတဲ့ ကိုကြည်နု ငယ်ငယ်တုန်းက လို အသားအရေ ဖြူလွလွ မျက်ဆံနက်ကလေးတွေ မျက်ခုံးမွေးထူထူကြီးတွေနဲ့မို့ သူ့အဖို့ ပါးကလေးဖျစ်၊ လက်ကလေး ညှစ်လောက်နဲ့ မတင်းတိမ်နိုင်တော့ဘူး။

မြို့ကကျဉ်းလွန်းတာရယ်၊ ငွေကြေးအခက်အခဲရယ်ကြောင့် မြို့ထဲမှာ ရှိတဲ့ တည်းခိုခန်း၊ ဧည့်ရိပ်သာ၊ ဘန်ဂလို (ဘယ်လိုပင်နာမည်တပ်တပ် အဓိက ဝင်ငွေကတော့ စုံတွဲတွေကို နာရီပိုင်းအခန်းငှားစားတဲ့ဆီကရတာပဲ) စသဖြင့်

သွားဖို့ကလည်း အိပ်မက်အဆင့်မှာပဲ ဆိုင်းငံ့ထားခဲ့ရတယ်။ သို့သော်လည်းပဲ တတ်နိုင်သလောက်သဘော ထမင်းဆိုင်မှာ လူလစ်လိုက်တာနဲ့ နိုင်ငံခြားကားတွေ ထဲကလို နှုတ်ခမ်းချင်း စုပ်နမ်းလိုက်တိုင်း ကြွတက်လာတဲ့ သီသီမေကလေးကို အသက်ရှူကျပ်လောက်အောင် ညှစ်ဖက်ထားလိုက်ရင်း…"အတူတူနေချင်ပြီ ညီမလေးရယ်" လို့ မောသံကြီးနဲ့ ခဏခဏပြောနေတတ်ပြီ။

သီသီမေလည်း အတူတူပဲ။ အရင်လို ဆိုင်ထဲမှာ အလုပ်လုပ်စရာ ရှိချိန်လုပ် မရှိတဲ့အချိန်မှာ တပျင်းပျင်းတရိရိ တဝါးဝါးသမ်းရင်း မေးထောက် ငိုက်နေရတဲ့ ကာလတွေက လွန်ခဲ့တာကြာပြီ။ တစ်ခါတလေ သူ့အဖေ ရှူးတူး ပေါ်တော ပြူးတိပြူးကြောင်နဲ့ ရောက်လာတဲ့ အချိန်မျိုးလောက်ကလွဲရင် ဆိုင်မှာ အလုပ်လုပ်ရတဲ့အချိန်တွေကို သူပျော်နေခဲ့ပြီ။ နေ့စဉ်နေ့တိုင်း အလုပ်ကို တက်တက်ကြွကြွ ပြုံးရွှင်စွာနဲ့ သူရောက်လာတယ်။ ဆိုင်ရှင်မိန်းမကြီး ငေါက်စရာ မကျန် ထောင့်စေ့အောင် ပြုံးစစကလေး၊ သီချင်းကလေးတအေးအေးနဲ့ အလုပ် လုပ်ရင်း၊ ဆိုင်နောက်ထဲမှာ ခွေးခြေကလေးနဲ့ထိုင် မြေကြီးပေါ် တုတ်ချောင်း တစ်ချောင်းနဲ့ ဟိုဒီလျှောက်ခြစ်နေရင်း နေ့လယ် ရေခဲလာမယ့်အချိန်ကိုပဲ စောင့်မျှော်နေတတ်ပြီ။ အဖြစ်ကတော့ လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်ကျော်က ညီမှာ တစ်ယောက် ထမင်းဆိုင်မှာ အလုပ်လုပ်ရင်း ကိုကြည်နု လာမယ့်အချိန်ကို စောင့်ရင်း အူးမြူးနေတဲ့အဖြစ်နဲ့တော့ အတော့်ကိုဆင်တာ။ တစ်ခုပဲ အဲဒီတုန်းက ညီမှာက နှစ်ထပ်ကွမ်းမုဆိုးမ။ သီသီမေကလေးကတော့ အပျိုစစ်စစ်ပဲ ရှိသေးတာ။ ဒါပေမဲ့ အလွန်အင်မတန် အကြောက်အကန် ငြင်းဆန် တွန်းထိုးပြီး ထိန်းသိမ်းစောင့် စည်းထားရတဲ့ အပျိုကလေးပါ။ ကြာတော့ အဲဒီ တွန်းထိုးငြင်းဆန် ရုန်းကန်မှုတွေကလည်း အင်အားယုတ်လျော့လာခဲ့လို့ ထိန်းတောင် မထိန်းသိမ်းချင်တော့ဘူး။

ညနေမိုးချုပ် မြစ်ပတ်လမ်းကနေ နှစ်ယောက်အတူ လက်တွဲလျှောက်လာ တိုင်း ရေခဲက ရှေ့ကြည့်နောက်ကြည့် ဘေးဘီညာ အမြဲစောင့်ကြည့်နေရင်း လူရှင်းလိုက်တာနဲ့ ဖက်ရမ်းနမ်းရှုပ်မှုကို အင်အားသုံး ဆောင်ရွက်တော့တာပဲ။ မြစ်ပတ်လမ်းဆိုတာက မနက် နေ့လယ်လို အချိန်မျိုးမှာတောင် လူသွားလူလာ နည်းလွန်းတော့ ညအချိန်တွေမှာ ဖြတ်သွားဖြတ်လာ လုပ်ကြတယ်ဆိုတာမျိုးက သူတို့လို တခြား သမီးရည်းစားအတွဲကလေးတွေ နေရာကောင်း ချုံပုတ်ကောင်း ကျည်ကွယ်မျက်ကွယ် လိုက်ရှာတာလောက်ပဲ ရှိတာ။ အဲဒီလိုအတွဲတွေ လွန်သွား ပြီဆိုတာနဲ့ ရေခဲဟာ လမ်းလျှောက်နေရင်း သီသီမေ့ကို အတင်းဖက်လိုက်ပြီး လမ်းကနေ ဖွဲ့ဆင်းလိုက်တယ်။ မြစ်ဘေးမှာက ထနောင်းပင် တမာပင်တွေဆိုတာလည်း အတန်းလိုက်၊ မန်းကျည်းပင်အုပ်အုပ်ကြီးတွေကလည်း အကြီးကြီး တွေ။ အဲဒီအပင်တွေရဲ့အောက်မှာကလည်း ခါးလောက်ရှိမယ့် မြက်တော ထူထူတွေ၊ တချို့နေရာတွေမှာတော့ အတွဲတွေ ထိုင်ကြလွန်းလို့ ဖင်ပူပြီး

မြက်မပေါက်နိုင်တဲ့ နေရာလေးတွေ ရှိတယ်။ ရေခဲက အဲဒီနေရာအထိ သီသီမေ့ကို ဖက်ထားရင်း၊ အသက်ရှူသံက မြွေနှာမှုတ်သံလို တရှိုက်ရှိုက်မြည်နေရင်းက ဆွဲခေါ် သွားတယ်။ သီသီမေကလေးကလည်း အလိုက်သင့်ကလေး ပါသွားတတ်တာပါ ပဲ။ ပြီးတော့ အပင်ခြေရင်းမှာ နှစ်ယောက်သား ထိုင်ချလိုက်တယ်။ တစ်ယောက် မျက်နှာတစ်ယောက် ဘာစကားမှမပြောဘဲ မျက်လုံးကလေးတွေ အရည်လဲ့အောင် ငေးစိုက်ကြည့်။ အချစ်ဆိုတာ ဂဒီးဂဒီး ဇောချွေးပြန်ရတာ၊ အချစ်ဆိုတာ သူ့လျှာအမှတ်နဲ့ဖွဖွလေးကိုက်ကြည့်မိရာ ကိုယ့်လျှာကိုယ်ပြန်ကိုက်မိနေတာ၊ အချစ်ဆိုတာ ခါးကိုဖက်တိုင်း လက်အချိန်အဆလွဲလွဲလိုက်လာတာ...စသဖြင့် အချစ်ဆိုတာ ဒါပါပဲ ညီမလေးရာလို့ နာလိုခံခက် အကြောတင်းစွာ ရှင်းပြနေတဲ့ ရေခဲပမာ၊ တို့ပေါ့လေ။ ထို့နောက် ရေခဲဟာ ကုပ်ကြီးစောင်းပြီး ကုန်းနမ်းပြန်၊ ထို့နောက် လက်တွေဟာ သီသီမေ့ရဲ့ ကိုယ်ခန္ဓာကလေးပေါ် ဟိုဒီပြေးလွှား အိမ်ရှေ့မင်းသား များလို တောကစား။

"ကိုကြီးရယ်.... တော်ပါတော့ အိမ်ပြန်နောက်ကျနေတော့မယ်... ညီမလေး မောနေပြီ ကိုကြီးရဲ့..." ဆိုတဲ့ သီသီမေ့ရဲ့ ငိုတော့မလို အသံကလေး ထွက်မလာမချင်း ရေခဲဟာ မရပ်တော့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအတွေ့အကြုံ လေးတွေကပဲ သူတို့နှစ်ယောက်စလုံးရဲ့ အတူတူနေချင်တဲ့ ချဉ်ခြင်းအာသာကို မြှင့်တင်ပေးနေခဲ့တာ။ အိမ်ပြန်ရောက်တဲ့အခါ နှစ်ယောက်စလုံး ကိုယ့်အိမ် အိပ်ရာပေါ် ကိုယ် မျက်လုံးကလေးမှိတ် တွေ့ကြုံခဲ့ရတဲ့ ကြက်သီးထဖွယ် မေးနိုင်ဖွယ် အထိအတွေ့လေးတွေကို ပြန်အောက်မေ့ မရိုးမရွကလေးဖြစ်လာ၊ ဆိတ်ဆိတ်ငြိမ်ငြိမ်ကလေးပြုံးလို့ နောင်မဝေးတော့တဲ့ အနာဂတ်နေ့တွေမှာတော့ အတူတူနေကြရတော့မယ်။ တစ်ယောက်ကလည်း အဲဒီ "မောနေပြီ ကိုကြီးရဲ့" ဆိုတာမျိုးတွေ တုံ့ပြန်မနေတော့ဘဲ မျက်လုံးကလေးမှိတ်ထားရင်း ဖြစ်ချင်ရာဖြစ် ငြိမ်နေလိုက်တော့မယ်။ တစ်ယောက်ကလည်း "အတူတူနေရလို့ကတော့ကွာဟင်း...." လို့ ကြိမ်းဝါးပြီး တိတ်တခိုးဆုံးဖြတ်ချက်တွေကို တွင်တွင်ချနေစေခဲ့ ကြတာပါပဲ။

တစ်နေ့မှာတော့ ရေခဲက သီသီမေ့ကို သူတို့နှစ်ယောက်ရဲ့ အနာဂတ် အစီအစဉ်ကို ပြောပြတယ်။ သူငွေစုထားတာ သုံးသိန်းကျော် လေးသိန်းနီးနီး ရှိနေပြီဖြစ်တဲ့အကြောင်း၊ သူ့အနေနဲ့ တစ်နေ့တစ်နေ့ ဒီထမင်းဆိုင်ကိုလာပြီး နိုးကြောင်ခိုးဝှက် ချိန်းတွေ့ရတာကို မလုပ်ချင်တော့တဲ့အကြောင်း၊ ဒီလိုသာ ဆက်သွားနေရင် တစ်ချိန်ကျ သီသီမေ့အိမ်က သိသွားမှာပဲ ဆိုတော့ တို့တွေ ခိုးပြေးကြဖို့ သင့်ပြီဆိုတဲ့အကြောင်းတွေပေါ့လေ။ သီသီမေကတော့ သူပြောသမျှ ကို ခေါင်းတညိတ်ညိတ် တဟုတ်ဟုတ်နဲ့ နားထောင်နေတာပါပဲ။ မတော်ပါဘူး ရှင်ရယ်တို့ ဘာတို့လည်း မပြောဘူး။ မပြောဆိုရင် သူကိုယ်တိုင်လည်း သူ့ရဲ့ လက်ရှိဘဝကနေ ကျွတ်ချင်လွတ်ချင်နေပြီ။ ဒီတော့ ကိုကြီး ကြိုက်သလိုသာ စီစဉ်ပါ

လိုက်လျှောရမှာပါ ဖြစ်ရော၊ ရေခဲကလည်း အဲဒီသီချင်းစာသား အလိုက် ကလေးအတိုင်းပဲ ဒီလောကမှာ ဒီတစ်ခါ အပျော်ဆုံးပဲမရောပေါ့လေ။ မောင် ရှေ့ကို တည်တည့်လျှောက်မယ်လေ မယ်ကလည်း တူနယ်တယ့်နယ် စသဖြင့်နဲ့ ဆယ်ကျော်သက် ကလေးစုံတွဲကလေးရဲ့ အနာဂတ်မိုးကုပ်စက်ဝိုင်းကြီးဟာ သူတို့ ရှေ့မှာ အပြောကျယ်စွာ မြင်နေရပြီ။ လျှောက်လှမ်းဖို့သာ လိုတော့သည်ပေါ့။

သူတို့နှစ်ယောက် နေ့လယ်နေ့ခင်းတွေမှာ ထမင်းဆိုင်ထဲ တိတ်တိတ် ဆိတ်ဆိတ်ပဲ ခိုးပြေးကြမယ့်ရက်အတွက် ကြိုတင် စီစဉ်ကြတယ်။ သီသီမေ ကလေးမှာ အဝတ်အစားကောင်းကောင်းကန်းကန်းဆိုတာ သိပ်ရှိလှတာ မဟုတ်ပေမယ့်လည်း ရှိတဲ့အဝတ်အစားထဲက ကောင်းမယ်ထင်တာလေးတွေကိုပဲ တစ်နေ့ တစ်စုံနှုန်းနဲ့ ရင်ဘတ်အောက် သို့မဟုတ် ခါးမှာထိုးလို့ ထမင်းဆိုင်ဆီ ခိုးခိုးထုတ်နေခဲ့တယ်။ ထမင်းဆိုင်ပိုင်ရှင်မိန်းမကြီး သိသွားလို့လည်း ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ အဲဒီတော့ နေ့စဉ်ယူလာတဲ့ အင်္ကျီထဘီ တစ်စုံစီကို နေ့လယ် ရေခဲလာတဲ့အခါမှာ သယ်သယ်သွားတယ်။ အဲဒီကနေမှ ရေခဲက သူ့အပေါင်းအသင်းတစ်ယောက်အိမ်ကို နေ့စဉ် ပို့တယ်။ ဆိုင်ရှင်ဆီက ပိုက်ဆံထုတ်ဖို့ကတော့ စဉ်းစားမနေနဲ့ အရင်တုန်းကတောင် မေးလိုက်တိုင်းအမေက ထုတ်သွားပြီ ဆိုတာချည့်ဆိုတော့ ငွေရေးကြေးရေးကတော့ ရေခဲတာဝန်ပဲ။

နောက်ဆုံးတော့ အဲဒီနှစ်ရဲ့ သင်္ကြန်အကြိုနေ့မှာ ခိုးပြေးကြမယ်လို့ အချိန်းအချက် လုပ်ကြတယ်။ သင်္ကြန်တွင်းမို့ သီသီမေ အပြင်ထွက်လို့မရမှာတွေ ဘာတွေ ပူစရာလည်းမရှိ။ စီးပွားရေးသောင်းကျန်းတဲ့ ဆိုင်ရှင်က သင်္ကြန်တွင်းကြီး ပါ နှစ်တိုင်း ဆိုင်ဖွင့်တာ။ အဲဒီအချိန်ကတော့ ထမင်းဆိုတာထက် အရက်ဘီယာ အမိကထား ရောင်းရတာပေါ့လေ။ ဒီတော့ အေးဆေးပါ။ အလုပ်သွားရင်း သင်္ကြန်တွင်း လူရှုပ်ရှုပ်ထဲ ဘယ်သူမှမရိပ်မိလိုက်ပါဘဲ ထွက်သွားလိုက်ရုံပဲ။ အခါတွင်းမို့ အိမ်တွေက လိုက်ရှာချင်ရင်တောင် ရှာရပြုရလည်း ခက်မယ်။ လိုင်းကားဘာညာက ခက်တာကိုး။ သူတို့ကတော့ ဆိုင်ကယ်နဲ့ သွားကြမှာ။ ရေခဲဘော်ဒါတစ်ယောက်က အဖော်အဖြစ် လိုက်ခဲ့မယ်။ အစီအစဉ်အရတော့ ခေးသွားလိုကို ဖြောင့်ဖြူးနေတော့တာပါပဲ။ ဒါပေမဲ့ . . .

တော်တော်ဆိုးတဲ့ ဒါပေမဲ့ပါပဲ။ ဒါပေမဲ့လို့ ဆိုရမယ့် အဖြစ်အပျက်သာ မဖြစ်ခဲ့ဘူးဆိုရင်သူတို့နှစ်ဦးရဲ့ တဖြောင့်တည်းသွားတော့မယ့် ကံကြမ္မာလိုင်းဟာ ပျင်းစရာတောင် ကောင်းနေကြရဦးမှာ။ ကလေးတွေ တပြွတ်ပြွတ် မွေးမယ်။ အဲဒီကလေးတွေကနေ တစ်ခါ ကလေးတွေ တပြွတ်ပြွတ် ထပ်မွေးမယ်။ အဘိုးကြီး အဘွားကြီးတွေဖြစ် တကယ့်ဖြစ်ရိုးဖြစ်စဉ် သာမန်ဘဝပဲ။ ဒါပေမဲ့... ဒါပေမဲ့ဟာ တကယ်ဖြစ်ခဲ့ပါတယ်။

သို့သော်လည်း ဒါပေမဲ့မဖြစ်ခင် တစ်ပတ်အလိုမှာ ဒါပေမဲ့ ကိစ္စနီးနီး တစ်ခု

ဖြစ်ခဲ့သေးတယ်။ နေဝင်ပြီး အမှောင်စ ဝင်လာခါစ အချိန်တစ်ခုမှာပေါ့။ ဘာကြောင့်မှန်းမသိ အဲဒီနေ့ကျမှ ထူးထူးခြားခြား ချောက်ချားစရာကောင်းလှတဲ့ စမ်းရေလမ်းရဲ့ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းဖို့ ရေခဲချောင်းသည်ကြီး ဦးတင်အောင် ဟာ သတင်းစကားတစ်ခုကို သယ်လာခဲ့တယ်။ လမ်းထိပ်ထဲ စဝင်လာကတည်း က ပြူးပြူးပျာပျာနဲ့ သူ့အိမ်ရှိရာ လမ်းထိပ်သာသာအတွင်းလောက်မှာတင် သူ့စက်ဘီးကြီးကို မရပ်ဘဲ လမ်းအတွင်းအဆုံးထဲအထိ ဝင်လာပြီး ညိုမြာတို့ အိမ်ရှေ့ လမ်းလယ်မှာ ရပ်လိုက်တယ်။

“အရှုးတစ်ယောက် ရထားကြိတ်ခံရလို့တဲ့ဟေ့”

သူ အော်တယ်။

အိမ်ထဲမှာ နဖာကလော်ရင်း ဖီးလ်တက်နေတဲ့ ညိုမြာဟာ ပထမတော့ သဲသဲကွဲကွဲ မကြားလိုက်လို့ သူ့အိမ်ရှေ့တင်ရပ်နေတဲ့ ဦးတင်အောင်ကိုကြည့်ပြီး တိတ်တိတ်ကလေး စကားဆို ငြိုငြင်မိတယ်။

“ဒီစောက်ရှုးကြီးနှယ် ဘာတွေလာအော်နေပါလိမ့်” ပေါ့။

ဦးတင်အောင်က နောက်တစ်ခါ ထပ်အော်တယ်။ ဒီတစ်ခါတော့ သူ့သတင်းစကားက ကာလနဲ့ ဒေသပါ ပါဝင်လာတယ်။

"ခုနလေးတင် ပန်းခြံသံလမ်းဂိတ်မှာ အရှုးတစ်ယောက် ရထားကြိတ် ခံရလို့တဲ့”

အဲဒီတော့မှ ညိုမြာ လန့်သွားတယ်။ ပါးစပ်ကလည်း “ကြည်နု” လို့ လွှတ်ခနဲ ထွက်သွားတယ်။

“ဘယ်မှာလဲ ဘယ်သူလဲ ဘာဖြစ်သွားသေးလဲဟင်” လို့ ဦးတင်အောင်အနားကို အိမ်ပေါ်ကနေ ဝုန်းခနဲ ခုန်ဆင်း၊ အသံထက်မြန်တဲ့ အရှိန်နဲ့ ရောက်သွားပြီး တတွတ်တွတ် မေးနေတယ်။ သူ့မေးခွန်းတွေက ဦးတင်အောင် ပြန်ဖြေလောက်တာ တစ်ခုမှ မပါခဲ့ဘူး။ ဘယ်မှာလဲဆိုတဲ့ အမေးအတွက် အဖြေက သတင်းစကားမှာ ပါပြီးသား။ ဘယ်သူလဲဆိုတဲ့ မေးခွန်းအတွက် အဖြေကတော့ အရှုးတစ်ယောက်ဆိုတာပဲ သူလည်းသိတယ်။ ဘာဖြစ်သွားသေးလဲ ဆိုတာကျ အရမ်းများသွားပြီး ရထားကြိတ်ခံရမှတော့ သေဖို့ရှိတော့တာပေါ့။ အနည်းဆုံး နှစ်ပိုင်းပြတ်မှာပဲလေ။ ခြေထောက်တို့ ဘာတို့ဆိုရင်တော့ ရှင်နိုင်သေးတာပေါ့။ ဒီတော့ ဦးတင်အောင်ဟာ ညိုမြာ့မေးခွန်း တွေကို တစ်ခုမှ ပြန်မဖြေနိုင်ဘူး။ ညိုမြာကလည်း ထပ်မေးတယ်။

“ဘယ်လိုဖြစ်တာလဲ ဦးတင်အောင်ရဲ့ ဘယ်သူတုံး ပြောပြစမ်းပါ”

အေ့ ဟေ ငါလည်း အနီးကပ်မကြည့်ရလို့ မမြင်ခဲ့ရပါဘူးဟာ...၊ ဒါပေမဲ့ အဲ့နားက လူတွေပြောတာတော့ မြို့ထဲက အရူးတစ်ယောက်ပဲ သေချာတယ်" တဲ့။

တကယ်လည်း ဦးတင်အောင်ဟာ ရထားကြိတ်ခံရတဲ့လူကို ဝိုင်းကြည့်နေကြတဲ့ လူအုပ်အပြင်ကနေ လှမ်းကြည့်ခဲ့ရတာဖြစ်ပြီး လူအုပ်ရဲ့ အပြင်ဘက်အစွန်ဆုံးက လူတွေ ပြောနေကြတဲ့ စကားကိုသာ ကြားခဲ့ရတာ။ သူလည်း ဘူးလုံးနားမထွင်း မသဲမကွဲပဲ။ တစ်လမ်းလုံးက လူတွေလည်း ညိုမှာနဲ့ ဦးတင်အောင် အချီအချ ပြောနေကြတာကို ကြားတော့ အိမ်ထဲကထွက် လမ်းပေါ် အလျှိုလျှို ထွက်လာကြတယ်။

"ဘာဖြစ်တာတဲ့လဲ... ဟင်... ဟုတ်လား...သေပြီလား...အဲ... ကျွတ် ကျွတ် ကျွတ်" စသဖြင့် တစ်ယောက်တစ်ပေါက် တဖြည်းဖြည်း ခလုတ်တိုက်တာကနေ တရုတ်ရိုက်တယ်ဆိုတဲ့ ဘာသာစကား ရွှေ့လျားမှုအဆင့် အထိ ရောက်တော့မယ်။ တချို့ဆိုရင် လမ်းထဲ ကနဖျင်းတဲအောက်က ဖဲဝိုင်းကို တောင် စိတ်ကူးထဲမြင်ကြည့်ပြီး တရားဝင်ဖဲရိုက်ရတော့မှာပဲဆိုတဲ့ အတွေးတွေ အထိ ရောက်ပြန် ပြန်ခဲ့ပြီးပြီ။ အဲဒီအချိန်မှာ သီသီမေက ထမင်းဆိုင်က ပြန်ရောက်ခါစ သူ့အိမ်က ဝါးကြမ်းခင်းကလေးပေါ်မှာ ဖင်နွေးအောင်တောင် မထိုင်ရသေးဘူး။ ညိုမှာက သူ့ကို...

"ဟဲ့ သီသီမေ နင့်အဖေများလား သွားကြည့်စမ်းပါဟယ်" လို့ ခိုင်းတယ်။ ညိုမှာ့အသံဟာ ငိုတော့မယောင်မို့ သီသီသာသာကြီးကို တုန်ယင်လို့ နေတယ်။ လမ်းထဲကလူတွေတောင် တကယ့်စိတ်ရင်းနဲ့ကို ညိုမှာ့အပေါ် သနားစိတ်ကလေးတွေ ဝင်လာမိတယ်။ ဪ ဒီလိုဆိုတော့လည်း သူ့လင် သူချစ်သားပဲလို့ နားလည်လိုက်ကြပြီး စိတ်မကောင်းဖြစ်နေကြရှာတယ်။

သီသီမေကလေးမှာလည်း ဒီလိုပဲ သူ့အဖေ ကိုကြည်နုနဲ့ ပတ်သက်ရင် သူက သိပ်သွေးအေးလွန်းတယ်။ အိမ်မှာက အရာရာဟာ သူ့အမေအပေါ် ဗဟိုပြုဖြစ်တည်ကြရတာဆိုတော့ သူနဲ့ သူ့အဖေတို့ စကားပြောကြတယ် ဆိုရင်တောင် သူတို့ကြားက တိုက်ရိုက်စကားမျိုး မဟုတ်ခဲ့ဘူး။ သူ့အမေကို ပုဏ္ဏားတိုင်ထားပြီး ပြောကြရတာမျိုး။ ဒါပေမဲ့ သီသီမေဟာ သူ့အဖေ သူ့ကို ဘယ်လောက် ချစ်တယ်ဆိုတာကို သူ့စိတ်ရဲ့ ဟိုးအတွင်းဆုံးအပိုင်းထဲက သိပါတယ်။ တကယ်တော့ အဖေဟာ သနားဖို့ကောင်းတာ။ အခုလို သတင်းမျိုးကြားရတော့ သီသီမေ လည်း အေးစက်တောင့်တင်းသွားတယ်။ ဒါပေမဲ့ ခဏပဲ အေးစက်တောင့်တင်းခွင့် ရတယ်။ အမေက သူ့ကို သွားစုံစမ်းခိုင်းနေတော့ အိမ်ပေါ်ကနေ လှစ်ခနဲ ခုန်ဆင်းပြီး သံလမ်းဂိတ်အထိ မနားတမ်း ပြေးတော့တယ်။

မောလွန်းလို့ ရင်ထဲကပူလာတဲ့အထိ သူပြေးတယ်။ ပြေးနေရင်းမှ

အတွေးထဲမှာ သူ့အလိုလို အဖေနဲ့ သူနဲ့ ပျော်ခဲ့ကြရတဲ့ အတိတ်မြင်ကွင်းတွေကို ပြန်မြင်ယောင်လာတယ်။ သူ လေးငါးနှစ်သမီးအရွယ်မှာ သူ့ကို မြှောက်မြှောက် ချီရင်း ပျော်နေကြတယ်ဆိုတဲ့ တစ်ခါမှမမှတ်မိဖူးတဲ့ မြင်ကွင်းတွေတောင် ပါတယ်။ အဖေက သူ့ကို သိပ်ချစ်တာ သူသိတယ်။ မောင်လေး ဆုံးသွားပြီး ကတည်းက အဖေ့က သူ့ကိုဆိုရင် အမေမသိအောင် မုန့်ဖိုး ခိုးပေးတတ်တယ်။ တစ်ခါတလေ အိမ်ပြန်ရောက်ရင် ဘာမှမဟုတ်ဘဲ အဖေက သူ့မျက်နှာကို ထိုင်ကြည့်လို့ ပြုံးချင် ပြုံးနေတတ်သေးတာ။ သူ မျက်ရည်တွေ ကျလာတယ်။ အဖေရယ်.. လို့ ပြေးနေရင်းနဲ့ သူ တမိတယ်။

ဆယ်မိနစ် မပြည့်တပြည့် အချိန်လောက်နဲ့ တစ်မိုင်လောက်ခရီးရှိတဲ့ ပန်းခြံသံလမ်းဂိတ်ကို သူရောက်သွားတယ်။ စိုးရိမ်စိတ်နဲ့ ပြေးလာခဲ့တော့ အိမ်က အထွက် ဖိနပ်မပါခဲ့တာကို သံလမ်းဂိတ်မှာ လူအုပ်လိုက်ကြီး ရှိနေသေးတာ ကိုမြင်မှ သူသတိရတယ်။ ခြေဖဝါးတွေလည်း ခဏကလေးနဲ့ ပေါက်ပြဲကုန်တယ် ထင်တယ်။ စပ်နေတာပဲ။ လူအုပ်ကြီးထဲ သူ အတင်းတိုးဝင်တယ်။ လူတွေက လည်း ဟိုလူ့တိုက် ဒီလူ့တိုက်နဲ့ အတင်းတိုးဝင်လာတဲ့ ကလေးမကိုကြည့်ရင်း ဆွေမျိုးတော်တာနေမှာပဲလို့ အောက်မေ့ကြပြီး လမ်းနည်းနည်းရှဲပေးလို့ သီသီမေ ဟာ သံလမ်းပေါ်မှာ သုံးပိုင်းပြတ်နေတဲ့ အလောင်းရှေ့ တည်တည့်အထိ ရောက်လာတယ်။

“သံလမ်းပေါ် ခေါင်းအုံးအိပ်ရအောင်ကို မိုက်တာပဲ”

“ဩော် အရူးဆိုမှတော့ ဘယ်သိမလဲဟ”

သံလမ်းပေါ် ပက်လက်အိပ်ရင်း ရထားကြိတ်လိုက်လို့ ပြတ်သွားတဲ့ ခေါင်းဟာလည်ပြီး သံလမ်းဘေးကျသွားတော့ ဘေးတစောင်း မှောက်လျက်ကြီးဖြစ်နေတယ်။ မျက်နှာကို မမြင်ရဘူးပေါ့။ ဒါပေမဲ့လည်း ရုပ်ပျက်ဆင်းပျက် အပိုင်းပိုင်းပြတ်နေတဲ့ အလောင်းကို မြင်လိုက်ရတာနဲ့တင် နဂိုကတည်းက မောတာရော၊ သွေးလန့်သွားတာရောကြောင့် သီသီမေ ထိုင်ချလိုက်ရတယ်။ စက္ကန့်အတော်ကြာတဲ့အထိ အမောက မပြေသေးဘူး။ ကိုယ်လုံးကိုယ်ပေါက်နဲ့ အဝတ်အစားအရတော့ အဖေမဟုတ်လောက်ဘူး ထင်တယ်လို့ ခပ်ဝါးဝါး တွေးနေမိတယ်။ သေချာအောင် ဘေးတစောင်းဖြစ်နေတဲ့ မျက်နှာကို မြင်ရအောင် တစ်ဖက်ကို ဝိုက်သွားလိုက်သေးတယ်။ သွားသာ သွားနေရတယ်။ အဲဒီခေါင်း က သူ့အဖေခေါင်းများဖြစ်နေရင်ဆိုတဲ့ အတွေးက အသည်းထိတ် ချောက်ချားနေ စေတုန်း။

“ဟဲ့ ကောင်မလေး ဘာလာလုပ်တာတုံး”

သီသီမေ့ ပခုံးကို နောက်ကနေ လူတစ်ယောက်လာတို့လို့ လန့်သွားပြီး

ကြည့်လိုက်တော့ သူ့အဖေ ဖြစ်နေတယ်။ ဝမ်းသာသွားပြီး သူ့အဖေကို တင်းကျပ်နေအောင် ဖက်ထားလိုက်မိတယ်။ အလိုလို လုပ်မိသွားတာမျိုးပဲ။ ဖက်ထားရင်းနဲ့ မျက်ရည်တောင် ဝေ့တက်လာလို့ လက်ခုံနဲ့ သုတ်လိုက်သေး တယ်။ ဒီနှစ်ပိုင်းတွေမှာ သူ့အဖေကို မြင်ရလို့ ဝမ်းသာပျော်ရွှင်သလိုခံစားရတာ ဒီတစ်ခါပဲ ရှိတယ်လို့ သူ့ကိုယ်သူတောင် သတိထားမိသွားတယ်။ ဒါပေမဲ့ သီသီမေက ချက်ချင်းပဲ ဣန္ဒြေဆည်ပစ်လိုက်တယ်။

ပြန်ရအောင် အဖေလာတော့ အမေခေါ်နေပြီ”

ခပ်တိုးတိုးပြောရင်း လှည့်ထွက်လာခဲ့တယ်။ လူကြားထဲ ငိုခဲ့မိတာရော၊ သူ့အဖေကို ဖက်ထားလိုက်မိတာကို သူပြန်ရှက်နေတာ။

“ဟယ် ဒီကောင်မလေး ဘယ်လိုပါလိမ့်” လို့ ကိုကြည်နုခမျာ ကြောင်တောင်တောင်နဲ့ ကျန်ခဲ့တယ်။ ဒါပေမဲ့ သူ့သမီးကိုယ်က အနွေးဓာတ် ကလေးက သူ့ကိုယ်ထဲမှာ ကျန်ခဲ့တုန်းမို့ သူလည်း ပျော်နေမိတယ်။ ဩော် ငါ့သမီးလေးတောင် အပျိုအရွယ် ဖြစ်နေပါပေါ့လားလို့ တွေးရင်း သူလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ အိမ်ဘက်ခြေဦးလှည့်မယ်လို့ ကြံလိုက်တယ်။ ဒီနေ့အတွက် တွက်ခြေလည်း ကိုက်နေပါပြီ။ ဒါပေမဲ့ နေပါဦး ရထားအကြိတ်ခံရတာမကြည့်ရသေးဘူးလို့ သတိရသွားပြီး လူအုပ်ကြား ခဏ တွန်းထိုးဝင်ကြည့်လိုက် သေးတယ်။ အမယ်လေး လန့်စရာကြီးပါလားလို့ လူကြားထဲကနေ ခပ်သုတ်သုတ်ပဲ ပြန်ထွက်လာခဲ့တယ်။ သူ ဒါတွေ မကြည့်နိုင်တော့ဘူး။ သရဲကားတွေထဲကအတိုင်းပဲ ကြောက်စရာကြီးပါလားလို့ တွေးရင်း ကြက်သီးထနေမိတယ်။

ကိုကြည်နု အိမ်ပြန်ရောက်တော့ မီးအားတွေ ဆောင့်တက်လို့ ရဲတက်လာတဲ့ မီးလုံးတွေလို ဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ညိုမာက အိမ်ရှေ့မှာ ခါးထောက်ပြီး စောင့်ကြိုနေတယ်။ ခုနက သူ့သမီးလေး သူ့ကို ဖက်ပြီး ငိုသွားသေးလို့ ပီတိဖြစ်ပြီး ကျေနပ်နေတဲ့ ကိုကြည်နုဟာ ညိုမာ့ကို မြင်လိုက်တာနဲ့ ခြေလှမ်းတွေတောင် မှားကုန်တယ်။ ဒီတော့မှ သူ့လက်ထဲက လက်ဖက်ရည် ထုပ်ကို သတိရသွားပြီး ညိုမာမြင်အောင် တမင်တကာ မြှောက်ပြလိုက်တယ်။ တကယ်တော့ ညိုမာ့မှာ ကိုကြည်နုကို စိတ်ဆိုးဒေါသထွက်စရာ ဘာအကြောင်း မှ ရှိတာမဟုတ်ဘူး။ ကိုကြည်နု ပြန်လာတာလည်း နောက်မကျဘူး။ ပြောရရင် စောတောင် စောနေသေးတယ်။ ပုံမှန်ပါနေကျ လက်ဖက်ရည်ပါဆယ်ထုပ်လည်း ပါလာတယ်။ အဲဒီတော့ ညိုမာဟာ စူးရှတဲ့မျက်လုံးတွေနဲ့ ကိုကြည်နုကို ခါးထောက်လို့သာ ကြည့်နေရတယ်။ ဘယ်ကစပြီး ဘာအကြောင်းပြ ငေါက်ရ မယ်မသိကား။

"အကောင်နော် ... စောက်ခွက်ကိုက ပြောင်စပ်စပ်နဲ့၊ သွား... လက်ဖက်ရည်ထည့်"

"အေးပါဟ...နင်ကလဲ"

ကိုကြည်နုလည်း ဇက်ကလေးပု၊ အိမ်ထဲမှာထိုင်နေတဲ့ သူ့သမီးလေးကို မချိပြုံးလေး ပြုံးပြလိုက်ရင်း သံမတ်ခွက်ထဲ လက်ဖက်ရည်ငှဲ့ထည့်နေတော့တယ်။

အမှန်တော့ ညိုမာဟာ ကိုကြည်နုအပေါ် သူ့ရဲ့စိုးရိမ်စိတ်လိုလို ချစ်စိတ်လိုလို အငုံ့စိတ်ကလေးကို လမ်းထဲ လူရှေ့သူရှေ့မှာ ပြသလိုက်မိတာအတွက် ရှက်ပြီး ဒေါသထွက်နေခဲ့တာသက်သက်ပါပဲ။

အဲဒီနောက် သင်္ကြန်မတိုင်ခင်နှစ်ရက်အလို ဒါပေမဲ့ ဆိုတဲ့ ကိစ္စဖြစ်ခဲ့တယ်။ ဖြစ်ပုံကတော့ မြင်းကောင်းခွာလိပ် ဆိုတဲ့ စကားပုံမျိုး၊ အဲဒါနဲ့အခြေအနေ မလိုက်ဖက်ဘူးဆိုရင်လည်း မသေသောဆေးသမား ဆိုတာမျိုး ဖြစ်မယ်ထင်ပါတယ်။ ဆိုးဆိုးရွားရွားပါပဲ။ အဲဒီနေ့က ထုံးစံအတိုင်း ရေခဲနဲ့ ဦးသိန်းမောင်တို့ ပုံမှန်အတိုင်း ရထားတက်။ ပုံမှန်အတိုင်း ဈေးရောင်းဆိုပေမယ့် လမ်းဆုံဘက်အဆင်းကနေ ပြန်ဆန်တက်လာမယ့် ရထားကို စောင့်နေလိုက်ကြ တာ တော်တော်ကြာတယ်။ ပုံမှန်ဆို နေမွန်းတည့်ဆို မြို့ကို ပြန်ရောက်နေကြဆိုပေ မယ့် အဲဒီနေ့မှာ နေ့မွန်းတည့်မှ အဆန်ရထားနဲ့ ပြန်တက်လာကြရတယ်။ ရောင်းစရာ ထမင်းဗူးလည်း ကုန်ပြီ။ ခိုးပြေးမယ့်ရက်ကလည်း နီးပြီဆိုတော့ ရေခဲမှာ အချိန်နဲ့အမျှ တွေးစရာက တခြားမရှိဘူး။ အိမ်သာနံဘေးက ခြေတက်ခုံ တံခါးပေါက်မှာ ကန့်လန့်ပိတ်ထိုင် ငိုက်လာရင်း အိပ်မက်တွေတောင် မက်နေခဲ့တယ်။ အိပ်မက်ထဲမှာ သီသီမေနဲ့ သူနဲ့ညား၊ သီသီမေကလေးက ဒီမြို့မှာ ဆက်မနေချင်တော့ဘူး ဆိုလို့ ရန်ကုန်က သူ့အစ်မတွေရှိရာ လင်မယား နှစ်ယောက်သွားနေ။ ကလေးတွေတောင်ရ ပျော်စရာကြီး။ အဲဒီကနေ အိပ်ပျော် သွားလိုက်တာ။ ရထားဥသြဆွဲသံကြောင့် နိုးလာတော့ မြို့ကိုဝင်ပြီ။

ဂိတ်ဆုံးဘူတာရောက်ခါနီးမို့ ခုံအလွတ်တွေထဲ ဝင်ထိုင်၊ ဆေးပေါ့လိပ် လေးဖွာရင်း ဈေးပေါပေါ ဝီစကီစိတ်ပြားကလေး တစ်ပြားနဲ့ ဦးသိန်းမောင် လည်း ဖိမ်ကျနေပြီ။ ဦးသိန်းမောင်က ရိပ်တော့ ရိပ်မိနေတယ်။ ရေခဲဟာဒီလပိုင်းတွေထဲမှာ ပုံမှန်တော့ မဟုတ်ဘူး။ တစ်ခုခုတော့ ကြိတ်ကြံနေပုံပဲလို့ သူသိနေတယ်။ ညဘက်အိပ်ရာထဲ ဒေါ်ငွေးကို "မင့်သားတော့ တစ်မျိုးပဲကွ" လို့ ပြောပေမယ့် ဘာတစ်မျိုးပဲတုန်းလို့ ဒေါ်ငွေးက ပြန်မေးပြန်တော့လည်း ဘာပြောရမယ်မှန်း မသိဘူး ဖြစ်နေခဲ့တာ။ ဘူတာဝင်တော့ သောက်လက်စ စိတ်ပြားကလေးကို ဈေးခြင်းတောင်းထဲပြန်ထည့်။ ဂျိတ်ခနဲ ရထားခပ်ဆတ်ဆတ် လှုပ်သွားလို့ ထိုင်ခုံလက်တန်းကိုကိုင်ရင်း ရေခဲကို လှမ်းကြည့်လိုက်တယ်။

“ရေခဲ ငါ့ ဒါလေးတွေ ကူသယ်ဦး” လို့ ရေခဲကို လှမ်းပြောပေမယ့် ရေခဲက လှည့်တောင်မကြည့်ဘူး။ ဘူတာပလက်ဖောင်းတောင် မရောက်သေးဘူး ဒီကောင် ဆင်းဖို့ပြင်နေပြီ။ ရေခဲဆိုတဲ့ကောင် ရထားကဆင်းတိုင်း အိမ်ပြန်မလိုက် သေးဘဲ အခေါက်တိုင်း ညောင်ပင်သံလမ်းဂိတ်ကို မရောက်ခင် ဆင်းဆင်းပြီး အရှေ့မြောင်းဘက် ထွက်ထွက်သွားတာ တစ်ခုခုတော့ တစ်ခုခုပဲလို့ စိတ်ထဲက သိနေပေမယ့် ရုတ်တရက်ကြီး စိတ်ထဲက စနိုးစနောင့် ဖြစ်သွားတယ်။ အဲဒီနောက် ဝက်တစ်ကောင်ကို လှံချွန်နဲ့ ထိုးလိုက်သလို သေးသွယ်ပြီး စူးဝါးလှတဲ့ ရေခဲရဲ့ အသံကို ကြားလိုက်တယ်။

အား။

အဲဒီတစ်ချက်ကလေးပဲ။ အဲဒီနောက် “ဂုတ် ဂုတ်..ဂုတ် ဂုတ်” ဆိုတဲ့ ရထားသံကိုပဲ ကြားတော့တယ်။ ဦးသိန်းမောင် ပါးစပ်ကြီးဟောင်းလောင်း နဲ့ အင်မတန် ထိတ်လန့် ကြက်သေသေသွားပြီး ခဏချင်းပဲ အပေါက်ဆီပြေး၊ လက်ကိုင်တန်းကို အားပြုပြီး ရထားအနောက်ကို လှမ်းကြည့်လိုက်တယ်။ လူတွေလည်း ရထားအနားကို ပြေးလာနေကြပြီ။

“အယ် ရထားကြိတ်လို့တော့.... အမယ်လေး လုပ်ပါဦး”

မိန်းမတွေရဲ့ အသံက ဘူတာဝင်ခါနီးမို့ အရှိန်နှေးသွားတဲ့ ရထားခုတ်နေ တဲ့အသံကိုပါ ဖုံးလွှမ်းသွားတယ်။ ဦးသိန်းမောင်လည်း ရုတ်ခနဲ ရထားပေါ်က ပြေးဆင်းပြီး အနောက်ကို ပြန်ပြေးတယ်။ သွားပြီ။ ရေခဲ ...ရေခဲတော့ သေပြီ ထင်တယ်။ ပါးစပ်က တတွတ်တွတ်ရွတ်ရင်း ဦးသိန်းမောင် ပြေးတယ်။

လူတွေက အနားက အုံပတ်ကြည့်နေပေမယ့် အနားတော့ တစ်ယောက်မှ မကပ်ကြဘူး။

“ဘယ်လိုဖြစ်တာလဲ ဒီရက်ထဲကို နှစ်ခါရှိပြီ......“

“သေပြီနဲ့ တူတယ် ခါးလယ်က အကြိတ်ခံရတာပဲ...”

“ဟား...အဖြစ်ဆိုးလိုက်တာ”

“ဟယ် ဒါမျိုး ငါမကြည့်ရဲဘူး”

မိန်းမတစ်ယောက်က ပြောရင်းနဲ့ မျက်နှာကို လက်နဲ့အုပ်လိုက်တယ်။ ပြီးတော့ လက်ချောင်းတွေကြားထဲကနေပဲ ပြန်ကြည့်နေတယ်။ တချို့လည်း သူတို့ရဲ့ခါးမှာ ချိတ်ထားတဲ့ ငါးသိန်းတန်၊ နှစ်သိန်းတန်ကနေ တစ်ထောင့်ငါးရာ တန်အဖြစ် ခုန်ဆင်းသွားပြီးဖြစ်တဲ့ ဆင်းကတ်ကလေးတွေ ထည့်ထားတဲ့ ကီးပတ်

ဖုန်းကလေးတွေနဲ့ "ချလပ်" "ချလပ်" နဲ့ မြည်အောင် ခတ်ပုံတွေ ရိုက်နေကြ လေရဲ့။ တတ်နိုင်တဲ့သူတွေကတော့ တက်ချ်စခရင်ဖုန်းကလေးတွေနဲ့ပေါ့။ တချို့ လည်း ဖြစ်သွားတာ စက္ကန့်ပိုင်းပဲရှိဦးမယ်ဆိုပေမယ့် ဓာတ်လမ်းတွေ ဆင်နေကြပြီ။

"အကြိတ်ခံလိုက်ရတဲ့အချိန်ဖြစ်သွားတဲ့ မျက်နှာကို နင် မြင်လိုက်ရမှာ၊ ငါတော့ ဒီတစ်သက် မေ့တော့မှာမဟုတ်ဘူး"

"ကျောက်ခဲတုံးကြီးပေါ်ကျလို့ ခြေခေါက်လဲရင်း ရထားအောက် ရောက်သွားတာလေ" စသဖြင့် ၊ စသဖြင့်. . . တွေပဲ။ ပွက်လောရိုက်လို့နေတယ်။

လူတွေရဲ့ ပြောသံဆိုသံတွေအားလုံးဟာ ရေခဲအနား မရောက်သေးခင် အထိ ဦးသိန်းမောင် နားစည်မှာ ပြင်းပြင်းထန်ထန် ရိုက်ခတ်လို့နေပေမယ့် ရေခဲအနား ဒူးထောက်ထိုင်ချလိုက်ရင်း ရေခဲရဲ့ကိုယ်ကို သူ့ပေါင်ပေါ် တင်လိုက် တဲ့ အချိန်မှာ လောကကြီးတစ်ခုလုံးဟာ ရုတ်တရက် တိတ်ဆိတ်လို့သွားတယ်။ ရေခဲ မသေသေးဘူး။ အသက် ရှူနေသေးတယ်။ မျက်လုံးက ပွင့်နေတယ် ဆိုပေမယ့် သတိရှိရှိ ဖွင့်ထားတဲ့ပုံမဟုတ်ဘဲ ငါးအသေတစ်ကောင်ရဲ့ မျက်လုံးမျိုး ပြူးကျယ်လို့။ ဦးသိန်းမောင်ရဲ့ ကိုယ်အောက်ပိုင်းဟာလည်း တရှိန်ထိုးထွက်ကျ နေတဲ့ ရေခဲရဲ့ သွေးတွေနဲ့ ပူနွေးလို့နေတယ်။ တဖြည်းဖြည်း အေးစက်မှုဆီကိုလည်း ရွေ့လျားလို့နေတာပေါ့။ သူကိုယ်တိုင်နာကျင်ရသလို မျက်နှာကို ရှုံ့မဲ့ထား လိုက်ရင်း ဘေးပတ်ဝန်းကျင်က ဘယ်သူကိုမှ မရည်ရွယ်ဘဲ ပြောလိုက်တယ်။

"ကားခေါ်ပေးကြပါဗျာ...လူနာတင်ကား... လုပ်ကြပါဗျာ... ကျွန်တော့်သားလေး ..."

ဦးသိန်းမောင်ဟာ ရေခဲရဲ့ ချက်ချင်းကို သွေးဆုတ်သွားတဲ့ မျက်နှာကို ငေးကြည့်နေရင်း အလိုလို မျက်ရည်တွေ ကျလာခဲ့တယ်။ မယားပါသားဆိုပေမယ့် လည်း ရေခဲဟာ သူ့လက်ပေါ်တင် ကြီးလာတာပဲ။ တကယ့် သားတစ်ယောက် လိုကို ချစ်စိတ် တွယ်တာစိတ် ရှိနေပါလားလို့ သူ့ကိုယ်သူ ပြန်သိလိုက်တဲ့အချိန် မှာ နောက်အတော်ကျနေပြီ။ တစောင်းကြီး ဖြတ်ကြိတ်ခံလိုက်ရတာမို့ ရေခဲရဲ့ ခြေထောက်တစ်ဖက်က ခြေသလုံးအပေါ်နားကနေ ပြတ်ထွက်သွားပြီး အခြား ခြေထောက်တစ်ဖက်ကတော့ ပေါင်ရင်းအနားထိ ရောက်နေပြီး ဘက်လက်ကြီး ဖြစ်နေတယ်။ သွေးတွေဆိုတာ မြင်လို့မကောင်းဘူး။ ဆယ်မိနစ်လောက်နေတော့ လူနာတင်ကား ရောက်လာခဲ့တယ်။

ရေခဲဟာ အသက်တော့ တော်တော်ပြင်းတယ် ဆိုရမယ်။ ရထား အကြိတ် ခံရပြီးနောက် မိနစ်ပိုင်းအတွင်းမှာ မေ့မျောသွားခဲ့ပြီး သတိတစ်ချက်မှ ပြန်လည်မလာတော့ဘူးဆိုပေမယ့် ပွဲချင်းပြီးသေလောက်တဲ့ အဲဒီ ပုံပျက်ပန်းပျက် ကြီးနဲ့ပဲ ညနေ ခြောက်နာရီကျော်လောက်မှ တိတ်တိတ်ဆိတ်ဆိတ် ညင်ညင်

သာသာပဲ အသက်ထွက်သွားတယ်။ မကြားဝံ့လောက်အောင် အော်ဟစ်ညည်းညူ သံမျိုး တစ်စက်မှ ပြုမသွားလိုက်ရဘူးပေါ့။

စမ်းရေလမ်းထဲမှာတော့ အဲဒီအဖြစ်အပျက်ဟာ တစ်လမ်းလုံးကို ရေခဲခေတ်ကြီးတစ်ခုလို အေးစက် တောင့်တင်းသွားစေတယ်။ ဒေါ်ငွေးရဲ့ ရင်ကွဲနာကျပြီး အသက်ထွက်မတတ် အော်ဟစ်ငိုယိုနေတဲ့အသံကလွဲလို့ လမ်းဟာ လေထုမဲ့သွားသလို ခြောက်ကပ် ငြိမ်သက်တိတ်ဆိတ်လို့ပါပဲ။ တစ်ချက် တစ်ချက်မှာ "သားလေးရေခဲရေ ငါ့သားလိမ္မာလေးရေ..." ဆိုတဲ့ အော်သံမှအပ လမ်းထဲက အမျိုးမျိုးသော တိရစ္ဆာန်တွေရဲ့ အသံကလေးတောင် မကြားရ။ နောက်ဆုံး ညစ်ညူးစရာကောင်းလောက်အောင် အမြဲအော်ဟစ် အစာတောင်းနေတတ်တဲ့ ဒေါ်ငွေးအိမ်အောက်က ဝက်ကအစ အဖြစ်ဆိုးကို အနံ့ခံသိရှိနေသလိုမျိုး ငြိမ်သက်လို့နေခဲ့တယ်။ ဒေါ်ငွေးခမျာမှာတော့ မိန်းမောသွားလိုက် အားအနည်းငယ်ပြန်ရှိလာတဲ့အခါမှာ ပြန်လည် အော်ဟစ်ငိုကြွေးလိုက်နဲ့ လူ့ဘဝရဲ့ ခံရအခက်ဆုံး ဝေဒနာတစ်မျိုးကို သည်းခြေပျက်မတတ် ခံစားနာကျင်နေရလေရဲ့။ တစ်လမ်းလုံး ကလူတွေ အကုန်လုံးဟာလည်း ဒေါ်ငွေးအိမ်ရှေ့မှာ သစ်ရွက်အကြွေတွေလို ခြောက်ကပ်နွမ်းလျတဲ့မျက်နှာတွေနဲ့ စုပြုံလို့နေတယ်။ တချို့လည်း အိမ်ပေါ်မှာ။

ဦးတင်အောင့်မိန်းမ ဘွားကြည်ကတော့ ဒေါ်ငွေးကို ရင်ခွင်ထဲ ထည့်ထားရင်း "တရားနဲ့ဖြေကွယ် တရားနဲ့သာဖြေ " လို့ ခပ်တိုးတိုးကလေး ညည်းပြော ပြောနေတယ်။ ဝင့်ဝါနဲ့ ဇော်မောင့်မိန်းမလေးကတော့ နံဘေး ကပ်လျက်မှာ ဒေါ်ငွေးရဲ့ လက်တစ်ဖက်စီကို ကိုင်လျက်ကပဲ ယပ်တောင် တဖျက်ဖျက် ခတ်လို့။ ညိုမာကတော့ အိမ်ရှေ့ ဝင်းနံရံတိုင်ကိုမှီလျက် ပါးစပ်ကို လက်နဲ့ပိတ်ထားရင်း ကြောင်တောင်တောင်နဲ့ ဒေါ်ငွေးရဲ့ဖြစ်ပုံကို လှမ်းငေးကြည့်နေ တယ်။ စိတ်ထဲမှာတော့ ပြီးခဲ့တဲ့အပတ်က ရထားအကြိတ်ခံရတာသာ ကြည်နု ဖြစ်ခဲ့ရင် ငါလည်း ဒီလိုငိုမိမလားမသိဘူးလို့ တွေးနေမိလိုက်သေးတယ်။ ပြီးတော့ မှ မတော်တဲ့ အတွေးမှန်းသိလို့ ပါးစပ်က အသံမထွက်ဘဲ စိတ်ထဲတင် "ဖွဟဲ့ လွဲပါစေ၊ ချော်ပါစေ" လို့ ဘွာတေးလုပ်နေခဲ့တယ်။

တအောင့်လောက်နေပြန်တော့ ဒေါ်ငွေးဟာ ပြန်ပြီး ရုန်းကန်တွန်းထလာ ပြန်တယ်။ "ငါ့သားလေးရယ် ဘာဖြစ်လို့များ ဒီလို ကံဆိုးရတာလဲကွယ် အမယ်လေး ငါ့..သား...လေး...ရေခဲ...ရေ"

ကြုံးအော်ပြန်တယ်။ ဒေါ်ငွေးဟာ တစ်ညနေတည်းနဲ့ အံ့သြလောက် အောင်ကို ရုပ်ပျက် ချောင်ကျသွားခဲ့တယ်။ ဦးသိန်းမောင်လည်း ဆေးရုံက ပြန်ရောက်လာပြီးတဲ့နောက် ဝါးကြမ်းခင်းပေါ် အိမ်တိုင်ကိုမှီရင်း ငုတ်တုတ် ထိုင်လျက် ဒေါ်ငွေးရဲ့ အော်ငိုသံကို ကြားလိုက်ရတိုင်း အလိုလို အံကြိတ်မိ

လျက်သား ဖြစ်ဖြစ်သွားတယ်။ ပြီးတော့ ဒေါ်ဒွေးကို မမြင်ရသလို လှမ်းလှမ်း ကြည့်လိုက်ရင်း ဆေးပေါ့လိပ်ကိုဖွာ မျက်ရည်တသွင်သွင် စီးလို့နေခဲ့တယ်။

သီသီမေဟာ ညနေသုံးနာရီလောက်ကတည်းက ဖြစ်သွားခဲ့တဲ့ အဲဒီ အဖြစ်ကို ဆိုင်ကနေ အိမ်ပြန်ရောက်တဲ့ ညခုနစ်နာရီခွဲလောက်မှ သိရတယ်။ အဲဒီအချိန်မှာ ရေခဲသေပြီးတာ တစ်နာရီခွဲလောက် ရှိနေခဲ့ပြီ။ အလုပ်ကနေ အိမ်အပြန်လမ်းတစ်လျှောက် ပျက်ပြယ်သွားပြီဆိုတာကို မသိနိုင်သေးတဲ့ သူရဲ့ စိတ်ကူးအိပ်မက်ကလေးကို မှန်းဆ မျှော်လင့်ကြည့်ရင်းပြန်လာခဲ့တဲ့နောက် လမ်းထိပ်ရောက်တော့ တစ်လမ်းလုံးကလူတွေအကုန် အိမ်အပြင်ရောက်နေကြ သလား ထင်ရအောင် လမ်းထဲ လူတွေ ရှုပ်ရှုပ်ထွေးထွေး အုတ်အုတ်ကျက်ကျက်နဲ့ ဖြစ်နေခဲ့တယ်။ သေချာကြည့်လိုက်တော့ လမ်းအဆုံးမှာ ကနဖျင်းတဲကလေး ထိုးပြီး တချို့လူတွေလည်း ထိုင်ခုံမှာ ထိုင်နေကြတယ်။

လမ်းအတွင်းထဲက ထွက်လာသူတွေရဲ့မျက်နှာတွေ သူတို့ပြောတဲ့စကား တွေကို ဆက်စပ်စဉ်းစားကြည့်ပေမယ့်လည်း ဘာမှန်းမသိရဘူး။ ဟိုလူ့ငေး ဒီလူ့ငေးနဲ့ပဲ လမ်းအတွင်းထဲကို တဖြည်းဖြည်း ဝင်လာခဲ့တယ်။ လူတွေအကုန်လုံး နီးနီးက ဒေါ်ဒွေးအိမ်ရှေ့မှာ ဟိုတစ်အုပ်ဒီတစ်အုပ် စုရပ်နေကြတယ်။ သီသီမေ ကလေးဟာ သူ့လည်း တရေးတယူလုပ် အကျိုးအကြောင်းပြောပြမယ့်လူမရှိတော့ ငေါင်တောင်တောင်နဲ့ပဲ သူ့အိမ်ရှေ့ ရောက်လာခဲ့ပြီး၊ ဒေါ်ဒွေးအိမ်ဘက်ကို ခပ်ကြာကြာဖြစ်အောင် ငေးစိုက်ကြည့်နေမိတယ်။ အဲဒီတော့မှ ဒေါ်ဒွေးရဲ့ ငိုသံကို သူ စကြားလိုက်ရတယ်။ ဒါပေမဲ့ ကံကြမ္မာက အဲဒီအချိန်အထိ ပဟေဠိဝှက်နေဆဲ။ ဒေါ်ဒွေးရဲ့ ညည်းတွားသံကိုကြားပေမယ့် အကြောင်းအရင်းကို သူမသိသေးဘူး။

ဒေါ်ဒွေးသေတာ မဟုတ်ဘူးပဲ၊ ဦးသိန်းမောင်များလားအတွေးမှားနဲ့ ဘာသိဘာသာ ဖြစ်နေတုန်းပဲ။

သူ့အိမ်ရဲ့ ဝါးကြမ်းခင်းကွပ်ပျစ်ကလေးပေါ် ဂျိုးဂျိုးကျွတ်ကျွတ် မြည်အောင်တက်လိုက်ပြီးမှ အိမ်ထောင့်က ရေအိုးစင်ဆီသွား ရေဝဝ တစ်ခွက် သောက်လိုက်တယ်။ ဘာဖြစ်နေတယ်ဆိုတဲ့ အကြောင်းအရင်းကိုသိရဖို့ ဘယ်သူ့ ကို မေးရင်ကောင်းမလဲလို့ စဉ်းစားနေခဲ့တာ။ ဒီလိုမျိုး သူ့ချစ်သူအိမ်ထဲကနေ လူတွေ အလျှိုလျှို ဝင်သွားကြ၊ ထွက်လာကြ၊ ကနံဖျင်းတဲကလည်း ထူထားလိုက် သေးတဲ့ အခြေအနေကိုကြည့်ခြင်းအားဖြင့် လူတစ်ယောက်ယောက်သေလို့ပဲ ဆိုတာကို သူ မသိဘဲ ဘယ်နေပါ့မလဲ။ ဒါပေမဲ့ ငယ်သေးတော့ ဖြစ်နိုင်ခြေ အားလုံးကို တွက်ထုတ်တွေးဆပြီး ဝမ်းနည်းပူပန်တတ်ရလောက်အောင် သူ့မှာ ဘဝအတွေ့အကြုံ မရှိသေးဘူး။ ပြောရရင် သူ့စိတ်ထဲ လူတစ်ယောက်ယောက် သေတယ်လို့ သိလိုက်တာနဲ့ ဒေါ်ဒွေးပဲလို့ တွက်ဆလိုက်မိတာ။ သူ့ယောက္ခမကြီး ဖြစ်လာမယ့် အဲဒီမိန်းမကြီးလောက် ရောဂါထူပြောတာ ကမ္ဘာမှာ သူ မမြင်ဖူးဘူး

လေ။ ဒါပေမဲ့ ဒေါ်ဌေးရဲ့ ပြတ်တောင်းပြတ်တောင်းငိုသံကို ကြားရတော့ ဦးသိန်းမောင်လည်း ဖြစ်နိုင်တာပဲ။ ဒါမှမဟုတ် ဒေါ်ဌေးရဲ့သမီးတွေလည်း ဖြစ်ချင်ဖြစ်မှာပေါ့လို့ တွက်နေတုန်းပဲ။ သူ့ချစ်သူကိုတော့ ဒါမျိုးအဖြစ်နဲ့ ယောင်လို့တောင် ဆက်စပ်မကြည့်တတ်ဘူးလေ။

တစ်ယောက်ယောက်ကို မေးရအောင် အမေကလည်း အဲဒီအိမ်အဝက ဝင်းနံရံ အသားတိုင်မှာ မီးရပ်ရင်း မျက်စိသူငယ် နားသူငယ်ရပ်မျိုးနဲ့ ဟိုလူ့ကြည့် ဒီလူ့ကြည့်လုပ် စပ်စုနေတာ တော်တော်နဲ့ အိမ်ဘက်ကို ပြန်မလာဘူး။ သူ့အဖေ ကိုကြည်နုကလည်း ပြန်မလာသေး။ အဲဒါနဲ့ သူလည်း အိမ်ရှေ့ထွက်ဖို့ တစ်ယောက်ယောက်တော့ မေးဦးမှလို့ တွေးမိတယ်။ လူတစ်ယောက်ရဲ့ သိချင်စိတ်ကို ဘာကမှ တားမရနိုင်ဘူးကိုး။ အနီးစပ်ဆုံး သူ မေးလို့စမ်းလို့ရမယ့်သူမျိုး၊ သူ့လည်း အဖက်လုပ်ပြန်ဖြေမယ့်သူရှာတော့ သူတို့အိမ်ဘေးက ဇော်မောင်ဟာ ဒေါ်ဌေးတို့အိမ်ဘက်ကို လှမ်းငေးရင်း ဆေးလိပ်ဖွာနေတာကို တွေ့တယ်။

“ဦးဇော်မောင် ဘယ်သူသေလို့တုံး”

“ရေခဲလေ”

ဇော်မောင်က တုံးတိပဲ ဖြေတယ်။ ပြီးတော့မှ မပြည့်မစုံဖြေတာဟာ ရာဇဝတ်မှုပဲလို့ ခံစားရသလိုလို ဘာလိုလိုနဲ့…

ရထားပေါ်ကအဆင်း ရထားအောက်ထဲ ဝင်သွားတာတဲ့ဟယ် နှစ်ပိုင်းကို ပြတ်သွားတာပဲတဲ့”

ဇော်မောင်ဟာ သူ့မျက်နှာကို ရှုံ့မဲ့ပြီး ပြောနေပေမယ့် “ရေခဲလေ” ဆိုတဲ့ အဖြေကို ကြားလိုက်ပြီးကတည်းက တောင့်တောင့်ကြီးဖြစ်နေတဲ့ သူ့နံဘေး က သီသီမေ့ကို သတိတောင်မထားမိလိုက်ဘဲ သူ့အိမ်ထဲ သူပြန်ဝင်သွားတယ်။ သီသီမေကလေးဟာ လောကကို သိထိတွေ့ ခံစားနိုင်တဲ့ အာရုံခြောက်ပါးစလုံး စက္ကန့်နှစ်ဆယ်လောက် ရပ်ဆိုင်းပြတ်တောက် သွားတယ်။ အလွန်တရာ တိတ်ဆိတ်မှောင်မည်းပြီး နက်ရှိုင်းလှတဲ့ တွင်းတစ်ခုခုထဲကို ကျဆင်းသွားခဲ့ပြီး ပြန်တက်လာခဲ့တော့ သူ့မျက်လုံးက မျက်ရည်တွေဟာ ဖွံ့ဖြိုးခါစမို့ တစ်တစ်ရစ်ရစ် ကလေးဖြစ်နေတဲ့ ရင်သားနှစ်မြွာကြားအထိ စီးဆင်းသွားခဲ့ပြီးပြီ။

ပထမဆုံး သူစဉ်းစားမိတာက သူ့အိပ်မက်တွေ ယူပစ်သလို မရှိတော့ တာကိုပဲ။ “ကိုကြီးရေခဲ …” သူ့ပါးစပ်ကနေ အသံတိုးတိုးလေး ထွက်လာ တယ်။ အဲဒီအသံက သူ့အသံမဟုတ်သလို သူစိမ်းပြင်ပြင် ခံစားနေရတယ်။ အတွင်းထဲကနေ ဆူးစူးသလို အင်မတန် နာကျင်တဲ့ဒဏ်တခုက သူ့ရင်ညွန့်နား မှာ ဖြစ်ပေါ်နေတယ်။ သူ့အိမ်ပေါ်ကို သူ ပြန်ပြေးတက်တယ်။ မျက်ရည်တွေက သုတ်ပေမယ့်လည်း

ဆက်ကာဆက်ကာ ထွက်နေတော့ သုတ်လို့လည်း မနိုင်ဘူး။ လတ်လတ်ဆတ်ဆတ် ထိခိုက်မိတဲ့ ကိုယ်ပေါ်က ဒဏ်ရာလိုမျိုးပဲ သွေးက သုတ်လေ ထွက်လာလေ။ ငိုနေရင်းနဲ့ ရေခဲတို့အိမ်ဘက်ကို သူ လှမ်းကြည့်နေမိ တယ်။ သူ့အမေ အိမ်ဘက်ကို ပြန်လာနေတာတွေ့တော့ သီသီမေကလေးဟာ ပိုပြီး ငိုချင်လာတယ်။ အမေက ဘာလို့ နင်ငိုနေတာလဲမေးနေရင် ဘာပြောရမယ် မသိဘူး။ အဲဒါနဲ့ အိမ်သာဆီ အတင်းပြေးတယ်။ သူ့အမေနဲ့ လွတ်တယ်ဆိုရုံ လေး။ အိမ်ထဲပြန်ဝင်လာတဲ့ ညိုမြာဟာ သူ့နံဘေးကနေ တိုက်မိတော့မယောင် လေး ပြေးထွက်သွားတဲ့ သီသီမေ့ကို လှမ်းအော်လိုက်သေးတယ်။"ဟဲ့ ဟဲ့ သီသီမေ ဘယ်လိုဖြစ်နေတာလဲ၊ ဆပ်ပြာသည် လင်ပျောက် တဲ့အတိုင်းပဲ ဒီကောင်မကတော့…"

သီသီမေလေးဟာ မပျော်တော့ပါဘူး။ အရာရာတိုင်းဟာ ဝမ်းနည်းစရာ ပဲ။ လူသိရှင်ကြား ပူဆွေးခွင့်မရှိခြင်းအဖြစ်က ပိုပြီး ဝမ်းနည်းစရာကောင်းခဲ့တယ်။ ရေခဲသေတဲ့ညက တစ်ညလုံး အိပ်ရာထဲမှာ သူငိုတယ်။ အာပုတ်ရည်နဲ့ ဆံပင်က ကပ်ငြိတဲ့ အညစ်အကြေးနဲ့ နှစ်များစွာကြာအောင် ကျပ်ခဲကြီးဖြစ်နေတဲ့ ခေါင်းအုံး မာမာကြီးဟာ တစ်ညတည်းနဲ့ ရေစိုနေတဲ့ ပေါင်မုန့်လို ရွှဲထွက်သွားအောင် ငိုခဲ့ရတယ်။ အဲ့သလို ဝမ်းနည်းမှုနဲ့ ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်စက်ခြင်းနဲ့ နိုးနေခြင်းအကြားမှတ်တိုင်ကလေးမှာ ခဏရပ်ရင်း “ဒါဟာအိပ်မက်ဆိုးကြီး တခုပဲ ဖြစ်ပါစေ။ နိုးလာတဲ့အခါမှာ အရာရာဟာ အရင်ကလိုပဲ ဖြစ်နေပါစေ”လို့ ဆုတောင်းရင်း အိပ်မောကျသွားခဲ့တယ်။ သို့သော်လည်း ခများမှာ အိပ်မက်မက်တော့ အိပ်မက်က တကယ်ကြုံခဲ့ရတဲ့ သူ့ အဖြစ်ဆိုးကြီးကနေ နည်းနည်းလေးမှ တိမ်းစောင်းလွဲချော်မသွားဘဲ ရေခဲသေလို့ ငိုနေရတယ်ဆိုတဲ့ အိပ်မက်ပဲ မက်တယ်။ ရက်စက်လိုက်တာ…။ မနက်မိုးလင်း အိပ်ရာကနိုး အသိစိတ် ဝင်ဝင်ချင်း အဖြစ်ဆိုးဟာ တကယ်ကြီးပါပဲလားလို့ သိလိုက်ရပြန်တော့ သူခံစားလိုက်ရတာက သူ့မှာ ဘာဆိုဘာမှမရှိတော့ဘူး ဆိုတာပဲ။ ဘာမှမရှိတော့ဘူး ဆိုတဲ့ အတွေးရဖို့ တွေးနေတဲ့စိတ်နဲ့ အဲဒီစိတ်ဖြစ်ပေါ်လာဖို့ အထောက်အပံ့ဖြစ်တဲ့ ဦးခေါင်းကလွဲလို့ ခေါင်း ခါး ခြေလက်တွေတောင် မရှိတော့ဘူးလို့ ထင်မိတယ်။ အဲဒါနဲ့ သူ တိတ်တိတ်ကလေး တစ်ခါ ထပ်ငိုရ ပြန်တယ်။ သူ့အမေအမြင်မှာ ပုံမှန်အတိုင်းပဲလို့ ထင်ရအောင် သူ အိပ်ရာထတယ်။ မျက်ရည်တွေကို သုတ်ပစ်နိုင်ပေမယ့် နီရဲပြီး မို့အစ်နေတဲ့ မျက်လုံးတွေက သုတ်ပစ်လို့ မရဘူး။

"သီသီမေ နှင့်မျက်လုံးတွေက ဘာဖြစ်တာလဲ”

အဲဒီမေးခွန်းကိုကြားလိုက်တဲ့ သီသီမေဟာ သေးပေါက်တဲ့အခါ ကြက်သီးထသလိုမျိုး တွန့်သွားတယ်။ ပိုပြီးတော့လည်း ငိုချင်လာတယ်။ ငိုချင်တာကို အောင့်အီးတောင့်ခံထားရတာကတော့ အဆိုးဝါးဆုံးဝေဒနာပဲ။ ခြေတွေလက်တွေဟာ တဆတ်ဆတ် တုန်နေတယ်။ ဗိုက်ထဲမှာ ဟာနေသလိုမျိုး၊

ငယ်ငယ်က ဘုရားပွဲမှာ ရဟတ်စီးတဲ့အခါ၊ ရဟတ်လုံး အောက်ကိုပြန်အကျအသက်ရှူရခက်ပြီး နှလုံးကို လေရိုက်ခံရသလိုမျိုး ဟာသွားတာ။ *"မနေ့ညက မျက်လုံးထဲ ပိုးကောင်ဝင်သွားလို့ အမေ… နှစ်ဖက်စလုံး ပဲ၊ အဲဒါ တစ်ညလုံးယားနေလို့ ပွတ်နေရတာ" လို့ သူဖြေတယ်။ သူ့အမေက ယုံသွားတယ်။

"ဒီလောက် ရှုပ်ပြာရှုပ်ပြာလုပ်နေတော့ ဝင်မှာပေါ့၊ ဖြစ်လိုက်ရင် ဒီလိုချည့်ပဲ သွား၊ အလုပ်သွားဖို့ လုပ်"

သူမျက်နှာသစ်တယ်။ အိမ်ရှေ့တည့်တည့်က ကနံဖျင်းကို မြင်လိုက်ရ ပြန်တော့ မျက်နှာသစ်နေရင်း မျက်ရည်တွေက စီးကျလာပြန်ရော။ ရေနဲ့ သပ်ချ လိုက် မျက်ရည်တွေက ကျလာလိုက်။ ရှိုက်သံကိုဖုံးအုပ်နိုင်စေဖို့ ရေကို ကျောက်ပြားပေါ် တဖြန်းဖြန်းမြည်အောင် ပက်လိုက်နဲ့ပဲ အတော်ကြာသွားတယ်။ သူ့မှာ ဘာကိုမှ လုပ်ချင်ကိုင်ချင်စိတ်လည်း မရှိတော့ဘူး။ ဖြစ်နိုင်ရင် အိပ်ရာထဲ ပြန်ဝင် စောင်ကို ခေါင်းမြီးခြုံပြီး ငိုလို့ပဲ နေလိုက်ချင်တော့တယ်။ အလုပ် တစ်ရက်နားမယ်ဆိုရင် ဖြစ်ပေမယ့် အဲဒါက ပိုဆိုးမယ်လို့သိနေတယ်။ ရက်လည် မပြီးမချင်း ဖြုတ်မှာမဟုတ်တဲ့ ကနံဖျင်းတဲကြီး မြင်ရတိုင်း သူငိုနေရမှာ။ နောက်ပြီး အိမ်မှာရှိနေရင် အမေက ဟိုခိုင်းဒီခိုင်း လုပ်မယ်။ ဟန်ဆောင်လို့ မရနိုင်အောင် ဝမ်းနည်းအသွင်ဆောင်နေတဲ့ သူ့မျက်လုံးတွေကို ရိပ်မိသွားမှာပဲ။

ထမင်းဆိုင်ကိုရောက်တော့ အလုပ်ရှင်အဒေါ်ကြီးက တကယ့်ကို သနား ကရုဏာသက်တဲ့ မျက်လုံးတွေနဲ့ ကြည့်ရင်း မေးတယ်။

"ဘယ်လိုဖြစ်တာလဲကွယ်" တဲ့။ သူလည်း သတင်းကြားပြီးပြီပေါ့ ။

"မသိပါဘူး အန်တီရယ်၊ သမီးလည်း အန်တီဆီကအပြန်မှ သိတာ လေ…" လို့ ပြောရင်း သူ့အသံက တိမ်ဝင်သွားပြီး တရှုံ့ရှုံ့ ငိုပြန်တော့တယ်။ ဆိုင်ရှင်အဒေါ်ကြီးကလည်း ဆိုင်အနောက်ထဲကို ဖေးဖေးမမနဲ့ ခေါ်သွားပြီး သူ့ခေါင်းကို ကြင်ကြင်နာနာနဲ့ ပွတ်ပေးနေခဲ့တယ်။

ဒီနေ့နားလိုက်ပါလား သမီး…"

အိမ်မှာဆို…. ငိုလို့မရဘူး အန်တီရဲ့ …. အမေတို့ သိသွားမှာ" အေး အေးဒီမှာပဲ ထိုင်ငိုပေါ့၊ အိမ်ပြန်မနေနဲ့၊ ဒီနေ့ နားလိုက်"

ဆိုင်ရှင်အဒေါ်ကြီးရဲ့ နားလည်ပေးမှုကြောင့် ထူးထူးခြားခြား နွေးထွေးမှု ကို ခံစားရပေမယ့်လည်း တကယ်တော့ အဲဒါကလည်း ခဏပဲ။ ဘာကိုမှ ဖြေဆည်လို့လည်း မရဘူး။ သူ့တစ်ကိုယ်လုံးဟာ လစ်ဟာပြီး အခေါင်းပေါက် ကြီးလို

ဖြစ်နေတယ်။ အဲဒီအခေါင်းပေါက်ကြီးထဲကနေ မျက်ရည်တွေက အပေါ်ကို တစ်လိမ့်ချင်း ဆန်တက်လာပြီး မျက်လုံးအပေါက်ကနေ တစက်စက် ကျလာ တစ်နေ့ခင်းလုံး။ နေ့လယ်ပိုင်း ရေခဲလာတတ်တဲ့ အချိန်ရောက်တော့ ပိုပြီး အငိုသည်းလာတယ်။ ဆိုင်ရှင်အဒေါ်ကြီးက ထမင်းစားဖို့ ပြောတော့လည်း သူ့မှာ အစာစားချင်စိတ် တစ်စက်မှမရှိတဲ့အပြင် ငိုရလွန်းလို့ ပျို့ချင်အန်ချင်စိတ် တွေပါ ပေါ်နေခဲ့တယ်။ ထို့နောက် ငိုပြီးရင်း ငိုရင်းပဲ။ သူ ငိုနေခဲ့တယ်။

ညနေစောင်းတော့ ဆိုင်မှာ လူကလည်း ပါးလာပြီ။ သူ့မျက်ရည်တွေ လည်း ဘယ်နှကြိမ်မြောက်မှန်းမသိ သူ့ပါးပေါ်မှာ ကော်ရည်တွေလို တင်းပြီး ခြောက်နေခဲ့ပြီ။ သူဟာ ဆိုင်ထဲက သူနဲ့ ရေခဲထိုင်တတ်တဲ့ လေးထောင့်စားပွဲမှာ ထိုင်၊ လက်နှစ်ဖက်ကိုရော ခေါင်းကိုပါ အလျားလိုက်တင်ပြီး ဆိုင်အပြင်ဘက်ကို ကြည့်နေခဲ့တယ်။ ဒီနေ့ကျမှ မှောင်စပြုနေတဲ့အထဲ အသက်ငယ်ငယ်စုံတွဲတွေ၊ အသက်ကြီးကြီး စုံတွဲတွေ၊ တစ်တွဲပြီးတစ်တွဲ တောင်တက်လှေကားအတိုင်း တက်တက်သွားနေတာကို မြင်နေရလို့ မြင်ကွင်းက ဝမ်းနည်းစရာ ပိုပိုပြီး ကောင်းနေခဲ့တယ်။ အမှန်တော့ အရင်နေ့တွေကလည်း အတွဲတွေ တောင်ပေါ် အဲဒီလို တက်တက်သွား၊ ကျောက်တုံးကြို ကျောက်တုံးကြားမှာ ချစ်ရည်လူးဖို့ တက်တက်သွားနေကြပဲ။ ဒါပေမဲ့ သူ သတိမထားမိခဲ့ဘူး။ ဒီနေ့ ဒီအချိန် ဒီလိုဖြစ်ရပ်မျိုး သူ့မှာ ကြုံရခါကျမှ သတိထားမိစေဖို့ ဖြစ်လာတဲ့ ကံကြမ္မာက လည်း ရက်စက်လွန်းလှတယ်။ အဲဒါနဲ့ ခေါင်းကိုလှည့် ဆိုင်ရဲ့ အခြားတစ်ဘက်ကို မျက်နှာလှည့်ရတယ်။

အခြားတစ်ဖက်မှာ သူ့အဖေ ကိုကြည်နု လက်တွေမလွှဲဘဲ ခြေထောက်ချည့် သက်သက်လှုပ်ပြီး ဆိုင်ဆီကို လမ်းလျှောက်လာတာ သူမြင်နေရတယ်။ ဆိုင်နောက်ထဲ ဝင်ပြေးဖို့ စဉ်းစားမိလိုက်သေးပေမယ့် သူ့အနေအထားကို နည်းနည်းမှမပြင်ဘဲ အဲဒီအတိုင်း မလှုပ်မယှက်ပဲ ငေးကြည့်နေလိုက်တယ်။ သူ့အဖေဟာ ဆိုင်ထဲကို ချောင်းတဟွတ်ဟွတ် ဆိုးလိုက်ရင်း တန်းတန်းမတ်မတ်ဝင်လာ၊ ဟိုကြည့်ဒီကြည့်လုပ်ရင်း သူ့ကို မြင်သွားတော့ သူ့ခုံဆီကို သာမန် လူတစ်ယောက်လို လျှောက်လာပြီး ဝင်ထိုင်တယ်။ သူကတော့ လက်နှစ်ချောင်း ပေါ် တင်ထားတဲ့ ခေါင်းကို နည်းနည်းကလေး ပြုပြင်လှုပ်ရှားလိုက်ပြီး သူ့အဖေ ကို မော့ကြည့်နေမိတယ်။ သူ့အဖေ ဘာလာလုပ်တာလဲ။ သူ့အကြောင်းများ သိသွားလို့လား။ နောက်ပြီး အရင်လို သူ့အဖေလာတဲ့အခါ ရှက်တဲ့စိတ်၊ မသတီတဲ့စိတ် စသဖြင့် ဘာအတွေးမှမရှိ ဗလာနတ္ထိစိတ်နဲ့ ငေးနေလိုက်တယ်။

ကိုကြည်နုဟာ သူ့သမီးလေးဘေးက ထိုင်ခုံမှာဝင်ထိုင်ရင်း ဘာစကား တစ်ခွန်းမှမပြောဘဲ သူ့သမီးလေးရဲ့ ဆံပင်တွေကို လက်နဲ့ ဆွဲကြည့်နေတယ်။

အဲဒီအတိုင်း လေးငါးမိနစ် ကြာတယ်။ ပြီးတော့မှ ပြောတယ်။

"သမီးလေး ဘာဖြစ်နေလို့လဲ မနေ့ညက သမီးလေးငိုသံကို ဖေဖေ ကြားတယ်။ တစ်ညလုံးပဲလေ....."

သီသီမေဟာ သူ့အဖေရဲ့ စကားဆုံးသွားတာနဲ့ သူ့အဖေကိုဖက်ပြီး တသိမ့်သိမ့်တုန်အောင် ငိုတော့တာပဲ။ သူ့အဖေလည်ပင်းကို အစ်နေအောင် သူ့လက်သွယ်သွယ်လေးတွေနဲ့ ညှစ်ထားသလို ဖြစ်နေတော့ ကိုကြည်နုဟာ သူ့သမီး လက်ကလေးကို လည်ပင်းအောက်ရောက်အောင် နည်းနည်းပြင်ပေး လိုက်ပြီးတဲ့နောက် ကျောကုန်းကို ဖွဖွလေး ပုတ်ပေးနေခဲ့တယ်။ ဘာစကား တစ်ခွန်းမှ မပြောကြဘဲ အဲဒီလို ဖက်ငိုနေကြတဲ့ မြင်ကွင်းကိုကြည့်ရင်း ဆိုင်ရှင် အဒေါ်ကြီးတောင်မှ မျက်ရည်လည်လာလို့ ခေါင်းကိုမော့ပြီး မျက်နှာကြက်က ကျပ်ခိုးမည်းမည်းတွေကို နှစ်မိနစ်လောက် ကြည့်နေလိုက်ရတယ်။

ကိုကြည်နုဟာ သူ့သမီးကို ."ဘာဖြစ်လို့လဲ ဖေဖေ့ကို ပြောဦး" လို့ ထပ်မေးပေမယ့် သီသီမေ ကတော့ သူ့ကိုဖက်ထားရင်း ခေါင်းကို ခါပြီး ငိုပဲငိုနေတယ်။ ဘာမှပြန်မဖြေဘူး။ အဲဒါနဲ့ သူလည်း ထပ်မမေးတော့ဘူး။ နာရီဝက်လောက်နေတော့ သီသီ လည်း မောသွားပြန်လို့ သူ့အဖေကို ဖက်ထားတာ လွှတ်လိုက်တယ်။ အင်္ကျီနဲ့ မျက်ရည်တွေကို သုတ်တယ်။

ကိုကြည်နုလည်း. . .

"မငိုနဲ့တော့ တိတ်တိတ်" လို့ ပြောပြီး သူ့လွယ်အိတ်ထဲကို လက်နှိုက်လိုက်တယ်။ အိတ်ထဲက ပိုက်ဆံတွေကို မြေကော်စက်နဲ့ ကုတ်ထုပ်တဲ့ပုံမျိုးနဲ့ အပုံလိုက်၊ မူလီကလေးနှစ်ချောင်းတောင် ပါလာသေးတယ်။ အဲဒီအပုံလိုက်ကို သူ့သမီးရှေ့ချလိုက်ရင်း တစ်ရွက်ချင်း ပြန်ဖြေပြီး အထပ်လိုက်ကလေးဖြစ်အောင် စီတယ်။

"သမီး မုန့်ဝယ်စားလေ" လို့ ပြောပြီး ပြုံးပြတယ်။ သူပြုံးပြတဲ့ပုံက အရူးတစ်ယောက်လို ဖြစ်နေလို့ သီသီမေစိတ်ထဲ အရင်က သူ့အဖေအပေါ် ထားတဲ့စိတ်မျိုး ပြန်ဝင်လာလို့ ခေါင်းငုံ့လိုက်ပြီး . . .

"ဟုတ်ကဲ့" လို့ ပြောလိုက်တယ်။ အဲဒီနောက် ကိုကြည်နုလည်း ဆိုင်ထဲကနေ လမ်းပေါ်ပြန်တက်ပြီး သူလျှောက်နေကျ ပုံမှန်မဟုတ်တဲ့ လမ်းလျှောက်ပုံမျိုးနဲ့ ထွက်သွားတော့တယ်။ သီသီမေကတော့ သူ့အဖေရဲ့ နောက်ကျောကို ငေးရင်း ကြောင်တောင်တောင်နဲ့ပဲ ကျန်ခဲ့တယ်။

အဲဒီလိုပုံစံမျိုးနဲ့ပဲ နောက်တစ်ရက် နောက်ထပ်တစ်ရက် သင်္ကြန်တွင်း ၊

တစ်တွင်းလုံးလည်း ဆိုင်မှာပဲ အလုပ်ပြေးလုပ်လိုက်၊ ဝမ်းနည်းပူဆွေးလိုက် အချိန်တွေက အရမ်းကို ရှည်ကြာလွန်းလှတယ်။ တစ်နေ့ တစ်နေ့ဟာ ဘယ်တော့ မှ မပြီးတော့ဘူးလို့ သူ့စိတ်ထဲမှာ ထင်နေတယ်။ ရေစိုနေတဲ့လမ်းတွေပေါ် မှုးယစ်ရမ်းကားနေတဲ့ လူတွေ၊ တဝူးဝူး အရှိန်မြင့်မောင်းသွားတဲ့ အမိုးဖွင့်ကားတွေ၊ တစ်ခုခုကို ပြေးဆောင့်တော့မတတ်မောင်းသွားတဲ့ ဆိုင်ကယ်တွေကိုကြည့်ရင်း သူ့သောကဟာလည်း အရှိန်အဟုန်မြင့်လို့လာတယ်။ အမှန်ဆို အခုချိန် သူနဲ့ ရေခဲနဲ့ တခြားမြို့တစ်မြို့ကို ရောက်နေရမှာ။ သူစိတ်ကူးထားတာက သူ ရေခဲနဲ့ လိုက်သွားမယ်။ ဖြစ်နိုင်ရင် ပြန်အပ်တာတွေ၊ မင်္ဂလာဆောင်တာတွေ လုပ်မနေ တော့ဘဲ မြို့ကို ဘယ်တော့မှ ပြန်မလာတော့ဘူး။ ဒီမြို့ကလွဲလို့ ဘယ်မြို့ကိုမှမရောက်ဖူးလို့ သူ့စိတ်ကူးထဲက အခြားမြို့ဆိုတာ လမ်းတွေ အိမ်တွေ ဒီမြို့လိုပဲ ဘာမှတော့ မထူးဆန်းပါဘူး။ ဒါပေမဲ့ သူ့အဖေ သူ့အမေတို့ သူ့အနားမှာ ရှိမနေတဲ့ မြို့မျိုးလို့ စိတ်ကူးယဉ်ခဲ့ရတာတွေ။

နှစ်ဆန်းတစ်ရက်နေ့ ဆိုင်ပိတ်လို့ အိမ်မှာ တစ်နေကုန်နေရတော့ မှိုင်တွေ နေလို့ သူ့အမေက သူ့ကို တစ်နေ့တာပတ်လည်လုံး ဆဲနေတယ်။

“ဟယ် ဒီကောင်မ နှစ်ဆန်းတစ်ရက်နေ့ကြီး လဒမှိုင် မှိုင်နေတာ၊ ကျက်သရေကို မရှိဘူး... သွားစမ်း ငါ့မျက်စိရှေ့ကနေ၊ နင့် ငါ လုပ်မိတော့မယ်နော် သီသီမေ"

သူ့အဖေကတော့ နှစ်ဆန်းတစ်ရက်နေ့လည်း မြို့ထဲပတ်၊ သူ့ထုံးစံ အတိုင်း လူရှင်းနေတဲ့ မြို့ထဲလမ်းတွေပေါ်မှာ ဂဂျိုးဂချောင်ပုံစံနဲ့ လမ်းတွေ လျှောက်နေဆဲ။ သီသီမေဟာ အိမ်မှာ တစ်စက္ကန့်လေးမှ မနေချင်တော့ဘူး။ တစ်ခါတလေမှ ရောက်လာတဲ့ သူ့အစ်ကို အေးကိုလေးကအစ မငေါက်မငမ်း စဖူး၊ အပြစ်မတင်စဖူး အပြစ်ပြောနေတယ်။

“နင့်ကြည့်ရတာ ဖြူဖတ်ဖြူလျော်နဲ့ မသာကောင်ကြီးကျနေတာပဲ သီသီမေရယ်. . . အမေငေါက်တာတောင် နည်းသေးတယ်” တဲ့။ သူလည်း မတတ်နိုင်ဘူး။ ဒီလိုအဖြစ်မျိုး သူတို့ ကြုံရတာမှမဟုတ်ဘဲလို့ စိတ်ထဲကပဲ ရေရွတ်မိတယ်။ အိမ်ရှေ့တည့်တည့်က ကန်ဖျင်းတဲတွေ၊ ညဘက်ဆိုရင် သူ့အမေ အပါအဝင် အော်ဟစ်ဆူညံနေကြတဲ့ ဖဲဝိုင်းကအသံတွေ မရှိတော့ဘူး ဆိုပေမယ့် ဒေါ်ဌေးရဲ့ တစ်ချက်တစ်ချက် သူ့သားကို တပြီး အော်ငိုလိုက်တဲ့အသံ ကိုတော့ ကြားနေရတုန်းပဲ။ အဲဒီအသံကို ကြားလိုက်တိုင်း သီသီမေဟာ သူကိုယ်တိုင်ပါ အဲဒီလို “ကိုကြီးရေခဲ ... ရေ၊ ညီမလေးကို ကြည့်ပါဦး” လို့ တိုင်တည်ပြီး အော်ငိုလိုက်ချင်စိတ်ကို ပင်ပန်းကြီးစွာနဲ့ အောင့်အီးချိုးနှိမ်ထား နေရတယ်။

ထမင်းဆိုင်က နှစ်ဆန်းတစ်ရက်နေ့ရယ် နှစ်ရက်နေ့ရယ် နှစ်ရက်သာ

ပိတ်ပြီး ပြန်ဖွင့်တယ်။ သူလည်း အလုပ်ပြန်သွားတယ်။ ဆိုင်ရှင်အဒေါ်ကြီးကတော့ တစ်ရက် နှစ်ရက်၊ တစ်ပတ် နှစ်ပတ် စသဖြင့်အထိ နားလည်ပေးနိုင်ပေမယ့်အလုပ်လုပ်ချိန်မှာလည်း အသေကောင် လှုပ်ရှားနေသလို။ အလုပ်မရှိ မှိုင်နေ ချိန်မှာလည်း အသေကောင် ငြိမ်သက်နေသလို ပုံစံကြီးနဲ့ တစ်လကျော်လာသည် အထိ မပြောင်းမလဲ ဝမ်းနည်းဖွယ်ကာလက ပြီး မပြီးနိုင် ဖြစ်လာတော့ စိတ်မရှည် တော့ဘူး။ ငြူငြူစူစူ ဖြစ်လာတယ်။ ပထမတော့ "အဲလိုကြီး အမြဲတမ်းဆိုရင် ငါ့ဆိုင် လာဘ်တိတ်တာပေါ့ သီသီမေရယ်" လို့ ညင်ညင်သာသာပဲ ပြောနေ သေးတယ်။

တစ်ရက်နှစ်ရက်လောက်တော့ သူလည်း သတိနဲ့ပဲ အလုပ်ပေါ် တက်တက်ကြွကြွပြန်လုပ်ဖို့ အားထုတ်ပေမယ့် ဖြစ်မလာပါဘူး။ နဂိုကမှလည်း လုပ်ချင်လို့လုပ်နေရတဲ့ အလုပ်မှမဟုတ်ဘဲ။ အဲဒီတော့ ငေးတိငေးငိုင် လေးတီ လေးကန် ပြန်ဖြစ်မြဲဖြစ်နေတယ်။ စဥ့်အိုးထဲ ရေဆွဲထည့်ရင်း ချော်လဲလို့ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားတယ်။ ကြက်သွန်ဖြူခွာရင်း ခါးထိတယ်။ ဒန်အိုးနဲ့ တည်တဲ့ ရေနွေးအိုးအဖုံးလှပ်ရင်း လက်အပူလောင်မိတယ်။ သူ့ကိုယ်သူကိုသာ ပြန်ထိခိုက်လောက်တဲ့ ပေါ့ဆမှုတွေအတွက်တော့ သီသီမေ့ကို ဆိုင်ရှင်အဒေါ်ကြီး က မျက်စောင်းထိုးကြည့်ရုံလောက်ပဲ။ မပြောသေးဘူး။ စားပွဲထိုးရင်း ဟင်းပန်းကန်ကျကွဲတဲ့ အဆင့်အထိ ရောက်လာတော့ ဘွားတော်လည်း မရတော့ ဘူး။ ပေါက်ကွဲတော့တယ်။

"ညည်းအေ အဲ့လောက်မှ ဖြစ်နေရင်လည်း ဆိုင်မလာခဲ့နဲ့တော့။ ညည်းဟာက တော်ရုံတန်ရုံ မဟုတ်တော့ဘူး လင်တရူးတဲ့ အဆင့်ဖြစ်နေပြီဟဲ့"

ပြောရက်လိုက်တာ....လို့ ဝမ်းလည်းနည်းမိတယ်။ ဆိုင်ထဲ စားနေ သောက်နေတဲ့လူတွေရှေ့ အဲသလို အပြောခံရတော့ သီသီမေ အရှမ်းကို ရှက်သွား တယ်။ ထမင်းစားနေတဲ့ လူအကုန်ကလည်း အဲသလိုပြောတော့ သူ့ကို ဝိုင်းကြည့် နေကြတာလေ။ နာလည်း အရှမ်းနာတာပဲ။ စိတ်ကြောင့်တင် နာတာမဟုတ်ဘဲ ရင်ဘတ်ထဲကပါ အောင့်ပြီး နာလာတယ်။ ထုံးစံအတိုင်း ပြီးတော့ သူ မျက်ရည်ကျတယ်။ မျက်ရည်ကျပြန်တော့လည်း မျက်ရည်ကျရပါ့မလားလို့ အပြောခံရပြန်ရော။ ဆိုင်ရှင်အဒေါ်ကြီးရဲ့ အဲသလိုပြောခြင်းကို ခံရတဲ့အချိန်မှာ ရေခဲသေပြီးတာ တစ်လခွဲကျော် ကြာလာခဲ့ပြီ။ သီသီမေလည်း တတ်နိုင်သမျှတော့ မှုန်ကုပ်ကုပ် ကျက်သရေယုတ်ယုတ် ဖြစ်မနေဖို့ သတိထားနေတာပါပဲ။ ဒါပေမဲ့ မဖြစ်နိုင်တော့ဘူး ထင်ပါတယ်။

နှစ်လကျော်ကြာတော့ ရေခဲရဲ့အမေ ဒေါ်ဌေး သေသွားတယ်။

ဦးသိန်းမောင်ကြီးလည်း သူ့ရွာ သူပြန်သွားခဲ့တယ်။ ညနေမိုးချုပ် အလုပ်က ပြန်လာတိုင်း သူလှမ်းကြည့်နေကျ ရေခဲရဲ့အိမ်ဟာ ခြောက်ကပ်တိတ်ဆိတ်ပြီး အသက်ခ‌ာတ်မဲ့သွားတဲ့နောက် သီသီမေလည်း လူ့လောကမှာ နေချင်စိတ် နည်းနည်းကလေးမျှ မရှိတော့ဘူး။ အားလုံးဟာ သူ့ကို ထိုးနှက်ဖို့ပဲ။ လူတွေက သူ့ကို မြင်လိုက်တွေ့လိုက်တိုင်း "နင့်မျက်ခွက်က ကျက်သရေကို မရှိဘူး" လို့ ပြောနေကြဖို့ပဲ။

"တော်ရုံတန်ရုံပဲ ကောင်းပါတယ်အေ" လို့ မညှာမတာ မဲ့ကာရွဲ့ကာ ပြောချလိုက်ဖို့ပဲ။ သူ့ဘဝကို ကိုယ်ချင်းစာပေးနိုင်တဲ့လူ၊ သူ့ကို မေတ္တာထား ချစ်နိုင်တဲ့လူဟာ ရေခဲကလွဲလို့ ဘယ်သူမှမရှိတော့ဘူးလို့ မှတ်ယူလိုက်တော့ တယ်။ သူ့ပတ်ဝန်းကျင်ကပေးတဲ့ ဖိအားဟာ အထိမခံနိုင်တဲ့ သူ့ဘဝပူစီဖောင်းကလေးရဲ့ အတွင်းနံရံတွေကို တဖြည်းဖြည်း ပါးလျလာအောင် ထိုးနှက်လာခဲ့ပြီးနောက် နောက်ဆုံးတော့ ပူစီဖောင်းကလေးရဲ့ ဒဏ်ခံအားဟာ အတိုင်းအတာကိုကျော်လွန်လို့ ပေါက်ကွဲထွက်သွားခဲ့ပါပြီ။

အဲ့ဒီလို ခံစားရပြီး နောက်တရက်မှာ ပူပြင်းလှတဲ့ မြို့အပေါ် တစ်နေ့လုံး မိုးဖွဲဖွဲလေး ကျနေခဲ့တယ်။ တကယ့်အချိန်ကောင်းပဲလို့ သူတွေးလိုက်တယ်။ ထို့နောက် မိုးဖွဲဖွဲကလေးကြားထဲ အိမ်ကထွက်လာခဲ့ပြီး မြစ်ပတ်လမ်းကနေ လမ်းလျှောက်လာခဲ့တယ်။ အလုပ်ဆီကိုလည်း မသွားတော့။ အဲဒီ မြစ်ပတ်လမ်း ပေါ်မှာ ဖြည်းဖြည်းကလေးသွားနေရင်း သူနဲ့ ရေခဲတို့ရဲ့ အိမ်အပြန် မိုးချုပ် ညနေတွေမှာ အတူတူလက်တွဲလျှောက်ခဲ့တဲ့မြင်ကွင်းတွေ၊ ရေခဲက သူ့ကို ဖက်လိုက်ပြီး အပင်အောက် တနေရာရာကို ဆွဲခေါ်သွားတဲ့ပုံတွေကို မြင်ယောင်လို့ နေတယ်။ ထို့နောက် မြို့ရဲ့ ရေအနက်ဆုံး လူအပြတ်ဆုံး မြစ်ဆိပ်တစ်နေရာကို သူ ဦးတည်လိုက်တယ်။ လမ်းလျှောက်တယ်လို့ မထင်ရအောင်ကို ဖြည်းဖြည်း နှေးနှေးကလေးပဲ ရွေ့လျားသွားတယ်။ ရောက်တော့ သီသီမေလေးဟာ မျက်လုံးကို မှိတ် ရေခဲရဲ့ မျက်နှာကိုမြင်ယောင်နေလျက်နဲ့ပဲ မြစ်ထဲကို အသာအယာ ဆင်းချသွားခဲ့တယ်။ အလောင်းအဖြစ်နဲ့တောင် ပြန်ပေါ်မလာခဲ့တော့ပါဘူး။

အခန်း(၄)

ရေခဲ သေဆုံးခြင်းဟာ စမ်းရေလမ်းဆီရောက်လာတဲ့ ကံကြမ္မာပြိုဟ်ဆိုး ရဲ့ အဦးအစတစ်ခုပဲ ဖြစ်ခဲ့တယ်။ စမ်းရေလမ်းဟာ လမ်းကြောင်းတွေပြောင်း အပြောင်းအလဲတွေ တရမန်းကြမ်း ဖြစ်လာခဲ့တယ်။ နေ့စဉ်ရက်ဆက် ထရုံကို ကျော်မှီလို့ ခြေပစ်လက်ပစ်ထိုင်ရင်း “သားလေးရယ်...” လို့ နာရီဝက်ခြား တစ်ခါလောက် ပါးစပ်ကရေရွတ် ရင်ဘတ်ကလေးဖိ မျက်ရည်ကလေး စီးစီး ကျလာတတ်တဲ့ ဒေါ်ငွေးဟာ ရေခဲသေပြီး နှစ်လကျော်အကြာမှာ သူ့မှာ အခံရှိ နေတဲ့ ရောဂါတွေထဲက ဘာရောဂါနဲ့မှန်းမသိ ရေခဲနောက်ကို လိုက်သွားခဲ့တယ်။ လမ်းထဲကလူတွေကတော့ သနားကရုဏာသက်စွာ မချိတင်ကဲလွန်းစွာ ပြောကြ တယ်။

“သူက သူ့သားလေး သိပ်ချစ်တာလေ ရင်ကွဲနာကျသေတာပါ။ ရောဂါနဲ့ သေရမယ်ဆို ဟိုးအစောကတည်းက သေပါတော့လား... ဒီလောက် မကျန်းမာတာကြီးကို”

ဒေါ်ငွေး သေတော့လည်း ဦးသိန်းမောင်ကြီးဟာ ရေခဲသေတုန်းကလိုပဲ ဝါးကြမ်းခင်းပေါ် အိမ်တိုင်ကိုမှီပြီး ငုတ်တုတ်ထိုင် အိမ်ရှေ့ကွက်လပ်မှာ ပြင်ထားတဲ့ ဒေါ်ငွေးရဲ့အလောင်းကို ကြည့်ရင်း ဆေးပေါ့လိပ်သာ တွင်တွင်ဖွာနေခဲ့တာ။ နာရေးလာကြတဲ့လူတွေကို အလောင်းရှိရာဘက် မေးဆတ်ဆတ်ပြရင်း "ကြည့်ပါ ဦးကွာ...” လို့ ဆိုတယ်။ ပြီးတော့ ခေါင်းတယမ်းယမ်း လွှဲခါရင်း ထင်မထားတာတွေ ဖြစ်လာတာပဲလို့ သံဝေဂရပုံ၊ နာကျည်းပုံ၊ ကြေကွဲပုံတွေဟာ မျက်နှာ ပေါ်မှာ တဖြတ်ချင်း ပြေးလွှားဖော်ပြလို့နေတယ်။ မျက်ရည်တွေကလည်း တသွင်သွင် စီးဆင်းလွန်းလို့ ထောင်ထားတဲ့ ဒူးပေါ်က ပုဆိုးစနဲ့ ငုံ့ငုံ့သုတ်နေ ရတယ်။ အံကြိတ်လွန်းလို့ ဆေးပေါ့လိပ်ဖင်ဟာ ပြတ်ထွက်တော့မတတ် ပုံပျက် ကြေမွစုတ်ပြတ်သတ်လို့ နေခဲ့ပြီ။

ဒေါ်ငွေးရဲ့ သမီးနှစ်ယောက်ဟာ အလောင်းမြေမချမီ အရောက်လာခဲ့ ကြတယ်။ သူတို့အဖို့တော့ နှစ်လအတွင်း ဒီအိမ်ကို နှစ်ခေါက်ပြန်ရောက်ကြ ရတာပေါ့။ တစ်ခေါက်က သူတို့ရဲ့ မောင်လေး၊ အခုတစ်ခေါက်ကတော့ သူတို့အမေ။ သူတို့အမေရဲ့အလောင်းကိုငေးရင်း တွေတွေကြီး မျက်ရည်သာ ကျနေတဲ့ ဦးသိန်းမောင်ကို စိတ်မကောင်းတဲ့ မျက်နှာနဲ့ တစ်ချက်သာ ဝေ့ကြည့် လိုက်ရင်း သူတို့ကပဲ ရက်လည်ဆွမ်းကျွေးအထိ လုပ်စရာကိစ္စဝိစ္စမှန်သမျှ ဦးဆောင်လုပ်သွားခဲ့တယ်။ မြို့ကိုပြန်ကာနီးတော့ အမေနဲ့ မောင်လေးကို

ပြုစုစောင့်ရှောက်ပေးခဲ့တဲ့ ဦးသိန်းမောင်ကို ကျေးဇူးတင်ပါကြောင်း ကန်တော့ ဦးချကြရင်း သုံးဖို့စွဲဖို့ရယ်လို့ ပိုက်ဆံပါ ပေးခဲ့ကြသေးတယ်။ ဦးသိန်းမောင်ကတော့ သာခု သာခု နှစ်ကြိမ်ခေါ်ပြီး ခေါင်းကြီးငုံ့နေလိုက်တာ မယားပါသမီးနှစ်ယောက် ကန်တော့ပြီးလို့ ဇော်မောင့်ဆိုက်ကားပေါ် အထုပ်အပိုးတွေတင် အဝေးပြေး ကားဂိတ်ကနေ ကားပေါ်တက်သွားတဲ့အထိ သူ့ခေါင်းက မော့မလာနိုင်သေးဘူး။ သာခု နောက်တစ်ကြိမ်ခေါ်ဖို့လည်း မေ့သွားတော့တယ်။

အဲဒီကနေ တစ်ရက် နှစ်ရက်နေတော့ သူလည်းပဲ စမ်းရေလမ်း ဆိုပေမယ့် ပူလောင်လှတဲ့ အဲဒီလမ်းမှာ နေချင်စိတ် ကုန်ခမ်းသွားတယ်။ နေစရာ လည်း ဘာအကြောင်းမှ မရှိတော့ဘူးလေ။ အငှားအိမ်ကို ပြန်အပ်ပါကြောင်း အိမ်ရှင်ကို အသိပေးလို့ ဘယ်အရပ်မှန်းမသိရတဲ့ သူ့ရွာသူ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ ပြန်သွားခဲ့တယ်။ နောက်ထပ် အိမ်ငှားတွေ ရောက်မလာခင်အထိအဲဒီ လူသူမရှိတော့တဲ့အိမ်မှာ အဝတ်ထည့်တဲ့ ပလတ်စတစ်ပုံးတွေ၊ သနပ်ခါး ကျောက်ပျဉ်တွေ၊ အိုးခွက်ပန်းကန်တွေ၊ မီးသွေးမီးဖိုတွေ၊ ဖျာစုတ်တွေ၊ ထမင်းထည့်တဲ့ ဖော့ဗူးပါကင်ထုပ်တွေ၊ မှောင်မည်းနေတဲ့ ကျပ်ခိုးလိပ်တွေ စသဖြင့်စသဖြင့် အကုန်လုံးဟာ လူရှိစဉ်ကအတိုင်း ငြိမ်သက်ကျန်ခဲ့ကြတော့ တယ်။ အစာမစားရတော့လို့ ဆူဆူညံညံနဲ့ ကျန်ခဲ့တဲ့ တစ်ကောင်တည်းသော ဝက်ကိုတော့ စမ်းရေလမ်းကပဲ တာဝန်ယူ ဖျက်လိုက်ကြပြီး တစ်အိမ်တတွဲနှုန်းနဲ့ မျှယူလိုက်ကြရင်း ကိစ္စသိမ်းလိုက်ကြတယ်။

တိတ်ဆိတ်ခြောက်ကပ်ပြီး လူသူမဲ့သွားတဲ့ ဒေါ်ငွေးတို့အိမ်နဲ့ကပ်လျက် ဝင့်ဝါအိမ်ကတော့ ဆူညံရှုပ်ထွေးခြင်း အမှုပွေခြင်း ဒီဂရီက တိုးလို့လာခဲ့တယ်။ ဝင့်ဝါနဲ့ ပေါင်းသင်းလာခဲ့တဲ့ သုံးနှစ်ကျော် လေးနှစ်ကာလအတွင်း တစ်ပတ် တစ်ခါ ပုံမှန်ရောက်လာတတ်တဲ့ ဝင့်ဝါရဲ့ယောကျ်ား ဘီအိုစီပန့်ကိုင်ဟာ အလာ ကျဲသွားတယ်။ ငြီးငွေ့သွားတာပဲ နေမှာပေါ့။ နေရာတကာ မျိုးစေ့လိုက်ချတတ်တဲ့ အထီးသတ္တဝါတွေရဲ့ လက္ခဏာပါပဲ။ အလာကျဲသွားတယ် ဆိုပေမယ့် လာတော့ လာနေတုန်းပဲ။ ပုံမှန် တစ်ပတ် တစ်ခါကနေ နှစ်ပတ် တစ်ခါ။ ထို့နောက် တစ်လ တစ်ခါလောက် ဖြစ်သွားတယ်။ အဲဒီပန့်ကိုင်နဲ့ ဝင့်ဝါ ကလေး တစ်ယောက် ရထားတာ ရှိတယ်။ ခုနစ်ယောက်ထဲက အငယ်ဆုံး တစ်ယောက် ပေါ့။ လုံးတုံးတုံး အသားဖွေးဖွေးဆိုပေမယ့် ဝမ်းလျှောမှောက်သွားတတ်တဲ့ အရွယ်ကနေစပြီး ညစ်ပတ်နံစော်နေတဲ့ စမ်းရေလမ်းပေါ် နွေ့စဉ် ပွတ်တိုက် တွားသွားနေခဲ့တော့ လူထက် ဝက်မဲကလေးတစ်ကောင်နဲ့ ပိုတူနေတယ်။

သူလာတဲ့အခါတိုင်း တစ်ခန်းတည်းရှိတဲ့ ဝင့်ဝါရဲ့အိမ်ကို အလယ်ကနေတိပြီး စောင်နဲ့ကာချ အခန်း ကန့်လိုက်တယ်။ ကလေးတွေကို တစ်ဦးချင်းစီကျ စမ်းရေအိမ်ဆိုင်မှာ မုန့်ဝယ်စားဖို့၊ မုန့်ဝယ်စားပြီးတဲ့နောက် အိမ်ပေါ်တက်မလာဖို့

မုန့်ဖိုးတွေ ပေးရတယ်။ မုန့်ဖိုးကိုယ်မီရပြီးတဲ့နောက် အမြီးတောင် မမြင်ရလောက်အောင် လျင်မြန်လှတဲ့အဟုန်နဲ့ အိမ်ပေါ်ကနေ ခုန်ဆင်းပြေးသွားကြပြီဆိုတော့မှ မီးမွေးဖို့အတွက်လောက်နဲ့လည်း ထရံစတွေကို ဆွဲနုတ်ယူထားလွန်းလို့ ဟာလာဟင်းလင်းနီးနီးဖြစ်နေတဲ့ အိမ်တံခါးကို စိတ်လုံခြုံမှုသက်သက်အတွက် ထပိတ်တယ်။ ပြီးတော့ အတူနေကြတော့တာပဲ။ တစ်ခါတလေ နေ့လယ်ခင်းတွေမှာတောင် သူတို့အသံတွေက လမ်းပေါ် အော်ဟစ်ဆော့ကစားနေတဲ့ ကလေးတွေအကြားထိ ရောက်လာတတ်တယ်။ အဲဒါဟာ အထူးအဆန်းတော့လည်း မဟုတ်ပါဘူး။ ထို့နောက် ပန့်ကိုင်ဟာ တစ်ည နှစ်ည အိပ်ချင်အိပ်မယ်။ တချို့နေ့တွေမှာတော့ ကိစ္စပြီးပြီးချင်း ပြန်သွားတာတောင် ရှိတယ်။ အဲဒီကိစ္စအတွက် သက်သက်ကို လာတဲ့သဘောပေါ့။ ပြောရရင် ဝင့်ဝါဟာ ကွမ်းတပျစ် ပျစ်၊ နှုတ်ရေးကြမ်းကြမ်း၊ အနေအထိုင်ပက်စက် (ကိုပန့်ကိုင်လာမယ့်နေ့တွေက လွဲရင်) မဖြီးမလိမ်း မပြင်မဆင်ဆိုပေမယ့် ကိုယ်လုံးကိုယ်ပေါက် အချိုးကျကျ အသားလတ်လတ် နှုတ်ခမ်းထူထူနဲ့မို့ တော်ရုံလိင်မှုကျူးချင်တဲ့ ယောကျ်ားတွေအတွက်တောင် စွဲမက်စရာအနေအထားရှိတယ်။

တချို့နေ့တွေမှာ လမ်းထဲကို ထောင်ထောင်မောင်မောင်းနဲ့ပန့်ကိုင် ဝင်လာလှစ်ခနဲ အိမ်ပေါ်ပြေးတက်၊ အကြောင်းသင့်လို့ ကလေးတွေ အိမ်ပေါ်မှာရှိနေရင် ကလေးတွေလည်း ဝုန်းခနဲ ပြေးဆင်းလာရ။ ပြီးတော့ ဗလုံးပထွေးဖြစ်နေတဲ့ တောင်းဆိုခြင်း၊ ပေးဆပ်ခြင်း၊ ကျေနပ်ပီတိဖြစ်ခြင်း၊ ခံရခက်ခြင်း၊ ဆာလောင်ခြင်း စသဖြင့် အထူးထူးသော အသံဗလံတွေ ကြားရတော့တာပဲ။ ပြီးတော့ နှစ်ယောက်သား အိမ်အောက်ကို ခပ်တည်တည်နဲ့ ပြန်ဆင်းလာ၊ ဝင့်ဝါနဲ့ ကလေးတွေအတွက် တစ်ပတ်စာ နှစ်ပတ်စာ အိမ်အသုံးစရိတ် ပေးသွားပြီးတဲ့နောက် အဲဒီလူဟာ နာရီပိုင်း နေ့ချင်းပြန် ပြန်သွားတဲ့နေ့တွေတောင် ရှိခဲ့ပါတယ်။

အဲဒီလိုနဲ့ လေးနှစ်တာကာလကို ဖြတ်သန်းပြီး ကလေးတစ်ယောက်ရပြီးတဲ့နောက် အဲဒီလူ အလာကြဲသွားတယ်။ အလာကြဲသွားတဲ့နောက် ကလေးခုနစ်ယောက်နဲ့ ဝင့်ဝါဟာ ဒုက္ခများလာတယ်။ ဘယ်ကလေးကိုမှ ကျောင်း မထားလို့ ကျောင်းစရိတ်မကုန်ကျပါဘဲ ခုနစ်ယောက် စားစရိတ်နဲ့တင် သူ့မှာ ဗျာများလာရတယ်။ နဂိုကမှ လမ်းရဲ့ ဆည်းလည်းလေးတွေ (မင်းကွန်းခေါင်းလောင်းလောက်ရှိမယ့် ဆည်းလည်းတွေပေါ့) ဖြစ်နေတဲ့ သူ့ကလေးတွေ ဟာ အစာငတ်လာတဲ့ ဝက်ကလေးတွေလို လမ်းလယ်ခေါင် ကုန်းခေါင်ခေါင် ရေနစ်နေကြသလို ကူးခပ်နေရင်း အော်ဟစ်နေကြတော့တာပါပဲ။ ဆယ့်သုံးနှစ်အရွယ် အကြီးဆုံးမလေးကတော့ သိတတ်ရှာတယ်။ လမ်းပေါ် အော်ဟစ်ငိုယိုနေ ကို သူရဲ့ မအေတူ ဖအေကွဲ မောင်ငယ်ညီမငယ်ကလေးတွေကို ဆိုင်ကနေ စက်ဘီး အသွားအလာကနေ လွတ်အောင် လက်နှစ်ဖက်ကနေ တစ်ခါတလေ လည်း ခြေထောက်နှစ်ဖက်ကနေ တရွတ်တိုက်ဆွဲလို့ အိမ်ထဲ

ပြန်ပြန်သွင်းပေး ရှာတယ်။

ဝင့်ဝါဟာလည်း အဲဒီလပိုင်းတွေမှာ ကလေးတွေနဲ့ သူရဲ့ရှေ့ရေးကို ပူပန်တွေးတောရင်း ရန်ဖြစ်ခြင်း၊ ဆဲဆိုခြင်းတွေတောင် နည်းနည်းလျှော့လို့ ငြိမ်သက်လာနေခဲ့ရတယ်။ လျှောက်တက်လိုက်တိုင်း တအီအီ တကျွီကျွီမြည်နေတဲ့ ဝါးကြမ်းခင်းစိပ်စိပ်ကလေးပေါ် ဒူးတစ်ဖက်ထောင်၊ တစ်ဖက်က အိမ်အောက်ကို တွဲလွဲချ၊ ထောင်ထားတဲ့ ဒူးပေါ် မေးကိုထောက်ထားတဲ့ လက်ကို တင်ထားရင်း ငိုနေတဲ့ ဒါမှမဟုတ်လည်း ငိုလို့မောသွားတော့ ထွေပစ်ဆော့နေကြပြန်တဲ့ သူ့ကလေးတွေကို ငေးရင်း တစ်ခုခုတော့လုပ်မှ ဖြစ်တော့မယ်လို့ တွေးနေမိတယ်။ ဒါပေမဲ့ သိပ်အစိုးရိမ်ကြီး ပူပန်စရာမျိုးတော့လည်း မဟုတ်ပါဘူး။ အဲဒီအတွေ့ အကြုံမျိုးက သူ့မှာ အကြိမ်ကြိမ် ရှိခဲ့ပြီးသား။

အရင့်အရင် လင်တွေတုန်းကလည်း အချိန်ကာလတစ်ခုကို ရောက်လာတော့ အကြောင်းအမျိုးမျိုးသော အကြောင်းတွေကြောင့် သူ့ကို ကလေး တစ်ယောက် သို့မဟုတ် နှစ်ယောက်လောက်နဲ့ ပစ်ထားခဲ့ကြတာပဲ။ ပြောရရင် အဲဒီလင်တွေရဲ့ အချိန်ကာလတွေထဲ အခုလက်ရှိ အနေးနဲ့အမြန် ထားသွား တော့မယ့် လက်ရှိလင်က သူနဲ့ အချိန်အကြာဆုံး နေခဲ့တာပဲ။ တချို့ဆိုရင် သုံးလေးလလောက် အတူနေ ဗိုက်ထဲကမျိုးစေ့ဘဏ်ဆီ မျိုးစေ့အပ်နှံပြီးတဲ့နောက် ထွက်သွားလိုက်ကြတာ ကလေးမျက်နှာတောင် ကြည့်သွားကြတာ မဟုတ်ဘူး လေ။ ဒီတော့ ဝင့်ဝါဟာ သူ့ကို စိတ်ကုန်ငြီးငွေ့စပြုနေတဲ့ ကိုပန့်ကိုင်ကို နာကျည်းတာတို့ ဒေါသထွက်တာတို့လည်း မခံစားရဘူး။ သူကိုယ်တိုင်တောင် မသိတဲ့ သာမန်မိန်းမတစ်ယောက် ဘယ်နည်းနဲ့မှ နားလည်နိုင်ဖွယ်မရှိတဲ့ စိတ်သဘောထား မြင့်မြတ်မှုမျိုးနဲ့ ပန့်ကိုင်မပါတော့တဲ့ သူနဲ့ သူ့ကလေးတွေရဲ့ အနာဂတ်ဟာ ဘယ်လိုပါလိမ့်လို့ ပန့်ကိုင်ပြန်သွားတဲ့ နေ့တိုင်းမှာ ထိုင်ထိုင်တွေးနေရတော့တယ်။ သို့သော်လည်း စမ်းရေလမ်းရဲ့ သန္ဓေစရိုက်ကိုက ကိစ္စတစ်ခုခုကို ကြာရှည်မြင့်အောင် တွေးတောဆင်ခြင်နေလို့ရတဲ့ ပတ်ဝန်းကျင် တော့လည်း မဟုတ်ဘူးလေ။

တစ်ခုသော သောကြာနေ့တစ်နေ့ရဲ့ နေဝင်ဖျိုးဖျမှာ ပန့်ကိုင်ဟာ အရင်နေ့တွေလိုပုံစံနဲ့ပဲ ရောက်ရှိလာတယ်ဆိုပေမယ့် နောက်ဆုံးတစ်ခေါက်အနေနဲ့ ရောက်ရှိလာခဲ့တယ်။ ဝင့်ဝါဟာ အဲဒါကို ရိပ်စားသိနေပေမယ့်လည်း မသိသလို နဲ့ပဲ အိမ်တစ်ခြမ်းကို စောင်နဲ့ ကာဖို့လုပ်နေလိုက်တယ်။ သူအဲဒီလိုလုပ်နေတာကို မြင်တဲ့ ပန့်ကိုင်ဟာ အရင်တုန်းကလို စောင်ကို ကူဖြန့်နေရင်း ခါးကို နောက်က ကျစ်နေအောင် ဖက်ထားရင်း ရမ္မက်ပြင်းပြင်းနဲ့ ကုပ်သားတွေကို နမ်းတာရှုပ်တာ ထမိန်စကို ဖြေလျှော့နေတာတွေ မလုပ်တော့ဘဲ လက်နှစ်ဖက်ကို ကြမ်းမှာ နောက်ပြန် ရမ်းရမ်းကြီးထောက်ရင်း သူ့ကို ငေးကြည့်နေတယ်။ ထို့နောက် နောက်ဆုံးအကြိမ်အနေနဲ့ စိတ်မပါလက်မပါ ချစ်ဗျူဟာ ကျင်းကြတယ်။

နှစ်ယောက်စလုံးဟာ လုပ်နေကျအမှုကို သာမန်ပြုနေရင်း ခေါင်းထဲကနေ သီးခြားစီဖြစ်တဲ့ ကိုယ့်အနာဂတ်ကို ကိုယ်ပုံဖော်နေကြတာမို့ အထွင့်အခေါင်ကို တော်တော်နဲ့မရောက်၊ ကမ္ဘာ့အရှည်ကြာဆုံး ချစ်ပွဲဝင်မှုတစ်ခုအဖြစ် မှတ်တမ်းတင်ရတော့မလောက်အောင်ပါပဲ။ အဲသလောက် ကြာမြင့်လာတာကို သူတို့ကိုယ်သူတို့ ပြန်သတိထားမိလာတော့မှ ခပ်မြန်မြန် အဆုံးသတ်ပြီးတဲ့နောက် ပန့်ကိုင်ဟာ ဝင့်ဝါကို ကျောပေး စီးကရက်တစ်လိပ် ထုတ်သောက်နေရင်း မီးခိုးတွေကို ကြည့်လို့ ပြောတယ်။

"ငါ ပြောင်းရတော့မယ်။ တရုတ်ကြီးကိုလည်း ခေါ်သွားလိုက်မယ်" တဲ့။

တရုတ်ကြီးဆိုတာ သူနဲ့ရတဲ့ နှစ်နှစ်ခွဲ သုံးနှစ်အရွယ် အငယ်ဆုံးကောင်လေးပေါ့။ ဝင့်ဝါဟာ ဘာမှပြန်မပြောဘဲ သူ့ယောကျ်ားရဲ့ အင်္ကျီဗလာ ကျောပြင်ကြီးကိုသာ ငေးနေတယ်။ ထွက်သွားတော့မယ်ဆိုတာသိပေမယ့် ကလေးကိုပါ ခေါ်သွားမယ်လို့ သူ မမျှော်လင့်ခဲ့ဘူး။ သူ့အတွေ့အကြုံထဲမှာ အဲဒါမပါခဲ့ဘူးလေ။ ဒါပေမဲ့ သူနဲ့ကျန်နေခဲ့တာထက် ခေါ်သွားတာက သူ့အတွက်ရော ကလေးအတွက်ပါ ပိုကောင်းတဲ့ကိစ္စမှန်း သူသိပါတယ်။ အဲဒီတော့ သူ တစ်ခွန်းမှ မပြောဘူး။ တိတ်ဆိတ်နေခဲ့တယ်။ အဲဒီနောက်တော့ ပန့်ကိုင်ဟာ နောက်ဆုံးအနေနဲ့ သူ့ခါးပတ်အိတ်ထဲကနေ တစ်ထောင်တန်အုပ် သုံးအုပ် ဝင့်ဝါ ရှေ့ ချပေးလိုက်ရင်း အင်္ကျီအဝတ်အစား ပြန်ဝတ်တယ်။ စကားတစ်ခွန်းမှ ထပ်မဆို တော့ဘဲ အိမ်ပေါ်ကနေ ဆင်းတယ်။ ထို့နောက် မှောင်ရီပျိုးထဲ မည်းမည်း သည်းသည်း ကလေးခုနစ်ယောက်ထဲက သူ့ကလေးကို မှန်အောင် ရွေးကောက် ယူသွားခဲ့နိုင်ခဲ့ပြီး ထာဝရ ပျောက်ကွယ်သွားခဲ့တော့တယ်။

အိမ်ရှေ့က ကလေးတွေဟာ သူတို့ရဲ့ပထွေးက သူတို့ရဲ့ အထွေးဆုံး မောင်လေးညီလေးကို ကောက်ပြီး ထွက်သွားတာကို ကြည့်ရင်း နားမလည်နိုင် ဖြစ်နေလို့ အိမ်ပေါ် တက်လာကြတယ်။ အိမ်ပေါ်မှာတော့ သူတို့ဘဝ တစ်လျှောက်လုံး ဘယ်တုန်းကမှ မမြင်ဖူးခဲ့တဲ့ မြင်ကွင်းတစ်ခုကို မြင်လိုက်ရလို့ ပိုပြီးတော့တောင် နားမလည်နိုင် ဖြစ်သွားကြတယ်။ သူတို့အမေ ငိုနေခဲ့တာလေ။ ဝင့်ဝါဟာ သူ့ရှေ့က ပိုက်ဆံအုပ် သုံးအုပ်ကို ငေးကြည့်ရင်းနဲ့ မျက်ရည်တွေ ကျနေခဲ့တယ်။ ပန့်ကိုင်ကို သူ မလွမ်းပါဘူး။ သူ့အတွက် ယောကျ်ားဆိုတာ ဘာမှမထူးဆန်းဘူး။ အကုန်လုံး အတူတူချည့်ပဲ။ ဒါပေမဲ့ ဘယ်လိုပဲ ပစ်စလတ်ခတ်မွေး ပစ်စလတ်ခတ် ထားခဲ့တယ်ဆိုပေမယ့် တရုတ်ကြီးလေးဟာ သူ့ဗိုက်ထဲကနေ ထွက်သွားတဲ့ သူ့သားလေးလေ။ အဲဒီကလေးကို သူ ဘယ်တော့မှ ထပ်မြင်ရတော့မှာ မဟုတ်ဘူးဆိုတာ သူသိနေခဲ့တာကိုး။ ပထမ တော့ မျက်ရည်က သူ့အလိုလို ကျလာလို့ ငိုရတာပဲ။ အဲဒီနောက်တော့ သူ ရှိုက်ရှိုက်ပြီး ငိုတယ်။ သူတို့အမေ ငိုတာကို တစ်ခါမှ မမြင်ဖူးကြတဲ့ ကလေး တွေဟာလည်း အလိုလို

ဝမ်းနည်းလာကြပြီး သံပြိုင်ငိုကြတယ်။ မှောင်သွားပြီ ဖြစ်တဲ့ စမ်းရေလမ်းထဲ အဲဒီတစ်ရက် ဝင့်ဝါတို့အိမ်က ငိုသံများဟာ ဒေါ်မိမိတင် အိမ်က ကြောင်အုပ်ကြီးရဲ့ ပြာသိုလအတွင်းက ဖိုသံမသံလိုပဲ စိတ်ညစ်ညူးစရာ အလွန်ကောင်းနေခဲ့ပါတယ်။

နောက်ရက်တွေမှာတော့ ပုံမှန်အတိုင်း နေ့စဉ်နေ့စဉ် သုံးရေချိုး ရေညစ်ပတ်တဲ့ ရေတွေ လမ်းပေါ်ကို စီးဆင်းလာသလို ဝင့်ဝါကိုယ်တိုင်တောင်မမှတ်မိတော့တဲ့ အကြွေးရှင်တွေဟာ သူ့အိမ်ရှေ့ကို ရောက်ရှိလာခဲ့ကြတယ်။ အိမ်ရှေ့တံခါးပိတ် ဘေးပြတင်းပေါက်ကနေ ကျော်ထွက် ကျော်ဝင် လုပ်ရတာ များလာတော့ ပြတင်းပေါက်တံခါးက အပေါ်ပတ်တာပြုတ် အောက်ပတ်တာရွဲ့လို့ တခြမ်းစောင်းကြီးကျနေလေတော့ အကြွေးရှင်တွေကိုယ်တိုင်က ပြတင်းပေါက်က နေ လှမ်းချောင်းရမယ် ဆိုတာကို သိလာကြတယ်။ ပြေးစရာ မြေမရှိ၊ ပုန်းစရာ ကျင်းမရှိတော့တဲ့ အခြေအနေကနေ ရုန်းထွက်ဖို့ နည်းလမ်းပေါင်းစုံ သူစဉ်းစားခဲ့ ပါတယ်။

တချို့နေ့တွေမှာ ဝင့်ဝါဟာ မြို့ထဲထွက် ပိုက်ဆံရမယ့် ဘာဖြစ်ဖြစ် တစ်ခုခုလို့တွေးပြီး လမ်းတွေလျှောက်နေရင်း ပေစောင်းစောင်း စောင်းငန်းငန်းနဲ့ အချိုးမကျစွာ တောင်သွားမြောက်သွားလုပ်နေတဲ့ ကိုကြည်နုကို တွေ့မိတော့ ဘာပဲဖြစ်ဖြစ် သူ့မယားကို သေတပန်သက်တဆုံးဖြစ်အောင် ရှာကျွေးနေတဲ့အဖြစ် ကို တွေးမိပြီး ညီမှာ့ကိုတောင် မနာလိုဖြစ်မိသွားတယ်။ ပြီးတော့ ငါလည်း သူ့လို တောင်းစားရမလားမသိဘူးလို့တောင် အတွေးဝင်ခဲ့ဖူးတယ်။ ဒါပေမဲ့ ဝင့်ဝါဟာ သူ့မှာ ဘာရှိလဲ သူသိပါတယ်။ ကလေးခုနစ်ယောက် မွေးထားပြီးပေ မယ့် ဗိုက်နည်းနည်းပူတာ၊ ဗိုက်ခေါက်ပြင်ကြီးလာတာ၊ ခါးကလည်း တုတ်ရာက တစ်ဆင့် ခါးပျောက်တဲ့အဆင့်အထိ ရောက်လုနီးနီးဖြစ်နေပြီဆိုပေမယ့် သူ့ရဲ့ ငုပ်လျှိုးကျန်နေသေးတဲ့ ဆွဲဆောင်မှုအနည်းငယ်နဲ့ တန်ရာတန်ရာ ညွတ်ကွင်းတချို့ တည်ဆောက်ပြီး ငွေရှာဖို့ အစွမ်းကုန်အောင် ကြိုးစားလုပ်ဆောင်ခဲ့ပါသေးတယ်။ ကံဆိုးတာက သူတောင် ဒီအခြေအနေရောက်မှ ထုတ်သုံးရတဲ့ လမ်းစဉ်တွေ အကွက်တွေကို အသက်ဆယ့်သုံးနှစ်သာသာပဲ ရှိသေးတဲ့ သူ့သမီး အကြီးဆုံးမ လေးကပါ လိုက်တဲ့အပြင် သူ့လမ်းစဉ်ထက်ပါ ပိုစောင်းနေလို့ စိတ်ရှုပ်စရာ ပိုဖြစ်ခဲ့ရတယ်။

ငယ်ငယ်တုန်းကတော့ မဲမဲကျုတ်ကျုတ်ကလေးဖြစ်နေလို့ မိန်းကလေး တစ်ယောက်ကို နာမည်ပြောင်ကလေးအနေနဲ့ ဆိုရင်တောင် မခေါ်ဝေါ် မပြသင့်တဲ့ "မဲကြီး" ဆိုတဲ့ နာမည်ရထားတဲ့ ဝင့်ဝါသမီးအကြီးဆုံးမလေးဟာ စမ်းရေလမ်းထဲ နေခဲ့စဉ်တစ်လျှောက်လုံးမှာ သူ့ထက် နှစ်နှစ် သုံးနှစ်လောက်သာကြီးတဲ့ သီသီမေ့ရဲ့ဘဝကို အားကျနေခဲ့တာ။ သီသီမေ့မှာ မောင်တွေနှမတွေ မရှိတော့ ထိန်းဖို့သိမ်းဖို့ နပန်းလုံးနေဖို့ တာဝန်မရှိ။ သူ့မှာတော့

တစ်နေ့တစ်နေ့ သူ့အမေ တပြွတ်ပြွတ်မွေးတဲ့ ကလေးပင်လယ်ကြားမှာ မြုပ်ချည်ပေါ်ချည်နဲ့ ကလေးလိုလို လူကြီးလိုလို ဟိုမရောက်ဒီမရောက် ရှင်သန်ခဲ့ရတာ။ သူ့ရဲ့ မအေတူ ဖအေကွဲ မောင်ငယ်ညီမငယ်လေးတွေကို သူ့အမေထက် သူက ပိုပြီး ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတာ ဖြစ်ပြီး၊ အဲဒီ သူ့မောင်လေး ညီမလေးတွေ တစ်ခုခုအချိုးမကျတာ၊ ဆူပူဆဲရေးတာ၊ မြေကြီးကောက်စားတာ၊ ခွေးသေးစီးကြောင်းကို လျှာနဲ့ယက်တာ စသဖြင့်စသဖြင့်သော ချောက်ချားဖွယ်ရာ ကိစ္စအမှုတစ်ခုခုပေါ်လာတိုင်း သူချည့် ထိပ်က ဦးအောင် အဆော်ခံခဲ့ရတာပဲ။ ဝါးခြမ်းပြားနဲ့ ဖင်စုတ်အောင် အရိုက်ခံရ၊ ဆံပင်ကဆွဲဆောင့်ပြီး ဖိနပ်နဲ့ ပါးရိုက် ခံရ၊ နဘန်အကျင်း ခံရ၊ ပေါင်တွင်းကြော ဆွဲအလိမ်ခံရ သူ့အမေ ဒေါသဖြစ်တိုင်း အလိုမကျတိုင်း ရိုက်လောက်နှက်လောက်တဲ့အရွယ်က သူပဲရှိတော့ သူချည့် ကြိတ်ခံခဲ့ရတာလေ။

သူ့အမေကို ပန်းကိုင် ပစ်သွားပြီးတဲ့နောက်မှာ မဲကြီးဟာ အပျိုဖော်ဝင်နေပြီ။ သီသီမေ အလုပ်သွားအလုပ်ပြန် လမ်းထဲလျှောက်နေတဲ့ ပုံရိပ်တွေကို ငေးနေရင်း သူလည်းပဲ အပြင်မှာ အလုပ်တစ်ခုခုလုပ်နိုင်တာပဲလို့ အမြဲစဉ်းစားနေ ခဲ့ဖူးတာ။ ဒါပေမဲ့လည်း သူ့အမေဟာ သူ့ကို အပြင်အလုပ်ရယ်လို့ ဘယ်တုန်းကမှ မခိုင်းခဲ့ဖူးတော့ ဘာလုပ်ရမယ် သူလည်းမသိဘူး။ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ အပျိုစိတ်ဝင်နေတဲ့နောက် ငယ်နာမည် မဲကြီးလေးဟာ နာမည်နဲ့ အတော် ကွာကွာဝေးဝေးထိ ရှောက်အောင် ညိုညိုစိမ့်စိမ့်ကလေးနဲ့ အလှဖူးသစ်လို့ နေခဲ့ပြီ။ ဒါ့အပြင် သူ့အမေနဲ့ သူ့ပထွေးတို့ရဲ့ အနေအထိုင်ပက်စက်မှုများနဲ့ လက်ပွန်း တတီး ဖြစ်နေခဲ့တာတွေ၊ လမ်းထဲမှာ သူ့အမေအပါအဝင်ဖြစ်တဲ့ ရန်ပွဲတွေမှာ ကြားရတဲ့ ပေါင်ကြားက စာသားတွေအကြားမှာနေထိုင်ကြီးပြင်းခဲ့ရတာတွေကြောင့်သူ့ရဲ့စိတ်အာရုံမှာရှိနေတာတွေပ ဖြစ်လို့နေခဲ့တယ်။

အဲဒီရက်တွေမှာ ဝင့်ဝါဟာ အကြွေးရှင်တွေကို ရှောင်တာကလည်းတစ်ဖက်၊ ကြွေးသစ်ရဖို့ ခြေဆန့် ရှာဖွေရတာလည်း တစ်ဖက်၊ သားသမီး ခြောက်ယောက်နဲ့ ဖြတ်သန်းရမယ့်နေ့ရက်များအတွက် အလုပ်တစ်ခုခုတော့ ရှာရ မယ်ဆိုတဲ့ အတွေးကလည်းတစ်ဖက်၊ အဖက်ဖက် ထောင့်စုံတဲ့ စိတ်ပွေလီစရာတွေ နဲ့ပဲ လမ်းထဲကနေ ပျောက်ဆုံးနေခဲ့တယ်။ နောက်ဆုံး ထောက်ပံ့ကြေးအနေနဲ့ ရလိုက်တဲ့ သုံးသိန်းဆိုတာကလည်း အနီးကပ်ဆုံး အကြွေးရှင်ဖြစ်တဲ့ ဒေါ်မိမိတင် တစ်ယောက်တည်းနဲ့တင် သုံးပုံနှစ်ပုံ ချောသွားခဲ့တယ်။ ဘယ်အကြွေးရှင်ကို ဘယ်လိုပဲ ရှောင်တိမ်းနိုင်နိုင် သူ့ကိုတော့ ဘယ်နည်းနဲ့မှ ရှောင်လွှဲမရဘူးကိုး။ မနက်ခင်းအစော လေးငါးနာရီဆိုရင် မဲကြီးလေးကို နှိုး၊ ကလေးတွေကိုကြွေးဖို့ မနက်စာ နေ့လယ်စာအတွက် ဈေးဖိုးပေးခဲ့တယ်။ မလောက်ငှလည်း စမ်းရေဆိုင် ကပဲ အကြွေးယူပေါ့။ စမ်းရေဆိုင်က ဒေါ်စန်းရဲ့ အကြွေးမှတ်တဲ့ ဗလာစာအုပ်မှာ

လည်း ဝင့်ဝါဆိုတဲ့ ခေါင်းစဉ်အောက်ကစာရင်းဟာ စာမျက်နှာ နှစ်မျက်နှာကျော် လို့ သုံးမျက်နှာထဲ ဝင်စပြုပြီမို့ မဲကြီးလေးမှာ စိတ်လက် မအီမသာဖြစ်နေခဲ့ရတာ ကြာနေပါပြီ။

"အမေဆပ်မှာပါလို့ သေချာပြောနော် တစ်ရက်နှစ်ရက်ပဲလို့" ဝင့်ဝါဟာ အဲသလိုမှာပြီးတဲ့နောက် ဝေလီဝေလင်းကြီးမှာ ထွက်သွားတတ်တယ်။ တစ်ပတ် နှစ်ပတ် သုံးပတ် ထိုကနေ တစ်လလောက်နီးနီး အိပ်ချိန်ပဲ လမ်းထဲကို သူ ပြန်လာနိုင်တယ်။ တစ်ရက်သား ညဆယ့်တစ်နာရီခွဲလောက်ကြီးနဲ့ စိတ်မော လူမောနဲ့ သူပြန်လာခဲ့တဲ့အချိန် ဒေါ်မီမီတင်အိမ်ဘေးက အမှိုက်ပုံရှိတဲ့ ခြံဝိုင်း အလွတ်ထဲမှာ သစ်ပင်နဲ့ မြက်ဖုတ်တွေကြား ဇော်မောင်နဲ့ မဲကြီးထိုင်ပြီး တိုးတိုး ကြိတ် စကားပြောနေတာတွေကို တွေ့လိုက်ရတယ်။

ဝင့်ဝါဟာ အဲဒီလို ဆင်တူအဖြစ်မျိုးကို ပထမဆုံးအကြိမ် ကြုံရတာတော့ မဟုတ်ဘူး။ တချို့ရက်တွေမှာ သူအိမ်ပြန်နောက်ကျတိုင်း အိမ်ထဲရောက်တဲ့အခါ တစ်ယောက်လည်ပင်းပေါ် တစ်ယောက် ခြေထောက်တင်လို့ ခရုခွံပမာ လိမ်ကျစ် ခွေခေါက်အိပ်နေကြတဲ့ ကလေးတွေနံဘေး ထိုင်ချလိုက်မိမှ သုတ်သုတ်နဲ့ အိမ်ပေါ်တက်ချလာတတ်တဲ့ မဲကြီးလေးကိုတွေ့ရတာ သုံးလေးခါမက ရှိနေခဲ့ပြီ။ ဒါပေမဲ့ သူ့ကိုယ်တွင်းမှာရှိနေတဲ့ ကြီးစွာသောရှေ့ရေးတွေး စိုးရိမ်မှုအပူကြောင့်ညအချိန်မတော်ကြီး သူပြန်ရောက်မှ အိမ်ပေါ်တက်လာတဲ့ မဲကြီး ဘယ်တွေ သွားပြီး ဘာတွေလုပ်နေတယ် ဆိုတာကို လွယ်လွယ်လေး သဘောပေါက်သင့်ပေ မယ့် ရှေ့ဆက်မတွေးအားဘူး ဖြစ်နေခဲ့တယ်။ အခုအကြိမ်ကတော့ ပထမဆုံး အကြိမ် ပက်ပင်းကြုံရတာပေါ့။

"ဟဲ့ မဲကြီး အဲဒါ ဘာလုပ်နေတာလဲ"

သူမေးလိုက်တော့ မဲကြီးဟာ ထဘီပြင်ဝတ်တယ်။

"ဩော်…အမေ" ဆိုပြီး ထူးတယ်။ ထို့နောက် သူ့ကို တစ်ချက် ကြည့် ဇော်မောင့်ကိုလည်း တစ်ချက်ကြည့်ရင်း ဘာမှမဟုတ်သလို ခြံရှေ့ ပြန်ထွက်လာတယ်။ သားအမိနှစ်ယောက်သား ဘာမှမပြောကြဘဲ အိမ်ဘက် ပြန်ခဲ့ကြတယ်။ ဇော်မောင်ကတော့ ပြုံးစိစိနဲ့ ကျန်ခဲ့တာပဲ။ အပူနဲ့ ပင်ပန်း နွမ်းနယ်မှုနဲ့ ဝင့်ဝါဟာ အခြေအနေကိုရိပ်စားမိပေမယ့်လည်း အဲဒီအချိန်အထိ လုံးစေ့ပတ်စေ့သဘောပေါက်ဖို့ မတွေးနိုင်အားသေးဘူး။ စကားပြောနေရုံဆိုတော့ လွန်လွန်ကျူးကျူးဖြစ်လောက်တဲ့ အခြေအနေမဟုတ်လောက်ဘူးလို့ပဲ သတ်မှတ် လိုက်တယ်။ ပြဿနာဆိုရင်တောင် နောက်မှရှင်းရမယ့် ပြဿနာတစ်ခုပဲလို့ တို့မှတ်ထားလိုက်ပြီး ရှည်ရှည်ဝေးဝေး ဆက်မတွေးနိုင်အားဘဲ အိမ်ပြန်လာခဲ့တယ်။ လမ်းမှာ မဲကြီးကို "ဒီအချိန်ကြီး ဘာထွက်လုပ်နေတာလဲ ဟင်" လို့ ပါးစပ်နဲ့

တစ်ချက်လောက်ငေါက်၊ လက်က နရင်းကို နှစ်ချက်လောက် အားပါပါ ဆင့်အုပ်တာလောက်နဲ့ စရန်သတ်ထားလိုက်တယ်။

ဒါပေမဲ့ နောက်တစ်နေ့မနက် စမ်းရေအိမ်ဆိုင်မှာတင်နေတဲ့ သူ့အကြွေး စာရင်း ရှင်းမယ်လို့သွားတော့ မဲကြီးတစ်ယောက် အကြွေးအကုန် ဆပ်ပြီးသွားပြီ ဆိုတာ သိလိုက်ရချိန်မှာတော့ မနေ့ညက အမှိုက်ပုံခြံဝိုင်းထဲ မဲကြီးနဲ့ ဇော်မောင် ဘာလုပ်ဖို့ ကြိုးစားနေတယ်ဆိုတာကို ဒက်ထိ သိသွားတော့တယ်။ အဲဒီအကွက် မျိုး သူကိုယ်တိုင် အများကြီး ရွှေ့ခဲ့ဖူးတာကိုး။ ဒီလောက်ထင်ရှားနေတာကို အသိနောက်ကျလေခြင်းလို့ အောက်မေ့ပြီး သူ့ကိုယ်သူလည်း ခွင့်မလွှတ်နိုင်ဖြစ်၊ သူ့ပါးသူလည်း ဘယ်ပြန်ညာပြန် နှစ်ချက်လောက်ဆင့်ရိုက်ပစ်လိုက်တယ်။

သွေးပူလေ့ကျင့်ခန်း စလိုက်တဲ့သဘောပါပဲ။

ဝင့်ဝါဟာ ဒေါသတွေ တလိပ်လိပ်တက်လာရင်း ဇော်မောင်ဆိုတဲ့ ကောင်ကို ချဲမယ်လို့ ဇော်မောင့်အိမ်ရှေ့မှာ လှည်းထောက်ခွပမာ ခြေနှစ်ချောင်း ကားနေအောင် မတ်တတ်ရပ်၊ ထဘီကို တိုတိုပြင်ဝတ်ပြီးကာမှ ရုတ်တရက်ကြီး တန့်သွားတယ်။ သူတော်စင်သူတော်မြတ်တစ်ပါးက သူ့အရှေ့ရောက်လာပြီး ဥာဏ်အလင်းပြတရားဟောတာကို နာခံနေရပုံမျိုးနဲ့ ဇော်မောင့်အိမ်ရှေ့မှာ မတ်တတ်ရပ်ရင်း လမ်းပေါ်က ရေပုပ်အိုင်တစ်ခုကို စိုက်ကြည့်နေတာ အနည်းဆုံး သုံးမိနစ်လောက်တော့ ကြာတယ်။ မျက်လုံးအိမ်က ရေပုပ်အိုင်ဆီမှာ ဆိုပေမယ့် ရေပုပ်အိုင်ကို မြင်ပုံတော့ မရပါဘူး။ အဲဒီနောက် ဆုံးဖြတ်ချက် ကြီးတစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ပုံနဲ့ ဖြုန်းဆို ချာခနဲလှည့်လို့ သူ့အိမ်ထဲ သူပြန်ဝင်သွားခဲ့တယ်။ သူဟာ မဲကြီးကို ဆူဖို့ ဆဲဖို့ ရိုက်ဖို့ နှက်ဖို့လည်း မကြိုးစားတော့ဘူး။ မဲကြီးလေးကို သူ့ရှေ့မှာ ထိုင်ခိုင်းတယ်။ ပြီးတော့ ဘာစကားတစ်ခွန်းမှမဆို မဲကြီးမျက်နှာလေးကိုပဲ ဒီအတိုင်း သူ ထိုင်ကြည့်နေ တော့တယ်။ ဗိုက်ကြီးသည်တစ်ယောက် နာကျင်မှုကို အဆုံးစွန်ခံစားပြီးတဲ့နောက် သူ့ဗိုက်ထဲက ထွက်လာတဲ့ ကလေးကို မေတ္တာအဟုန်ကြီးစွာနဲ့ ကြည့်နေပုံမျိုး။ အဲဒီနောက် သူပြောတယ်။

“မဲကြီး ငါ့သမီးလေးရယ်” တဲ့။

နောက်တစ်နေ့ မနက်ကြီးသုံးနာရီ လူရိပ်လူခြည် မသဲကွဲတဲ့ အမှောင်ထဲ တစ်လမ်းလုံး အိပ်မောကျကောင်းနေတုန်း ဝင့်ဝါတို့ တစ်မိသားစုလုံးဟာ ဆိုက်ကားနှစ်စီးပေါ် လူစီး၊ နောက်ထပ် ဆိုက်ကားနှစ်စီးအပေါ် ပုဆိုးအဟောင်း တွေ ဆာလာအိတ်တွေနဲ့ထုပ်ထားတဲ့ ပစ္စည်းပစ္စယအနည်းကိုတင်လို့ အသံမထွက် လျှို့ဝှက်တိတ်ဆိတ်စွာနဲ့ပဲ လမ်းထဲကနေ ထွက်ခွာသွားကြတော့တယ်။ သူ့ရဲ့ အကြွေးရှင်တွေအပါအဝင် လမ်းထဲကလူတွေဟာ သူတို့မိသားစုကို နောက် ဘယ်တော့မှ မမြင်ကြရတော့ဘူး။

ပြန်ရောက်ရမယ့်အချိန်ကျော်တဲ့အထိ သီသီမေ ပြန်မရောက်သေးလို့ ညိုမာဟာ အိမ်ထဲမှာ သောင်းကျန်းနေပြီ။ တစ်နေ့လုံး အိပ်လိုက် လျှောင်းလိုက် စကြံန်လျှောက်လိုက် ငုတ်တုတ်ထိုင်လျက်လုပ်နေရင်း ညနေစောင်းတော့ သူ လက်ဖက်ရည် ယင်းထနေပြီ။ နှစ်လုံးထီကလည်း သူ တစ်ရာဖိုးအောလိုက်တဲ့ အကွက်က ငါးသုံး၊ ထွက်သွားတာက သုညရှစ်၊ နှစ်လုံးစလုံး ပါဝါချိန်းတယ်။ မအေဘေး ကြည်နုလည်း လာပေ့စေဦး။ ဒင်းက ငါးတစ်လုံးအပိုင်ဆိုလို့ ဒေါ်ဖိုလ်မပေးတဲ့ သုံးတစ်လုံးနဲ့ ကပ်လိုက်တာ။ သူတောင်းစား ပြောလိုက်ရင် ဘိုင်သေ ဘိုင်သေ ဆိုတာချည့်ပဲ။ နင့်မေသက်ပက် ဘိုင်သေ ပါလားလို့ တစ်ယောက်တည်း ကော်ကော်ဆဲနေမိတယ်။

ကြည်နု ပြောလို့ နောက်ဆုံးရလိုက်တာဆိုလို့ လွန်ခဲ့တဲ့ သုံးလက "ငါ့အိပ်မက်ထဲခွေးတွေလိုက်လို့ ပြေးလိုက်ရတာဟာ" ပြောလို့ ခွေးက "နှစ်" လိုက်က "လေး" "နှစ်လေး" အာ တစ်ရာဖိုးဆီထိုးပြီးမှ နေစမ်းပါဦး ခွေးကလည်း နှစ်၊ ကိုက်တာကလည်း နှစ်၊ နှစ်ပူး ငါးဆယ်ဖိုးလောက်တော့ ရုံလိုက်ဦးမှဆိုပြီး သတိရှိရှိ ထိုးလိုက်မိလို့ ညနေကျတော့ နှစ်ပူးတဲ့။ အဲဒါ နောက်ဆုံးရလိုက်တာပဲ။ သူတောင်းစားလည်း တစ်နေ့တစ်နေ့ ဘယ်လောက် ဖိုးတောင်ထိုးထိုးနေတယ် မသိဘူး။ ဒီရက်ပိုင်းတွေမှာ ပိုက်ဆံကလည်း အရမ်းကျပ်နေတယ်။ စောက်ကောင် က ပိုက်ဆံ ဘယ်လိုပိုရအောင် ကြံဆောင်မယ်လို့ မရှိဘူး။ ဒင်းနဲ့လည်း ခက်တယ်။ အလွန်အပျင်းတစ်ချင်တဲ့ကောင် ဘဝကို အတော်နားမလည်တဲ့ကောင်ပဲလို့ တွေးရင်း ညိုမာ ဒေါသတလိပ်လိပ် တက်လာနေတယ်။ အရင်ရက်တွေဆိုရင်တော့ သူ ဒီလောက်ကြီး တွေးနေချိန်မရပါဘူး။

အမ်ပီသရီးဆောင်းဘောက်က မနက်ကမှ ဖွင့်မယ်လို့လုပ်တော့ ဘာဖြစ်တယ် မသိဘူး။ သီချင်းထည့်တဲ့ စတစ်ချောင်းကပဲဖြစ်သလား ဘောက်ကပဲဖြစ်သလာ မသိ ဖွင့်မရတော့ဘူး။ နို့ဆိုရင် အမ်ပီသရီးဘောက်ကလေးနဲ့ ဆင်သီချင်း ဆိုင်းသီချင်းတွေ ဖွင့်ရင်း ပေါင်တဖြန်းဖြန်းပုတ်ရင်း စည်းချက်လိုက်နေမယ်။ တစ်ချက်တစ်ချက် ခါးချိုး လက်ချိုးတောင် ပက်လက်အိပ်နေရင်းနဲ့ ကျင့်ချင် ကျင့်နေဦးမှာ။ ဒါမှမဟုတ်လည်း...

"ဘဝထိုထို အတွင်းမှာ××× ငိုချင်းရှင်များ ကင်းဝေးပါစေxxx"

"ဖေဖေလည်း ချမ်းမြေ့ပါစေ×××မေမေလည်း ချမ်းမြေ့ပါစေxxx"

လိုက်ညည်းနေဦးမှာ။ စိုးစန္ဒာထွန်းကတော့ သူ့ ဖေးဘရိတ်ပဲ။ သူ့အသံကလည်း စိုးစန္ဒာထွန်းကို မကျော်တောင် မလျှော့ဘူးလို့ ညိုမာက ယုံကြည်တာ။ ယုံကြည် တာနဲ့အမျှ သီချင်းဖွင့်ထားလျက်ကနေ သံသေးသံကြောင်နဲ့ လိုက်ဆိုနေတာပဲ။ ဒေါ်ဖိုလ်မတောင် "ညိုမာ နင့်အသံကတော့ ကောင်းသားဟဲ့" လို့ မနှစ်က

ဖဲရိုက်နေရင်းနဲ့ သူသီချင်းညည်းတာကို နားထောင်ရင်း ပြောလိုက်ဖူးတာ မှတ်မိသေးတယ်။ အဲ့အကြောင်းတွေးမိတော့ သူ စိတ်မကောင်း ဖြစ်မိတယ်။

အမှန်ဆိုရင် သူဟာ ဇာတ်မင်းသမီး သို့မဟုတ် အဆိုတော် ဖြစ်သင့် တာ။ ဘဝကံအကြောင်းမလှတော့ အမေကလည်း အစောကြီး သေသွားတယ်။ သူကလည်း ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ လင်တွေတပွတ်ကြီးရ။ ဘယ်အနုပညာလောကမှ ခြေမချလိုက်ရဘဲ ဘဝရဲ့ သုံးချိုးနှစ်ချိုးကာလကို ရောက်လာခဲ့ပြီး ဒီသောက်သုံးမကျတဲ့ တဲကုပ်မှာနေရင်း ဖွင့်ထားတဲ့သီချင်းနောက် လိုက်ညည်းရတဲ့ အဖြစ်ကို ရောက်နေရတာလို့ ဝမ်းပမ်းတနည်း ဖြစ်နေမိတယ်။ အားတော့လည်း မလျှော့ပါဘူး။ ညိုမြဟာ သူကိုယ်တိုင် ဇာတ်မင်းသမီးမဖြစ်ရတောင် သီသီမေကလေးတော့ ဖြစ်နိုင်သေးတယ်လို့ အားခဲထားတယ်။

သီသီမေလေးက ချောတယ်။ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနဲ့ မျက်တောင်ကြီးတွေဆိုတာလည်း ကော့လို့။ မျက်လုံးဆိုတာလည်း တကယ့်မင်းသမီးမျက်လုံးမျိုး နက်မှောင်တောက်ပလို့။ နောက်နှစ်တော့ မန္တလေးဇာတ်တစ်ခုခုကို ပညာသင်လိုက်စေဦးမယ်လို့ တွေးပြီးသား။ သူ့မှာ ဇာတ်နဲ့ ပတ်သက်တဲ့ အဆက်တွေလည်း ရှိတယ်။ နောက်ဆုံး ဦးကျီးညိုကို အကူအညီတောင်းရင်တောင် ဖြစ်တယ်။ ဦးကျီးညိုက မန္တလေးဇာတ်၊ ရန်ကုန်ဆိုင်းတွေထဲ နှံ့နေအောင် ကျင်လည်ခဲ့တာလေ။ သီသီမေကလေးသာ မင်းသမီးဖြစ်သွားရင် အေးဆေးပဲ။ နောက်ကနေ အထုပ်ပိုက် ငွေလိုက်သိမ်းရုံပဲ။ မင်းသမီးအမေမို့ ဂုဏ်လည်းရှိတယ်။ အကြောင်းသင့်လို့ ဇာတ်မန်နေဂျာတို့ ဇာတ်ဆရာတို့ကများ အဲ မင်းသမီးအမေကပါ အဆိုနိုင်တာပဲ။ လုပ်စမ်းပါဗျာ ဝင်ဝက်ဆိုပေးပါဦး” ဘာညာ စလိုက်လို့ကတော့ အစွမ်းကိုပြလိုက်ဦးမယ်လို့ စိတ်ကူးအပေါ်တောင် စိတ်ကူးပြန်ဆင့်ပြီး ဖြစ်ထွန်းချင်တိုင်း ဖြစ်ထွန်းနေမိတော့တယ်။

သူ့အတွေးနဲ့သူ ကျေနပ်နေမိလို့ လှစ်ခနဲ နှုတ်ခမ်းကလေး တွန့်တွန့်ပြီး ပြုံးလိုက်မိသေးတယ်။ သို့သော်လည်း ကြာကြာမပြုံးနိုင်ဘူး။ အချိန်ရောက်တော့ ခံတွင်းက အရမ်းချဉ်နေပြီ။ လက်ဖက်ရည်လေး ငုံသင့်နေပြီ။ လက်ဖက်ရည် ငုံသင့်နေပြီဆိုမှ အိမ်မှာ တည်ပြီးစားတဲ့ ကွမ်းဗန်းကို ကြည့်လိုက်တော့ ကွမ်းရွက်ရော၊ ကွမ်းသီးရော နည်းနေပြီ။ ထုံးက ရှိကိုမရှိတော့ဘူး။

“အင်း... ဒီကောင်မနဲ့တော့ ခက်ပြီ"

အိမ်အပြင်ဘက်ကိုထွက်၊ လမ်းကိုမျှော်ရင်း သီသီမေ့ကို စောင့်နေလိုက်တယ်။ သီသီမေဆိုတဲ့ကောင်မလည်း အခုတလော တငိုငို တရီရီနဲ့ မူမမှန်ဘူးလို့ ညိုမြ သံသယရှိနေတာ ကြာပြီ။ ကောင်မ အရွယ်မရောက်သေးဘူး လင်ပူမိနေတယ်နဲ့ ကူတယ်။ တစ်ရက်မှ လိုက်ချောင်းဦးမယ်လို့ တေးထားလိုက်

တယ်။ ခုတော့ သူ့ပါးစပ်ဟာ ချဉ်လွန်းလို့ မေးတွေတောင် တောင်နေပြီ။ သူ ဒေါသထွက်လာနေပြီ။ လမ်းထိပ်ကို ဘယ်နှကြိမ်မြောက်မှန်းမသိ လှမ်းမျှော် ကြည့်လိုက်တော့ ဖြည်းဖြည်းနှေးနှေးနဲ့ တရွေ့ရွေ့လာနေတဲ့ ကိုကြည်နုကို လှမ်းမြင်နေရတယ်။ အဲဒီမှာ သူ့ဒေါသက အထွတ်အထိပ်ကို ရောက်တော့တာပဲ။ ကြည်နုတောင် ပြန်လာနေပြီ။ ဒီကောင်မက ဘယ်လင်နဲ့ သွားချိန်းတွေ့ရသလဲလို့ အံတွေကြိတ် လက်ဖဝါးတွေခါ ရင်း "ကောင်မ ပြန်လာရင်တော့အသိပဲ" လို့ကြိမ်း၊ ဝင်းထရံက ဝါးခြမ်းတစ်ချောင်း ကြိုချိုးထားလိုက်တယ်။

*"ပြာရီမှိုင်းကာမို့မို့ ညို့ ညို့ ညိုလွင် ညှင်းလေပြေ သွေးလို့သာ.. အဟွတ်.. အဟွတ်...ဖေးမကူချင်... အဟွတ်"

*"သေချင်းဖိုးရေ မြန်မြန်လာဟဲ့။ ဘယ်တော့ဖြစ်ဖြစ် အသေကောင်လို လုပ်နေတယ်။ ဒီမှာ နင့်သမီး ပြန်မရောက်သေးဘူး။ ဆိုင်လိုက်သွားစမ်း.. အဲ့ကောင်မကြီးကလည်း အချိန်နဲ့ အချိန် မခိုင်းဘူး မိုးကို စုန်းစုန်းချုပ်နေပြီ။ ကလေးကို သေအောင်ခိုင်းနေတယ်... သွား...အလုပ်ရှုပ်နေလည်း ခေါ်ခဲ့...."

ကိုကြည်နုဟာ အိမ်ရှေ့ကလေးတင် မတ်တတ်ရပ်ပြီး ညိုမာပြောနေ တာတွေကို မျက်လုံးပြူးနဲ့ နားထောင်တယ်။

အေး အေး" လို့ တစ်ခွန်းပြန်ပြောပြီး လမ်းအပြင်ဘက် ချာကနဲလှည့်ထွက်လာခဲ့တယ်။

"ဟင်း... ဒီကောင်မလေးကလည်း သူ့အမေအကြောင်း သိရဲ့သား နဲ့..." လို့ သက်ပြင်းချရင်း ညည်းလိုက်သေးတယ်။

"ကြည်နု... လက်ဖက်ရည်ဆွဲခဲ့ဦးနော်.. မြန်မြန်သွား လိပ်လို သွားမနေနဲ့ ...... သွား"

သူ ခေါင်းပဲ ညိတ်ပြလိုက်တယ်။ လမ်းထိပ်ပြန်ရောက်တော့ သူ့ပုံစံ အတိုင်း ဂဂျိုးကဂျောင်ပုံနဲ့ လမ်းပြန်လျှောက်၊ အဲဒီအတိုင်း ပါးစပ်က တလှုပ်လှုပ်နဲ့ တောင်ပြောမြောက်ပြော တိုးတိုးပြောရင်း တောင်ခြေဘက် ထွက်ခဲ့တယ်။ ထမင်းဆိုင်ရောက်တော့ ဆိုင်တောင် ပိတ်ထားပြီ။ ဆိုင်ရှင်မိန်းမက ဆိုင်ရှေ့မှာ ပက်လက်ကုလားထိုင်နဲ့ထိုင်ရင်း ကြည်နုကိုတွေ့တော့ မနှစ်မြို့တဲ့ အကြည့်နဲ့ ကြည့်ရင်း ကွမ်းကို "ပျစ်" ခနဲနေအောင် လုပ်ထွေး ထွေးလိုက်သေးတယ်။

သီသီမေ ...ပြန်မလာသေးလို့... အဲဒါ ..အဟွတ်.... ဒီချောင်းနဲ့တော့ ကွာ..."

"ဟဲ့ ဘာတုံး နင့်သမီး ဒီနေ့ ဆိုင်ကိုမလာဘူးဟဲ့၊ နက်ဖြန်လာလည်း ငါက မလာနဲ့တော့လို့ ပြောမလို့..."

“ဟင်… ဟုတ်လား မနက်ကတည်းက မလာဘူးလား……

"အေး ဟုတ်တယ် မလာဘူး"

"အယ်… ဒီကောင်မလေး ဘယ်လျှောက်သွားပါလိမ့်၊ သူ့အမေသာ သိရင် သတ်တော့မှာပဲ…ကျွတ်….ကျွတ်"

ကိုကြည်နုဟာ သူ့သမီးသူ ဘယ်မှာလိုက်ရှာရမယ် မသိဘူး။ ချောင်းကလည်းဆိုးလွန်းလို့ မောနေတာနဲ့ ပလက်ဖောင်းတစ်ခုမှာ ခဏထိုင် ဆေးပေါ့လိပ်ဖွာရင်း ထိုင်စဉ်းစားနေမိတယ်။ ဒီကလေးမဘယ်သွားပါလိမ့်။ ခက်တာပဲ ခက်တာပဲ ခက်တာပဲလို့ ခက်တာပဲကို ဂါထာမန်းမှုတ်သလို သက်စေ့ကျော်အောင်ရွတ်ရင်း အမောဖြေနေတယ်။ ချောင်းနည်းနည်းကြဲသွားပြီး အမောနည်းနည်းပြေတော့ ဆေးပေါ့လိပ်ကို လက်မှာတံထွေးဆွတ် မီးငြိမ်းလိုက်ပြီး သူ့လွယ်အိတ်ထဲပြန်ထည့်တယ်။ ပြီးတော့ အိမ်ကလေး လက်ဖက်ရည်ဆိုင် ဘက်ကို ထော့နင်းထော့နင်းနဲ့ လျှောက်လာခဲ့တယ်။ မီးပွိုင့်မရောက်ခင်လေး ကြိုက်တာယူ ငါးထောင်ဆိုတဲ့ ဗီနိုင်းကြီးချိတ်ထားတဲ့ ဆိုင်တစ်ဆိုင်မှာ လူတွေအုံတိုးနေတာတွေ့တော့ ရှောင်တခင်လေးဝင်ဦးမှလို့ တွေးပြီး ဆိုင်ရှေ့ ပလက်ဖောင်းမှာ မတ်တတ်ရပ်၊ ထွက်လာတဲ့လူတိုင်းရှေ့ လက်ဝါးတစ်ဖက် ဖြန့်ပြီး တောင်းနေလိုက်တယ်။ ပါးစပ်ကလည်း “နည်းနည်းလောက်၊ နည်းနည်း လောက်” ဆိုတဲ့ စကားလုံးကို တုံးတိသံနဲ့ စည်းချက်ညီအောင် တတွတ်တွတ် ရွတ်နေတယ်။ အဲဒီကနေ သူ သုံးရာ ရလိုက်တယ်။ လမ်းမီး ကားမီးရောင်တွေ အောက်မှာ တပြောင်ပြောင် တဝင်းဝင်းဖြစ်နေတဲ့ မူလီကွင်းလေးတစ်ကွင်းတွေ့လို့ လွယ်အိတ်ထဲ ကောက်ထည့်ခဲ့လိုက်သေးတယ်။ ထို့နောက် “အိမ်ကလေး” ဆိုင်ဘက် ဆက်လျှောက်လာခဲ့လိုက်တယ်။

ဆိုင်ရှေ့ရောက်တော့ တင်တင်က သူ့ကို တွေ့လိုက်တာနဲ့ …

“ဦးကြည်နု ပါဆယ်" လို့ အော်လိုက်တယ်။ သူလည်း ဆိုင်ထဲ ဝင်ထိုင်တယ်။ အိတ်ထဲက ဆေးပေါ့လိပ်ကိုပြန်နှိုက် မီးပြန်ညှိရင်း သီသီမလေး ဘယ်သွားနေတာပါလိမ့်။ အလုပ်လည်းမသွား အိမ်လည်းမပြန် ဒုက္ခပါပဲလို့တွေးနေမိတယ်။ စိတ်လည်းညစ်လာလို့ ခေါင်းကို တဗျင်းဗျင်းမြည်အောင် ကုပ်နေလိုက်တယ်။ တင်တင်က သူ့ရှေ့မှာ လာထိုင်ရင်း စကားပြောတယ်။

"ဦးကြည်နု အခြေအနေ .ဒီနေ့ မှုန်နေပါ့လား သိပ်မရဘူးထင်တယ် ဟုတ်တယ်မဟုတ်လား"

သူလည်း တင်တင်ကိုကြည့်ရင်း တစ်ခွန်းပြောလိုက်တယ်။

"အေး"

"ကျွန်တော်စဉ်းစားနေတာ ဘုရားက အလှူခံပုံးတွေဆို အမြဲပြည့်နေတာဗျ။ ဦးကြည်နု ဘုရားဟန်ဆောင်ပြီး တောင်းပါ့လား"

"အယ် ဒီကောင်မလေးတော့ ငါ့ကို မြေမျိုအောင်လုပ်နေတာဟုတ်လား...ဟား ဟား ဟား အဟွတ် အဟွတ်"

တင်တင့်ရဲ့ စကားကြောင့် ကိုကြည်နု ဆေးလိပ်မီးခိုးတောင်သီးသွားပြီး စိတ်ညစ်နေတာလေးတောင် ပျောက်သလို ဖြစ်သွားတယ်။

"မြေမျိုတာများ ဦးကြည်နုရယ် လူတိုင်း သေရင် မြေမျိုခံရတာပဲ မဟုတ်လား မြေကြီးထဲ မြှုပ်လိုက်တာလေ"

"ဟဲ့ ခုခေတ် ဘယ်သူမှ မြေမမြှုပ်တော့ဘူး မီးရှို့ပစ်တာ အဟွတ်"

အဲဒီစကားကိုပြောရင်းမှ ကိုကြည်နုဟာ ပျော်သလိုပြန်ဖြစ်သွားတဲ့ စိတ်ကလေးလည်းမေ့၊ အပျောက်ရှာနေတဲ့ သူ့သမီးလေး သီသီမေ့ကိုပါ မေ့ပြီး၊ သူ့ရဲ့ သားလေးကို သတိရသွားလို့ ရုတ်တရက်ကြီး ဆွေးရိပ်သမ်းသွားတယ်။

"ငါ့သားလေးတုန်းကတော့ မြေမြှုပ်လိုက်တာဟ တင်တင်ရ..." လို့ ပါးစပ်လှုပ်ရုံကလေး ပြောလိုက်မိသေးတယ်။

သီသီမေ့နောက်မွေးတဲ့ သူ့ရဲ့သားလေးဟာ တစ်လသားနဲ့ သေသွားခဲ့ တာဆိုတော့ ခုချိန်ရှိဦးမယ်ဆို သူလည်း ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လောက်တော့ ရှိပြီပေါ့။ တင်တင် ထသွားပြီး လက်ဖက်ရည်ပါဆယ်ထုပ် သွားယူတယ်။ ကိုကြည်နုကို ပေးတယ်။ လက်ဖက်ရည်ပါဆယ်ထုပ်ကိုဆွဲရင်း သူ အိမ်ကို ပြန်ခဲ့တယ်။ လမ်းမှာတော့ တစ်လမ်းလုံး သူဟာ သူ့ရဲ့ သားလေးအကြောင်းကိုတွေးရင်း အလို ပင်ပန်းနွမ်းနယ်လာခဲ့တော့တယ်။ မျက်လုံးကနေလည်း မျက်ရည်တွေကျလို့ပေါ့။ သြော်ငါ့သားလေး နာမည်လေးတောင်ရမသွားရှာဘူး။

"ဘယ်မတုံး သီသီမေက"

အိမ်ပြန်ရောက်တော့ ညိုမာက သူခိုင်းတဲ့အတိုင်း ခေါ်မလာခဲ့ရပါ့မလား ဆိုတဲ့အကြည့်နဲ့ သူ့ကို မေးတယ်။

"ဆိုင်ကိုလည်း မနက်ကတည်းက မလာဘူးတဲ့ ညိုမာရဲ့......"

"ဟမ်"

"အေး…မနက်ကတည်းက မလာတာတဲ့…"

ညိုမာဟာ အိမ်ကြမ်းပေါ် တင်ပျဉ်ခွေထိုင် လက်ပေါ်မေးထောက်ရင်း စဉ်းစားနေတယ်။ ဒီကောင်မလေး မူမမှန်ပါဘူးလို့ ငါတွေးနေတာ ထင်တဲ့အတိုင်း ပဲ။ လင်နောက်တွေဘာတွေများ လိုက်သွားသလားမသိဘူးလို့ ပူပန်မိသွားတယ်။ လင်နောက်လိုက်တော့လည်း ဘယ်လင်နောက်လိုက်ရမှာလဲ။ သူ့မှာ ရည်းစား လည်း ရှိမယ်မထင်ပါဘူး။ သီသီမေဟာ အိမ်ကမသိဘဲ ဒါမျိုးသွားဖူးလာစ တစ်ခါမှမရှိဖူးတော့ ညိုမာရော ကိုကြည်နုပါ ဘာကြောင့် ဘာရယ်လို့ စဉ်းစားလို့ ကို မရဘူး ဖြစ်နေခဲ့တယ်။ ညိုမာဆိုရင်လည်း သူ့အတွေးထဲတင် သူ "ကောင်မ ပြန်လာမှကို သိမယ်"လို့ ကြိမ်းလိုက်။ ငါ့ သမီးလေး တစ်ယောက်ယောက်များ ဖမ်းခေါ်သွားလေသလားလို့ စိုးရိမ်ပူပန်လိုက်။ မိနစ်ပိုင်းကလေးအတွင်း ပြောင်းလဲနေတဲ့သူ့တွေးထင်မှုတွေထဲ ဘယ်အထင်က အမှန်ဖြစ်နိုင်တယ် ဆိုတာကို ခန့်မှန်းလို့ကို မရနိုင်ဘူး။

သူတို့လင်မယားနှစ်ယောက် စိုးရိမ်ပူပန်စွာနဲ့ တစ်ညလုံး မအိပ်စက်နိုင် ခြေသံသဲ့သဲ့လိုလိုကြားတိုင်း အိပ်ရာထဲကနေ "သီသီမေလား…..သမီးလေးလား" အောက်မေ့ပြီး ထထကြည့်၊ ဘယ်လူရိပ်လူခြေမှ မမြင်ရတဲ့အခါ ခြင်ထောင်ထဲ ပြန်ဝင်သွားပြီး နားစွင့်နေကြပြန်။ အဲဒီလို တလူးလူး တလွန့်လွန့် စိုးရိမ်စိတ်လိုလို ဒေါသလိုလိုနဲ့ပဲ အိပ်လည်းမပျော်နိုင်ကြပါဘူး။ ကိုကြည်နုကလည်း ဆေးလိပ်ပဲ ထသောက်သလိုလိုနဲ့ လမ်းဘက် ထွက်ထွက်မျှော်တယ်။ ညိုမာကလည်းကွမ်းထဝါးတာလိုလို သေးပေါက်ဆင်းတာလိုလိုနဲ့ ညကြီးမင်းကြီး လမ်းထိပ်ကို လှမ်းမျှော်မျှော်ကြည့်ရင်း တစ်ညကုန်သွားကြတယ်။

သူတို့လင်မယားနှစ်ယောက်မှာသာ သူတို့သမီးလေးရဲ့ဇာတ်လမ်းကို ဘာမှမသိရသေးဘဲ ထင်ကြေးသက်သက်တွေနဲ့ သောကပွား မောဟများပြီး ဒေါသထွားဖြစ်နေကြပေမယ့် မိန်းကလေးငယ်ငယ်လေးတစ်ယောက် မြစ်ထဲ ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်ဆိုတဲ့ သတင်းက သီသီမေ ရေထဲဆင်းသွားပြီး နာရီဝက်အတွင်းမှာ တစ်မြို့လုံးနီးနီး ပျံ့နှံ့ကျော်စောနေခဲ့ပြီးပြီ။

မြစ်ရဲ့တစ်ဖက်ကမ်းက အုတ်ပေါင်မှာ ထိုင်ရင်း ငါးမျှားနေတဲ့ လူနှစ်ယောက်က ရေနက်ဆိပ်ကနေ ကောင်မလေးတစ်ယောက် ဆင်းသွားတာကို အစအဆုံး မြင်တယ်။ ဒါပေမဲ့ ကမ်းတစ်ဖက်နဲ့တစ်ဖက် ပေနှစ်ရာလောက်ဝေးတဲ့ တစ်ဖက်ကမ်းကနေ မြင်ရတာဆိုတော့ ဝေးတာရော မိုးဖွဲ့ဖွဲလေးကလည်း ကျနေ ပြန်တော့ သူတို့စိတ်ထဲမှာ မရေမရာဘဲ။ နောက်ပြီး ဒီနေရာက ဝါးတစ်ပြန် နှစ်ပြန်လောက် နက်တယ်ဆိုပေမယ့်လည်း တချို့လည်း ဒီလိုပဲ ရေကူး ရေဆင်း ချိုး လုပ်တတ်ကြလို့ ရေဆင်းချိုးတယ်လို့ပဲ ထင်ကြတာ။ မသင်္ကာလို့ အဲဒီနေရာကို စိုက်ကြည့်နေပေမယ့် တော်တော်နဲ့ ပြန်ပေါ်မလာတော့ ငါးမျှားသမား နှစ်ယောက်

လည်း ကောင်မလေး ရေချိုးဆင်းတာမှ ဟုတ်ရဲ့လား ရေရော ကူးတတ်ရဲ့လား သေကြောင်းကြံတာများလားလို့ တစ်ယောက်ကို တစ်ယောက် လက်တို့ရင်း ပြောမိတယ်။ အဲဒီကနေ သုံးလေးငါးမိနစ် ကြာတော့ သူတို့ထင်တာ သေချာပြီမို့ တစ်ယောက်ကလည်း ဟိုဘက်ကမ်း ဒီဘက်ကမ်းကို ခုန်ဆင်းကူးသွားပြီး ရေငုပ်ရှာဖို့ ကြိုးစားတယ်။ နောက်တစ်ယောက်ကလည်း ဘေးကို အကူအညီ တောင်း၊ အဲဒီကနေ လူတွေ တဖွဲဖွဲနဲ့ ဟိုကဒီက ရောက်လာ၊ ထို့နောက် ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေ၊ လူမှုရေးအသင်းတွေ၊ ရေငုပ်ကျွမ်းသူတွေလည်း ရောက်ချ လာ။ သို့သော်လည်း မိုးက ဖွဲဖွဲရွာနေတာအပြင်၊ ရေတက်ချိန်လည်း ဖြစ်နေတော့ ရွှေ့လျားစီးဆင်းသွားခဲ့ပြီနဲ့ တူပါတယ်။ ကမ်းနှစ်ဖက်လုံး လူပြည့် အုံးအုံး ကျွတ်ကျွတ် စည်ကားကုန်ပေမယ့် အလောင်းကိုတော့ ရှာမတွေ့တော့ပါဘူး။

အဲဒီနှစ်ရဲ့ ဆောင်းဝင်စမနက်ခင်းတစ်ခုမှာ "တင်တင်" ရူးသွားခဲ့ တယ်။ ဆောင်းမနက်ခင်းကြီးမို့ မနက်ခင်းအစော ကားလိုက်ကြမယ့် ဈေးသည် တွေ ထွက်သွားကြပြီးတဲ့နောက် ဆိုင်ထဲမှာ လက်ဖက်ရည်သောက်သူ သုံးယောက် သာ ကျန်ခဲ့တယ်။ တစ်ယောက်က တစ်ချိန်က လူရိုင်းဇာတ်ကားတွေမှာ လူရိုင်းခေါင်းဆောင်တွေနေရာကနေ သျှမ်းသျှမ်းတောက် သရုပ်ဆောင်ခဲ့ဖူးတဲ့ လူပုလေး ဦးညီပု၊ နောက်တစ်ယောက်က နှစ်ပေါင်းများစွာ ညဘက် အိပ်မရတဲ့ ရောဂါစွဲကပ်နေတဲ့ ကဗျာဆရာမောင်ဘိုးဒီ၊ နောက်တစ်ယောက်ကတော့ စမ်းရေ လမ်းထဲက ဦးပြုံးချို။ သုံးယောက်စလုံးဟာ လက်ဖက်ရည်လေးတငုံ အာစွပ် လိုက်၊ ငြိမ်းချမ်းရေး ဆေးပေါ့လိပ်ကလေးတွေ ဖွာလိုက်နဲ့ နေထွက်လာချိန်ကို စောင့်မျှော်ရင်း တဝါးဝါး သမ်းနေကြတယ်။ ဆိုင်ရှေ့က လမ်းပေါ်မှာလည်း တွဲကားကြီးတွေ တစ်စီးစ နှစ်စီးစ ဖြတ်မောင်းနှင်သွားကြတယ် ဆိုပေမယ့် မြူပါးပါး ပိတ်နေတာရော၊ အလင်းရောင်မရှိသေးတာကြောင့်ရော ဝါးတားတားပဲ မြင်ရတယ်။

တင်တင်ဟာ ဆိုင်စားပွဲတစ်ခုပေါ် လက်နှစ်ဖက်ကို အလျားလိုက်စုံတင်၊ စုံတင်ထားတဲ့ လက်နှစ်ဖက်ကြား ဟနေတဲ့ နေရာလွတ်ကလေးပေါ် မေးစေ့လေး စိုက်ထားလျက် ခေါင်းကိုလည်း ရှေ့တည့်တည့် မျက်နှာမူထားရင်း မြူဖုံးအုပ်နေတဲ့ လမ်းမကို ငေးနေတယ်။ ကောင်တာမှာတော့ မနက်ခင်း လေးနာရီကျမှ သူ့မိန်းမနဲ့ အလှည့်ချိန်းထားပြီးထိုင်နေတဲ့ ကိုစိန်လွင်ဟာလန်းလန်းဆန်းဆန်းရှိနေတယ်။ ကောင်တာပေါ်က ဆေးလိပ်ခြင်းကို မှီချထားတဲ့မှန်ဝိုင်းလေးကို ငုံ့ငုံ့ကြည့်ရင်း သူ့ဆံပင်အမောက်ကို ပွတ်လိုက် ဘေးတစောင်းလုပ်ပြီး နားရွက်ဘေးက ဆံပင်လေးတွေကို နားရွက်နောက် ဆွဲဆွဲပို့လိုက်နဲ့ မအားနိုင်အောင်ပါပဲ။ ကလေးလေး တစ်ယောက် သူ့အရုပ်ကိုသူ အလှပြင်နေသလိုမျိုး သူ့မျက်နှာသူ တစိမ့်စိမ့် ပြန်ကြည့်ရင်း ကျေနပ်နေတာပေါ့။

"တင်တင်ရေ ရှင်းမယ်ဟေ့"

လက်ဖက်ရည်သောက်လို့ပြီး ဖက်ကြမ်းနှစ်လိပ်ကုန်အောင်ဖွာရှိုက်လို့ပြီးသွားတဲ့ ဦးညီပုကြီးက အော်လိုက်တယ်။ ဦးညီပုရဲ့ ခေါ်သံကြောင့် ကိုစိန်လွင် ဟာ သူ့မှန်ဝိုင်းလေးကို အံဆွဲထဲပြန်ထည့်လိုက်ရင်း တင်တင့်ကို လှမ်းကြည့်တယ်။ တင်တင်ဟာ ခုနကပုံအတိုင်း လက်နှစ်ဖက်ကို မျဉ်းဖြောင့်နှစ်ကြောင်းပုံစံ ဆန့်ထားရင်း လမ်းကို ငေးနေလျက်ပဲ။ ဦးညီပု နောက်တစ်ခါ ထပ်ခေါ်တယ်။

"ရှင်းမယ်ဟ တင်တင်ရ"

တင်တင်ကား မလှုပ်။

"ဟဲ့ တင်တင် ခေါ်နေတယ်လေ"

ကိုစိန်လွင်က စိတ်မရှည်တော့တဲ့ လေသံနဲ့ တင်တင့်ကို လှမ်းခေါ် တယ်။ တင်တင်ဟာ ရေစပ်က မိချောင်းလိုပဲ တုပ်တုပ်မျှတောင် မလှုပ်ဘူး။ ကိုစိန်လွင်က တင်တင် အိပ်များနေသလားလို့ လှမ်းမေးတယ်။

"အယ် ဒီကောင်မလေး ဘာဖြစ်နေတာလဲ၊ အိပ်များပျော်နေသလား”

“အိပ်မပျော်ဘူးဟ မျက်လုံးကြီးကို ပြူးလို့ရယ်"

သူ့စားပွဲထိုင်ခုံက ထပြီး တင်တင့်အနားရောက်နေပြီဖြစ်တဲ့ ဦးညီပုက ပြန်ဖြေတယ်။ ဦးညီပုဟာ တင်တင်နံဘေးက ခုံမှာဝင်ထိုင်၊ တင်တင့် ပခုံးကို တွန်းလိုက်ရင်း . . .

“ဟဲ့ တင်တင် ဘာတွေများ စိတ်ကူးယဉ်နေသလဲ" လို့ မေးလိုက်တယ်။

တင်တင်ဟာ ရေခဲရိုက်ခံထားရတဲ့ ငါးလို ငြိမ်သက်နေတုန်းပဲ။

"အယ် ခက်ပြီ

ဆိုင်လဲရှိနေတဲ့ ကဗျာဆရာ မောင်ဘိုးဒီနဲ့ ဦးပြုံးချိုလည်း တင်တင့်ကို သက်ရှိထင်ရှား မနုဿဳဟဖင်နှစ်ခွကောင်ကို မြင်ရသလို မျက်မှောင်ကြုတ်လို့ ကြည့်နေကြတယ်။ ကိုစိန်လွင်ဟာ ကောင်တာက ဆင်းလာပြီး တင်တင့်အနားကို လျှောက်လာတယ်။ တင်တင့်မျက်နှာကို ငုံ့ကြည့်တယ်။ တင်တင့်မျက်လုံးတွေဟာ လမ်းမပေါ်မှာပဲ ရှိနေဆဲမို့ မျက်လုံးနဲ့ တန်းတန်းမှာ ဘာများရှိပါလိမ့်လို့ တင်တင့် နောက်မှာရပ်၊ ခေါင်းနဲ့ တစ်တန်းတည်းလောက်အောင်ဖြစ်အောင် ခါးကိုကုန်း၊ ပခုံးကိုနှိမ့်ရင်း ရှေ့တည့်တည့်ကို လိုက်ကြည့်တယ်။ ဘာမှမရှိပါဘူး လမ်းပါပဲ။ ဒါနဲ့ တစ်ခါ တင်တင့်ရှေ့ကိုသွား မျက်နှာချင်းဆိုင်ရပ်လိုက်ရင်း ခါးထောက်လို့ ကြည့်ပြန်တယ်။ နားမလည်နိုင်စရာပဲ။ ကိုစိန်လွင်ဟာ လက်မလျှော့သေးဘူး။ တင်တင့်မျက်လုံးရှေ့ လက်ဖဝါးကို ဟိုဘက်ဒီဘက် ယမ်းကြည့်တယ်။ မြင်မှ

မြင်ရဲ့လားလို့ စမ်းသပ်ကြည့်တာပေါ့လေ။ သို့သော်လည်း တင်တင်ဟာ ဘာတုံ့ပြန်မှုမှ မလုပ်။ မျက်လုံးဖွင့်လျက် ငုတ်တုတ်များ သေသွားပလားလို့ ကိုစိန်လွင် စိုးရိမ်စိတ်ကလေး စဝင်လာတယ်။

“ဦးညီပု ရင်ဘတ်စမ်းကြည့်ပါဦးဗျ၊ နှလုံးကော ခုန်သေးရဲ့လားလို့” ဦးညီပုက ရင်ဘတ်တင်မက နှာခေါင်းရှေ့ လက်ညှိုးနဲ့ လက်ခလယ် ခံကြည့်လိုက်ပြီး . . .

“ရှူလည်း ရှူ၊ ခုန်လည်း ခုန်တယ်မောင်"

ကဗျာဆရာ မောင်ဘိုးဒီ၊ ဦးပြုံးချို၊ ဦးညီပု၊ ကိုစိန်လွင် လေးယောက် စလုံးဟာ တင်တင့်အနားမှာ ဝိုင်းပြီး မတ်တတ်ရပ်လို့ ဂျိုပါတဲ့ မြင်းယူနီကွန်း ကောင်ကို မြင်နေရသလို တင်တင့်ကို ငုံ့ကြည့်ရင်း ဝေခွဲမရနိုင် ဖြစ်နေကြတယ်။ ဖြစ်ပျက်လုံးစုံကို လက်ဖက်ရည်ဖျော်ခုံနဲ့ မုန့်ခုံတို့ကနေ အကဲခတ်နေတဲ့ အဖျော်ဆရာနဲ့ မုန့်ဆရာတို့ပါ သူတို့နဲ့ ဝင်ရောက် ပူးပေါင်းတယ်။ မောင်ဘိုးဒီ၊ ဦးပြုံးချို၊ ဦးညီပု သုံးယောက်စလုံးဟာ ကြာကြာတော့ စိတ်မဝင်စားနိုင်ကြပါဘူး။ ကျသင့်ငွေကို ကိုစိန်လွင့်ဆီ အသီးသီး ရှင်းသွားကြပြီးနောက် ပြန်သွားကြတယ်။ ကိုစိန်လွင် အဖျော်ဆရာနဲ့ မုန့်ဆရာ ပေါင်းသုံးယောက်သာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ဘယ်လိုလုပ်ကြမလဲဆိုတဲ့ အမူအယာနဲ့ ပုခုံးတွေတွန့် ခေါင်းတွေခါရင်း ကျန်ခဲ့ကြတယ်။ ခဏနေတော့ အဖျော်ဆရာနဲ့ မုန့်ဆရာလည်း သူတို့နေရာ သူတို့ပြန်ကြတယ်။ ကိုစိန်လွင်လည်း ကောင်တာမှာ ပြန်သွားတိုင် တယ်။ မျက်လုံးကတော့ တင်တင်ဆီကနေ တစ်လက်မမှ ရွေ့မသွားဘဲ ငေးကြည့်နေရင်း ဆန်းတော့ဆန်းကြယ်သား ဘာဖြစ်တာပါလိမ့်လို့ စဉ်းစား အဖြေရှာရ ခက်နေတယ်။ ကောင်မလေး စိတ်များ ဆိုးနေတာလား မသိဘူး။

"တင်တင် ညည်း စိတ်ဆိုးနေတာလား"

အချိန်နဲ့ အာကာသကြားမှာ အကျုံးမဝင်တော့သလို တင်တင်ကတော့ အေးဆေးပဲ။ အဲဒီကနေ နေထွက်လာ နေထွက်လာတော့ မြူတွေပျောက်သွားပြီး မြူတွေနေရာမှာ ဖုန်တွေ အစားဝင်လာတယ်။ နေရှိန်ကလည်း ဆောင်းတွင်း ဆိုပေမယ့် မြင့်တက်လာတယ်။ မနက် ကိုးနာရီလောက်ခါမှ တင်တင်ဟာ သူ့ရဲ့ အနေအထားကို ဖျက်၊ ခါးကိုမတ်မတ်ဆန့် တစ်ချက်သမ်းဝေလိုက်ပြီး သူ့နေရာကနေ ဘယ်သူ့ပယောဂမှမပါဘဲ ထတယ်။ ရေအိုးစင်ကိုသွား ရေသောက်တယ်။ ပြီးတော့ ဆိုင်ရှေ့ထွက် လမ်းဟိုဘက်ဒီဘက်ကို တစ်ချက်မျှ ခေါင်းလည်ကြည့်ပြီးတဲ့နောက် လောကသစ္စာကိုရှာဖို့အချိန်တန်ပြီဆိုတဲ့ မျက်နှာထားမျိုးနဲ့ ထွက်သွားတော့တယ်။ ဘယ်ကိုသွားပြီး ဘာလုပ်မယ်တော့ ဘယ်သူမှ မသိနိုင်ဘူးပေါ့။ တင်တင်တောင် သူ့ဘာသာသူ သိလိုက်မယ် မတင်ဘူး။

အဲဒါဟာ တင်တင် အော်ဖစ်ရှယ်လီ စရှုးတဲ့နေ့က အဖြစ်အပျက်ပေါ့။

တင်တင်ဆိုတာ ကိုစိန်လွင်ရဲ့ အိမ်ကလေး လက်ဖက်ရည်ဆိုင်က အလွန် အစအနောက်သန်တဲ့ ပျော်တတ်တဲ့ စားပွဲထိုးကလေးမလေး တစ်ယောက် ပါ။ လွန်ခဲ့တဲ့ငါးနှစ်လောက်က ဖြူဖြူဖွေးဖွေး ရုပ်ရည်ခပ်သန့်သန့် ဆိုပေမယ့် လူကောင်းသူကောင်းပုံမပေါက်တဲ့ မိန်းမကြီးတစ်ယောက်နဲ့ ညိုညိုသေးသေး မျက်ဆံနက်ကလေးတွေတောက်ပနေတဲ့ ကလေးမကလေးတစ်ယောက်တို့ သေ့ခတ်ထားတဲ့ အလှူခံသေတ္တာပုံးလေးတွေ ကိုင်ပြီး လာတတ်တဲ့ အလှူခံ ပုဂ္ဂိုလ်တွေ မခို့တရို့နဲ့ ဝင်လာသလို ကိုစိန်လွင့်ဆိုင်ထဲကို ဝင်လာခဲ့တယ်။ သူ့အဒေါ်ပါလို့ ပြောတဲ့ အဲဒီမိန်းမကြီးက တူမလေးကို အပ်ပါတယ်လို့ ပြော၊ သုံးလစာ ငွေကြိုထုတ်သွားခဲ့ပြီး ပျောက်သွားလိုက်တာ တစ်ခါမှ ပြန်ပေါ်မလာ တော့ဘူး။

ကိုစိန်လွင်တို့လင်မယားမှာလည်း အလုပ်သမားလိုနေချိန်ဆိုတော့ ဘာမှ ထွေထွေထူးထူး မမေးမြန်းလိုက်ရဘဲ လက်ခံထားလိုက်မိတယ်။ တခြား စားပွဲထိုးလေးတွေရဲ့ အဒေါ်တွေ၊ ဦးလေးတွေ၊ ပထွေးတွေ၊ မိထွေးတွေ၊ ဒါမှမဟုတ် မိဘတွေကိုယ်တိုင်လည်း ဒီလိုပဲ။ အလုပ်လုပ်ဖို့ အပ် ငွေကြိုထုတ် သွားလေ့ ရှိတော့ အထူးအဆန်းဖြစ်စရာ မရှိခဲ့ဘူးကိုး။ တစ်နှစ်လည်း ပေါ်မလာ နှစ်နှစ်လည်း ပေါ်မလာတော့တဲ့နောက်မှာတော့ သူတို့ကိုယ်တိုင်ကလည်း တင်တင်ကလေးဟာ ခိုင်းလို့ကောင်း၊ အလုပ်လုပ်တာလည်း စိတ်ချရ၊ ချစ်မွှေး ကလေးလည်း ပါဆိုတော့ သံယောဇဉ်လည်းဖြစ်လာလို့ ဆိုင်မှာအိပ်၊ ဆိုင်မှာစား တစ်ခါတလေမှာ တင်တင့်ကို ကောင်တာထိုင်ခိုင်းလို့ရတဲ့အထိတောင် ယုံကြည် လာကြရတယ်။ ဒါပေမဲ့ တင်တင် ဘယ်ကဆိုတာလည်း မသိ၊ အဖေ အမေ ဘယ်သူဆိုတာလည်း မသိ။ ဘယ်လိုသန္ဓေ ဘယ်လိုမျိုးရိုးဆိုတာ ဝေးလို့ နာမည်ကိုတောင်မှ တင်တင်လို့ ပြောပြီးအပ်ခဲ့တာမို့ သူနဲ့ပတ်သက်လို့ သိရသမျှဟာ သူ့နာမည်ကလေးတခုပဲ။ ဆိုင်ကိုစရောက်ခါစက တင်တင် ရဲ့ အသက်ဟာ ကိုးနှစ် ဆယ်နှစ်လောက်တော့ ရှိပြီထင်တယ်။

ကိုစိန်လွင်ဆိုင်မှာ လုပ်ခဲ့သမျှ စားပွဲထိုးတွေထဲ သက်တမ်းလည်း အရှည်ကြာဆုံး၊ အလုပ်လုပ်ရာမှာလည်း ခိုင်းစရာမလို လှည့်ကြည့်စရာမလိုအောင် ကြိုးကြိုးစားစားရှိ ထောင့်စေ့လွန်းလို့ ကိုစိန်လွင်မိသားစုကလည်း တင်တင့်အပေါ် တူမကလေးတစ်ယောက်လို ချစ်လည်း ချစ်ကြတယ် ပစားလည်းပေးတယ်ပေါ့။ နောက်ပြီး တင်တင်ဟာ သူလုပ်ခဲ့သမျှ လုပ်ခလစာတွေကို သူ့အဒေါ်ဆိုသူ ထုတ်သွားတဲ့ ပိုက်ဆံကလွဲရင် တစ်ခါမှတောင်းတယ်လို့လည်း မရှိ၊ တောင်းရ ကောင်းမှန်းလည်း မသိ။ ကိုစိန်လွင်တို့ လင်မယားကပဲ စာရင်းစာအုပ်မှာ တုတ်ချောင်းကလေးတွေ ခြစ်ခြစ်သွားရင်း တစ်ခါတလေ သူ့ကို “တင်တင် ညည်းပိုက်ဆံ ငါတို့မှာ ဘယ်လောက်ရှိပြီနော်” လို့ ပြောပြထားရတယ်။ သို့သော်

လည်း တစ်ခါမှ တင်တင် ပိုက်ဆံမတောင်းဖူးဘူး။ အချို့စားပွဲထိုးလေးတွေလိုလစ်တာနဲ့ ဖုန်းပွတ် ဂိမ်းဆော့ဖို့ရာ တက်ချ်စခရင်ဖုန်း အပောင်းလေးတွေ ဝယ်ဖို့လည်း စိတ်မကူးဘူး။ အဝတ်အစားကလည်း ကိုစိန်လွင့်မိန်းမကပဲ ဆင်ပေး နေတော့ သူ့မှာ အပိုသုံးစရာလည်း ဘာကိစ္စမှ မရှိဘူး။

ဆိုင်ကို ပထမဆုံးနေ့ ရောက်လာကတည်းက ဆိုင်ထဲမှာပဲနေ၊ ဆိုင်ထဲမှာပဲအိပ်၊ ဆိုင်ထဲမှာပဲစား၊ ကိုစိန်လွင်ရဲ့မိန်းမ မနက်ခင်းတစ်ခေါက် ညနေခင်းတစ်ခေါက် ဈေးသွားတဲ့အခါ ဆွဲခြင်းကိုင် ဈေးလိုက်သွားတာဟာ ဆိုင်နဲ့ အဝေးဆုံးခွာတဲ့ သူ့ခရီးပဲ။ မျက်နှာလည်းရွှင်လို့ လက်ဖက်ရည်ဆိုင် လာသမျှ လူတွေနဲ့လည်း အလွမ်းသင့်၊ အဲဒီအထဲ ကိုကြည်နုနဲ့ဆိုရင် သူအသံ အကျယ်ဆုံးပဲ။ သူတို့နှစ်ယောက်မှာ တူညီတဲ့အချက်တွေကလည်း ရှိကြတာကိုး။ ကိုစိန်လွင်ရဲ့ အိမ်ကလေးလက်ဖက်ရည်ဆိုင်ကို တင်တင် ရောက်ခါစ နေ့တွေတုန်းက ကိုကြည်နုဟာ စပြီး ရူးဖို့ကြိုးစားနေတဲ့ကာလတွေ ဆိုတော့ ကလေးသာရှိသေးတဲ့ တင်တင့်စိတ်ထဲ ထူးထူးဆန်းဆန်း ဖြစ်နေတာလည်း ပါမယ်နဲ့ တူပါတယ်။ ဘာကြောင့်မှန်း အသေအချာမသိပေမယ့် ကိုကြည်နု ကိုတော့ တင်တင်က ခင်တယ်။

"ဒီနေ့အခြေအနေ ဘယ်လိုလဲ ဦးကြည်နု”

"ဦးကြည်နုကို ရူးနည်းအသစ် သင်ပေးမယ်"

“ဟော့ ဟော့ ဦးကြည်နု ဒီမှာ ဦးကြည်နု ငွေးဥနှစ်လုံး ကျကျန်ခဲ့ပြီ ဗျ... ဟား...ဟား....”

သူ့အချိန်ကျလို့ ဆိုင်ထဲ ကိုကြည်နု ရောက်လာတာနဲ့ ဘေးကနေ ဘယ်ကရလာတယ်မှန်းမသိတဲ့ ပေါက်ကရဟာသတွေလုပ် နောက်ပြောင်နေကျ။ ကြာတော့ ကိုကြည်နုက စိတ်မရှည်တော့ဘဲ “ဟာ ဒီကောင်မလေး ငါ့ များ စ,စရာ အောက်မေ့နေလား” လို့ အော်လိုက်မှ တဟားဟားရယ်ရင်း ဝိုင်းကနေ ပြေးသွားလိုက် ပြီးရင် ပြန်လာထိုင်လိုက်။ ကိုကြည်နုကို ဟာသတွေ ပြောလိုက်။ ကိုကြည်နုဟာ သူ့ကစားစရာ အရုပ်တစ်ရုပ်လို စနောက် ပျော်ရွှင်နေတတ်တယ်။ ကိုကြည်နုကလည်း သူ့ဟာသူလမ်းမှာ ဘယ်လိုအမူအယာနဲ့ ဘယ်လိုရှုပ်ထွေးပြီး ဘယ်လိုရူးခဲ့ ရူးခဲ့ ကိုစိန်လွင့်ဆိုင်ထဲ ရောက်သွားရင်တော့ စမ်းရေလမ်းထဲ~-သူ့အိမ် ပြန်ရောက်သွားသလို ပုံမှန်ပြန်ဖြစ်သွားတာကိုး။ ဒါကြောင့် ကိုစိန်လွင်ရဲ့စိတ်ထဲမှာ တင်တင်ရူးသွားတော့ ကိုကြည်နုနဲ့ စကားပြောဆို ပေါင်းသင်းရင်းနဲ့ တင်တင်ဟာ ကိုကြည်နုဓာတ်တွေ ကူးသွားတာများလားလို့ လင်နေမိသေးတယ်။

အခုတော့ တင်တင် တရားဝင် တကယ်ရူးခဲ့ပါပြီ။ ကောက်ခါငင်ကာ ရူးသွားတယ်ဆိုပေမယ့် သူဟာ အဲဒီနေ့ကို မွေးကတည်းက စောင့်မျှော်နေခဲ့သူလို

ပါပဲ။ ရှူးသွပ်ခြင်းမှာ ချက်ချင်းကြီးကို အသားကျသွားခဲ့တယ်။ အရင်က တင်တင်ရဲ့ ဟန်ပန်တွေ၊ သီချင်းညည်းရင်း စားပွဲခုံသုတ်နေပုံ၊ နောက်ဖေးထဲ ပန်းကန်ဆေးနေပုံ၊ လေတချွန်ချွန်နဲ့ တစ်ဝိုင်းက တစ်ဝိုင်းကိုကူး "ပုံမှန်ဝမ်း ကျဆိမ့်တူး လိပ်ခုတ်တစ်ပွဲ ပါဆယ် တစ်ထောင်တန် သုံးရာပြန်မယ်" စသဖြင့် အော်ဟစ်ပြေးလွှားနေပုံတို့ကို ပြန်မြင်ယောင်ကြည့်ဖို့တောင် ခက်လှအောင် တင်တင်ဟာ စကားတစ်ခွန်းမှမပြောတော့ဘဲ ခြောက်ကပ်စွာ ငေးရီနေတော့တာ ပါပဲ။ ကိုကြည်နုတောင် နည်းယူလို့ မဖြစ်နိုင်တဲ့ ရှူးနည်းမျိုးပေါ့။

တင်တင်ရဲ့ ရှူးသွပ်ခြင်းအပေါ် ဆိုင်ကို လာသမျှ လူတိုင်းက အံ့သြထိတ်လန့် ဖြစ်ကြရတယ်။

"ဟာ ဘယ်လိုဖြစ်တာလဲ ဒီကောင်မလေး"

"မနေ့ကတောင် အကောင်းကြီးပါဗျာ၊ ကျွန်တော့်တောင် ငါးရာတန်က စုတ်နေလို့ ပြန်လဲခိုင်းနေသေးတယ်"

"ဟုတ်ရော ဟုတ်ရဲ့လား ကိုစိန်လွင်ရာ၊ ကောင်မလေး တစ်ခုခုများ ရှော့ရသွားတာလား"

တင်တင်ဟာ မဆိုင်းမတွ ရုတ်တရက်ကြီး ရှူးသွားတယ်လို့ အားလုံးက ထင်ကြ၊ အံ့သြကြတယ်ဆိုပေမယ့် သူနဲ့ အမြဲအလုပ်အတူတူလုပ်၊ ရန်ဖြစ်၊ ဆိုင်ရှင်ကို အပြိုင်ကုန်းချောတတ်ကြတဲ့ စားပွဲထိုးလေးတွေကတော့ မအံ့သြကြပါဘူး။ ဦးပြုံးချိုတို့ ကိုစိန်လွင်တို့ကအစ တင်တင့်ကိုဆိုရင် ချစ်စရာ သွက်သွက် လက်လက်ကောင်မလေးလို့ပဲ မြင်တတ်ကြတော့ တစ်ခါတလေ တင်တင်ရဲ့ကြောင်ကွက် ရှူးကွက်ကလေးတွေကို မေ့သလို ဖြစ်နေကြတယ်။ တကယ်တော့ တင်တင်ဟာ လုံးဝရာနှုန်းပြည့် ရှူးမသွားခင် ခြောက်လ ခုနစ်လအတွင်းမှာ တစ်ချိန်ချိန် အားလုံးကိုမေ့ပြီး ရှူးသွားတော့မယ်နော်လို့ မပြောရုံတမယ် အမူးအရာ တွေ အများကြီး ပြခဲ့ပြီးပြီ။

ကိုစိန်လွင့်ဆိုင်ထဲမှာ သုံးရေ ချိုးရေအတွက်ထားတဲ့ အုတ်ကန်ကြီး တစ်ခုရှိတယ်။ အဲဒီအုတ်ကန်ကြီးထဲမှာ ရေကနေပါပါလာတဲ့ ငါးတွေဆိုတာ အများကြီး။ တချို့ကောင်တွေဆိုရင် သေချာမွေးထားသလိုဖြစ်နေတော့ လူကြီး လက်မောင်းလောက်တောင် ရှိနေပြီ။ တင်တင်ဟာ တစ်ညသား အဲဒီကန်ပေါင် ပေါ် ဆောင့်ကြောင့်ထိုင်ပြီး အီးထိုင်ပါနေတာကို စားပွဲထိုးလေးတစ်ယောက်က မြင်လိုက်ဖူးတယ်။

"တင်တင်...နင် ယုတ်ပတ်လှချည်လား" စားပွဲထိုးလေးက ပြောတော့ . . .

"ငါးတွေ ဒီထဲမှာ စားစရာမရှိရင် သေကုန်မှာပေါ့" လို့ ပြန်ဖြေသတဲ့။ နောက်ပြီး အဲဒီလို အုတ်ကန်ထဲ အီးပါထည့်တာဟာ အဲဒီအကြိမ်ဟာ ပထမဆုံး အကြိမ် မဟုတ်လောက်ဘူး။ မြင်လိုက်ရတဲ့ စားပွဲထိုးလေးက ကိုစိန်လွင့်မိန်းမနဲ့ ပြေးတိုင်တာပေါ့။ သို့သော်လည်း တင်တင်က ဖြောင်ငြင်းတယ်။ တင်တင့်စကား နဲ့ တခြားစားပွဲထိုးတွေ စကားဆိုရင် တင်တင့်ကိုပဲ ယုံတတ်ကြတော့ ကိုစိန်လွင့် မိန်းမဟာ အုတ်ကန်ကို ထကြည့်ဖို့နေနေသာသာ အလုပ်လုပ်ဖို့ မစဉ်းစား အတိုင်အတောပဲ ထူချင်လှတယ်ဆိုပြီး တိုင်တဲ့ စားပွဲထိုးကလေးကို တစ်ပတ် လောက်နေတော့ အလုပ်ကတောင် ထုတ်ပစ်လိုက်သေးတယ်။ ရေအုတ်ကန်ထဲ အီးပါချတယ်ဆိုတဲ့ လုပ်ရပ်မျိုးကလည်း ယုံဖို့ခက်လှအောင် ညစ်ပတ်စုတ်ပဲ့လွန်း လှတော့ တင်တင်လုပ်လိမ့်မယ်လို့ သူတို့ ဘယ်ယုံနိုင်ကြပါ့မလဲလေ။

တင်တင်ဟာ တစ်ခါတစ်ရံ ညဘက် အနားရတဲ့ညတွေဆိုရင်လည်း အိပ်လေ့မရှိဘဲ ဆိုင်အနောက်က ရထားသံလမ်းပေါ် မိုးလင်းတဲ့အထိ ငုတ်တုတ် ထိုင်ထိုင်နေတတ်တာကိုလည်း အတော်များများက သတိမထားမိကြဘူး။ ရူးမသွားခင် လပိုင်းတွေအတွင်း အဲဒီထက်ဆိုးတဲ့ အရူးလက္ခဏာ ပြချက်တွေဆိုတာ အများကြီးရှိသေးတယ်။ ဆိုင်ကို လက်ဖက်ရည် လာသောက်နေကျ ပြောင်နေတဲ့ အဘိုးကြီးတစ်ယောက်ရဲ့ ခေါင်းပေါ် အကြော်ဖိုက ဆီတွေ လက်နဲ့သုတ်လာပြီး ပွတ်ပေးတာ၊ အိမ်ကလေး လက်ဖက်ရည်ဆိုင်ရဲ့ နှစ်ဆိုင် ကျော်က မှန်ဆိုင်ကိုသွားပြီး မှန်သွားသွားကြည့်ရင်း တစ်ရက်မှာ မှန်ကို ရိုက်ခွဲလာခဲ့လို့ ကိုစိန်လွင်တစ်ယောက် လိုက်အလျော်ပေးခဲ့ရတာ။ အဲဒီလို ရှေ့ပြေးလက္ခဏာတွေ အများကြီးရှိခဲ့တယ် ဆိုပေမယ့်လည်း အများစုကတော့ တင်တင်ဟာ နဂိုကမှ ရူးရူးပေါပေါ ပျော်တတ်တဲ့ကလေးလို့ပဲ မှတ်ယူထားကြ တော့ ကြိုတင်မမှန်းဆနိုင်ကြဘူးပေါ့။

ကိုစိန်လွင်ကတော့ အားလုံးထဲမှာ အအံ့သြ အထိတ်လန့်ဆုံးပဲ။ တစ်ပတ်ကနေ နှစ်ပတ်၊ တစ်လကနေ နှစ်လအထိတိုင်အောင် တင်တင့် အကြောင်း ပြောကြတိုင်း ပါးစပ်ပေါက်ကြီး ဝိုင်းပြီး ခုမှထဖြစ်သွားတဲ့ကိစ္စလို ချောက်ချောက်ချားချား ဖြစ်နေတုန်း။ နောက်ပြီး သူက မိသားစုဝင်လိုဖြစ်နေတဲ့ တင်တင့်ကို သနားပြီး ယူကျုံးမရလည်း ဖြစ်တာပေါ့။ သူက အလုပ်နဲ့ ပတ်သက်လာရင်လည်း ဦးညီပုကို တစ်ခါတလေ တင်တင့်အကြောင်း ပြောလေ့ ရှိတယ်။ ဘောလုံးအိုးချင်းဆိုတော့ ဘောလုံးစကားနဲ့ ပြောတာပေါ့။

"မက်ဆီဟာ ဘောလုံးကန်ဖို့မွေးဖွားလာတဲ့ ပါရမီရှင်ဖြစ်သလိုပေါ့ဗျာ။ တင်တလည်း စားပွဲထိုးလုပ်ဖို့ အခြားကမ္ဘာရောက်လာတဲ့သူပဲဗျ။ သူ ဆိုင်အလုပ်လုပ်တာ ခင်ဗျားကို မြင်စေချင်တယ်" တဲ့။

ဦးညီပုက တင်တင်တော်တာ လက်ခံပေမယ့် သူက ဒိုလေးပရိုသတ်

ဆိုတော့ ကိုစိန်လွင့်စကားကို လက်မခံဘူး။

"ဒိုလေးလို ကြိုးစားလို့ပါကွာ" လို့ ပြန်ချေပတတ်သေးတယ်။

ကိုစိန်လွင်ကတော့ တကယ် ယုံယုံကြည်ကြည်ပြောတာပါ။ တင်တင် က အလုပ်လုပ်တာ အရမ်းတော် အရမ်းစေ့စပ်တာကိုး။ ဆိုင်ထဲ တင်တင်ရှိနေရင် ကျန်တဲ့ စားပွဲထိုး အပျင်းကောင်လေးတွေမရှိလည်း ပြဿနာမရှိ။ တင်တင် တစ်ယောက်တည်းနဲ့ တစ်ဆိုင်လုံးကို လည်ပတ်နေအောင် လုပ်ထားနိုင်တယ်။ အခုလိုကြီး မပြောမဆိုကြီး ရူးပြီး လေးလံထိုင်းမှိုင်းသွားလိမ့်မယ်လို့ မျက်စိရှေ့ဒိဋ္ဌ တွေ့နေရသည့်တိုင် မယုံနိုင်ဘူး ဖြစ်နေခဲ့တုန်းပဲ။

တင်တင်ရဲ့ရူးပုံက ဘယ်သူဘာပြောပြော ဘာမှမတုံ့ပြန်တော့သ တစ်ကမ္ဘာလုံး ကပ်ရောဂါဆိုးတစ်ခုနဲ့ အကုန်သေကုန်ကြပြီး သူတစ်ယောက်ပ နောက်ဆုံးကျန်ခဲ့တဲ့ လူသားလိုမျိုး နေထိုင်တဲ့ပုံဆိုပေမယ့် နည်းနည်းလည်း ကြမ်းတယ်လို့ ဆိုရမယ်။ သူ့ဟာသူ နေ့ပေါင်းများစွာ လမ်းကိုငေး၊ ဖြတ်သွား ဖြတ်လာ ကားတွေကိုငေး၊ ဆိုင်ကယ်တွေကိုငေး၊ နေလုံးကြီးကိုငေး၊ ပုံသဏ္ဌာန် မျိုးစုံ အရုပ်မျိုးစုံ မှန်းဆနိုင်တဲ့ တိမ်တွေကိုငေး၊ ငေးကြည့်နေလို့ ရနိုင်သမျှ အရာအားလုံးကို ငေးဖို့သက်သက် အရူးဖြစ်ရသလို ဆိုပေမယ့် တစ်ခါတစ်ရံ အနားက ခဲတစ်လုံးလုံးကောက် လမ်းပေါ် ဘယ်သူ့ထိထိ ပစ်ချင် ပစ်လိုက်တာ မျိုး။ လမ်းပေါ်က တုတ်တစ်ချောင်းချောင်းကောက်ပြီး ဓာတ်တိုင်ကို တဒိုင်းဒိုင်း ရိုက်ချင်ရိုက်တာမျိုး။ ဘာကြောင့် အဲသလို ဖြစ်တယ်၊ ဘယ်လိုကြောင့် အဲသလို လုပ်ရတယ်၊ ဘယ်အချိန် အဲဒီလို ခပ်ကြမ်းကြမ်း ထတုံ့ပြန်မယ်ဆိုတာကို ဘယ်သူမှလည်း မသိနိုင်တော့ တင်တင်ဟာ ငယ်ငယ်ရွယ်ရွယ်ဆိုပေမယ့် ကြောက်စရာကောင်းတဲ့ အရူးကြမ်းကြီး ဖြစ်နေတော့တာပေါ့။

တစ်မြို့လုံးပြန့်ပြီးသား သတင်းကို နောက်တစ်နေ့မနက်မှာ ဦးကျီးညိုက ကိုကြည်နုတို့ လင်မယားကို အသိပေးတယ်။ ဦးကျီးညိုက သူကြားရတဲ့သတင်း၊ အဲဒီသတင်းထဲက မိန်းကလေးရဲ့ ရုပ်ရည်ရူပကာ၊ ကိုယ်နေဟန်ပန်တို့ကို ကြားသိ ရပြီးကတည်းက ဒါ ကြည်နုသမီး သီသီမေလေးပဲလို့ သိပေမယ့်လည်း ထိန်းထိန်းသိမ်းသိမ်း မယုတ်မလွန်ဖြစ်အောင် ပြောရှာတယ်။

"နင်တို့ကို မပြောချင်ပေမယ့် ဆိုင်မဆိုင် တကယ်ဟုတ်မဟုတ် မသိပေမယ့်လည်း တိုက်ဆိုင်လွန်းလို့ ပြောရဦးမယ်။ ကောင်မလေးတစ်ယောက် မနေ့မနက်က ထန်းလုံးတန်းမြစ်ဆိပ်မှာ ရေထဲခုန်ချပြီး သတ်သေသွားတယ်လို့ ပြောနေကြတယ်။ သီသီမေကလေးတော့ မဟုတ်နိုင်ဘူး ထင်ပါတယ် စုံစမ်း ကြည့်ကြဦး"

တညလုံးလုံး သီသီမေလေးပြန်အလာကိုစောင့်ကြရင်း အိပ်မရလို့

ကြောင်တောင်တောင်ဖြစ်နေတဲ့ သူတို့လင်မယားဟာ ဦးကျိုးညို စကားသံဆုံးတာနဲ့ ချက်ချင်းကြီး နေပြင်းပြင်းပူလို့ ညိုမဲရွဲထွက်သွားတဲ့ သစ်သီးပုပ်တွေ ဖြစ်သွားကြတယ်။ သို့သော် ခဏပါပဲ။ တာလွှတ်သေနတ်ဖောက်သံကို စောင့်ဆိုင်းနေတဲ့ အပြေးသမားလိုမျိုး ငြိမ်သက်ရာကနေ ကိုကြည်နုဟာ ထပြီး ပြေးတော့တာပဲ။ ခုန်ချသွားတယ်ဆိုတဲ့ မြစ်ဆိပ်ရောက်တဲ့အထိ လမ်းမှာ မခံမရပ်နိုင်အောင် မောလွန်း လို့ ချွဲတွေဟပ်ထုတ် တံထွေးတွေ ထွေးချ၊ မဖြစ်မနေနားရတဲ့ နှစ်ကြိမ် သုံးကြိမ် လောက်ကလွဲရင် တချိုးတည်းပဲ။ သူ့စိတ်ထဲသူသာ အမြန်ရောက်ရင် အသက် မီနိုင်သေးတယ်ဆိုတဲ့ အတွေးမျိုးနဲ့ ပြေးတား သတင်းကြီးနေတဲ့နေရာကို ရောက်တော့ မြစ်နံဘေးက သီသီမေကလေး နောက်ဆုံးရပ်ခဲ့တဲ့နေရာဖြစ်တဲ့ အုတ်ပေါင်ပေါ်မှာ ထိုင်ချလိုက်ရင်း ရေထဲကို ငေးစိုက်ကြည့်လို့နေတယ်။

တစ်ရက်သာခြားပေမယ့်လည်း မနေ့က ကမ်းနှစ်ဖက်မှာ လူတွေ အုတ်အုတ်ကျက်ကျက်ဖြစ်ခဲ့တယ်ဆိုတဲ့ အရိပ်အယောင်ဆိုလို့ ကွမ်းတံတွေး ကွက်တွေ နင်းခြေထားတဲ့ ဆေးလိပ်တိုတွေကလွဲရင် ဘာမှုမရှိတော့။ အဲဒီက ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့အဖွဲ့လည်း စသိတဲ့ အချိန်ကနေ ညနေစောင်းအထိ နီးစပ်ရာ ရေငုပ်သမားတွေခေါ်ပြီး ရှာဖွေကြပေမယ့်၊ ဘာမှမတွေ့တဲ့နောက်တော့ တစ်ရက်နဲ့ပဲ လက်လျှော့လိုက်တယ်။ အထက်မှာ မိုးရွာထားတော့ ရေတက်နေ ချိန်လည်းဖြစ်လို့ မျှော်လင့်ချက်မရှိဘူးဆိုတာ သူတို့လည်း သိပါရဲ့။ ဒီတော့ မနေ့က ကမ်းလုံးညွတ်မျှ ရှိခဲ့တယ်ဆိုတဲ့ လူတွေဟာလည်း အဲဒီအဖြစ်အပျက်ကို တစ်ရက်ကလေးနဲ့ပဲ မေ့ပျောက်သွားကြပြီလို့ပဲ ဆိုရတော့မယ်။

လက်ဖက်ရည်ဆိုင် ဘီယာဆိုင် အရက်ဆိုင်တွေမှာတော့ မနေ့ညက အထိ “ခပ်ချောချောကောင်မလေးတစ်ယောက် ရေထဲခုန်ချ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့တယ်” သတင်းစကားကို “မင်းသိပြီးပြီလား” ဆိုတဲ့ အမေးဝါကျ နဲ့စလို့ မေးပြီးမြန်းပြီး ပြောပြီးဆိုပြီးကြပြီ။ တချို့လည်း ဒီကနေ့မနက်အထိ နည်းနည်း ဆက်လက်သယ်ဆောင်ချင်လည်း သယ်ဆောင်လာမယ်။ သို့သော် လည်း အဲဒီလောက်ပဲ ငါးမျှားသမားနှစ်ယောက်ကလွဲရင် မျက်မြင်သက်သေမရှိတဲ့ အဲဒီအဖြစ်အပျက်ဟာ ဘယ်တော့မှလည်း အလောင်းပြန်ပေါ်မလာတော့တဲ့ အတွက် မဖြစ်ခဲ့သလိုနဲ့ပဲ ပြီးဆုံးသွားခဲ့တယ်။

စမ်းရေလမ်းတစ်လမ်းလုံးကလူတွေလည်း ငါးမျှားသမားရဲ့ပြောစကား တွေကနေ တစ်ဆင့်တစ်ဆင့် အဆင့်ပေါင်းများစွာ ဖြတ်ကျော်ပြီးရောက်ရှိလာတဲ့ သတင်းစကားတွေအရ ရေထဲ ဆင်းသွားတဲ့ ကောင်မလေးဆိုတာ သီသီမေပဲလို့ သေချာသွားကြတယ်။ တကယ်ကတော့ ငါးမျှားသမားနှစ်ယောက် တွေ့လိုက်ရ တယ်ဆိုတာလည်း မိုးမှုန်မှုန်ကြား တစ်ဖက်ကမ်းကနေမို့ မှုန်ဝါးဝါး မရေမရာတွေပါ။

သို့ပေမယ့်လည်း ဒီလောက်ကြီး တိုက်ဆိုင်စရာ ဘာအကြောင်းမှ မရှိဘဲ။ စမ်းရေလမ်းထဲက သီသီမေလေး ပျောက်သွားတယ်။ မြစ်နံ့ဘေး ကောင်မလေးတစ်ယောက် မြစ်ထဲ ဆင်းသွားတယ်။ ခိုင်လုံနေတဲ့ အကျိုး အကြောင်းပဲ။

ကိုကြည်နု ပြေးထွက်သွားတာကို ကြည့်ပြီး ညိုမြာတစ်ယောက် အံ့သြ တကြီးဖြစ်တဲ့ မျက်နှာနဲ့ ညိုးငယ်ကြေကွဲနေတဲ့ မျက်နှာနှစ်ခုကြားမှာ အကြာကြီး ရပ်တန့်နေခဲ့တယ်။ ကိုကြည်နုကိုလည်း မမြင်ရတော့ဘူး။ ပြောပြစရာရှိတာ ပြောပြီးတဲ့နောက် ဦးကျိုးညိုကလည်း သူ့အိမ်ထဲ သူပြန်ဝင်သွားတယ်။ ညိုမြာ လည်း ကိုကြည်နုနောက်ပဲ လိုက်ရမလား၊ အိမ်ကနေပဲ ထိုင်စောင့်ရမလား ဝေခွဲမရ ဖြစ်နေတယ်။ အဲဒီနောက် အိမ်ကပဲစောင့်တော့မယ်လို့ ဆုံးဖြတ်ပြီး အိမ်ပေါ်တက်၊ ခြင်ထောင်ထဲဝင် လဲလျောင်း၊ နဖူးပေါ် လက်တင်ရင်း ပက်လက် ကြီး တရှုံ့ရှုံ့ ငိုနေတော့တယ်။ သူ့မျက်ရည်တွေဟာ သူ့နားရွက်နှစ်ဖက်အခွက် ထဲမှာ ပြည့်လို့။ သို့သော်လည်း ရေထဲခုန်ချတာ သီသီမေ မဟုတ်ဘဲ ဒီ့ပြင် ကောင်မလေး တစ်ယောက်ယောက်လည်း ဖြစ်နိုင်တာပဲဆိုတဲ့ မျှော်လင့်ချက် ကလေးက ရှိနေသေးတော့ ဝမ်းနည်းငိုကြွေးနေရင်းမှ အားပြန်တက်လာခဲ့ပြန် တယ်။ သီသီမေက ဘာဖြစ်လို့ ရေထဲဆင်းရမှာလဲ။ ငါ့သမီးလေးက ဘာလို့ ကိုယ့်ကိုယ်ကိုယ် သတ်သေရမှာလဲ။ အဓိပ္ပာယ်မှမရှိဘဲလို့ တွေးမိရင်း အဲဒါ ငါတို့သမီးလေး မဟုတ်လောက်ပါဘူးလို့ ယုံကြည်လာပြန်တယ်။

အဲသလို ယုံကြည် အဲသလို အားတက်ရင်း ညိုမြာဟာ အိပ်နေရာက ထထိုင်၊ ကျနေတဲ့မျက်ရည်တွေကို လက်ကောက်ဝတ်နဲ့ ပြန်သုတ်တယ်။ မျက်ရည်သုတ်နေရင်းကြားထဲကနေ “နင့်သမီး အိပ်ရာထဲ ငိုနေလားမသိဘူး၊ ငါ ညက ရှိုက်သံတွေကြားလို့ ထကြည့်တော့ အသံမကြားတော့ဘူး” လို့ ကိုကြည်နု လွန်ခဲ့တဲ့ လေးငါးရက်ကမှ ပြောပြတာကို သတိရမိသွားတယ်။ နောက်ပြီး ဒီရက်တွေမှာ သီသီမေ ငေးငိုင်မှိုင်တွေနေတာ၊ စိတ်နဲ့ကိုယ်နဲ့ မကပ်သလိုလုပ်နေလို့ ပြီးခဲ့တဲ့ရက်ကမှ သူ ငေါက်လိုက်ရသေးတာကို ညိုမြာ သတိရမိပြန်တယ်။ အဲဒါတွေကို သတိရမိသွားတော့မှ သူဟာအိပ်ရာပေါ်အရုပ်ကြိုးပြတ်ပမာ တစ်ခါပြန်လှဲချလိုက်ပြီး တကယ့်ကို နာကျင်ဝမ်းနည်းစွာ…

“သမီးလေးရယ်…" လို့ တစ်ချက် ညည်းလိုက်ရင်း အပြင်းအတန် ငိုပြန်ပါတော့တယ်။

ညိုမြာ့ရဲ့ အိပ်ရာထဲက ငိုသံနဲ့ မျက်ရည်ဟာ စမ်းရေလမ်းပေါ်အထိ စီးဆင်းလာတော့ လမ်းထဲကလူတွေလည်း သူတို့လင်မယားအပေါ် (အထူး သဖြင့် ညိုမြာ့အပေါ်) ဘယ်လိုပဲ မေတ္တာမဲ့ကြပေမယ့် ကရုဏာသက်ကြပြီး သူ့အိမ်ရှေ့ကို စုပြုံ ဝန်းရံလာကြတယ်။ ဘွားကြည်ကတော့ ရှေ့ဆုံးကပေါ့။ သူတို့အိမ်ပေါ်

တက်လာကြတယ်။ ဘယ်တော့မှ ဖြုတ်သိမ်းလေ့မရှိတဲ့ ကျပ်ခိုးအလိပ်လိပ် ဖုန်အလိမ်းလိမ်း ပင့်ကူအိမ်တွေသွယ်တန်းလို့နေတဲ့ ခြင်ထောင်ထဲ တစ်ဖက်ကိုလှည့်ပြီး ငိုယိုနေတဲ့ သူ့ကို ခေါ်ထုတ်ဖို့ ခြင်ထောင်ကို ဝိုင်းသိမ်းပေးကြတယ်။ ဘွားကြည်ကတော့ ညိုမှာ့နံဘေး တင်ပျဉ်ခွေ ထိုင်ချလိုက်ပြီး ညိုမှာ့ခေါင်းကို သူ့ပေါင်ပေါ်တင်လိုက်ရင်း လက်မောင်းကို ခပ်ဖွဖွ ကလေးပုတ်ပေးနေလေရဲ့။

"အားရအောင် ငိုလိုက် ညိုမှာ... အားရအောင်ငိုလိုက်"

လမ်းထဲကလူတွေကတော့ သီသီမေကလေး ရေထဲခုန်ချ သတ်သေသွားတယ်ဆိုတဲ့အထိကို နားလည်နိုင်ပေမယ့် ဘာကြောင့်ဆိုတာကိုတော့ နားမလည်နိုင်ကြပါဘူး။ ညိုမှာ့အိမ်ပေါ်မှာ ညိုမှာ့နံဘေး ဝိုင်းထိုင်ကြရင်း ညှိုးရုပ်သွင်ဆင်နေကြပေမယ့် သူတို့စိတ်ထဲမှာတော့.

"ဘာတွေများ စိတ်ညစ်စရာရှိလို့ သီသီမေက ကိုယ့်ကိုယ်ကိုယ် သတ်သေရတာတုံး" လို့ ညိုမှာ့ကို မေးလိုက်ချင်စိတ်တွေ တဖွားဖွား ပေါ်နေကြတယ်။

"အင်း ကိုယ့်ကိုယ်ကိုယ် သတ်သေတာဟာ ဘယ်လိုပဲဖြစ်ဖြစ် အဖန်ငါးရာငါးကမ္ဘာတောင် ဝဋ်ခံရမှာ၊ ဒီကလေးမနှယ် မိုက်လိုက်တာ ကိုယ့်ကိုယ်ကိုယ်များ သတ်သေရတယ်လို့"

မိရိုးဖလာဗုဒ္ဓဘာသာတွေပီပီ ကရုဏာဒေါသောတွေကလည်း ထနေကြလေရဲ့။ ဒါပေမဲ့ ခက်တာက အလောင်းမရှိတော့ နာရေးအိမ် လုပ်ရမှာလား၊ ကနဖျင်းတဲ ထိုးရမှာလား၊ ဖဲပိုင်း ဖြစ်မှာလား စသဖြင့် ဘယ်သူမှ မဝေခွဲနိုင်ဘူး။ သွားကြည်ပေါင်ပေါ်မှာ နာရီဝက် တစ်နာရီနီးနီးကြာအောင် ငိုပြီးတဲ့နောက် ဒူးတစ်ထောင်းချောင်းပြီး ထထိုင်နေပြီဖြစ်တဲ့ ညိုမှာလည်း ကိုကြည်နကို သတိရသွားတယ်။

"ကြည်နုလည်း ဘယ်သွားတယ်မသိဘူး ဟယ်လို့.... မငိုတော့ပေမယ့် ငိုသံတစ်ဝက်စွက်ထားတဲ့ အသံနဲ့ ပြောတယ်။

"ဖြစ်ခဲ့တဲ့နေရာမှာ သူကိုတွေ့ခဲ့တယ်... အုတ်ပေါင်မှာ ငုတ်တုတ်ကြီး ထိုင်နေတာ....

နောက်မှရောက်လာတဲ့ ဘွားကြည်သမီး အကြီးမက ပြောတယ်။

"လိုက်သွားဦးမှပါဟယ်..."

အဲဒီလိုပြောပြီး ညိုမှာလည်း အိမ်အောက်ဆင်း ကိုကြည်နုနောက်ကို လိုက်သွားတယ်။ အိမ်ပေါ်မှာ ကျန်ခဲ့တဲ့ လူတွေကတော့ ထိုင်စောင့်ရမလိုလို၊ ကိုယ့်အိမ်ကိုယ် ပြန်ကြရမလိုနဲ့ ယောင်တောင်တောင်ဖြစ်လို့ ကျန်ခဲ့ကြတာပေါ့။

ညိုမှာ သူ့အနားရောက်လာတဲ့အထိ ကိုကြည်နုဟာ သီသီမေ ဆင်းသွားတယ်ဆိုတဲ့ နေရာလေးကို ငေးစိုက်ကြည့်နေတုန်း။ မျက်လုံးကို နည်းနည်းလေးတောင် နေရာမရွေ့ဘဲ အဲဒီတစ်နေရာတည်းကို စူးစိုက်ကြည့်နေခဲ့တာ အနည်းဆုံး သုံးနာရီလောက်တော့ ရှိနေပြီ။ သူ့ရဲ့မျက်နှာမှာ မျက်ရည် ကျထားတဲ့ အရိပ်အယောင် တစ်စက်မျှမရှိ။

"ကြည်နု"

ညိုမှာ ခေါ်ပေမယ့် ကိုကြည်နုဟာ သူ့ကို တစ်ချက်ကလေးမှ လှည့်မကြည့်၊ မြစ်ခြေကို ကြည့်နေတုန်းပဲ။ ညိုမှာလည်း မြစ်ခြေကို လှမ်းကြည့် တယ်။ ပြီးတော့ ကိုကြည်နုနံဘေး ဝင်ထိုင်ရင်း သူလည်းပဲ ကိုကြည်နု ကြည့်နေ တဲ့ နေရာကို ကြည့်နေလိုက်မိတယ်။ မြစ်ရေက ကော်ဖီရောင် ညစ်ညစ်ကြီး။ ရေကလည်း အတော်ကြီးကို တိုးနေတယ်။ မြစ်လယ်မှာဆိုရင် အတော့်ကိုကြီးတဲ့အမှိုက်အုံဒိုက်အုံကြီးဟာ ပတ်ပတ်လည်မှာ အမြုပ်တစီစီနဲ့ ရွံ့စရာကြီး၊ လှိုင်းဂယက်တွေက သူတို့နှစ်ယောက် ထိုင်နေတဲ့ အုတ်ပေါင်ကနေအောက်ကို ဆင်ခြေလျှောဆင်းသွားတဲ့ ကမ်းပါး မြေထိန်းကျောက်နံရံတွေကို တဖတ်ဖတ် ရိုက်နေတယ်။ ရေစီးသံသက်သက်ကကို တဝေါဝေါနဲ့မို့ တိရစ္ဆာန်တစ်ကောင် နာကျင်နေရလို့ အော်ဟစ်နေသံမျိုး။

မြစ်ရဲ့ တစ်ဖက်ကမ်း လမ်းကနေဖြတ်သွားတဲ့ ဆိုင်ကယ်ပေါ်က လူတချို့ကတော့ မနေ့ကမှ ကောင်မလေးတစ်ယောက် ရေထဲဆင်းပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတယ်လို့ နာမည်ကြီးနေတဲ့ နေရာမို့ ခဏတဖြုတ် ရပ်ပြီး လှမ်းငေးကြည့်ကြတယ်။ မြစ်ရေထဲမှာ နောက်ကျိနေတဲ့ရေတွေနဲ့ အမှိုက်ပုံဒိုက်အုံကြီးတွေကလွဲလို့ ဘာမှကြည့်စရာမရှိပြန်တော့ တဖက်ကမ်းကို လှမ်းကြည့်ကြပြန်တယ်။အဲဒီမှာ ကမ်းပါးအုတ်ပေါင်ပေါ်ထိုင်နေကြတဲ့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကိုတွေ့တော့ ပေါက်ပေါက်ရှာရှာ တွေးစရာတွေက ဖြစ်လာတော့တာပဲ။ သူတို့က ဘယ်သူတွေလဲ၊ နောက်တခါ ရေထဲဆင်းသေကြဦးမယ့် လူတွေပဲလား။ ဒါမှမဟုတ် စသဖြင့်။ ထင်ရာမြင်ရာ အိမ်အပြန်သယ်သွားစရာ ဇာတ်လမ်းကိုယ်စီနဲ့ပေါ့လေ။ တကယ့်အဖြစ်မှန်ကို ခန့်မှန်းနိုင်သွားတဲ့ လူတချို့တော့လည်း ရှိတာပေါ့လေ။

ညိုမှာ ငယ်ငယ်တုန်းက ဒီမြစ်ရဲ့ ကမ်းပါးတိုင်းကနေဆင်းပြီး ရေကူး ဖူးတယ်။ သူတို့တွေ ရေမကူးခဲ့ဘူးတဲ့ နေရာဆိုတာ မြို့ထဲဖြတ်သွားတဲ့ ဒီမြစ်ကြော

တစ်လျှောက်မှာတော့ ရှိကိုမရှိ။ ဒါကြောင့် နှစ်တွေ ဘယ်လောက်ကြာကြာ ဘယ်နေရာက ဘယ်လောက်အနက်ရှိတယ်ဆိုတာ သူ ကောင်းကောင်းသိတယ်။ အခု သူတို့လင်မယားနှစ်ယောက် ထိုင်ကြည့်နေတဲ့ ရေဆိပ်ဟာ ဆင်းဆင်းချင်းကို လေးပေအနက်လောက်ရှိပြီး တစ်လှမ်းနှစ်လှမ်း လျှောက်လိုက်တာနဲ့ အောက်ထဲကို ဆယ့်ငါးပေ ပေနှစ်ဆယ်လောက်ကို ရေနက်တဲ့နေရာဆိုတာ သူတင်မက သူ့သမီး သီသီမေလေးကပါ သိနေလို့ ဒီနေရာကနေ သေချာဆင်းသွားတာပေါ့။ ညိုမြာဟာ တအင့်အင့် ရှိုက်လို့ငိုပြန်ရော။ ငိုနေရင်းနဲ့လည်း အနားမှာရှိတဲ့ သစ်ကိုင်းခြောက်တွေ၊ ခဲတွေကို မြစ်ထဲ တရစပ်ကောက်ပေါက်ရင်း “သမီးလေးရယ်…"၊ "သီသီမေရယ် ညည်းဟယ်…" လို့ ဆောင့်ကြီးအောင့်ကြီးနဲ့ အော်အော်ငိုတယ်။ ဝေဒနာဟာ သူ့ကိုယ်ထဲ ဟိုဟိုဒီဒီ လွန်းထိုးပြေးလွှားနေပုံပေါ့။

ညိုမြာ့ရဲ့ ငိုသံ အော်သံထွက်လာမှ ကိုကြည်နုဟာ သူ့နံဘေး လူတစ်ယောက် ရှိနေတယ်ဆိုတာကို သိသွားပုံနဲ့ နီးနီးကပ်ကပ်ကြီး ထိုင်နေတဲ့ ညိုမြာ့ကို အလန့်တကြားကြီး ခေါင်းစောင်းကြည့်တယ်။

"သွားကြစို့ ကြည်နုရယ်… ဒီနေရာမှာ ဆက်ထိုင်မနေပါတော့နဲ့ဟယ်"

ညိုမြာဟာ ငိုရင်းတန်းလန်းပဲ ကိုကြည်နုကို ဆွဲထူပြီး ပြန်လာခဲ့တယ်။ ကိုကြည်နုဟာ အညို့နံဘေးကနေ အမူးသမားတစ်ယောက်လို ပေစောင်းစောင်း ယိုင်တိယိုင်ထိုးနဲ့ပဲ အိမ်ပြန်ပါလာခဲ့တယ်။ ညိုမြာကတော့ တစ်လမ်းလုံး မျက်ရည် သုတ်ရင်း၊ နှာရှုံ့ရင်း ကိုကြည်နုကိုလည်း လက်တစ်ဖက်နဲ့ ဆွဲခေါ်လာရင်း တစ်ချက်တစ်ချက် သူ့ဝေဒနာကိုတောင် သူမေ့လို့ “ကြည်နုတော့ အခုမှ တကယ်ရူးသွားပြီ ထင်ပါရဲ့ ” လို့ အတွေးဝင်နေမိပါသေးတယ်။

သူတို့လင်မယား ဖြတ်လျှောက်သွားရာ လမ်းတလျှောက်ကလူတွေ ကတော့ မြို့ထဲမှာမြင်နေကျ အရူးတယောက်နဲ့ အဲဒီအရူးကို မျက်ရည်လည်ရွှဲနဲ့ ဆွဲခေါ်သွားတဲ့ မိန်းမတို့ကိုကြည့်ရင်း အထူးအဆန်းဖြစ်လို့နေကြတယ်။ သို့သော် အဲဒီလိုလူတကာသူတို့ကိုငေးလို့ တွတ်ထိုး မေးငေါ့လုပ်နေကြတဲ့ အဖြစ်ကို သူတို့လင်မယားမှာ အမှုထား မနေနိုင်ကြတော့ပါဘူး။

အမြဲ ချောင်းတဟွတ်ဟွတ်နဲ့ သလိပ်ခတ်ခတ်နေတတ်တဲ့ ကိုကြည်နုဟာ အိမ်ပြန်လမ်းတစ်လျှောက်လုံး ဘာသံမှကို ထွက်မလာတော့တာ။ လမ်းထဲ ဟိုးရှေးပဝေသဏီကတည်းက နေလာခဲ့တဲ့ လူတွေကတော့ ညိုမြာ့နောက်ကနေ ငိုလည်းမငို၊ ဝမ်းနည်းပုံလည်း တစ်စက်မှလည်းမပေါက်ဘဲ အရက်ကြောင် ကြောင်သလိုပုံမျိုးဖြစ်နေတဲ့ ကိုကြည်နုရဲ့ အဲဒီပုံစံကိုမြင်ပြီး လွန်ခဲ့တဲ့ ဆယ်နှစ် လောက်တုန်းက သူတို့သားလေး ဆုံးပါးသွားစဉ်အချိန်က ကိုကြည်နု ခံစားကြေကွဲနေပုံကို သတိရသွားမိကြတယ်။ “ဩော် တော်တော်ကံဆိုးတဲ့

လင်မယား၊ တော်တော်ကံဆိုးတဲ့ ကြည်နုပါလား” လို့ အားလုံးရဲ့စိတ်ထဲတိုင်ပင်မထားဘဲ ညီတူညီညာ ခံစားကြရတာပေါ့။

ကိုကြည်နုဟာ အဲဒီနေ့ကနေ နောက်တစ်နှစ်လောက်အထိ အနည်းဆုံး တစ်နေ့ တစ်ကြိမ်လောက်တော့ သူ့သမီးလေး ရေထဲဆင်းသွားတဲ့ မြစ်ဆိပ်ကလေးကို ရောက်တယ်။ အုတ်ပေါင်ကလေးမှာထိုင်ပြီး ရေထဲကို စူးစိုက်ကြည့်နေလေ့ရှိတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ် ရေကြီးချိန်လောက်က အဲဒီမြစ်ဆိပ်ကပဲ စိတ်မနှံ့တဲ့ လူတစ်ယောက် ခုန်ချသွားခဲ့ဖူးသေးတယ်။ နှစ်ပတ်လောက်အကြာမှ အဲဒီလူရဲ့ အလောင်းဟာ ဟိုးမြစ်အောက်ဘက်က ဆည်တံခါးအနားမှာ ရေထဲခုန်ချခဲ့စဉ်ကထက် သုံးဆလောက်ထွားလာခဲ့ပြီး ရိရွဲပုပ်အဲ့စွာ ပြန်ပေါ်လာခဲ့တယ်။ အဲဒီတုန်းကလည်း လူတွေဟာ ကမ်းနှစ်ဖက်လုံးညွတ်အောင် လာကြည့်ခဲ့ကြပြီး အနံ့အသက်ကြောင့် ပျို့သူပျို့ အန်သူအန်နဲ့ ကမ်းနှစ်ဖက်က မြက်ခင်းတွေကြား အန်ဖတ်တွေ အတော်ဖုံးလွှမ်းသွားခဲ့သေးတယ်။

သူကိုယ်တိုင်လည်း အဲဒီတုန်းက ကမ်းတစ်ဖက်ကနေ ကြည့်နေတဲ့သူတွေကြား ရုပ်ရင်း ပက်လက်ကြီးဖြစ်နေတဲ့ အလောင်းရဲ့ အင်မတန် ဖောင်းကားတင်းထောင်နေတဲ့ ခရမ်းပုပ်ရောင်ငယ်ပါကြီးကို ငေးကြည့်ခဲ့ဖူးလို့ အချိန်အတော်ကြာအောင် ခေါင်းထဲက ထုတ်မရ ဖြစ်နေခဲ့ဖူးတယ်လေ။ အဲဒီမှတ်ဉာဏ် သူ့ခေါင်းထဲ ပြန်ပေါ်လာခဲ့တော့ ကိုကြည်နုဟာ အလောင်းပြန်ပေါ်လာခဲ့ဖူးတဲ့ ဆည်တံခါးအနားက ရေပြင်မှာ သူ့သမီးလေး ရုပ်ပျက်ဆင်းပျက်နဲ့ ပြန်ပေါ်လာလေမလားလို့ စိုးရိမ်ကြောင့်ကြလည်းကြီးစွာ မျှော်လင့်နေခဲ့မိတယ်။ သူ အဲဒီနေရာကို မဝံ့မရဲ သွားသွားကြည့်တယ်။ ဒါပေမဲ့ သူ့သမီးလေးဟာ မြေကမ္ဘာနဲ့ လေထုကို စိတ်နာသွားပုံမျိုးနဲ့ ဘယ်တော့မှ ပြန်ပေါ်မလာတော့ပါဘူး။

ကိုကြည်နုဟာ သားသမီးကံ မကောင်းခဲ့ဘူး။ လူဖြစ်ခဲ့တာ သေချာ အောင် မျိုးဆက်ကလေးတော့ ချန်ထားခဲ့မယ် ဆိုတဲ့ သူ့ရဲ့ မသိစိတ်ထဲက အတွေးမျိုးနဲ့ ကလေးနှစ်ယောက်ရခဲ့လို့ ပျော်ရွှင်ခဲ့ရတာတွေ၊ အဲဒီကလေး နှစ်ယောက်ကို ရင်ခွင်ထဲမှာ ချီပိုက်ထားခဲ့ရင်း ပီတိဖြစ်ကျေနပ်ခဲ့ရတာတွေဟာ ဘယ်တုန်းကမှ မဖြစ်ခဲ့သလိုမျိုး အလောတကြီးပဲ ပျောက်ကွယ်သွားခဲ့ရတယ်။ သူ့ဆီမှာကျန်ခဲ့တာဆိုလို့ အတိတ်ကို ပြန်မြင်ယောင် တမ်းတမိလိုက်တိုင်းဖြစ်လာတဲ့ အပြင်းအထန် နာကျင်ရမှုတွေချည့်ပါပဲ။ သားသမီးကံ မကောင်းခဲ့လို့ ကိုကြည်နုတစ်ယောက် ဘာကံများကောင်းခဲ့သလဲ ဆိုရင်တော့ ဘယ်သူဖြစ်ဖြစ် မေးခွန်းထုတ်တဲ့လူကို ကြည့်ပြီး “ဘယ်လိုမေးလိုက်တာလဲကွာ” လို့ စိတ်မကောင်း ဖြစ်နေရတော့မှာ။

အခန်း (၅)

ရှုံးသွားတယ်၊ စိတ်ပေါ့သွပ်သွားတယ် ဆိုတာမျိုးက တစ်ယောက်နဲ့ တစ်ယောက် သတင်းပေးကြ မှတ်ချက်ချကြတာမျိုးတွေကသာ လွယ်တာ တကယ်တမ်း ရှုံးနိမ့်သွားခဲ့တယ်ဆိုတဲ့လူရဲ့ အတွင်းထဲမှာ ဖြစ်ပျက်နေတဲ့ အကြောင်းကို မှတ်တမ်းတင်ဖို့ကျ မဖြစ်နိုင်သလောက်ပဲ။ နောက်ပြီး သူရဲ့ ခြေ လက် ခေါင်း ခါး မျက်နှာတို့နဲ့ ထုတ်ဖော်ပြသတဲ့ အသွင်ဟန်ပန်ကိုကြည့်ရင်း စိတ်ဆိုသည်မှာလည်း အများထင်နေတဲ့ အတ္တကောင်မဟုတ်ပါလားဆိုတာကို ဘယ်သူမှ သဘောမပေါက်နိုင်ကြဘူး။

တင်တင်ဟာ ရှုံးသွားတဲ့နေ့က ဆိုင်ရှေ့ကိုထွက် ပလက်ဖောင်းမှာ ရပ်ရင်း လမ်းကို တောင်နဲ့မြောက် ခေါင်းလှည့်ကြည့် သုံးသပ်ပြီးတဲ့နောက် ရှေ့အစဉ်အဆက်ရှိခဲ့တဲ့ မြို့ကအရှုံးတွေရဲ့ သမားစဉ်အတိုင်း မြို့လမ်းတွေပေါ် လျှောက်သွားနေတော့တယ်။ မြို့က ကျန်တဲ့အရှုံးတွေနဲ့ မတူတဲ့အချက်ကတော့ သူက သိပ်သရုပ်မပျက်ဘူး။ လမ်းလျှောက်ပုံမှန်တယ် ဘာကိုမှ မစုဆောင်းဘူး။ သာမန်လူတစ်ယောက် စိတ်ညစ်ညစ်နဲ့ ခြေဦးတည့်ရာ လျှောက်သွားပုံမျိုး တစ်မြို့လုံး လမ်းသွယ် လမ်းငယ်လေးတွေပါမကျန် လျှောက်သွားတာသက်သက် ပဲ။ လူကောင်းဘဝက လက်ဖက်ရည်ဆိုင်နဲ့ ဈေးအပြင် ဘယ်မှမရောက်ခဲ့ဖူးလေတော့ အရှုံးဘဝမှာ အတိုးချ လှည့်ပတ်နေတဲ့သဘောလောက်ပဲ။ ဒါပေမဲ့ အိမ်ကလေးလက်ဖက်ရည်ဆိုင်ဘက်ကို ခြေဦးလှည့်မလာတော့ဘူး။ ညဘက် ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံထောင့်က အုတ်ခုံတန်းတွေမှာ အိပ်တယ်။ တစ်ခါတလေဆိုရင်လည်း ပန်းခြံထဲဝင် မြက်ခင်းပေါ်မှာ လှဲအိပ်နေရင်းနဲ့ အင်္ကျီအိတ်ထဲ လက်နှိုက်ပြီး အမြဲတမ်း ငေးရီဆွေးလျှနေပုံပေါက်တဲ့ ဗိုလ်ချုပ် အောင်ဆန်း ကြေးရုပ်ကြီးကို မော့ကြည့်နေရင်း သက်ပြင်းတွေချည့် လိုမ့်လိုမ့်ချနေ တတ်တယ်။ ထာဝရမတ်တတ်ရပ်နေရလို့ ကြေးရုပ်ကြီးဆိုပေမယ့်လည်း ကရုဏာ သက်စရာကောင်းနေပုံမျိုး။

ကိုစိန်လွင်ရဲ့ အိမ်ကလေးလက်ဖက်ရည်ဆိုင်က ပန်းခြံရဲ့ အရှေ့ဘက် ရထားသံလမ်းသာခြားပြီး တည်ရှိတာမို့ တင်တင်ဟာ လက်ဖက်ရည်ဆိုင်မှာ လုပ်ခဲ့စဉ်တုန်းက နောက်ဖေးမှာ ရေဆိုးသွန်ရင်း၊ သံလမ်းနံဘေး သေးထိုင် ပေါက်ရင်း ပန်းခြံထဲကို လှမ်းလှမ်းငေးကြည့်နေကြ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ အဲဒီနေရာကို ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကြီး ရောက်လာတာ သူသိတယ်။ အရင်တုန်းက အဲဒီနေရာမှာ ဖင်ကြီးကြီးနဲ့ မြန်မာအက ကနေတဲ့ မိန်းမ တစ်ယောက်ဟန်ပန် ကျောက်ရုပ်ရှိခဲ့တယ်။ တင်တင်ဟာ မရှုံးခင်တုန်းကတော့

မျက်နှာရှုး ပြောင်စပ်စပ်မို့ ကနေတဲ့ မိန်းမရုပ်ကို တွေ့လိုက်တိုင်း မိန်းမရုပ်ရဲ့ လက်ချိုး၊ ခါးကိုင်း၊ တင်ပစ်၊ ခြေကော့ထားဟန်အတိုင်း လိုက်လုပ်ကြည့်နေကြ။ တကယ်ရှုးသွားခါမှ မျက်နှာရှုးပြောင်စပ်စပ်ဘဝကနေ အရမ်းတည်ငြိမ်လွန်းသူ ဖြစ်သွားလေတော့ အရာရာဟာ အသွင်အပြင်အရရော၊ အနှစ်သာရအရမှာပါ ပျော်စရာမဟုတ်တော့ဘူးလို့များ တွေးနေသလား မပြောတတ်ဘူး။

တင်တင် ရှုးခါစကာလတွေဟာ ဆောင်းတွင်း အအေးပိုတဲ့ကာလတွေနဲ့ အစောပိုင်းရက်တွေမှာ ပန်းခြံထောင့်အုတ်ခုံမှာ အိပ်တတ်တဲ့ တင်တင့်ကို ကိုစိန်လွင်က ဆိုင်မှာအိပ်ခိုင်းဖို့ လိုက်လိုက်ခေါ်တယ်။ တင်တင်ရှုးတဲ့နေ့က ဝတ်သွားတဲ့ အဝတ်အစားဟာ အပေါ်က ခပ်ပါးပါး အနွေးထည်ပါတယ် ဆိုပေမယ့် အောက်က ဂျင်းဘောင်းဘီအတိုကလေးနဲ့မို့ ကိုစိန်လွင်ဟာ ကိုယ့်လက် ကလွတ် ဘာဖြစ်ဖြစ်ဆိုပြီး လွှတ်မထားနိုင်ဘူး။ ပထမတစ်ရက် ညရှစ်နာရီထိုးခါးနီး သူ သွားခေါ်တော့ အအေးဓာတ်ကြောင့် တင်တင်ဟာ အုတ်ခုံပေါ်မှာ ဒူးနှစ်ချောင်း ထောင်ပြီး ထိုင်လို့၊ လက်နှစ်ဖက်ကတော့ အဲဒီဒူးကလေးနှစ်ချောင်း ပျောက်သွားမှာစိုးတဲ့ပုံနဲ့ အတင်းဆုပ်ညှစ်ဖက်ထားရင်း ခပ်တုန်တုန် ဖြစ်နေရှာ တယ်။ အဲဒီပုံကိုကြည့်ပြီး သူ တော်တော်သနားမိသွားတယ်။ မျက်ရည်တောင် ဝဲမတတ်ပဲ။

“တင်တင် လာလာ..ဆိုင်မှာလာအိပ်၊ ညည်း ဒီမှာ ဘယ်လိုလုပ် အိပ်ရမှာလဲ ဒီလောက်အေးနေတာ"

တင်တင့်အနားရပ်ရင်း သူပြောတယ်။ တင်တင်က သူ့ကို တစ်ချက် တော့ မော့ကြည့်တယ်။ ဒါပေမဲ့ မှတ်မိပုံမရဘူး။ ဘာတွေ လာပြောနေတာလဲ ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ပြီးတဲ့နောက် ချက်ချင်းခေါင်းကို ဒူးနှစ်ချောင်းကြား ပြန်စိုက်လိုက်ရင်း ပေယျာလကန် ပြုလိုက်တော့တယ်။ နောက်ပိုင်း သူ ဆက်ပြော တာတွေကို တစ်ခုမှ ကြားပုံမရတော့။ အဲဒါနဲ့ သူလည်း စိတ်ပျက်လက်ပျက်နဲ့ ဆိုင်ကို ပြန်တယ်။ ဆိုင်ရောက်တော့မှ တင်တင်နဲ့ နည်းနည်းရင်းနှီးတဲ့ စားပွဲထိုးကလေးတစ်ယောက်ကို တင်တင်အိပ်ခဲ့တဲ့ စောင်နဲ့ခေါင်းအုံးအပြင် စားဖို့ မုန့်တွေပါ ထည့်ပေးလိုက်ပြီး သွားပို့ခိုင်းတယ်။ မနက်ခင်းအစော သူ့မိန်းမနဲ့ သူ ဂျူတီချိန်းလို့ အိမ်ပြန်ရင်း တင်တင်အိပ်တဲ့နေရာကို ကြည့်လိုက်တော့ တင်တင်ဟာ စောင်နဲ့ ခေါင်းအုံး သုံးပြီး အိပ်နေတဲ့အပြင်၊ မုန့်ထည့်ထားတဲ့ ကျွတ်ကျွတ်အိတ်လေးတွေ အလွတ်ဖြစ်ပြီး ဘေးမှာပစ်ချထားတာကို တွေ့လိုက်ရ - တယ်။ သိပ်မဆိုးသေးဘူးပေါ့။ သို့သော်လည်း ခေါင်း ဘယ်လိုအုံးအုံး၊ စောင် ဘယ်လိုခြုံအိပ်အိပ် အောက်ကအုတ်ခုံဆိုတာက သမံတလင်းကြီးဆိုတော့ နေ့စဉ် ရက်ဆက်ဆို မကောင်းဘူးလို့တွေးရင်း ကိုစိန်လွင်လည်း သောကပွားနေရတော့ တာပေါ့။ နောက်တစ်နေ့ကျတော့ ခင်းအိပ်ဖို့ စောင်တစ်ထည်အပိုသွားပေးရင်းနဲ့

ဆိုင်ကိုပြန်လာအိပ်ဖို့ ပြောကြည့်သေးတယ်။ တုံ့ပြန်မှုက အရင်လိုပဲ။ နောက် လေးငါးခြောက်လကြာတဲ့အထိ တင်တင်ဟာ အိမ်ကလေး လက်ဖက်ရည်ဆိုင်ဘက် ယောင်လို့တောင် လှည့်မလာဘူး။ ကိုစိန်လွင်ကပဲ စားပွဲထိုးလေးတွေနဲ့ စားဖို့ ပို့ပေးရတယ်။ တစ်ခါတလေ နေမှကောင်းရဲ့လားလို့သူကိုယ်တိုင် သွားကြည့်ရတယ်။ ညဘက်တွေမှာ ဆိုင်ထဲက သူအိပ်နေကျ နေရာမှာ မအိပ်တောင် သူ့ဆိုင်ကပ်လျက်က ညဘက်တွေမှာပိတ်တဲ့ အထည် အလိပ်ဆိုင် တံစက်မြိတ်အောက်မှာ အကျအနခင်းပြီး အိပ်စေချင်တာ၊ ဘယ်လို စည်းရုံး ဘယ်လိုပြောပြော နားလည်းမဝင်ပါဘူး။ အဲဒီတော့လည်း သူ ဘာမှ လုပ်မပေးနိုင်ဘူး။ သို့သော် အချိန်တွေကြာလာတာနဲ့အမျှ ဘယ်လောက် သံယောဇဉ်ရှိပါတယ်ဆိုဆို သွေးသားတော်စပ်မှုကလည်း တစ်စက်မျှရှိထားတာ မဟုတ်လေတော့ အမြဲတမ်း ဂရုမစိုက်အားတော့ဘူးပေါ့။

ခြောက်လလောက်အထိ စားစရာတွေပို့ပို့နေရင်းက တချို့ရက်တွေမှာ မေ့သွားတာတွေ ရှိလာတယ်။ တစ်ခါတလေ နှစ်ရက်သုံးရက်ဆက်မေ့၊ တစ်ခါ တလေကျပြန်တော့လည်း အလုပ်ရှုပ်နေတော့ နောက်မှ နောက်မှ ရွှေ့ရင်း မပို့ဖြစ်၊ အဲသလို ရက်တွေများလာတဲ့တစ်နေ့ကျတော့ အစာမစားရတာ ကြာတော့လည်း ရူးတယ်ဆိုပေမယ့် ထမင်းလွတ်ဟင်းလွတ် ရူးလို့ရတာမျိုး မဟုတ်တော့ တင်တင်တစ်ယောက် ကိုယ်တိုင် အစာထုပ် လာလာယူတော့တယ်။ ကိုစိန်လွင်မှ အပ သူ့ကို ကျွေးမယ့်သူ ရှိမှမရှိဘဲကိုး။ ကိုစိန်လွင်က ဆိုင်မှာပဲ အတွင်းထဲခေါ် ပြီး ပန်းကန်နဲ့ စားပွဲနဲ့ အကျအန ကျွေးဖို့လုပ်ပေးမယ့်လည်း တင်တင်က လက်မခံဘူး။

သူ့လက်ကိုဆွဲပြီး အတွင်းဆွဲခေါ်တဲ့ ကိုစိန်လွင့်လက်ကို အတင်းပုတ်ချ ပြီး ငြင်းဆိုတယ်။ သို့နဲ့ပဲ ကျွတ်ကျွတ်အိတ်တွေနဲ့ ထမင်းတစ်ထုပ် ဟင်းတစ်ထုပ် ပါဆယ်ထုပ်ပေးရတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် တင်တင်တစ်ယောက် အဲသလို စားစရာ လာတောင်းတတ်လာတာကိုပဲ ကိုစိန်လွင့်မှာ ဝမ်းသာလှပြီ။ စားစရာ လာတောင်းပေမယ့် သူ့ကို ပြန်လှန်စကားမပြောတာ၊ ခွန်းတုံ့မပြန်တာ၊ ရှိတယ်လို့ မသတ်မှတ်တာ၊ အရေးစိုက်ဟန်မပြတာတွေကို ဘယ့်နှယ့်မှ ခံစားမနေတော့ဘူး။ အရူးပဲလေ လူကောင်းလို မျှော်လင့်လို့ ဘယ်ဖြစ်မလဲလို့ပဲ နှလုံးသွင်းရင်း စိတ်မကောင်း ဖြစ်နေတော့တယ်။

သို့သော်လည်း တင်တင်ဟာ လေးငါးခြောက်လအထိ ဘယ်သူနဲ့မှ ဘာစကားတစ်ခွန်းမှမဆိုဘဲ ဝစီပိတ်ကျင့်နေတယ် ဆိုပေမယ့် အဲဒီလတွေအလွန်မှာတော့ သူ စကားပြောတဲ့လူတစ်ယောက် ရှိလာခဲ့တယ်။ သူတစ်ယောက်နဲ့ ပဲ အပြန်အလှန် စကားဆိုတယ်။ တစ်ခါတလေ ပန်းခြံထောင့်မှာ သူတို့ နှစ်ယောက် ရယ်ရယ်မောမော ဖြစ်နေတာမျိုးတောင် မြင်ရတတ်ပါရဲ့ ။ ရယ်ရတဲ့ အကြောင်းအရင်းမို့ ရယ်တာတော့ ဟုတ်ချင်မှ ဟုတ်မပေါ့လေ။ အဲဒီလူနဲ့

ဆိုရင်တော့ တင်တင်ဟာ လူကောင်းပကတိ ပြန်ဖြစ်သွားတယ်လို့ မဟုတ်တောင် တစ်ကမ္ဘာလုံးမှာ သူတစ်ယောက်နဲ့သာ ဘာသာစကားတူသလို ဖြစ်နေခဲ့တယ်။ သူကတော့ ကိုကြည်နုပါပဲ။ ဘယ်ဘဝ ဘယ်လိုရေစက် ဘယ်လိုအထုံပါရမီရယ် တော့ ဘယ်သူမှ မသိနိုင်ဘူးပေါ့။သူ့သမီးလေး ဆုံးပါးသွားပြီးတဲ့နောက်မှာ ကိုကြည်နုဟာ မြို့ထဲကို သူ့ရဲ့အလုပ်အတွက် ထွက်လာတဲ့အခါမှာ ဟိုအရင်ကလို လမ်းလျှောက်နည်းတွေ၊ သူ့အပေါ် လူတွေအာရုံကျအောင် ပြုလုပ်နည်းတွေ၊ သံမှုလီကောက်တာတွေ စသဖြင့် စနစ်တကျ တည်ဆောက်လုပ်ယူထားတဲ့ အရူးနည်းစနစ်တွေဟာ ပျက်စီးယိုယွင်းစပြုလာပြီး၊ သူ့ရဲ့ ကိုယ်ပိုင်ဟန်စစ်စစ်ကို ရရှိလာခဲ့တယ်။ ဒါပေမဲ့ လူတွေက သူ့ရဲ့ ကိုယ်ပိုင်ဟန်ကို အရင်က သူလုပ်ယူထားတဲ့ ကော်ပီ စပ်ထည်လောက် သဘောကျပုံမရဘူး။ အရင်တုန်းက ရယ်စရာကောင်းတဲ့ အရူးလို့ မြင်နေခဲ့ရာက သင်းသတ်ခံထားရတဲ့သစ်ပင်လို တဖြည်းဖြည်း မှုန်ကုပ်ကုပ်ကြောင်စီစီ ငုံ့ကိုင်းကိုင်းဖြစ်လာတဲ့ပုံကို ကြည့်ပြီး စိတ္တဇလူသတ်သမား လိုလို ထင်လာကြတယ်။ သူ့ချောင်းဆိုးပုံကြောင့်လည်း ကူးစက်ရောဂါတစ်ခု အလား လူတွေကဝေးဝေးကနေ ရှောင်သွားကြတယ်။ သူ့ရဲ့ ဝင်ငွေဟာ လျော့ကျလာခဲ့တယ်။ သို့သော်လည်း လင်မယားနှစ်ယောက် စားလောက်အောင် တော့ ရနေတုန်းပါ။

သူဟာ အရင်လိုပဲ မနက်လင်း ခြောက်နာရီဆိုရင် အိပ်ရာကနေ အတင်းကုပ်ကပ် ထရစမြဲ။ သူ့ရဲ့ လွယ်အိတ်စုတ်ကိုလွယ်မြို့ထဲလမ်းတွေပေါ်ကဖုန်တသောသောကြားမှာဘဝဟောင်းဒဏ်ရာ ဝိညာဉ်တစ်ကောင်လို ရွှေ့လျားနေရစမြဲပဲ။ အဲဒီဝတ္တရားဟာ သူ့သမီးလေး ရေထဲဆင်းသွားတာကို သိရတဲ့နေ့ရဲ့ နောက်တစ်နေ့မှာတောင် ပျက်ကွက်ခွင့်မရခဲ့ဘူး။ ဒါပေမဲ့ ချောင်းဆိုးရချိန်တွေဟာ ပိုများလာတယ်။ လည်ပင်းက ယားယံလာတိုင်း ကုတ်လိုက်ရင် သက်သာသွားမယ်အထင်မှားနဲ့ လည်ပင်းကို ကုတ်ကုတ်ကြည့်လွန်းလို့ လည်ပင်းအရေပြားဟာ အစင်းကြောင်း တွေ တနေဘီ။ လူကလည်း တဖြည်းဖြည်း နေလှန်းခံရတဲ့ အသားဖတ်တွေလို ခြောက်ကပ်တွန့်လိပ်ရင်း ပိန်ကျသွားတယ်။ တိတ်ဆိတ်သွားလိုက်တာ ဆိုရင် လည်း မရှိတော့တဲ့အတိုင်းပဲ။ သို့ပေမယ့် သူ သွားနေဆဲပဲ။

လက်ဖက်ရည်ဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် သူဝင်တောင်းတယ်။ စားပွဲထိုးတွေ မောင်းထုတ်တဲ့အထိ တစ်ဝိုင်းပြီးတစ်ဝိုင်း လက်ဝါးတစ်ဖက်ဖြန့်လို့ ယိုင်နဲ့စွာ ရပ်နေတယ်။ ပါးစပ်ကနေ “နည်းနည်းလောက် နည်းနည်းလောက် နည်းနည်းလောက် နည်းနည်းလောက်” ဆိုတဲ့ စကားလုံးကို ကြားလေမသွေး နိုင်အောင် တတွတ်တွတ် ရွတ်တယ်။ ဘီယာဆိုင်တွေ ဝင်တယ်။ လွတ်သွားတဲ့ စားပွဲတွေပေါ်က သိမ်းလက်စ အမြည်းပန်းကန်တွေထဲက အကျန်တွေကို ခိုးနှိုက်စားတယ်။ သို့သော်လည်း သူ့ရဲ့ ပြင်းထန်ပြီး အော်ဂလီဆန်ဖို့ကောင်းလှတဲ့

ချောင်းဆိုးသံကြောင့် ဆိုင်တစ်ဆိုင် နှစ်မိနစ် သုံးမိနစ်ထက်ပိုပြီး နေလို့လည်း မရတော့ဘူး။ လူတွေက ချောင်းဆိုးရင်း ရောဂါပိုးတွေဖြန့်ဖို့လုပ်နေတဲ့ ဒီစောက်ရူး ကြီးမှာ ကြောက်စရာ ကြေကွဲစရာကောင်းလွန်းတဲ့ ဆိုးရွားတဲ့ နောက်ခံဇာတ်လမ်း ကြီး ရှိနေတယ်ဆိုတာကို ဘယ်လိုလုပ်သိနိုင်မှာလဲ။ လတ်လတ်ဆတ်ဆတ် မစင်ပုံတစ်ပုံကို မြင်လိုက်ရတဲ့ပမာ မသတီစွာနဲ့ လက်ခါပြလိုက်ကြတယ်။

"အာ...ထွက်သွားလို့ ပြောနေတယ်လေ. ..ဒီစောက်ရူးတော့"

အရင်လို မကြားတကြားပြန်ဆဲဖို့တောင် ကိုကြည်နု သတိမေ့နေခဲ့တယ်။ ဆိုင်တွေထဲကနေ ခံစားချက်မဲ့စွာ သူ ပြန်ထွက်လာတယ်။ ရှုပ်ထွေးပြီး ကျဉ်းမြောင်းတဲ့ ဈေးအတွင်းထဲက လူသွားလမ်းတစ်ခုမှာ ငုတ်တုတ်ထိုင်ရင်း ဖြတ်သန်းသွားတဲ့ ဖိနပ်ဦးတွေ သူ့ခြေထောက်ပေါ် နင်းကြိတ်သွားကြတာကို မေ့ထားလိုက်ပြီး လူတွေရဲ့ မျက်နှာတွေကိုပဲ မျက်လုံးပွင့်လျက် သေသွားတဲ့ အလောင်းကောင်ရဲ့ အကြည့်လို လိုက်ကြည့်နေခဲ့တယ်။ နွမ်းဖတ်နေတဲ့ ငွေစက္ကူ အသေးစားကလေးတွေ သူ့ဆီ ခုန်ဆင်းလာကြတယ်။ အဲဒါတွေဟာ သူ့အတွက်သုံးစားမရတဲ့ စက္ကူအပိုင်းအစတွေနဲ့ ဘာမှမခြားတော့ပေမယ့်၊ အဲဒီအရာတွေကို သူ မလိုအပ်ချင်ဘဲ လိုအပ်နေရတုန်း။ သူ့ခေါင်းထဲမှာ အချိန်တိုင်း သူ့သမီး ကလေးမျက်နှာ ရှိနေတယ်။ ကြာမြင့်လာတော့ အဲဒီသူ့သမီးကလေးမျက်နှာ ဆိုတဲ့ အတွေးထည်ကြီးဟာ အမည်းရောင် အဝတ်စကြီးတခုအဖြစ် သူ့ဦးနှောက် တစ်ခုလုံးကို ဖုံးကွယ်ချထားပြီး သူဟာလည်း အမှောင်ထဲ အမြဲထိုင်နေရတဲ့ လူတစ်ယောက် ဖြစ်နေတော့တာပေါ့ ။

ညိုမြာကတော့ သူ့သမီးကလေးသေပြီးတဲ့နောက် တစ်ပတ်တိတိ အိပ်ရာပေါ်က မထနိုင်အောင် ဝမ်းနည်းပက်လက်ဖြစ်ရင်း ဖျားနေခဲ့တယ်။ အဲ့လိုမှမဟုတ်ရင်တော့ ကိုကြည်နုကို အနားပေးဖို့ သူ စိတ်ကူးရှိပါတယ်။ သို့သော်လည်း သူ့အဖျားက မနက်ခင်း နေထွက်လာပြီးတဲ့နောက် တဖြည်းဖြည်း ချွေးကလေးဘာလေးစို့ သက်သာသလိုရှိလာပေမယ့် ညနေခင်းဆိုရင် တစ်ခါ အဖျားက ပြန်ဝင်လာပြန်ပြီး ချမ်းစိမ့်စိမ့်ဖြစ်၊ ကိုယ်တွေလက်တွေနာ၊ တစ်ညလုံး တကျွတ်ကျွတ်နဲ့ စိတ်ပိုင်းရော ရုပ်ပိုင်းပါ ခံစားလာရပြန်ရော။ အားပြန်ဖြစ်ဖို့ အတွက် အစာကောင်းကောင်းစားရဖို့ရယ် ဆေးသောက်ဖို့ရယ် လိုလာပြန်တော့ ဟိုးအရင်နေ့တွေအတိုင်း အစဉ်အလာမပျက် ကိုကြည်နုကို နှိုးရ မြို့ထဲထွက်ဖို့ နှိုးဆော်ရပြန်တယ်။ အိပ်ရာထဲကနေ လေးတိလေးကန်နဲ့ အိမ်သာဆီသွား၊ ပြီးတော့ မျက်နှာသစ် တစ်ဆင့်ချင်းစီကို တစ်ကမ္ဘာလောက်ခြားအောင် ရွေ့လျားနေရတဲ့ ကိုကြည်နုကိုကြည့်ပြီး ခုမှ တကယ်ရူးသွားပြီနဲ့တူတယ်လို့ သူ့ယောက်ျားသူ သံသယဖြစ်ရင်း၊ ကရုဏာသက်တဲ့စိတ်ကလေးဟာ မိနစ်ပိုင်းကလေး ဖြစ်တည် နေတော့တယ်။ အဲဒီနောက်တော့ ဖျားနေတဲ့ကြားကပဲ သူ့ရဲ့ မောင်းနှင်အားကို

မသုံးမဖြစ် ပြန်သုံးရတာပါပဲ။

ဆိုးရွားလှတဲ့ အတွေ့အကြုံဆိုပေမယ့်လည်း မကျော်လွှားလို့မှ မဖြစ်တော့လည်း လအနည်းငယ်ကြာတော့ ညိုမြာဟာ အလိုလို ကျော်လွှားပြီးသား လည်း ဖြစ်နေတယ်။ သူ့ဘဝမှာ သူနဲ့ပတ်သက်ဆက်နွယ်တဲ့ ရင်းချာလှတဲ့ လူတွေကို ဆုံးရှုံးရတာ ဒါဟာ ပထမဆုံးအကြိမ်မဟုတ်သလို နောက်ဆုံးအကြိမ် လည်း ဖြစ်မှာမဟုတ်ဘူး။ သူ့အမေ သေခဲ့တယ်။ သူ့လင်နှစ်ယောက်သေခဲ့တယ်။ မွေးခါးစ သူ့သားငယ်လေး သေဆုံးခဲ့တယ်။ အခုတစ်ခါ သူ့သမီး လေးဟာလည်း ထွက်ခွာသွားခဲ့ပြန်ပြီ။

ဝမ်းနည်းကြေကွဲမှုနဲ့ သည်းမခံနိုင်ဖွယ် နာကျင်မှုဒဏ်ကိုခံရတာဟာ နှလုံးသားဆိုရင် အဲဒီနှလုံးသားဟာ အထုအနှက်ခံရလွန်းလို့ ရိရွဲစုတ်ပြတ်မသွားဘဲ ပိုပိုမာခဲလာပြီး သိပ်သည်းမာကျောဆ မြင့်လာခဲ့ပြီနဲ့ တူတယ်။ တစ်ခါတလေမှာ သူ့သမီးအရွယ်ကလေးမလေးတွေကို မြင်ရတိုင်း မှိုင်တွေသွားတတ်တာ၊ ညနေခင်းတွေမှာ တစ်ခုခုခိုင်းဖို့ရာ လူမရှိလို့ ဒေါသထွက်နေရင်းကနေ ရုတ်တ ရက် သီသီမေကလေးကို သတိရ၊ သက်ပြင်းတွေ တလှေကြီး ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်ရလောက်အောင် ပြန်ချရင်း သေခြင်းတရားအပေါ် ခဏတဖြုတ် တုန်လှုပ်သွားမိတာတို့ကလွဲရင် အရင်လိုနေ့များကို တဖြည်းဖြည်းနဲ့ပဲ ပြန်ရောက်ရှိ သွားနိုင်ခဲ့ပြီ။ အရင်လို အပျင်းထူမြဲ အရည်ထွက်မြဲ ပေါ့ပါးမြဲ လမ်းရဲ့ အလှတရား ကို တတပ်တအား ပါဝင်ကူဖြည့်မြဲ။ သို့သော်လည်း သားသမီးဆုံးရှုံးထားရတဲ့ မိဘတစ်ယောက်ရဲ့ ကြေကွဲဝမ်းနည်းမှုခံစားချက်ဆိုတာကတော့ စိတ်ရဲ့ ဟိုးအနက်ရှိုင်းဆုံးနေရာမှာ ဒဏ်အဖြစ်တော့ သေသည်အထိ စွဲမြဲကျန်ရစ်ရတာ ချည့်ပါပဲ။ ဒါက အပေါ်ယံအားဖြင့် မြင်နိုင်တဲ့အရာလည်း မဟုတ်ဘူးပေါ့။

စမ်းရေလမ်းဟာလည်း လူအပြောင်းအလဲ အဖြစ်အပျက် အပြောင်း အလဲတွေနဲ့ဆိုပေမယ့် သူ့ဂုဏ်ကိုသူ ထိန်းထားနိုင်နေတုန်း။ လွတ်နေတာ ကြာပြီဖြစ်တဲ့ ဒေါ်ဌေးတို့အိမ်ကို ညိုမြာ့သမီးအကြီးမ ဇင်မာဦးတို့ လင်မယား ငှားနေကြတယ်။ ဒီပြင်နေရာတွေ ငှားနေစရာပေါပေမယ့်လည်း သူ့အကြောင်းပြ ချက်က သူ့မအေတူ ဖအေကွဲ ညီမလေး ဆုံးပါးသွားတော့ ရင်ကွဲပက်လက် ဖြစ်ခဲ့တဲ့ သူ့အမေကို အနီးကပ်စောင့်ရှောက်နိုင်ဖို့ပါတဲ့။ တကယ်တော့ သူ့အမေ နဲ့ သူဆိုတာ ကမ္ဘာပေါ်က မြင်ရတဲ့ နေနဲ့လမျိုးပဲ။ တစ်ယောက်ရှိတဲ့အချိန် တစ်ယောက်မရှိမှ။ သို့မဟုတ်လည်း သူ့ထက်မြင်သာအောင်ပြောရရင် မင်းဂွတ်သီးနဲ့ သကြား၊ စိန်နဲ့ သံပုရာ၊ ချောကလက်နဲ့ ပဲမြစ်တို့လိုမျိုး တွဲဖက်မသုံးဆောင်၊ မထားအပ်တဲ့ အဆိပ်တွေ။ ဟိုငယ်ငယ် သူလင်မရခင်အချိန် ကတည်းက သူတို့သားအမိ မျက်နှာချင်းဆိုင်လိုက်ရင် တကျက်ကျက် စကားများရတာပဲ။ ဘယ်တော့မှ အပေါက်အလမ်းမတည့်တဲ့ဟာတွေ၊ သားအမိ လာဖြစ်နေရတာကိုက လွန်နေပြီ။

နောက်ပြီး သူ့အမေသွေး အပြည့်အဝပါတဲ့ ဇင်မာဦးဟာ လမ်းထဲ မရှိတော့တဲ့ ဝင့်ဝါရဲ့ကွက်လပ်ကို ရာနှုန်းပြည့်မဟုတ်တောင် နီးနီးစပ်စပ် ဖြည့်လိုက်နိုင်တယ်။ ဇင်မာဦးရဲ့ ယောကျ်ားက ဇော်မောင့်လိုပဲ ဆိုက်ကား နင်းတယ်။ ဒါပေမဲ့ သူက ညဘက်ကို အဓိကထားတယ်။ ညဘက်က နေ့လောက် ဆိုက်ကား မပေါ်တာရော၊ ညဘက်ဖြစ်တာကြောင့် ရော ဈေးပိုတောင်းလို့ ကောင်းတယ်။ ညဘက်ဆိုက်တဲ့ ရထား၊ ညဘက်ဝင်တဲ့ကား တွေဆီကနေ ဆင်းလာတဲ့ ခရီးသည်တွေဆိုတာ နေ့ဘက်ပုံမှန်ပေါက်ဈေးထက် နှစ်ဆ သုံးဆ တောင်းလည်း ငြင်းသူရှားတယ်။ နောက်ပြီး ညည့်သိပ်မနက်ခင် ဆယ်နာရီ ဆယ့်တစ်နာရီအချိန်တွေမှာ မြို့ထဲက နှုတ်ခမ်းမွေးတောင် မပေါက်သေးတဲ့ ချာတိတ်ကလေးတွေဟာ အရည်ကလေးဝင်လာတဲ့နောက် ကမြင်းဆိုတဲ့ အကြောက ထချင်လာကြတယ်။ အဲဒီအခါမျိုးမှာ ကမြင်းကြောထတဲ့ လမ်းကြော ကို ဆိုက်ကားဆရာတွေကပဲ ပို့ဆောင်ပေးရတယ်။ အဲဒီခွင်က သာမန်ခရီးသည် တွေဆီက နှစ်ဆ သုံးဆ တောင်းရတာမျိုးထက်တောင် ပိုတည့်သေးလို့ ဇင်မာဦး ယောကျ်ားဟာ တစ်ခါတလေမှာ မနက်ခင်း သုံးလေးနာရီမှ ဆိုက်တဲ့ ကားတွေ ရထားတွေတောင် မစောင့်တော့ဘဲ သန်းခေါင်မကျော်ခင် လျာထားချက်ပြည့်မီလို့ အိမ်ပြန်နှပ်နေရပြီ။

ဇင်မာဦးနဲ့ သူ့ယောကျ်ားမှာ ကလေးကနှစ်ယောက် ရှိတယ်။ ညိုမှာ့ရဲ့ ချစ်လှစွာသော မြေးကလေးတွေပေါ့။ အငယ်ဆုံးသမီးကလေး မရှိတော့လို့ ပူဆွေးကြေကွဲခဲ့ရတယ်ဆိုပေမယ့် ငေါက်စရာ လူလျော့သွားတဲ့ ညိုမှာ့အတွက် တော့ သူ့မြေး မျောက်လောင်း အရိုင်းအစိုင်းကလေးတွေကလည်း အဲဒီကွက်လပ် ကို ဖြည့်ဆည်းပေးနိုင်ကြပါတယ်။ လမ်းထဲ သူ့သမီး စပြောင်းလာခါစကတော့ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ အထီးကျန်မှုကို ကုစားပေးနိုင်ခဲ့တယ်။ ဝင့်ဝါ လွတ်သွားတဲ့ ဖဝိုင်းက တစ်အိမ်ကွက်လပ်ကိုလည်း ဇင်မာဦးက အားတဲ့အချိန်တွေမှာ ဝင်ဖြည့် ပေးလေ့ရှိတယ်။ သားအမိချင်းပေမယ့် နည်းနည်းမှ အညှာအတာမရှိတာကတော့တစ်ပိုင်းပေါ့။

ဇင်မာဦးက ဒိုဘီအလုပ် လုပ်တယ်။ အဝတ်လျှော်ပေး မီးပူထိုးပေး တာပေါ့။ ပင်တိုင်အပ်တဲ့အိမ်က လေးငါးခြောက်အိမ်မကရှိတော့ လက်မောင်းတွေ ကိုက်လာအောင်၊ ရုတ်တရက် လေဖြတ်ဖို့ကောင်းလောက်အောင်ကို ရေနဲ့ ထိတွေ့ ရိုက်နှက် လျှော်ဖွပ်နေရတာ။ ဒီတော့ ဝင်ငွေမဆိုးတဲ့အပြင် သူ့ယောကျ်ား ဆိုက်ကားနင်းတဲ့ အလုပ်နဲ့ပါ တွက်လိုက်ရင် လင်မယားနှစ်ယောက် ကလေး နှစ်ယောက်နဲ့ ငွေရေးကြေးရေး သိပ်ပြီးသောကများအောင် ပူပင်ရတယ်တော့ သိပ်မရှိဘူး။ သို့သော်လည်း စမ်းရေလမ်းရဲ့ ထုံးစံအတိုင်း နှစ်လုံးသုံးလုံး လောင်းကစားကနေ လွတ်တဲ့လူဆိုတာ မရှိသလောက်ရှားတော့၊ ငွေဆိုတာလည်း ဘယ်လောက်ဝင်ဝင် မရှိသလောက်ကို ရှားနေရတာချည့်ပဲ။

လမ်းထဲ သူတို့လင်မယား ပြောင်းရွှေ့လာပြီး သိပ်မကြာဘူး။ ဆယ်နှစ်ကျော်ကြာ ပျောက်ဆုံးပြီး အိမ်ပြန်လမ်းရှာမတွေ့ ဖြစ်ခဲ့ပုံရတဲ့ ဦးပြုံးချိုနဲ့ ဒေါ်ဝိုင်းတို့ရဲ့သား ကျော်ကျော်ဟာ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့အတူ ကျန်းမာစွာ ပြန်ရောက်လာခဲ့တယ်။ အဖေ အမေ ဆိုတာကတော့ သူ့အနာဂတ်အတွက် ဆိုလည်းဟုတ်၊ သူတို့အိုစာမင်းစာအတွက်ဆိုလည်းဟုတ်တဲ့ ရှိရှိသမျှ လက်ဝတ်လက်စားလေးနဲ့ ငွေသားတွေကို သမပြီး အိမ်ကထွက်သွားတဲ့သား၊ ဆယ်နှစ်ကျော်ခါမှ လက်ဗလာနဲ့ ပြန်လာခဲ့တယ် ဆိုပေမယ့်လည်း "ငါ့သားလေး ပြန်လာပြီ" ရယ်လို့ ဝမ်းသာမျက်ရည်တွေနဲ့တော့ ကြိုကြရှာရတာပါပဲ။ သေပြီ အထင်နဲ့ မေ့လျော့ခံထားရတဲ့သား လူအရင်လတ်လတ် ပြန်ရောက်လာတာကိုက သူတို့အဖို့တော့ ကောင်းချီးအပေးခံရတာပဲလေ။ သားရွှေအိုးထမ်းလာတာ မြင်ရတယ် ဆိုတာလောက်အထိတော့ စမ်းရေလမ်းထဲမှာ နေနေပြီး မမျှော်လင့်နဲ့ပေါ့။

သူတို့သားဟာ အရင်ကထက်စာရင်တော့ အများကြီး ရင့်ကျက်လာပုံရတယ်။ အသက်ကလည်း သုံးဆယ်ပြည့်ခဲ့ပြီးပြီကိုး။ လူပျိုပေါက်တုန်းကလို ဟော့ဟော့ရမ်းရမ်း သိပ်မဟုတ်တော့။ ပြန်ရောက်လာပြီး နှစ်ပတ်လောက်နေတော့ မြို့ထဲက နို့ချက်စက်ရုံတစ်ခုမှာ အလုပ်ရပြီး တည်တည်တံ့တံ့ ဖြစ်လာတယ်။

နို့ချက်စက်ရုံမှာ လုပ်ရတဲ့အလုပ်က နို့ဆီပုံးတွေကို ကားပေါ်တင် မြို့ပတ်ချ၊ နောက်တစ်ခါ ပြန်တင် ပြန်ချ စက်ရုံပြန်ရောက်တော့ ပုံးခွံတွေပြန်ဆေး စသဖြင့်အလုပ်ကြမ်းပဲဆိုတော့ တစ်ခါတစ်ရံမှာ ညဘက်သောက်လာတယ်ဆိုပေမယ့် အလွန်အကျွံလည်း ဖြစ်မလာဘူး။ ဦးပြုံးချိုနဲ့ ဒေါ်ဝိုင်း လင်မယားမှာတော့ ဘဝကိုနားလည်လာပြီး အလုပ်ကြိုးစားလာတဲ့ သားကို ကြည့်ပြီး "တို့သားလေး လိမ္မာသွားပါပြီ" လို့ ပီတိတွေဖြစ် ကြည်နူးနေရတာပေါ့ ။

အဲဒီကနေ ခြောက်လလောက်နေတော့ သူတို့လင်မယားကပဲ သူတို့ သားကို ပြောတယ်။

"သားလေး ကျော်ကျော် မင်းအလုပ်ကြီးက ပင်ပန်းပါတယ် အမေတို့ အဖေတို့ ပိုက်ဆံလည်းပိုရ၊ သက်လည်းသက်သာမယ့် အလုပ်ကလေး ရှာထား တယ် အဲဒီကထွက်လိုက်တော့"

သူတို့သားအတွက် အပျိုကြီးဒေါ်မီမီတင်ကို ရိုကျိုးစွာ အလုပ်တောင်းဆိုခဲ့တာပါ။ ဒေါ်မီမီတင်ရဲ့ လက်ခွဲနှစ်လုံးဒိုင်အဖြစ် ရပ်ကွက်ထဲ ဘောက်ချာစာအုပ်ကလေးကိုင်ပြီး လိုက်ရောင်းရုံပဲ။ ကျော်ကျော်ရဲ့ ပညာအရည်အချင်းက ဆယ်တန်းအထိရောက်ခဲ့သေးတော့ ဒေါ်မီမီတင်ကလည်း ကျေကျေနပ်နပ် သဘောတူတယ်။ သူကိုယ်တိုင်ကလည်း ယုံကြည်ရလောက်တဲ့ အကူတယောက်

တော့ လိုချင်မိတယ်လို့ တောင့်တနေခဲ့တာ ကြာပြီကိုး။ လက်ခွဲဒိုင်အဖြစ်တင်မက နှစ်လုံး သုံးလုံး ရက်တိုက်ထွက်တဲ့နေ့တွေမှာ သူ့စာရင်းဇယားတွေကိုပါ ဝိုင်းကူလုပ်ပေးဖို့ သူကပါ လိုလိုလားလား အကူအညီ တောင်းလာတယ်။ နှစ်ဦးနှစ်ဖက် အဲဒီထက်ပြေလည်တာတော့ မရှိတော့ဘူးလို့ပဲ ဆိုရတော့မှာပေါ့။

စမ်းရေလမ်းဟာ အဖြစ်ဆိုးတွေကြုံခဲ့ပြီးနောက် ထိုကာလတွေမှာတော့ လူတိုင်းနီးနီး အစစအရာရာ ပြေလည်နေကြသလိုပဲပေါ့။ ဒါပေမဲ့ အနေအေးလှ တယ်ဆိုတဲ့ မိန်းမနဲ့တောင် ဖော်မောင်တစ်ယောက် တခြားမိန်းမတွေနဲ့ ဇာတ်ရှုပ်တွေကြောင့် တပွမ်ပွမ်ဖြစ်နေကြတဲ့အသံတွေ၊ သူတို့လင်မယား နှစ်ယောက် အဲဒီလိုဖြစ်တိုင်း တစ်တန်းတက်နေပြီဖြစ်တဲ့ သူတို့သားလေးက တိတ်တိတ်ဆိတ်ဆိတ်သာ စကားဆိုတဲ့ သူ့အမေဘက်ကနေပြီး ဖအေကို ငါနဲ့ကိုင်တုပ်နေတဲ့အသံတွေကတော့ ကြားရမြဲ။ ဒီဘက်လပိုင်းတွေမှာ ညနေစောင်းတိုင်း ရန်ထထသတ်နေကြတဲ့ ဦးတင်အောင်သမီး အငယ်မနဲ့ သူ့ယောကျ်ားတို့ရဲ့ အပြန်အလှန် ဆဲဆိုသံတွေကလည်း လမ်းရဲ့သဘာဝကို မောင်းတင်ပေးနေမြဲ။ ဒီလင်မယားရန်ပွဲဘေးမှာတော့ ပက်လက်ကုလားထိုင်မှာထိုင် အရက်ဖြူလေး မျှင်းသောက်နေရင်း ငြိမ့်နေတတ်တဲ့ ဦးတင်အောင်ရဲ့ ရေဒီယိုသံလေးကလည်း တဂျစ်ဂျစ်နဲ့ လမ်းရဲ့ သရုပ်ပြပွဲကို ပုဒ်ကလေးခြားပေးနေဆဲ။ နောက်ဆုံး အဲဒီလို အစုံစုံ အပြားပြားသော အသံတွေကို အိမ်ထဲကနေနားဆင်နေရရင်း လက်ဖဝါး ထိုင်ပွတ်၊ လည်ပင်းကျီးထိုင်တွန်းနေတဲ့ ဦးကျီးညိုနဲ့ သူ့နံဘေးမှာ ရုပ်သံလိုင်းကလာနေတဲ့ အိန္ဒိယ ဇာတ်လမ်းတွဲ၊ ကိုရီးယားဇာတ်လမ်းတွဲတွေကို ပါးစပ်ကြီးတဟဟနဲ့ မျက်တောင်မခတ်ကြည့်နေရင်းက ငိုရမယ့်အခန်းကို ရောက်တော့ မျက်ရည်ကလေး စမ်းစမ်းဖြစ်နေရှာတဲ့ ဒေါ်စန်းတို့ရဲ့ နေထိုင်မှု ပုံစံကိုက လမ်းရဲ့ မတူကွဲပြားခြင်းဓလေ့ကို အသက်သွင်းပေးနေသလိုပါပဲ။

ကိုကြည်နုဟာ နေ့လယ်ခင်းအချိန်တွေမှာ မြစ်ကမ်းနံဘေးနား နာရီဝက် တစ်နာရီ သွားသွားထိုင်လေ့ရှိပြီး ညနေဆိုရင်တော့ အိမ်မပြန်ခင်အချိန်လေးမှာ ပန်းခြံထောင့်က တင်တင့်နံဘေးနား သွားသွားထိုင်တယ်။ ရူးသွားပြီးနောက်ပိုင်း ဘယ်သူ့ကိုမှစကားမဆိုတော့တဲ့ တင်တင်ဟာ ကိုကြည်နုကိုလည်း အစပိုင်းမှာ တော့ မပြောဘူး။ သူ့နံဘေးဝင်ထိုင်တဲ့ ကိုကြည်နုကို ဘဝသစ္စာကို ရှာတွေ့ ခါနီး သူနှောင့်ယှက်လို့ပျက်ရတယ်ဆိုတဲ့သဘော မျက်လုံးပြူးနဲ့ တစ်ချက်ကြည့် လိုက်ပြီးတဲ့နောက် အရင်လိုပဲ ပန်းခြံတစ်ဖက်က ရထားဂိတ်တဲကလေးကို ပြန်ငေးနေလိုက်တယ်။ ကိုကြည်နုကတော့ တင်တင်တစ်ယောက် ဒီလိုဖြစ်သွား တာကို ထူးပြီး မအံ့သြဘူး။ ရူးတယ်ဆိုတာ လူတိုင်းဖြစ်တတ်တဲ့အရာပဲလို့ နှလုံးသွင်းနိုင်တယ်။ နေ့စဉ်ရက်ဆက်ရူးတာနဲ့ တခါတရံ ထထရူးတာပဲကွာမယ်။ ပုထုဇနော ဥမ္မတကော ဆိုတဲ့ စကားကို ဟိုးအစောကြီးကတည်းက လက်ခံထား ပြီးသား။ ညနေတိုင်း တင်တင့်နံဘေး သူဝင်ထိုင်တယ်။ ညနေခင်းဆိုရင်

တင်တင်ကလည်း တစ်မြို့လုံးအနှံ့ လျှောက်သွားနေရာကနေ ပန်းခြံထောင့်ကို ပြန်ရောက်နေပြီ။

ရှုံးပြီးနောက်ပိုင်း တစ်ခါမှ ရေမချိုးတော့လို့ ညစ်ပဲ့စုတ်ပြတ်ပြီး အပြာရောင်ကနေ အမည်းရောင်ကို တစ်ဆင့်ချင်း ရွေ့လျားကူးသန်းနေတဲ့ ဂျင်းဘောင်းဘီ၊ အရောင်ပျောက်နေပြီဖြစ်တဲ့ တီရှပ်အကျီတို့အောက်က အောက်သိုးသိုးအနံ့ထွက်နေတဲ့ ကိုယ်ခန္ဓာ၊ နောက်ပြီး ဂျီးအထပ်ထပ်မို့ မည်းညစ်နေတဲ့ မျက်နှာနဲ့ အဲဒီမျက်နှာနဲ့ အရောင်ဆင်တူဖြစ်နေတဲ့ ခြေဖဝါးတွေ စသဖြင့် ခေါင်းအစ ခြေအဆုံး တစ်နေရာချင်း လိုက်ကြည့်ပြီး...

"တင်တင် ညည်း ရေတော့ချိုးသင့်တယ်" လို့ အကြံပေးတတ်တယ်။ တင်တင့်အတွက်က အကြံဉာဏ် မလိုပါဘူး။ အဲဒီတော့ ဘာအဖြေမှလည်း ပြန်မပေးဘူး။ သို့သော်လည်း ကိုကြည်နုကတော့ ဝတ္ထုရားမပျက် ညနေစောင်း တိုင်း တင့်တင့်နံဘေးနေ သူပြောချင်ရာတွေ တတွတ်တွတ်ပြော၊ များသော အားဖြင့်တော့ သူ့သမီးလေး သီသီမေ့အကြောင်းတွေ။ တင်တင့်ကို သီသီမေလို့ သဘောထားပြီး ပြောနေတာမျိုးပဲ။

“အဖေ့ကိုတော့ ပြောဦးမှပေါ့ကွယ်...မင်းက ဘာမပြောညာမပြောနဲ့"

"ငါ့သမီးလေးမှာ ရည်းစားရှိနေပြီမို့လား... ပြောစမ်း" “သမီးလေးကို အဖေက လွမ်းနေတာ"

“တင်တင်ရေ ရေချိုးမယ်ဆိုရင်လဲ မြစ်ထဲတော့ သွားမချိုးနဲ့နော်”

တင်တင့်နံဘေးမှာ သူကမှ တကယ့်ကလေးတစ်ယောက်လို တအီးအီးနဲ့ ငိုတော့တယ်။ တင်တင်က ခေါင်းငုံ့လို့ ငိုနေတဲ့ သူ့ရဲ့ကုပ်ကို ခွေးတစ်ကောင် လို ပွတ်သပ်ပေးသလို ပွတ်သပ်ပေးနေတတ်တယ်။ အဲဒီကနေ တစ်လကျော် ကြာလာတော့ တင်တင်ကလည်း စကားပြန်ပြောလာခဲ့တယ်။ ရှုံးပြီးနောက်ပိုင်း ပထမဆုံးအနေနဲ့ စကားပြောတာပဲ။ ပြောတဲ့စကားကလည်း အရှုံးစကားမို့ ဆန်းဆန်းပြားပြားလည်း မဟုတ်ပါဘူး။

“ဦးကြည်နု တင်တင် ဗိုက်ဆာပြီ” တဲ့။

အံ့သြဖို့ကောင်းတာက တင်တင်ဟာ ကိုကြည်နုကို မှတ်မိနေတာပဲ။ သူ့အလုပ်ရှင် ကိုစိန်လွင်တို့လင်မယားကိုတောင် သူ့အနားလာတိုင်း တစ်ခါမှ မမြင်ဖူးတဲ့လူတွေကို ကြည့်သလိုကြည့်၊ လုံးဝမှတ်မိပုံမရတော့တဲ့ တင်တင်ဟာ သူ့ကိုတော့ မှတ်မိနေခဲ့တယ်။ အဲဒီ တင်တင် ဗိုက်ဆာပြီ ပြောတဲ့နေ့ကစလို့ သူဟာ ကိုစိန်လွင်တို့ဆိုင်က စားပွဲထိုးလေးတွေအစား တင်တင့်ကို နေ့စဉ်

ထမင်းထုပ်ဆွဲပေးသူ ဖြစ်လာခဲ့တယ်။ တင်တင့်ဆီမသွားခင် အိမ်ကလေးလက်ဖက်ရည်ဆိုင်ကိုသွား၊ ညီမှာ့အတွက်လည်း လက်ဖက်ရည် ပါဆယ်ထုပ်၊ တင်တင့်အတွက် ထမင်းထုပ်ပါယူ၊ ပန်းခြံထောင့်မှာ တင်တင် ထမင်းစားတာကို ထိုင်ကြည့်ရင်း ကိုကြည်နုရဲ့ စိတ်ဒဏ်ရာလည်း နည်းနည်းသက်သာလာတယ် ထင်တယ်။ မြို့က တော်ရုံ ဇာတ်လမ်းတွေနဲ့ ကင်းကွာနေတဲ့သူတွေကတော့...

"ပန်းခြံထောင့်က အရူးသားအဖကြည့်ရတာ ကြည်လည်းကြည်နူးရ၊ စိတ်မကောင်းလည်း ဖြစ်ရတယ်၊ သမီးထမင်းစားတာကို ဖအေလုပ်သူက ကြည့်ရင်း ပြုံးနေလိုက်တာများ ပီတိမျက်ရည်တောင် ကျမိတယ်။ မိဘမေတ္တာ ဆိုတာ အလွန်အင်မတန်ကြီးမားပါလား သိလိုက်ရတယ်"စသည် စသည်ဖြင့်ပေါ့။

အဲဒီလိုထင်မြင်ကြတာ တစ်ခုတော့လည်း ကောင်းတယ်။ ဒီမြို့ဟာ လမ်းပေါ် လေလွင့်ပြီး လျှောက်သွားနေတဲ့ အရူးများလွန်းတဲ့မြို့ဆိုပေမယ့် မြို့ရဲ့ အရူးသမိုင်းမှာ မိန်းမအရူး မရှိခဲ့ဖူးဘူး။ တင်တင်က အဲဒီကွက်လပ်ကို ဖြည့်လိုက်တာပဲ။ သို့သော်လည်း အဲဒါက သိပ်မကောင်းဘူး။ အရူးပဲဆိုဦး အပျိုဖြစ်နေပြီ ဖြစ်တဲ့ ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက် ညတိုင်း မြို့လယ်က အကာအကွယ်မဲ့တဲ့ လမ်းဘေးအုတ်ခုံမှာ အိပ်စက်နေတာဟာ ဖြစ်နိုင်ခြေ ရှိသမျှသော အန္တရာယ်တွေကို ဖိတ်ခေါ်နေတာပဲ။ ကိုစိန်လွင်တို့လင်မယားက အဲဒီစိုးရိမ်စိတ်ကြောင့် တင်တင့်ကို ညဘက် သူတို့ဆိုင်တွင်းမှာ မအိပ်တောင် ဆိုင်နံဘေးက ပလက်ဖောင်းမှာ လာအိပ်စေချင်တာ။ သို့သော်လည်း သူတို့ ကြိုးစားသမျှက အချည်းနှီးပါပဲ။

ကိုစိန်လွင်တို့လင်မယားဟာလည်း တင်တင့်အတွက် အတော်ကလေး စိတ်သောက ရောက်ကြရတယ်။ သွေးသားမတော်စပ်ပေမယ့်လည်း တစ်နည်း တစ်လမ်းနဲ့ တာဝန်ရှိနေသလိုဆိုပေမယ့် ပိုကောင်းလာအောင် တတ်နိုင်တာလည်း ဘာမှမရှိဘူး။ တင်တင့်အတွက် နေ့စဉ် ထမင်းထုပ်ပေးရတယ်။ နေထိုင်မှ ကောင်းရဲ့လား ဖျားနာနေမလား မကြာမကြာ သွားကြည့်ရတယ်။ တစ်ရက်က ဆိုရင် တင်တင့်ဆီ သွားမကြည့်ဖြစ်တာကြာလို့ ညခင်းရှစ်နာရီခွဲ ကိုးနာရီလောက် ကိုကြည်နု တင်တင့်ဆီ သွားတယ်။ အဲဒီမှာ လူတစ်ယောက်က တင်တင့်ကိုလက်ညှိုးငေါက်ငေါက်ထိုး ငေါက်ငမ်း နရင်းတွေရိုက် လုပ်နေတာကို တွေ့လိုက်ရ လို့ အတော်ကလေး ဒေါသထွက်သွား ပြီး ချဲမိတယ်။ ဒေါသနဲ့ သူမေးတယ်။

“ဟေ့လူ ခင်ဗျား ဒါဘာလုပ်တာလဲ စိတ်မနှံ့တဲ့ မိန်းကလေး တစ်ယောက်ကို ခဗျားရိုက်စရာလား"

“ခင်ဗျားနဲ့ ဘာဆိုင်လဲ"

ဟိုလူကလည်း ဂျစ်ကန်ကန် ပြန်ဖြေတယ်။ ကိုစိန်လွင် ဒေါသထွက်သွားပြီး. . .

“ခင်ဗျားကို ရဲတိုင်မယ်” လို့ အော်တော့တာပဲ။

“တိုင်လေ ခုတိုင်လိုက်၊ မနေ့ညက တစ်ညလုံး ဒီစောက်ရူးမက လမ်းပေါ်ရပ်ထားတဲ့ ကားလေကာမှန်တွေကို ခဲနဲ့လိုက်ထုနေတာ ကားနှစ်စီးက မှန်နှစ်ချပ် ကွဲသွားတယ် ခင်ဗျား မယုံရင် လာလိုက်ကြည့် ကျုပ်ကားပါ ပါတယ်"

ကိုစိန်လွင်လည်း အဲဒီစကားကြားမှ ကိုယ်ရှိန်သတ်သွားပြီး တင်တင့်ကို ငုံ့ကြည့်မိတယ်။ တင်တင်ကတော့ ခုနကလေးကမှ သူ့ကို နရင်းရိုက်နေတာကိုလည်း မသိသလို၊ သူတို့နှစ်ယောက် အပြန်အလှန်ပြောဆိုနေတာတွေကလည်း သူနဲ့ပတ်သက်တဲ့ကိစ္စမဟုတ်သလို သူ့လက်ဖဝါးတွေ သူပြန်ပြီး ထောင်ကြည့်နေတယ်။ သူလုပ်တာမဟုတ် သူ့လက်တွေကလုပ်တာလို့ အဖြေပေးနေပုံမျိုး။

"ဟုတ်လား တင်တင်၊ ညည်း ဘာတွေလျှောက်လုပ်နေတာလဲအေ.. တင်တင် မဖြေ။ အဲဒီတော့မှ ကိုစိန်လွင်လည်း ဟိုလူ့ကို တောင်းပန်ရ တယ်။ တောင်းပန်ရတယ်ဆိုပေမယ့်လည်း ကိုယ်ထိလက်ရောက်တော့ မလုပ်သင့်ကြောင်း သူပြောတယ်။

"အရူးပဲဗျာ သူဘာလုပ်မိမှန်းတောင် သူသိမှာမဟုတ်ဘူး။ ကျွန်တော် တောင်းပန်ပါတယ်။ ခင်ဗျားက ရိုက်တော့ မရိုက်သင့်ဘူးလေဗျာ၊ သားသမီးချင်း ကိုယ်ချင်းစာမှပေါ့"

"ကျုပ်က သတ်တောင်ပစ်ချင်နေတာ၊ စောက်ရူးဆိုပြီး လွှတ်ထားလို့မရဘူးလေ"

“ကလေးပဲ ရှိပါသေးတယ်ဗျာ၊ ဒီကောင်မလေး အရင်က ကျွန်တော့် အလုပ်သမားပါ၊ အလွန်ဆုံးမှ ဆယ့်ခြောက်နှစ်ပဲ ရှိဦးမှာ”

"သူ့ဟာသူ ဘာရှိရှိလေဗျာ ကျုပ်ကို ဘယ်သူက အလျော်ပေးမှာလဲ ခင်ဗျားအလုပ်သမားဆိုလည်း အရူးထောင်ပို့ပေါ့။

“ကျွတ်.. အရူးထောင်က ဘယ်နားရှိမှန်းတောင် ကျုပ်မသိဘူးဗျ”

ကိုစိန်လွင်လည်း တင်တင့်ကို တစ်လှည့် အဲဒီလူကို တစ်လှည့်ကြည့် ရင်းစိတ်ညစ်လာမိတယ်။ အရူးထောင်ကို သူက ဘယ်လိုပို့ရမှာလဲ သူ သိမှမသိဘဲ။ သူက တင်တင့်အဖေလည်းမဟုတ်၊ ဆွေမျိုးနီးစပ်တောင် တော်တာ မဟုတ်ဘူး။

တင်တင်ဆိုတာ ဘယ်ကမှန်းဆိုတာတောင် သူမသိဘူး။ တင်တင် ဟာ တကောင်ကြွက်ပဲ။ ဩော် သနားစရာကလေးမ ...။

ကိုစိန်လွင်ဟာ တင်တင့်ကို ငေးကြည့်နေရင်း ကရုဏာသက်မိသွားလို့ မျက်ရည်တောင် ဝဲချင်ချင်ဖြစ်လာခဲ့တယ်။ အဲဒါနဲ့ပဲ သူဟာ အပြည့်အဝတော့ သူလည်း မပေးနိုင်တဲ့အကြောင်းပြောပြီး ပိုက်ဆံ သုံးသောင်း လျော်ပေးလိုက်ရ တယ်။ မတတ်နိုင်ဘူးလေ။ အဲလိုမှမဟုတ်ရင် အဲဒီလူက တင်တင့်ကို ဘာဆက် လုပ်နေမယ် မသိနိုင်ဘူး။ နောက်တစ်နေ့မှာတော့ အဲဒီအကြောင်းကို ကိုကြည်နု ကို ပြောပြပြီး နောက်မလုပ်စေဖို့ ဖျောင်းဖျခိုင်းကြည့်တယ်။ ခိုင်းသာ ခိုင်းရတာ ပါ။ အရူးကို နားချဖို့ အရူးကို အကူအညီတောင်းရတယ်ဆိုတာကလည်း ရယ်စရာတော့ ကောင်းတယ်။ သူပြောသမျှကို ပါးစပ်ကြီးဟပြီး ငေးကြည့် နားထောင်နေတဲ့ ကိုကြည်နုကိုကြည့်ပြီး “အင်း ကြာရင် ငါပါ ရူးတော့မယ် ထင်တယ်” လို့တောင် အောက်မေ့နေမိတယ်။ ကိုကြည်နုပဲ နားအချကောင်း လို့လား၊ နရင်းအရိုက်ခံရလို့ပဲ ကြောက်သွားသလား မပြောတတ်ဘူး။ သူများ ပစ္စည်း ဖျက်ဆီးတာမျိုး တင်တင် နောက်တစ်ခေါက် မလုပ်တော့ပါဘူး။

ကိုကြည်နုကြောင့်လည်း ဖြစ်နိုင်ပါတယ်။ သူနဲ့ တင်တင်တို့ရဲ့ ဆက်ဆံ ရေးကလည်း ဆန်းပြားတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ။ ဟိုယခင်ကတည်းကရှိခဲ့တဲ့ သံယောဇဉ်အခြေခံတွေကြောင့်လည်းပါမယ်။ မရှူးခင်တုန်းကလည်း ကိုကြည်နုကိုဆေးဖော်ကြောဖက်လုပ်တာဆိုလို့လည်း တင်တင်ပဲရှိတယ်။ အဲဒီတော့ ကိုကြည်နု ခမျာ သူ့အကြွေးကို သူပြန်ဆပ်နေသလိုမျိုးပဲ။ တင်တင့်ကို စကားသွားသွား ပြောတယ်။ တင်တင်ကလည်း ပြန်ပြောတယ်။ သူတို့ဟာသူတို့တော့ အဆင်ပြေ သလို ဖြစ်နေကြမယ် အပြန်အလှန်ပြောစကားတွေကတော့ များသောအား အတိုင်အဖောက် မညီတာများပါတယ်။

“တင်တင် ဒီနေ့ဘယ်လိုလဲ အဟွတ် အဟွတ်”

"ဦးကြည်နုကို ခွေးတွေဟောင်တဲ့အခါ ဘယ်လိုလုပ်လဲ"

"ခွေးတွေက ဟောင်ရုံဟောင်ကြတာပါ အဟွတ် အဟွတ်...... ကုန်းပြီး ခဲကောက်လိုက်တာနဲ့ အဟွတ် အဟွတ် အမြီးကုပ်ပြေးကြတာပဲ၊ နင့်လက်ထဲ ခဲ တကယ်ပါစရာတောင်မလိုဘူး အဟွတ် ...... အဟွတ် ... ခဲကောက်တဲ့ အမူအယာသာလုပ်လိုက် အဟွတ် အဲ့ကောင်တွေ ပြေးပြီ အဟွတ်"

"ဘာဖြစ်လို့ အရင်လို လမ်းမလျှောက်တော့တာလဲ"

“မသိဘူး"

"သံမှုလီတွေရော ကောက်သေးလား"

"ဟင့်အင်း"

"ဦးကြည်နု ချောင်းတွေတော်တော်ဆိုးတယ်နော် အဲဒီအတွက် ပိုက်ဆံရလို့လား"

"ဟာ... အဟွတ် အဟွတ် ငါ့သမီးလေးနဲ့ နင်နဲ့က ရွယ်တူလောက်ပဲ တင်တင်ရ အဟွတ်"

"ဦးကြည်နုမိန်းမနဲ့ ဦးကြည်နုသမီး ဘယ်သူက အကြီးလဲ"

"ဟာ....တင်တင် ညည်းကတော့ ငါ့သမီးလေးကို မမြင်ဖူးဘူးကိုး"

"ဦးကြည်နု ပုံပြင်ပြောပြပါလား"

"အေး......ဟိုးရှေးရှေးတုန်းကငါ ရှိခဲ့တယ်တဲ့၊ တစ်နေ့ကျတော့ငါဟာ...သံမှုလီအသေလေးတွေလိုက်ကောက်... အဟွတ်...အဟွတ်"တင်တင်ရော ကိုကြည်နုတို့ဟာ အရူးတွေဆိုပေမယ့်လည်း တစ်ယောက်နဲ့ တစ်ယောက် ဆုံရချိန်တိုင်း သူတို့ကိုယ်တိုင်တောင်မသိတဲ့ နွေးထွေးပျော်ရွှင်ရာ ခံစားမှုကိုရနေကြပြီး တကယ့်သားအဖတွေလို ဆက်ဆံရေးမျိုး တည်ဆောက်ပြီး သား ဖြစ်နေတာပေါ့။

လမ်းထဲကလူတွေနဲ့ ကိုကြည်နုရဲ့ ဆက်ဆံရေးကလည်း အရင်တုန်းက ထက်စာရင် တိုးတက်လာတယ်။ ဒါပေမဲ့ စမ်းရေလမ်းထဲကလူတွေဆိုတာက ဟိုးတုန်းကတည်းက ကိုကြည်နုအပေါ်တော့ သနားစိတ် ရှိကြပါတယ်။ ဒီမိန်းမ လုပ်သမျှအပေါ် သည်းညည်းခံနေတာကိုကြည့်ပြီး "ငါသာဆို ဆောင့်ထိုးပစ်မှာ၊ ဆံပင်ဆောင့်ဆွဲပစ်မှာ" စသဖြင့် သူ့ဘက်က နာကြကျင်ကြရတာ။ ဘယ်လို ဝဋ်ကြွေးမျိုးတွေ လာဆပ်နေရတာပါလိမ့်လို့ စုတ်တသပ်သပ် ဖြစ်နေကြရတာ။ သို့သော်လည်း ဘယ်တုန်းကမှ ထုတ်မပြကြဘူး။ မထင်ရင်မထင်သလို အနီးနား ရှိတာနဲ့ ကောက်ဆော်တတ်တဲ့၊ ကိုယ်ယူထားတဲ့ ကိုယ့်ယောကျ်ားကိုယ်ကို ခွေးတစ်ကောင်လောက်တောင် ညှာတာမှုမရှိတာတွေကြောင့် ညိုမှာ့ကို အများစု က အင်မတန် အော်ဂလီဆန်အောင် ရွံ့ရှာမုန်းတီး စက်ဆုပ်ကြတယ်။ လမ်းထဲက ရှေ့မီ နောက်မီတွေကဆို သူ့ကွယ်ရာမှာ လင်သတ်မလို့ ကျိတ်ခေါ်ကြတယ်။ အရင်လင်နှစ်ယောက်လည်း သူနဲ့ညားပြီး မကြာခင် သေတာပဲလေ။ ဒါပေမဲ့ လည်း ကိုကြည်နုကိုယ်တိုင်ကလည်း သောက်ဖြစ်ကိုမရှိတာလို့ ကရုဏာဒေါသော ဖြစ်ကြရတာလောက်ပဲ။

ရှုးပြီး တောင်းစားတဲ့အဆင့်အထိရောက်တော့ စမ်းရေလမ်းထဲက

လူတော်တော်များများက ကိုကြည်နုကို ရွံရှာသွားကြတယ်။ ပိုဆိုးတာက လမ်းထဲကလူတွေက သူဟာ တကယ်ရူးတာ မဟုတ်ဘူး။ တောင်းစားကောင်းအောင် ရူးချင်ယောင်ဆောင်နေတာပဲလို့ သိနေကြတော့ ပိုပြီး မြင်ပြင်းကတ်ကြတာပေါ့။ ကိုကြည်နု တကယ် ရူးမရူးဆိုတာကတော့ ကာယကံရှင်သူကိုယ်တိုင်တောင် မသေချာတဲ့ကိစ္စပါ။ ဒါပေမဲ့လည်း မြို့ထဲမှာ လှည့်လည်သွားလာနေချိန်နဲ့ စမ်းရေလမ်းထဲက သူ့အိမ်မှာ သူနေတဲ့အချိန်နှစ်ခုရဲ့ ခြားနား ချက်ကြီးလွန်းလို့ သူတို့မှန်းမယ်ဆိုရင်လည်း မှန်းစရာပေါ့။ တချို့ကဆိုရင် နဂိုကပဲကျက်သရေဝေဖြာခဲ့သလိုလိုနဲ့ လမ်းကျက်သရေယုတ်သတဲ့။ တကယ်တော့အားလုံးက မထူးခြားနားတွေချည့်ပါပဲ။ သို့သော်လည်း သူ့သမီးလေးသေဆုံးပြီးတဲ့နောက် ကိုကြည်နုရဲ့ ဖြစ်ပျက်နေပုံကိုကြည့်ပြီး ဘယ်သူကမှမခံစားနိုင်ကြဘူး။ အခုမှ သူဟာ လူကောင်းပကတိ ပြန်ဖြစ်သွားတယ်လို့ပြောကြတယ်။

လမ်းထဲက ကလေးတွေကအစ အရင်တုန်းကဆိုရင် “တစ် နှစ် သုံး စောက်ရူးကြီး…” လို့အော်၊ အိမ်ထဲ ဝင်ဝင်ပြေး လုပ်ခဲ့ရာက လူကြီးတွေက ဟန့်တာလည်းရှိလာတော့ မစ မနောက်ကြတော့ဘူး။ လမ်းထိပ် မှောင်ရိပ်ထဲကနေ သူ့ရဲ့ ချောက်ချားစရာကောင်းတဲ့ ချောင်းခြောက်သံကြီးကြားလိုက်ရပြီဆိုတာနဲ့ ကစားဝိုင်းကိုခဏရပ်လို့ သူ့အိမ်ထဲ သူဝင်သွားတဲ့အထိ ငြိမ်သက်ငေးကြည့်နေတတ်ကြတယ်။ လူကြီးတွေဆိုရင်လည်း ကိုကြည်နုကို မြင်လိုက်တာနဲ့ လုပ်လက်စအလုပ်ကို ခဏရပ်၊ သူ့ကို လှမ်းကြည့်ပြီး သက်ပြင်းတွေချ စုပ်တွေ သပ်။ အင်း ဒီလူတော့ လုံးပါးပါးတော့မယ်လို့ မှတ်ချက်ချမိသွားကြတယ်။

ဦးကျီးညိုတို့ လင်မယားဆိုရင် အကြိမ်တိုင်းမဟုတ်ပေမယ့် သူ့အတွက် သူ ဆေးပေါ့လိပ်ကလေး တစ်ရာဖိုး နှစ်ရာဖိုးဝယ်တာမျိုးကို ပိုက်ဆံမယူတော့ ဘူး။ “ယူသွား ယူသွား ကြည်နု” လို့ ပေးလွှတ်ကြတယ်။ ဒေါ်မီမီတင်လို မိန်းမမျိုးကအစ ငါးဆယ်ဖိုး၊ အစိတ်ဖိုးတွေ မှစတက်နေအောင် ရေးထားတဲ့ ဂဏန်းစာရွက်ကလေးကိုင်လို့လာတဲ့ သူ့ကို “ဦးကြည်နု နှစ်လုံးတွေ အရမ်း ထိုးမနေနဲ့လေ” လို့ တကယ့်ကို ရင်ထဲက စေတနာနဲ့ သတိပေးတတ်လာတယ်။

ဦးတင်အောင်ကတော့ လမ်းထဲမှာ သူနဲ့ အရင်းနှီးဆုံး လူတစ်ယောက် ပါ။ ပူစီဖောင်းရောင်းတာ အဆင်မပြေလို့ ဘာလုပ်စားလို့ ဘာလုပ်ကိုင်ရမယ်မသိနားနေရတဲ့အချိန်တုန်းက ဦးတင်အောင်ကျေးဇူးကြောင့် တစ်နှစ်လောက် အဆင်ပြေသွားသေးတယ်။ ဦးတင်အောင်က သူယူနေကျ ရေခဲချောင်းထုပ်တဲ့အိမ်ကနေ ကိုကြည်နုရောင်းနိုင်ဖို့ လိုက်အပ်ပေးတယ်။ ရေခဲပုံး မဝယ်နိုင်လို့ ရေခဲပုံးပါ အာမခံပြီး ငှားပေးတယ်။ သူအရင်တုန်းက သုံးခဲ့တဲ့ ကြေးဝါခေါင်းလောင်းလေးပါ ထုတ်ပေးတယ်။ စက်ဘီးကတော့ သူလည်း ငှားမပေးနိုင်ဘူး။ အဲသလိုနဲ့

ကိုကြည်နုဟာ ရေခဲပုံးသိုင်းကြိုးကြီးလွယ်၊ ကြေးခေါင်းလောင်းလေး ကလောင်ကလောင်ခေါက်ရင်း နေပူပူထဲ ရေခဲချောင်း လိုက်ရောင်းခွင့် ရသွားခဲ့လို့ ညိုမာ့ရဲ့ အငေါက်အငမ်း အရိုက်အနှက်ကနေ လွတ်ခွင့်ရတာ။ ဒါပေမဲ့လည်း အဲဒါတစ်နှစ်ပါပဲ။

သူက ဈေးရောင်းသိပ်စွံတဲ့ လူစားမျိုးမဟုတ်ဘူး။ မုတ်ဆိတ်မွေး ပသိုင်းမွေးထူထူ ငေါင်တောင်တောင်နဲ့ သူ့ရုပ်ရည်ကို သူ့ဖောက်သည် ဖြစ်လာရ မယ့် ကလေးတွေက ကြောက်နေရတော့ ဘယ်လိုလုပ် အဆင်ပြေမလဲ။ တော်ရုံ ကလေးက သူ့ဆီ မဝယ်တော့ဘူး။ လည်တဲ့ကလေးတွေကျပြန်တော့လည်း အုပ်စုလိုက် သူ့အနားသွား ဟိုကတစ်ချောင်း ဒီကတစ်ချောင်းအော်ရင်း အလစ်မှာ ပိုပိုနှိုက်သွားတတ်ကြတယ်။ ထုံအအ ကိုကြည်နုကတော့ မသိပါဘူး။ အဲဒီတော့ သူ ဘယ်မှာရပ်တည်လို့ရပါ့မလဲ။ နွေရာသီတွေမှာ ခံသာသေးပေမယ့် ဆောင်းရာသီလို ကာလမျိုးကျ ကျော်ဖြတ်ဖို့ ဘယ်လိုမှမလွယ်တော့ဘူး။ အရည်ပျော်လုလု ရေခဲထုပ်တွေ၊ အနားတွေပွဲ့ကုန်လို့ ရောင်းပန်းမလှတော့တဲ့ ရေခဲချောင်း ဘတ်ပြဲကြီးတွေကို သယ်ပြီး အိမ်ပြန်ပြန်လာရတာ များလာတော့ နားလိုက်ရတာပဲ။ အဲဒီကနေ လမ်းထဲမှာ ရေစည်လှည်းတွန်းတာမဟုတ်တော့ပေ မယ့် အထမ်းနဲ့ ရေဆွဲ ရောင်းလိုက်ပြန်သေးတယ်။ ဦးကျီးညိုတို့အိမ်က အဝီစိတွင်း ရေကိုယူ လမ်းထဲက အိမ်တွေကို ငါးထမ်း နှစ်ရာနှုန်းနဲ့ ရေလိုက်ဖြည့်ပေးတာပေါ့။ အဲဒါလည်း သူအဆင်မပြေပါဘူး။ အိမ်တိုင်းက ထည့်တာလည်း မဟုတ်၊ သူကိုယ်တိုင်ကလည်း ဒဏ်မခံနိုင်တော့လို့ နောက်ဆုံးမှာ တောင်းစားတော့တာ ပဲကိုး။

ညိုမာ့ရဲ့ ထိန်းချုပ်ပဲ့ကိုင်မှုအောက်မှာ တစ်လျှောက်လုံး ရိုရိုကျိုးကျိုး နေလာခဲ့ရ၊ ဒုက္ခများခဲ့ရတာကို ယောက်ျားချင်းမို့ ဘယ်လောက်ခံရခက်မယ် စာနာနေတဲ့ ဦးတင်အောင်ဟာ ဒီဘက်နှစ်တွေမှာတော့ တစ်ခါတလေ သူ့ကို မြို့ထဲမှာတွေ့ရင် သူ့ရေခဲချောင်းရောင်းရတဲ့ ငွေကလေးထဲကနေ ငါးဆယ် တစ်ရာ ထုတ်ထုတ်ပေးသွားတတ်တယ်။ ပြီးတော့ ပြောတယ်။

“ကြည်နုရေ.. မင်းချောင်းဆိုးတာက တော်တော်ကြောက်စရာ ကောင်းနေပြီ၊ ဆေးခန်းလေးဘာလေး ပြပါလား”

သူကတော့ ထုံးစံအတိုင်း ဦးတင်အောင်ကို မထုံတက်ထေးနဲ့ ကြည့်ရုံ လောက်ပဲ။ ဘာမှလည်း ပြန်မပြောနိုင်ဘူး။ အဲဒါအဖြစ်ကိုကြည့် ဦးတင်အောင် ဟာ ခေါင်းတခါခါ လုပ်နေမိတယ်။ ကြည်နုတော့ ရိုးကြီးဂေါင်ဂင်နဲ့ ဖြစ်နေပြီ။ လေတိုက်ရင်တောင် လဲတော့မယ့်ပုံ။ ညိုမာကတော့ နောက်တစ်ယောက် သတ်ဦးမယ်နဲ့ တူတယ်လို့ စိတ်ထဲကပဲ ဟောကိန်းထုတ်နေမိတယ်။ အရင်တုန်း ကတော့ ကိုကြည်နုဟာ သူ့ဟာသူ တစ်ယောက်တည်းပဲဆိုပေမယ့် လူတွေရဲ့ ဂရုစိုက်မှု သူ့ကို အရေးတယ် အရောတဝင် ပေါင်းသင်းဆက်ဆံမှုကို

သိပ်လိုချင်တယ်။ သို့ပေမယ့် မရှိခဲ့ဘူး။ အဲဒီတော့ တစ်ချိန်လုံး သူရဲ့ စိတ်အလိုမပြည့်မှုမှာ သူရဲ့နှုတ်ကနေ တတွတ်တွတ်ထွက်ကျလာတဲ့ ဝါကျတွေနဲ့အတူ ညည်းညူ ကြုံးဝါးနေခဲ့ရတယ်။ နောက်ပိုင်းမှာတော့ သူ့မှာ အဲဒီအာသီသ မရှိတော့။

အရာအားလုံးနဲ့ တသီးတခြားဖြစ်မှုဟာ မဖြစ်ချင်ဘဲလည်း သူ့အလိုလို ဖြစ်လာခဲ့တယ်။ ဝတ္ထုရားအရ မြို့ထဲလမ်းတွေပေါ်မှာ လျှောက်လှမ်းနေရဆဲ ဆိုပေမယ့် သူဟာ အမြဲတမ်းနီးနီး ရုပ်ရှင်ထဲက အနေးပြကွက်တွေလို ဖြစ်နေခဲ့ပြီ။ ထီးထီးဖြစ်တည်ရမှုဟာ အချိန်တွေကို သည်းမခံနိုင်လောက်အောင် နှေးကွေး သွားစေခဲ့တယ်။ မနက်ခြောက်နာရီလောက်ကနေ အိမ်ပြန်ချိန် ညခုနစ်နာရီ ရှစ်နာရီလောက်အထိ တစ်နေ့တာဟာ သူ့ရှင်သန်ခဲ့ရတဲ့ နှစ်ငါးဆယ်ကျော် ကာလလောက်အထိကို ရှည်ကြာသလို ခံစားနေရတယ်။ ရုပ်ပိုင်းဝေဒနာအရဆိုရင် လည်း လေထုကိုက ခဲတွေအပြည့်ဖြစ်သွားပြီး သူ့လည်ချောင်းတစ်ခုလုံးကို မွှန်းနေသလို၊ စိတ်ပိုင်းဝေဒနာကျပြန်တော့လည်း စိတ်ရဲ့ အလွန်အင်မတန် အနုစိတ်တဲ့ တဖြတ်ချင်း တကတ်ချင်း အကန့်လေးတွေတိုင်းဟာ ခဲလှေကားလို တစ်ဆင့်ချင်း တက်တက်သွားတယ်။ အဲဒီလှေကားကနေ အဆုံးထိ တက်သွားပြီး တဲ့နောက် သူ ခုန်ဆင်းရမယ့် မှောင်မည်းနေတဲ့ ချောက်နက်နက်ကြီးရဲ့အောက်မှာ ကလည်း ခဲတွေ။ သူ့ရဲ့ အနှစ်မဲ့ခန္ဓာထဲမှာ သူ့ဝိညာဉ်ဟာ အပိုင်းပိုင်းပြတ်လို့ တည်ရှိနေရတော့တာ။

ညိုမာရဲ့ ညနေခင်းဆိုရင် ချမ်းစိမ့်စိမ့်ဖြစ် ခေါင်းကလည်း အမြဲ မထောင်ချင်ဘဲ လှဲလို့ပဲအိပ်ချင်နေမှုဟာ ပျောက်သွားလိုက် ပြန်ပေါ်လာလိုက်ကြာလာတော့သူလည်း အရည်ညှစ်ထုတ်ခံရသလို ပိန်ကျသွားတယ်။ အစာ စားချင်စိတ်လည်း လျော့လာလို့ ပိန်ပြီးရင်းပိန်ရင်း ဖြစ်လာတော့ အားကလည်း အလွန်နည်းလာ၊ အညိုရင့်ရင့် သူ့အသားအရေကအစ ဖြူဖျော့ဖျော့ ဖြစ်လာတယ်။ လမ်းထဲကလူတွေရဲ့ ဆေးမြီးတိုနည်းလမ်းတွေအရ နနွင်းမီးလှုံတာတွေ၊ရှူတာ တွေရော သောက်တာတွေရော လုပ်လွန်းလို့ အညိုရင့်ရင့် ဖြူဖျော့ဖျော့ကာ ဝါကျင်ကျင်ဖြစ်လာတဲ့အထိ။ သို့သော်လည်း နောက်တစ်နေ့ကျတော့ ပြန်ချမ်းလာ တတ်ပြန်ရော။ ရက်တွေဆက်လာတော့ ညိုမာဟာ အိပ်ရာပေါ်လဲတဲ့အဆင့်အ ရောက်လာလို့ သူ့သမီးအကြီး မဇင်မာဦးတို့ လင်မယားကပဲ ဆေးရုံတင်ပေးလိုက် ကြရတယ်။

ညိုမာ ဆေးရုံတက်ရတော့ ကိုကြည်နု ပိုမောရတာပေါ့။ ဆိုင်ကယ် အတိုက်ခံရဖူးတဲ့ လမ်းဘေးခွေး ဆိုင်ကယ်သံကြားတာနဲ့ ကြောက်စိတ်ဝင်ပြီး ထပြေးတတ်သလိုမျိုးပဲ။ သူဟာ ညိုမာ သေသွားမှာကို စိုးရိမ်ပြီး ထိတ်လန့်ကြောက်ရွံ့နေခဲ့တယ်။ ညိုမာသာ မရှိတော့ရင်ဆိုတဲ့ စိတ်အတွေးရဲ့

ဖိစီးမှုက သူ့ကို ခြောက်လှန့်လာပြန်တယ်။ သူ ဘယ်လိုပဲ စိုးရိမ်နေပါစေ ဆေးရုံတက်နေတဲ့ ညိုမြာ့ဆီလည်း သူ့မှာ သွားလို့မရဘူး။ သူ့မိန်းမ ကိုယ်တိုင်က. . .

"ဆေးရုံကို ကြည်နူ လိုက်မလာစေနဲ့နော်၊ အလုပ်လည်း မပျက်စေနဲ့" လို့ ဇင်မာဦးနဲ့ မှာတမ်းခြွေထားပြီးသား။ တကယ်တော့ သူစိုးရိမ်လို့သာ စိုးရိမ်နေရတာပါ။ သူ့မိန်းမရောဂါက သေနိုင်တဲ့ရောဂါမျိုးလည်း မဟုတ်ဘူး။ အဲဒီထက် သူ ပိုပြီးစိုးရိမ် ပိုပြီးမောပန်းသင့်တာက သူ့ရဲ့ နေ့စဉ်ဝင်ငွေ ထိုးကျစိုက်ဆင်းလာမှု ကိုပဲ။ သူ့ဝင်ငွေဟာ တစ်နေ့ သုံးလေးထောင်လောက်အထိ ကျလာနေပြီ။ ဆက်ပြီးကျဆင်းဦးမယ့် လက္ခဏာကလည်း အပြည့်။ လင်မယားနှစ်ယောက် ထမင်းစားရရုံထက် မပိုတော့တဲ့ ဝင်ငွေလေးနဲ့ ဆေးရုံစရိတ်ပါ ထပ်ကုန်ကျမယ့် အရေးဟာ ဝန်ပိနေတဲ့နွားကို နှင်တံနဲ့ ကြုံးဆော်လိုက်တာမျိုးပဲ။ သူကတော့ ကျောကော့မသွားဘဲ ခါးပိုကုန်းလာခဲ့တယ်။

ဆေးရုံတက်နေရတဲ့ အချိန်မှာတောင် ညိုမြာဟာ ဆေးရုံပေါ်ကနေနှစ်လုံးအလိုး မပျက်ခဲ့ဘူး။ အဲဒီတော့ ဇင်မာဦး အကူအညီနဲ့ပဲ ဒေါ်မီမီတင်ဆီက နေ ပိုက်ဆံချေးယူရတယ်။ ပြန်ဆပ်နိုင်အောင် ကြိုးစားရမှာက ကိုကြည်နူ အလုပ်ပဲ။ ဘယ်လိုပဲပြောပြော ညိုမြာ ဆေးရုံတက်နေရတဲ့ရက်တွေမှာ သူ အနည်းငယ်တော့ လွတ်လပ်မှုလေး ရလိုက်သေးတာပဲ။ သူနဲ့ တိုက်ရိုက်တော်တာ မဟုတ်တဲ့ ဒူးမနာမြေးလေးတွေ အိမ်ပေါ်လာပြီး ကြမ်းခင်းပေါ် တက်တက်ခုန်နေတတ်လို့ စိတ်အနှောင့်အယှက် ဖြစ်ရတယ်ဆိုပေမယ့် နည်းနည်းပါ။ သူ ချောင်းပြင်းပြင်း ဆိုးချလိုက်တာနဲ့ မျက်နှာချင်းဆိုင်အိမ်ပေါ်မှာ ကီးပက်ဖုန်းကလေး နှိပ်နေတတ်တဲ့ သူ့ရဲ့ ဒူးမနာသမက်က သူ့သားနှစ်ကောင်ကို ...

"ဟိုကောင်တွေ လာကြစမ်း ရောဂါတွေ ကူးလိမ့်မယ်...လာ" လို့ ရင့်ရင့်သီးသီးပဲ လှမ်းခေါ်တတ်တယ်။ သူကတော့ အေးဆေးပါ။ အဲသလို ပြောလို့လည်း သူ့မှာ နာရကျင်ရတယ်လို့ မရှိ၊ တကယ်နာကျင်ရာက လည်ချောင်းတွေ ရင်ဘတ်တွေ နားထင်တွေ ချောင်းဆိုးလိုက်တိုင်း မျက်နှာဟာ သွေးမရှိတော့လို့ ပြာမှိုင်းကျသွားတယ်။ ပြီးတော့ ထွက်သွားတဲ့ ကလေးပေါက်စ နှစ်ကောင်ကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်နိုင်ရုံပဲ။ မနက်ခင်းဆိုရင် သူ့ကို ခြေကန်နှိုးမယ့်သူမရှိတော့ ရှစ်နာရီကိုးနာရီမှ ထတယ်။ ချောင်းတဟွတ်ဟွတ် ဖြည်းဖြည်းနှေးနှေးနဲ့ပဲ အလုပ်သွားဖို့ ပြင်ဆင်တယ်။ အရင်ညကရခဲ့တဲ့ ပိုက်ဆံ တချို့တစ်ဝက်ကို မအားတဲ့ကြားကနေ လူနာစောင့်လုပ်ပေးနေတဲ့ ဇင်မာဦး လက်ထဲ အပ်လိုက်တယ်။ ညိုမြာ အာဟာရပြည့်တာလေးစားဖို့နဲ့ ဆေးဖိုးပေါ့လေ။

ညိုမြာဟာ ဆေးရုံပေါ်မှာ တစ်လလောက်နီးနီး နေလိုက်ရတယ်။ ဆေးရုံမှာနေလိုက်ရတဲ့ တစ်လလောက်အတွင်း နဂိုရှိရင်းစွဲ ကိုယ်ခန္ဓာထက် နှစ်ဆလောက်နီးနီး ပြန်ပြည့်လာတယ်။ ဆေးရုံတက်တော့ ခပ်ပိန်ပိန် ရုံးပတီသီး

ပမာဆိုပေမယ့် ပြန်ရောက်လာတော့ ခပ်ထွားထွား ခရမ်းသီးတစ်လုံးလို တောင့်တင်းလာခဲ့တယ်။ ဆေးရုံကနေ မနက်ခင်း ဆယ်နာရီလောက်မှာ ဆင်းပြီးတာနဲ့ ဆယ့်တစ်နာရီလောက်မှာ သူ့အိမ်နဲ့ ဒေါ်ဗိုလ်မအိမ်ကြား ကွက်လပ်မှာ တွမ်တီဝမ်းဝိုင်း ဖြစ်နေခဲ့ပြီ။ ကားဘီးပေါက်သလို ထထအော်တတ်တဲ့ အသံတွေနဲ့ ဆူပူအော်ဟစ်နေကြပြီ။ ဒေါ်ဗိုလ်မ၊ ဇင်မာဦး၊ ဇော်မောင်၊ ညိုမာတို့အပြင်နှစ်လုံးဒိုင်လုပ်ရင်း စိုစိုပြေပြေဖြစ်လာတဲ့ ကျော်ကျော်ပါ ပါဝင်လာလို့ ငါးအိမ် အပြည့်။

တစ်နာရီလောက်အတွင်း ဆေးရုံက ပိုးသတ်ဆေးအနံ့အသက်ကို မေ့သွားတဲ့ ညိုမာဟာ ဖဲကလည်း အစပိုင်း တစ်ခွင်နှစ်ခွင်လောက် နိုင်ပြီးနောက် ဆက်တိုက်ညံ့လာတော့ နာရီကို လှမ်းကြည့်လိုက်ပြီး ကိုကြည်နကို ဒေါသထွက်လာခဲ့တယ်။ ဒါပေမဲ့ သူ ဆေးရုံက ဒီနေ့ဆင်းမယ်ဆိုတာကို ကိုကြည်နက သိတာမဟုတ်တော့ အရင်လို ထမင်းစားချိန် လက်ဖက်ရည်ချိန်ရယ်လို့ ပြန်လာမှာမဟုတ်တာ သေချာတယ်။ ဒီသူတောင်းစားကတော့ နည်းနည်းလေး လွတ်တာနဲ့ရောင့်တက်လာတော့တာ၊ စည်းနဲ့ကမ်းနဲ့ ပြန်ကိုင်ဦးမှဖြစ်မယ်လို့ အနာဂတ်အတွက် အစီအစဉ် ကြိုဆွဲနေခဲ့တယ်။ အဲဒီလို ကိုကြည်နုနဲ့ ပတ်သက်ပြီး သူတွေးနေတုန်း မှာမှ ဇင်မာဦး ကပြောတယ်။

“ဦးကြည်နုလည်း ဆေးခန်းလေး ဘာလေးပြခိုင်းဦးဗျ၊ ချောင်းဆိုးလိုက်တာလည်း လွန်ရော တော်ကြာ တီဗီဆိုလား၊ ဘာလား ဖြစ်နေဦးမယ်။ အဲဒါက ကူးတယ်တဲ့နော်…”

ဒေါ်ဗိုလ်မကလည်း ဝင်ထောက်ခံတယ်။

"ဟုတ်တယ်နော် ညည်းယောကျ်ား ညညဆို အိပ်ရောအိပ်ရရဲ့လား မသိဘူး တစ်ချိန်လုံးလိုလိုကြီး ဆိုးနေတာ။ တို့ အိပ်လို့တောင် မရဘူး။ ကုမှာဖြင့် မြန်မြန်ကုဟယ်…ကူးမှာဆိုရင် ဒီမှာက ကလေးတွေချည့်။ ညည်းယောကျ်ားလုပ်တာနဲ့ တစ်လမ်းလုံး မသာပေါ်ကုန်ဦးမယ်"

ညိုမာက သူတို့ပြောသမျှကို နားထောင်နေပေမယ့်လည်း သိပ်အရေးမစိုက်လှတဲ့ပုံနဲ့ ဝေထားတဲ့ဖဲကိုပဲ ကောက်ပြီး ပွတ်နေလိုက်တယ်။ သူ့ဆီက ဘာသံမှ ပြန်မလာတော့ ကျန်တဲ့လူတွေလည်း ဆက်မပြောတော့ဘူး။ မေ့သွား တယ်။ ဖဲချပ်တွေကို အာရုံစိုက်ဖို့ကလည်း အရေးကြီးသေးတာကိုး။ သူက သိတော့ သိတယ်။ သူ့အထင် သူ့ယောကျ်ား ကြည်နုတစ်ယောက် ချောင်း ကလေး တဟွတ်ဟွတ်ဖြစ်နေတာ နှစ်ငါးဆယ်လောက်တောင် ကြာခဲ့လောက်ပြီလို့ ထင်နေမိတယ်။ သိပ်ကြာနေမှကိုး။ ဒါပေမဲ့ သေချာ ပြန်စဉ်းစားကြည့်တော့နှစ်နှစ်ကျော် သုံးနှစ်နီးနီးလောက်တော့ ရှိနေပြီထင်တာပဲ။

အစကတော့ တစ်ခါတလေမှပါ။ နောက်တော့ မနက်ခင်းတိုင်း၊ နောက်ကျတော့ ညအိပ်ရာဝင်ခါနီး တွေမှာပါ ဆိုးလာတယ်။ အိပ်ရာထဲကနေ ခေါင်းကလေးတင်လှည့်ထပြီး ကြမ်းကြားကနေ အောက်ကို ချွဲတွေသလိပ်တွေ ငုံ့ငုံ့ထွေးတတ်တယ်။ သူ ထွေးလိုက်တဲ့ သလိပ်ဖတ်တွေက အောက်မကျဘဲ ကြမ်းနံဘေးတွေလည်း တင်လို့၊ ရက်တွေ ကြာလာတော့ ပုပ်စော်ကြီးတောင် နံလာတယ် ထင်တယ်။ ဒီလောက်တောင် ရွံစရာကောင်းရလားဆိုပြီး တစ်ခါသား အဲသလိုထွေးနေတုန်း နောက်ကနေ ဇက်ပိုးကို မှတ်လောက်အောင် ဖြတ်အုပ်လိုက်တာ ချွဲသီးပြီး မျက်ဖြူတွေဆိုက် တဂစ်ဂစ်နဲ့ စက္ကန့်ပိုင်းကလေး သေမလိုတောင် ဖြစ်နေသေးတယ်။ အဲဒါ လွန်ခဲ့တဲ့ ခြောက်လလောက်က ထင်တယ်။

ဆေးရုံ ဆေးခန်းသွားဖို့ကတော့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ညိုမြာဟာ သူကိုယ်တိုင် ဆေးရုံတစ်လလောက် တက်လိုက်ရလို့ ကုန်ကျစရိတ်ကို ကောင်းကောင်းသိတယ်။ တစ်လဆိုတာတောင် ခိုးဆင်းလာလို့ နို့မို့ဆို ဆေးရုံက ဘယ်အထိ ဆက်နေခိုင်းမယ်မသိဘူး။ အဲဒီစရိတ်ကိုတောင် ဒေါ်မီမီတင်ဆီက ချေးထားတာ ဘယ်လိုပြန်ဆပ်ရမယ် မစဉ်းစားတတ်ဘူး။ ကြည်နုကို ဆေးခန်းပြ ဆေးထိုးဆေးသောက် ရေရှည်ကြီးများ ကုနေရရင် ဘယ်လုပ်စာနဲ့ ထိုင်စားရတော့မလဲ။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စပဲလို့ တွေးတယ်။ သူလည်း တတ်နိုင် သလောက် ကွမ်းရွက်ပုံတို့၊ ဇာပျံလေးတို့ အဆုတ်သန့်ဆေးတွေ ဝယ်ခိုင်း သောက်ခိုင်း၊ လျက်ခိုင်းတာပဲ။ သင်းကိုက ဆေးလိပ်ကလည်း စက်ရုံခေါင်းတိုင် လို ဘယ်တော့မှ မပြတ်သောက်ချင်တာ။ မဖြစ်ဘူး ကြည်နုတော့ ဆေးလိပ် ဖြတ်ခိုင်းမှကို ဖြစ်မှာ။ မဟုတ်ရင် ဒါနဲ့ ဒင်းသေလိမ့်မယ်လို့ ဖဲပွတ်ရင်း စဉ်းစားခန်း ဝင်နေမိတယ်။ သူ့အလှည့်ရောက်လို့ ဖဲထပ်ဆွဲရမှာကိုတောင် မေ့နေမိသေးတယ်။

သူ့အောက်အိမ်ဖြစ်တဲ့ ဒေါ်ဗိုလ်မက "ဟဲ့ကောင်မ ဆွဲမှာဖြင့်လည်း ဆက်ဆွဲလေ... ငုတ်တုတ်များ သေသွားပလား" လို့ သတိပေးလိုက်တော့မှ ဆယ့်လေးနဲ့ ထပ်ဆွဲလိုက်တာဘေးသုံးတန်းတော့ ကပ်ပါရဲ့ အလယ်မှာ နှစ်ပွင့်နဲ့ ရှစ်ဖြစ်နေလို့ သေပြန်ရော။

"သောက်ဖဲကတော့ ယုတ်နေပြီ တောက်.."

အခန်း (၆)

မနက်ခင်းတစ်ခုမှာကွမ်းယာဆိုင်လူဝယ်ပါးနေလို့ဦးပြုံးချိုဟာအိမ်ကလေးလက်ဖက်ရည် ထိုင်သောက် နေတယ်။ သူ့စိတ်ထဲရှိနေတဲ့ ကိစ္စတစ်ခုကိုပြောဖို့ ကောင်တာမှာထိုင်နေတဲ့ ကိုစိန်လွင့်ကို အားမအား လှမ်းလှမ်းကြည့်တယ်။ ကိုစိန်လွင်က မနက်ခင်း ဈေးဝယ်စာရင်းလုပ်နေရင်း ခေါင်းမဖော်အောင် အလုပ်ရှုပ်နေလို့ ဦးပြုံးချိုလည်း မခေါ်သာဘူး။ အဲဒါနဲ့ လက်ဖက်ရည် တစ်ငုံငုံတယ်။ သူ့စိတ်ထဲကနေ သူထင် တာ မဖြစ်ပါစေနဲ့လို့ ကြိတ်ဆုတောင်းမိတယ်။ သို့သော်လည်း မရေရာဘူး။ မနက်ခင်းက ဆိုင်ဖွင့်ဖို့အတွက် အိမ်ကနေ ဆိုင်ကိုအလာလမ်းမှာ တင်တင့်ကို တွေ့တော့ ဘာရယ်မဟုတ် ခဏရပ်ပြီး အကဲခတ်နေမိတယ်။ ကောင်မလေးဟာ မနေ့က ကျန်ထားပုံရတဲ့ ပလက်စတစ်ထမင်းထုပ်ထဲ လက်နှိုက်ပြီး တစ်လုပ်ပြီး တစ်လုပ် ကော်စားနေလေရဲ့။ သူ့ မြင်ရတာ တကယ့်ကို စိတ်မချမ်းသာစရာ။

ဦးပြုံးချိုဟာ ကိုစိန်လွင်ရဲ့ အိမ်ကလေးလက်ဖက်ရည်ဆိုင်ရှေ့မှာ ဖုန်းတွေမပေါ်ခင်က ပီစီအို ဖုန်းဆိုင်၊ လက်ရှိ အောင်ဘာလေထီပါတွဲရောင်းတဲ့ ကွမ်းယာဆိုင်ဖွင့်စားလာခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ တင်တင်ကလေး ဆိုင်ကို စရောက်လာပုံ၊ နေ့စဉ် လက်ဖက်ရည်ဆိုင်မှာ တက်တက်ကြွကြွအလုပ်လုပ်နေပုံ၊ ဆိုင်ကိုလာသူတွေနဲ့ ပြောင်လားနောက်လားလုပ် ရယ်မောနေပုံ စသဖြင့် တင်တင်ကလေးရဲ့ ပုံရိပ် တော်တော်များများကို သူမှတ်မိနေတယ်။ ချစ်မွေးပါတဲ့ကလေးမို့ ရုတ်တရက် ကောက်ကာငင်ကာကြီး စိတ်ပေါ့သွပ် သွားရတာကို အားလုံးက စုတ်တသပ်သပ်နဲ့ စိတ်မကောင်းဖြစ်ခဲ့ကြရတာ။ အဲဒီလောက် ချစ်ဖို့ကောင်းတဲ့ ကလေးမလေး တစ်နေ့တခြား ညစ်ထေးပုံပျက် လာခဲ့တာ တဖြည်းဖြည်းနဲ့ တိရစ္ဆာန်တစ်ကောင်လို မဟုတ်တောင် ကမ္ဘာဦးလူတစ်ယောက်လို ဖြစ်နေခဲ့ပြီ။ “ဩော်ဝ် လုပ်သမျှ ဒုက္ခပါလား” လို့ တရားသံဝေဂယူရင်း ညည်းညူနေလိုက်တယ်။ တအောင့်လောက်နေတော့ ကိုစိန်လွင် အလုပ်အားသွားပုံမြင်ရလို့ သူ လှမ်းခေါ်တယ်။ ကိုစိန်လွင် လည်း သူ့ဝိုင်းဆီ ဆိုက်ဆိုက်နဲ့ ဆင်းလာတယ်။

"စိန်လွင်ရေ... မင်း ဒီရက်ပိုင်း တင်တင့်ကို သွားကြည့်မိသေးလား”

“မရောက်ဖြစ်တာ ကြာပြီဗျ။ ပြီးခဲ့တဲ့ သုံးလလောက်က ညဘက်ကြီး ဆိုင်တွေရှေ့က အမှိုက်ပုံးတွေ သူလိုက်မှောက်လို့ ဘယ်သူကမှန်းမသိ ထိုးလွှတ် လိုက်တာ မျက်ကွင်းကြီးကိုညိုလို့ လူတွေကလည်း ခက်တယ်ဗျာ။ စိတ်မနှံ့တဲ့

ကလေးတစ်ယောက်ကို လုပ်ရက်လိုက်ကြတာ။ အဲဒါကြည့်ပြီး စိတ်လည်း မကောင်းလို့ မသွားဖြစ်တော့ဘူး။ အလုပ်ကလည်း ရှုပ်နေတာနဲ့..”

ကိုစိန်လွင်ဟာ တင်တင့်အကြောင်း တွေးလိုက်မိလို့ စိတ်ရှုပ်သွားတယ်။ ဦးပြုံးချိုလည်းပဲ ကိုစိန်လွင်ပြောပြတဲ့ ကိစ္စကို စဉ်းစားကြည့်ရင်း သူ့အတွေးနဲ့ ဆက်စပ်ကြည့်နေမိတယ်။ ပြီးတော့ သူမေးတယ်။

“အဲဒါ လွန်ခဲ့တဲ့ သုံးလေးလလောက်က မဟုတ်လား..."

“အင်း...အဲ့လောက်တော့ ရှိပြီပေါ့ဗျ၊ ခုကော ဘာဖြစ်ပြန်လို့လဲ ဦးပြုံးချို"

“ပြောရမှာမကောင်းဘူး စိန်လွင်ရေ..."

ဦးပြုံးချိုဟာ ပြောနေရင်းနဲ့ သူ့ခေါင်းကို ကိုစိန်လွင့်ခေါင်းအနား အသာ တိုးကပ်လိုက်တယ်။ ပြီးတော့မှ အသံကို နှိမ့်လိုက်ပြီး ခပ်တိုးတိုး ဆက်ပြောတယ်။

“တင်တင်တော့ ဗိုက်ကြီးနေတယ်ထင်တာပဲကွာ... ခုမနက် ငါမြင်ခဲ့တာတော့ သူ့ဗိုက်ကလေး စူနေတယ် မောင်

ကိုစိန်လွင်ဟာ အံ့သြလွန်းလို့ နှုတ်ခမ်းတွေကပါ လေချွန်လိုက်သလို စူသွားတယ်။ ခေါင်းကို ဦးပြုံးချို အနားကခွာလိုက်ပြီး ဦးပြုံးချိုရဲ့ မျက်နှာကို သေသေအချာ ကြည့်တယ်။ သူ ကြားလိုက်တာ ဟုတ်မှဟုတ်ရဲ့လား ဆန်းစစ်တဲ့ သဘောပါပဲ။

"နေပါဦးဗျာ လူတွေ ဒီလောက်တော့ ယုတ်မာမယ်မထင်ဘူး ကျွန်တော် သွားကြည့်ပါဦးမယ်" လို့ ပြောပြီး ကိုစိန်လွင်လည်း ပန်းခြံဘက်ကို ထွက်လာခဲ့တယ်။ လမ်းမှာ လွန်ခဲ့တဲ့ သုံးလက နှုတ်ခမ်းတွေလည်းပေါက် မျက်ကွင်းကြီးတစ်ဖက်လည်း ညိုလို့နေတဲ့ တင်တင်မျက်နှာကို ပြန်သတိရလာ တယ်။ အမှိုက်ပုံးတွေ လျှောက်လှန်လို့ အထိုးအကြိတ်ခံထားရတာမှ ဟုတ်ရဲ့ လား။ မုဒိမ်းကျင့်ရင်း ရိုက်နှက်သွားတာများလား မသိဘူးလို့ ပူပန်လာမိတယ်။ ပန်းခြံထောင့်ရောက်တော့ တင်တင့်ကို မတွေ့ဘူး။ အနီးနားပတ်ဝန်းကျင် မြက်ခင်းတွေပေါ်များ အိပ်နေသလား လျှောက်ရှာကြည့်ပေမယ့်လဲ မတွေ့တာနဲ့ ဆိုင်ပြန်လာခဲ့တယ်။ သူပြန်လာတာ တွေ့လိုက်တာနဲ့ ဦးပြုံးချိုဟာ ခုံမှာထိုင်နေရင်း မေးလှမ်းဆတ်ပြတယ်။ သူလည်း ခေါင်းပဲ ပြန်ခါပြရင်း ဦးပြုံးချိုဝိုင်းမှာ ဝင်ထိုင်လိုက်တယ်။

“မတွေ့ခဲ့ဘူးဗျ။ ညနေမှ တစ်ခေါက်သွားကြည့်ဦးမယ်။ ဦးပြုံးချို မြင်တာ ဟုတ်မှဟုတ်ရဲ့လားဗျာ ဝနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်တော် နေ့တိုင်း မနက်ခင်းစာဆို မနက်ခင်းစာ၊ ထမင်းချိန်ဆို ထမင်းဟင်း ပုံမှန် ပို့ပေးနေတာ။

လူရှုးပေမယ့် အစားမှန် အအိပ်မှန်လို့ ဝလာတာလည်း ဖြစ်ချင် ဖြစ်မှာပါ"

"မင်းကလည်းကွာ ငါ ကလေးမှ မဟုတ်တာ၊ ဝတာနဲ့ ဗိုက်ကြီးတာ တော့ ငါခွဲသိပါတယ်။ တင်တင့်ဗိုက်ကလေးက တော်တော်ကို စူထွက်နေပြီဟ။ ဗိုက်ကြီးတာတော့ သေချာတယ် ဘယ်ကောင့်လက်ချက်လဲသာ မသိတာ"

သူလည်း ဦးပြုံးချိုကို ဘာစကားမှ ပြန်မပြောနိုင်ဘဲ လမ်းကိုငေးရင်း အကြာကြီး ငြိမ်နေတယ်။'စိန်လွင် မင်းပါ ရှူးသွားပြီလား စကားလေးဘာလေး ပြန်ဦးဟ ဘယ်သူဖြစ်နိုင်လောက်လဲ"

"ကျွန်တော်လည်း ဘယ်သိမှာလဲ ဦးပြုံးချိုရာ"

ခဏနေတော့ သူတို့စကားဝိုင်းထဲ ဦးညီပု ပါဝင်လာတယ်။ သူက ပြောတယ်။

ငါ မြို့အစုံရောက်ဖူးတယ်ကွ မြို့တိုင်းမြို့တိုင်းမှာ အရူးမ မရှိလိုက်နဲ့ ရှိလိုက်ရင်လည်း အဲဒီအရူးမတွေဟာ လင်ကောင်မပေါ်ဘဲ ခဏခဏ ဗိုက်ကြီး မွေးကြတာပဲ။ ရူးပါတယ်ဆိုမှ ကလေးတစ်သိုက်နဲ့ အတော်စိတ်ပျက်ဖို့ ကောင်းတဲ့ လူတွေကွာ။ ကလေးတွေဆိုတာလည်း ဘယ်လောက်သနားဖို့ ကောင်းသလဲ...ကျွတ် ကျွတ်။ လူတွေကလည်း မင်းသိတဲ့အတိုင်း ဒါမျိုး မွေးလာရင် ဘုရားပေးတယ် ဘုရားပေးတယ်. . ဘုရားပေးတယ်ပဲ ထားပါတော့ လုပ်ကြသေးတယ်။ မုဒိမ်းကောင် မသိရတော့ ဘုရားချည့် လွှဲချနေကြတာ။ ဘုရားက အဲ့လောက်ကြီး မစာမနာ ခဏခဏပေးမလားဟ... စိတ်ပျက်ပါ တယ်ကွာ တင်တင်လည်း အဲဒီလမ်း လိုက်ရတော့မှာပဲ"

ဦးညီပုဟာ ပြောရင်းဆိုရင်း ဒေါသတွေပါ ထွက်လာပြီး ရေနွေးခွက်ကို ခွက်ခနဲ ဆောင့်ချပစ်လိုက်တယ်။

"အေးဗျာ ဗိုက်ကြီးတာသာ သေချာရင် ခက်ပြီဗျ။ မွေးဖို့ဖွားဖို့ ဒုက္ခရောက်ဦးမှာ၊ သူက ဘယ်သူ့မှစကားပြောတာအဖက်လုပ်တာ မဟုတ်ဘူး၊ ရန်ပဲ လုပ်နေမှာ"

ခေါင်းကို တဗျင်းဗျင်း ကုတ်လိုက်ရင်း ကိုစိန်လွင် ပြောတယ်။ "နေစမ်းပါဦး၊ ညနေဘက် ညဘက်တွေ ကြည်နု သူနဲ့အတူ ရှိတယ် မို့လား.....

"ဟာ ဦးညီပု စကားကဘယ်လိုကြီးလဲဗျာ။ ကိုကြည်နုက အဲသလိုလူမဟုတ်ပါဘူး... အဲ့လိုကြီး မပြောပါနဲ့။ သူ့ဟာသူတောင် သူ့ဒုက္ခနဲ့မငြိမ်းချမ်းနိုင်တာကြီး၊ နောက်ပြီး ကိုကြည်နုက တင်တင့်ကို သူ့သမီးလေးလိုထင်နေတာဗျ"

“အဲဒါ ပြောတာမဟုတ်ပါဘူးကွာ... မင်းကလည်း ကြည်နုအကြောင်း ငါလည်း သိပါတယ်။ ငါပြောတာက သူများသိနိုင်မလား မေးကြည့်ဖို့ပါ။ ဒါပေမဲ့လည်းနော် စိန်လွင်ရေ. . . ကြည်နုအကြောင်း မင်းတို့ငါတို့ သိသလို လူတိုင်းသိတာ မဟုတ်ဘူးဟ။ ထင်တဲ့လူက ထင်မှာပဲ"

"သေချာသေးတာလဲ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်လည်း ညနေ ကိုယ်တိုင် ထမင်းပို့ရင်း သွားကြည့်ပါဦးမယ်... ဒါနဲ့ ဒီကိစ္စ ဘယ်သူမှ မပြောကြနဲ့ဦးဗျာ နော်..."

နှစ်ကာလများစွာ ရှည်ကြာအောင် စောင့်ရသလို စောင့်ခဲ့ရပြီးတဲ့နောက် ညနေခင်း တကယ်ရောက်တော့လည်း ကိုစိန်လွင်ဟာ ဆိုင်မှာ လူကျနေတာနဲ့ တော်တော်နဲ့ မထွက်ဖြစ်ဘူး။ အမှောင်ဝင်ပြီဖြစ်တဲ့ ခုနစ်နာရီကျော်လောက်မှ ထမင်းထုပ် ဟင်းထုပ်ကလေး ကိုင်ပြီး ပန်းခြံထောင့်ကို သူရောက်တော့တယ်။ သူရောက်တော့ တင်တင့်နံဘေး ကိုကြည်နု ရောက်နေပြီ။ ဒီနေ့ ကိုကြည်နု တင်တင့်အတွက် ထမင်းထုပ်တောင် ဝင်မယူပါလားလို့ သတိရသွားတယ်။ အရင်ဆို တင်တင့်အတွက် ထမင်းထုပ်ကို သူ ဝင်ယူနေကျလေ။ တင်တင်နဲ့ ကိုကြည်နုဟာ အုတ်ခုံပေါ် ယှဉ်လျက်ထိုင်ပြီး တစ်ယောက်ကို တစ်ယောက်လည်း မကြည့်ဘဲ မျက်နှာချင်းဆိုင် ခြတ်တိုင်က မီးလုံးကို အပြိုင်ကြည့်နေကြတယ်။ ကိုကြည်နုကတော့ ချောင်းကလည်း ကြားဖြတ်ပြီး ဆိုးဆိုးပေးနေရသလို ခါးကလည်း တော်တော်ကုန်းနေလို့ ခေါင်းတောင် မမတ်နိုင်ဘူး။ သူတို့ရှေ့ ကိုစိန်လွင် ရပ်လိုက်မှ အလင်းကွယ်သွားလို့ ကိုစိန်လွင့်ကို နှစ်ယောက်စလုံး ပြိုင်တူကြည့်လိုက်ကြတယ်။ သူလည်း ထမင်းထုပ်ကို တင်တင့်ဘက် ကမ်းပေး လိုက်တယ်။ တင်တင်က ထမင်းထုပ်ကို ယူပြီး ဘေးမှာချလိုက်တယ်။

“တင်တင် ခဏ မတ်တတ်ရပ်စမ်းပါဦး”

ကိုစိန်လွင် ပြောတယ်။ တင်တင်က သူ့ကို မော့ကြည့်တယ်။ ခိုင်းတဲ့ အတိုင်းတော့ မလုပ်ဘူး။ ဒူးနှစ်ဖက်ကို အပျောက်မခံနိုင်သလို ဖက်ထားရင်းထိုင်နေလျက်ပဲ။ သူလည်း ကိုကြည်နုဘက် လှည့်ပြီး..

“ကိုကြည်နု သူ့ ခဏ ထခိုင်းစမ်းပါဦးဗျာ“

ကိုကြည်နုဟာ သူ့ကို လှမ်းကြည့်ပြီးတဲ့နောက် မျက်နှာကို တင်တင် ဘက် လှည့်ပြီး ချောင်းဆိုးလိုက်တယ်။ စကားသံကို မျက်နှာရယ် ချောင်းသံများနဲ့ အသယ်အပို့ လုပ်နေသလိုပဲ။ တင်တင့်ကို ဘာမှမပြောဘူး။ ချောင်းဆိုးပြရုံပဲ၊ သို့ပေမယ့်လည်း တင်တင်ဟာ ကိုကြည်နုမျက်နှာကိုကြည့်ပြီး မတ်တတ် ထရပ်တယ်။ ခဏလေးပဲ။ ငါးစက္ကန့်လောက်ပဲ ကြာတယ်။ ပြီးတော့ သူ့ဒူး သူပြန်ဖက်ရင်း ပြန်ထိုင်နေလိုက်တယ်။

သေချာပါတယ်။ တင်တင် ဗိုက်ကြီးနေပြီ။ ကိုစိန်လွင် ရင်တော်တော် မောသွားတယ်။ ခြေထောက်တွေတောင် မခိုင်ချင်သလိုဖြစ်နေလို့ အုတ်ခုံရဲ့ လွတ်နေတဲ့အခြမ်း ကိုကြည်နုဘေးမှာ ဝင်ထိုင်လိုက်ရင်း လေဘရိတ် အုပ်လိုက်သလို သက်ပြင်းကျယ်ကျယ် တစ်ချက်ချလိုက်တယ်။ သူလည်း ကိုကြည်နုနဲ့ တင်တင်တို့ကြည့်နေတဲ့ စူးလွန်းလှတဲ့ ခါတ်မီးတိုင်မီးလုံးကိုပဲ ဘာရယ်မဟုတ် ငေးကြည့်နေလိုက်တယ်။ သူ့ခေါင်းထဲမှာ အတွေးတွေက ရှုပ်ထွေးနေပေမယ့် လည်း အတွေးတစ်ခုခုကို ကြာကြာတွေးခွင့်မရအောင် ကိုကြည်နုရဲ့ ချောင်းဆိုးသံ က လားရာပြောင်းပေးနေတယ်။ ကြာတော့ ကိုကြည်နုအနား ထိုင်ရင်း သူတောင် မသတိသလို ဖြစ်လာနေတယ်။ လမ်းသွားလမ်းလာတွေကတော့ ထင်မယ်။ အမှောင်ထဲက အရူးသုံးယောက် မာကျူရီမီးလုံးကို ဘာတွေများ သည်းကြီး မည်းကြီး ကြည့်နေပါလိမ့်လို့ပေါ့လေ။ အဲဒီလိုအောက်မေ့ကြပုံနဲ့ သူတို့ကြည့်တဲ့ နေရာကို လိုက်လိုက်ကြည့်သွားကြတယ်။ ကိုစိန်လွင် အဲဒါတွေလည်း ဂရုစိုက် မနေအားပါဘူး။ ဆယ်မိနစ်လောက်ကြာသွားတော့ တင်တင့်ရှေ့ သွားရပ်ပြီး သူ မေးတယ်။

“တင်တင် ညည်းဗိုက်ကြီးနေပြီ သိလား၊ အဲဒါ ဘယ်သူလုပ်တာလဲ ငါ့ ပြောစမ်း”

“ကိုကြည်နု ခင်ဗျားရောသိလား။ ဒီမှာကြည့်စမ်း တင်တင် ဗိုက်ကြီး နေပြီ... ခင်ဗျားကိုရော ပြောသေးလား ဒီအကြောင်း....”

"အဟွတ်.. အဟွတ်.. ခရူး..ထွီ အဟွတ် မသိဘူးလေ...အဟွတ်.

တင်တင်ဟာ ကိုကြည်နုကိုတစ်လှည့် ကိုစိန်လွင့်ကိုတစ်လှည့်ကြည့်ရင်း စိတ်ညစ်လာပုံရတယ်။ ထမင်းထုပ်ကို အုတ်ခုံပေါ်ကနေ မြက်ဖုတ်တွေပေါ် ဘုတ်ခနဲနေအောင် ပစ်ချလိုက်တယ်။ ပြီးတော့ ကိုကြည်နုကိုလည်း ဖယ်ခိုင်းပြုခိုင်း မလုပ်ဘဲ ရုတ်တရက်ကြီး အုတ်ခုံပေါ် လှဲအိပ်လိုက်တယ်။ သူ့ခြေထောက်က ကိုကြည်နု ပေါင်ပေါ်ကို ရောက်လို့။ တင်တင် လှဲအိပ်လိုက်တော့ ဘေးက ကြည့်ရင် စူစပြူရုံပဲမြင်ရတဲ့ ဗိုက်ဟာ ဖောင်းထွက်လာတယ်။ လေးလလောက် ရှိပြီထင်တယ်။ ကိုစိန်လွင်ဟာ တင်တင့်ရဲ့ မျက်ကွင်းညိုတဲ့ မနက်ခင်းကို ပြန်သတိရမိသွားပြန်တယ်။

“တင်တင် မှန်မှန်ပြောစမ်း...ဟိုတစ်ခါ ညည်းမျက်လုံးကို အညို အမည်းစွဲအောင် ထိုးတဲ့လူက ညည်းကို မတော်တရော် လုပ်တာမို့လား ညည်းရုန်းလို့ ရိုက်နှက်သွားတာမို့လား။ အဲဒါ ဘယ်သူလဲ မှတ်မိလား...ကျွတ်”

သူ ပြောနေတုန်းကိုပဲ မျက်လုံးကိုမှိတ်လိုက်ပြီး အိပ်မယ့်ပုံလုပ်နေတော့ စိတ်ပျက်သွားတယ်။ ကိုကြည်နုကလည်း သူပြောသမျှကို ချောင်းဆိုးလွန်းလို့

ပြူးထွက်လာတဲ့ မျက်လုံးကြီးတွေနဲ့ လိုက်ကြည့်နေတယ်။ တင်တင်ကတော့ ဘယ်တော့မှ ဘာစကားမှ ပြန်ပြောမယ့်ပုံမရှိ။ ဒီကောင်မလေးတော့ အသိစိတ်ကို နည်းနည်းကလေးတောင် မရှိတော့တာပါလားလို့ စိတ်ပေါက်လာပြီး ကိုစိန်လွင် လည်း အိမ်ပြန်ရမှာကိုမေ့ပြီး လက်ဖက်ရည်ဆိုင်ဘက် ပြန်လာခဲ့တယ်။ ဗိုက်ကြီးတာကတော့ သေချာပြီ။ အင်း... မွေးဖို့ဖွားဖို့ ဘယ်လိုစီစဉ်ရပါ့မလဲလို့ စဉ်းစားရင်း တစ်လမ်းလုံး ခေါင်းခြောက်လာခဲ့တော့တယ်။

ကိုစိန်လွင် ပြန်သွားပြီးတဲ့နောက် ကိုကြည်နုဟာ သူ့ပေါင်ပေါ်က ခြေထောက်နှစ်ဖက်ကို အုတ်ခုံပေါ်ချလိုက်ရင်း နေရာ ရွှေ့ထိုင်တယ်။ ပြီးတော့ စကားတစ်လုံးနဲ့တစ်လုံးကြားကို အဟွတ်ပေါင်းမြောက်မြားစွာ တံတိုင်းခြားပြီး သူပြောတယ်။ မျက်နှာကလည်း ပြာနှမ်းလို့။ စကားပြောပြီးတဲ့နောက် သူ့ရင်ဘတ်ဟာလည်း အာနာပါနရှုနေသလားမှတ်ရလောက်အောင် နိမ့်ချည်မြင့်ချည် ပိန်ချည်ဖောင်းချည်။ အဟွတ်တွေ ဖယ်လိုက်ရင် သူပြောတဲ့ စကား အစအဆုံးက ဒီလို။

"တင်တင် ကလေးလေးမွေးတော့မယ်ပေါ့ သားလေးဆိုရင် မကောင်း ဘူး တင်တင် ငယ်ငယ်လေးနဲ့ ထွက်သွားတတ်တယ်။ သမီးလေးဆိုရင်တော့ ကြီးတဲ့အထိ နေဦးမှာ။ ပြီးရင်တော့ သူလည်း ထွက်သွားတာပါပဲဟယ်..."

တင်တင်ကတော့ ကလေးသာသာပဲရှိသေးတော့ ကလေးသာသာလိုပဲ တခစ်ခစ် ရယ်နေတယ်။ ဘာမှတော့ ပြန်မပြောဘူး။ ကိုကြည်နုလည်း ခဏနေတော့..

"တင်တင် အဟွတ်...အဟွတ် ထမင်းစားလိုက်ဦး . . . ကလေးမွေးရင် အဟွတ် အဟွတ် အားရှိမှ" လို့ ပြောပြီး အိမ်ပြန်လာခဲ့တယ်။ သူ့ အိမ်ပြန်ချိန်ဟာ နောက်အတော်ကျနေပြီ။ အရင်ကဆိုရင်တော့ ဒီလိုအိမ်ပြန်နောက်ကျနေရင် တထိတ်ထိတ် တလန့်လန့်နဲ့ သူပြန်ရမှာ။ သူ့မှာ အကြောက်တရား မရှိတော့ သလောက် ဖြစ်သွားတာ ကြာပါပြီ။ အေးအေးချမ်းချမ်းပဲ ချောင်းတဟွတ်ဟွတ် ဆိုးရင်း ပြန်ခဲ့တယ်။

ကိုစိန်လွင့်ဆိုင်ဘက်ကို တစ်ကျော့ပြန်လှည့်နေရင် သိပ်ကြာနေတော့မစိုး လို့ လမ်းက ကြုံရာ လက်ဖက်ရည်ဆိုင်တစ်ခုကို သူဝင်တယ်။ လက်ဖက်ရည် မမှာခင် ထိုင်ခုံပေါ် လေထီးနဲ့ဆင်းသလို ဝုန်းခနဲ ပစ်ထိုင်လိုက်ရတယ်။ အဲဒီနောက် ချောင်းတဟွတ်ဟွတ်ဆိုးနေတဲ့ သူ့ကို စားပွဲထိုးလေးတစ်ယောက်က ပြေးလာပြီး မောင်းထုတ်တယ်။ ဆိုင်ထဲက လူတွေကလည်း ဘောလုံးပွဲဆီရောက်နေတဲ့ အာရုံတွေ သူ့ဆီ စုစည်းရောက်ရှိလာကြပြီး ဝိုင်းကြည့်နေကြတယ်။ ဖြေးညှင်း တိုးလျှစွာပဲ သူပြောတယ်။

"ချိုစိမ့်ပါဆယ် အဟွတ် တစ်ခွက်ပေးပါကွာ... ငါ လက်ဖက်ရည် မှာမလို့ပါ . . .အဟွတ်"

စားပွဲထိုးလေးက ကြောင်သွားတယ်။ ဆိုင်ထဲ ဝင်တောင်းမယ်မှတ်လို့ သူက မောင်းလွှတ်တာ။ ဝယ်သူဆိုတော့ ရုတ်တရက် ဘာလုပ်ရမယ်မှန်းမသိ တော့ ဆိုင်ရှင်ကို လှမ်းကြည့်နေလိုက်တယ်။ တစ်ဆိုင်လုံးက လူတွေလည်း အဲဒီမြင်ကွင်းကိုကြည့်ပြီး သနားသွားကြတယ်။ အရှုးသူတောင်းစားပဲဖြစ်ဖြစ်လက်ဖက်ရည်ဝယ်ရင်တော့ ရောင်းပေးရမှာပဲလို့ သူတို့စိတ်ထဲ ကြိတ်ပြီး ဆုံးဖြတ်ချက်တွေ ချကြတယ်။ အားလုံးမျက်နှာမှာ ကရုဏာသက်မှုတွေကို တွေ့နေရတော့ ပုံမှန်ဆို မရောင်းဘဲနှင်လွှတ်မယ့် ဆိုင်ရှင်မိန်းမကြီးဟာ မနေသာတော့ဘဲလက်ဖက်ရည်ခွံကို လှမ်းကြည့်ရင်း စိတ်မသက်မသာဖြစ်ရပုံနဲ့..

"ဖျော်ပေးလိုက်စမ်းဟယ်" လို့ ပြောလိုက်တယ်။

သူဝယ်တဲ့ လက်ဖက်ရည်ဆိုင်နဲ့ အိမ်ဟာ သာမန်လူတစ်ယောက်ဆိုရင် ဆယ့်ငါးမိနစ်လောက်နဲ့ ရောက်မယ့်ခရီး ဆိုပေမယ့် ကိုကြည်နုဟာ အဲဒီဆိုင်ကနေ အိမ်ကို တစ်နာရီနီးနီးလောက် မောပန်းကြီးစွာ လျှောက်ပြီးမှ ရောက်တော့တယ်။ အိမ်ပေါ်မှာ မှောက်လျက်လှဲ ခြေထောက်နှစ်ချောင်းထောင်ရင်း ဘက်ထရီ မီးချောင်း အကူနဲ့ ချိုင်းစာရွက်ကိုကြည့်နေတဲ့ ညိုမြာဟာ ကိုကြည်နု အိမ်ပြန်ချိန် ထက် အများကြီးနောက်ကျပြီး ပြန်ရောက်လာတာကို မဆဲမဆိုသေးဘဲ စိမ်းစိမ်း ကြီး ကြည့်နေလိုက်တယ်။ လွယ်အိတ်ကို တိုင်မှာချိတ်တယ်။ ဝယ်လာတဲ့ လက်ဖက်ရည်ကို သံမတ်ခွက်ထဲ အိတ်စွပ်လျက် ထည့်လိုက်ပြီး ညိုမြာ့ရှေ့ အသာချတယ်။ ပြီးတဲ့နောက် တိုင်ကလွယ်အိတ်ကို ပြန်ဖြုတ်လိုက်ပြီး ညိုမြာ့ရှေ့ နားတင်ပဲ လွယ်အိတ်ဖင်အမြီးကို ကိုင်လျက် သွန်ချလိုက်တယ်။ ဒါအကုန်ပဲ ဆိုတဲ့ သဘောပေါ့။

ညိုမြာဟာ တစ်ခွန်းမှ မပြောသေးဘူး။ တင်ပျဉ်ခွေ ထထိုင်လိုက်ပြီး ကိုကြည်နု သွန်ချလိုက်တဲ့ ပိုက်ဆံတွေကို တစ်ရွက်ချင်း ကောက်ပြီး ရေနေတယ်။ မဆိုးပါဘူး သုံးထောင့်လေးရာငါးဆယ် ရတယ်။ မနက်ခင်းက နှစ်ထောင့်သုံးရာ နဲ့ ပေါင်းရင် ငါးထောင့်ခုနစ်ရာ့ငါးဆယ်ကျပ်တိတိ။ အရင်တုန်းကဆိုရင်တော့. . .

"မအေရိုးသူတောင်းစား ပြန်တာလည်း နောက်ကျသေးတယ် ဒီလောက် ပဲရသလား" ဆိုပြီး နရင်းပါးရင်းကို နှစ်ချက်လောက် ဆင့်အုပ်လိုက်ရင်း လျာထားချက်ပြည့်မီအောင် ပြန်ထွက်တောင်းခိုင်းဦးမှာ။ ဒါပေမဲ့ ညိုမြာဟာလည်း နှလုံးသားနဲ့လူပါ။ နောက်ကျလွန်းလို့ ဒေါသထွက်နေပေမယ့်လည်း ဘာမှမပြော တော့ဘူး။ တစ်ဖက်လှည့်ရင်း ချောင်းတဟွတ်ဟွတ်ဆိုးနေတဲ့

ကိုကြည်နုနောက်ကျောကို ခေတ္တမျှစိုက်ကြည့်ပြီးတဲ့နောက် သူ့ချိုင်းစာရွက်ကိုပဲသူ ပြန်ကြည့်နေတော့တယ်။ တအောင့်လောက်နေတော့ ပြန်ရောက်ကတည်းက ကွပ်ပျစ်ပေါ်မှာထိုင်ရင်း ချောင်းဆိုးချိန်ကလွဲရင် ငြိမ်သက်နေတဲ့ ကိုကြည်နုက ညိုမာ့ကို ပြောတယ်။

"နောက်နေ့ နေ့လယ်ဘက်တွေ ငါ ပြန်မလာတော့ဘူး အဟွတ် ညိုမာရာ .... နေ့လယ်ဘက်တော့ နင့်ဘာသာနင်ပဲ အဟွတ် အဟွတ် ဝယ်လိုက် ပါတော့လား"

လက်ဖက်ရည်တစ်ငုံ အာစွတ်ပြီးတဲ့နောက် ကွမ်းဝါးဖို့ ကွမ်းယာနေတဲ့ ညိုမာ ဒေါသ ထောင်းခနဲ ထွက်သွားတယ်။

"ဘာ.."

ဘာ လို့ ပါးစပ်က အော်လိုက်ပြီး လက်ကလည်း အနီးနားရှိတဲ့ ကျောကုတ်ရင်သုံးတဲ့ အမွေးမရှိတော့တဲ့ ကြက်မွေးတုတ်တံနဲ့ ကိုကြည်နု နောက်ကျောကို ကုန်းရိုက်ထည့်လိုက်တယ်။

“အား" လို့ အော် ထခုန်ပြီး ကိုကြည်နု သူ့နောက်ကျောသူ လက်နှစ်ဖက်စလုံးနဲ့ မမီမကမ်း လှမ်းပွတ်နေတယ်။

“ငါ့ ဘာလို့ ရိုက်တာလဲဟာ...အဟွတ်......”

“နင်က အိမ်ပြန်ပြီး လက်ဖက်ရည်လေး ဟင်းထုပ်လေး ဝယ်ပေးရ တာတောင် မလုပ်ချင်တော့ဘူးပေါ့ ဟုတ်လား။ ငါ့ ဝယ်ပေးတာကနည်းနည်း၊ ခဏဆိုပြီး ကလသေကလမော နင် တစ်ရေးအိပ်နေကျလေ။ ဘာလူပါး၀တာလဲ ကြည်နု... ဟင် လူမှ နေမကောင်းလို့ မလှုပ်ချင်ပါဘူးဆိုမှ ငါက ထွက်ဝယ်ရ ဦးမယ်ပေါ့။ နင်ကျတော့ ထမင်းဆိုင်တွေမှာကောင်းကောင်းကန်းကန်း သွားစား မယ်မဟုတ်လား မအေရိုးကြည်နု နင့်အကြောင်း ငါမသိဘူးများ မှတ်နေလား

နာနာကျည်းကျည်းနဲ့ အော်ဟစ်နေရင်း ငိုသံတောင်စွက်လာလို့ ကိုကြည်နုလည်း ဘာမှပြန်မပြောတော့ဘူး။ ပြောလည်း မပြောနိုင်ဘူး။ သူမောနေတာ အိမ်ကြမ်းပြင်ပေါ် ပြန်တက်ထိုင် ပါးစပ်ကို ဟဟပြီး အသက်ရှူနေလိုက်တော့တယ်။ ညိုမာ့အော်သံကို ကြားနေတဲ့ ဘေးအိမ်ကတွေကတော့--

“အဲဒီစောက်ကောင်မ . .တော်တော့်ကိုတရားလွန်နေပြီ။ လင်များ ခွေး ချီးနိုင်သလိုကို နိုင်တာ ကြည်နုလည်း မကြာခင် သေမှာပဲ” လို့ တိတ်တိတ် ကျိန်ဆဲနေကြလေရဲ့။

ကြိုးနှစ်ချောင်း ယှဉ်ချထားရင် ငြိမငြိတော့မသိဘူး။ ကျော်ကျော် ကတော့ နှစ်လုံးလက်ခွဲဒိုင် ခုနစ်လလောက် လုပ်အပြီးမှာ ငါးဆယ်နား အတော့်ကို နီးနေပြီဖြစ်တဲ့ အပျိုကြီး ဒေါ်မီမီတင်နဲ့ ညားတော့တာပဲ။ မညားခံနိုင်ရိုးလားလို့ပဲ ပြောရမယ်။ နှစ်လုံးထီဆိုတာ တစ်နေ့ နှစ်ကြိမ်ထွက်တာ။ ကျော်ကျော်က မနက်လင်းတာနဲ့ ဘောက်ချာစာအုပ်ကလေး ကိုင်ပြီး ရပ်ကွက်ပတ်တယ်။ ဆယ့်တစ်ခွဲလောက်ဆို ဒေါ်မီမီတင့်အိမ် ပြန်လာ၊ နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး စာရင်းသွင်းကြ။ ပြီးတော့ ဒေါ်မီမီတင်နဲ့အတူ သူ့အိမ်မှာပဲ ထမင်းလက်ဆုံ စား။ မောင်လေးစားပါ မမစားပါနဲ့ ကြာပစ်ကြတယ်။

နေ့လယ် ပေါက်ဂဏန်းထွက်တော့တစ်ခါ စာရင်းပြန်စစ်၊ လျော်ရမယ့် ပိုက်ဆံတွေနဲ့အတူ ဘောက်ချာစာအုပ် အသစ်ကိုင်ပြီး ညနေခင်းအတွက် ပြန်အရောင်းထွက်။ လေးနာရီကျတော့ ဒေါ်မီမီတင့်ဆီ ပြန်လာ ရောင်းရငွေ ပြန်အပ်၊ ကော်မရှင်ယူ။ တစ်ခါတလေ တစ်လမ်းတည်းကိုပဲ သူ့အိမ်သူ ည ရှစ်နာရီ ကိုးနာရီလောက်မှ ပြန်တယ်။ ဘာလုပ်စရာမှမရှိလည်း တီဗွီထိုင်ကြည့်နေ တယ်။ ဒေါ်မီမီတင့် ကြောင်တွေကို အစာကျွေးတယ်။ ပွတ်သီးပွတ်သပ်နေရင်း..

“ကြောင်လေးတွေက သိပ်ချစ်ဖို့ကောင်းတာပဲ" လို့ ကြောင်ချီး ကြောင်သေးနံ့တွေကြောင့် အသက်အောင့်အောင့်ထားရတာကို မေ့ပြီး ပြောတတ်တယ်။ (သူတို့ညားပြီးနောက်ပိုင်း ဒေါ်မီမီတင်အိမ်က ကြောင်တွေအကုန်ပျောက်ချင်းမလှ ပျောက်ကုန်ကြတယ်) တကယ်တော့ သူ ဒေါ်မီမီတင့် အနား မှာနေပြီး ထိကပါးရိကပါး လုပ်နေတာပါ။

ဒေါ်မီမီတင်ဆိုတာ အသက်ငါးဆယ်နီးဆိုပေမယ့် ငယ်တုန်းကတော့ လှခဲ့မယ့် ရုပ်မျိုး။ ဖြူဖြူတောင့်တောင့်ကြီး။ ဘာလို့လင်မရခဲ့လဲတော့ ဘယ်သူမှ မသိနိုင်ဘူး။ ကိုယ်ခန္ဓာကလည်း အခေါက်အဆီတွေ ထွက်နေပြီဆိုပေမယ့်လည်း တင် ရင် ခါး အချိုးတကျမို့ စွံမက်ပစ်မှားချင်စရာ။ မိန်းမတွေနဲ့ပတ်သက်ရင် သူ့အတန်းနဲ့သူ ဘုရင်တစ်ဆူဖြစ်တဲ့ ဇော်မောင်ဆိုရင် ဒေါ်မီမီတင့်ကို “အဲ့စော်ကြီး တော့ ဝင်အောင်းပြီး အရသာသိသွားအောင် ကောင်းကောင်းကျွေးပစ်လိုက်ဦးမယ်”ဘယ်လိုဘယ်ညာ ဘဝတစ်လျှောက်လုံး တိတ်တိတ်ကလေး ကြွေးကြော် ပစ်မှားနေခဲ့တာပဲ။ ဒါပေမဲ့ အနေနီးမှ ရွှေထီးကပ်ဆောင်းခွင့်ရမှာဆိုတော့လည်း သူ့မှာ အထမမြောက်ခဲ့ရှာဘူး။

ကျော်ကျော်ကျတော့ အသက်ကလည်း ဇော်မောင်တို့ထက် အများကြီး ငယ်တယ်။ သုံးဆယ်ကျော်စ လူငယ်လေးတစ်ယောက်။ ပညာအရည်အချင်း ကျတော့လည်း ဆယ်တန်းသာ မအောင်ခဲ့တာ ဉာဏ်ကလေးကလည်းကောင်း လုပ်ချင်ကိုင်ချင်စိတ်လည်းရှိတော့ အများကြီးအားကိုးရတယ်။ နောက်ပိုင်း နှစ်လုံး၊ သုံးလုံးဒိုင်တိုင်းဟာ နှစ်လုံး သုံးလုံးကို ကွန်ပျူတာမှာ ဆော့ဝဲထည့်ပြီး စာရင်း

လုပ်ကြတာ။ ဒေါ်မီမီတင်က ကွန်ပျူတာတွေဘာတွေ နားမလည်လို့ ဘယ်တုန်းကမှ မလုပ်နိုင်ခဲ့ဘူး။ ကျော်ကျော်ရောက်လာတော့မှ ကွန်ပျူတာ တစ်လုံးဝယ်၊ သူ့ကို သင်တန်းလေး တစ်လလောက် ပြေးတက်ခိုင်းပြီး လုပ်ခဲ့ရတာ။ ခုဆို အရမ်းလွယ်သွားပြီ။ လူတွေကြားမှာတော့ "သိပ်အားကိုးရတဲ့ကလေး" လို့ ပြောပေမယ့် နှစ်ကိုယ်ကြားမှာတော့ "မောင်လေးက သိပ်တော်တာပဲ" လို့ ညုတုတုသံနဲ့ တဖွဖွ ပြောရှာတယ်။

ကွန်ပျူတာကိုင်တတ်ရုံလောက်မို့ ဒီလိုပြောတာ ဘယ်ဟုတ်မလဲ။ ညနေဘက် အလုပ်အကုန်ပြီးတဲ့အချိန် "ဇက်ကြောတွေ တက်နေလို့ကွယ်" လို့ ပြောလိုက်ရုံနဲ့ ကျော်ကျော်ဟာ သူ့နောက်ကျောကို ရောက်လာပြီ။ ကျော်ကျော် လက်တွေက ပခုံးနှစ်ဖက်ကိုရွရွလေး ဆော့ကစား နှိပ်နယ်ပေးနေချိန်၊ အောက်ကနေ ဖိမ်ကျနေတဲ့ ဒေါ်မီမီတင်ခမျာမှာတော့ ကျော်ကျော်ရဲ့ ဝင်သက်လေထွက်သက်လေဟာ သူမရဲ့ ကုပ်ပိုးနုနုကလေးကို တို့ထိ ကျီစယ်သလို ဖြစ်နေတာကို ကျေနပ်လို့နေတယ်။ မတော်ပါဘူးလေလို့ ချိုးနှိမ်ထားခဲ့သမျှ လိင်အငွေ့စိတ်တွေ ဟာ နောက်ဆုံးမှာတော့ မီးတောင်တစ်လုံးလို ပေါက်ကွဲထွက်လာခဲ့တယ်။ အမေနဲ့ သားအရွယ်နီးနီးဆိုပေမယ့်လည်း "မမနဲ့ မောင်လေး" တို့မှာ မခံနိုင်ကြရှာ ဘူးလေ။ ဘာသားနဲ့ ထုထားတာမို့လဲ။ အာဝါဟ ဝိဝါဟ သံဝါသပြုစရာတွေ ဖြစ်ကုန်ရတော့တာပေါ့။

ဦးပြုံးချိုနဲ့ ဒေါ်ဝိုင်းလင်မယားဟာလည်း အဲဒီအတွက်ကို စနစ်တကျ အကွက်ချ စီစဉ်ခဲ့သလိုပါပဲ။ စမ်းရေလမ်းထဲ မိုးမမြင်လေမမြင် ပျော်တပြုံးပြုံးနဲ့ ပီတိတွေ ဖြစ်နေကြတယ်။ နုနုထွတ်ထွတ် သူတို့ချွေးမလေးအတွက် မာန်တက် နေကြတော့တယ်။ တစ်လမ်းလုံးကလူတွေကတော့ သူတို့နှစ်ယောက် ဘယ်နေ့ ဘယ်ရက်မှာ မင်္ဂလာဆောင်ကြတော့မယ်လို့ ကြေညာတော့ ဘယ်သူမှ ထူးပြီး အံ့ဩမနေကြတော့ဘူး။ နှစ်လုံးသွားထိုးကြတိုင်း "မောင်လေးကလဲကွယ်"၊ "အို မမကလဲ" စသဖြင့် မမနဲ့ မောင်လေးချင်း မိုးမွှန်နေတာကို မြင်မြင်နေရတော့ မျှော်လင့်ထားပြီးသားလို ဖြစ်နေကြတယ်။ မျှော်လင့်မထားပေမယ့်လည်း ဒါမျိုးကဖြစ်နေကြပဲလို့ ရင့်ကျက်တဲ့ သဘောထားရှိကြပုံမျိုးပေါ့။

သို့သော်လည်း ကွယ်ရာမှာတော့ ဘယ်နေမလဲ။

"ခုံဖိနပ်ပြတ်နဲ့ ခွေးတော်ပါဟယ်... ကောင်မကြီးက လင်ဆာနေတာ ကြာပေါ့။ ဒီအသက်အရွယ်အထိ ဝတ်ကောင်းစားလှတွေဝတ်ပြီး ယွနေတာဖြင့် ဘယ်လောက်ကြာပြီလဲ။ ဒေါ်ဝိုင်းတို့ကလည်း လူလည်တွေရယ် ဒီယုန်မြင်လို့ ဒီချုံထွင်တာပေါ့ အသိသာကြီး၊ အဘိုးကြီးအဘွားကြီးလင်မယား ကြည့်ပါလား တော်သလင်းမရောက်ဘဲ အူမြူးနေကြတာ" စသဖြင့် လင်ဘက်ရော မယားဘက်ပါ ထောင့်စေ့အောင် မှျမှျတတ သောက်တင်းတုတ် ကြပါတယ်။

ကြာကြာတော့လည်း မတုတ်နိုင်ကြဘူး။ မထင်မရှား မြို့အစပ်က တောဘုန်းကြီးကျောင်းကလေးတစ်ခုမှာ မင်္ဂလာဆွမ်းကျွေးကို ဧည့်ပရိသတ် နည်းနည်းနဲ့ပဲ အကျဉ်းချုံး လုပ်လိုက်ကြတယ်။ မင်္ဂလာဆောင်ပြီး နောက်တစ်နေ့စမ်းရေလမ်းထဲက ရှိသမျှလူတွေရဲ့ အကြွေးစာရင်းတွေအားလုံးကို လျှော်ပစ် လိုက်ပြီလို့ လင်မယားနှစ်ယောက် ပူးတွဲကြေညာချက် ထုတ်ပြန်လိုက်ကြတဲ့အခါ မှာတော့ တစ်လမ်းလုံးက လူတွေအကုန်လုံးရဲ့ ပါးစပ်ဖျားမှာ "နက်ဖက်တဲ့စုံတွဲ နေနဲ့မြ ရွှေနဲ့လပမာပါပဲ" တွေ ဘာတွေ ဖြစ်ကုန်တာပေါ့။ သာခု ဝိုင်းခေါ် လိုက်ကြတာများ လမ်းထဲမှာရှိတဲ့ သရဲတွေတောင် ကျွတ်တန်းဝင်ကုန်ကြလောက် တဲ့အထိ အထက်ဘဝဂ် အောက်နရက်ထိတိုင်အောင် ညံသွားခဲ့တယ်။

ညိုမြာဆေးရုံတက်စဉ်က တင်ခဲ့တဲ့အကြွေးကြောင့် ကိုကြည်နုတောင် ချောင်းသံတွေကြားကနေ တစ်ဆို့ဆို့အသံကြီးနဲ့ သာခုဝင်ခေါ်နိုင်ခဲ့တယ်ဆိုပေမယ့် သာခုခေါ်သူတွေထဲ လူနှစ်ယောက်တော့ မပါနိုင်ခဲ့ဘူး။ အဲဒီနှစ်ယောက်ကတော့ ဇော်မောင်နဲ့ ကလေးတစ်ယောက်အမေ ဦးတင်အောင်သမီးအငယ်မတို့ပဲ။ ဒေါ်မီမီတင်တို့လင်မယား မင်္ဂလာမဆောင်ခင် တစ်ပတ်လောက်အလိုကတည်းက သူတို့နှစ်ယောက်ဟာ နှစ်ဖက်သော မိန်းမတွေ လင်တွေနဲ့ သားတွေကိုပါ ထားရစ်ခဲ့ပြီး ခိုးပြေးသွားခဲ့ကြတယ်။ ကျန်ခဲ့တဲ့ ဦးတင်အောင်သမက်နဲ့ မြေးကလေးတို့မှာ သနားစရာဆိုပေမယ့် တစ်ဖက်က အလွန်အေးလှတဲ့ ဇော်မောင့် မိန်းမနဲ့ သူ့သားကလေးတို့က ပိုပြီး ကရုဏာသက်ဖို့ကောင်းတယ်။ မအေလုပ်သူ စက်ချုပ်ခုံမှာထိုင်ရင်း တငိုငိုတရှိုရှို ဖြစ်နေတာကိုကြည့်ပြီး သူ့သားလေးကပါ .

"မေမေရေ မငိုပါနဲ့" လို့ အော်ရင်း သူပါ လိုက်ငိုတယ်။ ပြီးတော့ ဘာကြောင့်ဆိုတာကို ခပ်ငယ်ငယ်နဲ့ပဲ နားလည်နေပြီဖြစ်လို့ သူ့ဖအေသူ မိုးမွှန် အောင် ကော်ဆဲနေပါတော့တယ်။ အဲဒီကနောက် တစ်လအကြာမှာ သူတို့ သားအမိလည်း အိမ်ပြန်အပ်ပြီး သူတို့အမေ၊ သူတို့အဘွားရှိရာ ရွာကိုပြန်ဖို့ လမ်းထဲက ထွက်ခွာသွားကြတော့တယ်။ အလွန့်အလွန်ကိုတိတ်ဆိတ်စွာနဲ့ပေါ့။ စမ်းရေလမ်းဟာ အဝင်ဆူညံသလောက် အထွက်ငြိမ်သက်ကြရတာချည့်ပဲလေ။

သို့ပေမယ့်လည်း စမ်းရေလမ်းအစဉ်အလာဆိုတာ ဘယ်သို့သော ပြဿနာတွေ ရှိလာရှိလာ ဆန်းကြယ်တဲ့ဖြေရှင်းပုံ နည်းလမ်းကတော့ ရှိနေတာ ချည့်ပဲ။ အဲဒီဆန်းကြယ်တဲ့ နည်းလမ်းက မှန်မမှန်ဆိုတာကတော့ အခြားတစ်ဖက် က စဉ်းစားရမယ့်ကိစ္စပေါ့လေ။ မိန်းမက ဇော်မောင်နဲ့ လိုက်ပြေးသွားလို့ကလေးတစ်ယောက်နဲ့ကျန်ခဲ့တဲ့ ဦးတင်အောင်သမက်ဟာ ညတိုင်း ဦးတင်အောင် နဲ့ အတူသောက်ရင်း ယောက္ခထီးလုပ်သူကို တိုင်တည်ပြီး ငိုလေ့ရှိတယ်။ သူ့သားလေးကို ရင်ခွင်ထဲ ထည့်ထားလျက်ကပေါ့။ ကြာတော့

ဦးတင်အောင် လည်း မခံစားနိုင်ဘူး။ ဘွားကြည်ဆိုရင်လည်း…

"မိုက်လိုက်တဲ့ ခွေးမ… ဒီလောက်စရိုက်ကျတဲ့ ကောင်မ ငါ့သမီး မဟုတ်နိုင်ဘူး" လို့ မြည်တွန်တောက်တီးလို့ မဆုံးနိုင်ဘူး။ တစ်ဖက်ကလည်း ညနေဘက် နည်းနည်းပါးပါးသောက်ပေမယ့် သူတို့သားမက်ကလေးဟာ ဒီကိစ္စမှာတော့ အပြည့်အဝ အပြစ်ကင်းတယ်။ ဟိုကောင်မကသာ ဟိုဒင်း ယန္တရားခတ်ပြီး လင်နာရှူးတာလို့ အောက်မေ့ပြီး မျက်နှာလည်းပူ၊ သနားလည်း သနား ဖြစ်နေတော့တယ်။ မြေးကလေးပါရှိနေတော့ မြေးကလေး ရှေ့ရေးက လည်း စဉ်းစားစရာ ဖြစ်လာခဲ့တယ်။ သို့သော်လည်း သူတို့ အဘိုးကြီး အဘွားကြီး လင်မယားက စဉ်းစားပင်စဉ်းစားတုန်းကာလကလေးမှာပဲ အပျိုကြီးအဖြစ် ထီးထီးကြီးကျန်နေတဲ့ သူတို့သမီး အကြီးမနဲ့ သနားစဖွယ် သမက်ကလေးတို့ဟာ ဘယ်အချိန်က ဘယ်လို ငြိစွန်းကုန်ကြတယ် မသိတော့ဘူး။ တစ်အိမ်တည်း နေရတယ် ဆိုတော့လည်း တဏှာညွတ်ကွင်းမှာ လွယ်လွယ်သက်ဆင်းလို့ ကောင်းနေခဲ့တာပေါ့။

သမီးအငယ်မ နောက်လင်နောက်လိုက်ပြေးပြီး နှစ်လကျော်အကြာသာ ရှိသေးတဲ့ တစ်ရက်မှာပဲ သမီးအကြီးမနဲ့ သူတို့ရဲ့ သမက်ကလေးတို့ဟာ သူတို့ရှေ့ နှစ်ယောက်လုံး လက်အုပ်ကလေးတွေချီလို့ ဦးစိုက်ဆင်းလာပြီး. . .

"ခွင့်လွှတ်ပါ သားနဲ့သမီးတို့ မစွမ်းရင်းလည်းရှိ ကန်စွန်းခင်းလည်းငြိ၊ အိုးချင်းထားတော့ အိုးချင်းလည်း ထိခဲ့ကြပါပြီ" တဲ့။

စကားပုံနှစ်ခု အစပြုပြီး ရောက်လာကြရော။ အဘိုးကြီး ဦးတင်အောင်နဲ့ ဘွားကြည်တို့မှာ တစ်ယောက်က "ဟေ"၊ တစ်ယောက်က "ဟင်" လို့သာ စကားပြန်နိုင်ကြတော့ပြီး နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် မျက်လုံးပြူးပြကြရုံသာ တတ်နိုင်တော့တယ်။ ဘွားကြည်က သိပ်သဘော မကျပုံ ရှိပေမယ့်လည်း ဦးတင်အောင်က ခုမှတော့ တို့ဘာများတတ်နိုင်မှာလဲကွာဒီကွေ့ရောက်မှတော့ ဒီတက်နဲ့လှော်ရုံပေါ့ ဆိုတဲ့ပုံမျိုးနဲ့ ရှူးခနဲ လေတစ်ချက် မှုတ်ထုတ်လိုက်ပြီး ထိုင်ရာက ထထွက်သွားတဲ့နောက်တော့၊ ဘွားကြည်လည်း ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာ ကောင်းပါတယ်လို့ပဲ သဘောထားလိုက် တော့တယ်။ အဲဒီလို နှစ်ဦးနှစ်ဖက် လေးဦးလေးဖက်တွေကြား သင့်တော်ရာသော စကားပုံတထွေးကြီး ရင်ဝယ်ပိုက်ကြရင်း မင်္ဂလာဆောင်တာတွေဘာတွေတော့ မလုပ်ကြတော့ဘဲ ရပ်ကွက်ရုံးတင် တိတ်တိတ်ကလေးသွား လက်မှတ်ထိုးလိုက် ကြပြီး လင်မယားအရာရောက်သွားရတော့တာပေါ့။

သူတို့နှစ်ယောက် အဲဒီလို ရုံးတက်လက်မှတ်ထိုးလိုက်ကြပြီဆိုတဲ့

သတင်းကြားတာနဲ့ ဖော်မောင်နဲ့ ဦးတင်အောင်သမီး အငယ်မတို့လည်း လမ်းထဲ ပြန်ရောက်လာကြတယ်။ လွတ်နေတာကြာပြီဖြစ်တဲ့ ဝင့်ဝါနေခဲ့တဲ့အိမ်ကို ငှားနေကြ ပြန်တယ်။ ဖော်မောင့်နဲ့ သူ့အရင်မိန်းမနဲ့ နေခဲ့တဲ့အိမ်လည်း လွတ်နေတယ် ဆိုပေမယ့် သူ့လုပ်ရပ်နဲ့သူမို့ အဲဒီအိမ်ကို ပြန်မနေချင်တော့ဘူး။ သို့သော်လည်း သူတို့စုံတွဲဟာ လမ်းထဲမှာ ပြန်နေရလို့ ရှက်တာ၊ ရွံ့တာ၊ နေရခက်တာ၊ မျက်နှာပူတာ စတဲ့ မတော်တရော် ခံစားချက်မျိုးနည်းနည်းမှကို မခံစားရတာ။ သူများ လင်နဲ့ သူများမယားကနေ ကိုယ်လင်ကိုယ်မယား ဖြစ်လာကြတော့လည်း ဟိုးပဝေသဏီကတည်းက ချစ်လာကြိုက်လာညားလာခဲ့တဲ့ စုံတွဲအသစ်ကလေး တွေနဲ့မခြား ကလူကျီစယ်နေလို့မဆုံး "မောင်ရေ…ချစ်ရေ" ခေါ်သံထူးသံ အပြန်အလှန်နဲ့ ချစ်ခန်းဖွင့်မဆုံး ဖြစ်နေကြတော့တယ်။ တကယ့်ကို မျက်နှာပြောင် တာပဲ။ လမ်းထဲကလူတွေအဖို့ကလည်း ဒီလိုဇာတ်လမ်းမျိုးဆိုတာ သူတို့အတွက် မဲပြာပုဆိုးဇာတ်လမ်းပဲ။ တစ်ပတ် နှစ်ပတ် ဟိုနေရာစု ဒီနေရာစု တိုးတိုးတိတ်တိတ် အတင်းတုတ်ကြသေးပေမယ့်လည်း နောက်တော့ ဘယ်တုန်းကမှ မဖြစ်ခဲ့သလို မေ့သွားကြရောပဲ။

ဘွားကြည်ကတော့ ပြတ်တယ်။

"အဲ့ကောင်မ ငါ့ဝိုင်းထဲ အရိပ်တောင်မကျစေနဲ့" တဲ့။ ဦးတင်အောင် ကလည်း ပါးစပ်ကထုတ်ပြီး စကားမဆိုပေမယ့် ဘွားကြည်သဘောဟာ သူ့သဘောပါပဲ။ အစ်မနဲ့ရပြီးတဲ့ သူတို့သမက်ကလည်း အေးဆေးပါ။ ဒင်းထက်သူ့အစ်မက အများကြီးပိုသာတယ်လို့ ဘာကိုနှိုင်းယှဉ်တယ်မသိဘဲ ဆုံးဖြတ်ချက် ချပြီးသား။ ခက်တာက ကြားထဲကကလေးပဲ။ ကလေးဆိုတော့လည်း မအေက ဘာကြီးပဲဖြစ်ဖြစ် မအေကို မြင်နေတွေ့နေရပြီး အနားမသွားရတော့ ငိုတာပေါ့။ အဲဒီလို ငိုလေ ဖအေလုပ်သူက ငေါက်လေ။ သူက ငေါက်ရုံတင်ငေါက်တာ အဒေါ်လည်းဖြစ် မိထွေးလည်းဖြစ်သူကျတော့ မရဘူး။ ဝါးခြမ်းနဲ့ချည့် ဆော်တော့တာပဲ။ မယားရှိလင်နောက်ကို လိုက်ပြေးတဲ့ လင်ရှိမယား ဆိုပေမယ့် လည်း ကိုယ့်သားသမီးကို မျက်စိရှေ့တင်ရိုက်နေတာကို မြင်နေရတော့ မခံစား နိုင်ရှာဘူးလေ။

"ဟဲ့ကောင်မရဲ့ ကလေးရိုက်ချင်ရင် ကိုယ့်ဟာကိုယ်မွေးလေ. နင့်မှာလင်လည်း ရှိနေပြီမဟုတ်လား။ သူများမွေးထားတဲ့ သားသမီးကို ရိုက်စရာလားကောင်မရဲ့"

အငယ်မက အဲသလို အော်တယ်။ အကြီးမကလည်း ခွန်းတုံ့ပြန်တယ်။ "ရိုက်တယ်ရိုက်တယ် ဘာဖြစ်လဲ. . . ကိုယ့်ကလေးကိုယ်ဆိုရင် သူများ လင်ခိုးပြေးတုန်းက ခေါ်သွားလေ။ ဘာလို့ သပယန္တရားခတ်ပြီး ကလေးကို ထားခဲ့သေးတုံးကောင်မရဲ့… ဟွန်း"

"အောင်မယ် နင်ကများ ပြောရတယ်ရှိသေး…နင်ခုယူထားတာကရော ဘယ်သူ့လင်မို့တုံး ဟင်…ကောင်မ

အဲဒါနဲ့ပဲ ညီအစ်မနှစ်ယောက် လမ်းထဲတင် နပန်းလုံးကြပါလေရော။ သုံးလေးလအထိတော့ ကြားထဲကကလေးခမျာ ခံစားခဲ့ရရှာတယ်။ နောက်တော့လည်း မအေလုပ်သူဆီလည်းသွား၊ ညအိပ်ရင်တော့ အိမ်ပြန်လာရယ်လို့ ဘွားကြည်ကပဲ ကြားချပေးလိုက်တယ်။ သို့သော်လည်း အရင်တုန်းက ရှိခဲ့တဲ့ ဆုံးဖြတ်ချက်ကတော့ ပျက်ကြေမသွားပါဘူး။

"အဲ့ကောင်မတော့ ငါ့ဝိုင်းထဲ ဝင်မလာစေနဲ့" ဆိုတဲ့ စကားကတော့ တည်ဆဲဥပဒေ ဖြစ်နေဆဲပဲပေါ့။

အဲဒီလတွေအတွင်း ကိုကြည်နုဟာ လက်ညှိုးနဲ့ အထိုးခံရတဲ့ဗူးသီးပမာ ညှိုမည်း ပိန်ရှုံ့သွားခဲ့ပြီ။ သူဟာ မြို့ထဲကို လှည့်ပတ်လျှောက်သွားနေဖို့ နေနေ သာသာ အိမ်ကနေမြို့လယ်က မိန်းလမ်းမကြီးဆီရောက်ဖို့တောင် နှစ်နာရီကျော် ကြာလောက် လျှောက်ရအောင် နေးကွေးသွားခဲ့ပြီ။ တစ်မိုင်ခရီးလောက်ရှိမယ့် အဲဒီခရီးကို ငါးမိနစ်လောက် မုန်တိုင်းကြား လမ်းလျှောက်ရသလို တစ်လှမ်းချင်း ခက်ခက်ခဲခဲ လျှောက်ပြီးတဲ့နောက် ဆယ်မိနစ်လောက်နား၊ အမောပြေလောက်ပြီ ထင်တော့ တစ်ခါ ပြန်ထလျှောက်။ ပြီးတော့ တစ်ခါပြန်နား။ တုတ်ကောက် အားပြုရင်း တရွေ့ရွေ့လှမ်းနေတဲ့ အဘိုးကြီးတွေနဲ့ လမ်းကြိတ်စက်ကြီးတွေက တောင် သူ့ကို ကျော်ကျော်သွားကြတယ်။ လမ်းတစ်လျှောက် သူထွေးထုတ်ခဲ့တဲ့ ချွဲသလိပ်တွေဆိုတာ အပုံလိုက် အတန်းလိုက်။ ကားတိုက်ခံရလို့ သွေးစက်လက်နဲ့ ပြေးမိပြေးရာပြေးတဲ့ ခွေးတစ်ကောင်ရဲ့ သွေးစက်တွေထက်တောင် သူ့ ချွဲသလိပ် တွေက ဆက်နေတယ်။ အဲဒီချွဲသလိပ်ဖြူဖြူဖတ်တွေရဲ့ အလယ်မှာတော့ ပတ္တမြား အစအနလေးတွေလို သွေးစက်တွေ။

တစ်ခါတလေမှာ အဲဒီအရိအချွဲတွေကို နှုတ်ခမ်းရဲ့ အပြင်ဘက်အထိ လွင့်ထွက်သွားအောင် ထွေးထုတ်ရတာတောင် အားစိုက်ရခက်နေလို့ မရိတ် ဖြစ်တာကြာပြီဖြစ်တဲ့ မုတ်ဆိတ်ဖြူဖြူတွေထဲ အထွေးလိုက်။ အဲဒီမုတ်ဆိတ်မှာ ယင်မည်းကြီးတွေက တဝီဝီ တဂျီဂျီနဲ့ ပျံသန်းလို့။ သူ့အင်္ကျီ ပုဆိုးတွေဟာ ဆိုရင်လည်း ကျပ်ခဲကြီးအဖြစ်ပြောင်းလဲ ခြောက်သွေ့သွားပြီးဖြစ်တဲ့ အဲဒီအရိအရွဲအစွန်းအပေတွေကြောင့် ဂျပ်စက္ကူစလိုဖြစ် ပုပ်စပ်စပ်အနံ့တောင် ရနေခဲ့ပြီ။ ပျောက်ဆုံးတာကြာပြီဖြစ်တဲ့ သူ့ရဲ့ ရှူးဟန်ဆိုတာလည်း ဘယ်တော့မှ ပြန်ပေါ် မလာနိုင်တော့။ အဲဒီအခြေအနေနဲ့ သူဘယ်လိုလုပ် လက်ဝါး ဖြန့်ထားနိုင်တော့ မလဲ။

ဗိုက်ကြီးစူထွက်ပြီး ပန်းခြံထောင့်အုတ်ခုံမှာထိုင်နေတဲ့ တင်တင့်ဆီမှာတင်

သူ့ရဲ့ တစ်နေ့တာတွေကို ကျောက်ချ ရပ်နားထားလိုက်တော့တယ်။ တင်တင့်ကို လည်း အရင်ကထက် သူ ပိုပြီး တွယ်တာလာတယ်။ တင်တင့်နံဘေးမှာ ထိုင်ရင်း တင်တင့်ရဲ့ အနီ အနက် နှစ်သွယ်ပြေးတဲ့ မီးကြိုးများပမာ ဆံပင်ချောင်း ကြီးတွေကို မောကြီးပန်းကြီးနဲ့ပဲ ကိုင်တွယ်ပွတ်သပ်ပေးနေလေ့ ရှိတယ်။ ဘယ်လက်ဖက်ရည်ဆိုင် ဘယ်ဈေးကိုမှလည်း သူမသွားနိုင်တော့ဘူး။ တင်တင့် အတွက်လာပို့တဲ့ ထမင်းထုပ်ကို နှစ်ယောက်အတူ မျှစားတယ်။ တင်တင့်နံဘေး လှဲလျောင်းရင်း တင့်တင့်ဖိုက်ကလေးကို ငေးရင်းနဲ့သာ သူ့အချိန်တွေ ကုန်ဆုံး တော့တယ်။ အဲဒီရက်တွေမှာ ကိုယ်ဝန်ရင့်လာပြီဖြစ်တဲ့ တင်တင်ကလည်း နေ့လယ်ဘက်တွေမှာ ဟိုဟိုဒီဒီ မသွားနိုင်တော့။

တင်တင်လည်း ကိုကြည်နု ချောင်းဆိုးတာကိုပဲ ငေးကြည့်နေတော့ တယ်။ တစ်ယောက်နဲ့တစ်ယောက် စကား ထွေထွေထူးထူး မပြောနိုင် မပြောဖြစ် ကြပေမယ့်။ ပြောဖြစ်ကြတဲ့အခါတိုင်းမှာ ကိုကြည်နုဟာ တင်တင့်ကို အရင်လို တင်တင်လို့တောင် မခေါ်တော့ဘဲ သမီးလေးလို့ တယုတယခေါ်လာတယ်။ ဒါပေမဲ့လည်း များသောအားဖြင့်တော့ သူတို့နှစ်ယောက်ဟာ အခုချက်ချင်း ခွဲခွာရတော့မယ်လူတွေလို အပြန်အလှန် စိုက်ကြည့်နေကြရင်းနဲ့ပဲ အချိန်တွေ ကုန်သွားကြတာ များပါတယ်။ အကြည့်တွေကပဲ များပြားလှတဲ့ ဝေါဟာရ တန်ဖိုးတွေ ပါနေခဲ့တယ်။ သိပ်နည်းပါးလှတဲ့ တစ်ခါတစ်ရံလောက်မှာတော့ ခက်ခက်ခဲခဲနဲ့ပဲ သူတို့ တစ်ခွန်းစ နှစ်ခွန်းစ စကားပြောဖြစ်ကြပါတယ်။

"ဦးကြည်နု ကလေးချစ်တတ်လား"

“အဟွတ်. . .အဟွတ်. . .အဟွတ် ဪ... အဟွတ် . သမီးလေရယ်"

အဲဒီလောက်ပါပဲ။ အဲဒီထက်ပိုပြောဖို့လည်း မတတ်နိုင်ကြတော့ဘူး။ ကိုကြည်နုရဲ့အခြေအနေက ဘေးလူတစ်ယောက်အနေနဲ့ ရပ်ကြည့်နေဖို့ တောင် မခံစားနိုင်လောက်နိုင် ဆိုးရွားလာတဲ့နောက်၊ မနက်လင်း ထွက်သွား ညနေပြန်လာတော့လည်း တချို့ရက်တွေမှာ တစ်ကျပ်တစ်ပြားတောင် ပါမလာ တော့တဲ့နောက်၊ အရပ်ကလည်း လင်သတ်မ ထပ်သတ်ပြန်ပြီလို့ မကြားတကြား ပြောရာကနေ ပေါ်တင် မျက်စိရှေ့တင် ပြောလာကြတဲ့အထိ ဖြစ်လာတဲ့နောက်မှာ တော့ ညိုမှာဟာ ကိုကြည်နုကို ဆေးရုံ ခေါ်သွားခဲ့တယ်။ ဆေးရုံက ကိုကြည်နုကို လက်မခံတော့ပါဘူး။ ခွက်နေတဲ့ နားထင်တွေ ပါးပြင်ချိုင့်ဝှမ်းကြီးတွေ ပြာနှမ်း သွေးဆုတ်ပြီး အလံလိုတွဲကျနေတဲ့ အရေပြားတွေနဲ့မို့ သက်ရှိလူလား၊ ဒါမှမဟုတ် ကိုယ်ခန္ဓာအား ဆေးပညာသုတေသနလုပ်ရန် လှူဒါန်းပါ၏လို့ လက်မှတ်ထိုးခဲ့တဲ့ အလောင်းကောင်လား မသဲကွဲတော့တဲ့ ကိုကြည်နု၊ ချောင်းဆိုတာချည့် သက်သက်နဲ့ မတ်တတ်မရပ်နိုင်လောက်အောင် အင်အားချည့်နဲ့ပြီး အရိုးစုတစ်ခုလို ဖြစ်နေတဲ့ သူ့ကို အိမ်ပြန်ခေါ်သွားဖို့ပဲ တိုက်တွန်းကြတော့တယ်။ ကိုကြည်နုကလည်း

ဆေးရုံကို လက်မခံတော့ဘဲ အိမ်ပြန်ပို့ဖို့ပဲ ညိုမာ့ကို တောင်းဆိုပါတယ်။ အဲဒီကနောက်ရက်တွေမှာတော့ ကိုကြည်နုဟာ အိမ်ရဲ့ဝါးကြမ်းခင်းပေါ် သူ့အားနဲ့သူ ငုတ်တုတ်တောင် ထမထိုင်နိုင်လောက်အောင် ဆုတ်ယုတ်နေခဲ့ပြီဖြစ်လို့ လမ်းထွက်တောင်းဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့တဲ့ အချိန်ကို ရောက်ရှိလာခဲ့တယ်။ နှစ်ဆယ့်လေးနာရီ အပြည့် ချောင်းဆိုးခြင်း သွေးအန်ခြင်းနဲ့ပဲ သူ့အနားယူရမယ့် အချိန်တွေကို စောင့်နေခဲ့တယ်။

ညိုမာက အဲဒီရက်တွေမှာ အိမ်မှာ မအိပ်တော့ဘူး။ မျက်နှာချင်းဆိုင်က သူ့သမီးအိမ် သွားအိပ်တယ်။ အဲဒီမျက်နှာချင်းဆိုင်အိမ်ကနေပဲ သူ့အိမ်ကို သူ လှမ်းလှမ်းချောင်းကြည့်ရင်း ချောင်းဆိုးသံ ဘယ်တော့ရပ်မလဲ။ တစ်နည်းအားဖြင့် အဲဒါအပြင် သူတတ်နိုင်တာလည်း ဘာမှမရှိတော့ဘူးဆိုတဲ့ပုံနဲ့ပေါ့။ ကိုကြည်နုကို ကိုကြည်နု ဘယ်အချိန် အသက်ထွက်မလဲဆိုတာကို ထိုင်စောင့်နေခဲ့တယ်။ အပေါ့အပါး သွားကူဖို့၊ အစာကျွေးဖို့ လူတစ်ယောက်မှ မရှိ။ အသက်ငင်နေတဲ့လူတစ်ယောက် အဆုတ်ထဲ လေရှူသွင်းရာက ထွက်လာတဲ့အသံလောက် စိတ်ချောက်ချားစေတဲ့ အသံမျိုး လောကသုံးပါးမှာ မရှိဘူးထင်တယ်။ ညိုမာဟာ အဲဒီအသံကို မျက်နှာချင်းဆိုင်အိမ်ပေါ်ကနေ နားစွင့်နေရင်း အသံတိုးတိတ်သွား တာနဲ့ အိမ်ပေါ်ကို ပြေးပြေးတက်ကြည့်တယ်။ အိမ်ပေါ်လူတက်သံကြားလို့ ဝေဒနာကြားကနေ ခေါင်းကလေးစောင်းတယ်ဆိုရုံစောင်းပြီး မျက်လုံးထောင့်ကပ် ကြည့်တဲ့ ကိုကြည်နုရဲ့ပုံကို မြင်ရတော့ အသက်ရှိနေသေးတာပဲလို့ မျက်နှာချင်း ဆိုင်အိမ်ကို ပြန်သွား၊ တစ်ဖန် နားပြန်စွင့်နေပြန်လိုက်။ အသက်ထွက် တော့မယ့်သူရဲ့ ခဲယဉ်းမှုလောက်နီးနီး အသက်ထွက်တာကို စောင့်နေသူရဲ့ ခက်ခဲ စိတ်နွမ်းနယ်မှုကို ခံစားလို့နေတယ်။ သုံးလေးရက်ကြာတဲ့အထိ ကိုကြည်နုဟာ အသက်မျှင်းမျှင်းရှူနေရင်း သက်ဆိုးရှည်နေသေးတော့ လမ်းထဲကလူတွေဟာ လည်း မနေနိုင်ကြတော့ဘူး။ စပြောတာကတော့ ဦးကျီးညိုတို့လင်မယားပဲ၊ သူတို့ကတော့ အဆဲအဆို မပါပါဘူး။

“ညိုမာရယ် ကြည်နုကို အဲ့လိုကြီးတော့ ပစ်မထားကောင်းပါဘူး။ တတ်နိုင်သလောက် ဆေးလေးဘာလေးတိုက်၊ အားရှိမယ့်အစာလေးဘာလေး ဝင်အောင် ကျွေးပေါ့၊ နည်းနည်း သက်သက်သာသာ ဖြစ်သွားဖြစ်သွားပေါ့ဟယ်၊ ညည်းဟာက အမြင်ဆိုးလွန်းလှတယ် မကောင်းဘူးနော်...ညည်း ဝဋ်လိုက်မယ်"

တော်ရုံတန်ရုံပြောခဲ့တဲ့ လင်မယားမို့ ညိုမာက ပြန်ပက်မတုတ်ပေမယ့် ထွေထွေထူးထူးလည်း အရေးမစိုက်ဘူး။ ဒီတော့ လမ်းထဲကလူတွေအကုန်လုံးက ဒေါသထွက်လာကြပြီး ကိုယ်ချင်းစာတရားကင်းမဲ့လွန်းတဲ့ သူ့ကိုဝိုင်းပြီး အော်ဟစ် ဆဲဆို ရန်လုပ်ကြတော့တယ်။

“ဖေရိုးမ နင့်ကို တစ်သက်လုံးလုပ်ကျွေးလာတာ အဲ့လောက်တော့ နင်မရက်စက်သင့်ဘူး”

“စောက်ကောင်မ လူကို ခွေးသေဝက်သေ သေအောင် ပစ်ထားတာ” ညိုမြာကလည်း ပြန်ဆဲတယ်။

"ကောင်မတွေ အကောင်တွေ ကိုယ့်စောက်လုပ် ကိုယ်မလုပ်ဘဲသူများကိုစ္စ အတော်စိတ်ဝင်စားနေကြ တယ်ဟုတ်လား .. ပြောစမ်းပါဦး နင်တို့ စောက်လုပ် ဘယ်နားပါလို့တုံး"

နောက်ဆုံး သူ့သမီး ဇင်မာဦးကပါ မခံမရပ်နိုင် ဖြစ်လာတယ်။ လမ်းထဲကလူတွေဘက်က ပါပြီး သူ့အမေသူ ကလော်တုတ်တော့တယ်။ “ခွေးမကြီး ငါ့အိမ်လည်း မနေနဲ့သွား။ ကျေးဇူးရှင်ကို ကျေးဇူးကန်းတဲ့ ကောင်မကြီး"

"အမ် ... ကောင်မ ညည်းကပါ ငါ့ ဆဲတယ်ပေါ့ဟုတ်လား၊ ကောင်မ နင်မြေမြို့မှာ ကိုယ့်မအေကိုယ် ပြန်စော်ကားတာ၊ နင်မြေမြို့မှာကြည့်နေ . . . ကောင်မ ညည်းကို ငါ တစ်သက်လုံးလုပ်ကျွေးလာတာ ဒီပုံစံနဲ့ ငါ့ကို ကျေးဇူးဆပ်တယ်ပေါ့ ဟုတ်လား"

ကျန်တဲ့လူတွေ ပြောတာဆိုတာကို ခေါင်းထဲသိပ်မရှိဘဲ ပြန်ဆဲရုံလောက် ဆိုပေမယ့် သူ့သမီးကပါ ပြောလာတော့ ညိုမြာ စိတ်အားငယ်သွားတယ်။ ဇင်မာဦးကို ပြန်ပြောရင်း ငိုသံတွေပါလာပြီး ဩချရလောက်အောင်ပဲ မျက်ရည်များ ပင် ကျဆင်းလို့ နေခဲ့တယ်။ ဇင်မာဦးကလည်း ဆတ်ဆတ်ထိမခံတော့။ ချက်ချင်း ပြန်ပက်တယ်။

"ဘာ လုပ်ကျွေးတယ်ဟုတ်လား။ အိမ်မှာထိုင်နေပြီး ဘာစောက်လုပ် များ လုပ်လို့တုန်း၊ တစ်သက်လုံး ဦးကြည်နု လုပ်စာထိုင်စားခဲ့ပြီးတော့ သုံးမရတော့မှ သေသေဆိုပြီး ပစ်ထားတာ။ သူကမြန်း ကျေးဇူးတရားတွေဘာတွေ တရားလာဟောနေသေးတယ်"

အဲဒီအသံတွေ အားလုံးကို အိပ်ရာပေါ်ကနေ ကိုကြည်နု အကုန် ကြားနေရတယ်။ ရုပ်တရားချုပ်ငြိမ်းလုဆဲဆဲကာလမှာ စိတ်ကတော့ ကြောင်လိမ် လှေကားပမာ တစ်ထစ်ချင်း ဝိုက်ပတ် ခရီးဆက်နေတုန်း။ ကြားနေရတဲ့ စကားသံတွေအရဆိုရင် သူ သေရတော့မှာပါလားလို့ သိသွားပြီး ကြောက်စိတ်တွေ ဝင်လာခဲ့တယ်။ အိပ်ရာပေါ်လှဲနေရင်း အသက်ရှူဖို့ကို ပါးစပ်ကြီး အစွမ်းကုန် ဟထားရင်း လေထုထဲက အောက်ဆီဂျင်ကို လုသွင်းနေရပြီ ဆိုပေမယ့်၊ ထဖို့ထိုင်ဖို့ကိုတောင် ခက်ခက်ခဲခဲ ရုန်းကန် တွန်းထိုးနေရတယ် ဆိုပေမယ့် သက်ရှိတိုင်းဟာ ကိုယ့်အသက် ကိုယ်နှမြောကြတာချည့်ပဲလေ။ စိုးရိမ်စိတ်ဟာ

သူ့မျက်လုံးထဲကနေ အလွန်တရာ ပူပြင်းလှတဲ့ မျက်ရည်ပူတွေ အဖြစ် တိုးထွက်လာကြတယ်။ သူ အော်ဟစ်လို့ ငိုတယ်။ သူကိုယ်တိုင်က ကျယ်ကျယ်လောင်လောင် အော်ဟစ်လို့ ငိုနေတယ်ဆိုပေမယ့် ကြားရသူတွေ အဖို့တော့ ကယောင်ကတမ်းနဲ့ ထအော်တဲ့ ဂူးဂူးဝါးဝါးအသံထက် ပိုပြီးနားလည်ဖို့ မတတ်နိုင်ကြဘူး။

တစ်လမ်းလုံးက လူတွေရဲ့ အဲဒီလို ဝိုင်းဝန်းအရေးဆိုမှုကို ညိုမြာ တောင့်မခံနိုင်တော့ဘူး။ အိပ်ရာပေါ်က ကိုကြည်နုရဲ့ နာကျင်နေတဲ့ တောရိုင်း တိရစ္ဆာန်တစ်ကောင်ပမာအသံကလည်း လမ်းထဲကလူတွေရဲ့ ကရုဏာသက်မှုကို အနက်ရှိုင်းဆုံးအထိ ရောက်အောင် ဆွဲခေါ်သွားနိုင်ခဲ့ပြီး ညိုမြာ့အပေါ် ကျရောက် နေတဲ့ ဒေါသကိုတော့ မီးစာ မြှင့်တင်ပေးနိုင်ခဲ့တယ်။ သူတို့ပုံစံက ကိုကြည်နုကို ဒီအတိုင်း ဆက်ပစ်ထားရင် သူ့ကိုပါ ဝိုင်းသတ်ကြတော့မယ့်ပုံမျိုးတွေ။ နောက်ပြီး ဇင်မာဦးကပါ သူ့ကို အိမ်က နှင်ချနေတော့ ညိုမြာ တစ်ထစ် လျှော့ပေးလိုက်ရ တယ်။ ဆိုင်ကယ်ဝပ်ရှော့ကနေ အေးကိုလေးကို သွားခေါ်တယ်။ ကိုကြည်နုကို ပြုစုဖို့ လူငှားရှာတာပါပဲ။

“ငါ့သားရယ် အမေလည်း ကျန်းမာရေး သိပ်ကောင်းတာမဟုတ်ဘူး၊ အဲဒါ မင်းလည်းအသိ ကြည်နုကို တစ်ရက် နှစ်ရက်တော့ ပြုစုပေးပါ ဦးကွယ်၊ သူနေရလှလည်း တစ်ရက်နှစ်ရက်ပါပဲ” တဲ့။

အေးကိုလေးက သူ့အမေကို မကြည်ပေမယ့်လည်း ဘယ်တုန်းကမှ သူတို့အပေါ် ဆိုးသွမ်းရိုက်နှက်ရယ်လို့ မရှိခဲ့တဲ့ ပထွေး ကိုကြည်နုကို သနားတာ ကြောင့် လိုက်လာခဲ့တယ်။ သူပဲ အစစအရာရာ လုပ်ကိုင်ပေးရှာပါတယ်။ မျက်နှာဖုံးစွပ်ကလေး တပ်ပြီး ရေသုတ်သင်ပေးတယ်။ အိပ်ရာနံဘေးတင် ထွေးထားတဲ့ သွေးဖတ် သလိပ်ဖတ်တွေကို ပုဆိုးစုတ်နဲ့ ရေစွတ် သန့်ရှင်းရေး လုပ်ပေးတယ်။ သူ့ပိုက်ဆံနဲ့ပဲ ကိုကြည်နု အားရှိအောင် ကြက်စွပ်ပြုတ်တွေ ကြက်ပေါင်းရည်တွေ ဝယ်တိုက်တယ်။ အေးကိုလေးဟာ စေတနာနဲ့အပြည့်နဲ့ပြုစုစောင့်ရှောက်ပေးတယ် ဆိုပေမယ့်လည်း သူ့ပထွေး ခံစားနေရတာတွေကို သူမြင်ချင် မမြင်ရက်တော့ဘူး။ ရေသောက်ရင်တောင် ပူလောင်နာကျင်နေတယ် ဆိုတဲ့ သူ့ပထွေး သူကြည့်ရင်း “မြန်မြန်အသက်ထွက်ပါစေတော့ လို့ စိတ်ရင်း စေတနာအမှန်နဲ့ပဲ ဆုတောင်းနေမိတယ်။ ဒါပေမဲ့လည်း သူ့ဆုတောင်းဟာ မပြည့်ဘူး။ ကိုကြည်နုဟာ နည်းနည်းတောင် ထူထူထောင်ထောင် ပြန်ဖြစ်လာခဲ့ တယ်။ နောက်ဆုံးမီးတောက်လိုမျိုးပေါ့။

ကိုယ်ဝန်ကလည်း အလွန့်အလွန်ရင့်လာတော့ တင်တင့်မိုက်ဟာ က ထပုံ တော့မတတ် လေပူဖောင်းလို လုံးဝန်း စူထွက်လာတယ်။ ဘာကြောင့်ရယ်မသိ

မျက်နှာအရေပြားတွေကလည်း အမ်းပြီး တောင့်တင်းလာတယ်။ တင်တင်ကလေးတစ်ယောက် အရွယ်နဲ့မလိုက်အောင် ရင့်ထော်လာတော့တာပေါ့။ သူ့မူလကိုယ်ခန္ဓာပိန်သေးသေး မည်းခြောက်ခြောက် တုတ်တစ်ချောင်း ထောင်ထားသလိုကနေ တင်ပျဉ်ခွေထိုင်နေလိုက်ရင် အင်္ဂလိပ်အက္ခရာ "ဘီ" အသေးလိုဗိုက်ကလေးက ပြူထွက်လို့နေတယ်။ ညနေခင်းညခင်းဘက်တွေမှာ ကိုကြည်နုတစ်ယောက်လည်း တင်တင့်အနားမလာနိုင်တော့ ဗိုက်တကားကားနဲ့တစ်ယောက်တည်းဖြစ်နေတဲ့ တင်တင့်ကို မြို့ထဲကလူတွေက အမျိုးမျိုး ပြောဆိုလာကြတယ်။

"အယ် ဒီအရူးမလေးတော့ ဒုက္ခပဲ ဗိုက်ကြီးနေတာပါလား... ကျွတ် ကျွတ်"

"အရင် သူ့အဖေနဲ့ နှစ်ယောက်ပါ၊ ခု သူ့အဖေ ဘယ်ရောက်သွားတုံး သေသွားပြီလား"

"အဲဒါ သူ့အဖေမှဟုတ်ရဲ့လားဟယ် ဗိုက်ကြီးတာ သူ့လက်ချက်များဖြစ်နေမလား။ ဗိုက်ကြီးလာလို့ အနားမလာတော့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ဘယ်သူဖြစ်ဖြစ်အရူးမတောင်မချန်တဲ့တဏှာရူးကောင်တွေနဲ့ခက်တယ်၊ ဘယ်လိုလူစိတ်မရှိတာပါလိမ့်ဟယ်"

"အို....ဒီခေတ်ထဲအရူးမလောက်ပြောမနေနဲ့။ ကလေးလေးတွေကိုတောင်မုဒိမ်းကျင့်ကြလို့ သက်ယယ်မုဒိမ်းတွေတောင် ခဏခဏကြားနေရတာ လူတွေလည်းလူစိတ်ပျောက်ကုန်ကြပြီလား မသိတော့ပါဘူး"

အဲဒီလိုစကားသံတွေလည်း ကြားလာရတာရော တင်တင့်ကျန်းမာရေးအတွက်ကိုပါ ထည့်စဉ်းစားလို့ ကိုစိန်လွင်ဟာ တင်တင့်ကို သူ့ဆိုင်နောက်ကအလုပ်သမားတန်းလျားမှာ ထားတော့တယ်။ လွယ်လွယ်နဲ့ မလိုက်ဘဲ အတင်းရုန်းကန်နေလို့ သန်သန်မာမာ ဆိုက်ကားဆရာသုံးယောက်ခေါ် တစ်ယောက်ကလက်ကိုချုပ်၊ ပခုံးက တစ်ယောက်မ၊ ခြေထောက်နှစ်ချောင်း တစ်ယောက်မလို့ ရုန်းရင်းဆန်ခတ်နဲ့ ခေါ်ရတယ်။ ဗိုက်ကိုပါ ဂရုစိုက်နေရတော့ ကြမ်းကြမ်း တမ်းတမ်း ရုန်းရင်းဆန်ခတ်ဆိုပေမယ့်လည်း ညင်သာသင့်သလောက်လည်း ညင်သာရတာပေါ့။ မဆိုးသေးတာက သူ့ကိုထားမယ့် အခန်းထဲက ခုတင်ပေါ် တင်ပေးလိုက်တဲ့နောက် တင်တင်ဟာ ဆက်လက်ရုန်းကန်မနေတော့ဘဲ အေးအေးချမ်းချမ်းပဲ လှဲလျောင်းနေရှာတော့တယ်။ ရူးနေတယ်ဆိုပေမယ့်လည်း သက်သောင့်သက်သာ အိပ်ရာတစ်ခုမှာ ကျောမခင်းရတာ ကြာပြီပဲလေ။

တင်တင့်အခန်းရှေ့မှာ စားပွဲထိုးလေးနှစ်ယောက် အမြဲ အစောင့်ချထားရတယ်။ အပေါ့အလေးသွားရင်တောင် အိမ်သာရှေ့ကစောင့်လို့ အဲဒီ

ချာတိတ်ကလေးနှစ်ယောက်ကို ကိုစိန်လွင်က မှာထားတယ်။ သံလမ်းနံဘေး လမ်းကလေးဘာလေး လျှောက်ချင်ရင်လျှောက်၊ ဒီပြင်တော့ ဘယ်မှ သွားခွင့် မပေး။ လမ်းကောင်းကောင်းလည်း မလျှောက်နိုင်တော့ပါဘူး။ သူ့ဗိုက်အလေးချိန် ကြောင့်ဆိုတာထက်၊ အစားကောင်းကောင်း မစားတော့ အာဟာရမပြည့်တာ လည်း ပါတာပေါ့။ အာဟာရဖြစ်မယ့် အစာ အားဆေး စသဖြင့် အတင်း ကျွေးပေမယ့်လည်း သူမကြိုက်တဲ့ဟာဆိုရင် တစ်လုပ်ဝင် တစ်ဆုပ်လောက် ပြန်ပြန်အန်တတ်တော့ ဖွတ်ကျွေးလို့လည်း မဖြစ်တော့ဘူး။ အဲဒီတစ်ခုကလွဲရင် ကိုစိန်လွင် စီမံသမျှ နာခံတယ်လို့ပဲ ဆိုရမှာပါ။

ကိုစိန်လွင့်မှာလည်း တင်တင့်အတွက် အတော်ကလေး ခေါင်းခြောက် ရတယ်။ သူများ အပျိုဗိုက်တွေဆိုတာ ကလေးသာ မွေးသွားတယ် သိပ်မထွက်လိုက်ကြဘူး။ တင်တင့်ကျမှ ဘာကြောင့်မှန်းမသိ သူ့ကိုယ်ခန္ဓာနဲ့စာရင် ဗိုက်က ရှိသင့်တာထက် နည်းနည်းကြီးတော့ ဗိုက်ထဲက ကလေးကလည်း တော်တော် ကြီးပုံရတယ်လို့ သူတွေးတယ်။ တင်တင် မွေးမှမွေးနိုင်ပါ့မလားလို့ စိုးရိမ်နေ မိတယ်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးက သူနာပြုမိန်းမကြီးတစ်ယောက်ကို နှစ်ပတ် တစ်ခါလောက် လာလာကြည့်ခိုင်းတယ်။ စိတ်မမှန်သူဆိုတော့ ကလေး အနေအထား စမ်းသပ်ဖို့၊ မိခင်ကျန်းမာရေး စစ်မေးဖို့ဆိုတာဝေးလို့ သူတို့လည်း အမြင်နဲ့ ကြည့်ရုံ ခန့်မှန်းရုံပဲ တတ်နိုင်တယ်။ နည်းနည်းတော့ စိုးရိမ်ရတယ်။ မျက်နှာက နည်းနည်းဖောနေတော့ ကိုယ်ဝန်ဆိပ်တက်မယ့် လက္ခဏာရှိတယ်လို့ ပြောကြတယ်။ ဆေးရုံတက် မွေးကြစေချင်တာ။ ဒါပေမဲ့ အဲဒါက ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ပုဂ္ဂလိကဆေးရုံတွေကို ကိုစိန်လွင်ကိုယ်တိုင် လူနာအကြောင်း၊ စိတ်အခြေအနေ ပြောပြပြီး မွေးခါနီးမှာ ဆေးရုံတက်ခွင့်ရမလား မေးကြည့်တော့ လည်း စိတ်မနှံ့သူမို့ အကုန်လုံးက ခေါင်းခါကြတယ်။ အဲဒီတော့လည်း မတတ် နိုင်ဘူး။ လက်ဖက်ရည်ဆိုင်တန်းလျားတင် ဖြစ်အောင်မွေးရမှာပဲ။ တချို့လူတွေ လည်း ဒီလိုပဲ အရပ်လက်သည်နဲ့ အိမ်တင်မွေးကြတာပဲလို့ စိတ်ဆုံးဖြတ်လိုက်ရ တယ်။

တင်တင်အကြောင်းတွေနဲ့ ပတ်သက်လို့ ဦးညီပု၊ ဦးပြုံးချိုတို့နဲ့ တိုင်ပင် တယ်။ တင်တင် ကိုယ်ဝန်မွေးဖွားခါနီးအချိန်တွေမှာ ဦးပြုံးချိုရဲ့ချွေးမ နုနု ထွတ်ထွတ်ကလေးကလည်း သူ့သား ကျော်ကျော်နဲ့ ဘယ်အချိန်ကတည်းက ဟဒုာ ဖြစ်ထားကြတယ်မသိ။ မင်္ဂလာဆောင်ပြီး ဘာမှမကြာသေးခင်မှာပဲ ဗိုက်ထွက်လာတယ်။ အဲဒီတော့ သူ့ချွေးယောက္ခမဖြစ်နေတဲ့ ဦးပြုံးချိုဟာ ကိုစိန်လွင့်ဆိုင်ရှေ့က ကွမ်းယာထီဆိုင်ကလေး မဖွင့်ဖြစ်တော့။ မနက်ခင်းဆိုရင် လက်ဖက်ရည်ဆိုင်မှာ ကိုစိန်လွင်၊ ဦးညီပုတို့နဲ့ တင်တင့်ဗိုက်အကြောင်း ဆွေးနွေးခန်းဖွင့်ကြတဲ့အခါမှာ သူ့ချွေးမ ဒေါ်မီမီတင်ရဲ့ ဗိုက်ကတော့ ဘယ်လိုဘယ်ညာနဲ့ ယှဉ်ထိုး သုံးသပ်နေလေ့ရှိတယ်။ ဒါပေမဲ့ သူ့ယှဉ်ထိုး

သုံးသပ်မှုဟာ တကယ့်အလွဲကြီးပါ။ ဟိုဟာက သွေးဆုံးခါနီး ဖျစ်ညှစ်ကြီးလိုက် ရတဲ့ သက်ကြီးကိုယ်ဝန်၊ တင်တင်ကဖြင့် ဆယ့်ငါးနှစ်ကျော်ကလေးနဲ့ ကလေးကကလေးမွေးရမယ့် သက်ငယ်ကိုယ်ဝန် ဘယ်နဲ့မှ မအပ်စပ်ဘူးလေ။ "ဒါနဲ့ ကလေးမွေးပြီးတဲ့နောက် ကလေးကို မင်းဘယ်လိုလုပ်မလဲ စိန်လွင်"

ဦးညီပုက မေးတယ်။

"မသိဘူးဗျာ. . အဲဒါကို စဉ်းတောင်မစဉ်းစားရသေးဘူး"

"စဉ်းစားထားရမှာပေါ့-စိန်လွင်ရာ…အဲဒါအရေးအကြီးဆုံးပဲ။ မွေးပြီးကလေးတစ်ယောက်နဲ့နင်သွားချင်ရာသွားတော့ဆိုပြီး လွှတ်ပေးလို့မှ မရတာဘဲဟာ"

"ကျွန်တော်လည်း တတ်နိုင်သလောက်တော့ လုပ်နေတာပဲ ဦးညီပု ရာ.. ခင်ဗျားမြင်တဲ့အတိုင်းပဲ ကျွန်တော့်မှာ တင်တင် ဗိုက်ကြီးပါပြီဆိုကတည်းက ဆိုင်တောင် ကောင်းကောင်းဂရုမစိုက်နိုင်ဘူး"

ကိုစိန်လွင်လည်း ပခုံးနှစ်ဖက်တွန့်လို့ ဒီထက်တော့ မတတ်နိုင်တော့ဘူး ဗျာ ဆိုတဲ့ အမူအယာ လုပ်ပြတယ်။

"အဲဒါ ဟုတ်တယ်ကွ ငါ့ချွေးမဆို…"

"တော်ပါတော့ဗျာ ခင်ဗျားချွေးမကိစ္စ……"

စကားစကို မဆီမဆိုင် ဖြတ်ဝင်တဲ့ ဦးပြုံးချိုကို ဦးညီပုက ပိတ်ငေါက် လိုက်လို့ ဦးပြုံးချိုလည်း တန့်သွားတယ်။ ကိုစိန်လွင်ကလည်း ဟုတ်တယ် ခင်ဗျားကြီးကလည်း တမှောင့်ဆိုတဲ့ပုံနဲ့ မျက်စောင်းထိုးလိုက်တော့ ဦးပြုံးချိုရဲ့ ကုပ်ပိုးအထူကြီးလည်း ပုဝင်သွားတယ်။.အငေါက်ခံလိုက်ရလို့ သိပ်တော့ မကြည်ဘူး။ သူ့ချွေးမယောက္ခမဖြစ်ခါမှ ဒီလူတွေ ငါ့ပဲ စွတ်ငေါက်နေကြတာ၊ မနာလိုဖြစ်နေကြတာနေမှာလိုပဲ ဖြေသိမ့်လိုက်တယ်။

ဒါနဲ့ ကြည်နုတစ်ယောက်ရော အခြေအနေဘယ်လိုလဲ ကိုပြုံးချို" ဦးညီပုက ဦးပြုံးချိုကို ဒီတစ်ခါတော့ ခင်ဗျားအပိုင်း ရောက်လာပြီ ပြောပေတော့ဆိုတဲ့ပုံနဲ့ စကားရောဖောရော လုပ်မေးတယ်။

"အင်း… ကြည်နုကတော့ မကြာခင်ဝဋ်ကျွတ်တော့မှာပါဗျာ.. မပြောကောင်းဘူးဆိုပေမယ့်လည်း ကျွန်တော်တော့ သူ့ကို မြန်မြန်သေသွားစေချင်လှပြီ"

ကိုစိန်လွင်ရော ဦးညီပုပါ ရုတ်တရက်ကြီး လမ်းကိုငေးလို့ သက်ပြင်း

ပြိုင်တူချလိုက်ကြတယ်။ ပြီးတော့ ဦးညီပု ပြောတယ်။

“ဘယ်လိုဘဝတွေနဲ့ လာကြုံနေရပါလိမ့်ကွာ...ဒါနဲ့ စိန်လွင် တင်တင်နဲ့ ပတ်သက်လို့ မွေးဖို့ဖွားဖို့ အရေးပေါ်ဆိုရင် ငါ့လည်း ဖုန်းလှမ်း ဆက်ဦးနော် ငါတတ်နိုင်တာလေး ဝိုင်းလုပ်ပေးရတာပေါ့ကွာ…”

"ဩော်... တင်တင် ... တင်တင်"

ကိုယ်ဝန် ခုနစ်လကျော်ပြီး ဒုတိယအပတ်ရဲ့ ညတစ်ညမှာ ကိုစိန်လွင့် ဆိုင်အနောက်က တန်းလျားခုတင်ပေါ်မှာတင် တင်တင် ရေမွှာပေါက်တယ်။ ခြေရင်းမှာ ထရံမှီပြီး အိပ်စောင့်နေတဲ့အစောင့် စားပွဲထိုးလေးနှစ်ယောက်ကို မျက်နှာသစ်ပေးလိုက်တဲ့အတိုင်းပဲ။ အဲဒီတော့မှ တင်တင်လည်း စအော်တယ်။ ဗလုံးပထွေး နာကျင်လို့အော်တာဆိုပေမယ့် လူတစ်ယောက်အော်သံနဲ့ မတူဘူး။ အမွေးတွေဖွာပြီး ဒေါသထွက်နေတဲ့ ကြောင်တစ်ကောင်လို အော်သံမျိုး။ တင်တင့်ဗိုက် သိသိသာသာ ထွားလာပြီးကတည်းက ညဘက်ကြီး မွေးနေရင် ဒုက္ခလို့ တွေးမိပြီး ညပိုင်းတွေချည့် ဆိုင်ထိုင်တော့တဲ့ ကိုစိန်လွင်လည်း တင်တင့် အော်သံကြားတာနဲ့ အနောက်ထဲကို အပြေးလာတယ်။ ကုန်းပေါ်ရောက်နေတဲ့ ငါးလို ခုတင်ပေါ် ဖျတ်ဖျတ်လူးနေတဲ့ တင်တင့်ကိုကြည့်ပြီး ကောင်တာကို ပြန်ပြေးတယ်။ တင်တင့်ကို လာကြည့်ပေးနေကျ သူနာပြုဆရာမကြီးကို ဖုန်းဆက်ခေါ်တယ်။ ည တစ်နာရီခွဲ နှစ်နာရီကြီးဆိုတော့ တစ်ကြိမ်ဆက်လည်း မကိုင် နှစ်ကြိမ်ဆက်လည်း မကိုင်။ အဲဒါနဲ့ပဲ သူတို့ရပ်ကွက်ထဲက အရပ် လက်သည် မိန်းမကြီးကိုပဲ ဆိုင်ကယ်နဲ့ ပြေးခေါ်ခိုင်းရတယ်။

တင်တင်ဟာ ခုတင်ပေါ်မှာ ပထမတော့ ငါးလို ဖျတ်ဖျတ်လူး တွန့်လိမ် နေရုံ ဆိုပေမယ့်၊ နာကျင်မှုဒီဂရီမြင့်လာတော့ ရေသူမ အမြီးရိုက်နေသလိုမျိုးခြေလောက်နှစ်ဖက်ကို စုံထောင် စုံချပြီး ခုတင်ကို ဖနောင့်နဲ့ တဒုန်းဒုန်းထုနေတယ်။ ကိုစိန်လွင် ဖုန်းဆက်ခေါ်လို့ ဦးညီပုလည်း အိပ်ချင်မူးတူးနဲ့ ရောက်လာတယ်။ သို့သော်လည်း သူလုပ်ပေးနိုင်တာ ဘာမှမရှိလို့ လိုက်ကာစလေးဖယ်ပြီး တင်တင့်ကို တစ်ချက်သွားကြည့်ပြီးတဲ့နောက် ဆိုင်ရှေ့မှာ ကိုစိန်လွင်နဲ့ပဲ သွားလိုင်နေလိုက်တယ်။ တင်တင့်ပုံစံက ကလေးမွေးလို့ နာတဲ့ပုံထက် ခွေးရူးပြန် ရောဂါသည်တစ်ယောက်လိုပါလားလို့ စိတ်မကောင်း ဖြစ်နေခဲ့တယ်။ အခန်းတဲ မှာတော့ ကိုစိန်လွင့်မိန်းမရော၊ အစ်မရော၊ အရပ်လက်သည်မိန်းမကြီးပါ ရောက်နေပြီ။ တင်တင့်ရဲ့ နံရံကို ကုတ်ခြစ်နေသလို အော်သံက သူတို့တိုင်နေတဲ့ နေရာဆီအထိ တင်တင် လူးလွန့်နေသလိုမျိုး လိမ်တွန့်ပြီး ရောက်လာနေတယ်။ ကိုစိန်လွင်နဲ့ ဦးညီပုလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အပြန်အလှန် အကြိမ်ကြိမ် မေးဆတ်ပြနေရင်းနဲ့ပဲ အချိန်တွေ ကုန်လာခဲ့တယ်။

"ဦး ကြည် နု"

တင်တင့်ရဲ့ တစ်လုံးတည်းသော လူလိုသူလို ညည်းညူအော်ဟစ်ခြင်း ဟာ နာမည်တစ်လုံးဖြစ်နေလို့ ကြားရသူအပေါင်း အကြောအချဉ်တွေထောင်ပြီး မျက်မှောင်တွေ ကြုတ်ကုန်ကြတယ်။ ကိုစိန်လွင်ဆိုရင် မျက်ရည်တွေပါ ကျလာခဲ့တယ်။ ပြီးတော့ ယိုကျလာတဲ့ မျက်ရည်ကို လက်ညှိုးနဲ့ထိုးသုတ်ရင်း ဦးညီပုကို သူပြောတယ်။

"ကိုကြည်နုကိုတော့ သူ ခင်ရှာတယ်ဗျ..."

နောက်ဆယ့်ငါးမိနစ်လောက်နေတော့ ကလေးငိုသံလည်း မကြား၊ တင်တင့်အော်သံလည်း မကြားတော့။ ကိုစိန်လွင့် မိန်းမဟာ မွေးခန်းထဲကနေ ညှိုးငယ်သော မျက်နှာနဲ့ ထွက်လာခဲ့တယ်။

"ကလေးကလည်း အသေလေး၊ တင်တင်လည်း အသက်ပါသွားပြီ ကိုစိန်လွင်ရယ်" တဲ့။

ကိုစိန်လွင့်မိန်းမဟာ အဲဒီစကားကို ပြောနေရင်းနဲ့ သူပါ အသက်ကွက်သွားတော့မလောက် အားအင်ကုန်ခမ်းပြီး ယိုင်ထွက်သွားလို့ ကိုစိန်လွင်က ဆီးဖမ်းထားလိုက်ရသေးတယ်။ ထို့နောက်တော့ သူတို့လင်မယားဟာ သူတို့သမီးလေး တစ်ယောက် ဆုံးရှုံးရသလိုမျိုး လက်ဖက်ရည်ဆိုင်ကောင်တာဘေးတင် တစ်ယောက်နဲ့တစ်ယောက် ဖက်ငိုနေကြတော့တယ်။ ကိုစိန်လွင့်စိတ်အတွေး ထဲမှာတော့ ဆိုင်ကို ပထမဆုံးနေ့ရောက်လာခဲ့တဲ့နေ့က ပုံပန်းသဏ္ဍာန်ဖြစ်တဲ့ တင်တင့်ရဲ့ ပိန်ပိန်သေးသေး မျက်ဆံနက်နက်နဲ့ မရွံ့မရဲဖြစ်နေပုံလေးကို မြင်ယောင်လို့နေတယ်။ ကိုစိန်လွင့်မိန်းမလည်း ဒီလိုပဲ ဆိုင်ထဲပြေးလွှားနေတဲ့ တင်တင်၊ သူ့နောက်ကနေ ဈေးခြင်းတောင်း ကိုင်လိုက်ရင်း ဈေးထဲ ဟိုးငေး ဒီမော့လုပ်နေတဲ့ တင်တင့်မျက်နှာပေးလေးတွေ အမူအယာလေးတွေကို တစ်ကွက်ချင်း အာရုံမှာ ထင်မြင်နေတော့တယ်။ ထိုင်ရာကနေ သူတို့လင်မယားကို ကြည့်နေတဲ့ ဦးညီပုလည်း ငိုချင်လာလို့ မျက်နှာလွှဲ ခေါင်းကိုအတင်းမော့ပြီး အပေါ်က စူးတောက်နေတဲ့ မီးလုံးဖွေးဖွေးကြီးကို ငေးကြည့်နေလေရဲ့။

ဆိုင်ထဲ ခပ်ကျဲကျဲရှိနေကြတဲ့ လက်ဖက်ရည်သောက်သူ အနည်းငယ်ဟာလည်း ဆိုင်ရှင်လင်မယား ဖက်ငိုနေတဲ့ ကိစ္စကို သိချင်ကြလို့ ဟိုလူ့လက်တို့မေး ဒီလူ့လက်တို့မေးနဲ့ နည်းနည်းတော့ ရုတ်ရုတ်သဲသဲဖြစ်သွားကြသေးတယ်။ အကြောင်းစုံကို သိပြီးတဲ့နောက် တင်တင့်ကို သိကြသူတွေက ငေးငေးငိုင်ငိုင် ဖြစ်ကုန်ကြပြီး၊ တင်တင့်ကို မသိသူတွေကတော့ မထူးခြားတဲ့ စကားရပ်သတင်းကို ကြားရသလို ကိုယ့်လက်ဖက်ရည်ခွက် ကိုယ်ပြန်ငုံ့သောက်နေကြတော့တယ်။

"ကံဆိုးလိုက်တာ တင်တင်လေးရယ် . . ."

ကိုစိန်လွင့်မိန်းမဟာ ငိုလျက်က တိုးတိုးလေး ရေရွတ်လို့နေတယ်။ အဲဒီအသံကိုကြားတဲ့ ဦးညီပုကတော့ မီးလုံးဖွေးဖွေးကို ကြည့်နေရင်းကပဲ...

“ကံကောင်းတာပါကွယ်... တင်တင် ကံကောင်းသွားတာ၊ ငြိမ်းချမ်းသွားတာပါ" လို့ နှုတ်ကမထွက်ဘဲ သူ့စိတ်ထဲတင် ပြန်ပြီး အဖြေပေးနေလေရဲ့။

ဦးကြည်နုလို့ တစ်ယောက်ယောက် အော်ခေါ်လိုက်သံကြားလို့ မနက်ခင်းအစောလို့ ပြောရမလား၊ ညကြီးလို့ ဆိုရမလားမသိနိုင်တဲ့ မှောင်နဲ့မည်းမည်း အချိန်ကြီး သူနိုးလာတယ်။ လူနိုးလာတော့ ချောင်းကပါ လိုက်နိုး တယ်။ ပက်လက်လှန်အိပ်နေရင်း ချွဲတွေ လည်ပင်းဝမှာ တစ်နေလို့ ကြမ်းကိုအားယူထောက် ထွေးခံထဲ ထွေးချလိုက်တယ်။ ထွေးခံထဲက နဂိုရှိပြီး ချွဲသလိပ်ဖတ်တွေရဲ့အပုပ်နံ့က နှာခေါင်းထဲတိုးဝင်လာပြန်လို့ ဝေ့ခနဲတစ်ချက် ပျို့လိုက်တော့ လည်ချောင်းထဲက ပျစ်ချွဲချွဲအရည်တွေ ထွေးခံထဲ ထပ်ကျသွားပြန်တယ်။ လည်ချောင်းထဲက အညစ်အကြေးအကုန်ထွက်သွားသလို ခံစားလိုက်ရလို့ အနည်းငယ်တော့ ပေ့ါပါးသွားတယ်။

သူနဲ့ လေးငါးခြောက်ပေအကွာ အိမ်အဝမှာ ခွေခွေခေါက်ခေါက် လှဲအိပ်နေတဲ့ လူတစ်ယောက်။ အမှောင်ထဲမို့ မမြင်ရပေမယ့် အေးကိုလေးမှန်း သူသိလိုက်တယ်။ ဘယ်သူများ သူ့ကိုခေါ်တာပါလိမ့်လို့ ဝေခွဲမရဖြစ်နေရင်း ချွေးစေးတွေထွက်နေတဲ့ နဖူးကို လက်နဲ့သုတ်လိုက်တယ်။ အိပ်မက် မက်နေတာပဲ။ သူ အိပ်ရာက ထလိုက်တယ်။ သိပ်အားမစိုက်လိုက်ရဘဲ လွယ်လွယ်ကူကူ ခါးကို ထူနိုင်သွားလို့ ငါ တော်တော်သက်သာသွားပြီပဲလို့ စက္ကန့်ပိုင်းလေးမျှ စိတ်ချမ်းသာသွားမိတယ်။ သို့သော်လည်း ခဏပဲ လည်ချောင်းထဲ ရွတ်ဆိတ်တန်း လမ်းလျှောက်နေသလို စူးကျင်ပြီး ယားယံလာပြန်လို့ ချောင်းကို နှောင်များ ဘယ်တော့မှမဆိုးတော့ဘူးလို့ စိတ်ပိုင်းဖြတ်ပုံမျိုးနဲ့ ဝနေအောင်ထပ်ဆိုးလိုက်တယ်။ ချွဲတွေ သလိပ်တွေ ခတ်တုတ်တယ်။ တွေးခံတဲ ထပ်ထွေးထုတ်လိုက်တယ်။

ဘယ်နနာရီရှိပြီလဲ သိချင်စိတ်နဲ့ အမှောင်ထဲ ကြမ်းပြင်ပေါ် မီးခြစ်ကို လိုက်စမ်းကြည့်တယ်။ မတွေ့။ လွယ်အိတ်ထဲမှာ ရှိတာပဲလို့ သတိရသွားပြီး အိပ်ရာပေါ်ကနေ သူ ကျုံးထတယ်။ ကြမ်းက တကျွီကျွီမြည်သွားလို့ ခဏ ရပ်လိုက်သေးတယ်။ အေးကိုလေးကလည်း ပါးကခြင်ကိုက်ဖုကို တဗျင်းဗျင်း ကုတ်ပြီး ပြန်အိပ်သွားတယ်။ အိမ်တိုင်က လွယ်အိတ်ကို ဖြုတ်ပြီး အိတ်ထဲက မီးခြစ်ကို နှိုက်စမ်းရှာဖွေတယ်။ မီးခြစ်ကိုရတော့ ခြစ်ကြည့်လိုက်တာ မီးတောက် က ဟုတ်ခနဲ ထတောက်သွားလို့ သူ့မျက်ခုံးမွေး သုံးလေးငါးပင်လောက် ရှဲခနဲ လောင်ကျွမ်းသွားတယ်။ “သောက်ရေးထဲ” လို့ မာန်ပါပါ ကျိန်ဆဲလိုက်မိ သေးတယ်။

ဂက်စ်ခလုတ်ကို နည်းနည်းလျှော့ ပြန်ခြစ်လိုက်ပြီး တိုင်ကပ်နာရီ ရှိလောက်တဲ့နေရာကို လက်ကို မြှောက်ထောင်ကြည့်လိုက်တော့ နာရီက သုံးနာရီဆယ်မိနစ် ရှိပြီ။ တစ်လမ်းလုံး တိတ်ဆိတ်နေချက်က လှုပ်လှုပ်ရှားရှား လုပ်ချင်စိတ်ကို ပျောက်သွားစေတယ်။ လည်ချောင်းက တစ်ခါ ယားလာပြန်လို့ လက်နဲ့အုပ်ပြီး ထပ်ဆိုးပြန်တယ်။ “ရင်ဘတ်တွေအောင့်လိုက်တာ” လို့ ပါးစပ်က ထုတ်ညည်းနေတုန်းမှာပဲ နောက်တစ်ခါ ချောင်းထပ်ဆိုးပြန်တယ်။ သူရဲ့ ချောင်းဆိုးသံက လမ်းကို ကုတ်ခြစ်ဆွဲခါနေသလိုပဲ။ တိတ်ဆိတ်မှု လေထုထဲကို ထွန်ခြစ်နဲ့ ဆွဲယက်လိုက်သလို သူ့ချောင်းဆိုးသံကြီး။ သူ့ဟာသူတောင် ထိတ်လန့်သွားမိတယ်။ သို့သော်လည်း သူ အတော်လေး သက်သာသလို ခံစားနေရတယ်။ အမောဆို့မနေဘူး။ ပင်ပန်းမနေဘူး။ လွန်ခဲ့တဲ့ တစ်ပတ်လောက် ကမှ နေ့သေမလား ညသေမလား မခန့်မှန်းနိုင်တဲ့ သူ့အခြေအနေဟာ ရုတ်တရက်ကြီးကို ဘယ်ကလာမှန်းမသိတဲ့ ခွန်အားအသစ်တွေ ရလာနေခဲ့တယ်။

လမ်းအပြင်ဘက်ထွက်ရပ်ရင်း မှောင်အတိကြီးကျနေတဲ့ စမ်းရေလမ်း ကလေးကို အဓိပ္ပာယ်မဲ့စွာ သူ ငေးကြည့်နေတယ်။ ဝေဒနာကြောင့် ဆေးလိပ် သောက်ချင်စိတ်မဖြစ်တာ ရက်များလများစွာ ကြာခဲ့ပြီးမှ ကောက်ကာငင်ကာခံတွင်းချဉ်လာခဲ့တယ်။ သူ့လွယ်အိတ်ထဲ ဆေးပေါ့လိပ်ရှိမှာ မဟုတ်ဘူး။ ဆေးလိပ်သောက်ချင်စိတ်က လူကို အပြင်းအထန် စေခိုင်းနေပြီ။ အဲဒါနဲ့ အိမ်ပေါ် ကို ခပ်သာသာရွေ့ရင်း ပြန်တက်၊ ပြတင်းပေါက်ဘောင်တွေ ခြင်ဆေးခွေတွန်းတဲ့ ပန်းကန်ပြားပွဲတွေထဲ လျှောက်စမ်းရင်း ဆေးလိပ်တို လိုက်ရှာတယ်။ မတွေ့ဘူး။

"တောက်… .သောက်ချင်ရင် ဘယ်တော့မှ ရှာမတွေ့တော့ဘူး"

ဒေါသက ထွက်လာတယ်။ ပြီးတော့မှ ဉာဏ်အလင်းပွင့်သွားပြီး အိမ်အောက်ကိုဆင်း၊ အိမ်သာဆီ လှမ်းလာခဲ့တယ်။ အိမ်သာတံခါး သစ်သားဘောင်မှာ ဆေးလိပ်တိုတွေမှ အတန်းလိုက်ပဲ။ သူထိုးထားခဲ့တဲ့ ဆေးလိပ်တွေပဲလေ။ နည်းနည်းရှည်သေးတဲ့ တတိုကို အိတ်ကပ်ထဲထည့်၊ နောက်တတိုကိုမီးညှိပြီး အိမ်ရှေ့ပြန်ထွက်လာခဲ့တယ်။ ဆေးလိပ်ငွေ့ဝင်သွားတာနဲ့ စိတ်က အာသာပြေသလို ရှိသွားပေမယ့် လည်ပင်းကနေ တရှူရှူနဲ့ တစ်ခုခု တက်လာတယ်။ ချောင်းဆိုတာတောင်မဟုတ် “အဲ့” ခနဲ လေချဉ် တက်လိုက်သလို ပျို့သလိုဖြစ်သွားပြီး ချွဲလက်တစ်ဆုပ်လောက် ပါးစပ်ထဲကနေ ထွက်ကျသွားတယ်။ ပြီးတော့ အတော်လေး နေလို့ထိုင်လို့ ကောင်းသွားတာပါပဲ။

အိမ်ထဲက သူ့လွယ်အိတ်ကို ပြန်ယူ ဆေးပေါ့လိပ်ကလေးဖွာရင်း အမှောင်ကြီးထဲ လမ်းထိပ်ကို သူထွက်လာခဲ့တယ်။ လမ်းပေါ် အိပ်နေတဲ့ ခွေးနှစ်ကောင်လောက်က ခေါင်းထထောင်ပြီး သူ့ကို လှမ်းကြည့်လိုက်ပေမယ့်

ပေါင်တော့မပေါင်ဘူး။ ခေါင်းပြန်ချပြီး ပြန်အိပ်သွားတယ်။ လမ်းထိပ်ရောက်တော့ ဆေးပေါ့လိပ်တစ်တိုက ကုန်သွားတဲ့အပြင် ဖင်စီခံမီးကူးတဲ့အထိအောင် ဆွဲရှိုက်လိုက်မိလို့ လည်ချောင်းကြီးကိုပါ အပ်နဲ့ထိုးလိုက်သလို နာကျင်စူးရှသီးထွက်သွားတယ်။

"ငါရိုးမ ဆေးလိပ်......" လို့ မြေကြီးပေါ် အားကုန်ပစ်လွှဲချလိုက်ရင်း သူဆဲလိုက်တယ်။ မြေကြီးပေါ်က ဆေးလိပ်မီးဖွားတွေဟာ ကောင်းကင်ထက်က ကြယ်တွေပမာ တောက်ပစွာ ပြန့်ကျဲသွားတယ်။ အားရပါးရဆဲလိုက်လို့ လူကလည်း တော်တော်ကြီးကို မောလာတယ်။ အိမ်နဲ့ လမ်းထိပ် အကွာအဝေး ကလေးနဲ့တင် အားကုန်သွားသလို ခြေမခိုင်လက်မခိုင်ချင်ဖြစ်ပြီး ချိနဲ့သွားတယ်-အိမ်ပြန်ရကောင်းမလားလို့ စဉ်းစားရင်း လမ်းထဲကို လည်ပြန် လှည့်ကြည့်မိတယ်။ သူ့ဘဝတစ်ဝက်ကျော်ကာလလောက် နေတိုင်ကျက်စား အမှတ်ရစရာများခဲ့၊ ရှန်းကန်ခဲ့ဖူးတဲ့လမ်းမို့ မျက်လုံးမှိတ်လိုက်တာနဲ့ အလိုလို ပြန်ပုံဖော်ကြည့်လို့ရနေတဲ့ စမ်းရေလမ်းရဲ့ပုံသဏ္ဍာန်ဟာ ခုတော့ သူတစ်ခါမှ မရောက်ခဲ့ဖူးတဲ့ နေရာတစ်ခုလိုလို လုံးဝ အစိမ်းသက်သက်ကြီး ဖြစ်နေတယ်။ ဘယ်လိုဖြစ်တာပါလိမ့်လို့ စဉ်းစားကြည့်ပေမယ့် မစဉ်းစားတတ်တော့ပါဘူး။ အဲဒါနဲ့ပဲ သူဟာ လွယ်အိတ်ကို ပခုံးပေါ် သပ်သပ်ရပ်ရပ်ပြန်တင်ရင်း လမ်းလျှောက်ထွက်လာခဲ့တော့တယ်။

မနက်ခင်းရဲ့ သန့်စင်နေသေးတဲ့ လေကို သူ့အဆုတ်ထဲ အသံထွက် အောင် အငမ်းမရရှိုက်သွင်းရင်း ဖြည်းဖြည်းနှေးနှေး လျှောက်လာခဲ့တယ်။ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းနေတော့မှ အောက်ဂလီဆန်ဖို့ကောင်းတဲ့ သူ့ကိုယ်နံ့ကို သူပြန်ရလာတယ်။ သူ့ကိုယ်သူကတော့ ပြန်ရွံ့နေဖို့ မအားပါဘူး။လုပ်စရာတခုခု ရှိနေတယ်လို့ ကုပ်ပေါ်ကနေ ခွစီးထားတဲ့ အာရုံဝင်စားမှုတခုဟာ သူ့ကို ဘာအတွက်နဲ့မှ အအားမပေးတော့ဘူး။ ခြေလှမ်း နှစ်ဆယ်အစိတ်လောက် လျှောက်ပြီးတဲ့နောက်မှာ သူ့အသက်ရှူသံက လုပ်ယူထားတာမဟုတ်ဘဲ အလိုလို ပြင်းလာတယ်။ ရင်ဘတ်က ပိန်လိုက်ဖောင်းလိုက် စည်းချက်မြန်လာတယ်။ မောလာပြီ။ မတ်တတ်ရပ်ပြီး ခဏနားတယ်။ ရင်တွေ ပူလာတော့ အိမ်တုန်းက ရေမသောက်ခဲ့မိတာကို တွေးပြီး သူ့ကိုယ်သူ စိတ်နာသွားမိတယ်။ ပြီးတော့ ဆက်လျှောက်တယ်။ ခြေလှမ်းနှစ်ဆယ်လောက်လှမ်းပြီးပြန်တော့ တစ်ခါ နားရပြန်တယ်။ ဒီတစ်ခါနားတော့ ချောင်းပါ ခပ်ပြင်းပြင်း ဆိုးလာတယ်။ အမှောင်ထဲ အိမ်အပြန်လမ်းဘက်ကို နောက်ပြန်လှမ်းကြည့်ရင်း အိမ်ပြန်ပြီး အိပ်ရာထဲ ပြန်လှဲနေတာကောင်းမယ်လို့ ထင်လာတယ်။ သို့သော်လည်း သားသတ်ရုံကို ဆွဲအခေါ်ခံနေရတဲ့နွားလိုမျိုး မမြင်ရတဲ့ ကြိုးတစ်ချောင်းက သူ့ကို ရှေ့ဆက်ဆွဲသွားနေတုန်းပဲ။

ကိုကြည်နူဟာ သူ ဘာကြောင့် ညကြီးအချိန်မတော် အပြင်ထွက်လာရ

သလဲလို့ သူ့ဟာသူ မသိဘူး။ အဆမတန် မောလွန်းလို့ နောက်ပြန်လှည့်ဖို့စဉ်းစားမိပေမယ့်လည်း ပြန်ချင်စိတ်က မရှိဘူး။ ဦးတည်ချက်တစ်ခုခုဆီ မရောက်မချင်းသွားမယ်ဆိုတဲ့ ခိုင်ကျည်မှုမျိုးနဲ့ သူ့ခြေထောက်တွေ လျှောက်လှမ်း နေတယ်ဆိုပေမယ့် သူဘယ်သွားနေသလဲဆိုတာလည်း သူ့ကိုယ်သူ မသိဘူး။ ညဘက် ယောင်ပြီး လမ်းထလျှောက်သူတစ်ယောက်လိုမျိုးပဲ။ ကိုယ့်လက် ကိုယ့်ခြေ ဆိုပေမယ့် အသိစိတ်က လှုံ့ဆော်နေတာမဟုတ်ဘဲ မသိစိတ်က ဦးဆောင်တဲ့ဆီ မောကြီးပန်းကြီးနဲ့ လိုက်နေရတာ။ နွားခြေရာခွက်နောက်က လှည်းဘီးပမာပေါ့လေ။ ဒါပေမဲ့ သူ မဟန်တော့ဘူး။ ခြေလှမ်းနည်းနည်းလေး လောက် လှမ်းလိုက်ရုံနဲ့ တာတိုအပြေးသမားတွေလို မောနေတာ။ အမောဆို့ ချွဲကျပ်ပြီး သေသွားနိုင်တဲ့အထိလည်း တရွတ်ဆွဲလျှောက်သလို သူ လျှောက်နေ မြဲပဲ။ စမ်းရေလမ်းကနေ ဝေးရာ ဘယ်ဖြစ်ဖြစ်၊ ညိုမာနဲ့ဝေးရာ ဘယ်ခရီးဖြစ်ဖြစ်၊ တစ်လှမ်းလျှောက်ရင် တစ်လှမ်းစာ ဝေးသွားမှာပဲဆိုတဲ့ ပစ်ပစ်ခါခါ အတွေးမျိုးနဲ့။ လမ်းတစ်လျှောက်လုံးလည်း ပေနှစ်ဆယ်ခြား ပေအစိတ်လောက်ခြားတစ်ခါ သူ့ကိုယ်တွင်းက ကလီစာတွေကို ချွဲသလိပ်အဖြစ် ခပ်ထုတ်ရင်း ခန္ဓာဝန် လျှော့လျှော့သွားခဲ့တယ်။ ခရီးဆုံးရောက်သည်အထိ အဲဒီ သူ့ရဲ့ သွေးဖတ် သလိပ်ဖတ်တွေဟာ လမ်းတစ်လျှောက် အတန်းလိုက်ကျန်နေခဲ့လို့ မနက်ခင်း အိပ်ရာပေါ်မှာ သူ့ကိုမတွေ့တဲ့အခါ ဘယ်ကိုလိုက်လာပါဆိုတဲ့ အမှာစကား ချန်ခဲ့ပုံမျိုး။

တဖြည်းဖြည်းနဲ့ မြစ်ပတ်လမ်းဆီ သူရောက်လာတယ်။ သွားနှုန်းက တော့ မရွေ့သလောက်ကို နှေးကွေးလာခဲ့ပြီ။ လျှောက်တဲ့ခြေလှမ်းထက် ထိုင်နားရတဲ့အကြိမ်ရေက ပိုများလာနေခဲ့ပြီ။ ဒါပေမဲ့ သူ့ကိုယ်ထဲအထိအောင် ဖြတ်စီးသွားသလိုမျိုး ကြားနေရတဲ့ မြစ်ရေစီးသံ သွဲ့သွဲ့သေးသေးလေးက ပူနေတဲ့ရင်ကို အနည်းငယ် ငြိမ်းအေးသွားစေတယ်။ အိမ်တချို့ဆီက မီးအလင်း ရောင်ကလေးတွေဟာ မြစ်ရေတိမ်တိမ်ကလေးပေါ်မှာ ဓားအသွယ်သွယ်လို အရှည်လိုက်ကလေးကျပြီး တောက်ပနေလေရဲ့။ မြစ်ကို ဖြတ်တိုက်လာတဲ့ လေအေးအေးကလေးတွေနဲ့ အပင်တွေကြား ဖြတ်တိုက်လာရာက မြည်ထွက်လာ တဲ့ သစ်ရွက်လေတိုးသံ တရှဲရှဲဟာ သူ့အာရုံငါးပါးကို အေးချမ်းတည်ငြိမ်စေတယ်။ အဲဒီလို ခဏတာ သာယာမိန်းမူးဖွယ်အချိန်ကလေးကို ရောက်လာတော့မှ သူ့အတွေးဟာ ကြည်လင်လာခဲ့ပြီး သူ ဘယ်ကိုသွားနေသလဲ ဆိုတာကို သူ့ဟာသူ ရိပ်မိလာခဲ့တယ်။

သုံးနာရီ ဆယ်မိနစ်အကျော်ကနေ အိမ်ကထွက်လာခဲ့တဲ့ ကိုကြည်နုဟာ အရှေ့ဘက်မှာ အလင်းနဲ့ အမှောင် နယ်လုရာက ထွက်ပေါ်လာတဲ့ ရောင်နီကို လှမ်းမြင်ရခါမှ သူ့ခရီး အဆုံးသတ်သွားတယ်။ သူ့သမီး သီသီမေကလေး

ဆင်းသွားခဲ့တဲ့ ထန်းလုံးတန်း မြစ်ဆိပ်။ သီသီမေကလေး မြစ်ထဲဆင်းသွားပြီး နောက်တစ်နေ့မနက်မှာ သူထိုင်နေခဲ့သလိုပဲ အုတ်ပေါင်ပေါ်မှာ သူထိုင်တယ်။ မြစ်ရေဟာ အနီရောင် ရွှေရောင်လဲ့လဲ့ကလေး သမ်းလို့နေတယ်။ အိတ်ကပ်ထဲက ဆေးလိပ်တစ်တိုကိုထုတ် မီးညှိတယ်။ လေတိုက်နေလို့ မီးက တော်တော်နဲ့ ညှိမရပေမယ့် စိတ်မရှည်တာ၊ ဒေါသထွက်တာ နည်းနည်းကလေးမှမဖြစ်ဘဲ တည်ငြိမ်စွာပဲ ဆေးလိပ်ကို မီးရအောင်ကူးတယ်။ မီးခိုးတွေ အများကြီး ဖြစ်လာအောင် ဖွာထုတ်လိုက်တယ်။ လေပေါ်အစိုင်အခဲပမာ လွင့်ထွက်သွားတဲ့ မီးခိုးငွေ့တွေကို ကြည့်ပြီး သူကိုယ်တိုင် အဲဒီဆေးလိပ်မီးခိုးတွေပမာ ပေါ့ပါး နေပါလားလို့ သတိထားမိနေတယ်။ သို့သော်လည်း ဆေးလိပ်ငွေ့ နည်းနည်း ဝင်သွားတာကြောင့်ရော လေတဖြူးဖြူးတိုက်လွန်းလို့ ရင်ဘတ်တွေ အေးလာတာ ကြောင့်ရော ချောင်းဆိုးလာပြန်တယ်။ မြစ်ထဲကို ထွေးချလိုက်မယ်လို့ ဟန်ပြင်ပြီး ခါမှ မထွေးတော့ဘဲ သူ့အနောက်ကလမ်းပေါ် ထွေးချလိုက်တယ်။ ထွေးထုတ် လိုက်တဲ့ ဖြူဖြူအချွဲတွေထဲ ငံကြွက်ကြွက်အရသာရှိတဲ့ သွေးတွေလည်း တစ်ပုံကြီး ပါသွားတယ်။ ထို့နောက် သူပြုံးတယ်။

တကယ့်ကို ကျေနပ်ပီတိကြီးစွာဖြစ်လို့ ပြုံးပုံမျိုးနဲ့ သူပြုံးတယ်။ အဲဒီအတိုင်းပဲ အချိန်အတော်ကြာအောင် ငုတ်တုတ်ထိုင်နေရင်းကပဲ မနက်ခင်း အလင်းရောင်ဟာ ပတ်ဝန်းကျင်က အရာအားလုံးကို ပီသကြည်မြ ထင်ရှားလာစေ ခဲ့တယ်။ မြစ်တစ်ဖက်ကမ်းက လမ်းပေါ်မှာ လူတချို့၊ ဆိုင်ကယ်တချို့နဲ့ မြင်းလှည်းတချို့ ဖြတ်သန်းသွားကြတယ်။ မြင်းခွာသံ ဂေါက်ဂက်ဂေါက်ဂက်နဲ့ ချုသံသဲ့သဲ့ဟာ မြစ်ကိုဖြတ်လို့ သူ့နားစည်အထိ သာယာစွာရိုက်ခတ်လို့နေတယ်။

ထိုင်ရတာညောင်းလာလို့ သူ့ပခုံးက လွယ်အိတ်ကိုဖြုတ် နှစ်ထပ်ခေါက်ပြီး ခေါင်းအုံးလုပ်ဖို့ အုတ်ပေါင်ပေါ် တင်လိုက်တယ်။ ခပ်ဖြည်းဖြည်းကလေး သူ လှဲချလိုက်တယ်။ ပြန်ထဖို့မဖြစ်နိုင်တော့တဲ့အထိ တကယ့်ဖြည်းဖြည်းလေး။

အလင်းရောင်ထဲ ကလေးမလေးတစ်ယောက် သူ့နံဘေးနား တခစ်ခစ် ရယ်ရင်း လှည့်ပတ်ပြေးနေတယ်။

“သမီးကို မိအောင်ဖမ်းလေ..” လို့ သူ့ကို ပြောတယ်။ သူလည်း ရယ်ရင်း သူ့သမီးကလေးနောက်ကနေ ဖြည်းဖြည်းကလေး ပြေးပြီး ပတ်လိုက် တယ်။ ပါးစပ်ကလည်း ပြောတယ်။

“အေး...ဖေဖေလာပြီနော်...မိတော့မှာနော်...အဲ မိတော့မယ်နော်”

“ဟင့်အင်း... ဖေဖေ. မိသေးဘူးလေ မိအောင်လိုက်.......”

“ကဲ.. မိပြီဗျာ၊ ဖေဖေ့သမီးလေးကို ဖေဖေမိပြီ....”

လင်းခါး

စာပြီးရက် - ၂၂-၁-၂၀၂၀

Whisper Of Words

☞Click this link to Subscribe Telegram Channel☜